
www.burmeseclassic.com

ဂျူး

# မိန်းမတစ်ယောက်ရဲ့ ပွင့်ဟဝန်ခံချက်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၁) မိန်းမနှင့်အချစ်

အပိုင်း(၂) မိန်းမနှင့်ပတ်ဝန်းကျင်

အပိုင်း(၃) မိန်းမနှင့်လက်ထပ်ခြင်း

အပိုင်း(၄) မိန်းမနှင့်အရှုံး

အပိုင်း(၅) မိန်းမနှင့်အမှန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမနှင့်အချစ်

ယောကျ်ားတစ်ယောက်အတွက် အချစ်ဆိုသည်မှာ ယောကျ်ား အတ္တကို စိတ်ကျေနပ် ရောင့်ရဲမှုပေးနိုင်စရာ အခိုက်အတန့်ကြားခံနယ် တစ်ခုဖြစ်သော်လည်း မိန်းမတစ်ယောက်အတွက်တော့ အချစ်ဆိုသည်မှာ ခြေစုံပစ် ဝင်လိုက်ရသော နယ်ပယ်သစ်တစ်ခုသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုတာ အဲဒီ မိန်းမနဲ့ ပတ်သက်သမျှ အရာရာကို သူတစ်ဦးတည်း စိုးမိုးပိုင်ဆိုင်လိုခြင်းပဲဖြစ်ပါတယ်။ သူချစ်တဲ့ မိန်းမ သူ့ တစ်ယောက်တည်းအပေါ် စွဲလမ်းတမ်းတအောင် သူဘယ်လိုဆွဲဆောင် ကြိုးစားရမလဲဆိုတဲ့ လောဘနဲ့ အတ္တဟာ ယောကျ်ားရဲ့ အချစ်ဖြစ်တယ်။ ဒါပေမယ့် မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ချစ်ပြီဆိုတဲ့အခါ မိန်းမရဲ့ဘဝဟာ ယောကျ်ားရဲ့ ဘဝထဲကို အလိုအလျောက် စီးဝင်သွားရတယ်။ ကိုယ်ချစ်တဲ့ သူကို ကိုယ်ဘာတွေ ပေးနိုင်မလဲဆိုတဲ့ မျှော်လင့်ချက်ဟာ မိန်းမတိုင်းမှာ ရှိနေပါတယ်။ ဒါဟာ မိန်းမရဲ့ ဗီဇစိတ်သာဖြစ်တယ်၊ စွန့်လွှတ် အနစ်နာခံမှုလည်း မဟုတ်ဘူး။ ဒါဟာ အလိုအလျောက် ဖြစ်ပေါ်တဲ့ အညံ့ခံစိတ်ပါ။ ဒါကို မြင့်မြတ်မှုလို့ ကိုယ်မပြောလိုပါဘူး။ ဖြစ်ချင်းဖြစ်ရင် ဒါဟာ မိုက်မဲမှုသာ ဖြစ်ပါလိမ့်မယ်။

မိန်းမတွေကို မိုက်မဲတဲ့သတ္တဝါတွေ၊အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတဲ့သတ္တဝါတွေအဖြစ် ဟိုးရှေးကာလတွေကတည်းက စကားပုံတွေ၊ ပုံဝတ္ထုတွေနဲ့ ခိုင်းနှိုင်း ကိုးကားပြောခဲ့ကြတယ်။ ဒါဟာ မိန်းမတွေဘက်က နာစရာလို့ ထင်ရပေမယ့် အထိုက်အလျောက်တော့လည်း မှန်ကန်နေပြန်ပါတယ်။

ယောကျ်ားတွေရဲ့အချစ်ဟာ ဘဝမှာအစိတ်အပိုင်းတစ်ခုသာဖြစ်တယ်၊ မိန်းမတွေရဲ့ အချစ်ကတော့သူမရဲ့ဘဝ တစ်ခုလုံးဖြစ်တယ်။ ဘဝတစ်ခုလုံးကို ပုံအပ် ရင်းနှီးပြီး ချစ်လိုက်ရတဲ့ မိန်းမတစ်ယောက်မှာ ဦးနှောက်ရဲ့ စဉ်းစားဆုံးဖြတ်မှုအပိုင်းက ဘယ်မှာလဲ၊ဘယ်နေရာမှာများ ရှိနေနိုင်ဦးမှာလဲကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁)

ခင်ပွန်းလောင်းတစ်ယောက်ကို သစ္စာဖောက်ဖျက်မိသော မိန်းမတစ်ယောက်အဖို့ အထိုက်တန်ဆုံးသောပြစ်ဒဏ်ဟစ်ခုမှာ မိမိ၏ မကောင်းမှုကို ဝန်ခံရန် ကြိုးစားအားယူနေချိန်တွင် ရင်ဆိုင်ခံစားရသော ပူပန်သောကပင် ဖြစ်သည်။

ကျွန်မအပေါ်တွင် အကြင်နာဆုံး လိုက်လျောသူတစ်ယောက်အား ထိခိုက်နာကျင်စေတော့မည် ဟူသော အတွေးသည် ကျွန်မကို လုံလောက်သော ကြေကွဲမှုများ ပေးနိုင်စွမ်းခဲ့ပါသည်။ သူတော့ ထိခိုက် ကြေကွဲရတော့မှာပဲ ... ဟူသော အတွေးဖြင့် ရက်ပေါင်းများစွာ ကြိုတင်မှန်းဆပြီး ပူပန်သောကရောက်ခဲ့ရကြောင်း ကျွန်မပြောပြလျှင် ဘယ်သူမှ ယုံကြည်ကြလိမ့်မည် မဟုတ်ပါ။ သူလည်း ယုံမှာမဟုတ်။ ကျွန်မ ကျူးလွန်သော အပြစ်များ ပေါ့လျော့စေအောင် မလုံမလဲ ကြိုးစားသည့် မထိရောက်သော ကာကွယ်မှုဟု သူထင်ဝေလိမ့်မည်။

တကယ်တော့ ကျွန်မသူ့ကို နည်းနည်းမျှ မနာကျင်စေလိုခဲ့သည်မှာ အမှန်ပဲဖြစ်ပါသည်။ သူ့ကို ဘယ်လိုပြောပြရမလဲဟူသော အတွေးသည် ရှုပ်စွာ ရက်စွဲ့စွာ ရယူပိုင်ဆိုင်ထားသော ဆန္ဒပြည့်ဝမှု တစ်ခုအပေါ် သံသယဝင်လာစေသည်အထိ ကျွန်မကို ခြောက်လှန့်ခဲ့ဖူးပါသည်။

ကျွန်မမှားသွားသလား။ မိမိ၏ ကတိသစ္စာကို ဖောက်ဖျက်ပြီး လိုအင်ဆန္ဒတစ်ခု နောက်သို့ လိုက်သွားမိသော ကျွန်မသည် အချစ်ကို အကိုးကွယ်လွန်သူလား။

စောင့်ထိန်းမှုတစ်ခုကို ချိုးဖျက်ဖို့မှာ မိန်းမသားတစ်ဦးအတွက် လွယ်ကူသောကိစ္စမဟုတ်ပါ။ မိမိ၏ ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား၊ မိန်းမတစ်ယောက်ရှိသင့်ရှိအပ်သော အရှက်၊ တစ်ဖက်လူအပေါ် ငဲ့ညှာမှု ၊ ပတ်ဝန်းကျင်၏ ကဲ့ရဲ့မှုအားလုံးကို လျစ်လျူရှုနိုင်ဖို့ လုံလောက်သော ခေါင်းမာမှု ရှိရပေလိမ့်မည်။ ကတိသစ္စာနှင့် အချစ်အကြားတွင် ကျွန်မရက်ပေါင်းများစွာ တွေဝေ တွန့်ဆုတ်ခဲ့ရသည်ကိုတော့ ဘုရားအဆူဆူရှေ့မှာ ကျိန်တွယ် ပြောရဲပါသည်။

ကတိကိုဖောက်ဖျက်လျှင် ရရှိလာမည့် အကျိုးအမြတ်နှင့် အပြစ်



အနာအဆာများ၊ ကတိကို ဆက်လက် ထိန်းသိမ်းလျှင် ရရှိလာမည့် အကျိုးအမြတ်နှင့် အပြစ်များ စသည်တို့ကို သေချာအေးအေးဖြင့် တွက်ချက်ကြည့်ရန် ကြိုးစားမိသည်။

သူနှင့် လက်ထပ်ရန်ပေးထားသည့် ကတိကို ဖောက်ဖျက်လိုက်လျှင် ကျွန်မအတွက် ဘာအပြစ်များ ရရှိလာမည်နည်း။ ပထမဦးဆုံး ရရှိလာမည်မှာ သူ၏ စိတ်ဆင်းရဲမှုဖြစ်သည်။ သူ ကျွန်မကို ဘယ်လောက် ချစ်မြတ်နိုးသည်ဆိုတာ ကျွန်မသာလျှင် အသိဆုံး ဖြစ်သည်။ သူ၏ စိတ်ဆင်းရဲမှုပမာဏမှာ ချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်ရမှုထက် များစွာ ပိုပေလိမ့်မည်။ ကျွန်မတို့ နှစ်ယောက်၏ ချစ်သူသက်တမ်း လေးနှစ်ကြာ လာခဲ့သည်နှင့်အမျှ အတန်းဖော်ဆရာဝန်များ၊ တစ်ကျောင်းတည်းထွက် ဆရာဝန်များ အားလုံး ရိပ်မိသိရှိပြီးသော စုံတွဲတစ်တွဲ ဖြစ်သည်။ သူသည် အများသိသော ဆရာဝန်တစ်ဦးဖြစ်သည့်အပြင် တိုင်းပြည်က သိသော စာရေးဆရာတစ်ဦးလည်း ဖြစ်သည်။ သူ့ဇနီးလောင်း ကျွန်မက အခြားတစ်ယောက်နှင့် ဖောက်ပြန်သွားလျှင် သူ၏ ယောကျ်ားမာနကို မည်မျှ ထိခိုက်လေမည်နည်း။ ထို့ဒုတိယ လူသည် သူ့ထက် အစစ အရာရာ(အများသတ်မှတ်သည့် ရုပ်ဝတ္ထုများ) သာလွန်ပြည့်စုံနေလျှင်တော့ သူ ပြေသိမ့်စရာ ရှိဦးမည်။ သူ့ထက် ရုပ်ဝတ္ထု ပိုင်ဆိုင်မှုနိမ့်ကျသည်ဆိုလျှင် သူဘယ်လောက် နာကျည်းထိခိုက်ရမည်နည်း။ သူ့ဘက်က စိတ်ခံစားမှုကို မငဲ့ကွက်လျှင်တောင်မှ ကျွန်မအတွက် ရရှိမည့် အပြစ်များက မတွေးဝံ့စရာ ဖြစ်သည်။

ပတ်ဝန်းကျင်က ကျွန်မကို ဘယ်လောက်ကဲ့ရဲ့ လိုက်မည်နည်း။ ကျွန်မ၏ အဖြစ်က လင်ငယ်နေမိသော မိန်းမတစ်ဦးနှင့် ဘာများကွာခြားမှာလဲ။ မြို့တစ်မြို့မှာ သာမန်နေထိုင်သော မိန်းမတစ်ယောက်ကို ကဲ့ရဲ့မည့်လူဦးရေထက် ကျွန်မကို ကဲ့ရဲ့မည့် လူဦးရေက အဆမတန် ပို၍များပြားနေပါသည်။ ထိုဒဏ်များကို ကျွန်မ မျက်နှာပြောင်စွာ သို့မဟုတ် အရှက်နည်းစွာ ဘယ်လောက်ကြာကြာ ရင်ဆိုင်နိုင်မလဲ။ မိန်းမတစ်ယောက်သည် ရည်းစားတစ်ယောက်လက်ထဲမှ အခြားရည်းစားတစ်ယောက်လက်သို့ ခုန်ကူးခြင်းမျိုးကို ကျွန်မတို့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းက မည်သည့် အတိုင်းအတာအထိ ခွင့်ပြုထားပါသနည်း။ ယောကျ်ားတစ်ယောက် ရည်းစားများခြင်းကို အပြစ်မမြင်ကြ

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း မိန်းကလေးတစ်ယောက် ရည်းစားများခြင်းမှာတော့ ခွင့်လွှတ်နိုင်လေ့မရှိသော အပြုအမူသာ ဖြစ်သည်။

သူ့ကို လက်မထပ်ဘဲ ထားလိုက်လျှင် ရရှိလာမည့် အကျိုးအမြတ်တွေက ဘာလဲ။

ကျွန်မသည် အိမ်ထောင်သည်ဘဝတွင် ချုပ်တည်းစွာ စိတ်ဆင်းရဲရမည့် အရေးမှ လွတ်ကင်းမည်။ (သို့သော် တစ်ခု ဝန်ခံစရာ ရှိသည်မှာ ထိုစိတ်ဆင်းရဲမှုက သိပ်တော့ ဆိုးဝါးမည် မထင်ပါ။ ဘာကြောင့်လဲဆိုတော့ သူက ကျွန်မကို ကြင်နာ လိုက်လျောသည်ကိုး။) ကျွန်မချစ်သော သူကို အနှောင်အဖွဲ့ကင်းစွာ တွယ်တာနိုင်မည်။ ကျွန်မရော ကျွန်မချစ်သူရော ပျော်ရွှင်နိုင်မည်။ လူတစ်ဦးတစ်ယောက် ပျော်ရွှင်မှုကို ရရှိရန် အခြား လူတစ်ယောက်၏ စိတ်ဆင်းရဲမှုနှင့် လဲယူခြင်းသည် တရားမျှတပါသလား။ ထိုသို့ တွေးလိုက်သော အခါ ကျွန်မအနည်းငယ် တွန့်ဆုတ်သွားခဲ့ပါသည်။ သို့သော် သည်ဘက်မှာ တစ်ယောက်တည်း ပျော်ရွှင်မှာမှ မဟုတ်ဘဲ၊ ကျွန်မရော ပျော်ရွှင်ရမှာလေ။ နှစ်ယောက် တစ်ယောက် အချိုးဖြစ်သဖြင့် တရားမျှတသည် မဟုတ်ဘူးလား။ ကျွန်မ၏ တစ်ကိုယ်ကောင်း ဆန်မှုကို ကျွန်မ တကယ်ပင် ရှက်ရွံ့စွာ မျက်နှာပူနွေးသွားခဲ့ပါသည်။

ကဲ…သူ့ကိုပဲ မျက်စိမှိတ် လက်ထပ်လိုက်လျှင် ရလာမည့် အပြစ်တွေက ဘာလဲ။

ကျွန်မ ချစ်မြတ်နိုးရသူကို တစ်သက်တာ လက်လွှတ်ဆုံးရှုံးရမည်။ ကျွန်မချစ်သူ၏ ဝမ်းနည်း ကြေကွဲမှုကို ကျွန်မ မြင်တွေ့နေရတော့မည်။ တကယ်တမ်းဝန်ခံရလျှင် ချစ်သူ၏ ဝမ်းနည်း ကြေကွဲမှုထက် ဂရုစိုက်မိသည်မှာ ကျွန်မ၏ ဆုံးရှုံးမှု အတိုင်းအတာဖြစ်ပါသည်။ ချစ်သူကို ဆုံးရှုံးရန် …ဟု တွေးလိုက်သောအခါ ကျွန်မ၏ ရင်ထဲမှာ တစ်ခါမျှ မဖြစ်ပေါ်ဖူးသော နှမျောတမ်းတမှုဖြင့် နာကျင်ကြေကွဲသွားတော့သည်။

ဟင့်အင်း …ကျွန်မ မောင့်ကို အဆုံးရှုံး မခံနိုင်ပါ။ မောင်နှင့် သီးခြားဖြစ်တည်စွာ ရင်ဆိုင် ရပ်တည်ရလျှင် ကျွန်မ၏ ဘဝမှာ ဘာအဓိပ္ပါယ် ရှိတော့မှာလဲ။ စူးရှလေးနက်သော မောင့်မျက်လုံးတွေထဲက အချစ်၏ အလင်းရောင်ကို ကျွန်မ အမြဲမြင်တွေ့ခွင့် ရချင်သည်။ တိုးတိတ် ညင်သာသော



မောင့်ရယ်မောသံ အောက်မှာ ကျွန်မ ဘဝကို တစ်သက်လုံး နှစ်မြှုပ်လိုက်ချင်သည်။ မောင်၏ နူးညံ့ပျော့ပျောင်းဖြစ်သည့် နှုတ်ခမ်းများကို ကျွန်မ ထာဝရ ပိုင်ဆိုင်လိုသည်။ မောင့်ပခုံး ဝဲဘက်မှာ ခေါင်းမှီခွဲ့ရင်း မောင့်နှာမည်ကို တီးတိုးရေရွတ် ညည်းညူရင်း ဘဝကို ကျေနပ်ရောင့်ရဲနေချင်သည်။

နောက်ဆုံးမှာတော့ ဘယ်အကျိုး ဘယ်အပြစ်ကိုမှလည်း နောက်ထပ် မတွက်ချက်နိုင်တော့ပါ။ မောင့်အချစ်နှင့် နှိုင်းယှဉ် လိုက်သည့်အခါ ပူလောင်သော ကဲ့ရဲ့စကားများသည် နူးညံ့လှပသော ပန်းကလေးတွေ ဖြစ်သွားပါလိမ့်မည်။ မောင်ကို ပိုင်ဆိုင်ခွင့်ကြောင့် ပျော်ရွှင် ကျေနပ်ရသော ခံစားချက် အောက်တွင် သူ၏ စိတ်ဆင်းရဲကြေကွဲမှုအပေါ် ငဲ့ညှာသနားရသော ခံစားချက်များ အရည်ပျော်သွားပါလိမ့်မည်။

ထိုကဲ့သို့ပင် အတ္တကြီးမားစွာ ကျွန်မဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

သို့သော် ကျွန်မသူ့ကို ဘယ်လို ပြောပြရမှာပါလိမ့်။

သူ့ဇနီးလောင်း ဖြစ်သော ကျွန်မ၏ သစ္စာဖောက်ဖျက်မှုကို သူ့အား ပထမဆုံး ဖွင့်ပြောသူမှာ ကျွန်မသာလျှင် ဖြစ်ရမည်။ ဤအဖြစ်အပျက်ကို ဘယ်သူမှ မသိရသေးခင် အရင်ဦးဆုံး သိခွင့်ရသူမှာလည်း သူသာဖြစ်ရမည်။

သတ္တိနည်းစွာ စာဖြင့် ရေးပြီး အကြောင်းကြားရမည်လား။ ဟင့်အင်း… သည်လိုလဲ မဖြစ်စေရပါဘူး။ သူ့ဘက်က ပြန်လှန် ဆွေးနွေးမှုများ၊ စွပ်စွဲမှုများ၊ သိက္ခာချ ထိုးနှက်မှုများ၊ ကဲ့ရဲ့ ရှုတ်ချမှုများကို ကျွန်မ မျက်နှာသို့ လက်ညှိုးထိုးလျက် သူပြောပိုင်ခွင့် ရှိစေရမည်။ နောက်တစ်ခုမှာ ကျွန်မဆီလာစေခြင်းထက် ကျွန်မက သူ့ဆီသွား၍ ကျွန်မ၏ အပြစ်များကို ဝန်ခံခြင်းက ပို၍ သင့်လျော်မည်။ ကျွန်မက အပြစ်ကျူးလွန်မိသူ မဟုတ်လား။

ကျွန်မသည် ဆေးခန်းမှာ လူစားထိုးရမည့်ကိစ္စ၊ သင်တန်းမှ ခွင့်ယူရမည့် ကိစ္စတို့ကို ပြက္ခဒိန် ရှေ့ချလျက် တွက်ချက်ကြည့် နေလိုက်သည်။ ပုသိမ်သို့ သွားမည့် ရက်ကို အတတ်နိုင်ဆုံး နောက်ဆုတ်လို စိတ်ကြောင့် ရုံးအားရက်တွေကို လိုက်ရှာသည်။ သို့သော် ကျွန်မက ကံကောင်းတာလား ကံဆိုးတာလား မသေချာဘဲ သူ့ကျွန်မ ရှိရာသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာသည်။

ထိုနေ့သည် ကျွန်မဘဝတွင် ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်သော

www.burmeseclassic.com

www.burmeseclassic.com



ချောက်ချား၊ တုန်လှုပ်ဖွယ်ရာ နေ့ရက်များတွင် တစ်ရက်အပါအဝင် ဖြစ်တော့သည်။

အဆောင်ရှေ့မှာ ကျွန်မကို စောင့်နေသော သူ့ကို မြင်တွေ့လိုက်ရသောအခါ ကျွန်မ ရုတ်တရက် ထိတ်လန့်သွားသည်။ တစ်ခဏ တွန့်ဆုတ် ထုံအစွာ သူ့ကို ငေးမောကြောင်ကြည့်မိတော့ သူက ထုံးစံအတိုင်း မပွင့်တပွင့် ပြုံးလေသည်။

"ဟိတ် ...ဘာကြောင် ကြည့်နေတာလဲ၊ ကိုယ့်ကို မမှတ်မိလောက်အောင်များ ကိုယ်က ချောနေသလားဟင်"

ပြောပြောဆိုဆို ထုံးစံအတိုင်း ကျွန်မနဖူးက ဆံစကလေးများကို လက်ညှိုးထိပ်ဖြင့် ထိတို့ဖွကစားလိုက်သော သူ၏ အပြုံးမျက်နှာကို ကျွန်မ ရင်မဆိုင်ရဲဘဲ မျက်လွှာချလိုက်၏။ ဤအပြုံးတွေ ပျက်ပြယ်သွားစေမယ့် စကားကို ကျွန်မပြောရတော့မှာပါလား။ ဘယ်လိုက ဘယ်လိုစ ပြောရမှာပါလိမ့်။

"နှင်း ...မင်း ဘာဖြစ်နေလဲဟင်"

"အတော်ပဲ ...ငါ ...နင့်ကို စကားပြောစရာတွေ ရှိနေတယ်"

ကျွန်မ၏အသံက ကျွန်မ မမှတ်မိနိုင်လောက်အောင် ခြောက်သွေ့အက်ကွဲနေခဲ့သည်။ ဤနေရာတွင် သူ့ကို ပြော၍ မဖြစ်ကြောင်း ကျွန်မ သဘောပေါက်ပါသည်။ သူ့စိတ်ကို ထိန်းချုပ်ပေးမည့် ပတ်ဝန်းကျင် အခြေအနေ လိုအပ်သည်။ ဤနေရာတွင် သူ့ကို ပြောလိုက်လျှင် သူပြုမူမည့် အပြုအမူကို ကျွန်မမှန်းဆ၍ မရနိုင်။ သူကျွန်မကို စိတ်လိုက်မာန်ပါ ရိုက်ချင် ရိုက်မိလိမ့်မည်။ သို့မဟုတ် ကျွန်မကို ဒေါသတကြီး တွန်းထိုးချင် တွန်းထိုးမည်။ သို့မဟုတ် ခြံဝန်းနံရံကို လက်သီးဖြင့် ထိုးချင်ထိုးမည်။

"ပြောလေ ...နှင်း၊ ဘာပြောမှာလဲ"

"ဟင့်အင်း ...ဒီမှာ ပြောလို့မရဘူးလေ ၊ တို့တစ်နေရာရာကို သွားကြမယ်"

ကျွန်မမျက်နှာ အရိပ်အကဲကို အမြဲကျွမ်းကျင်စွာ ဖတ်နိုင်ခဲ့သော သူသည် ကျွန်မပြောလိုသည်မှာ သတင်းဆိုး တစ်ခုဖြစ်ကြောင်း လျင်မြန်စွာပင် သဘောပေါက်သွားခဲ့သည်။ သူကျွန်မထံမှ မျက်နှာလွှဲကာ ပင့်သက်တစ်ချက်



ရှိုက်၏ ။ ထို့နောက် ကျွန်မ မပြီးနိုင်မစီးနိုင် အခန်းထဲဝင်၍ အချိန်ဆွဲ အဝတ်အစား လဲရင်းအားယူနေချိန်တွင် ဖြစ်နိုင်ခြေကို ကြိုတင်ခန့်မှန်းသော လောင်းကစားသမား၏ စိုးရိမ်သောကမျိုးဖြင့် စိတ်မရှည်စွာ စောင့်နေခဲ့သည်။

ရက်ပေါင်းများစွာ ကြိုတင်ပူပန်ခဲ့ရသော အချိန်သည် ၁၁ နာရီတွင် ရောက်ရှိလာခဲ့သည်။

ကျွန်မသည် သူ့ကို ဖွင့်ပြောရန် သင့်တော်သောနေရာအဖြစ် တားကရာလမ်းပေါ်က Koala စားသောက်ဆိုင်ကို ရွေးချယ်ခဲ့ပါသည်။ ပတ်ဝန်းကျင်မှ လူများသည် သူ၏ဒေါသများ၊ နာကျည်းမှုများ ဖွင့်ထွက်မလာအောင် ထိန်းချုပ်ပေးနိုင်လိမ့်မည်ဟု ကျွန်မ ခန့်မှန်းသည်။

"နင် ငါ့ကို ဘယ်လောက်သည်းခံနိုင်တယ်ဆိုတာ ငါသိချင်လိုက်တာ... လို့ နင့်ကိုခဏခဏ ပြောခဲ့ဖူးတယ်နော် ကိုအောင်၊ ဒါပေမယ့် အခုပြောမယ့်ကိစ္စကတော့ နင့်သည်းခံနိုင်စွမ်းကို စမ်းသပ်တာ မဟုတ်ပါဘူး"

တွန့်ဆုတ်စွာ ကျွန်မပြောတော့ သူကျွန်မကို လှည့်ကြည့်သည်။ သူ့အကြည့်တွင် အပြစ်ကင်းစင်စွာ မသိနားမလည်နိုင်သူတစ်ယောက်၏ ဇဝေဇဝါဖြစ်မှုမျိုးကို တွေ့နေရသောအခါ ကျွန်မသည် ကိုယ့်ပြစ်မှုကို ဝန်မခံရဲအောင် ရှိတော့သည်။

"နင်ဖြေသာအောင် ပြောရရင်တော့ ပြစ်မှု ကျူးလွန်သူတိုင်းအတွက် သူနဲ့သင့်တော်တဲ့ ပြစ်ဒဏ်ဆိုတာ ရှိပါတယ်"

ကျွန်မ သူ့ကို မကြည့်ဘဲ စားလက်စ ကြာဆံကြော် ပန်းကန်ကို ငေးစိုက် ကြည့်နေမိသည်။ သူ့မျက်နှာ အရိပ်အကဲကို ကျွန်မ မမြင်ရခြင်းသည် သူ့ခံစားမှုကို မသိချင်ယောင်ဆောင်ဖို့ ကြိုးစားခြင်းဖြစ်၏။ ထိုလှည့်စားမှု မအောင်မြင်ပါ။ သူ ငြိမ်သက်နေသည်။ သူ၏ ငြိမ်သက်မှုထဲမှ ဆူပွက်နေသော စိုးရိမ်သောကများကို ကျွန်မ ခံစားလို့ရနေသည်။

"ဒီတော့ ငါ့အတွက်လည်း ထိုက်သင့်တဲ့ အပြစ်ဒဏ် ကျလာဦးမှာပါ"

"ဆိုလိုတာက မင်းကိုယ့်အပေါ်မှာ ပြစ်မှုတစ်ခု ကျူးလွန်ဖို့ ကြိုးစားနေပြီပေါ့ ...ဟင်"

ဒေါသဖြစ်ခဲ့သည့် သူ့အသံမှာ ဒေါသအရိပ်အငွေ့ဖြင့် တင်းမာနေသော်လည်း တိုးတိတ်လှသည်။ ကျွန်မသူ့ကို ခေါင်းခါယမ်းပြ လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း ...မဟုတ်ဘူး ကိုအောင်၊ နင့်အပေါ် ပြစ်မှု ကျူးလွန်ဖို့ ကြိုးစားနေဆဲ မဟုတ်ဘူး၊ ပြစ်မှုက ကျူးလွန်ပြီးသွားပြီ ကိုအောင်ရဲ့"

ထိုစကားသည် ကျွန်မနှုတ်မှ အေးဆေး သိမ်မွေ့စွာ ထွက်လာသဖြင့် ကျွန်မကိုယ်တိုင်ပင် အံ့ဩသွားခဲ့ပါသည်။

"နင်း"

သူ့အသံမှာ ချုပ်တည်းမှုများနှင့်အတူ မခံမရပ်နိုင်သော ဒေါသများ ရောယှက်ကာ ပူလောင်နေ၏။

"မင်းကိုယ့် မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောစမ်းပါနင်း၊ မင်းဘာလုပ်ခဲ့တာလဲ"

ကျွန်မ သူ့မျက်နှာကို မော့ကြည့်လိုက်သောအခါ သူ့မျက်လုံးထဲမှ နာကျင်မှုများ ကျွန်မဆီသို့ ဗြုန်းခနဲ ကူးစက်လာခဲ့သည်။ ကျွန်မ ဘယ်နှယ်ပြောရပါ့မလဲ။ ဘယ်လို သတ္တိမျိုးဖြင့် သူ့ကို ပြောနိုင်မှာလဲ။ ကျွန်မသည် နေရာမှ ထထွက် ပြေးသွားမိမှာ စိုး၍ ထမင်း စားပွဲစွန်းကို လက်ဖြင့် တင်းတင်း ကြပ်ကြပ် ဆုပ်ကိုင်ထားမိသည်။

မဟုတ်ဘူး။ ပြောရမှာပေါ့၊ ပြောမှကို ပြီးမယ့် ကိစ္စပဲ။

ကိုယ့်ကိုယ်ကို အားတင်းလျက် သူ့မျက်လုံးထဲသို့ စိုက်ကြည့်လိုက်သည်။ အဲဒီ မျက်လုံးထဲက နာကျင်မှုတွေ ဒေါသတွေဟာ ငါနဲ့ မဆိုင်ဘူး။ သူဟာ ငါနဲ့ မဆိုင်ဘူး။ သူဟာ တစိမ်းတစ်ယောက်ပဲ။ တစိမ်း တစ်ယောက်ကို သတင်းတစ်ခု ပြောသလို ပုံစံမျိုးနဲ့ ဘာဖြစ်လို့ ငါမပြောနိုင်ရမှာလဲ။

"ငါ နင့်ကို သစ္စာဖောက်လိုက်မိပြီ ကိုအောင်"

သူကျွန်မကို တွေဝေစွာ ငေးမောနေမိ၏။ ကျွန်မသူ့ကို မျက်နှာမလွှဲဘဲ ဖွင့်ပြောချလိုက်သည်။

"ငါဒီမှာ ချစ်သူတွေ့နေပြီ"

သူ့နှုတ်ခမ်း အစုံက တင်းခနဲဖြစ်သွားသည်မှတစ်ပါး သူ့မျက်နှာ လုံးဝ မပြောင်းလဲပါ။ သူငြိမ်သက်စွာ ကျွန်မကို စိုက်ကြည့်နေသည်။ သို့သော် သူ့မျက်လုံးများ ကျွန်မထံတွင် မရှိသလိုပင် ဖြစ်သည်။

သူသည် ထိုင်နေရင်းမှ ကျွန်မနှင့် အဝေးကြီးသို့ ရောက်သွားသည်။ ကျွန်မတို့အနီးက စားပွဲတွင် လူတွေ ရှုပ်ယှက်ခတ်နေသော်လည်း ကျွန်မတို့



နှစ်ယောက်က ငြိမ်သက်နေဆဲ။ ကျွန်မသည် ငြိမ်သက်မှုကို ကြာရှည်သည်းခံနိုင်စွမ်း မရှိပါ။ စားပွဲပေါ်မှာ အင်အားမဲ့စွာ တင်နေသော သူ့လက်တစ်ဖက်ကို ကျွန်မ အသာအယာ ဆုတ်ညှစ်လိုက်၏။

"ကိုအောင်..."

"ဒီတော့ မင်းရမယ့် အပြစ်ဒဏ်က ဘာလဲ"

"ပတ်ဝန်းကျင်က ငါ့ကို အကျင့်ပျက်တဲ့ မိန်းမအဖြစ် သတ်မှတ်ပေးကြလိမ့်မယ်၊ ဘယ်တော့လဲလို့ မသိနိုင်တဲ့ အနာဂတ် ကာလတစ်ခုမှာ နင့်နေရာမှာ ငါရောက်နေပြီး သူက ငါ့ကို အခု ငါပြောတဲ့ စကားမျိုး ပြောနေလိမ့်မယ်၊ ဒီအခါမှာ နင်အခု ခံစားရတဲ့ ခံစားချက်မျိုး ငါရတော့မှာပေါ့ ကိုအောင်၊ အဲဒါ ငါ့အတွက် အပြစ်ဒဏ်ပေါ့"

ကျွန်မ လက်ထဲမှ သူ့လက်သည် ပျော့ခွေနေ၏။ သူ့အသိများ၊ သူ့ခွန်အားများ ဤလက်ထဲတွင် မရှိတော့သလိုပင် ဖြစ်သည်။ နွေးထွေးမှုလည်း မရှိဘဲ အေးစက်နေလေသည်။

"ဒါဖြင့် မင်းလက်ထပ်မယ့် သူက ဘယ်သူလဲ နင်း"

အက်ကွဲပြီး တုန်ခါနေသော သူ့အသံမှာ ဟိုးအဝေးကြီးက လာသလို သဲ့သဲ့ ကလေးဖြစ်၏။ ဤအမေးကို ကျွန်မ ဘယ်လို ရက်စက်မှုမျိုးဖြင့် ဖြေရပါ့မလဲ။ ကျွန်မ သူ့လက်ကို လွှတ်လိုက်ပြီး သူ့မျက်လုံးများကို ရှောင်ဖယ်လိုက်သည်။

"သူ..."

ကျွန်မ၏ တိုးတိတ် ပြတ်သားသော စကားတစ်လုံးသည် သူ့ကို ရူးနှစ် နာကျင်စွာ ထိမှန်လိုက်သော မြားချက်တစ်ခုလို ရက်စက်ပေလိမ့်မည်။ ထိုစကားလုံး၏ အောက်တွင်တော့ အရာရာသည် လွယ်ကူစွာ ပြီးဆုံးသွားတော့မည်။ ထိုစကားလုံးကို ပြောပြီးနောက် ကျွန်မ ရင်ထဲမှာ ရှိနေသော လေးပင်မှု ထုထည်ကြီးသည် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၏။

သူထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သောအခါ ကျွန်မလန့်ဖျတ်သွားသည်။

"ကိုအောင်..."

သူ ကျွန်မမျက်နှာကို တစ်ချက်စိုက် ကြည့်ပြီး နေရာမှထွက်သွားပါသည်။ ကျွန်မ သူ့နောက်မှ ကမန်းကတန်း ပြေးလိုက်သွားတော့ သူ[illegible]တာမှာ

www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံရှင်းနေသည်။ သူ့အမူအရာမှာ သိပ်မထူးခြားလှဘဲ မျက်နှာတင်းမာနေသဖြင့် ကျွန်မစိတ်သက်သာရာရ သွားပါသည်။ သူ့နောက်မှာ ကပ်ရပ်လိုက်သော ကျွန်မကို သူက လှည့်မကြည့်ပါ။ သူဆိုင်ထဲက ထွက်တော့သူ့နောက်မှာ ကျွန်မ လိုက်ပါသွားသည်။ ကျွန်မသူ့ကို နောက်ထပ် စကားပြောခွင့်ရဦးမှာ လိုသေးသလား။ ကျွန်မနှင့် သူ၏ ဘဝသည် ပြီးဆုံးသွားပြီလား။ ယခုအချိန်မှစ၍ တစ်ဘဝစီ ဖြစ်သွားပြီလား။ သူကလည်း ကျွန်မကို လှည့်မကြည့်၊ ကျွန်မကလည်း သူ့ကို စကားတစ်ခွန်းမှမပြောဝံ့ပါ။

ဘယ်နှစ်မိနစ်ကြာအောင် သူသွားရာသို့ တကောက်ကောက် လိုက်နေမိသလဲ ကိုယ့်ဟာကိုယ် မေ့လျော့နေသည့် အချိန်မှာ သူက တုန့်ခနဲ ရပ်လိုက်၏။

"နေစမ်းပါဦး၊ အခု မင်းဘာကိစ္စ ကိုယ့်နောက်မှာ ပါလာနေရတာလဲ"

ကျွန်မ သူ့ကို မော့ကြည့်လိုက်တော့ သူ့မျက်လုံးများတွင် နာကျည်းမှုများ မီးတောက်မီးလျှံလို တောက်လောင်မြိုက်နေသည်ကို တွေ့ရ၏။ ကျွန်မသည် နေရာမှာ ရပ်နေရင်း ငါသေသွားရင် ဘယ်လောက်ကောင်းမလဲဟု မတွေးကောင်းစရာ တွေးမိသည်အထိ နာကျင်ကြေကွဲလာပါသည်။

ဤလူသည် လေးနှစ်တိုင်တိုင် ကျွန်မအပေါ် ချစ်မြတ်နိုးခဲ့သူ၊ လေးနှစ်တိုင်တိုင် ကျွန်မအပေါ် သစ္စာမြဲခဲ့သူ၊ လေးနှစ်တိုင်တိုင် ကျွန်မလိုအပ်ချက်တို့ကို ဖြည့်စွက် နှစ်သိမ့်ပေးခဲ့သူ၊ လေးနှစ်တိုင်တိုင် ကျွန်မအနိုင်ယူသမျှ အပြုံးမပျက် သည်းညည်းခံခဲ့သူ၊ ကျွန်မ တောင်းဆိုသမျှ ဘာမဆိုရရှိအောင် ပေးဆပ်ခဲ့သူ။ ဤလူကိုမှ ကျွန်မက ပြစ်မှားခဲ့မိပြီ။ ဤလူကို နာကျင်ထိခိုက်အောင် ကျွန်မ ဆိုးဆိုးဝါးဝါး ပြုမူခဲ့မိပြီ။ ဒါနဲ့တောင် ကျွန်မက သူ့နောက်သို့ တကောက်ကောက် လိုက်နေမိသေးသည်။ ဘာအတွက် ကျွန်မ လိုက်နေခဲ့သလဲ၊ သူ့ကို နောက်ထပ် နာကျင်စေဖို့လား သို့မဟုတ် ကျွန်မသူ့ကို သံယောဇဉ် အလွန်ကြီးမားလျက်ပါ ... ဟု ပြသချင်လို့ပဲလား၊ သို့မဟုတ် သူ၏ အပြစ်ပေးမှုကို ထိုက်တန်စွာ ခံယူဖို့ပဲလား။

ယခုအချိန်မှာ ကျွန်မအမျှော်လင့်ဆုံး အရာမှာ ကျွန်မရင်ကို နာကျင်အောင် လက်ညှိုးထိုး စွပ်စွဲမည့်၊ သူ၏ အပြစ်တင်စကားများ၊ ကျွန်မအသားကို နာကျင်အောင် ဒေါသတကြီး ရိုက်နှက်မှုများသာ ဖြစ်သည်။ သူဘယ်လိုမှ ကျွန်မကို မရက်စက်ခဲ့ပါ။



မော့ကြည့်နေရင်းမှာပင် ကျွန်မ၏ မျက်လုံးတွေဝါးလာ၏။ ပြည့်လျှံလာသော မျက်ရည်များ မျက်လုံးအိမ်ထောင့်စွန်းများဆီမှ စီးဆင်းကျလာချိန်တွင် ကျွန်မ၏ နှုတ်ခမ်းများ ထိန်းမရအောင် တုန်ယင်လာကြ၏။

"နင်း"

သူ့အသံမှာ ကျွန်မအပေါ် ကြင်နာသည့် ခင်ပွန်းကောင်းတစ်ယောက်၏ နိုးနိမ့်ပုပန်မှုအပြည့် ...။ ဟင့်အင်း ...ငါ့ကို ခွင့်မလွှတ်ပါနဲ့ ကိုအောင်ရယ် ...ငါ့ကို လုံးဝခွင့်မလွှတ်လိုက်ပါနဲ့။

"ဟာ... နင်း၊ မငိုနဲ့လေ ... လမ်းလယ်ကောင်ကြီးမှာ၊ လူတွေအများကြီး"

သူကျွန်မ မျက်ရည်များကို ကပျာကယာသုတ်ပေးလျက် ကျွန်မလက်ကို ဆွဲယူလေသည်။ ကျွန်မသည် သူ့နှစ်သိမ့်ချော့မော့မှုကြောင့် ပိုမိုနာကြည်းတင်းကျပ်ချင်လာတော့သည်။

ဤလူကို သစ္စာဖောက်ပြီး အခြားတစ်ယောက်ကို ချစ်မိသွားရအောင် ကျွန်မမှာ ဘယ်လို မိစ္ဆာစိတ်တွေ ဝင်ရောက် ချယ်လှယ်နေခဲ့ပါလိမ့်။

"မငိုနဲ့ နင်း ...မင်းလိုချင်တာ ဘာမဆိုဖြစ်စေရမှာပေါ့၊ ကိုယ်မင်းကို ချစ်တယ်"

ဘုရား ... ဘုရား။ ကိုယ်မင်းကို ချစ်တယ် ဆိုသည့်စကားလုံးအောက်တွင် ကျွန်မသည် အလွန်နိမ့်ကျသော မိန်းမယုတ်တစ်ယောက်ဖြစ်ခဲ့ရပြီ။ ထိုစကားကို ပြောလိုက်သူ၏ မျက်နှာကို ကျွန်မ ရင်မဆိုင်ရဲပါ။ သူ၏ ဒေးမကျညီမှုသည် ကျွန်မအတွက် ငရဲတစ်ခုပင်ဖြစ်သည်။

သူက ကျွန်မကို ကန်တော်ကြီးပန်းခြံသို့ ခေါ်သွားပါသည်။

အရိပ်ကောင်းသော သစ်မြစ်ဆုံတစ်ခုပေါ်တွင် ကျွန်မနှင့် သူ ထိုင်မိသောအခါ ပတ်ဝန်းကျင်သည် ငြိမ်သက်အေးချမ်းနေ၏။ မကြာမီ ရောက်ရှိလာတော့မည့် နာကျင့်ကြေကွဲမှု အငွေ့အသက်များကို ကြိုတင်ခန့်မှန်းမိသလိုပင် ခပ်လှမ်းလှမ်းရေစပ်မှ ဆက်ရက်ကလေးတစ်ကောင် သုတ်ခနဲထပျံ ပြေးသွားလေသည်။

"တစ်ခုခု ပြောပါဦးလားဟင် ...ကိုအောင်"

သူကျွန်မကို အသာလှည့်ကြည့်ပြီး ပြုံးပြသည်။ သူ့အပြုံးမှာ ဆွေးမြည့်

www.burmeseclassic.com

www.burmeseclassic.com

ကြေကွဲလွန်းသဖြင့် ကျွန်မတစ်ခဏ ဆွံ့အသွားမိလေသည်။

"ကိုယ့်ဘက်က ဘာမှ ပြောစရာမရှိပါဘူး နှင်း၊ မင်းပြောချင်တာတွေကို ကိုယ်နားထောင်ဖို့ ဒီကိုခေါ်လာတာပါ"

"မေးစရာရော မရှိဘူးလားဟင်"

"မရှိဘူး"

ကျွန်မ သူ့မျက်လုံးများကို မဝံ့မရဲ ရှာဖွေကြည့်မိသည်။ မျက်ရည်များဖြင့် ပြည့်နေသော တောက်ပသည့် မျက်လုံးများသည် ကျွန်မ၏ ရင်ကို မီးမြှိုက်နေသလို ခံစားရသည်။

"သူဘယ်သူလဲလို့တောင် မမေးချင်တော့ဘူးလား ကိုအောင်ရယ်"

"မင်းကို ကိုးနှစ်လောက် ပေါင်းသင်းလာတဲ့ ကောင်ပဲနှင်း။ မင်းရဲ့စကား အစအနတွေထဲက တစ်ဆင့် မင်းကို ကိုယ်အကဲခတ်တတ်ပါတယ်၊ အဲဒီကောင် ဘယ်သူလဲဆိုတာလောက်တော့ ကိုယ်ကောင်းကောင်း ခန့်မှန်းပြီးသားပါ"

အဲဒီကောင် ...။

သူ့ရင်ထဲက မနှာလိုမှု၊ နာကျည်းမှု၊ စက်ဆုပ်မှုအားလုံးသည် အပိုင်းအစများအဖြစ် စုပေါင်းပြီး အဲဒီကောင်ဟူသော စကားထဲတွင် ပါဝင်သွားသည်။

"ယုမော်ဆိုတဲ့ကောင် မဟုတ်လား"

အံကြိတ်ပြီး ပြောလိုက်သော သူ့စကားသံသည် ထစ်အ တွန့်ဆုတ်စွာ ပေါ်ထွက်လာသည်။ ကျွန်မ ခေါင်းမညိတ်မိပါ။ ခေါင်းညိတ်စရာလည်း မလိုတော့ပါ။ ဤလူသည် ကျွန်မအပေါ် အမြဲမှန်ကန်စွာ မြင်တတ်ခဲ့သည်။ ကျွန်မနှင့် ပတ်သက်သမျှ အမှားအမှန် အဆိုးအကောင်းကို သူအမြဲဆင်ခြင်တတ်ခဲ့သည်။ ကျွန်မအပေါ် မလွှမ်းမိုးနိုင်သော သူ့အားနည်းချက်သည် တစ်ချိန်ချိန်တွင် သူ့အတွက် ကြေကွဲစရာ ဖြစ်လာနိုင်သည်ဟု သူခဏခဏ ပြောခဲ့ဖူးပါသည်။

"မင်းမှားလိုက်တာလို့ ပြောပါဦး ကိုအောင်ရယ်။ နှင်းသိပ်မှားတာပဲလို့ ပြောပါဦး"

နာကျင်ကြေကွဲသော ကျွန်မစကားသံ အဆုံးတွင် ကျွန်မက သူ့ကိုစတင် ပွေ့ဖက်မိလေသလား သူက ကျွန်မကိုဆွဲယူဖက်လိုက်လေသလား မသိတော့ပါ။ ကျွန်မ သတိရမိသည့် အချိန်တွင်တော့ ကျွန်မ သူ့ရင်ခွင် မျက်နှာအပ်၍



ရှိုက်ငင် ငိုကြွေးနေမိပြီ။

"နှင်းရယ် ..."

မချင့်မရဲ ညည်းညူလိုက်သော သူ့အသံတွင် အခံရခက်မှု၊ မုန်းတီးနာကျည်းမှု၊ ကြေကွဲမှု၊ အားတင်းမှု ခံစားချက်အားလုံး ပါဝင်နေ၏။ ကျွန်မ မကြာခဏ ခိုဝင်ခဲ့ဖူးသော သူ့ရင်ခွင်သည် ကျွန်မ၏ သစ္စာဖောက်ယွင်းမှုကို အပြစ်မယူသလိုပင် ခါတိုင်းကဲ့သို့ နွေးထွေးလျက်ရှိသည်။ ကျွန်မ နောက်ကျောကို သိုင်းဖက်ထားသော သူ့လက်များသည် ခါတိုင်းလိုပဲ နိုင်မြဲလျက်ရှိပါသည်။

"ကိုယ်မင်းကို ဘယ်လောက် ချစ်ရတယ်ဆိုတာ မင်းသိလျက်နဲ့ နှင်းရယ်"

ကျွန်မ၏ ပခုံးပေါ်တွင် စိုစွတ်သော သူ့မျက်ရည်စက်၏ ထိတွေ့မှုတစ်ခုကို ခံစားလိုက်ရသလိုရှိသည်။ သူ့ခန္ဓာကိုယ်သည် တုန်ခိုက်နေသည်။ ကျွန်မသည် ယောကျ်ားတစ်ယောက်ကို ငိုကြွေးစေသူဖြစ်ခဲ့ပြီ။ ဤယောကျ်ား၏ မျက်ရည်အတိုင်းအဆသည် ကျွန်မကျူးလွန်မိသောပြစ်မှု၏ အတိုင်းအဆပင် ဖြစ်သည်။

ကျွန်မ အကြီးအကျယ် မှားယွင်းခဲ့ပြီ။ စိတ်ဆန္ဒတစ်ခုနောက်သို့ မျက်စိမှိတ်ကာ လိုက်ခဲ့မိသော ကျွန်မသည် ဤယောကျ်ား၏ ကြင်နာမြတ်နိုးမှုကို စော်ကားခဲ့သည်။ ဤယောကျ်ား၏ အချစ်ကို စော်ကားခဲ့သည်။ ထိုခဏတွင် ကျွန်မသည် မောင်ဆိုသော ချစ်သူကို မေ့ပျောက်ပယ်ထုတ်လိုက်ပြီး ဤရင်ခွင်ထဲမှာ တစ်သက်လုံး ခိုဝင်လိုက်ရတော့မလားဟု ညာတာသနားစွာ တွေးလိုက်မိသည်။

ဟင့်အင်း ... မဖြစ်ဘူး၊ မောင့်ကို ကျွန်မ မခွဲနိုင်ဘူး။

ကျွန်မသည် ဖြုန်းခနဲ သူ့ရင်ခွင်ထဲမှ ရုန်းဖယ်ထွက်ရန် ကြိုးစားမိတော့သည်။

ထိုအခါ သူသည် ကျွန်မကို လိုအပ်သည်ထက် ပို၍ တွန်းဖယ် ထုတ်လိုက်ပြီး လျင်မြန်စွာ မတ်တပ်ရပ်လိုက်၏။ ထို့နောက် ရေစပ်ဆီသို့ တစ်လှမ်းနှစ်လှမ်း လျှောက်ကာ ကျွန်မကို ကျောပေးပြီး အကြာကြီး ငြိမ်သက်နေတော့သည်။

ဝါကျင်သော ရွက်ကြွေများ တလွင့်လွင့်ဝဲကာ သူ့အနီးသို့ ကြွေကျလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ရေပြင်ပေါ်မှာ ရုပ်တိုက်ပြေးလာသော လေညင်းသည် သူ့လုံချည်အောက်နားကို တဖျတ်ဖျတ် လှုပ်ခါအောင် တိုက်ခတ်လျက် ရှိသည်၊ သူ့ရင်ထဲမှာလည်း တုန်လှုပ် ခြောက်ခြားနေရောပေါ့။ ဤကာလသည် ဘယ်လောက်ကြာမှာလဲ။ နောက်ထပ် ဘယ်လောက် ကြာဦးမှာလဲ။ ကျွန်မ သူ့ကို နှစ်သိမ့်ပေးဖို့ လိုဦးမလား။ ကျွန်မသည် တစ်ချိန်တည်းမှာပင်သူ့ကို နာကျင်စေအောင် ရက်စက်ခဲ့ပြီဖြစ်ပါလျက် သူသက်သာရာရအောင် ဘယ်လိုကူသပေးရမလဲဟု မိုက်မဲအောင် စဉ်းစားနေပြန်ပြီ။

"ကိုယ် သူ့ကို တွေ့ချင်တယ် နှင်း"

သူက ကျွန်မကို လှည့်မကြည့်ဘဲ ခြောက်သွေ့မာကျောစွာပြောလာချိန်မှာတော့ ကျွန်မ ရပ်နေသော မြေပြင်သည် အက်ကွဲ တုန်လှုပ်သွားပြီဟုပင် ထင်လိုက်၏။

မဖြစ်နိုင်ဘူး ကိုအောင်၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အို ... ကျွန်မက ဘယ်လိုများ အားယူရမှာလဲ၊ ဤယောကျ်ားနှစ်ယောက် ဘယ်လို မျက်နှာချင်းဆိုင်ကြမှာလဲ၊ တစ်ယောက်ကိုတစ်ယောက် မုန်းတီးခါးသည်းမှုတွေ မနာလိုမှုတွေ ကျိန်စာဆိုမှုတွေ၊ လူသတ်မှု ကျူးလွန်လိုစိတ်တွေနဲ့ ...။ မဖြစ်နိုင်ပါ။ ကျွန်မ သူတို့နှစ်ယောက်ကို ဆုံပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

"နှင်း"

သူရုတ်တရက် ကျွန်မ ဘက်သို့ လှည့်လိုက်သည်။

သူသည် နာရီ အနည်းငယ်အတွင်း များစွာ အိုစာသွား၏။ တင်းမာနေသော မျက်နှာပြင်တွင် မျက်လုံးများသည် မျက်ရည်အရိပ်အယောင်ကြောင့် ပျော့ပျောင်းနေသည်။

"ကိုယ်တို့ သုံးယောက် ဆုံကြရအောင်"

"ဟင့်အင်း"

သူနောက်ပြောင်နေတာဟု ထင်ရသည်။ သို့သော် သူ့အခြေအနေမှာ နောက်ပြောင်စရာ အခွင့်အရေး မရှိပါ။

"ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်လုံးကို လက်လွှဲပေးအပ် ခံရမယ့်ယောကျ်ားဟာ ကိုယ့်ချစ်သူနဲ့ ဘယ်လောက် ထိုက်တန်တယ် ဆိုတာ ကိုယ်အကဲခတ်ခွင့် ရှိတယ်လေ"



သူ့မျက်လုံးများမှာ ကျွန်မကို ချစ်မြတ်နိုးမှုသည့် ဟိုတုန်းကလိုပင် အရိပ်ထင်ဆဲဖြစ်သည်။ ခနဲ့သလို ပြောလိုက်သော သူ့စကားသည် ကျွန်မရင်ထဲ သို့ စူးမြစွာ ထိုးဖောက် ဝင်ရောက်သော ဓါးဒဏ်ရာ တစ်ခုလိုပင် နာကျင် စေပါသည်။ သူ့မျက်လုံး အစုံတွင် ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချမှုများ၊ မာနများဖြင့် သူသာလျှင် ကျွန်မနှင့် ထိုက်တန်ကြောင်း ကြွေးကြော်လဲ ချက် ပေးနေသလို ကျွန်မ ခံစားရသည်။

"ထိုက်တန်တယ်ဆိုရင် ကိုအောင် ဘာလုပ်မှာလဲ"

မဝံ့မရဲကျွန်မမေးတော့ သူမဲ့ပြုံးပြုံးလေသည်။

"သူ့လက်ထဲမှာ မင်းကို ကြည်ကြည်ဖြူဖြူ ထားခဲ့မှာပေါ့နှင်း"

ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ။ ကျွန်မ လုံးဝ မယုံပါ။ ယောကျ်ားတစ်ယောက်သည် မိမိမှ တစ်ပါး အခြား ဘယ်လိုလူစားမျိုးကိုမှ သူ့ချစ်သူနှင့် ထိုက်တန်ကြောင်း တွေ့ရလိမ့်မည် မဟုတ်ပါ။

"တကယ်လို့ မထိုက်တန်ရင်ကော"

"ကိုယ့်အရှက်နဲ့ သိက္ခာကို ငဲ့တဲ့ အနေနဲ့ မင်းတို့ နှစ်ယောက်လုံးကို သတ်ပစ်မယ်"

သူ့နာကျည်းမှုသည် မာကျောသော စိန်ခေါ်မှုအဖြစ် ကျွန်မ ရင်ထဲသို့ စိမ့်ဝင်သွားလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည် ကိုးစားမှုကနေ အချစ်တစ်ခု ပေါက်ဖွားလာနိုင်တယ် ...လို့ ကိုယ်ထင်ခဲ့မိတဲ့ အချိန်မှာ သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် ... လေးနှစ်တိတိ သက်တမ်းကြာလာတာနဲ့အမျှ အချစ်ဟာ ယုံကြည် ကိုးစားမှုရဲ့ အပြင်ဘက်မှာ ရှိနေတယ်ဆိုတာ ကိုယ်သိလာခဲ့တော့တယ်။ ဒါပေမယ့် ဒါဟာ သိပ်အရေး မကြီးပါဘူး။ အိမ်ထောင်တစ်ခုမှာ တစ်ကယ် လိုအပ်တာက လိုက်လျောမှု၊ ကြင်နာမှု၊ မျှဝေခံစားမှု အဲဒါတွေပဲလို့ ကိုယ် သိခဲ့တာကိုး။

သူ့စရိုက်က သိမ်မွေ့နူးညံ့တယ်။ လိုက်လျော ကြင်နာတတ်တယ်။ သူ့ဆန္ဒထက် ကိုယ့်ဆန္ဒကိုသာ ဦးစားပေးဖို့ကြိုးစားလေ့ရှိတယ်။ ဒေါသ ဖြစ်ခဲတယ်။ စိတ်ရှည် သည်းခံတတ်တယ်။ မိန်းမတစ်ယောက် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ဖို့ ဘယ်လောက်များ သင့်တော်လိုက်တဲ့ လူလဲကွယ်။ ကိုယ်ဟာ သူ့ကိုမှန်ကန်စွာရွေးချယ်နိုင်ခဲ့တယ် ...လို့ဂုဏ်ယူ မဆုံး ဖြစ်ခဲ့ရတယ်လေ။

ဒါပေမယ့် ပဟာဒီမိုးကောင်းကင်အောက်မှာရွေးချယ်မှုနဲ့ ရလာနိုင်သမျှ အရာအားလုံးထဲမှာ အချစ်မပါဘူး။ အချစ်ဆိုတာကို ရွေးချယ်ယူလို့ မရဘူး။ ဒါကို ကိုယ်တစ်ချိန်မှာ သိလာခဲ့တော့တယ်။

မောင့်ကို ချစ်မိသွားတဲ့ အချိန်မှာပေါ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ကူးဖြင့် ကြိုတင်စဉ်းစားထားခဲ့ဖူးသော ချစ်သူအမျိုးအစားများထဲတွင် ကျွန်မထက် အသက်ငယ်သော လူငယ်မျိုး တစ်ယောက်မှ မပါဝင်ခဲ့ဖူးပါ။ ကျွန်မထက် ငယ်ရွယ်သော လူငယ်တစ်ယောက်တွင် ကျွန်မသဘောကျ နှစ်သက်သော အမူအရာမျိုး ၊ အကျင့်စရိုက်မျိုး ရှိနေလိမ့်မည်ဟုလည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးပါ။

ထိုလူငယ်ကို ယုမော်ဟု သိနေခဲ့တာတော့ ကြာပါပြီ။

ထိုလူငယ်သည် ကျွန်မနှင့် ပထမနှစ်၊ ပြင်သစ်ဘာသာ သင်တန်းမှာကတည်းက အတန်းဖော်ဖြစ်သောကြောင့် ကျွန်မအနေနှင့် တစ်ပတ်ကို နှစ်ရက် မြင်တွေ့နေရပါသည်။ သို့သော် ကျွန်မတို့ ပထမနှစ် သင်တန်းတစ်ဝက်ကျိုးသည်အထိ သူနှင့် ကျွန်မ တစ်ခါမှ စကားမပြောဖူးခဲ့ပါ။ ကျွန်မတို့ ညနေ သင်တန်းမှာ မိန်းကလေးက နှစ်ဆယ်လောက် ရှိပြီး၊ ယောကျ်ားလေးက ခြောက်ယောက်ပဲ ရှိသည်။ ထိုခြောက်ယောက်သော ယောကျ်ားကလေးများက ကျွန်မတို့နှင့် မျက်နှာချင်းဆိုင် ထိုင်နေကြပြီး၊ မိန်းကလေးများက အတန်းလေးတန်း ခွဲလျက် ရှေ့ဆင့် နောက်ဆင့် ထိုင်ကြပါသည်။ ကျွန်မက မိန်းကလေးအတန်းများ၏ ရှေ့ဆုံးတန်း အစွန်ဆုံးမှာ ထိုင်၏။ ကျွန်မနှင့် မျက်နှာချင်းဆိုင်မှာ ယုမော်ဆိုသော ချာတိတ်ရှိပါသည်။

အတန်းထဲသို့ နောက်အကျဆုံး ရောက်လာတတ်သူဖြစ်၍ တစ်ကြောင်း၊ ဆရာမ စာမေးတိုင်း လွယ်ကူချောမွေ့စွာ ဖြေနိုင်သောကြောင့် တစ်ကြောင်း၊ ဝတ်စားဆင်ယင်ပုံ သေသပ်ကျနသောကြောင့် တစ်ကြောင်း၊ ကျွန်မ သူ့ကို စတင် သတိထားခဲ့မိဟန် တူပါသည်။

သူ့ရုပ်ရည်က အရာရာကို အလေးအနက်ထားတတ်သူ၏ မျက်နှာမျိုးဖြစ်သည်။ သွယ်လျသော မျက်နှာတွင် မေးစေ့နည်းနည်းချွန်သည်။ မျက်လုံးကတဒဲသီးပုံ ရှည်လျား မည်းနက်၏။ မျက်တောင်တွေက ခပ်တိုတိုပေမယ့် မည်းနက်သောကြောင့် မျက်လုံးအင်အား ကောင်းသည်။ အလျား သုံးပုံနှစ်ပုံလောက်ကျမှ ပြေပြစ်စွာ ထောင့်ချိုးသွားသော မျက်ခုံးကတော့ ယောကျ်ားတစ်ယောက်အတွက် တော်တော် သေးမျှင်၏။ ဣန္ဒြေကြီးစွာ မပြုံးမရယ်



ခပ်မှန်မှန် နေလေ့ရှိသောထိုလူငယ်သည် ပြုံးလိုက်လျှင် မေးစေ့မှာ အချိုင့်ရာလေး ပေါ်လာလျက် ချစ်ခင်နှစ်သက်စဖွယ် ဖြစ်သွားသည်။ သူ့သွားတွေက ဖြူဖွေးတောက်ပလေသည်။

သူသည် အဖြူရောင် ရှပ်အင်္ကျီလက်ရှည်များကို ဝတ်ဆင်လေ့ ရှိသည်။ တစ်ခါတစ်ရံတော့လည်း သေးသေးမိုန်မှိန် ပျော့ပျော့ ကွမ်းရိုးစင်း အင်္ကျီလက်ရှည်များကို ဝတ်တတ်၏။ အခန်းထဲတွင် လေအေးစက် ဖွင့်ထားသည် ဖြစ်စေ၊ ပိတ်ထားသည် ဖြစ်စေ၊ သူ့ရှပ်အင်္ကျီလက် ကြယ်သီးကို နားပတ်တစ်ဝက်တိတိ သေးသေးကလေး ပြန်ခေါက်ပြီး စေ့ပိတ် တပ်ထားလေ့ရှိသည်။ အတန်းရှေ့တွင် ဘယ်တော့မျှ လုံချည် ပြင်ဝတ်လေ့မရှိသူ ဖြစ်သည်။ အများအားဖြင့် သက္ကလပ်ဘောင်းဘီနှင့် ရှူးဖိနပ်ကို ဟန်ကြီးပန်ကြီး ထည်ဝါစွာ ဝတ်ဆင်တတ်၏။ သူ့ကိုကြည့်လိုက်လျှင် ရုံးမှ ကမန်းကတန်း ပြေးလာရသူနှင့် မတူဘဲ၊ ယခုမှ ရေချိုးအဝတ်အစားလဲပြီး ထလာသူနှင့် တူနေသည်။

အတန်းထဲတွင် ဆရာမက ပြင်သစ်စာသင်ရင်း အမေးအဖြေ လုပ်လေ့ရှိသဖြင့် ဂျာမန်သံရုံး ယဉ်ကျေးမှု ဆိုင်ရာဌာနမှာ သူအလုပ်လုပ်ကြောင်း သိရသည်။ သူသည်မိုင်းဘာသာအဓိကဖြင့် ဘွဲ့ရသူ ဖြစ်နိုင်သည် ဆိုတာကိုတော့ သင်တန်းပြီးခါမှ ကျွန်မ ကံအားလျော်စွာ သိရပါသည်။ ဗြိတိသျှကောင်စီ ယဉ်ကျေးမှုပြန့်ပွားရေးဌာနတွင် တစ်ပတ်တစ်ကြိမ် ပြုလုပ်လေ့ရှိသော ဆွေးနွေးပွဲတစ်ခုတွင် သူတင်ပြသော စာတမ်းတစ်ခုအကြောင်းသိခဲ့ပါသည်။ ကျွန်မက ဗြိတိသျှကောင်စီသို့ စာအုပ်ငှားရန်သွားစဉ် စာကြည့်တိုက် ကောင်တာပေါ်မှာ ချထားသော စာရွက်ကလေးတစ်ခုကို ဖတ်မိသည်။

"မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှ တောင်ပေါ်လူမျိုးစုများ (The Hill Tribes of Northern East Myanmar)" အကြောင်း ဖြစ်ပြီး ဆွေးနွေးမည့်သူအမည်မှာ ဦးယုမော်ဟု ရေးထားသည်။ ယုမော်ဟူသော နာမည်သည် ယောကျ်ားနာမည်အဖြစ် အလွန်ရှားပါး၏။ ဤ ယုမော်သည် ကျွန်မတို့ အတန်းမှ ယုမော်ဖြစ်နိုင်သည်ဟု ကျွန်မ စဉ်းစားမိသည်။ ထိုနေ့ နေ့လည် နှစ်နာရီက ဆွေးနွေးပွဲသို့ ကျွန်မဝင်ရောက် နားထောင်ခဲ့ပါသည်။

တကယ်လည်း ကျွန်မ၏ ချာတိတ်ဖြစ်နေခဲ့သည်။

ဘောင်းဘီနှင့် ရှူးကို နှစ်သက်စွာ ဝတ်လေ့ရှိသော ထိုလူငယ်သည်

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ကတော့ တိုက်ပုံအင်္ကျီနှင့် မြန်မာဝတ်စုံအပြည့် ဝတ်ဆင်ထားလေသည်။ သူ့ကို တိုက်ပုံအင်္ကျီနှင့် တစ်ခါမျှ မမြင်ဖူးသောကြောင့် ကျွန်မ မျက်စိထဲတွင် အနည်းငယ် ကိုးရိုးကားရားနိုင်နေသည်မှတစ်ပါး သူ့ဆွေးနွေးချက်များက ရှင်းလင်းပါသည်။ သူ့မျက်နှာထားကလည်း လူအများရှေ့တွင် ထွက်ရပ်နေသည့်တိုင် ရှက်ကိုးရှက်ကန်း မရှိ။ သမိုင်းပါမောက္ခ တစ်ယောက်လို ပုံစံဖမ်း၍ တကယ့် ဣန္ဒြေကြီးနှင့်ဖြစ်သည်။

သူပြောပြသည့် လူမျိုးများထဲတွင် လားဟူ၊ လီဆူးလူမျိုးများအကြောင်း ကျွန်မကြားဖူးသော်လည်း အခါ လူမျိုးကိုတော့ ကျွန်မ မကြားဖူးပေ။

သူ၏ တင်ပြချက်များ ပြီးဆုံးသွားလျှင် ကျွန်မတို့ ပရိသတ်ထဲမှ စိတ်ဝင်စားသူ၊ မရှင်းလင်းသူ၊ ပိုသိလိုသူများက သူ့ကို မေးမြန်းဆွေးနွေးနိုင်သည်ဖြစ်ရာ ဤချာတိတ်ကို နည်းနည်းတော့ ဒုက္ခပေးလိုက်ဦးမည် ...ဟု ကျွန်မ စဉ်းစား၏။

တောင်ပေါ် လူမျိုးများ၏ "အိမ်ထောင်ရေးနှင့် ကလေးမွေးဖွားခြင်း" ခေါင်းစဉ်အောက်မှာ သူပြောသွားသော လင်မယား ကွဲကွာခြင်းဟူသော စကားကို ကျွန်မ သိပ်မကျေနပ်ပါ။ သူက အများအားဖြင့် ဇနီး၏ ဖောက်ပြားမှုကြောင့် အိမ်ထောင်ပြိုကွဲသည်ဟုဆိုသည်။ ထို"အများအားဖြင့်"ကို အတိအကျ ကျွန်မ သိချင်သည်။ တခြားဆွေးနွေးသူများ ဤကိစ္စကိုမေးမြန်းမလားဟု ကျွန်မစောင့်နေသေး၏။ ဘယ်သူမှ ထိုကိစ္စကို ထည့်မမေးတော့ ငါးယောက်မြောက်ဆွေးနွေးသူအဖြစ် ကျွန်မ လက်ညှိုးထောင်ပြလိုက်ပါသည်။

ကျွန်မရှိရာသို့ လှမ်းကြည့်လိုက်သော သူ့မျက်လုံးများ၌ မှတ်မိသည့် အရိပ်အယောင်ကို မြင်ရ၏။

"When you described about the divorces of Hill Tribes you said that the general cause is the adultery of the wife, didn't you?"

တောင်ပေါ်လူမျိုးတွေရဲ့ အိမ်ထောင်ကွဲခြင်းအကြောင်း ရှင်ပြောခဲ့စဉ်က အများအားဖြင့် ဖြစ်တတ်သော အကြောင်းရင်းဟာ ဇနီးရဲ့ဖောက်ပြားမှုလို့ ရှင် ဆွေးနွေးသွားတယ် မဟုတ်လား...

သူကျွန်မကို စေ့စေ့ဝါကြည့်၏။



"Yes, I did" ဟုတ်ပါတယ်။

"So do you mean the adulteries of the husbands are fewer than those of the wives?"

ဒါဖြင့် ခင်ပွန်းရဲ့ ဖောက်ပြန်မှုက ပိုနည်းတယ်လို့ ရှင်ဆိုလိုချင်တာလားဟု မေးလိုက်သောအခါ ကျွန်မဘာကို မခံမရပ်နိုင် ဖြစ်သွားကြောင်း သူ သိသွားပါသည်။

Although I used the word 'generally', I did not mean the adulteries of the wives are greater in ratio than those of the husbands"

ယေဘုယျအားဖြင့်လို့ ကျွန်တော်သုံးနှုန်းလိုက်ပေမယ့် ဇနီးရဲ့ ဖောက်ပြန်မှုအချိုးက ခင်ပွန်းရဲ့ ဖောက်ပြန်မှု အချိုးထက် များတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။

နားထောင်နေသော ပရိသတ်က သဘောကျစွာ ပြုံးရယ်ကြလေသည်။ ထိုအခါ သူက အနည်းငယ်ပြုံးလိုက်၏။

"Most of them obey the Principle of Monogamy but the husband may have more than one wive. Even this is not the cause of divoice."

သူတို့ဆီမှာ အများအားဖြင့် တစ်လင်တစ်မယားစနစ်ဖြစ်ပါတယ်၊ ဒါပေမယ့်ခင်ပွန်းတစ်ယောက်မှာ တစ်ယောက်ထက် ပိုတဲ့ဇနီးတွေ ရှိတတ်ပါတယ်၊ ဒါပေမယ့်ဒါဟာ အိမ်ထောင်ကွဲဖို့အကြောင်းမဟုတ်ပါဘူး။

ကျွန်မ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပါသည်။

Sometimes they divorce the wives because of not having the eldest son but it does not increase the rate of divorce because the husband in this circumstance may get another wife without divorcing the first."

"သားဦး ယောကျာ်းလေး မမွေးနိုင်ရင်လဲအိမ်ထောင်ကွဲတတ်ပါတယ်။ ဒါပေမမယ့် ဒီအကြောင်းရင်းကြောင့်လဲ အိမ်ထောင်ကွဲခြင်း အချိုးအဆ တက်မလာပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ပွန်းဟာ ပထမဇနီးကို မကွာဘဲ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဇနီးဟစ်ယောက် ယူနိုင်လို့ပါပဲ။"

ကျွန်မနောက်မှ ယောက်ျားလေးတစ်ချို့ ခပ်အုပ်အုပ် ရယ်မောလိုက်သံကြားရသည်။

"The main cause is the adultery of the wife ... I ... I mean"

ကျွန်မ အသံထွက်ရယ်မောရင်း လက်မြှောက်ပြလိုက်၏။

"No, no, I see. Thank you very much."

နောက်ရက်တွေ သင်တန်းမှာ မျက်နှာချင်းဆိုင်မိတော့လည်း ကျွန်မကို ဂရုထားမိဟန် မပြပါ။ ကျောင်းသွားကျောင်းပြန် သံရုံးရှေ့မှာ မြင်တွေ့ပါလျက် တစ်ယောက်ကိုတစ်ယောက် Bonjour မင်္ဂလာပါဟူသော ပြင်သစ်စကားလုံးဖြင့်ပင် နှုတ်ဆက်မိကြခြင်းမရှိပါ။ တကယ်တမ်း ကျွန်မနှင့်သူ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြုလိုက်ကြသည်မှာ ရန်ကုန်ဆေးရုံသစ်ကြီးပေါ်မှာ ဆုံတွေ့ကြတော့မှဖြစ်ပါသည်။ ကံဆိုးချင်တော့ ကျွန်မအလုပ်သင်ဆရာဝန်အဖြစ် ၂၄နာရီ တာဝန်ကျသည့် လူနာဆောင်ထဲတွင် ကျွန်မသွေးဖောက်ယူရမည့် လူနာများထဲမှ သူ့သူငယ်ချင်းပါဝင်နေခဲ့သည်။

သွေးစုပ်ဖုတ်ကောင်ဟု ကိုယ့်ကိုယ်ကို ရယ်ပွဲဖွဲ့ လှောင်ပြောင်ရလောက်အောင် တစ်မနက်ခင်းလုံး ကျွန်မသွေးဖောက်ရမည့် လူနာတွေက များပြားလှသည်။ ပထမတော့သူ့ကိုသတိမထားမိပါ။ နောက်ဆုံးအလှည့်သွေးဖောက်ယူဖို့ ကျွန်မစီစဉ်ထားသောလူနာအားသို့ကျွန်မရောက်သွားတော့ လူနာခုတင်အားမှာ ယောက်ျားတစ်ယောက် မတ်တတ်ရပ်နေသည်ကိုသာ ကျွန်မသတိထားမိသည်။ လူနာတင်သည့်ရက်လည်းမဟုတ်၊ ညှို့ချိန်လည်း မဟုတ်ဘဲ မနက်ခင်းအချိန်၌ အပိုယောက်ျားတစ်ယောက် ရှိနေသည့်အတွက် ကျွန်မ၏ နားမလည်နိုင်မှုမှာ အလုပ်တာဝန်ရှုပ်ထွေးမှုကြောင့် ဒေါသအဖြစ်သို့ပြောင်းသွားသည်။ (ဤဆေးရုံတွင် အသည်းအသန်လူနာ မဟုတ်လျှင် လူနာစောင့်ခွင့်မပေးပါ။)

"ရှင်ဘယ်သူလဲ... ဒီမှာဘာလုပ်နေတာလဲ"

သူကျွန်မကို ဖြုန်းခနဲလှည့်ကြည့်တော့ ကျွန်မအံ့သြသွားသည်။ ယုမော်သည် ကျွန်မကို မရယ်မပြုံးကြည့်လျက် တောင်းပန်သလို ခေါင်းတစ်ချက်



ညွှတ်ပြ၏။ သန့်ပြန့်ရှင်းလင်းသော မျက်နှာထားမှာ ကြည်လင်မှုဖြင့် တောက်ပလျက်ရှိသောကြောင့် ကျွန်မ၏ ပင်ပန်းမှုဒေါသများကို မျိုချပစ်လိုက်ရသည်။ ကျွန်မမှာ အပိုစကားပြောချိန်လည်း မရသဖြင့် ဆေးထိုးပြွန်ကိုပြင်ဆင်လိုက်ပါသည်။

"သွေးဖောက်ဦး မလို့လား"

ထိုစကားသည် ကျွန်မ၏ ယုမော်ထံမှ ခပ်ဝပ်နုနုထွက်လာခဲ့သည်။ ကျွန်မ၏ စိတ်ရှုပ်မှုကို ဖုံးကွယ်လျက် "ဟုတ်တယ်"ဟု ခပ်ပြတ်ပြတ်ပြောကာ လူနာ၏ လက်ဖျံကို အရက်ပြန်စိမ်ထားသည့် ဂွမ်းစဖြင့် ပွတ်သုတ်လိုက်ပါသည်။

"ခဏလေး"

ကျွန်မစိတ်တိုတိုဖြင့် မော့ကြည့်လိုက်တော့ သူမျက်မှောင်ကြုတ်ထားသည်။

"မနေ့ညနေက ကျွန်တော်မေးကြည့်တော့ ဒီနေ့ သွေးဖောက်စရာ မလိုဘူးလို့ ပြောခဲ့လို့"

ကျွန်မဒေါသထောင်းခနဲထသွား၍ စိတ်ကိုလွှတ်ပေးလိုက်ကာသူ့မျက်နှာကိုစေ့စေ့ကြည့်၍ ပြောမိသည်။

"ဒါ ...ကျွန်မ မသိဘူး၊ ကျွန်မသိတာက လူနာချာ(တ်)ထဲမှာ ဒီကနေ့ သွေးစစ်ဖို့ အမိန့်ပေးထားတယ်၊ အဲဒါပဲ ကျွန်မသိတယ်။ "

"မဟုတ်ဘူး ခင်ဗျားဒေါသမကြီးပါနဲ့၊ ကျွန်တော်က နေ့တိုင်း အပ်အသစ်တွေ ဝယ်ပေးနေကျ၊ မနေ့က အစီအစဉ်မရှိဘူးဆိုလို့ ဒီကနေ့အတွက် ဝယ်ပေးမထားရတာကို ပြောမလို့ပါ၊ ဖြစ်နိုင်ရင် အပ်အသစ်နဲ့ ဖောက်ပေးပါလား"

ကျွန်မစုတ်တစ်ချက် သပ်လိုက်မိသည်။ လူနာက ဘာမှ မပြောဘဲ အားလူက လျှာရှည်နေတာကို ကျွန်မ စိတ်မရှည်နိုင်ပါ။ ကျွန်မသည် လူနာတစ်ယောက်အတွက် အပ်တစ်ချောင်းစီ သီးသန့်ထားပေးကြောင်း သူ့ကို ရှင်းပြနေရန် လိုပါသလားဟု ကျွန်မ စဉ်းစားသည်။ နောက်တော့ ကျွန်မစိတ်ကို လျှော့ချ၍ လူနာနှင့်သူ့ကို ပြုံးပြလိုက်ပါသည်။

"စိတ်မပူပါနဲ့၊ ကျွန်မ အမြဲတမ်း ဒစ်စ်ပိုဆယ်လ်နိဒယ်လ်ကိုပဲ သုံး[illegible]

www.burmeseclassic.com

www.burmeseclassic.com

တယ်"

ပြဿနာက ဤမျှနှင့် မပြီးပြန်ပါ။ ကျွန်မ သွေးစုပ်နေစဉ် သူက မသက်မသာ စောင့်ကြည့်ရင်း များလှချည့်လားဟု အသံ ခပ်တိမ်တိမ်နှင့် ရေရွတ်ပြန်၏။ ကျွန်မ မကြားချင်ယောင်ဆောင်နေလိုက်သည်။ သို့သော်

"ခါတိုင်းတော့ လက်တစ်လုံးလောက်ပဲယူတာပဲနော်"

ကျွန်မ ဖြုန်းဆို သူ့ဘက် လှည့်ကြည့်မိသည်။

"ဒီမယ်ယုမော်... ကိုယ်က သူ့သွေးကို မလိုအပ်ဘဲ အများကြီးစုပ်ပြီး ဘာလုပ်ပစ်ရမှာလဲ၊ သောက်ပစ်မယ် ထင်လို့လား"

လူနာက မသိမသာ ပြုံးလေသည်။ သူကတော့ ကျွန်မကို စူးစိုက်ကြည့်ပြီး ဘာမှ မပြောဘဲပါးစပ်ပိတ်သွား၏။

"အခု စစ်မယ့် စစ်ဆေးချက်က အာရုံအေလို့ခေါ်တယ်၊ သွေးနှစ်ဆယ်စီစီလိုတယ်၊ ကျေးဇူးပြုပြီး မင်းပါးစပ် ပိတ်ထားတော့"

လူနာ၏သွေးကို ကော်နီကယ် ဖန်ပုလင်းထဲထည့်လိုက်ပြီး ဘေးတိုက်အနည်းငယ် လှုပ်ပေးနေသည့် ကျွန်မ လှုပ်ရှားမှုကို သူခပ်တည်တည် ငေးမောနေ၏။ ထို့နောက် သွေးပုလင်းများကို လင်ဗန်းထဲထည့်ကာ ကျွန်မ လှည့်ထွက်လာတော့ သူကျွန်မ နောက်က ခပ်သုတ်သုတ် လိုက်လာသည်။

"မသက်နှင်းအိမ်"

အို...။ သူက ကျွန်မ နာမည်ကို သိနေခဲ့ပါလား။ ကျွန်မ အနည်းငယ် ကျေနပ်စွာ လှည့်ကြည့်လိုက်၏။

"ကျော်ဇင်ရဲ့ရောဂါနဲ့ ပတ်သက်ပြီး သင်တန်းမှာ အချိန်နည်းနည်းပိုရင် ကျွန်တော့်ကို ရှင်းပြနိုင်မလားဟင်"

နူးညံ့သိမ်မွေ့သည့် သူ့မေးခွန်းကိုကျွန်မ ပြုံး၍ ခေါင်းညိတ်ဖြေခဲ့ပါသည်၊ ထို့နောက် ကော်ရစ်ဒါအတိုင်း ရုံးခန်းဆီသို့ လှည့်ထွက်လာစဉ်ကျမှ ကျွန်မ၏ ယူနီဖောင်း ရင်ဘတ်ကုတ်မှာ ဒေါက်တာသက်နှင်းအိမ်ဟူသည့် နာမည်ပြားကလေး ချိတ်ထားမှန်း သတိရမိ၏။ သူဟာ ဒီနာမည်ကိုမြင်မှ ကျွန်မကို သိတာလား၊ နဂိုတည်းက ကျွန်မ နာမည်ကို သိနေခဲ့တာလား။ ဤမေးခွန်း သူ့ကို ဘယ်တော့မှ မမေးရန် ဆုံးဖြတ်ချက် ချလိုက်ပါသည်။

သင်တန်းအပြီးမှာ သူ့သူငယ်ချင်း၏ ရောဂါကို ကျွန်မ ရှင်းပြပြီးသွားချိန်မှစ၍ ကျွန်မနှင့်သူလမ်းတွေ့လျှင် နှုတ်ဆက်ဖြစ်သွား၏။ ဆေးရုံမှာလည်း ကျော်ဇင်ကို သူ့သူငယ်ချင်းအဖြစ် ခင်မင်ရင်းနှီးစွာအသိအမှတ်ပြုမိသွားသည်။ သို့သော် ကျော်ဇင် ဆေးရုံက ဆင်းသည့် အချိန်တွင် ကျွန်မနှင့် လိုက်လံစွာ ရင်းနှီး ခင်မင်သွားသော်လည်း ယုမော်နှင့်တော့ ခပ်တန်းတန်း ဖြစ်နေဆဲ။ ကျွန်မနှင့် ယုမော် ခင်မင် ရင်းနှီးသွားသည်ကတော့ ရှားလော့ဘရွန်တီ၏ ဂွိမ်းအဲယား ဝတ္ထုကြောင့် ဖြစ်ပါသည်။

ထိုဝတ္ထုကို မျက်စိရှေ့မှာ ခဏခဏမြင်နေပါလျက် မဖတ်မိဘဲအမြဲ ဖယ်ထုတ်ခဲ့သော ကျွန်မသည် ဆေးရုံမှာအားလပ်ချိန်ကလေးတွေ၌ အနားယူရင်း ဖတ်မိသည်။ ဆေးရုံမှာ နှစ်ပတ်ကြာ ဖတ်လိုက်သောအခါ ထိုဝတ္ထုကို ဖတ်ပြီးလုနီးပါး ဖြစ်သွားသည်။ သို့သော် ထိုဝတ္ထုထဲတွင် ဂျာမန်ဝါကျများကို ဒီအတိုင်း ထည့်ရေးထားတော့ ကျွန်မ ကျော်ဖတ်ရပါသည်။ ထိုဝါကျများကို ကျွန်မသိလိုသည်။

ဂျာမန်သံရုံးမှာ အလုပ်လုပ်သည်ဆိုတော့ ကျွန်မ၏ ယုမော်များ ဂျာမန်စာကို တတ်ကျွမ်းလေသလားဟု စပ်စုလိုစိတ်၊ ယုမော်နှင့် သည့်ထက်ပို၍ ခင်မင်သိကျွမ်းလိုစိတ်၊ ဝတ္ထုထဲက စကားများ၏ အဓိပ္ပါယ်ကို သိလိုစိတ်တို့တွင် ဘယ်စိတ်က ပို၍အင်အားကောင်းသလဲကျွန်မ မခွဲခြားတတ်နိုင်ဘဲထိုလူငယ်ကို ချဉ်းကပ်မိပါသည်။ (ကျွန်မတို့ နှစ်ယောက် ချစ်သူဖြစ်သွားပြီး နောက်မှာတော့ ထိုကိစ္စသည် မိန်းမမာယာထဲတွင် ပါဝင်ကြောင်း မောင်က ကျွန်မကို မကြာခဏ နောက်လေ့ရှိပါသည်။)

"ကိုယ့်ကို ခွင့်ပြုပါနော်၊ ကိုယ်မင်းကို အကူအညီ တစ်ခု တောင်းချင်လို့"

သူ့ကုလားထိုင် အနီးမှာ ရပ်ပြီး မေးမိတော့ သူက ကျွန်မကို မော့ကြည့်ရင်း မတ်တတ်ရပ်၏။ ကျွန်မ အသက်ကို လေးစားဟန် ပြသလား၊ သို့မဟုတ် ကျွန်မ၏ အလုပ်ကို လေးစားဟန် ပြသလား ကျွန်မ မကွဲပြားပါ။

"ဟုတ်ကဲ့၊ ဝမ်းသာအားရ ကူညီပါ့မယ်"

"ဒီဝတ္ထုထဲက ဂျာမန်ဝါကျ တချို့ကို အင်္ဂလိပ်ဘာသာပြန်ပေးနိုင်မလား"

ကျွန်မ မေးခွန်းမှာ တစ်ဆင့်ကျော်နေသော်လည်း သူသတိထားမိဟန် မတူပါ။

"ဝါကျတွေက လွယ်သလား"ဟု ကျွန်မကို ပြန်မေး၏။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ်လုပ်ပြီး သိနိုင်ပါမလဲ၊ မသိဘူးဟုပင် ဖြေလိုက်ပါသည်။

"လွယ်ရင် ဒီအတန်းထဲမှာတင် ပြောပြနိုင်မှာပဲ၊ ခက်ရင်တော့ ကျွန်တော့်အိမ်ကနေ လုပ်ခဲ့မယ်လေ"

ကျွန်မ ပေးသော စာအုပ်ထဲမှ ကျွန်မ စာရွက်ညှပ်ထားသော စာမျက်နှာများကို သူလှန်လျှော ကြည့်လိုက်၏။

"ဒီဝတ္ထုကို ကျွန်တော်လဲကြိုက်တယ်"ဟု သူရေရွတ်သေး၏။ နောက်တော့ အတန်းဆယ်မိနစ် နားနေချိန်တွင် ကျွန်မသိချင်သော ဝါကျများကို အင်္ဂလိပ်လို ဘာသာပြန် ရေးပေးလိုက်လေသည်။ အတန်းပြီးတော့ ကျွန်မနှင့် သူအခန်းထဲမှ အတူတူထွက်လာဖြစ်ကြသည်။ ကျွန်မ ကျေးဇူးတင်စကားပြောတော့ ကိစ္စမရှိပါဘူးဟု ငြင်း၏။ နောက်တော့ ဘတ်စ်ကား မှတ်တိုင်သို့ အတူတူလျှောက်သွားရင်း တစ်ယောက်ဘယ်မှာနေသည်ကို တစ်ယောက်က စုံစမ်း မိတ်ဖွဲ့ကြသည်။ အံ့သြစရာကောင်းသည်က ကျွန်မနှင့်သူဘတ်စ်ကား တစ်မှတ်တိုင်တည်းဆင်း၍ တစ်လမ်းတည်း လျှောက်သွားရသူများ ဖြစ်နေပါသည်။ ဂျာမန်ဘာသာနှင့် ဂျာမန်စာရေးဆရာများအကြောင်း ကျွန်မတို့ ပြောဖြစ်ကြသည်။ သူက ဗွန်ဘာဂရပ်စ်နှင့် မာတင်ဝေါဆာအကြောင်း ပြောပြီး ကျွန်မက ဟာမန်းဟတ်စ်နှင့် တောမတ်စ်မန်းအကြောင်း ပြောပါသည်။

"ဂျာမန်ဘာသာကို စိတ်မဝင်စားဘူးလား"ဟု သူက မေးတော့ ကျွန်မ ရယ်မောရင်း ခေါင်းယမ်းခါလိုက်သည်။

"ဆေးရုံတာဝန်နဲ့ ဒီသင်တန်းနဲ့၊ သင်တန်းအားတဲ့ ရက်မှာလဲ စာရေးရသေးတယ်၊ ညဦးပိုင်းမှာ စာတွေကျက်ရတယ်၊ ဆေးစာရော၊ ပြင်သစ်စာရော ကိုယ့်မှာ အချိန်သိပ်မရှိဘူး"

အချိန်သိပ် မရှိဘူးဟုသော ကျွန်မ မှတ်ချက်နှင့် ပတ်သက်၍ ကျွန်မနှင့်သူ ဘတ်စ်ကားပေါ်မှာပင် အရှေ့အတင် ငြင်းခုံကြရသေး၏။

စာရေးဆရာ တစ်ယောက်အဖြစ် ဘယ်အတိုင်းအတာအထိ လိုချင်သလဲဟု သူမေးတော့ ကျွန်မ ပွင့်လင်းစွာ ဖြေသင့် မဖြေသင့် စဉ်းစားနေရသေး၏။ မတန်မရာ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေသည်ဟု အထင်ခံရမှာ စိုးသောကြောင့် ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့သော ကျွန်မ၏ ပန်းတိုင်အစစ်ကို သူ့အား ယုံကြည် စိတ်ချစွာ ပြောမိသည်။



ကျွန်မ၏ အပြေကြောင့် ကျွန်မကို အထင်သေးခြင်း မရှိသည့်အပြင် သူ့မျက်ဝန်းများ တောက်ပကာ မျှော်လင့်သွားပုံက ကျေးဇူးတင်စရာကောင်းလှသည်။

၄၂ကားပေါ်က ဆင်းပြီး ရှမ်းလမ်းအတိုင်း လျှောက်လာစဉ်မှာတော့ ကျွန်မကို ဂျာမန်စကားပုံတစ်ခု ရွတ်ပြပြီး မြန်မာလို ဘာသာ ပြန်ပြောပြပေး၏။

"အဖိုးပါယ်က "လိုချင်ပြီဆိုရင် ရအောင်လုပ်၊ မိုးတိမ်တွေ မိုးနိုးပြာ ဘဝ ရောက်ရမယ်ဆိုရင် ဂျာမန်တစ်ယောက်အတွက် ဖြစ်ကိုဖြစ်ရမယ်၊ စကြဝဠာကြီးကို ကိုင်လှုပ်ဖို့ လူ့ဘဝကို ရောက်လာခဲ့ရတာပဲမဟုတ်လား"တဲ့၊ ဘယ်လောက်အင်အားပါတဲ့ စကားလဲနော်၊ ကြီးမားစမ်းပါ မသက်နှင်းအိမ်... ကျွန်တော်အားပေး ကူညီချင်ပါတယ်။"

ကျွန်မနှင့်သူ ရင်းနှီးမှု အတိုင်းအတာသည် အံ့သြရလောက်အောင် ကြီးမားလာခဲ့သည်။ သင်တန်းရက်များတွင် အတူပြန်ကြသည်။ သံရုံးမှာ ရုပ်ရှင်ပြသည့်ရက်တွင် ရုပ်ရှင်လာကြည့်ပြီး အတူအိမ်ပြန်ကြသည်။ ရုပ်ရှင်ပြီးချိန်သည် မိုးချုပ်လုပြီ ဖြစ်သောကြောင့် သူ ကျွန်မ အဆောင်ပေါက်ဝအထိ လိုက်ပို့ပေးလေ့ရှိပါသည်။ မိတ္ထီလာမှာနေသော ကျော်ဇင် ရန်ကုန်ရောက်လာသည့် ရက်များတွင် ကျွန်မတို့ သုံးယောက် အမြဲ ထမင်းလက်ဆုံစားကြလေ့ရှိပါသည်။ ဘယ်လောက်ပဲ ခင်မင်ရင်းနှီးလာသည်ဖြစ်စေ ယုမော်က ကျွန်မကို နှင်းဟုခေါ်ပြီး သူ့ကိုယ်သူ ကျွန်တော်ဟုသာ သုံးနှုန်း၏။

မောင့်ကို ဘယ်အချိန်ကစပြီး ချစ်မိသွားမှန်း ကျွန်မ မသိသလိုပင် မောင်ကလည်း ကျွန်မကို ဘယ်အချိန်က စပြီး ချစ်မိသွားမှန်း မသိခဲ့ပါတဲ့။

တစ်ရက်တော့ ကျွန်မတို့ အတန်းထဲမှာ ကလေးဘဝက ချစ်သူတစ်ယောက်အကြောင်း အိပ်မက် (Rêve d'un amour d'enfance) ဟုသော ခေါင်းစဉ်ဖြင့် စာသင်ကြရသည်။

Je rentre chez moi ce soir: je m'assieds a ma tête entre les mains, je re'pète son nom cinq ou six fois, et elle vient... Dès qu'elle est là, tout est change!

ကျွန်တော် ဒီနေ့ညနေ အိမ်ပြန်လာတော့ လက်ဖဝါး နှစ်ဖက်ကြား ခေါင်း တင်ပြီး သူ့နာမည်ကို ငါးကြိမ်ခြောက်ကြိမ်လောက် ရေရွတ်တမ်းတမိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူမ ကျွန်တော့်ဘေးမှာ ရောက်လာပြီး အရာအားလုံးဟာ အရင်နဲ့ မတူအောင် ပြောင်းလဲသွားပါတော့တယ်။

ထိုစာကြောင်းများကို ကျွန်မတို့ ရေရွတ်နေရစဉ် မောင့်မျက်နှာကို ကျွန်မ လှမ်းကြည့်မိ၏။ မျက်လွှာချထားသော မောင့်မျက်လုံးများတွင် ကြည်နူးရိပ် ထင်ဟပ်နေသည်ကို မြင်ရသောအခါ ကျွန်မ ရင်ထဲတွင် တစ်ခါမှ မဖြစ်ပေါ်ဖူးသော ဝမ်းနည်းစိတ်က ဝင်ရောက်လာခဲ့ပါသည်။ သူ၏ ချစ်ဦးသူက ဘယ်သူပါလိမ့်၊ နောက်လ အနည်းငယ်အတွင်း ကျွန်မ လက်ထပ်မည့် ခင်ပွန်းသည်၏ ရင်ခွင်ထဲမှာ ဤစာကြောင်းကလေးကိုများ ကျွန်မ သတိတရ ရေရွတ်မိလျှင် သူ့မျက်နှာကို မမြင်ယောင်မိအောင် ဘယ်လိုများ ဖယ်ထုတ်ရှောင်ကြဉ်ရမှာပါလိမ့်။ တကယ်တော့ ကျွန်မနှင့် ထိုလူငယ်သည် ဘဝတွင် လမ်းခရီးချင်း မတူကြပါလား။ သူသွားမည့်လမ်းတွင် သူ့ဘေး၌ ချစ်စဖွယ် အဖော်ကလေးတစ်ယောက် ပါဝင်နေလိမ့်မည်ဟု ကျွန်မ ဘာကြောင့် မတွေးမိခဲ့ပါလိမ့်။ သူသည်ညနေအိမ်အပြန်တွင် ဘယ်သူ့နာမည်ကို တီးတိုးရေရွတ်မှာပါလိမ့်၊ သူ့နံဘေးသို့ အိပ်မက်တစ်ခု ရောက်လာသည့်အခါ ထိုအိပ်မက်ထဲက သူ့ငယ်ချစ်ဦးကလေးသည် ဘယ်လို မိန်းကလေး ဖြစ်နေမှာပါလိမ့်။

တွေးရင်း တွေးရင်း ကျွန်မ၏ ရင်ထဲမှာ နင့်နင့်သီးသီး နာကျင်လာခဲ့ပါသည်။

သူ့ကို မိန်းကလေး တစ်ယောက်ယောက်နှင့် တွဲပြီးမြင်ဖို့ အခုမှ သတိရမိသည့် အတွက်လည်း ကိုယ့်ကိုယ်ကို အံ့သြမိသည်။ ကျွန်မဘေးမှာ သူမဟုတ်သော အခြား ယောကျ်ားတစ်ယောက် ရှိနေခဲ့တာကို အခုမှ ဝမ်းနည်းမိသည့် အတွက်လည်း ကိုယ့်ကိုယ်ကို အံ့သြမိပါသည်။

အတန်းပြီးသွား၍ အိမ်ပြန်လာကြသောအခါ ကျွန်မ ခါတိုင်းလို နှုတ်မဆွက်တာကို ချက်ချင်း သတိပြုမိသွားလေ၏။

"နှင်း ဘာဖြစ်နေတာလဲ"

ကျွန်မ ခေါင်းယမ်း၍ ပြုံးနေခဲ့ပါသည်။

"ကျွန်တော် နှင်းကို မေးခွန်းတစ်ခု မေးချင်တယ်"

"မေးလေ" ကျွန်မ ခွင့်ပေးတော့ သူခပ်ပြုံးပြုံး ကြည့်၏။

"အခု နှင်းအိမ်ပြန်ရောက်တဲ့အခါ လက်ဖဝါး နှစ်ဖက်ကြား မေးတင်ပြီး ဘယ်သူ့နာမည်ကို ရေရွတ်မှာလဲ"

ထိုမေးခွန်းသည် ကျွန်မ အရှိက်ကို ထိသွားကာ နင့်ကနဲခံစားလိုက်ရ၏။ သူ့ကို မော့ကြည့်မိသောအခါ နူးညံ့သော မျက်ဝန်းများ အပြစ်ကင်းမဲ့စွာ ပြုံးနေသည်ကို မြင်ရသည်။ ကျွန်မ ဘယ်လိုဖြေရမလဲ။ မင်းနာမည်ပေါ့...ဟု ကျွန်မက ဘယ်လို ယုတ်ညံ့မှုမျိုးဖြင့် ဖြေဆိုနိုင်မှာလဲ။ ကျွန်မ လက်ထပ်မည့် ခင်ပွန်းလောင်းကို ဘေးမှာထားပြီး တခြား ယောကျ်ားတစ်ယောက်အပေါ် တိမ်းမူးနေသည့် လုပ်ရပ်မှာ တော်တော် စက်ဆုပ်စရာ ကောင်းလှသည်။

"ဟော...ငိုင်သွားပြီ၊ တစ်ယောက်ယောက်ကို လွမ်းသွားပြီနဲ့ တူတယ်"

ကျွန်မ ကြိုးစားပမ်းစား ရယ်မောလိုက်သည်။

"မဟုတ်ဘူးယုမော်ရဲ့၊ နာမည်တွေကတော့ များပါရဲ့၊ ဒါပေမယ့် ဘယ်သူ့နာမည် ရွတ်ရမလဲ စဉ်းစားလို့ မရနိုင်ဘူး"

ထိုအခါ သူက မေးအချိုင့်ရာကလေး ပေါ်လွင်လာအောင်ပင် သဘောကျစွာ ရယ်မောလေသည်။

"မင်းကရော..."

ကျွန်မမေးတော့ သူပြုံးနေပုံက တစ်ခုခုကို နှစ်သက်စွာ အိပ်မက် မက်နေသလိုပါပဲ။

"ကျွန်တော်ရဲ့ ကလေးဘဝက သူငယ်ချင်းကိုပေါ့၊ သူ့နာမည်က ရီတာတဲ့"

ကျွန်မ ရင်ထဲမနာလို ဝန်တိုမှုကို သူမမြင်ရအောင် ကျွန်မ တစ်ဖက်သို့ လှည့်လိုက်ရသည်။

"ကျွန်တော် ဘဝမှာ ကျွန်တော် အရေးထားတဲ့ မိန်းမဟာ လွန်ခဲ့တဲ့ ခြောက်လလောက်အထိ ရီတာ တစ်ယောက်တည်းပါပဲ"

အနှောင့်အသွား မလွတ်သော သူ့စကားအတွက် ကျွန်မ မျှော်လင့်ချက်ထားမိတော့ မလိုဖြစ်သွားသေး၏။ သို့သော် "အခုတော့ရော"ဟု ကျွန်မ မမေးပါ၊ လုံးဝ မမေးပါ။ အခြားမိန်းမတစ်ယောက် နာမည်ကို သူဖြေလိုက်လျှင် ကျွန်မ အရှက်သည်းစွာ နာကျင်ရတော့မည်။ ကျွန်မ မမေးသမျှ သူမဖြေသမျှ ထိုနာမည်မှာ ကျွန်မဖြစ်သည်ဟု တိတ်တဖိုး ယူဆနေခွင့် ရှိသည် မဟုတ်လား။

"နှင်း တန်ဖိုးထားတဲ့ ယောကျ်ားတစ်ယောက် အကြောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိချင်တယ်၊ သူက ဘယ်လိုယောကျ်ားမျိုးလဲ"

ထိုမေးခွန်းကို ကြည်လင်သောမျက်နှာထားဖြင့် သူဣန္ဒြေရရ စပ်စုနိုင်သည့်အတွက် ကျွန်မသူ့ကို စိတ်ရှိလက်ရှိ ထုနက် ကုတ်ဖဲ့ချင်စိတ် ပေါ်ပေါက်လာ၏။ သို့သော် ကျွန်မစိတ်ကို ထိန်းချုပ်၍ ပြုံးလျက် ဖြေလိုက်ပါသည်။

"ကိုယ်တန်ဖိုးထားတဲ့ ယောကျ်ားတော့ မရှိသေးဘူး ထင်တာပဲ"

"ဟာ ဒါဖြင့် စောစောက ပြောတဲ့ နာမည်တွေ များနေတယ်ဆိုတာရော ... နောက်တာလား"

"မနောက်ပါဘူး၊ အတည်ပြောတာ"

ကျွန်မ စကားကြောင့် သူဇဝေဇဝါ ဖြစ်သွား၏။

"ဒီလိုလေ ယုမော်ရယ်၊ ယောကျ်ားတစ်ယောက်ရဲ့ အားနည်းချက်တွေ ...ကောင်းကွက်တွေကို သူတို့နဲ့ ခင်မင် ကျွမ်းဝင်ခါစတော့ ဘယ်သိမလဲ၊ သမီးရည်းစားသက် ကြာလာမှ သိရတာ၊ အဲဒီအခါ ကိုယ်ဘယ်လိုမှ သည်းညည်းမခံနိုင်တဲ့ စိတ်ခတ်တွေ၊အပြုအမူတွေ တွေ့လာရင် သူ့ကို ကိုယ်ဘယ်လိုလုပ်ပြီး တန်ဖိုးထား ချစ်နေနိုင်တော့မှာလဲ"

"ဒါ ...နှင်း ရည်းစားများရခြင်း အတွက် ပေးချင်တဲ့ အကြောင်းပြချက်ပဲလား"

"ဆိုပါတော့"

သူခေါင်းခါယမ်း၏ ။

"ကျွန်တော် လုံးဝ သဘောမကျဘူး၊ ကျွန်တော်ကတော့ ကျွန်တော့်ချစ်သူဟာ ကျွန်တော် လက်ထပ်မယ့်သူပဲဖြစ်စေရမယ်လို့ ဆုံးဖြတ်ထားတယ်"

ကျွန်မတကယ်ပင်သဘောကျစွာ ရယ်မောလိုက်၏။ ထိုအတွေးအခေါ်မျိုး သူ့ဆီမှာရှိနေခြင်းကပင် သူ့၌ကျွန်မ မနာလိုရလောက်အောင် ချစ်သူတစ်စုံတစ်ယောက် ရှိမနေဘူးဟု ကျွန်မ မျှော်လင့်ချက် ထားနိုင်သွားစေသည်။ တစ်မိသားနှင့်တစ်မိသမီး ချစ်ခင်စုံမက်ခြင်းနှင့်လက်ထပ်ယူခြင်း အကြားတွင်များစွာသော ပြဿနာများ ရှိနေသေးကြောင်း သူတကယ်ကြုံဖူးသေးဟန်မတူပါ။

"လက်ထပ်ဖို့ဆုံးဖြတ်ပြီးကာမှ ချစ်သူအဖြစ်ရွေးလိုက်တာမျိုးကို ကိုယ်တကယ်အားကျပါတယ်။ တကယ်တော့ မိန်းမအားလုံးဟာ မျက်နှာ မများချင် ကြတဲ့လူချည်းပဲ၊ ဒီတစ်ယောက်ပဲ ချစ်သူဖြစ် ဒီတစ်ယောက်ပဲ အိမ်ထောင်



ဖက်ဖြစ် ဘယ်လောက်မြင့်မြတ်လိုက်သလဲ၊ ဒါပေမယ့် တကယ့်လက်တွေ့မှာ အဲလိုစိတ်ကူးယဉ်လို့ မရဘူး၊ ချစ်သူသက်တမ်း ကြာလာတာနဲ့အမျှ ချစ်သူရဲ့ ကိုယ့်အပေါ်ထားတဲ့ စိတ်နေစိတ်ထား၊ ပတ်ဝန်းကျင်အပေါ်ထားတဲ့ စိတ်နေစိတ်ထား၊ လောကအပေါ်မြင်တဲ့အမြင်၊ လောကမှာ သူတန်ဖိုးထားတဲ့အရာ၊ အများရှေ့မှာ သူကျင့်သုံးတဲ့ အပြုအမူ၊ ကိုယ်နဲ့နှစ်ယောက်တည်းတွေ့တဲ့အခါ ကျင့်သုံးတဲ့အပြုအမူ ဒါတွေကိုသိလာရ တယ်။ ကိုယ်သည်းညည်းမခံနိုင်တဲ့ အကျင့်စရိုက်တွေများနေရင် အဲဒီလူကို လင်တစ်ယောက်အဖြစ် ကိုယ်က ဘယ်လိုလုပ်ပြီး ဦးထိပ်ပန်ဆင်နိုင်ပါ့မလဲ။ ယုမော်ရဲ့"

သူကခပ်ရိပ်ရိပ်ပြုံးလေသည်။

"သေချာပြီ၊ ဒီအတိုင်းလောဘကြီးနေရင် ဒီတစ်သက် နှင်းအိမ်ထောင်ကျမှာ မဟုတ်တော့ဘူး"

ထိုအခါ ကျွန်မရင်နာစွာ ရယ်မောလိုက်မိပြန်သည်။

"မင်းမှားနေပြီ၊ ကိုယ်လာမယ့်ဧပြီမှာ ယောကျ်ားတစ်ယောက်ကို လက်ထပ်ခွင့်ပေးလိုက်ဖို့ စဉ်းစားနေတယ်လေ"

ထိုစကားကို ကျွန်မဘာကြောင့် အရသာရှိရှိ ပြောလိုက်မိမှန်း မသိပါ။ ထိုစကားကြောင့် သူတအံ့တသြ ဖြစ်သွားဟန်ကိုကြည့်ရင်း ကျွန်မပျော်ရွှင်ကျေနပ်ရသည်နှင့် တစ်ပြိုင်တည်း ပြောမိတာမှားသွားပြီဟု ယူကြုံးမရနာကျင်ရသည်ကိုတော့ သူသိဖို့မလိုဘူးဟု ထင်သည်။

"ယောကျ်ားတွေကို တန်ဖိုးမထားတတ်တဲ့ နှင်းက သူ့ကိုဘယ်လိုရွေးခဲ့သလဲ၊ကျွန်တော်သိချင်လိုက်တာ၊ အချစ်နဲ့ ရွေးခဲ့တာလား"

သူအနည်းငယ်မျှ စိတ်အနှောင့်အယှက်ဖြစ်ပုံ မရဘဲ စိတ်ဝင်တစားမေးတော့ ကျွန်မ အခံရခက်စွာ သူ့ကိုစူးစိုက်ကြည့်ပစ်လိုက်၏ ။

"ဘယ်ဟုတ်မလဲ ကိုယ့်အိမ်ထောင်ရေးမှာ အချစ်ဟာ အောက်ဆုံးအဆင့်မှာရှိတယ်"

"ဘုရား ဘုရား"

သူကျွန်မကို တော်တော်နှင့် စကားမပြောနိုင်တော့ပါ။ ဘတ်စ်ကားတိုးစီးတော့လည်း သူကျွန်မကိုစကားမပြောနိုင်၊ ရှမ်းလမ်းမှတ်တိုင်မှာ ဆင်းမိကြတော့လည်း စကားမပြောနိုင်။ မင်းလမ်းရောက်တော့လည်း သူ့အိမ်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com

ချိုးမကွေ့ဘဲ ကျွန်မအဆောင်ရှိရာ ရှောလမ်းဘက်သို့ လိုက်ပါလာ၏၊ အဆောင်သို့ လမ်းလျှောက်လာကြတော့မှ သူစကားပြောပါသည်။

"နှင်းက သိပ်သတ္တိရှိတာပဲ၊ သတ္တိရှိတယ်ပြောရမလား မိုက်မဲတယ်ပြောရမလား၊ အချစ်မပါတဲ့အိမ်ထောင်ရေးကို တည်ထောင်မယ်ပေါ့၊ အောင်မြင်မယ်လို့ ထင်သလားနှင်း"

ကျွန်မ ဘာမှ မဖြေနိုင်ပါ။ ကျွန်မ၏ အိမ်ထောင်ရေးအကြောင်း မဆွေးနွေးချင်ဆုံးလူမှာ သူဖြစ်ပါသည်။

"အချစ်ဟာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ သည်းညည်းခံနိုင်စွမ်းကိုပေးတယ်နှင်းရဲ့၊ အချစ်မပါရင် အရာရာကိုသည်းညည်းခံဖို့ ကြာရှည်ဖြစ်နိုင်ပါ့မလား"

"သည်းညည်း မခံနိုင်ရင် ကွဲမှာပေါ့ကွယ်"

စိတ်ပေါက်ပေါက်ဖြင့် ကျွန်မပြောမိတော့ သူကျွန်မကိုအကြာကြီး စိုက်ကြည့်နေခဲ့သည်။ သူ့အကြည့်မှာ စူးစိုက်လေးနက်လွန်းသဖြင့် ကျွန်မသူ့ကို အစစအရာရာ ဖွင့်ဟတိုင်ပင်ချင်စိတ်ပင် ပေါက်သွားသည်။ သို့သော် ကျွန်မစိတ်ကို ထိန်းချုပ်လျက် မထိတထိ ပြုံးပြလိုက်ပါသည်။

"ကလေးတွေ ရပြီးရင်ကော ကွဲမှာပဲလားဟင်"

သူ့မေးခွန်း၏ လေးနက်မှုကို ကျွန်မလျစ်လျူရှုလိုက်၏။

"အလွယ်လေးပဲ၊ ကလေး လေးယောက်ရှိရင် သူနှစ်ယောက် ကိုယ်နှစ်ယောက် မျှယူမှာပေါ့"

ထိုစကားကြောင့် နာကျင်သွားသော သူ့မျက်လုံးများကို ကျွန်မဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါ။

"အိမ်ထောင်ကျိုးမှာကြီးပြင်းရတဲ့ ကလေးတွေဟာ ဘယ်လို စိတ်ရောဂါတွေရလာနိုင်တယ်ဆိုတာ ဆရာဝန်ဒေါ်သက်နှင်းအိမ်ကို ကျွန်တော်ပြောပြစရာလိုသေးသလား"

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်သွား၏။ သူ့စကား၏နာကျင်မှုကို ခံစားလိုက်ရသောအခါ သူ့ဘဝကိုကျွန်မ စိတ်ဝင်စားသွားမိသည်။ သူဟာ ဘယ်လို အိမ်ထောင်စုမျိုးတွင် ကြီးပြင်းခဲ့ရပါလိမ့်။

"စဉ်းစားပါဦး နှင်းရယ် ..."



ဒါထက် စဉ်းစားရရင်လည်း လေးနှစ်သက်တမ်းဟာ ရှစ်နှစ်ဖြစ်တော့မှာပဲဟု အော်ဟစ်ပစ်လိုက်ချင်သည်။ ကျွန်မ၏ခင်ပွန်းလောင်းကို ကျွန်မဘာကြောင့် ရွေးချယ်ခဲ့ကြောင်း သူ့ကို တစ်နေ့နေ့မှာ ပြောပြမည်ဟု ဆုံးဖြတ်လိုက်သည်။

အချစ်ထက်ပို၍ လိုအပ်သော အကြင်နာတွေ၊ လိုက်လျောမှုတွေ၊ ဦးစားပေးမှုတွေကို သူ့အား ဆွေးနွေးပြောပြမည်ဟု ကြံရွယ်ပြီး လက်ဖက်ရည်ဆိုင်တစ်ခုမှာ ထိုင်မိကြချိန်တွင် သူက အကြင်နာတွေ အလိုလိုက်မှုတွေထက်ပိုမို လိုအပ်သော အချစ်အကြောင်းကို ရင်ဖွင့်ပြောပြခဲ့လေသည်။

"ရီတာဟာ ကျွန်တော်နဲ့ အသက်လေးနှစ်အရွယ် ကလေးဘဝကတည်းက ခင်မင်ရင်းနှီးလာတဲ့ မိန်းကလေးတစ်ယောက်ပါ"

သူရင်ဖွင့်တော့ ကျွန်မ ကြိတ်မနိုင် ခဲမရ မနာလိုဝန်တိုစွာ ရယ်မောပစ်လိုက်သည်။

"ဒါဖြင့် ငယ်ချစ်ဦးလေးပေါ့နော်"

သူက ဖြုန်းခနဲ ကျွန်မဘက်လှည့်ကြည့်၏။

"ကျေးဇူးပြုပြီး မနောက်ပါနဲ့လား နှင်း၊ ကျွန်တော် သူ့ကို မချစ်တဲ့အကြောင်း ပြောပြမလို့ပါ"

ထိုစကားကြောင့် ကျွန်မ စိတ်သက်သာရာရ သွားသည်။

"ရီတာက ကျွန်တော့်ထက် လေးလလောက်ငယ်တယ်၊ ဒါပေမယ့် ကျွန်တော့်ကို မောင်လေး တစ်ယောက်လိုပဲ အလိုလိုက်ခဲ့တယ်၊ ကျွန်တော့်အပေါ်မှာ သိပ်ကြင်နာတယ်၊ သူ့လိုက်လျောမှုတွေကို ကျွန်တော် ဂုဏ်ယူမက်မောမိတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် မာမီက မင်းတို့ချင်း ချစ်နေကြပြီဆိုရင် မာမီတို့ လက်ထပ်ပေးမယ်လို့ ပြောလိုက်တဲ့ အချိန်မှာ ကျွန်တော်လန့်သွားတယ်။ ကျွန်တော်ရီတာကို သူငယ်ချင်းလို၊ နှမလို၊ အစ်မလို သိပ်ချစ်ခင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ဇနီးအဖြစ် ကျွန်တော်မချစ်နိုင်ဘူးနှင်း၊ ကျွန်တော့်ဘဝကို သူ့လက်ထဲ မထည့်နိုင်ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်"

ကျွန်မ မရယ်မောနိုင်တော့ပါ။ ရှေ့မှာချထားသော ကော်ဖီခွက်ကို စိုက်ငေးကြည့်နေရင်း သူ့ကို ကျွန်မအကြောင်းတွေ ဖွင့်ပြောပြနိုင်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးမိ၏။

"မင်းနဲ့ ကိုယ်ရဲ့ ဆုံးဖြတ်ချက်တွေက ပြောင်းပြန်ပဲနော်။ ကိုယ့်ခင်မွန်းလောင်းကို ကိုယ်ဘာကြောင့်ရွေးသလဲသိလား၊ သူ့ကြင်နာမြတ်နိုးမှုနဲ့ လိုက်လျောမှုတွေကြောင့်ပဲ၊ ဒါပေမယ့်အမှန် အတိုင်းပြောရရင် သူ့ကိုလက်ထပ်ဖို့ ကိုယ်အချိန်ဆွဲနေမိခဲ့ပါတယ်၊ သူကကိုယ့်အတွက် လုံခြုံမှုလဲပေးနိုင်တယ်၊ သူကကိုယ့်ထက် တစ်နှစ်စောပြီးသွားတဲ့ ဆရာဝန်ပဲလေ၊ လူနာတွေ အပေါ်လဲကြင်နာ တယ်၊ ကိုယ့်ကိုသစ္စာလဲသိပ်ရှိပါတယ်၊ ဒါပေမယ့်"

ကျွန်မစကားရပ်၍ ပြောသင့်မပြောသင့် ချိန်ဆနေပြီးမှ တစ်လုံးချင်း ဆက်ပြောလိုက်သည်။

"ဒါပေမယ့် သိပ်ကြင်နာတတ်တဲ့ လူတစ်ယောက်မှာ ကိုယ်ဘယ်လိုမှ သည်းမခံနိုင်တဲ့အသေးအဖွဲ အကျင့်စရိုက်ကလေးတွေ ရှိနေတယ်"

သူကျွန်မကို ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်နေ၏။

"အဲဒါဘာတွေလဲ"

ကျွန်မ တွေဝေငေးမောနေရာမှ သတိဝင်လာကာ ဖြုန်းခနဲ ရယ်ချလိုက်သည်။

"ဟင့်အင်း ကိုယ်ယောကျ်ားတစ်ယောက်ရဲ့ အားနည်းချက်တွေကို တခြားယောကျ်ားတစ်ယောက်ရှေ့မှာ ဘယ်တော့မှ မပြောဘူး"

"ဘာကြောင့်လဲ"

"ဒါ... မိန်းမတစ်ယောက် စောင့်ထိန်းရမယ့် ကျင့်ဝတ်ပဲ"

သူ နှုတ်ခမ်းမဲ့၍ ပြုံးလေသည်။

" ကျွန်တော်မယုံဘူး၊ တကယ်တမ်းကျတော့ နင်းရဲ့အကြိုက်တွေ၊ အမုန်းတွေကို ကျွန်တော့်ကို မပြောပြချင်လို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေသိရရင် ကျွန်တော့်ကိုယ် ကျွန်တော် နင်းကြိုက်နှစ်သက်တဲ့ ယောကျ်ား အမျိုးအစားအဖြစ် ဟန်ဆောင်ပြမှာကို မလိုလားလို့မဟုတ်လား"

မွှင့်လင်းသောသူ့ထင်မြင်ချက်ကြောင့် ကျွန်မ တကယ်သဘောကျသွားပါသည်။

"မဟုတ်ပါဘူး၊ လုံးဝကိုမဟုတ်ပါဘူး"

"ဟုတ်ပါတယ် လုံးဝကို ဟုတ်တယ်၊ ဒီမယ်နင်း ...ကျွန်တော့်ကို



ကြည့်စမ်း၊ နောက်ပြီးကျွန်တော့်ကို ယုံစမ်းပါ၊ ကျွန်တော်ခင်ဗျားရဲ့ လူဘယ်တော့မှဖြစ်လာ မှာမဟုတ်ပါဘူး၊ နားလည်လား၊ ဒါကြောင့် စိုးရိမ်မနေပါနဲ့"

ထိုစကားသည်ကျွန်မ၏ မိန်းမမာနကို ထိပါးလိုက်သောစကားဖြစ်သည်။ ထိုစကားကြောင့် ကျွန်မဘယ်လောက် အခံရခက်သွားသည်ကို သူဘယ်တော့မျှ သိမည်မဟုတ်ပါ။

"နေစမ်းပါဦး၊ ဘာဖြစ်လို့ မင်းကဒီလောက် သေချာနေတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လက်ထပ်ချင်တဲ့ မိန်းမ အမျိုးအစားထဲမှာ နင်းမပါ လို့ပဲပေါ့"

သူ့ကိုစိတ်ဆိုးမာန်ဆိုး ရိုက်ပုတ်ပစ်လိုက်ချင်သော်လည်း ထိပါးခံရသော မိန်းမမာနက ဖြုန်းခနဲကြွတက်လာသောကြောင့် ကျွန်မသူ့ကို စိန်ခေါ်သော အပြုံးဖြင့် ပြုံးကြည့်လိုက်၏။

" အချစ်ဆိုတာ သိပ်ဆန်းကြယ်တယ်၊ မယုံနိုင်စရာကောင်းလောက်အောင်ဆန်းကြယ်တယ်၊ လူတစ်ယောက်က သူ့အချစ်ဘယ်မှာရှိတယ်ဆိုတာ ကိုယ်တိုင်သိဖို့ သိပ်မလွယ်ဘူး ယုမော်ရဲ့၊ ဒီတော့အပြောမကြီးပါနဲ့လားကွယ်"

အထက်စီးလေသံဖြင့်ပြောရင်း သူ့မျက်လုံးထဲစိုက်ကြည့်သောအခါ သူက မျက်လုံးချင်းမရှောင်ဖယ်ပဲ ကျွန်မကိုစူးစူးရှရှ ပြန်ကြည့်နေခဲ့၏။ ကျွန်မရင်ထဲမှာရှိသော ကျွန်မဖုံးကွယ်ထားသည့် တစ်စုံတစ်ရာကို ဖောက်ထွင်းသိမြင်ဖို့ ကြိုးစားနေသော မျက်လုံးမျိုးဖြစ်သည်။

သူ့မျက်ဝန်းထဲမှ ယောကျ်ားဆန်စွာ ရိုင်းပြသော တွယ်တာမှုတစ်ခုကို ကျွန်မဖျတ်ကနဲ ရိပ်မိလိုက်သောအခါ တစ်ကိုယ်လုံး နွမ်းခွေညွတ်ပျောင်းလျက် နှလုံးတဒိတ်ဒိတ် မြန်ဆန်လှုပ်ရှားကာ လက်ဖျားတွေအေးစက်သွားလေသည်။

• • • •

www.burmeseclassic.com

www.burmeseclassic.com

မောင့်ကို ဘာကြောင့်ချစ်မိသွားသလဲလို့ မေးလာခဲ့ရင် ကိုယ့်အတွက် အဖြေရ တော်တော်ခက်လိမ့်မယ်။ အချစ်ဟာ အကြောင်းပြချက်နဲ့ ဆောင်ရွက်လို့ရတဲ့ အမှုကိစ္စ တစ်ခုမဟုတ်ဘူးလေ။ ဒီလိုဆိုပြန်တော့ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ ခံစားချက်သက်သက်ပဲလားလို့ ထင်စရာရှိပါတယ်။ အချစ်ဟာ ကာယကံရှင်ရဲ့ ခံစားချက်သက်သက်လည်း မဟုတ်ပါဘူး။ အချစ်ဟာ ခံစားချက်ဆိုရင်လည်း အဲဒါမိမိ ကိုယ်တိုင်ရဲ့ ခံစားချက် မဟုတ်ဘဲ တစ်ဘက်လူရဲ့ ခံစားချက်သာ ဖြစ်ပါလိမ့်မယ်။

ကိုယ့်ချစ်သူဟာ ဘယ်လိုလူစားမျိုးလဲ၊ ကိုယ်ချစ်သူဟာ ဘယ်လိုအရာမျိုးကို တန်ဖိုးထားသလဲ၊ သူတန်ဖိုးထားတဲ့အရာနဲ့ လိုက်လျောညီထွေဖြစ်အောင် ကိုယ့်ဘက်က ကိုယ့်အရာကို ဘာတွေ ပြုပြင်ပြောင်းလဲပေးရမလဲ။ သူဟာ ဘယ်လိုရှိမှုမျိုးကို ကျေနပ်နှစ်သက်တတ်သလဲ၊ သူ့ ကျေနပ်နှစ်သက်မှုအတွက် ကိုယ့်ဘက်က ဘာတွေပေးအပ်ရမလဲ။

အချစ်ဆိုတာ အလွန်တာဝန်ကြီးတဲ့ အနုပညာတစ်ခုပါ မောင်ရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်မတို့မိန်းမသားများ ဘယ်လိုမှ လွှဲရှောင်ငြင်းပယ်၍မရသော ဘဝပေး အခြေအနေတစ်ခု ရှိသည်။ ၎င်းမှာ စောင့်ဆိုင်းခြင်းပင်ဖြစ်ပါသည်။

ကျွန်မတို့သည် မိမိချစ်ရသူတစ်ယောက်က မိမိကိုချစ် မြတ်နိုးကြောင်း အတိအလင်း ဖွင့်ပြောသည့်စကားကို ရင်တထိတ်ထိတ်နှင့် စောင့်ရသည်၊ မိမိကချစ်ပါသည်ဟု ပြန်လည်အသိပေးရမည့် ကိစ္စအတွက် သင့်တော်လောက်ပြီဟု ထင်ရသည့်အချိန်ကာလကို နှိုင်းနှိုင်းဆဆနှင့် စိတ်မရှည်နိုင်စွာစောင့်ရသည်၊ တရားဝင်ချစ်သူတွေဖြစ်သွားပြန်တော့ မိမိကို ချစ်သူက လက်ထပ် ချီးမြှင့်မည့် အချိန်ကို စောင့်ရသည်။ လက်ထပ်ပြီးပြန်တော့ မိမိ၏ မိန်းမဘဝကို မိမိ ခင်ပွန်းအား အပြီးအပိုင် လွှဲအပ်ပေးရမည့် အချိန်ကာလကလေးများကို စောင့်ရပြန်သည်။

မိန်းမတွေထဲမှာတော့ ကျွန်မက အစောင့်ရဆုံး ဖြစ်နိုင်ပါသည်။

မောင်သည် စိတ်တွင်းခံစားချက်ကိုအမူအရာဖြင့် ဖော်ပြလေ့ရှိသူ တစ်ယောက်မဟုတ်။ မောင်၏ ခံစားချက်ကို မျက်လုံးများမှ တစ်ဆင့်ဖတ်ရှုနိုင်ဖို့ တော်တော် အလေ့အကျင့် လိုအပ်ပါသည်။ ကျွန်မကိုကြည့်သော မောင့် မျက်လုံးများသည် သစ်ပင်တစ်ပင်၊ တိမ်တိုက်တစ်ခုကိုကြည့်သောမျက်လုံးများ ထက် မပိုခဲ့သည့်ကာလက အရှည်ကြီး။

ယောက်ျားတစ်ယောက်နှင့် ဖြူစင်သန့်ရှင်းစွာ ရင်းနှီးကျွမ်းဝင်ဖို့ ခက်ခဲသည်ဆိုလျှင် ထိုယောက်ျား၏ အချစ်ကို မိမိအပေါ် ဖွင့်ဟဝန်ခံလာအောင် အဆင့်အတန်းရှိရှိ ဆွဲဆောင်ယူဖို့ ပို၍ပင် ခက်ခဲပါသည်။ တစ်ခု ဝန်ခံစရာ ရှိသည်မှာ မောင့်ကို စတင်ချစ်မြတ်နိုးသည့် အချိန်မှစ၍ မောင့်အချစ်ကို ကျွန်မထံတွင် ဖွင့်ဟအောင် ကြိုးစားချင်စိတ် ပေါ်လာချိန်အထိ မောင့်ကို ကျွန်မ လက်ထပ်ဖို့ မသေချာခဲ့သေးပါ။ ကျွန်မ လက်ထပ်ယူမည့် ယောက်ျား တစ်ယောက် ရှိသင့်ရှိအပ်သော အကျင့်စရိုက် စိတ်နေစိတ်ထားများ မောင့်ထံတွင် ရှိမရှိ မသေချာခဲ့သေးသောကြောင့် ဖြစ်ပါသည်။ ၎ယောက်ျားတစ်ယောက်တွင် ငွေကြေးပြည့်စုံကြွယ်ဝရုံ၊ သို့မဟုတ်ပညာအရည်အချင်းမြင့်မားရုံ၊ သို့မဟုတ် ရုပ်ရည်ချောမောလှပရုံနှင့် ထိုသူအား ကျွန်မ၏ပွဲတက်လင်အဖြစ် ဂုဏ်ယူ



နိုင်မည်မဟုတ်ပါ။ ပတ်ဝန်းကျင်ရှေ့မှောက်သို့ "ဟောဒါ ကျွန်မရဲ့ခင်ပွန်းပါပဲ" ဟု ဂုဏ်ယူစွာပြောပြ မိတ်ဆက်ပေးရမည့် ယောက်ျားတစ်ယောက်၏ တန်ဖိုးကို ကျွန်မ သတ်မှတ်သည့် အချက်များသည် ကိုယ်ရည်ကိုယ်သွေးနှင့် အကျင့် စရိုက်ပေါ်မှာ အခြေခံပါသည်။ ဤအတွက် မောင်သာမက ပတ်ဝန်းကျင်က ယောက်ျားအားလုံး ကျွန်မအပေါ် ဝေဖန်ကဲ့ရဲ့မည်ဆိုလျှင်လည်းခံရုံသာရှိပါ သည်။ တကယ်တော့ ကျွန်မတို့မိန်းမများ၏ တန်ဖိုးထားမှုသည် မိမိချစ်သူ၏ ကိုယ်ကျင့်သိက္ခာနှင့် စောင့်စည်းမှုသာ ဖြစ်ပါသည်။

မောင်သည် မျက်လုံးများဖြင့် မြူဆွယ်ခြင်း၊ စကားဖြင့် မြူဆွယ်ခြင်းတို့ကို အထင်သေးတတ်သည်။ ရေလာမြောင်းပေးဟု ထင်ရသောစကားကို မနှစ် သက်တတ်သူဖြစ်သည်။ တစ်ခါတုန်းက သံရုံးမှာ ရုပ်ရှင်ကြည့်ပြီးအပြန် ကား မရသဖြင့် ကျွန်မအဆောင်ပြန်ချိန် နောက်ကျခဲ့ရဖူးသည်။

"နင်းအဆောင်က ရှစ်နာရီခွဲအတိ ပိတ်တာပေါ့နော်၊ဟုတ်လား"

မောင်က စိုးရိမ်ပူပန်ခဲ့တော့ ကျွန်မကာအသာအယာ ရယ်မောမိသည်။

"အချိန်လွန်လို့ ဖွင့်မပေးလဲ စိတ်မပူပါဘူး၊ ယုမော်တို့ အိမ်လိုက် အိပ်ရတာပေါ့" ဟု ကျွန်မ စနောက်မိ၏။ မောင်က မျက်နှာတည်သွားသည်။

"ဒါ နောက်စရာမှ မဟုတ်ဘဲနင်းရယ်၊ ရှစ်နာရီမခွဲခင် ကျွန်တော် အရောက်ပို့ပေးမှာပါ"

ကတိအတိုင်းပင် လေးဘီးကားတစ်စီးငှား၍ ကျွန်မကို ရှစ်နာရီ နှစ်ဆယ့်ငါးမိနစ် အရောက်လိုက်ပို့ပေးပါသည်။ မောင်စက်ဘီးစီးလေ့ရှိသည်ကို သိထားသောကြောင့် ကျွန်မ မောင့်ကို အကြံဉာဏ်ပေးမိ၏။

"နောက်နေ့တွေကျရင် စက်ဘီးယူခဲ့ပါလား၊ စက်ဘီးနဲ့ဆို အဆင်ပြေ မှာပေါ့"

မောင်က ဇဝေဇဝါဖြစ်သွား၏။

"ကျွန်တော် စက်ဘီးက ကယ်ရီယာနောက်မှာ နင်းထိုင်လိုက်ရင် နင်း တို့ အိမ်ထောင်ရေးမှာ တစ်ချိန်ချိန် ပြဿနာပေါ်သွားနိုင်တာပေါ့"

ထိုစကားသည် ကျွန်မစောင့်မျှော်နေသော အခွင့်အရေးအတွက် အလွန် တန်ဖိုးရှိကြောင်း ကျွန်မချက်ချင်း သိလိုက်သည်။

"အိုး ဖြစ်မှဖြစ်ရလေ၊ ကိုယ်တို့ အဲဒီအကြောင်း စကားမစပ်မိကြဘူးနော်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါအတွက်တော့ စိတ်ပူစရာမလိုတော့ဘူး ယုမော်ရဲ့ ကိုယ်ငြင်းလိုက်ပြီလေ၊ ကြာလှပြီ။ ယုမော်က စဉ်းစားပါဦးလို့ ပြောပြီးကတည်းကပဲ"

ကျွန်မ၏ ပိရိစွာလိမ်လည်လိုက်သော အကွက်ကျကျ ရေလာမြောင်းပေး စကားကို မောင်ယုံကြည်သွားဟန် ရှိသည်။ မောင့်မျက်လုံးမှာ စိတ်သက်သာရာ ရမှုကို တွေ့လိုက်ရလေသည်။ ထို့နောက် မောင်က ပြုံး၏။

"ခက်တာပဲနှင်းရာ၊ ...ဒါဖြင့် နှင်းကို ခရစ္စမတ်စ်လက်ဆောင်ပေးဖို့ ဝယ်ထားတဲ့ စာအုပ်တစ်အုပ်တော့ အလကား ဖြစ်သွားပြီပေါ့"

"ဘာစာအုပ်လဲဟင်"

မောင်က စာအုပ်နာမည်ကို ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ခေါင်းယမ်းသည်။

"ထားပါတော့လေ၊ လိုမှမလိုတော့တာ"

အရေးမကြီးသလို စကားဖြတ်လိုက်သော မောင့်မျက်လုံးများတွင် ကျေနပ်နှစ်သိမ့်မှုများဖြင့် တောက်ပရွှင်လန်းလျက် ရှိသည်ကို ကျွန်မမြင်ရပါသည်။

"ကိုယ်က သိချင်တယ်ဆိုရင်ကော"

ကျွန်မကမောင့်ကို စိန်ခေါ်သလို ပြုံးပြုံးလေး မေးတော့လည်း မောင်က ပြုံးရယ်လျက် ခေါင်းယမ်းနေပြန်သည်။

"ကျွန်တော်က မသိစေချင်ဘူးဆိုရင် နှင်းက မသိချင်ရဘူးလေ"

တိုးတိတ် ညင်သာသော်လည်း ပြတ်သားသောစကားကြောင့် ကျွန်မ အနေခက်ပြီး အောင့်သက်သက်ဖြစ်သွား၏။ မောင်သည်ကျွန်မအပေါ် အရှုံးပေးမည့်သူမဟုတ်၊ မောင်ဖြစ်စေချင်သော အရာကို ကျွန်မဆီမှာ ဖြစ်ပေါ်အောင် လွှမ်းမိုးအနိုင်ယူလိုသူ ဖြစ်နိုင်သည်။ ကျွန်မမောင့်ကို မခံချင်စိတ်ဖြင့် မျက်မှောင်ကြုတ်ကြည့်မိသည်။

"ကိုယ်သိပါတယ်၊ ဇနီးမောင်နှံ ရာသက်ပန်ဆိုတဲ့ စာအုပ်"

မောင်က အသံထွက် ရယ်မောလေသည်။

"ဒါဖြင့် တစ်သက်မခွဲ ရှေ့လက်တွဲလိုသော်"

မောင်က ရယ်မောရင်း ခေါင်းယမ်းနေသည်။

"ဒါဖြင့်ဆီမွန်း(န်)ဒ် ဗိုးဗွားရဲ့ စာအုပ်ပဲဖြစ်မယ်၊ စက်ကင်းဆက်(က်)(စ်)"



မောင်ကမျက်နှာမော့လှန်ကာ "Non"ဟု အော်ရယ်၏။

"ဒါဖြင့် ဟစ်စထရီ အော့ဖ်ဆက်(က်)(စ်)"

"Non"

ကျွန်မနောက်ထပ် နာမည်တစ်ခုကို ရေရွတ်သင့် သလားဟုစဉ်းစားနေပြီးမှ အရှုံးမပေးချင်သောစိတ်ကြောင့် မျက်စိမှိတ်ရေရွတ်ပစ်လိုက်၏။

"Sesual pleasure in married life"

မောင်က အရယ်ရပ်သွားကာ ကျွန်မကို ငြိန်းခနဲ လှည့်ကြည့်၏။

"မိန်းကလေးသူငယ်ချင်းတစ်ယောက်ကို ဒီစာအုပ်မျိုး ပေးရဲလောက်အောင် ကျွန်တော် လွတ်လပ်ပွင့်လင်းမယ်လို့ နှင်းထင်နေသလား။ ကျွန်တော် နှင်းအပေါ် ဆက်ဆံရေးက အဲဒီလောက်..."

မောင်က စကားဆုံးအောင် မပြောဘဲ အိုးတိုးအတ ရပ်တန့်သွားတော့ ကျွန်မ အားနာသွားပါသည်။ ထို့ကြောင့် အနေခက်သွားသော မောင့်ကို မသိမသာပြုံးပြမိသည်။

"ဒါဖြင့် အဲဒီစာအုပ်ကို ရေးတဲ့လူက မိန်းမလား၊ ယောက်ျားလား ဆိုတာတော့ပြောကွာ...ယုမော်"

"နှင်းကို ပဟေဠိဖွက်နေတာမှ မဟုတ်တာ၊ စာအုပ်အကြောင်းမေ့လိုက်ပါတော့"

ကျွန်မ သတိလက်လွတ် မောင့်ကို မျက်စောင်းထိုးမိပါတော့သည်။

သို့သော် စက်ဘီးအတူစီးရန် မသင့်တော်ဘူးဟု မောင်ကဆုံးဖြတ်လိုက်သလားမသိ။ နောက်ရက်တွေမှာ စက်ဘီးယူမလာခဲ့ပါ။

"နှင်း စက်ဘီးစီးသင်ပါလား၊ ကျွန်တော်တို့နှစ်ယောက် အတူတူပြန်ကြတာပေါ့"

ကျွန်မ သူ့ကို စူးစူးရဲရဲ ကြည့်ပစ်လိုက်၏။

"ဆိုလိုတာက မင်းကယ်ရီယာပေါ်မှာ ကိုယ့်ကိုမတင်နိုင်ဘူးပေါ့"

"မသင့်တော်ဘူးနှင်းရဲ့"

"ယုမော်က ပတ်ဝန်းကျင်ရဲ့ထင်မြင်ချက်ကို ဂရုစိုက်တယ်ပေါ့"

"မခနဲ့ပါနဲ့နှင်းရယ် ဒါ နှင်းအတွက်ပြောတဲ့စကားပါ၊ ပတ်ဝန်းကျင်ကို ဂရုစိုက်လို့ ကိုယ်မှာလဲဘာမှ မဆုံးရှုံး မထိခိုက်ဘူးဆိုရင်တော့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ဟာ ဂရုစိုက်သင့်တာပဲ"

ကျွန်မကလည်း အဲဒီလို အထက်စီး စေတနာမျိုးကို နည်းနည်းမှ မကျေနပ်နိုင်ပါ။

"ကိုယ်ကနည်းနည်းမှ ဂရုမစိုက်ဘူး ဆိုရင်ကော"

မောင်က သက်ပြင်းတစ်ချက်ချ၍ ပြုံးလေသည်။

"နှင်း တစ်ယောက်တည်း ရင်ဆိုင်ရတာမျိုးဆိုရင်တော့ နှင်းသဘောပေါ့လေ၊ ကျွန်တော်နဲ့နှင်းနဲ့ နှစ်ယောက်လုံး ပတ်သက်နေသမျှတော့အရာရာဟာ ကျွန်တော့်ဆုံးဖြတ်ချက် အတိုင်းပဲဖြစ်ရမှာပေါ့၊ ကျွန်တော်က မသင့်တော်ဘူးလို့ထင်ရင် ဒါဟာတကယ် မသင့်တော်လို့ ဆိုတာ နှင်းလက်ခံရမယ်"

ဘုရား ...ဘုရား၊ ဒီလောက်ကြီးကျယ်သည့်လူမျိုးကျွန်မ တစ်ခါမှမတွေ့ဖူးသေးပါ။

"ကိုယ်ကလဲကိုယ့်ဆုံးဖြတ်ချက်ကို မပြင်ဘူး၊ ကိုယ်စက်ဘီးစီးမသင်ဘူး၊ ကဲ ...အဲဒီတော့ဘာဖြစ်မလဲ"

ကျွန်မက မောင့်မျက်နှာကို စေ့စေ့ကြည့်ပြီး ရန်လိုစွာပြောတော့ မောင်က နူးနူးညံ့ညံ့ ပြုံးလေသည်။

"ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော်တို့ သောကြာနေ့တွေမှာ ရုပ်ရှင်မကြည့်ဖြစ်ကြတော့ဘူးပေါ့၊ ဒါပါပဲ"

ကျွန်မသည် ထိုခဏတွင် မောင့်ကို အမှန့်ကြိတ်ပစ်ချင် လောက်အောင် ဒေါသ ထွက်နေမိ၏။

"ဒါပေမယ့် ကိုယ်တစ်ယောက်တည်း သွားကြည့်မယ်၊ ဒါဆိုရင် မင်း ဘာတတ်နိုင်မှာလဲ"

သည်လို ဆိုပြန်တော့ သူက လူကြီးသဖွယ် ရယ်မော၏။

"ဟောဗျာ ...အသားလွတ်ဒေါသကြီးနေပါလား၊ ကဲကဲ ဒါဆိုရင်လဲကျွန်တော် တောင်းပန်ပါတယ်နှင်းရယ်၊ အဲလိုတော့ ခေါင်းမမာပါနဲ့၊ တစ်ခါ တစ်ခါကျ ကားကောင်းတဲ့အခါ ကြည့်ကြတာပေါ့၊ အပြန်လဲ တက္ကဆီနဲ့ပြန်တာပေါ့ ...နော်"

ကျွန်မကို စိတ်ပူပန်သလို ချော့မော့ပြောသည့် သူ့စကားအောက်တွင် ကျွန်မ ကျေနပ်သွားခဲ့ရသော်လည်း တကယ်စဉ်းစားကြည့်တော့ သူ ကျွန်မကို



လိုက်လျောတာမှ မဟုတ်ဘဲ။ သူ့စက်ဘီးကယ်ရီယာပေါ်တွင် ကျွန်မ မလိုက်သင့် ...ဟူသော သူ့ဆုံးဖြတ်ချက်ကို သူလုံးဝ မပြင်ဆင်ခဲ့ဘူးလေ။ သည်ကတည်းက မောင့်အတွက်ကိုကျွန်မ ရိပ်မိခဲ့ဖို့ ကောင်းပါသည်။

ခရစ္စမတ်စ်နေ့ ရောက်တော့မောင်က ခရစ္စမတ်စ်လက်ဆောင်အဖြစ် ဂွိမ်း(စ်) ဂျိုက်စ်၏ ယုလီဆီးစာအုပ်ကြီးပေးသည်။ ထိုစာအုပ်ပေးပြီးသည့် ညမှာပင် မူလရည်ရွယ်သော စာအုပ်အကြောင်းကို စိတ်လိုလက်ရ ဖွင့်ပြောခဲ့လေသည်။

"ကျွန်တော်ပထမ ရည်ရွယ်တဲ့စာအုပ်က The Adventures of Being A Wife တဲ့နှင်းရဲ့၊ အခုတော့ အဲဒီစာအုပ်ကို ချောင်ထိုးထားလိုက်ရပြီ၊ အလကား ဖြစ်သွားပြီပေါ့"

"ဘယ့်နှယ် အလကားဖြစ်ရမလဲ၊ အဲဒီစာအုပ်က ကိုယ်အတွက် သိပ်အသုံးကျမှာပါ။ အမှန်ကို ပြောကြစတမ်းဆိုရင် မိန်းမတစ်ယောက်ရဲ့ ခရီးဆုံးပန်းတိုင်ဟာ လက်ထပ်ခြင်းပဲမဟုတ်လား၊ မိန်းမတစ်ယောက်ဟာ တစ်ချိန်ချိန်မှာတော့ ဇနီးဘဝ ရောက်ကြရမှာချည်းပဲ၊ ကိုယ်သူနဲ့ မယူဖြစ်ပေမယ့် တစ်ခြား ယောကျ်ားတစ်ယောက်ရဲ့ ဇနီးဖြစ်လာဦးမှာပဲ"

ထိုစကားကို ကျွန်မရယ်မောရင်း ပြောလိုက်သော်လည်း မောင်က ကျွန်မနှင့်အတူ လိုက်၍မရယ်မောဘဲ ကျွန်မ၏မျက်လုံးထဲကို စူးစိုက်ကြည့်နေခဲ့သည်။

"နှင်း တကယ်ပြောနေတာ မဟုတ်ပါဘူးနော်"

"ဘာကိုလဲ"

ကျွန်မအသံမှာ ရယ်မြူးရိပ် မပျောက်သေးပါ။

"နှင်းရဲ့ ခရီးဆုံးပန်းတိုင်ဟာ ဇနီးဘဝ မဟုတ်နိုင်ပါဘူး"

မောင်က မယုံကြည်နိုင်သလို အလေးအနက်ပြောတော့ ကျွန်မဟက်ဟက်ပက်ပက် ရယ်မောမိတော့မလို ဖြစ်သွား၏။နောက်မှ မောင့်မျက်နှာမှ စူးစိုက်မှုကို သတိထားမိကာ အားနာစွာမျက်နှာထား တည်ပစ်လိုက်ရလေသည်။

"ဒါဖြင့် ကိုယ်ရဲ့ခရီးဆုံးဟာ ဘာဖြစ်မယ်လို့ထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com

မောင်က လမ်းလျှောက်ခြင်းကို ရပ်တန့်ပစ်လိုက်၏။ ကျွန်မနှင့် မျက်နှာချင်းဆိုင် တည့်တည့်ရပ်လိုက်သောအခါ ကျွန်မ သိမ့်ခနဲ ရင်ခုန်လှုပ်ရှားလျက် မောင့်ကို သတိလက်လွတ် မော့ကြည့်နေမိသည်။ ကျွန်မတို့အနားမှ ဖြတ်မောင်းသွားသည့် ကားတစ်စီး၏ မီးရောင်ကြောင့် မောင့်မျက်ဝန်းများ၏စူးစိုက်မှုတွင် တမ်းမက်မှု မပါဝင်ကြောင်း ဝမ်းနည်းစွာ မြင်တွေ့လိုက်ရသည်။

"လောကမှာ မိန်းမတွေဟာ ဇနီးဖြစ်ကြရတဲ့သဘာဝကိုတော့ ကျွန်တော်သိတာပေါ့၊ ဒါပေမယ့် ဇနီးမဖြစ်သင့်တဲ့ မိန်းမဆိုတာ ရှိသေးတယ်... နှင်းရဲ့။ နှင်းက အဲဒီမိန်းမ အမျိုးအစားထဲမှာပါတယ်၊ နှင်းဟာ ဇနီးတစ်ယောက် မဖြစ်သင့်ပါဘူး"

မောင်သည် ကျွန်မ၏ တန်ဖိုးကိုနှိမ့်ချပြီး သတ်မှတ်နေတာလား၊ သို့မဟုတ်မြှင့်တင်ပြီး သတ်မှတ်နေတာလား မသေချာသော်လည်း ယေဘုယျသတ်မှတ်မှု မဟုတ်တာတော့ ကျွန်မ သိသည်။

"ကိုယ်က ဘယ်သူ့ရဲ့ဇနီးမှ မဖြစ်သင့်ဘူးလားဟင်"

ကျွန်မဆိုလိုသော အဓိပ္ပာယ်အတိအကျကို မောင်နားလည်ပါ့မလားဟု အကဲခတ်ပြီး ခပ်ဆဆကြည့်မိတော့ မောင်က မျက်နှာလွှဲပြီး ဖြေပါသည်။

"ဟုတ်တယ် နှင်း"

ကျွန်မ ရင်ထဲမှာ စူးစူးရှရှအောင့်သွားသဖြင့် မောင့်ရှေ့မှ ဆက်လျှောက်လာခဲ့ပါသည်။ မောင်ကကျွန်မနောက်မှ ကပ်လျက်လိုက်ပါ လာပါသည်။ ထို့နောက် ကျွန်မ၏ နာကျည်းသွားမှုကို ရိပ်မိစွာ နှစ်သိမ့်ပေးလိုဟန်ဖြင့် ကျွန်မကို စကားခပ်တိုးတိုး ပြော၏။

"လွတ်လပ်တဲ့ မိန်းမတစ်ယောက်ရဲ့အရည်အချင်းဟာ သူကိုယ်တိုင်အတွက်ဖြစ်တယ် နှင်းရဲ့၊ ဒါပေမယ့် ဇနီးတစ်ယောက်ရဲ့ အရည်အချင်းကတော့ သူ့ခင်ပွန်းနဲ့ မိသားစုအတွက်ပဲ"

"ဟုတ်ပြီလေ အဲဒီသဘောတရားနဲ့ ကိုယ်ကဘာများ ကွဲလွဲနေလို့လဲ"

ကျွန်မ၏ အသံကိုမာမသွားအောင် ဘယ်လိုမှ ထိန်းချုပ်၍ မရပါ။

"ဇနီးဘဝမှာ နေသားတကျ ပျော်ရွှင်ဖို့ဆိုရင် မိန်းမတွေဟာ အတ္တကို စွန့်လွှတ်ပစ်ရတယ်။ နှင်းရဲ့အတ္တကို စွန့်လွှတ်ရတဲ့အခါ နှင်းဘဝကို သိပ်စိတ်ကုန်



သွားလိမ့်မယ်၊ ဇနီးဘဝမှာ နှင်းပျော်နိုင်မယ် မထင်ဘူး"

ကျွန်မမောင့်ကို လှည့်ကြည့်ပြီး ရဲဝံ့စွာ ပြုံးပြလိုက်ပါသည်။

"ဘယ်ဟုတ်မလဲ ယုမော်ရဲ့၊ ကိုယ်ပျော်မှာပေါ့၊ ကိုယ်သိပ် ချစ်တဲ့ချစ်သူရဲ့ ဇနီးတစ်ယောက်ဖြစ်ရရင် ကိုယ့်အတ္တကို ပျော်ပျော်ကြီး စွန့်လွှတ်မှာပေါ့၊ အချစ်ဟာ အတ္တကို အရည်ပျော်ကုန်ဆုံး သွားစေနိုင်တယ်လေ"

ကျွန်မ စကားကြောင့် မောင်က အသံထွက် ရယ်မောလိုက်လေသည်။ မောင့်ရယ်သံကြောင့် ကျွန်မဒေါသ ထွက်သွား၏။

"မင်း ဘာရယ်တာလဲ"

မောင်က အပြုံးမပျက် ကျွန်မကို တည့်တည့် စိုက်ကြည့်သည်။

"နှင်းက အချစ်အကြောင်း ပြောလို့ရယ်မိတာပါ၊ နှင်းက အချစ်ကို ခံစားဖူးလို့လား၊ ရည်းစားတစ်ယောက်ပြီး တစ်ယောက်ပြောင်းတာ အချစ် မဟုတ်ဘူးနော် နှင်း"

ထိုစကားသည် ကျွန်မမျက်နှာကို ဖြတ်ရိုက်လိုက်သလိုပင် ပြင်းထန်လှပါသည်။ ဒါဟာ ကျွန်မကို စော်ကားသည့် စကားပဲ။

"ကိုယ့်ကို တခြားကိစ္စနဲ့ ပတ်သက်ပြီး ဝေဖန်ချင် ဝေဖန်နိုင်တယ်၊ အချစ်နဲ့ ပတ်သက်ပြီး ဘယ်တော့မှ မင်းမဝေဖန်နဲ့"

ကျွန်မ စကားသံ၏ မာကျောခက်ထန်မှုကြောင့် မောင့်အပြုံးပျောက်ကွယ်သွားသည်။ ကျွန်မ မျက်လုံးများမှတစ်ဆင့် ကျွန်မ၏စိတ်ကို ထွင်းဖောက်သိမြင်ဖို့ ကြိုးစားနေသလိုပင် မောင့်မျက်လုံးများစူးရှ တောက်ပနေ၏။ မောင်က ပခုံးကို ဟန်ပါပါ တွန့်ပြသည်။

"နှင်းကိုယ်နှင်း ဝေဖန်နိုင်အောင် သတိပေးတာပဲလေ"

"မိန်းမတစ်ယောက်ရဲ့ ဟာရားဝင်ချစ်သူဘဝကို ရယူဖို့ နည်းနည်းမှ မကြိုးစားသေးဘဲနဲ့ အဲဒီမိန်းမရဲ့အချစ်ကိုမင်းမြင်နိုင်ပါ့မလား၊ မင်းမမြင်နိုင်တဲ့အရာတစ်ခုကို မရှိဘူးလို့ ပြောရင် မိုက်မဲရာကျမှာပေါ့"

စူးရှ ခက်ထန်သော ကျွန်မစကားကြောင့် မောင်သည် နေရာမှာ မတ်တတ်ရပ်လျက် ကျွန်မကို တအံ့တသြ စိုက်ငေးနေခဲ့လေသည်။

"နှင်း..."

ကျွန်မသည် မောင့်မျက်နှာပေါ်မှာ အံ့သြတွေဝေမှုကို မြင်ရမှ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

စကားလွန်သွားကြောင်း သတိထားမိကာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ သွားပြီ ...ဤစကားသည် ကျွန်မလုံးဝ မပြောသင့်သော စကားမဟုတ်လား၊ မောင် ဤစကားကို မှန်ကန်စွာ အဓိပ္ပာယ်ကောက်လိုက်ပြီဖြစ်ကြောင်း မောင့်မျက်လုံးများမှ တစ်ဆင့် ကျွန်မ သိလိုက်ရသည်။ သို့သော် အံ့ဩစရာ ကောင်းနေသည်မှာ မောင့်မျက်လုံးတွင် ထိတ်လန့်မှုနှင့် နာကျင်မှုကို မြင်တွေ့နေရခြင်းပင်ဖြစ်သည်။ မိန်းမတစ်ယောက်၏အချစ်ကို လှစ်ခနဲ မြင်တွေ့ခွင့်ရလိုက်သော ယောကျ်ားတစ်ဦးသည် ထိုမိန်းမကိုသာ ချစ်မြတ်နိုး နေခဲ့သည်ဖြစ်လျှင် သူဘယ်လောက် ပျော်ရွှင် ကျေနပ်နေသင့်သလဲ၊ ဘယ်လောက်နှစ်သိမ့် ကြည်နူးသင့်သလဲ၊ အခုတော့ မောင့်မျက်နှာမှာ ပျော်ရွှင် ကြည်နူးမှု ရိပ်ရိပ်ကလေးမျှပင် မရှိ။

"နှင်း..."

မောင်ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်တော့ ကျွန်မ စိတ်ရှုပ်နာကျင်စွာ နောက်ဆုတ်လိုက်မိ၏။

"ရှေ့မတိုးနဲ့နော် ယုမော် ... မင်းပြန်တော့"

"ပြန်မှာပါနှင်းရဲ့၊ အခုမှတော့ ကျွန်တော်ပြန်ရတော့မှာပေါ့၊ နှင်းက ကျွန်တော်လာမယ့် လမ်းကို ပိတ်လိုက်ပြီကိုး၊ နှင်းမှာ အရည်အချင်းတွေ အများကြီးရှိတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် နှင်းမှာ လုံးဝမရှိတဲ့ အရည်အချင်းတစ်ခုအကြောင်း ကျွန်တော်ပြောမယ်၊အဲဒါက မျိုသိပ်နိုင်စွမ်းပဲ"

ကျွန်မ ဒေါသတကြီး စိုက်ကြည့်နေမိသည်။

"နှင်းက မျိုသိပ်ရမယ့်နေရာမှာ မမျိုသိပ်နိုင်ဘူး၊ နှင်းရဲ့ဒေါသနဲ့ နာကျည်းမှုကြောင့် မဖြစ်သင့်တာတွေ ဖြစ်ရတော့မယ်"

ကျွန်မသည် မောင်ဘာဆိုလိုမှန်း မသိတော့ဘဲ မောင့်စကားသံ၏ တုန်လှုပ်မှုကြောင့် အနည်းငယ် ထိတ်လန့်လာသည်။

"ကျွန်တော် ဘယ်လိုလူစားလဲဆိုတာ နှင်းသတိထားမိရင် စောစော နှင်း ဒေါသတကြီးဖြစ်ခဲ့တာကို နှင်း နောင်တရလိမ့်မယ်၊ နှင်းကိုယ်တိုင် လွှတ်ခနဲ ပြောလိုက်မိလို့ အဲဒီဒဏ်ကို နှင်းခံရမယ်ဆိုရင် တရားမျှတပေ့ ကျွန်တော်ပါခံရတာကျတော့ မတရားဘူး၊ ဒါပေမယ့် ဒါနှင်းရဲ့ စိတ်ကြိုက်ပဲလေ ...ကျွန်တော် ဘာပြင်ဆင် ပေးနိုင်မှာလဲ"



အဝေးကြီးက လာသလို မှန်ဝါးနေသော သူ့စကားများ၏ အနက်အဓိပ္ပာယ်ကို ကျွန်မ မသိပါ။ သိအောင်လည်း အားမထုတ်ချင်ပါ။ ကျွန်မ ရင်တလှပ်လှပ် မှုးနောက်နေပါသည်။

"မင်း ဘာတွေ လာပြောနေတာလဲ၊ ပြန်တော့လို့ ကိုယ်ပြောနေတယ် မဟုတ်လား"

"ယောကျ်ားတစ်ယောက် သူသိပ်ချစ်ရတဲ့ မိန်းမတစ်ယောက်ကို သူ့ဘဝ တစ်ခုလုံး ပုံပေးခွင့်ရဖို့အတွက် ပထမဆုံး လုပ်ရတဲ့ စွန့်စားမှုကတော့ သူ့အချစ်ကို ဖွင့်ဟဝန်ခံရတာပဲ၊အဲဒီ စွန့်စားမှုကလဲ သူ့အချစ်အတွက်သိက္ခာပဲ၊ နှင်းကတော့ ကျွန်တော့်ကို စွန့်စားခွင့်မပေးနိုင်ခဲ့ဘူးပေါ့၊ ဒီလောက် အခွင့်အရေးကလေးတောင် နှင်းက မပေးချင်ဘူးပေါ့၊ ဒီလောက်ကလေးတောင် မချုပ်တည်းနိုင်ဘူးလား နှင်းရယ်"

ကျွန်မ မောင့်ကို အံ့ဩတကြီး ငေးမောလျက် ဘာစကားမှ မပြောနိုင်ဘဲဆွံ့အနေခဲ့လေသည်။

မောင်က ကျွန်မကို ချစ်မြတ်နိုးတယ်ပေါ့၊ ကျွန်မကို မောင့်ဘဝ တစ်ခုလုံး ပုံပေးဖို့ ဆုံးဖြတ်ထားခဲ့တယ်ပေါ့။ ကျွန်မပျော်ရွှင်ရင်ခုန်ရမည့် မောင့်စကားများကို မောင်ကအံ့ဩစရာစိမ်းကားမှုအပြည့်ဖြင့် ဖွင့်ဟနေခဲ့သည်။ မောင့်မျက်နှာတွင် သဲသဲကွဲကွဲမြင်နေရသော နာကျည်းမှုနှင့် အေးစက်မှုများကို ကျွန်မ မယုံကြည်နိုင်စွာ စောင့်ကြည့်လျက်က မောင့်စိတ်ကိုနားမလည်နိုင်အောင် ဖြစ်နေရသည်။ ကျွန်မဒေါသတကြီး ပြောလိုက်မိပြီးသည့်နောက် ဘာများ ထူးခြားစရာရှိလို့လဲ၊ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ချစ်ခင်စုံမက်ဖို့ ကိစ္စတွင် ဘယ်သူက ဘယ်သူ့ကို ဖွင့်ဟဝန်ခံသလဲဆိုတာ ဘာများပြဿနာရှိလို့လဲ။ အရေးကြီးတာက တစ်ယောက်နှင့်တစ်ယောက် နားလည်ဖို့၊ တစ်ယောက်အချစ်ကို တစ်ယောက်လေးစားဖို့ ...။

"သူများရဲ့ ဖဲချပ်ကို မတရားသဖြင့်သိအောင်လုပ်ထားပြီး ကိုယ့်ဘက်က ဖဲနိုင်မှာ သေချာမှ ရှိသမျှ စည်းစိမ်ပုံအောပြီး လောင်းရဲတဲ့ လောင်းကစားသမားတစ်ယောက်ရဲ့ စွန့်စားမှုကို နှင်း အသိအမှတ် ပြုနိုင်မှာတဲ့လား၊ တစ်ချိန်ချိန်မှာ စကားနာမထိုးပါဘူးလို့ရော နှင်းသေချာလို့လား"

ထို့နောက် ကျွန်မဘာမှ မပြောနိုင်မီ မောင်က မျက်နှာထားတည်ကြည်စွာ

www.burmeseclassic.com

www.burmeseclassic.com



ညာခြေဖြင့်ရှာရ ခေါင်းညိတ်နှုတ်ဆက်သည်၊

"ကျွန်တော်သွားမယ်နော်၊ ဗုဒ္ဓဟူးနေ့မှ တွေ့ကြတာပေါ့"

မောင် လှည့်ထွက်သွားတော့ ကျွန်မအံ့ကြိတ်၍ ကျန်နေခဲ့သည်၊ မောင်သည် အဲသည်လောက်တောင် ဗီဇကြောင်သူလား၊ အဲသည်လောက် တောင် အသေးအဖွဲ့ကိစ္စကလေး တစ်ခုအပေါ် အလေးအနက် ထားသူလား၊

တစ်လှမ်းချင်း ဝေးသွားသော မောင့်နောက်ကျောကိုကြည့်ရင်း ကျွန်မ ဒေါသတွေကို မျိုချပစ်ဖို့ ကြိုးစားနေရသည်။ သို့သော် ဘယ်လိုမှ မထိန်းချုပ် နိုင်ပါ။

"ယုမော်..."

ဒေါသတကြီး ခပ်ကျယ်ကျယ်လှမ်း ခေါ်လိုက်တော့ မောင်တုန့်ခနဲရပ်ကာ လှည့်ကြည့်သည်။

"လဲသေလိုက်"

ကျွန်မ လက်သီးနှစ်ဖက် တင်းတင်းဆုပ်လျက်အော်ပြောတော့ မောင်က မရှိပြုံး ပြုံးကာ ခေါင်းညိတ်ပြသွားခဲ့လေသည်။

မောင်သည် အမြင်ကတ်စရာကောင်းလောက်အောင်ပင် မျိုသိပ်နိုင် စွမ်းရှိသူဖြစ်၏။

ထိုပြဿနာဖြစ်သွားပြီး နောက်ရက်များတွင် မောင်သည်ကျွန်မအပေါ် ယခင်ကလိုပင် ထိန်းချုပ်စွာ ရင်းနှီးခင်မင်ခဲ့သည်။ ဟိုတစ်ညက ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် မမျှော်လင့်ဘဲ နားလည်သွားရသည့် အဖြစ်က သူ လုံးဝမေ့လျော့ပစ်ဟန် ရှိသည်။

ကျွန်မအဆောင်ရှိရာ ရောလမ်းသို့ ချိုးကွေ့လိုက်တိုင်း ပန်းရနံ့ထုံသင်းပြီး အေးစိမ့်တိတ်ဆိတ်သော ပတ်ဝန်းကျင်သည် ကျွန်မတို့နှစ်ယောက်ကို ပိုရှိုက် ငြိမ်သက်သွားစေသည်။ ကျွန်မဘေးမှာ မောင်လမ်းလျှောက်နေသည်ဟူသော အသိဖြင့်ပင် ကျွန်မ၏ညချမ်းသည် နှစ်သိမ့်ကွယ်ငြိမ့် အပြည့်ဖြစ်တော့သည်။ မောင်နှင့်ကျွန်မ တစ်ယောက်ကိုတစ်ယောက် မကြာခဏလှည့်ကြည့်မိကြလျက် ဘာစကားမှ မပြောဖြစ်ဘဲ ပင့်သက်ရှိုက်ကာ မျက်မှောင်ကြုတ် မျက်နှာလွှဲမိ



သော ရက်တွေလည်း မနည်းလှပါ။

မောင်ဟာ ဘယ်လို ယောက်ျားမျိုးလဲ၊ မိန်းမတစ်ယောက်က မိမိကို ချစ်နေကြောင်း ထင်ထင်ရှားရှားကြီးသိခွင့်ရပြီးနောက်တွင် ထိုမိန်းမအား မသိမ်းပိုက်ဘဲ မတုန်မလှုပ် ရပ်တန့်နေတာ ဘာသဘောလဲ၊ မောင် ကျွန်မကို မချစ်ဘူးလို့ ယူဆရအောင်ကလည်း မောင်ကိုယ်တိုင်မျက်လုံးနှင့်ရောစကားနှင့်ပါ ပွင့်အန် ဖိတ်ကျပြီးသားမဟုတ်လား။ ဒါဖြင့် ကျွန်မအပေါ် အထင်သေးသည့် သဘောမျိုးလား။

ဖဲချပ်ကိုသိပြီးမှ လောင်းရဲသူပဲဖြစ်ဖြစ်၊ မသိဘဲ ခွန့်စားရဲသူဖြစ်ဖြစ် အရေးကြီးတာက ဖဲနိုင်ဖို့ပဲ မဟုတ်လား။ ဒီကွာခြားမှုအပေါ် ကျွန်မဘယ်လိုမှ သဘောမထားကြောင်း မောင့်ကို ကျွန်မ ဘယ်လိုများ ပြောပြနိုင်မှာလဲ။ မောင်ကကျွန်မကို မျိုသိပ်နိုင်စွမ်းမရှိသူဟု နာနာကျည်းကျည်းစွပ်စွဲခဲ့သည်။ ကြည့်ကြ သေးတာပေါ့၊ သက်နှင်းအိမ်၏ မျိုသိပ် ထိန်းချုပ်နိုင်စွမ်းကို မောင်သိရမည်။

• • •

www.burmeseclassic.com

မောင်နဲ့ ခွဲပြီး မနေနိုင်လောက်အောင် မောင့်အပေါ် ကိုယ်စွဲလမ်းခဲ့တယ်၊ မောင့်အနားမှာအမြဲနေပြီး၊ မောင့်ကို အရိပ်တကြည့်ကြည့်နဲ့ ကျေနပ်နှစ်သိမ့်နေရ တဲ့ အရသာကို တစ်သက်လုံး လိုချင်တယ်။ မောင်ကလွဲပြီး ဘာကိုမှ အာရုံ ဝင်စားလို့ မရအောင် မောင့်မျက်ဝန်းတွေအပေါ်မှာ သာယာမိတယ်၊ မောင့်ကို ပိုင်ဆိုင်ရဖို့အတွက် ကိုယ်တန်ဖိုးထားတဲ့ အရာဘာကိုပဲပေးရ ပေးရ ကိုယ်ပေးမယ်၊ မောင့်ကိုရဖို့အတွက် ကိုယ့်ဘဝကို မောင့်ဘဝထဲမှာ ပေါင်းစပ် လိုက်ဖို့ ကိုယ်ဝန်မလေးဘူး။ အချစ်ဆိုတာ ပေါင်းစပ်ခြင်းလည်း ဖြစ်ပါတယ်။

ကိုယ်ခန္ဓာနှစ်ခုကနေ တစ်ခုတည်း၊ စိတ်ဝိညာဉ်နှစ်ခုကနေ တစ်ခုတည်း ဖြစ်အောင် ပေါင်းစပ်ခြင်းပါ။

ဒီအခါမှာ မင်းနဲ့ ကိုယ်ဟာ တစ်ယောက်တည်း ဖြစ်သွားပြီ၊ မင်းစိတ်ထဲက အတွေးဟာလည်း ကိုယ့်အတွေးဖြစ်သွားပြီ၊ မင်းဆန္ဒဟာ ကိုယ့်ဆန္ဒဖြစ်သွားပြီ၊ ကိုယ်စကားတစ်ခွန်း ပြောတဲ့အခါ အဲဒါဟာ မင်းပြောတဲ့ စကားပါပဲ မောင်ရယ် အဲဒီလောက်အထိ မင်းကို ကိုယ်ချစ်မြတ်နိုးခဲ့ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျွန်မအလုပ်သင် ဆရာဝန်ပြီးဆုံး၍ ဆေးခန်းတစ်ခုတွင် အလုပ်ဝင်... သည့်အခါ နံနက်ပိုင်းနှင့်ညနေပိုင်း နှစ်ချိန်ထဲက တစ်ချိန်ကို ကျွန်မ... ချယ်လုပ်ကိုင်ခွင့်ရှိပါလျက် နံနက်ပိုင်းကိုမရွေးဘဲ ညနေပိုင်းကိုရွေးလိုက်ပါသည်...

"ကိုယ် နောက်တစ်ပတ်ကစပြီး မနက်ပိုင်း အတန်းမှာပြောင်းတက်... ဆရာမကို ခွင့်တောင်းပြီးသွားပြီ ယုမော်"

အတန်းအပြီး ဟယ်လ်ပင်မှတ်တိုင်သို့ လျှောက်လာချိန်တွင် ထိုစကား... အပြစ်ကင်းစင်သော အပြုံးဖြင့်ချိုသာစွာ ကျွန်မပြောခဲ့ပါသည်။ မောင်... တအံ့တသြဖြစ်သွား၏။ ကျွန်မကို မျက်မှောင်တွန့်၍ ခပ်စိုက်စိုက်ကြည့်... ပြီးနောက် "အဲဒါ ဘာသဘောလဲဟင်"ဟု မေးသည်။ ကျွန်မ မသိသေ... ပခုံးတွန့်ပြလိုက်၏။

"ဘာသဘောလဲဆိုတော့ ကိုယ်ညနေလေးနာရီကနေ ခုနစ်နာရီအတွင်း... ဆေးခန်း ထိုင်ရမှာမို့ပေါ့၊ ဟောက်စ်ဆာဂျင် လခမရှိတော့တဲ့အခါ ကိုယ်ပိုက်... ဝင်ငွေ လိုတယ်လေ။ နောက်ပြီး ကိုယ်ပရိုက်တစ်ရှင်နာဘာဝကို ရင်ဆိုင်ရ... မှာပေါ့၊ ဒါပဲပေါ့။ အချိန်ပြောင်းပစ်လိုက်ရတဲ့ တခြားအကြောင်းရင်းဘာ... မရှိပါဘူး၊ ဒါပုံမှန် အခြေအနေပဲ ယုမော်ရဲ့"

မောင်က ပလက်ဖောင်းပေါ်တွင် တိတ်ဆိတ်စွာလမ်းလျှောက် လိုက်... လာခဲ့သည်။ မောင့်မျက်နှာကို မသိမသာ အကဲခတ်မိတော့ မောင် စိတ်ပျ... လက်ပျက် ဖြစ်သွားပုံပဲ။ မောင်သည် ရုတ်တရက် ဖြစ်ပေါ်လာသောပြဿနာ... ကိုဖြေရှင်းချင်သေးပုံရပြီး နည်းလမ်းရှာဖွေလိုဟန်ရှိသည်။ သို့သော်ဤပြဿနာ... ကိုမောင်ဘယ်လိုမှ ဖြေရှင်းလို့ရမှာ မဟုတ်ပါ။ မောင်သည် အလုပ်သို့ ကိုးနာ... အရောက် သွားရသူဖြစ်ရာ ကျွန်မပြောင်းလဲ တက်ရောက်မည့် မနက်ပိုင်း... သင်တန်းသို့ မောင်ဘယ်လိုနည်းနှင့်မျှ လိုက်မတက်နိုင်။ ဒါကတော့သေချာ... သည်။

"မနက်ပိုင်းမှာ ဆေးခန်းထိုင်ရင်ကော ...နှင်း"

ကျွန်မ စိတ်ထဲကကြိတ်ပြုံးလိုက်၏။ မောင့်ကိုတော့ အူကြောင်ကြောင်... မျက်နှာပေးဖြင့် မော့ကြည့်လိုက်ပါသည်။



"ဟင် ...မနက်ပိုင်းမှာ ဆရာဝန်အပြည့်လေ ...ကိုယ့်အတွက်ရွေးခွင့်မှ မရှိတာ၊ ညနေပဲ လူလိုတာ"

မောင်က ဘောင်းဘီအိတ်တွေထဲ လက်ထိုးထည့်ကာ ကိုယ့်ရှူးဖိနပ် ထိပ်များကို ကိုယ်ငုံ့စိုက်ကြည့်ရင်း ကျွန်မဘေးမှာ ဖြည်းညင်းစွာ လိုက်ပါလာ သည်။ မှတ်တိုင်ရောက်တော့ ကားတစ်စီးက ထွက်ခွာတော့မည့်ဆဲဆဲ၊ ကျွန်မ ထိုကားပေါ်ပြေးတက်မည့် ဟန်ပြင်တော့ မောင်က "ခဏနေဦးနှင်း"ဟု တိုး တိတ်စွာ တားမြစ်၏။ ကျွန်မ မောင့်ကို မကျေမနပ် လှည့်ကြည့်လိုက်သည်။

"ဒီကားမှ ကျပ်သေးတယ် ဆိုရင်တော့ ကိုယ်တို့ ဒီညကားပေါ်တက် ရမှာ မဟုတ်တော့ဘူး"

"ဘယ်သူက ကားအကြောင်းပြောလို့လဲ နှင်းရဲ့"

စိတ်မရှည်သလို ခပ်ဆတ်ဆတ်ပြောလိုက်သော မောင့်စကားကြောင့် ကျွန်မ မောင့်ကို မျက်မှောင်ကြုတ် ကြည့်လိုက်သည်။

"ဒါဖြင့် ..."

"ကျွန်တော် နှင်းကို စကားတစ်ခွန်းလောက် မေးချင်သေးလို့ပါ"

ကျွန်မ ထိတ်ခနဲ ရင်ခုန်သွားကာ မျက်နှာလွှဲပစ်လိုက်၏။

"ဒီအခြေအနေ အတိုင်းဆိုရင် ကျွန်တော်နဲ့နှင်း အရင်လို တစ်ပတ်မှာ နှစ်ရက် မတွေ့နိုင်ကြတော့ဘူးပေါ့နော်၊ ဒီတော့ကျွန်တော်တို့ မတွေ့ကြတော့ ဘူးလား"

ကျွန်မ မောင့်ကို ရှူးရှူးဝါးဝါး ကြည့်ပစ်လိုက်မိပါသည်။ မောင့်စကား အသုံးအနှုန်းက ရင့်လှချည်လား၊ "တွေ့ကြဦးမယ်လေ"လို့ ကျွန်မ ဖြေမယ် များ မျှော်လင့်နေသလား။၊ မောင်က ကျွန်မ စကားကို စိုးရိမ်တကြီး မျှော်လင့်နေ၏။ ကျွန်မ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဒါပေါ့ ကိုယ်တို့ အချိန်ချင်း မတူကြတော့ဘူး မဟုတ်လား၊ ကိုယ် တို့ နှစ်ယောက်ကြားမှာ ကြုံကြိုက် တိုက်ဆိုင်မှုဆိုတာ မရှိတော့ဘူးလေ"

ခပ်ပြုံးပြုံး ပြောလိုက်သော ကျွန်မစကား အဓိပ္ပာယ်ကို မောင်ချက်ချင်း သဘောပေါက်သွားသည်။ မောင်က ကျွန်မကို စူးစိုက်ကြည့်ရာက ပြုံးလိုက် သည်။ မောင့်အပြုံးကို ကျွန်မသိသည်။ စိန်ခေါ်သည့် အပြုံး။

"တစ်ယောက်ယောက်က တမင်သက်သက် ကြိုးစားဖန်တီးယူမှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် တွေ့ကြရတော့မယ်ပေါ့နော်"

"အင်းလေ၊ အဲဒါ ဘာထူးဆန်းနေလို့လဲ"

မသိနားမလည်သူ တစ်ယောက်၏ အကြောင်းကြောင်း အပြုံးမျိုးဖြင့် မောင့်ကိုမေးမိတော့ မောင်ကကျွန်မကိုစူးစူးရှရှကြည့်နေဆဲ။ မောင့်မျက်ဝန်းတွင် မခံချိ မခံသာဖြစ်မှုကို တွေ့နေရသောအခါ ကျွန်မရှေ့ဆက် ဟန်ဆောင်ဖို့ ဆုံးဖြတ်လိုက်သည်။ ခဏကြာသောအခါ မောင်က ပင့်သက် မသိမသာရှိုက်လိုက်၏။

"နှင်း...ကျွန်တော့်အိမ်ကို ရောက်ဖူးသားပဲ၊ မှတ်မိတယ် မဟုတ်လား"

"အို...မှတ်မိပါတယ်"

"အကြောင်းကိစ္စရှိရင် ကျွန်တော့်ကို ဆက်သွယ်ပေါ့နော်၊ ကျွန်တော် မရှိလဲ မာမီ့ကို မှာထားခဲ့ပေါ့၊ ကျွန်တော်လဲ အကြောင်းတစ်စုံတစ်ရာရှိရင် နှင်းအဆောင်ကို လာခဲ့မှာပေါ့"

ကြီးကျယ်သော ထိုလူငယ်ကို ကျွန်မ မခံချိမခံသာ ကြည့်မိတော့သည်၊ အကြောင်းကိစ္စ မရှိရင် မတွေ့ကြစတမ်း ...လို့ စိန်ခေါ်လိုက်တာပေါ့လေ၊ ကောင်းပြီ အခုအချိန်ကစပြီး ဘယ်သူက ပိုပြီး မျိုသိပ်နိုင်မလဲ ကြည့်ရသေးတာပေါ့။

သို့သော် ထိုည မောင်အဆောင်ရှေ့မှ လှည့်ပြန် သွားသောအခါ ကျွန်မရင်ထဲက တစ်စုံတစ်ရာသည် မောင့်နောက်သို့ အတူတကွ လိုက်ပါသွားသလို ဟာရှာကျန်ရစ်သည်။ ခြံတံခါး နောက်ကွယ်မှ လှမ်းကြည့်နေရင်း ကျွန်မတို့ စိန်ခေါ်ပွဲ မှားသွားပြီဟု ကျွန်မသိလိုက်ပါသည်။

မျိုသိပ်ထိန်းချုပ်ခြင်းအပေါ် တိုက်ရိုက် သြဇာသက်ရောက်မှု တစ်ခုရှိသည်။ ၎င်းမှာ အချစ် ပမာဏဖြစ်ပါသည်။ ခွဲလမ်းတမ်းတမှုများ ပြားလာသောအခါ မျိုသိပ်ထိန်းချုပ်ခြင်းသည် နာကျင်ဆင်းရဲမှုဒုက္ခသာ ဖြစ်တော့မည်။

လမ်းထောင့် ချိုးကလေးမှ တစ်ဖက်သို့ လုံးဝ ပျောက်ကွယ်သွားသော မောင့်ကိုစောင့်ကြည့်ရင်း ကျွန်မ နှုတ်ခမ်း တင်းတင်းစေ့ ပစ်လိုက်မိသည်၊ မောင်သည် သူ့အတ္တနှင့် မာနအတွက် ကျွန်မကို စွန့်ပစ်ဖို့ ခဲယဉ်းမည် မဟုတ်ကြောင်း အမှန်အတိုင်း ရိပ်စားမိသောအခါ ကျွန်မသည် မိမိ၏



အချစ်ကိုပင် မိမိကိုယ်တိုင် မုန်းတီးရသူ ဖြစ်ခဲ့ပါတော့သည်။

မောင်သည် ကျွန်မထံ လုံးဝ ရောက်မလာခဲ့ပါ။ ကိုယ်တိုင်ရွေးချယ်ခဲ့သော ဘဝတွင် ကျွန်မသည် ရှုံးနိမ့်မှုအတွက် မချင့်မရဲ စိတ်ကျဉ်းကျပ်နေခဲ့ရသည်။ ဆေးခန်းအပြန်တွင် ဘတ်စ်ကားမှတ်တိုင်မှ ရှမ်းလမ်းတစ်လျှောက် လမ်းလျှောက်လာရသော ညစုနစ်နာရီ ပတ်ဝန်းကျင် အချိန်ကလေးများသည် ကျွန်မအတွက် နာကျင်ဖွယ်ရာကာလများပင်ဖြစ်သည်။

ကျွန်မနောက်မှ နီးကပ်လာသော ခြေသံတစ်ခုတလေကို ကြားမိတိုင်း မောင်များလားဟူသော အတွေးဖြင့် လှည့်မကြည့်မိအောင် ခွတ်ထိန်းချုပ်လျက် ရင်ခုန်လှုပ်ရှားစွာ မျှော်လင့်ခဲ့ရသည်။ ခြေသံက ကျွန်မဘေးမှ ဖြတ်ကျော်သွားပြီး ရှေ့ရောက်သွားသော ခန္ဓာကိုယ်များကို မြင်ရသောအခါ ရင်ထဲမှာ လေးပင်စွာ နာကျင်သွားလေသည်။ မောင် ဘယ်တုန်းကမှ မထိုင်ဖူးသော ရှမ်းလမ်း လက်ဖက်ရည်ဆိုင်များမှာများ မောင်ထိုင်ရင်း စောင့်ကြည့်နေမလား ဟူသော မျှော်လင့်စိတ်ဖြင့် ဆိုင်ရှေ့လမ်းတစ်ဖက် ခပ်ဝေးဝေးမှ ဖြတ်လျှောက်ရတိုင်း ခြေလှမ်း ခက်ခဲတွန့်ဆုတ်စွာ လှည့်ကြည့်လိုစိတ် ပေါ်မိသည်။ သို့သော် ကျွန်မဆိုင်ဘက်သို့ လုံးဝ လှည့်မကြည့်ခဲ့ပါ။ ဆိုင်မှ ခပ်လှမ်းလှမ်း ရောက်သွားလျှင် ကျွန်မနောက်မှာ တစ်စုံတစ်ယောက် ပါလာမလားဟု မျှော်လင့်မိပြီး ကျွန်မထင်သော ခြေသံက မောင့်ခြေသံလည်း မဟုတ်သောအခါ ကျွန်မ လှမ်းလက်စ ခြေလှမ်းများ ညွတ်ခွေကျလုမတတ် ဝမ်းနည်း အားငယ်သွားလေသည်။

ညရှစ်နာရီခွဲ အဆောင်ပိတ်ချိန် မရောက်မချင်း အခန်းအပြင်ဘက်က ခေါ်သံများ၊ ဧည့်သည်လာကြောင်း အသိပေးသံများကို နားစွင့်ရင်း ရင်ခုန်စွာ စောင့်မျှော်ခဲ့ရသည်။ နှစ်ပတ်ကြာသည်အထိ မောင် ရောက်မလာသောအခါ ကျွန်မ ရှက်ရွံ့စွာ မျက်ရည်ဝဲမိပါတော့သည်။

မောင်က ကျွန်မထံ ရောက်မလာသောအခါ ကျွန်မက မောင့်ကိုသွားတွေ့ရတော့မည်ပေါ့။ သို့သော် ကျွန်မ အံတင်းတင်းကြိတ်၍ အားတင်းလိုက်သည်၊ ဘယ့်နှယ်လုပ်ပြီး ဖြစ်နိုင်ပါ့မလဲ၊ စိန်ခေါ်ခဲ့သူက ကျွန်မလေ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက ဘယ်လိုမျက်နှာသေးဖြင့် မောင့်ထံသွားရောက် အညှိ...

သောကြာနေ့ တစ်နေ့တွင် ဆေးခန်းမှ စောစောထွက်က ... ရုပ်ရှင်သွားကြည့်ရမလားဟုပင် စွန့်စွန့်စားစား တွေးခဲ့မိသေးသည်။ ... ရုပ်ရှင် ပြချိန် မမီနိုင်မှာ တစ်ကြောင်း၊ မောင်နှင့် မတွေ့လျှင် ညစ်နေ... တစ်ယောက်တည်း အိမ်ပြန်ရမှာ ရိုးရွံ့သောကြောင့် တစ်ကြောင်း သွား... ဖြစ်ခဲ့ပါ။

နောက်ဆုံးတော့ အရင်တုန်းက မောင့်အကူအညီ ... အကြောင်းကိစ္စတစ်ခုကိုသာပြဖို့ ရွေးချယ်လိုက်သည်။ ကျွန်မလိုချင်... စာအုပ်များ မောင့်ကို ရှာခိုင်းနိုင်သားပဲ။ ဆေးခန်းအပြန်တွင် မောင့်ဆီ... လိုက်မည်ဟု ကျွန်မ ကျေနပ် ပျော်ရွှင်သွားခဲ့သည်။

ဆေးခန်းအပြန် တစ်ညတွင် ရှမ်းလမ်းအတိုင်း လျှောက်လာ... နောက်စာတ်ဆီဆိုင်ရှေ့ရောက်သောအခါ ကျွန်မအဆောင်ရှိရာ ... မတွေ့ဘဲ မင်းလမ်းဘက်သို့ ကျွန်မ ဆက်လျှောက်သွားခဲ့သည်။ ထိုအချိန်... ကျွန်မ၏ ခြေလှမ်းများ လေးလံတွန့်ဆုတ်နေ၏။ မောင့်ကို တွေ့ချင်... နည်းပဲရှိတော့တာဟု ကိုယ့်ကိုယ်ကို အားတင်းကာ ဆက်လျှောက်လာခဲ့... လည်း မင်းလမ်းသို့ ချိုးကွေ့လိုက်သောအချိန်တွင် ကျွန်မ မျက်နှာမွဲနဲ့ ... ရှက်သွားခဲ့ပါသည်။

ဘုရားရေ ... ငါဘာလုပ်မလို့လဲ။ ဒီလောက် ဘဝင်မြင့်တဲ့ကု ... အားရ အနိုင်ရအောင် ငါဘာဖြစ်လို့အရှုံးပေးမှာလဲ၊ သူ့ကို မတွေ့ ... ငါဘာများ ဆုံးရှုံးသွားမှာလဲ၊ သူ့ကိုတွေ့ရတော့ရော ငါဘာတွေ ... အရှက်တစ်ခုက လွဲလို့ ငါဘာရမှာမို့လဲ။ ဒီစာအုပ်တွေ ငါဘာသာ ... မယ်၊ မတွေ့မချင်းရှာမယ်။

ကျွန်မ စိတ်ကိုချက်ချင်း ပြောင်းပစ်လိုက်ပြီး အံကြိတ်၍ ပြန်... ခဲ့ပါသည်။

ညအိပ်ရာဝင်ချိန်တွင် ကိုယ့်ကိုယ်ကို ကျေနပ်စိတ်နှင့် ... ရာဘွေးကာ တော်တော်နှင့် အိပ်မပျော်ဘဲ ရက်ရွံ့ဝမ်းနည်း... ထို့ကြောင့်လည်း နံနက်အိပ်ရာထ နောက်ကျခဲ့ပါသည်။

အခန်းတံခါး အပြင်ဘက်မှ ခုန်းခုန်းထုသံကြောင့် အိပ်ရာနိုးလာခဲ့...



ကျွန်မသည် "ဧည့်သည်လာတယ်" ဟူသော အသံကြောင့် အနည်းငယ်မျှ ရင်မခုန်မိသည့်အပြင် စိတ်ရှုပ်တွေး သွားခဲ့ပါသည်။ ကိုအောင့်ထံ စာမရေးမိတာ တစ်လကျော်သွားပြီဆိုတော့ သူ မကျေနပ်စိတ်ဖြင့် ကျွန်မထံ လိုက်လာတာပဲဟု စိုးရိမ်တကြီး တွေးမိသည်။ နံနက်ခင်းအချိန်များသည် ကိုအောင်လာနေကျ အချိန်များ ဖြစ်သည်။

သို့သော် အဆောင်တော်ရုံခါ၏ အပြင်သို့ရောက်တော့မှ ကျွန်မ ဘယ်လိုမှ မမျှော်လင့်သူဖြစ်နေတော့သည်။ အပြင်ဘက်မှာ မတ်တပ်ရပ်နေသော မောင့်ကို ခြုံးခနဲ မြင်လိုက်ရသောအခါ ကျွန်မ အံ့ဩတကြီး ရင်ခုန်သွား၏။

မောင်သည် စနိုးဝါဓိနံနက်ခင်း နှင်းမှုန်များ အောက်တွင် လွယ်နေကျ လွယ်အိတ်အနက်ကလေးကို ကျောမှာ ပိုးလျက် ကျွန်မဆီသို့ ခပ်တင်းတင်း လှည့်ကြည့်နေခဲ့ပါသည်။ မောင့်နဖူးပေါ်က ရှည်လျားနည်းသော ဆံပင်များသည် နှင်းများ စိုစွတ်လျက် ပိပြားနေသည်။ မောင်သည် ကျွန်မ နားရှုပါးပါး လှမ်းကြည့်နေသည်ကို အနေခက်ဟန်ဖြင့် ဘယ်တုန်းကမှ နဖူးပေါ် ကျမနေသော ဆံပင်ကို ထိုးဖွကာ လက်ဖြင့် ပြန်သပ်တင်လိုက်သေး၏။ ထို့နောက် လှစ်ခနဲ ပြုံးရယ်လိုက်လေသည်။

ကျွန်မသည် တဒိတ်ဒိတ် လှုပ်ရှားနေသော ရင်ခုန်ပျော်ရွှင်မှုကို မောင် သတိပြုမိသွားလေ မလားဟု ရှက်ရွံ့လျက်က မောင့်ဆီသို့ တစ်လှမ်းချင်း ခိုးကပ်သွားမိသည်။

"Bonjour" မင်္ဂလာပါ ... ဟု ကျွန်မနှုတ်ဆက်တော့ မောင်က ခေါင်း တစ်ချက်ညွတ်ကာ ပြန်နှုတ်ဆက်သည်။ မောင့်အသံ နည်းနည်းတုန်နေသည်ဟု ကျွန်မထင်သည်။

မျက်နှာချင်းဆိုင် ရပ်မိတော့ ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် အကဲခတ်သလို ခပ်ဆဲဆဲ စိုက်ကြည့်နေကြသေးသည်။ သူဘာမှ မပြောပါ။ နောက်တော့ ကျွန်မ စိတ်မရှည်နိုင်စွာ "ကဲ ..." ဟု စေ့ဆော်ပြလိုက်သည်။ မောင်က ရှက်ပြုံးဖြင့် မျက်နှာလွှဲသွား၏။

"ကိုယ့်ဆီရောက်လာတဲ့ အကြောင်း ကိစ္စကို ပြောပါဦး" ဟု ကျွန်မ ခပ်တည်တည် မေးမိသည်။ မောင်က ရုပ်အင်္ကျီလက်ကြယ်သီးကို စမ်းဆော့ကြည့် သလို အလုပ်ရှုပ်ပြနေခဲ့ပြီး ဘာမှ မပြော။

www.burmeseclassic.com

www.burmeseclassic.com

"ယုမော်..."

"ဘာအကြောင်း ကိစ္စမှ မရှိဘူး၊ လက်တွေ့စမ်းသပ်ချက် တခု လာလုပ်တာ"

မောင်က ခပ်ဆတ်ဆတ် ပြောတော့ ကျွန်မ မျက်ခုံးပင့်မိသွား၏၊

"ဘာ စမ်းသပ်ချက်လဲ"

သည်တစ်ခါတော့ မောင်က ကျွန်မ မျက်လုံးကို တည့်တည့် ငုံ့ ကြည့်လေသည်။

"ကျွန်တော့်ကို ဖြန်းခနဲမြင်လိုက်ရင် ဖြစ်ပေါ်သွားမယ့် နှင်းရဲ့ မျက်နှာ အရိပ်အကဲကို လက်တွေ့သိချင်လို့"

ကျွန်မ ရုတ်တရက် မျက်နှာပူနွေးသွားသည်။ ကြည့်စမ်း တော်တော် အနိုင်ကျင့်တတ်သည့် ပုဂ္ဂိုလ်လေးပါလား။ ကျွန်မ မျက်နှာထား တင်းတင်း မော့ကာ လက်နှစ်ဖက်ပိုက်လိုက်၏။

"ဒီတော့ ကိုယ့်မျက်နှာပေါ်မှာ မင်း ဘာတွေ့ရလဲ"

"ပျော်ရွှင်မှု"

"လဲသေလိုက်"

ကျွန်မ ဒေါသတကြီးရေရွတ်တော့ မောင်မျက်နှာမော့လှန်ကာ အားရပါးရ ရယ်မောခဲ့လေသည်။ ထို့နောက် ချက်ချင်း အရယ်ရပ်ကာ နူးညံ့သော အပြုံးဖြင့် ကျွန်မကို ကြည့်သည်။

"နှင်း ...ကျွန်တော်တို့ လက်ဖက်ရည် သွားသောက်ကြရအောင်နော်"

ကျွန်မ ခေါင်းခါငြင်းပယ်ဖို့ အားယူကာ မောင့်ကို ခပ်စိမ်းစိမ်း ကြည့်မိ၏။

"ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့ နှင်းရယ်"ဟု ခပ်တိုးတိုး တောင်းပန်သလို ပြောလေသည်။

"မျက်နှာချင်းဆိုင်က နှင်းထိုင်နေကျ ထိုင်ခုံ လွတ်နေတာမြင်ရရင် ကျွန်တော့်မှာ တစ်ခုခုမပြည့်စုံသလို ခံစားနေရတယ်၊ တစ်ပတ်မှာ နှစ်ချိန်ဆိုတဲ့ ကာလကလေးတစ်ခုတောင် ကျွန်တော်နှင်းနဲ့ တွေ့ဖို့ အခွင့်အရေး မရှိတော့ဘူး ဆိုတာ သတိထားမိလာတော့ ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်၊ ကျွန်တော် စာသင်ရတာ အရင်ကလို မကျေနပ်တော့ဘူး၊ မပျော်တော့ဘူး၊ ဒီတော့မှ



ကျွန်တော်ရဲ့ ပျော်ရွှင်မှုကို နှင်းက ထိန်းချုပ်ထားလိုက်ပြီဆိုတာ ကျွန်တော် သိသွားပါတယ်"

နှင်းဖြင့် စိုစွတ်သော လမ်းဘေးက မြက်ပင်ပေါက်ကလေးများကို ရှူး ဖိနပ်ထိပ်ဦးဖြင့် ခပ်ဖွဖွတို့ထိ ဆော့ကစားလျက်က ခေါင်းငုံ့ကာ တစ်လုံးချင်း တိုးတိတ်စွာ ပြောနေသော မောင့်စကားသံ အောက်မှာ ကျွန်မတစ်ကိုယ်လုံး နွမ်းနွေ့ယိုင်နဲ့လုမတတ် ကြည်နူးသွားမိပါသည်။

"အခုပြီးခဲ့တဲ့ ရက်တွေမှာ ကျွန်တော်ဘယ်လို အချိန်ဖြုန်းသလဲ နှင်း သိချင်လားဟင်"

ကျွန်မပြုံး၍ ခေါင်းညိတ်ကာ မောင့်ရှေ့မှ ခပ်ဖြည်းဖြည်း လမ်းလျှောက် သွားလိုက်ပါသည်။ မောင်က ကျွန်မဘေးမှာ လိုက်ပါလာရင်း ခေါင်းငုံ့မပျက် ဆက်ပြောသည်။

"ကာလပ်စ်အပြီးမှာ မြို့ထဲဆက်သွားပြီး မြို့ထဲက ရှိသမျှဆေးခန်းတွေမှာ ဒေါက်တာသက်နှင်းအိမ်ဆိုတဲ့ ဆိုင်းဘုတ်တွေ့မလားလို့ လိုက်ရှာနေခဲ့တယ်"

"Tu es fou"... မင်းအရူးပဲ ဟုသော စကားဖြင့် ကျွန်မ ဟက်ဟက်ပက်ပက် ရယ်မောမိပါသည်။ မောင်က ကျွန်မဘက်သို့ ခေါင်းငဲ့ငဲ့ကြည့်လျက် မျက်မှောင်ကြုတ်သည်။

"ကျွန်တော် ထင်တဲ့အတိုင်းပဲ မဟုတ်လား၊ နှင်း ဘယ်တုန်းကမှ ဘာညနေ ဆေးခန်းမှ မထိုင်ခဲ့ဘူး၊ ဒါတမင်သက်သက် ကျွန်တော့်ကို စိန်ခေါ်လိုက်တဲ့ ကိစ္စပဲ"

"မဟုတ်ပါဘူး၊ ကိုယ့်မှာ အဲလို မရိုးမသား စိတ်မရှိပါဘူး၊ ကိုယ် တကယ် ညနေဆေးခန်း ရှိပါတယ်၊ မင်းက ကိုယ့်ကိုမှ မမေးတာ၊ လှည်းတန်းမှာလေ"

မောင်က သူ့နဖူးသူ လက်ဝါးဖြင့် ဖျတ်ခနဲရိုက်လိုက်ကာ တိုးတိတ်စွာ ရယ်မောလေသည်။ ထို့နောက် ဖြန်းခနဲကျွန်မဘက်သို့ လှည့်ကြည့်၏။

"ည အပြန်တွေမှာ ကျွန်တော် လာကြိုပေးရင် ကောင်းမယ်ထင်တယ်နော်"

"အို ...ဘာဖြစ်လို့လဲ"

"နှင်းအပြန်မှာ မိန်းကလေးတစ်ယောက်တည်း ဖြစ်နေတော့ ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com

ရောက်မှာပေါ့"

"ဟင့်အင်း၊ ကိုယ်ဒုက္ခမရောက်ပါဘူး၊ ကိုယ်ဘာအန္တရာယ်မှ မ[illegible] ပါဘူး၊ ညခုနစ်နာရီဆိုတာ အစောကြီး ရှိသေးတာ"

"ဒါပေမယ့် နှင်းတစ်ခါတစ်ခါကျတော့ ကြောက်မိတာပဲမဟုတ်[illegible]"

ကျွန်မ သဘောကျစွာ ပြုံး၍ ခေါင်းယမ်းလိုက်၏။

"ဘယ်တုန်းကမှ မကြောက်မိပါဘူး"

ထိုအခါ မောင်က ပင့်သက်တစ်ချက် ရှိုက်ကာ လှမ်းနေ[illegible] ခြေလှမ်းတို့ကို ရပ်တန့်၍ ကျွန်မရှေ့မှာ ပိတ်ရပ်လိုက်လေသည်။

"ကောင်းပြီ၊ ကျွန်တော်အမှန်တိုင်း ဝန်ခံရရင် နှင်းကို ကျွန်[illegible] လာကြိုချင်တယ်"

ကျွန်မ ထိန်းချုပ်မရဘဲ အသံထွက် ရယ်မောလိုက်ပါသည်။

"အေးလေ၊ အစကတည်းက နှင်းကို ကျွန်တော်လာကြိုပါရစေခင်ဗျ[illegible] ခွင့်တောင်းရင် ကိုယ်ခွင့်ပြုမှာပေါ့ယုမော်ရဲ့။ အခုတော့ မင်းဟာက"

မောင်၏ ဖြူဝင်းသောပါးပြင်နှစ်ဖက် အနည်းငယ်ပန်းရောင်လွှမ်းသွ[illegible] နှုတ်ခမ်းစေ့ပိတ်၍ နက်ရှိုင်းစွာပြုံးပြလိုက်လေသည်။

"နှင်း..."

"ဟင်"

ဂျာကင်အင်္ကျီအိတ်တွေထဲ လက်နှစ်ဖက်ထိုးသွင်း၍ ရှေ့တည့်တည့်[illegible] မတ်တတ်ရပ်ကာ ကျွန်မကိုစိုက်ကြည့်နေသော မောင့်မျက်လုံးများမှာ တော[illegible] ခွန်းလက်နေ၏။ မောင့်မျက်လုံးများကိုမော့ကြည့်ရင်း ကျွန်မဒူးတဆတ်ဆ[illegible] တုန်လာအောင် ရှက်ရွံ့လာသည်။

"ကျွန်တော်မေးခွန်းတစ်ခုမေးမယ်၊ နှင်း ဆန္ဒအတိုင်းဘာကိုမှ မ[illegible] နှင်း ဖြေမလားဟင်"

ဘုရားရေ...၊ မောင်ဘာမေးမှာလဲ။ ကျွန်မဆွံ့အစွာ မောင့်ကိုငေးနေမိ[illegible] နက်မှောင်သောမျက်ဝန်းများက ကျွန်မစိတ်ကို ထွင်းဖောက်ကြည့်နေကြသ[illegible] ကျွန်မသည် စိတ်ညို့ ခံထားရသူပမာ ခေါင်းညိတ်မိလျက်သားဖြစ်နေ[illegible]

"နှင်းရဲ့ဘဝမှာ ခရီးဆုံးပန်းတိုင်က ဘာလဲ"

ကျွန်မ ကောင်းကင်ဆွတ်သွား၏။ မောင့်ရဲ့ခနီးအဖြစ်ပေါ့လို့ ကျွန်မ[illegible]



ရဲတင်းမှုမျိုးဖြင့် ပြောပြနိုင်မှာလဲ။ ကျွန်မ၏ငြိမ်သက်မှုကို မောင်က စိတ်ရှည် လက်ရှည် စောင့်နေသည်။ ကျွန်မ၏အဖြေသည် မောင်ယုံကြည်နိုင်သော အဖြေမျိုးဖြစ်ရမည်။ ကျွန်မအပေါ် မောင်အထင်မသေးသည့် အဖြေမျိုးလည်း ဖြစ်ရမည်။ ထို့ပြင် မောင့်ခရီးဆုံးပန်းတိုင်နှင့် အလှမ်းမဝေးသော အဖြေမျိုး လည်းဖြစ်ရမည်။ မောင့်ရဲ့ပန်းတိုင်ကို ကိုယ်ရိပ်မိပြီးသားပါကွယ်။

"ကိုယ့်ကို မဟားပါဘူးလို့ မင်းကတိပေးမလား"

"ကျွန်တော် နှင်းကို ဘယ်တော့မှ မသရော်ပါဘူး"

"ကိုယ်လွန်ခဲ့တဲ့နှစ်က မင်းကိုပြောခဲ့ဖူးသလိုပဲပေါ့၊ ကိုယ်ကမ္ဘာကသိတဲ့ လူတော် တစ်ယောက်ဖြစ်ချင်တယ်"

ထို့နောက် ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်စွာဆက်၍ လမ်းလျှောက်ကြ ပါသည်။ နှင်းစိုစွတ်သော နံနက်ခင်း၏ အေးမြလန်းဆန်းမှုကြောင့် မောင့်မျက်နှာသည် ကြည်လင် တောက်ပလျက်ရှိသည်။

"ဘာကြောင့် မေးတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်နှင်းကို အခွင့်အရေးတစ်ခုပေးချင်လို့၊ ကျွန်တော့်ဘဝမှာ ဘယ်မိန်းမကိုမှ မပေးဖူးတဲ့ အခွင့်အရေးပေါ့"

ကျွန်မ မောင့်ဘက်သို့ လှည့်ကြည့်လိုက်တော့ မောင်ကသူ့ဖိနပ်သူ ငုံ့ကြည့်ကာ ပြုံး၍ လမ်းလျှောက်နေခဲ့သည်။

"ကျွန်တော်နောက် နှစ်နှစ်ကြာရင် ဂျပန်နိုင်ငံကိုသွားမှာ၊ အဲဒီမှာ အလုပ်တစ်ဖက်နဲ့ ကောလိပ်ကျောင်းတက်မယ်၊ ကျွန်တော်ယူမယ့် ဘာသာက အရှေ့တိုင်းနိုင်ငံတွေရဲ့ ယဉ်ကျေးမှုနဲ့ လူမှုရေးသိပ္ပံ။ အဲဒီကနေ ဘွဲ့ရရင် ဥရောပကို ဆက်သွားမယ်။ ကျွန်တော်ရဲ့ ခရီးဆုံးပန်းတိုင်က အဲဒီမှာ တက္ကသိုလ်ဆရာ ဘဝပဲ။ နောက်ပြီးရင် လူသိနည်းသေးတဲ့ လူမျိုးစုတွေရဲ့ ဘာသာစကား၊ ယဉ်ကျေးမှု လူမှုရေး အဲဒါတွေကို သုတေသန လုပ်မယ်၊ ကျွန်တော် မသိတာတွေ သိအောင်လုပ်မယ်၊ ကျွန်တော်သိတာကို အများသိ အောင်လုပ်မယ်၊ ကျွန်တော့် ဘဝရဲ့ ရောင့်ရဲကျေနပ်မှုကတော့ သုတေသန လုပ်ငန်းရဲ့ ဂုဏ်သိက္ခာပဲ"

ကျွန်မ အနည်းငယ်တွေဝေသွားသည်။

"ဒါဖြင့် မင်းက မြန်မာပြည်ကို ပြန်လာဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com

မောင်က ခေါင်းငုံ့ထားလျက် ပြုံးလေသည်။

"ဘာလို့ မလာမှာလဲ၊ လာမှာပေါ့နှင်းရဲ့၊ ကျွန်တော် အသက်ကြီးလာ
အခါ မြန်မာနိုင်ငံရဲ့ လူနေကျဲပါးတဲ့ ဒေသတစ်ခုခုမှာ အေးအေးချမ်းချမ်း
စာပတ်ရင်း ဘဝကို ရောင့်ရဲချင်တယ်။ ဒီမတိုင်ခင်တော့ ကျွန်တော်
ကြိုးစားရဦးမှာပေါ့၊ ကျွန်တော်က အမြဲတမ်းမြန်မာကို ကိုယ်စား ပြုနေ
ပေါ့နှင်းရဲ့၊ ကျွန်တော်တော်ရင် မြန်မာတော်လို့ပေါ့၊ ကျွန်တော်ညံ့
မြန်မာညံ့သွားမှာပေါ့၊ ကျွန်တော် အောက်တန်းကျရင် မြန်မာအောက်တန်း
သွားမှာပေါ့၊ ကျွန်တော့် ရင်ထဲ ရှိတာကတော့ ပညာနဲ့ ဂုဏ်သိက္ခာပါ"

ကျွန်မ မောင်မကြားအောင် ပင့်သက်တစ်ချက် မှုတ်၍ ရှိုက်လိုက်မိ
"ဒီတော့ မင်းရဲ့ ပညာနဲ့ ဂုဏ်သိက္ခာရဖို့ ကိစ္စမှာ ကိုယ်က ဘယ်
သက်ဆိုင်လို့လဲ၊ ကိုယ့်ကိုပေးမယ့် အခွင့်အရေး ဆိုတာကရော ...ဘာလဲ"

မောင်က ကျွန်မကို လှည့်ကြည့်သည်။ မောင့်နှုတ်ခမ်းများ ကျယ်ပြန့်
ပြုံးလိုက်သောအခါ စူးရှသော မျက်လုံးများက သိမ်မွေ့သွား၏။

"နှင်း ကျွန်တော်နဲ့ လိုက်ချင်သလား"

"ဘာပြောတယ်"

ကျွန်မ မျက်နှာပူနွေးကာ သူ့ကို အော်မေးမိ၏။

"ကျွန်တော် ရောက်တဲ့နေရာကနေ နှင်းကို ကျွန်တော် ခေါ်ယူမယ်
အဲဒီရောက်ရင် နှင်း ဖြစ်ချင်တဲ့ ဘဝကို ဖြစ်အောင် နှင်းကြိုးစားရမယ်
နှင်းရဲ့ ဘေးမှာ နှင်းလိုအပ်တာတွေ ကျွန်တော် ဖြည့်ဆည်းပေးမယ်၊ နှင်း
ဟိုမှာ ကျောင်းဆက်တက်ရလိမ့်မယ်၊ နှင်းအသေအလဲ ကြိုးစားရလိမ့်မယ်
မြန်မာကို ကိုယ်စားပြုတဲ့ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်ရမယ်၊ အဲဒီ
စာကို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်ရမယ်"

ကျွန်မ မောင့်ကို နားမလည်နိုင်စွာ မော့ကြည့်ရင်း ရင်တဒိတ်ဒိတ်
ခုန်လာသည်။ ကျွန်မနှုတ်ခမ်းတွေ ပူနွေးကာ ပျော်ရွှင်ကျေနပ်မှုနှင့် ရှက်ရွံ့မှု
တစ်ပြိုင်တည်းခံစားနေရပါသည်။

"အဲဒါ ...အဲဒါ ...ဘာအဓိပ္ပါယ်လဲ"

"ဘာအဓိပ္ပါယ်လဲ ဆိုတော့ နှင်းနဲ့ ကျွန်တော်သွားချင်တဲ့လမ်း
ချင်တဲ့ ခရီးဆုံးပန်းတိုင်ချင်း တူနေတယ်လေ၊ ကျွန်တော်က ယောကျ်ားဆိုတော့



ဒီလမ်းကို ကိုယ့်ဟာကိုယ်တွင်ပြီး စမ်းတဝါးဝါး သွားနှင့်မယ်၊ ကျွန်တော်သွားတဲ့
လမ်းမှာ နှင်းက သက်သက်သာသာ လိုက်ခဲ့လို့ရတယ်၊ အဲဒါပဲပေါ့ နှင်းရဲ့"

မောင့်မျက်နှာမှာ အပြည့်အစုံ ရှင်းပြပြီးသော ကျောင်းဆရာတစ်ဦး၏
ကျေနပ်မှုကို မြင်ရသည်။ သို့သော် ကျွန်မက မကျေနပ်နိုင်သေးပါ။

"ဒါပေမယ့် ..."

"နှင်း ကျွန်တော့်နောက်ကို မလိုက်ရဲဘူးလားဟင်"

မလိုက်ရဲဘူးလား၊ မေးမှ မေးရက်ပလေမောင်ရယ်။ မောင်သွားရာလမ်းကို
ကိုယ်လိုက်ဖို့ အဆင်သင့်ဖြစ်နေတာ ကြာပါပကောလား။ မောင့်ကို ချစ်သည့်
ကျွန်မအချစ်အောက်မှာ ကျွန်မဘဝဆိုတာ မောင့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းသာ
ဖြစ်သွားပြီ။ ဒါကို မောင် မသိသေးဘူးလား။

မောင်က ကျွန်မကို နီးရိမ်ပူပန်သည့် မျက်လုံးများဖြင့် စိုက်ငေးကြည့်
သည်။

"နှင်း"

"ကိုယ် ...လိုက်ရဲတာပေါ့ ယုမော်ရယ်"

ကျွန်မက ရှက်ရွံ့မှုကို မျိုချကာတုန်ခိုက်စွာဖြေလိုက်တော့ မောင့်မျက်လုံး
များ လက်ခနဲ တောက်ပသွား၏။ ကျွန်မကို ရုတ်တရက် ပွေ့ဖက်လိုက်တော့
မလိုလက်ဟန်ပြင်ပြီးမှ ရှက်ကိုးရှက်ကန်း ပြုံးလိုက်ကာ လမ်းဘေးက မြင့်မား
သော ခရေပင်အကိုင်း၏ သစ်ရွက်အချို့ကို လက်သီးနှင့် ခုန်ထိုးလိုက်လေ
သည်။ မောင့်ကို ချစ်မြတ်နိုးစွာ ကြည့်နေလျက်က ဤလူငယ်ကို ကျွန်မ
ဘယ်လိုမှ ခွဲခွာနိုင်တော့မှာ မဟုတ်ကြောင်း သဘောပေါက်သွားသည်။

"ဒါပေမယ့် ...ဒါပေမယ့် ကိုယ်တို့ နှစ်ယောက်က ..."

မသိနားမလည်သူ တစ်ယောက်၏ မျက်နှာထားဖြင့် စိတ်ရှုပ်ထွေးစွာ
ကျွန်မ မေးဖို့ ကြံရွယ်စဉ် မောင် ကျွန်မရှေ့မှာ ကပ်ကပ်ကလေး လာရပ်၏။

"ကျွန်တော်တို့ နှစ်ယောက်က အတူတကွ အသက်ရှင်နေထိုင်
သွားမယ့်ချစ်သူတွေပါ နှင်းရဲ့၊ ကျွန်တော်နှင်းကို သိပ်ချစ်တယ်လေ ...
နှင်းမပါဘဲနဲ့ ကျွန်တော့်ဘဝမှာ ရောင့်ရဲကျေနပ်မှုဆိုတာမရှိနိုင်တော့ပါဘူး"

မောင်၏ တိုးတိတ်သော စကားလုံးများသည် ကျွန်မရင်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com

ပြေပြစ်ချောမွေ့စွာ ထွင်းဖောက်ဝင်ရောက်လာခိုက် မောင့်မျက်လုံးမှ မြတ်နိုး မက်မှုအရိပ်များသည် ကျွန်မမျက်လုံးများဆီသို့ ညင်သာ နူးညံ့စွာ စီးဆင်း လာသောအခါ ကျွန်မ မောင့်ကို မော့ကြည့်ရင်း မျက်ရည်ပြည့်လျှံ လှုပ် ပျော်ရွှင်စွာ ရယ်မော လိုက်မိတော့သည်။

* * *

ဒါပေမယ့် ကိုယ့်ရဲ့ ချစ်မြတ်နိုးမှုတွေ ရဲဝံ့ရင်ဆိုင်မှုတွေဟာ မောင့်ရဲ့ ထိခိုက်နစ်မွန်းမှုတွေအဖြစ် အချိုးညီညီ ပြောင်းလဲသွားခဲ့ပါလား ဆိုတာကိုတော့ နောက်အကျကြီးကျမှ ကိုယ်သတိထား မိလာရပါတယ်။

မောင်သိပ်တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာဟာ ကိုယ့်ကြောင့်ပဲသူ့ခြေဖဝါး အောက်အထိ နိမ့်ကျသွားတော့တယ်၊ ကိုယ့်ကြောင့်ပဲ မောင်ဟာသူတစ်ပါးရဲ့ ပစ္စည်းကို ကာယကံရှင် မပေးဘဲ ခိုးယူသူဖြစ်ခဲ့တယ်။

တို့နှစ်ယောက်ရဲ့ အချစ်အတွက် တစ်ယောက်ယောက်မှာ တာဝန်ရှိ တယ်ဆိုရင် အဲဒါ ကိုယ့်တာဝန်ပဲ ဖြစ်ပါလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မောင်ကိုယ့်ဆီကို မျိုသိပ်ထိန်းချုပ်ရင်းကနေပဲ တဖြည်းဖြည်း နီးကပ် လာခဲ့တာကို ကိုယ်ငဲ့ညှာ ရှောင်တိမ်းပေးဖို့ လုံးဝမကြိုးစားခဲ့မိဘဲ ရင်ခုန် မက်မောစွာ စောင့်ကြည့် ကြိုဆိုမိခဲ့လို့ပဲပေါ့။

တကယ်တော့ ကိုယ်တို့ နှစ်ယောက်ရဲ့ ချစ်သူဘဝအဖြစ်ဟာ ဘယ်အချိန်မှာ ပေါက်ကွဲမယ်လို့ အတိအကျ မသိရတဲ့ ချိန်ကိုက်ဗုံး တစ်ခု ကို သွေးရူး သွေးတမ်း ရှာဖွေနေကြရသူတွေနဲ့ တူပါတယ်။

မောင့် အဆိုအရတော့ ဒီချိန်ကိုက်ဗုံးကို စတင်ဖန်တီးခဲ့သူက ကိုယ်ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"သုံးယောက်ဆုံရအောင်" ဟူသော မဖြစ်နိုင်သည့် တောင်းဆိုချက်ကို တစ်ရက်လုံးလုံး ခေါင်းထဲက ဖယ်ထုတ်ရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။

သုံးယောက်လုံး နာကျင်ကြေကွဲရမည့် အဖြစ်ထက် ပိုပြီးဘာမှ ထူးခြားလာမှာ မဟုတ်မှန်း ကျွန်မသိသည်။ ထို့ထက်ပို၍ ဆိုးသည်က ဤကိစ္စကို ကျွန်မ မောင့်အား ဖွင့်ပြောတိုင်ပင်ဖို့ မဖြစ်နိုင်ခြင်းပင် ဖြစ်သည်။

ကျွန်မက ဘယ်လိုလုပ်ပြီး ပြောပြ အသိပေးရမှာလဲ၊ ကျွန်မသည် မောင့်လက်ကို အမိအရ ဖမ်းဆွဲပြီး ဘယ်သူမှ လိုက်မလာနိုင်သော ဝေး တစ်နေရာဆီသို့ ထွက်ပြေးချင်သည်။ ကဲ့ရဲ့စကားများ၊ နှိပ်စက်ချက်များ၊ သရော်လှောင်ပြောင်မှုများကို မောင့်အား တိုက်ရိုက် ထိခိုက်နာကျင်မှု မရှိအောင် မောင့်ရှေ့မှာ ရပ်၍ ကာကွယ်ပေးချင်သည်။ အပြစ်ဟူသမျှ ကျွန်မအပေါ်မှာသာ ကျရောက်ပါစေတော့။

သို့သော် ကျွန်မ မည်သည့်ဆေးခန်းမှာ အလုပ်လုပ်နေကြောင်း ကိုအောင် တစ်နည်းနည်းဖြင့် သိရှိသွားပါသည်။

"နှင်း လိုချင်တဲ့ ကျောက်စာ စာရင်းတွေ ကျွန်တော် ယူခဲ့ပြီ"

မောင်က ကျွန်မကို ဆေးခန်းရှေ့မှာ ကြိုနေရင်းက ရွှင်လန်းတက်ကြွစွာ ပြောရင်း ကျွန်မအား စာရွက်တစ်ထပ်လှမ်းပေး၏။ စာရွက်ကလေးများသည် မောင့်ကိုယ်နံ့ဖြင့် သင်းမွှေးလျက်ရှိရာ ကျွန်မ စိတ်မှတ် မထင်ပင် လှမ်းနမ်းလိုက်မိ၏။

"ဟာ ...နှင်းလုပ်တွေ ရှေ့မှာ ဘယ်လိုဖြစ်တာလဲ"

ရုတ်တိုရုတ်တန်း ဖြစ်သွားသော မောင့်မျက်နှာကို ကျွန်မ သဘောကျစွာ ကြည့်ပြုံးမိ၏။

"ဘာဖြစ်လဲ စာရွက် နမ်းတာပဲဥစ္စာ"

"ဒါပေမယ့် ..."

မောင်က ခေါင်းခါယမ်းပြီး ရယ်မောပါသည်။ ကျွန်မတို့ နှစ်ယောက်၏ ကြည်နူးပျော်ရွှင်မှုသည် ကျွန်မ လမ်းဘက်သို့ လှည့်လိုက်သည်နှင့် ပျောက်ပြီး

သော ဆင်းရဲဒုက္ခများ အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ခပ်လှမ်းလှမ်း စတိုးဆိုင် နံဘေးမှာ မတ်တတ်ရပ်လျက် ကျွန်မတို့ဘက်သို့ နာကျည်းသော ဒေါသ မျက်လုံးများဖြင့် လှမ်းကြည့်နေသော သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ကျွန်မကိုယ် ခန္ဓာထဲမှ သွေးတွေ ရုတ်တရက် စုလောင်လာချိန်၌ လက်များ ခြေများတွေ အေးစက် ညှိုးချွေသွားသည်။ ကျွန်မတို့ နှစ်ယောက်ကို သူက မသိမသာ ခေါင်းညိတ်ပြပြီး မဲ့ပြုံးပြုံး လိုက်သောအခါ ကျွန်မမျက်နှာကို ရှက်ရွံ့မှုဖြင့် မီးရှို့လိုက်သလို ရှိန်းခနဲ လောင်ကျွမ်းသွား၏။ ကျွန်မသည် ခြေလှမ်းလှမ်းဖို့ မေ့သွားပြီး နေရာမှာ ကျောက်ရုပ်တစ်ခုလို ရပ်နေမိခဲ့ပါသည်။ အသိစိတ် ကင်းမဲ့စွာ ဆေးကြောင်သွားသော ကျွန်မ၏ မျက်လုံးများ ကြည့်ရာသို့ လိုက် ကြည့်လိုက်သော မောင်သည် ကျွန်မနှင့် ကိုအောင်၏ အခြင်းအရာကို အကဲ ခတ်မိသွား၏။ မောင် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

ရှေ့တည့်တည့်မှ သူကတော့ မတ်တတ်ရပ်မြဲ အနေအထား မပျက်။ သူက မျှော်လင့်ထားသည့် လူကိုး၊ ကျွန်မတို့နှစ်ယောက်ကို ချောင်းမြောင်း ကြည့်ရှုလျှင် ဘယ်လိုအနေအထား မြင်ရမည်ဆိုတာ သူ တွက်ချက်ပြီးသားကိုး။ ညာခြေမပျက် ရပ်နေနိုင်ပြီပေါ့။ ကျွန်မကိုရော မောင့်ကိုရော သူ စော်ကားလိုက်ခြင်းပဲ ...ဟု ကျွန်မရုတ်တရက် နားလည်လာသောအခါ ကျွန်မ၏ အရှုံး လိုက်ချင်စိတ်က ဖြန်းခနဲပေါ်လာ၏။

ကျွန်မ သူ့ဆီသို့ ညာခြေရသော ခြေလှမ်းများဖြင့် လှမ်းသွားလိုက်သည်။ ကျွန်မ မျက်နှာမှ နာကျည်းမှုများကို သူက အသိအမှတ် ပြုသလိုပင် မဲ့ပြုံးပြုံးကာ ခေါင်းညိတ်ပြ၏။

"ဆောရီးနှင်း ...နှင်းတို့ အနှောင့်အယှက် ဖြစ်သွားရင် ကိုယ်တောင်းပန်ပါတယ်၊ ဒါပေမယ့် သုံးယောက်ဆုံဖို့နည်းက ဒီတစ်နည်းပဲ ရှိတော့တာကို ကိုယ် သိလိုက်လို့ပါ။ ကိုယ်မင်းတို့ကို လာနှောင့်ယှက်တာ မဟုတ်ဘူး၊ အဲဒါကို တော့ မင်းယုံစေချင်တယ်"

တင်းမာသော ကျွန်မ၏ ဒေါသများ ငုံ့ခနဲ ပြုတ်ကျသွားအောင် သိမ်မွေ့သော သူ့စကားသံ၌ နာကျင်ထိခိုက်မှုများ ဘယ်လောက်ပါဝင်သည် ဆိုတာ ကျွန်မ အသိဆုံးပေါ့။ ကျွန်မ အပေါင်းအသင်းများမှာ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ညိတ်လိုက်မိသည်။ မောင့်ကို လှမ်းကြည့်မိတော့ မောင်သည် အမြဲအနေ ရိုပ်မိစွာ မျက်နှာပျက်စ ပြုနေပြီ။ သူ့စကားသံ၏ ပိုင်နိုးပိုင်နင်းနိုင်မှုမှတစ်ဆင့် မောင် အကဲခတ်နိုင်ပြီပေါ့။ သို့ပါလျက် မိုက်မဲစွာပင် ကျွန်မ သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးမိ၏။

သူတို့ တစ်ယောက်ကို တစ်ယောက် ပြုံး၍ပင် မပြနိုင်ကြပါ၊ ယဉ်ကျေးစွာလည်း အသိအမှတ် မပြုကြပါ။ ရန်သူ နှစ်ယောက်သဖွယ် တစ်ယောက်ကို တစ်ယောက် ခါးသီးမုန်းတီးစွာ ကြည့်နေကြသည်၊ တစ်ယောက်၏ အမုန်းသည် တစ်ယောက် မျက်လုံးသို့ ညီမျှစွာ ကူးစက်၏၊ တစ်ယောက်၏ ဒေါသသည် တစ်ယောက်ထံသို့ လျင်မြန်စွာ ကူးစက်သွား၏၊ ကျွန်မ ရင်တဒိတ်ဒိတ်ခုန်ကာ အေးစက်နေမိုက် သူတို့နှစ်ယောက် ခက်ခဲ ပင်ပန်းစွာ ထိန်းချုပ်လိုက်လေသည်။ ပထမဆုံး ထိန်းချုပ်နိုင်သူက သူဖြစ်သည်၊

"ကိုယ်တို့ တစ်နေရာရာ သွားကြရအောင် နှင်း"

ကိုယ်တို့ဟူသော နာမ်စားသည် သုံးယောက်လုံးကို ရည်ညွှန်းကြောင်း ကျွန်မ သိသလို မောင်လည်း သိပါသည်။ မောင်သည် ဟန်ဆောင်ဖို့ ခက်ခဲစွာပင် စိတ်ပျက် လက်ပျက် ဖြစ်နေ၏။ မောင်ခွဲထွက်ဖို့ ကြိုးစားနေပြီဟု ကျွန်မ သိလိုက်သည်။ ခုမှတော့ မထူးတော့ဘူးနဲ့ တူပါရဲ့ မောင်ရယ်... ဖြစ်လာသမျှကို ကျွန်မ ရင်ဆိုင် ရတော့မှာပေါ့။ မောင် သူ့ကို အရှုံးပေးလို့ မဖြစ်ဘူး၊ မောင့်ဘက်မှာ ကျွန်မ ရပ်နေပါတယ်"

ကျွန်မ မောင့်ကို အားပေးသလို ပြုံးပြလိုက်ပြီး "သွားစို့"ဟု ခေါ်လိုက်သည်။ ထို့နောက် ကျွန်မတို့ သုံးယောက်သည် လေးလံ ထိုင်းဆသော ခြေလှမ်း များဖြင့် တစ်လှမ်းချင်း လျှောက်ခဲ့ကြတော့သည်။ ကျွန်မ အားပေး နှစ်သိမ့်စွာ ရဲရဲတင်းတင်း ခေါ်ဆောင်သွားသော နေရာသည် မောင့်အတွက် ငရဲခန်းတစ်ခု ဖြစ်သည်ကိုတော့ နောက်ကျမှပင် မောင် သိခဲ့ရပါသည်၊

မောင်၏ ငရဲခန်းသည် မြေနီကုန်းမှ ရှိုင်းလက်ဖက်ရည်ဆိုင် ဖြစ်သည်၊

လက်ဖက်ရည်ဆိုင်မှာ သူနှင့်မောင် မျက်နှာချင်းဆိုင် ထိုင်ကြသည်၊ သူ့အနားကပ်ထိုင်ဖို့ စိတ်ကူးမရှိသလိုပင် မောင့်အနားကပ်ထိုင်ဖို့လည်း မျက်နှာ မပြောင်ဝံ့သောအခါ စားပွဲတစ်ဖက်ထိပ်တွင်သာ ကျွန်မ ထိုင်ရပါသည်၊



ကြိုတင်ပြင်ဆင်မှု အပြည့်ရှိသော သူက အမြဲအနေကို အေးအေးစွာ ရင်ဆိုင်နိုင်သလို ဟန်ဆောင်နေသော်လည်း ဘာကိုမှ မျှော်လင့်မထားသူ မောင်ကတော့ ဤရင်ဆိုင် တိုက်ပွဲတွင် မျက်နှာအပျက်ပျက်ဖြင့် ဘာဖြစ်လာမည်ကို ကြိုတင် မမှန်းဆနိုင်သော တရားခံတသို့ တပြည်းပြည်း ရောက်သွားခဲ့သည်။

"ဘာမှာမလဲ နှင်း၊ ဘာစားမလဲ"

သူက ကျွန်မကို သိမ်မွေ့ဟန်ဆောင်ထားသော ဒေါသအပြုံးနှင့် ကြည့်၍ လိုက်လျောသည်။ ကျွန်မသည် ဘာကိုမလိုက်မိအောင် မနည်း ထိန်းချုပ်လျက် ကော်ဖီ ...ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။ မောင် ဘာ စားမလဲမေးသင့် မမေးသင့် စဉ်းစားနေခိုက်မှာ မောင်က ရုပ်အင်္ကျီအိတ်ထဲက စီးကရက်ဘူး ထုတ်ယူလေသည်။ သူ့ကို ယဉ်ကျေးဖွယ်ရာစွာ စီးကရက် ကမ်းပေးဖို့ မကြိုးစားဘဲ စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိ လိုက်သော မောင့်လက်များတွေ မသိမသာ တုန်ယင်နေကြသည်။

"ယုမော်အတွက်ရော မှာဦးလေ နှင်း"

အထက်စီးက ပြောလိုက်သော စကားသံ အဆုံး၌ မောင့်မျက်နှာ တင်းခနဲဖြစ်သွား၏။ ဘုရား ဘုရား ...ကျွန်မ ဘာလုပ်ပေးရရင် ကောင်းမလဲ။

"ဘာ သောက်မလဲဟင်"

မောင် ...ဟူသော အသုံးအနှုန်း မပါသည်ကို မောင်က ပါးနပ်စွာပင် သတိထားမိလျက် ကျွန်မကို မထေ့တထေ့ ပြုံးကြည့်ပြီး ခေါင်းယမ်း၏။ ကျွန်မ၏ စိတ်ကျဉ်းကျပ်မှုကို မောင်သတိထားသော အခါ သူ့ကိုယ်သူအား တင်းလျက် ကြိုးစားထိန်းချုပ်ကာ သက်ပြင်းတစ်ချက် ရှိုက်သည်။

"ကျွန်တော် သိပ်အချိန် မရဘူး နှင်း၊ ခုနစ်နာရီခွဲမှာ မိတ်ဆွေ တစ်ယောက်နဲ့ ချိန်းထားတယ်"

စကားဝိုင်းသည် ချက်ချင်း တိတ်ဆိတ်ခြောက်ကပ်သွားပြန်သည်။

မောင့်ကို ကြည့်မှန်းသိသိ စူးစိုက် အကဲခတ်နေသော သူ၏ အထက်စီး အကြည့်များကို မောင်မဆိုထားနှင့် ကျွန်မပင်လျှင် စိတ်ညစ်ညူးစွာ ဒေါသ ဖြစ်ရသည်။ နိမ့်ကျသိမ်ငယ်သော တိရစ္ဆာန်တစ်ကောင်ကို ကြည့်သည်

www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုး။

"နှင်း ဆေးခန်းမှာ လူနာများရဲ့လား"

သူ့မေးခွန်းကြောင့် ကျွန်မ သူ့မျက်လုံးထဲ စိုက်ကြည့်လိုက်မိသည်၊ တခြား ယောက်ျားရှေ့တွင် သူပြောမည့် စကားသည် သွေးရိုးသားရိုးမှ ဟုတ်ပါ့မလားဟု ကျွန်မ သံသယရှိစွာပင် ခေါင်းညိတ်ပြလိုက်၏။

"သိပ်မဆိုးပါဘူး"

"ကိုယ့်မှာ ငွေနည်းနည်းပါလာသေးတယ်၊ နှင်းလိုရင် ယူထားလိုက်နော်။ ဘာအကြောင်းကြောင့်မှ ကိုယ့်အပေါ် အားမနာနဲ့"

ကျွန်မမျက်နှာ နွေးခနဲ ပူသွား၏။ အမြဲတမ်း ကျွန်မလိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သော ဤယောက်ျားသည် ဤတစ်ကြိမ်တွင် တကယ့် စေတနာဖြင့် ပြောသည်ဟု ကျွန်မ မထင်ပါ။ ဒေါသတကြီး သူ့ကို ကြည့်လိုက်သောအခါ သူ့မျက်လုံးတွေမှာ ရိုးသားဖြူစင်သော စေတနာကိုမြင်ရသည်၊ သို့သော် ဤစကားကြောင့် မောင်ဘာဖြစ်သွားမလဲဆိုတာ ကျွန်မ တွေးပင် မကြည့်ရဲပါ။

မောင်သည် စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ်သောက်လျက် ဒေါသတော့ နာကျင်မှုတွေကို ရက်ရွဲ့စွာ မျိုချနေခဲ့သည်။

"ကိုယ်တို့ သုံးယောက် ဒီအတိုင်း ဆက်နေသွားဖို့ မဖြစ်နိုင်ဘူးဆိုတာ နှင်း သိပါတယ်နော်"

တိုးတိတ်သော သူ့အသံသည် ကျွန်မနားထဲသို့ ပြင်းထန်ကျယ်လောင်စွာ ဝင်ရောက်သွား၏။ ကျွန်မ မောင့်ကို လှည့်မကြည့်ရဲလောက်အောင် ကြောက်ရွံ့ချောက်ချားသွားလေသည်။ မျက်စိထောင့်မှ မြင်နေရသော မောင့်အရိပ်သည် လုံးဝ လှုပ်ရှားမှု မရှိဘဲငြိမ်သက်သွားသည်။ ကျွန်မ ယောင်မှားစွာပင် ကော်ဖီကုန်နေသော ဖန်ခွက်ကို ကောက်ယူလိုက်မိ၏။ ပါးစပ်နား ရောက်ပြီးခါမှ ရှက်ရွံ့စွာ ပြန်ချထားလိုက်ရသည်။ ထိုကော်ဖီ ပန်းကန်ထဲသို့ သူက ရေနွေး အနည်းငယ် ငှဲ့ထည့်ကာ ကျင်းပေး၏။ ထို့နောက် ရေနွေးဖြည့်ပြီး ကျွန်မရှေ့သို့ တွန်းပေးလေသည်။

"မနေ့က မနက် ရန်ကုန်မြေကို ရောက်တဲ့အထိ ကိုယ်ဟာ အောပရယ်မှာ မင်းဝတ်မယ့် ဝတ်စုံကို မင်းနဲ့ အတူလိုက်ရှာဖို့ တွေးပြီး ကြည်နူးနေခဲ့တယ်၊



ကိုယ့်အတွက် မြင်မြင်သမျှဟာ လှပနေခဲ့တယ်၊ အခုတော့ အခြေအနေတွေက တစ်ရက်တည်းနဲ့ ပြောင်းပြန် ဖြစ်ကုန်ပြီ၊ အဖြစ်မှန်ကို ကိုယ်ယုံကြည်နိုင်ဖို့ ကာလ ဘယ်လောက်ကြာမလဲဆိုတာ ကိုယ်မသိဘူး၊ ကိုယ်တို့ မင်္ဂလာပွဲအတွက် အစစအရာရာ စိတ်ကူးစီစဉ်နေတဲ့ ကိုယ့်မိဘတွေကို ကိုယ်ဘာပြောရမလဲဆိုတာ ကိုယ်မသိဘူး၊ မင်းကို ကိုယ်အပြစ်တင် နေ တာ မဟုတ်ဘူးနော် ...နှင်း၊ ဒီကိစ္စက မဆန်းပါဘူး၊ မိန်းမတစ်ယောက် ဟာ အချိန်မရွေး သစ္စာဖောက်သွားနိုင်တာပဲ"

ပျော့ပျောင်း ညင်သာသော စော်ကားမှုများသည် ကျွန်မကိုယ်တွင်းသို့ ပူပြင်းလောင်မြိုက်စွာ စီးဝင်နေကြသည်။ ကျွန်မ မောင့်ကို တိတ်တခိုး မျက်စိထောင့်ကပ်၍ ကြည့်မိ၏။ မောင်သည် ကျောက်ရုပ်တစ်ခုလိုပင် တွေတွေကြီး ငြိမ်သက်လျက် အခြားစားပွဲများ ဆီသို့ မျက်နှာလွှဲထားလေသည်။ ကြာရှည်စွာ ကိုင်ထားသော မောင်သောက်လက်စ စီးကရက်သည် လက်ကြားမှာ တဆတ်ဆတ် တုန်ရီလျက် ရှည်လျားသော ပြာတောင့်ကလေး ကြွေကျသွားသည်။ မောင်သည် စကားဝိုင်းတွင် မလှုပ်မယှက်ထိုင်ရင်း ဟိုးအဝေးကြီးသို့ ရောက်အောင် ကြိုးစားအားစိုက်နေရလေသည်။

"ဒီကိစ္စကို ဘယ်လို ဆုံးဖြတ်မလဲ၊ ဒါနှင်းရဲ့ တာဝန်"

အာခေါင်များ ခြောက်သွေ့ကွဲအက်လျက်က ကျွန်မ သူ့ကိုစကား ပြောရန် ကြိုးစားလိုက်သောအခါ ကျွန်မ အသံက ကျွန်မ မကြားနိုင်အောင်ပင် လေသံသဲ့သဲ့မျှသာ ဖြစ်သွား၏။

"ငါ့ဆုံးဖြတ်ချက်ကို နင့်ကို ပြောပြီးသား မဟုတ်လား"

သူက သဘောထားကြီးသူ တစ်ယောက်၏ အပြုံးဖြင့် ကျွန်မကို ခေါင်းညိတ်ပြသည်။

"မင်းစဉ်းစားဦးလေ နှင်း၊ ကိုယ်မင်းကို အခုအချိန်အထိ စဉ်းစားခွင့် ပေးထားသေးတာပဲ၊ မင်းကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်၊ ကိုယ့်ရင်ခွင်ထဲက ထွက်သွားမယ့် မိန်းမတစ်ယောက်ကို မသွားပါနဲ့လို့ ကိုယ်မတားဘူး၊ တားပိုင်ခွင့်လဲ မရှိဘူး။ ရှိရင်လဲ ကိုယ့်ရဲ့ ယောက်ျားသိက္ခာက တားခွင့်မပေးပါဘူး"

ထိုစကားများကို အေးဆေး ညင်သာစွာ ပြောနေသူ၏ မျက်လုံးထဲတွင် ဒေါသများ၊ မုန်းတီးမှုများဖြင့် အရောင်လက်နေ၏။ မောင်က စီးကရက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်လောက်ကို ဒီအတိုင်း ဆက်ကိုင်ထားရင်း စကားဝိုင်း၏ အခြားနေရာ စိုက်ကြည့်ငြိမ်သက်နေသည်။ တည်ငြိမ်လွန်းသော ဣန္ဒြေမျက်နှာ၏ အတွင်း ယောက်ယက်ခတ်မှုများစွာကို မောင့်မျက်လုံးထဲမှ တစ်ဆင့် ကျွန်မ မြင်ရသည်။

"တစ်ခုတော့ရှိတယ်နှင်း၊ ဝတ္ထုတွေထဲကလိုကိုယ်ဟာ မင်းအချိန်မရွေး ပြန်နားနိုင်တဲ့ သစ်ပင်တစ်ပင်တော့မဟုတ်ဘူး၊ အဲဒါကိုတော့ မင်းကြိုတင် စဉ်းစားဖို့ လိုလိမ့်မယ်၊ မင်းအတွက် ကိုယ်အမြဲတမ်း တံခါးဖွင့်ထားမယ်လို့ မမျှော်လင့်လေနဲ့၊ အခုမင်း ကိုယ့်ဆီက ထွက်သွားရင် မင်းအတွက်တံခါး ကိုယ်တစ်သက်လုံး ပိတ်ပစ်လိုက်တော့မှာ၊ မင်းနားလည်တယ်နော် နှင်း"

မောင်သည် အရှက်ရသူတစ်ယောက်၏ နာကျင်မှုမျိုးဖြင့် ဝုန်းကနဲ ထရပ်လိုက်၏။ ထို့နောက် ကျွန်မကို မီးတောက်မတတ် ပူလောင်ပြင်းပြသော မျက်လုံးများဖြင့် နာကျည်းစွာစိုက်ကြည့်သည်။

ဘုရား ဘုရား ...ကျွန်မမောင့်လက်ကို ဖမ်းမဆွဲရဲသဖြင့် မောင့်ကို မော့ကြည့်ဝမ်းနည်းရုံသာ တတ်နိုင်ပါသည်။

"နေဦးလေ ...ယုမော်၊ မိန်းမတစ်ယောက်ကို ကြောင်တောင်နိုက်ရဲ လူက သတ္တိလဲ ရှိရမှာပေါ့"

ပထမဆုံးအကြိမ် မောင့်ကိုပြောလိုက်သော သူ့စကားအသံမှာ စားသွားတစ်ခုလို ချွန်မြအေးစက်လျက် ရှိသည်။ သူ့ကိုငုံ့ကြည့်လိုက်သော မောင့်မျက်လုံးမှာတော့ ပူပြင်းစွာလောင်မြိုက်နေလေသည်။ ဒေါသတကြီး တစ်စုံတစ်ခုပြောလိုက်တော့မည့် မောင့်နှုတ်ခမ်းများသည် ချက်ချင်းပြန်ရှေ့ တင်းမာစွာ ပိတ်သွားတော့သည်။

"ယောကျ်ားတစ်ယောက်ဟာ ကိုယ်စခဲ့တဲ့ ပြဿနာကို ဆုံးခန်းတိုင် ဖြေရှင်းဖို့ တာဝန်ရှိတာပဲ၊ ဒါ ...မင်း စခဲ့တဲ့ ဇာတ်လေ ...ဒါပေမယ့် မင်း ရင်မဆိုင်ရဲဘူးဆိုရင် သွားပါ၊ သွားနိုင်ပါတယ်"

ကျွန်မသည် မြေပေါ်က ချက်ချင်းပျောက်ကွယ်သွားလျှင် သိပ်ကောင်းမှာ ပဲဟု ပြင်းပြင်းထန်ထန် တောင့်တမိသည်။ အခုအချိန်မှာ သက်ညှာမှုတရား တရားမျှတမှုတွေကို မစဉ်းစားချင်တော့ပါ။ ကျွန်မ မကြည့်ရက်ဆုံးအရာမှာ မောင့် မျက်ရည်များဖြစ်ကြောင်း ကျွန်မ သိလိုက်ပါပြီ။ ကျွန်မထိုင်ရာမှ ထရပ်လိုက်သည်။



"ကိုယ်လဲ လိုက်ခဲ့မယ်"

"နေခဲ့စမ်းပါနှင်း... ခင်ဗျားကို ကျွန်တော် သတ်မပစ်ပါဘူးလို့ အာမ မခံနိုင်ဘူး"

ကုလားထိုင်ကို ခြေထောက်နှင့် ပိတ်ကန်ရွှေ့လျက် ခွာခနဲ လှည့်ထွက် သွားသော သူ့ကို ကျွန်မ ငေးမောကြည့်နေမိသည်။

"လွှတ်ပေးလိုက်ပါနှင်း။ သူလုပ်ခဲ့တဲ့ကိစ္စ ဘယ်လောက်မှားတယ်ဆိုတာ သူသိသွားပါပြီ"

ကျွန်မသည် ဘယ်တုန်းကမျှ မဖြစ်ပေါ်ဖူးသော ပူလောင်ခါးသီး သည့်ဒေါသများဖြင့် သူ့ကို စိုက်ကြည့်ရင်း မျက်ရည်တွေလျှံကာ အမြင်အာရုံ ဝေဝါးသွား၏။

"လက်စသတ်တော့ နင်က ငါ့အမုန်းကို လိုချင်တာကိုး"

သူက အေးစက်ခြောက်ကပ်စွာ ရယ်လေသည်။

"နှင်းရယ် ...ကိုယ့်ဘေးမှာမှ မင်းမရှိတော့ဘူးဆိုရင် မင်းရဲ့ သနား ညှာတာမှု ဆိုတာ မင်းရဲ့ အမုန်းနဲ့ ဘာများ ထူးခြားမှာမို့လဲ၊ ကိုယ်က လို ချင်တာ တစ်ခုကို အပြည့်ရရင်ရ၊ မရရင် သေးငယ်တဲ့ အစိတ်အပိုင်း ကလေးတော့ မလိုချင်ပါဘူး"

ကျွန်မ ပြန်မထိုင်ဘဲ ဆိုင်မှ ထွက်မိတော့ သူကျွန်မနောက်မှ ကမန်း ကတန်း ထွက်လာပြီး ပိုက်ဆံရှင်းပါသည်။ ပလက်ဖောင်းပေါ်မှာ လမ်းလျှောက် မိတော့ အမှောင်ရိပ် တစ်စွန်းတစ်စဖြင့် သူ့မျက်ရည်ကို ကျွန်မမြင်ရသည်။

"နှင်း သိထားဖို့က ကိုယ်က အခု အချိန်အထိ ဖြောင့်မတ်နေတုန်းပဲ၊ နောက်ပြီး အခုအချိန်ထိ မင်းရဲ့ အစော်ကားခံ ဘဝမှာ ရှိနေသေးတယ်နှင်း"

"ဒါပေမယ့် နင်သူ့ကို ကောင်းကောင်းစော်ကားလိုက်ပြီပဲ ကိုအောင်ရဲ့"

"ကိုယ်သူ့ကို စော်ကားလိုက်တယ်ဆိုရင် ဒါကိုယ်တို့ သုံးယောက်ပဲသိတဲ့ မိနစ်ပိုင်း စော်ကားမှုပါ၊ သူကတော့ ကိုယ့်ကို မြန်မာတစ်နိုင်ငံလုံး သိအောင် ကိုယ့်တစ်သက် သူ့တစ်သက် စော်ကားလိုက်ပါပြီနှင်းရယ် ...မင်း ကျေနပ်မယ် ဆိုရင် ကျေနပ်သင့်ပါပြီ"

ထိုညသည် ကျွန်မအတွက် ပူလောင် နာကျင်စွာ အချိန်ကုန်နိုင်ခဲ့လှသည့် ညဖြစ်တော့သည်။ အခုအချိန်ဆို မောင်ဘယ်မှာရှိနေမှာပါလိမ့်၊ အိပ်ရာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com

တလူးလူး တလိမ့်လိမ့် နာကျည်းနေမလား၊ စာကြည့်စားပွဲမှာ ထိုင်ရင်း ဆေးလိပ်တွေ မီးကူးသောက်နေမလား၊ ကျွန်မကို အမှန့်ချေပစ်ချင်စိတ်ဖြ တွေ့သမျှ ပစ္စည်းတွေ ထုခွဲ ချေမွနေမည်လား၊ ကျွန်မကို မောင့်ဘဝထဲ အပြီးအပိုင် ဖယ်ထုတ်ဖို့များ ဆုံးဖြတ်ချက် ချလိုက်ပြီလား၊ ထိုအတွေး တွေးမိသည့်အခါ ကျွန်မ လှဲနေရာမှ အင်အားချည့်နဲ့စွာ ထထိုင်လိုက်မိလေသည်။

ကျွန်မ၏ မောင်သည် နောက်တစ်ရက်မှာ ကျွန်မထံ ရောက်မလာခဲ့ပါ။ နောက်နှစ်ရက် အကြာ သင်တန်းချိန်မှာ သွားစောင့်တော့လည်း သင်တန်းသို့ ရောက်မလာခဲ့ပါ။ မောင် ကျွန်မကို အပြီးတိုင် စွန့်လွှတ်လိုက်ပြီ ဆိုပါတော့ ကျွန်မ ဘယ်လိုရင်ဆိုင်ရမလဲ၊ မောင်နှင့်ဝေးကွာပြီး မောင့်အမုန်းဖြင့် အသက်ရှင် ရပ်တည်ရမည့်ဘဝသည် ကျွန်မအတွက် ကျိန်စာသင့် ဘဝသာဖြစ်တော့မည်၊

မောင့်အိမ်သို့ လိုက်သွားသင့် မသွားသင့် ကျွန်မ အကြာကြီး စဉ်းစား သည်။ ညနေ ခုနစ်နာရီသည် မောင်အိမ်မှာရှိဖို့ တော်တော် မဖြစ်နိုင်သော အချိန်ဖြစ်၏။ သို့သော် မောင့်မာမီနှင့်တော့ တွေ့နိုင်သည်။ အနည်းဆုံး မောင့်ရဲ့ နှင်းသည် မောင့်အတွက် ပူပန်သောကဖြင့် မိန်းမတန်မဲ့ မောင့်အိမ် လိုက်လာကြောင်း မောင်သိရတာပေါ့။

မောင့်အိမ်ရောက်တော့ မောင့်မိခင်၏ ဣန္ဒြေရရအပြုံးကိုသာ ရင်ဆိုင်ရ ၏။

"ယုမော်ရုံးက ပြန်မရောက်သေးဘူးကွဲ့၊ မနေ့ညကလဲ ၁၁ နာရီထိုး ပြန်ရောက်တယ်၊ ကိစ္စအရေးကြီးရင် မှာခဲ့ပါ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ မမှာတော့ပါဘူး၊ နှင်း လာသွားတယ် လို့ပဲ ပြောပေးပါနော်"

နောက်တစ်နေ့လည်း ကျွန်မဆီ မောင်ရောက်မလာခဲ့ပါ။

နောက်တစ်ပတ် သင်တန်းချိန်မှာ သွားစောင့်ဖို့အထိ စိတ်မရှည် စောင့်မနေနိုင်တော့သော ကျွန်မသည် တစ်ခါမှ မရောက်ဖူးသော ဂျာမန်သံရုံးကို အရဲစွန့်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ရောက်ဖူးရန် မဆိုထားနှင့်၊ ဘယ်ကားစီးပြီး သွားရမှန်းပင် မသိသော ဂျာမန်သံရုံးသို့ ကျွန်မ စုံစမ်းမေးမြန်းပြီး ရောက်သွားသည်။ သစ်ပင် အုပ် ဆိုင်းသော မြဝင်းကြီး၏ အစိမ်းရောင် သံတံခါးကြီးသည် ကျွန်မကို



မောင့်ကိုယ်စား ငြင်းပယ်ဆန့်ကျင်သူဖြစ်လေသည်။ ကန့်ရေပြင်ကို ဖြတ်သန်း လာသော အေးမြသည့် လေသည် ကျွန်မ၏ ပူလောင်နွမ်းနယ်သော ရင်ကို မလန်းဆန်းစေနိုင်၊ ခြံတံခါးဘေးမှာ မတ်တပ်ရပ်ရင်း မောင်ထွက်လာမည့် ရုံးဆင်းချိန်ကို အပြင်တစ်နေရာရာမှ စောင့်ရမည်လားဟု စဉ်းစားသည်။ သို့သော် အချိန်တွေက အများကြီးကျန်သေးသည်။ အစောင့်ကြီး စောင့်ပြီး မောင်များ ရုံးမတက်ဖြစ်လျှင် ...။

ကျွန်မသည် ဘေးမလွယ်တံခါးမှ အထဲသို့ ဝင်လိုက်သည်။ စုံစမ်းရေး အဆောက်အဦး သေးသေးကလေးမှ လူကို မေးမြန်းတော့ ဆင်ဝင်ပါသော အဆောက်အဦးကို လက်ညှိုးညွှန်ပြ၏။ ကျွန်မ လျှောက်လာခဲ့သည့် ကျောက် စရစ်လမ်းသည် သစ်ရိပ်ဝါးရိပ်ဖြင့် အေးစိမ့်လျက် ရှိသည်။ ကြီးမားသော မှန်တံခါး၏ တစ်ဖက်သို့ ဝင်ဝင်ချင်း တွေ့ရသည့် လူတစ်ယောက်ကို စုံစမ်း မိ၏။

အထဲခန်းသို့အဝင် ကျွန်းတံခါးတစ်ချပ် ပွင့်လာသည်။ အသက်လေးဆယ် ကျော် မြန်မာအမျိုးသမီးတစ်ယောက် ကျွန်မအနီးသို့ ဖျာဖျာသလဲရောက်လာပြီး မျက်မှောင်ကြုတ်၍ မေး၏။

"ဘာ ကိစ္စရှိပါသလဲ"

"ကိုယုမော်နဲ့ တွေ့ပါရစေ"

အမျိုးသမီးကြီးက ခဏစောင့်ဟူသော အမူအရာပြလျက် အခန်းထဲပြန် ဝင်သွားသည်။ ကျွန်မသည် နံရံဆီသို့ လျှောက်သွားကာ နံရံကပ် စာများကို ခပ်ရှန်းရှန်း ကြည့်မိ၏။ အထက်ပိုင်းတွင် ကျွန်မ တစ်လုံးမျှမတတ်သော ဂျာမန်စာလုံးများဖြင့် စာရွက်များ၊ အောက်ပိုင်းတွင်တော့ အင်္ဂလိပ်ဘာသာဖြင့် စာရွက်များ၊ ထိုစာကြောင်းများထဲသို့ အာရုံစိုက်ကာ ခုန်နေသော ရင်ကို ငြိမ် သက်သွားအောင် ထိန်းယူရသည်။

ကြားဖူးနေကျ ရှူးဖိနပ်ခွာသံတစ်ခုကို ခပ်ဖွဖွကြားရ၏။ ကျွန်မ နောက် သို့ လှည့်ကြည့်လိုက်သည်။

မောင်သည် ကျွန်မကို မြင်ရ၍ အံ့အားသင့်နေပုံပေါ်သည်။ မြန်းခနဲ တွေ့ရ၍ နာကျင်ဟန်လည်း ရှိသည်။ ဣန္ဒြေရသော မျက်နှာမှာ အနည်းငယ် တင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘာအရေးကြီးလို့ ဒီအထိ လိုက်လာရတာလဲနှင်း၊ ကျွန်... အလုပ်ချိန်မှာ ဧည့်သည်လာတာကို မကြိုက်ဘူး"

အိမ်မှာတုန်းက ပြောမည် ကြံရွယ်လာသော စကားများသည် ... အေးစက် တင်းမာသော ကြိုဆိုမှု အောက်တွင် အားလုံး အငိုးအငွေ့ ပြန်... တော့သည်။ ကာကီရောင် ဖျော့ဖျော့သက္ကလပ်ဘောင်းဘီ၏ အောက်နား... ငုံ့ကြည့်လျက် ခေါင်းတစ်ချက် ဆတ်ခါပစ်လိုက်မိသည်။

"ကိုယ်ပြောစရာ စကားတွေ ရှိနေသေးတယ်၊ မောင်က ကိုယ့်... ရှောင်နေခဲ့တာကိုး"

"ဒါပေမယ့် အဲဒါတွေ နားထောင်ဖို့ ကျွန်တော် အချိန်မရဘူး... နှင်း မသိဘူးလား"

မာကျော ခက်ထန်သော မောင့်စကားကြောင့် ဖြုန်းခနဲဖြစ်ပေါ်လာ... ဒေါသကို ကျွန်မ ကြိုးစား၍ ထိန်းချုပ် မျိုချလိုက်ပါသည်။ သို့... ဝေ့ဝဲလာသော ကျွန်မ၏ မျက်ရည်များကို သူမမြင်အောင် မတတ်စွမ်းနိုင်...

"ကိုယ်သိပါတယ်ကွယ်၊ ဒါပေမယ့် ကိုယ်ရုံးဆင်းချိန်အထိစောင့်နေ... ပေါ်ဟို သံတံခါးပြင်ဘက်မှာ ကိုယ်စောင့်နေတယ်ဆိုတာ မင်းကိုအသိ... ဖို့ လာတာပါ"

ထို့နောက် အစ်မတစ်ယောက်က ဆိုးသွမ်းသောမောင်ကို ကြည့်... ခွင့်လွှတ်ပြုံးကလေးဖြင့် မောင့်ကိုကြည့်ကာ မောင့်စကားပြန်ကိုမစော... ကျွန်မ ချာခနဲ လှည့်ထွက်လာခဲ့၏။

"နှင်း"

မှန်တံခါးကိုဆွဲဖွင့်လိုက်စဉ်မှာပင် တိုးတိတ်သောမောင့်အသံကိုကြား... ထိုအသံမှာ ဝေခွဲမရဖြစ်မှု စိတ်ရှုပ်မှုများကို ကျွန်မ ခံစားနေရ၏၊ ကျွ... ဣန္ဒြေရရ ပြုံး၍ လှည့်ကြည့်လိုက်သည်။ သူဘာမှမပြောသေးဘဲ ... မပြောသင့် ချိန်ဆနေပုံရ၏။ ထို့နောက်.ခေါင်းတစ်ချက် ဆတ်လိုက်လေ...

"ကျွန်တော် ဒီနေ့ညနေ ရုံးဆင်း နောက်ကျမှာ၊ ဒီတော့..."

"ကိစ္စမရှိဘူး၊ နောက်ကျရင်ဆေးခန်းကို ကိုယ်တက္ကဆီနဲ့သွား... ဒီတော့ကိုယ်စောင့်မယ်"

"ဒါပေမယ့် ကျွန်တော်က အစောင့်မခံနိုင်ဘူးနှင်း"



မောင့်မျက်လုံးတွင် သူ့ကိုယ်သူမကျေနပ်မှု၊ ကျွန်မကိုဒေါသဖြစ်မှုများကိုမြင်ရသည်၊ ထိုစကားသည်ခြံဝင်းတံခါးအပြင်မှာဣန္ဒြေမရစွာစောင့်နေရမည့် ကျွန်မအတွက် ငဲ့ညှာမှုလား၊ သို့မဟုတ်အပြင်မှာ မိန်းမတစ်ယောက်စောင့်နေခြင်း ခံရမည့် သူ့ဂုဏ်သိက္ခာ ကျဆင်းမှုကြောင့်လား ကျွန်မ မသိပါ။

"ညခုနစ်နာရီမှာ ဆေးခန်းရှေ့က ကျွန်တော်လာစောင့်မယ်"

"ခင်ဗျားကျွန်တော့်ကို ချစ်တယ်ဆိုတာ ဘာကိုခေါ်တာလဲနှင်း"

အံကြိတ်၍ တိုးတိတ်စွာမေးလိုက်သော မောင့်မေးခွန်းကြောင့် ကျွန်မ မျက်နှာကိုအရှိန်ဖြင့် ဖြတ်ရိုက်ခံလိုက်ရသလို ဒူးဒူးနင့်နင့် နာကျင်သွားသည်။

"ကိုယ်လုံးဝ မရည်ရွယ်ခဲ့ပါဘူး မောင်ရယ်၊ မောင့်ကိုမခွဲနိုင်တဲ့ စိတ်တစ်ခုတည်း..."

"တော်စမ်းပါ"

မာကျောကြမ်းရှသော အသံသည် ဒဏ်ရာရနေသော သားကောင်တစ်ကောင်၏ အော်ဟစ် ညည်းညူသံလို တုန်ရင်လျက်ရှိသည်။

"ရလဒ်တစ်ခု ဖြစ်ပေါ်သွားပြီးတဲ့နောက်မှာ အကြောင်းရင်းဆိုတာတွေ၊ ရည်ရွယ်ချက် ဆိုတာတွေက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ ကျွန်တော်ရဲ့ ကိုယ်ကျင့်သိက္ခာကို တခြားယောက်ျားရဲ့ ခြေဖဝါးအောက် ရောက်အောင် တွန်းပို့လိုက်တဲ့ ခင်ဗျားရဲ့ စိတ်ခံစားမှုဟာ အချစ်ဖြစ်ပါတယ် ...လို့ ခင်ဗျား ကျိန်တွယ်ပြောလဲကျွန်တော် မယုံဘူး၊ ယောက်ျား နှစ်ယောက်လုံးကို တစ်ပြိုင်တည်း ကစားချင်တဲ့ မိန်းမတစ်ယောက်မှာ ဘာတန်ဖိုးများ ကျန်ဦးမှာလဲ၊ ဘာဂုဏ်သရေများ ရှိဦးမှာလဲ၊ အဲဒီ မိန်းမမျိုးကို ဘယ်ယောက်ျားက ဘယ်လောက် ဆက်ပြီး မြတ်နိုးနိုင်မှာလဲ"

ဘုရားရေ ...မောင်ဘာကိုဆိုလိုတာလဲ။

မောင့်မျက်နှာကို ကမန်းကတန်းကြည့်မိတော့ မောင်ကျွန်မထံမှ မျက်နှာလွှဲကာ စားကရာလမ်းပေါ်မှာ ရှုပ်ရှက်ခတ်နေသော ကားများကို လှမ်းကြည့်နေသည်။

"မောင် ကိုယ့်ကို စိတ်ပျက်သွားပြီဆိုတဲ့ အဓိပ္ပာယ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



မောင် ကျွန်မကို လှည့်မကြည့်ပါ။

"မောင် တစ်ခုခုကို ဆုံးဖြတ်မယ်ကြံရင် ..."

"ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်တော် ကိုယ်တိုင်စဉ်းစားမယ်၊ နင် ဘာမှဝင်မစွက်ဖက်နဲ့"

မောင်နှင့် ဝေးရမည့် အသိသည် ကျွန်မမှာရှိသော မိန်းမမာနများ အရည်ပျော် သွားရလောက်အောင် ကျွန်မကို နာကျင်စေပါသည်။

"ကိုယ်တို့ချင်းဝေးဖို့ ဆိုတဲ့အပြစ်ဒဏ်ကလွဲလို့ မောင်ပေးချင်တဲ့အပြစ် ပေးပါမောင်ရယ် ...ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့တော့ ကိုယ် ...မင်းကို ..."

နှုတ်ခမ်းများဆီတွင် ရှက်ရွံ့မှုကြောင့် ထစ်နေသော သိပ်ချစ်ပါတယ် ဆိုသည့် စကားအစား "ဘယ်လိုမှ မခွဲနိုင်ဘူး"ဟု တိုးတိတ်စွာ ရေရွတ်သောအခါ ကျွန်မ၏ နိမ့်ကျသိမ်ငယ်မှုကြောင့် မျက်ရည်များ ပြည့်လျှံသွားတော့သည်၊

ကျွန်မ၏သိမ်ဝင်သွားသော အသံအက်အက်မှ မျက်ရည်၏ အရိပ်ငွေ့ကို ခံစားမိသွားသော မောင်သည် ကျွန်မဘက်သို့ ဖြုန်းခနဲ လှည့်ကြည့်၏၊ မျက်ရည်ကို မသနားတတ်သော လူအမျိုးအစားထဲတွင် မောင် ပါဝင်သည်၊ မောင်အနည်းငယ် မျက်နှာပျက်သွားသည်မှာ ကြင်နာသနားမှုကြောင့်မဟုတ်ဘဲ ရှက်ရွံ့မှုကြောင့် ဖြစ်သည်။

"မငိုပါနဲ့နင်း ...လူတွေမြင်ရင် တစ်မျိုးထင်ကုန်လိမ့်မယ်၊ ရော့ မျက်ရည်တွေ သုတ်လိုက်ဦး"

မောင်က ရှပ်အင်္ကျီအိတ်ထဲမှ အဖြူရောင် လက်ကိုင်ပဝါခေါက်ကလေးကို ထုတ်ပေး၏။ ရနံ့သင်းမွှေးသော လက်ကိုင်ပဝါလေးကို နမြောတသစွာကြည့်ရင်း မသုတ်ရက်တော့ဘဲ နမ်းမွှေးလိုက်ပြီးမှ ကျွန်မလက်ခုံများဖြင့်သာ မျက်ရည် သုတ်လိုက်မိ၏၊

"လက်ကိုင်ပဝါနဲ့သုတ်လေ ...လက်နဲ့ဆို ဘယ်စင်ပါ့မလဲ"

"နမြောရောကြီး မောင်ရယ် ...ကိုယ့်မျက်နှာက သနပ်ခါးတွေနဲ့ ညစ်ပေသွားလိမ့်မယ်"

မောင်က ကျွန်မကို မထီတရီ ပြုံးကြည့်သည်။

"လက်ကိုင်ပဝါ ဆိုတာ ညစ်ရင် ပြန်လျှော်လို့ရပါတယ် နင်း"

မောင့်စကား၏ နောက်မှာ တိမ်မြုပ်နေသော အဓိပ္ပာယ်တို့ကို အကဲခတ်မိသောအခါ ကျွန်မ နာကျင်နေသည့်ကြားမှ အားယူပြုံးပြလိုက်သည်။

စိတ်ချပါ မောင်ရယ်၊ သက်နှင်းအိမ်ကြောင့် မောင့်နောက်ထပ် ဂုဏ်သိက္ခာ မညစ်နွမ်းစေရပါဘူး။

သို့သော်ကျွန်မ မှာရှိသမျှ ဂုဏ်သိက္ခာများသည် မောင့်အပေါ်ချစ်သည့် စိတ်တစ်ခုတည်းကြောင့် ပတ်ဝန်းကျင်၏ ခြေဖဝါးအောက်သို့ ရောက်ခဲ့ရပြီ ဆိုတာကိုတော့ မောင်နည်းနည်းလောက်ငဲ့ကြည့် ပေးဖို့ကောင်းပါသည်။

• • •

www.burmeseclassic.com

အပိုင်း(၂)

## မိန်းမနှင့်ပတ်ဝန်းကျင်

ပတ်ဝန်းကျင်သည် ယောကျ်ားတစ်ယောက်ကို ကြည့်သောအခါ ပကတိ မျက်လုံး သက်သက်ဖြင့်ကြည့်ပြီး၊ မိန်းမတစ်ယောက်ကို ကြည့်သောအခါ မိန်းမအတွက် သတ်မှတ်ထားသော စံနှုန်းတစ်ခုကို ပြည့်စွက်ပြီး ကြည့်ကြလေ့ ရှိပါသည်။ အရည်အချင်းချင်း အတူတူ၊ လုပ်ရပ်ချင်း အတူတူ၊အနေအထားချင်း အတူတူဖြစ်စေကာမူ မိန်းမတစ်ယောက်အပေါ် အကဲဖြတ်မှုနှင့် ယောကျ်ားတစ်ယောက်အပေါ်အကဲဖြတ်မှု မတူညီကြပါ။

ပတ်ဝန်းကျင်သည် မိန်းမအား သီးသန့်ဘောင်နယ်နိမိတ်တစ်ခု သတ်မှတ် ပေးထားသည်။ မိန်းမသည် ထိုဘောင်နယ်နိမိတ်အတွင်းမှာပင် မိမိ၏ အရည်အချင်းကို ပြသခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင့်ရဲ့ ထိခိုက်နစ်မွန်းမှုတွေကနေ ကိုယ့်အပေါ် နာကျည်းမှုတွေအဖြစ် ပြောင်းလဲသွားနိုင်တယ် ဆိုတာကိုတော့ ကိုယ်သိထားခဲ့ပါတယ်၊ ဒါပေမယ့် နာကျည်းမှုကြောင့် မလိုလားအပ်တဲ့ တုံ့ပြန်မှုတွေ ရလာလိမ့်မယ်ဆိုတာတော့ နည်းနည်းမှ ထည့်မတွက်ခဲ့မိပါဘူး၊ အချစ်မှာ လက်စားချေခြင်းဆိုတာ မရှိ နိုင်ဘူးလို့ ကိုယ်ယုံကြည်ထားခဲ့တာကိုး။

တကယ်တော့ မောင်နဲ့ ပတ်သက်သမျှ ကိုယ်ယုံကြည်တာတွေဟာ တလွဲတချော်တွေ ချည်းပါပဲ။ မောင်ဟာ ကိုယ့်အပေါ်မှာ ကိုယ့်ပြစ်မှုနဲ့ မမျှတအောင် ရက်ရက်စက်စက် လက်စားချေခဲ့တယ်။

ကိုယ်တို့ချင်း ဝေးဖို့ဆိုတဲ့ အပြစ်ဒဏ်ကလွဲလို့ မောင်ပေးချင်တဲ့ အပြစ်ဒဏ်ပေးပါ ...လို့ ကိုယ်တောင်းပန်ခဲ့တာကို မောင်ကြည်ကြည်ဖြူ ဖြူ လိုက်လျောခဲ့ပါရဲ့၊ မောင်က ကိုယ့်အပါးကနေ ထွက်ပြေးမသွားခဲ့ဘူးလေ၊ ဒါပေမယ့် ကိုယ့်ကို မောင့်အမိန့် တစ်ခုတည်းနဲ့ သက်ဝင် လှုပ်ရှားနေတဲ့ စက်ရုပ် တစ်ရုပ်ဖြစ်အောင် မောင်ထိန်းချုပ်ခဲ့တယ်၊ မောင်ကသာ ခိုင်းမယ်ဆိုရင် သက်နှင်းအိမ်ဟာ လူအများရှေ့မှာ မောင့်ခြေဖမိုးပေါ်က ဖုန်မှုန့်ကလေးတွေ ကိုတောင် နမ်းပြမယ့် မိန်းမတစ်ယောက် ဖြစ်လာခဲ့တယ်။

ဒါပေမယ့် မောင့်အမိန့်ကို နာခံနေတာဟာ ကိုယ်ကိုယ်တိုင်တော့ မဟုတ်ဘူး၊ ကိုယ့်ရဲ့အချစ်ပါ။ ပတ်ဝန်းကျင်ရှေ့မှောက်မှာ မောင်လက်စားချေ တာကို မက်မက်မောမော နာခံနေတာဟာ သက်နှင်းအိမ်ရဲ့ အချစ်ပါကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်မကြောင့် ကျဆင်းဆုံးရှုံးသွားရသော မောင့်ဂုဏ်သိက္ခာများ
လျော့ကြေးအဖြစ် မောင်သည် တောင်းဆိုသူ တစ်ယောက်ဖြစ်လာပြီး၊ ကျွ
ကတော့ အချစ်ကြောင့် အရာရာကို လိုက်လျောနာခံသူတစ်ယောက် ဖြစ်
ခဲ့ပါသည်။

သုံးယောက်လုံးနှင့် သက်ဆိုင်သော စိတ်သောကများ၊ နာကျင်ကြေ
မှုများ၊ မုန်းတီးစက်ဆုပ်မှုများကို ရင်ဆိုင်ကြုံတွေ့ပြီးသည့်နောက် လေး
မြောက်နေ့မှာ ပြဿနာ တစ်ခုစတင်ခဲ့ပါသည်။

"စနေနေ့ မောင် အားလားဟင်"

"အားသားပဲ စာမဖတ်ရင်ပေါ့"

"အားရင် ကိုယ့်ကို မဂ္ဂဇင်းတိုက် လိုက်ပို့ပေးမလား"

မောင်က ကျွန်မကို စူးစမ်းသလို ကြည့်၏။

"စာမူ ပေးချင်လို့လား၊ စာတိုက်က ထည့်လိုက်ပါလား"

မောင်သည် မဂ္ဂဇင်းတိုက်များသို့ သွားဖို့ကို သူငယ်ချင်းဘဝမှာကတည်း
နည်းနည်းမျှ သဘောမတူသူဖြစ်သည်။

"မဟုတ်ဘူး မောင်ရဲ့၊ သူငယ်ချင်းတွေနဲ့ ချိန်းထားလို့"

မောင်က စွန်းခက်ရင်းကို ဖျတ်ခနဲချကာ ကျွန်မကို မျက်မှောင်ကြု
ကြည့်၏။

"ဘယ်က သူငယ်ချင်းတွေကို ဘယ်တုန်းက ချိန်းလိုက်ပြန်သလဲ"

"မနက်က ချိန်းလိုက်တာလေ၊ ဒေါက်တာခင်မောင်နိုင်ကို မောင်
တယ်မဟုတ်လား"

"ကိုခင်မောင်နိုင် ပါမယ်ဆိုရင် ဟိုလူလဲ ပါမှာပဲပေါ့၊ ဟိုလူ မျ
လောက်သေးပါဘူး"

မောင့်အသံက အေးတိအေးစက်၊ ကျွန်မ ပခုံးတွန့်ပြလိုက်သည်၊

"ပါချင်လဲပါမယ်၊ ပါချင်မှလဲပါမယ်၊ ကိုယ်မသိဘူး"

"အဲဒါတောင် နှင်းက သွားမယ် ...ဟုတ်လား၊ ဘာအကြောင်းရှိ
ဘာအရေးကြီးလို့လဲ"



"ဟင့်အင်း၊ နယ်က သူငယ်ချင်းတွေလာတုန်း အေးအေးဆေးဆေး
စကားဝိုင်းလေးဘာလေး ..."

မောင်က စားပွဲကို ဖြန်းခနဲ လက်နှင့်ပုတ်လိုက်သောကြောင့် ကျွန်မလန့်
သွားသည်။

"နှင်းက ဘာအကြောင်းကြောင်းတွေ လျှောက်လုပ်နေတာလဲ၊ အရည်မရ
အဖတ်မရတွေ ...ဘယ်သူက ဘယ်လောက်တန်ဖိုးရှိတဲ့စကား ပြောမှာမို့လဲ"

မောင်သည် သူတစ်ပါးအပေါ် အပြစ်မြင်ရာတွင် တော်တော်ပြောင်မြောက်
သူ ဖြစ်၏။

"နောက်ပြီး ...သူရောနှင်းရော အဲဒီမှာ မျက်နှာချင်းဆိုင်မိကြရင်
ဘယ့်နယ်လုပ်မလဲ၊ ကျွန်တော်ဘာဖြစ်သွားမလဲ"

"ဟာ ...မောင်ကဘာဖြစ်ရမလဲ၊ မောင်ကကိုယ့်ချစ်သူလေ ...သူနဲ့
တွေ့မှာစိုးရင် မောင်ကိုယ့်ကို မဂ္ဂဇင်းတိုက်ရှေ့ပဲလိုက်ပို့ပေါ့၊ ကိုယ်က လာ
ခဲ့မယ်လို့ နာရီအတိအကျနဲ့ ချိန်းပြီးသားဖြစ်နေပြီ"

မောင့်မျက်နှာသည် ဖန်ချောင်းမီးရောင်အောက်မှာ ညိုမှောင်သွား၏။

"ရည်းစားတစ်ယောက်နဲ့တွေ့ဖို့ တခြားရည်းစားက အိမ်တိုင်ယာရောက်
လိုက်ပို့ပေးရမယ့် သဘောလားဟင် ...နှင်း၊ မျက်နှာပြောင်ရဲလှချည်လား၊
ကျွန်တော်လဲ လိုက်မပို့နိုင်ဘူး နှင်းလဲမသွားရဘူး၊ ဒါပဲ"

ကျွန်မ စိတ်ပျက်စွာ မောင့်ကိုကြည့်မိသည်။

"အခုဟာက သူလာချင်မှလဲ လာမှာလေ၊ လာတော့ရော သူနဲ့ကိုယ်နဲ့
သူငယ်ချင်းပဲပေါ့၊ သူလာမလာမသေချာတဲ့ကိစ္စကြီးကို ကိုယ်ကရှောင်ရမှာလား"

"ရှောင်ရမယ်၊ လာနိုင်ခြေရှိတဲ့နေရာကို နှင်းသွားဖို့မကောင်းဘူး၊
နှင်း မသိဘူးလားဟင်၊ ဒီကိစ္စက ရှက်စရာကြီး"

ကျွန်မ ဒေါသထိန်းချုပ်၍ မောင့်ပန်းကန်ထဲသို့ အစိမ်းကြော်ထဲမှ
ကြက်သည်းဖတ်ကလေး ရွေးထည့်ပေးလိုက်သည်။

"အခုကိစ္စက သူနဲ့ တွေ့ဖို့မဟုတ်ဘူး၊ တခြားသူငယ်ချင်းတွေနဲ့ တွေ့ဖို့
မောင်ရဲ့"

"ကျွန်တော်ပြောပြီးပြီရော ...ကျွန်တော် ပြောတာကိုနှင်း သဘော
မပေါက်ဘူးလား၊ အဓိက ဘယ်သူနဲ့ဆုံဆုံတွေ့တွေ့ အဲဒီပွဲကို သူလာချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တယ်၊ သူလာနိုင်တယ်ဆိုတဲ့ အကြောင်းပြချက် တစ်ခုတည်းနဲ့ ဒီ နေရာကို သွားဖို့ ကျွန်တော် ကန့်ကွက်တယ် ...ဒါပဲ"

မာကျောသော မောင့်စကားသံအောက်မှာ ကျွန်မထိန်းချုပ်ထားသော ဒေါသတွေ ပွင့်ထွက်သွား၏။

"ရှေ့ဆက်ပြီး ကိုယ့်သူငယ်ချင်းတွေနဲ့ တွေ့ဖို့ ကိစ္စတွေမှာ မောင့်ဆုံး ဆုံးဖြတ်ရမယ်ဆိုတဲ့ သဘောလား"

"ယေဘုယျ ပြောရရင်တော့ ဟုတ်တယ် နှင်း၊ တစ်ခါတစ်ခါမှာတော့ ခြွင်းချက်ရှိနိုင်တယ်။အခုကိစ္စမှာတော့ခြွင်းချက်မရှိဘူး၊နှင်း လုံးဝမသွားရဘူး"

စားသောက်ဆိုင်မှ အပြန်လမ်းတွင် ကျွန်မတို့ စကားမပြောမိကြပါ၊ ကျွန်မနှင့်ရည်းစား ဖြစ်ရုံလေးနဲ့ ကျွန်မ၏ ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက် မလိုဟု ကျွန်မထင်သောကြောင့် စနေနေ့မှာ သွားဖြစ်အောင်သွားမည်ဟု ဆုံး ဖြတ်ချက်ချလိုက်သည်။

စနေတစ်မနက်ခင်းလုံး ကျွန်မထံ မောင်ရောက်မလာပါ။ နေ့လယ် တစ်နာရီတွင် ချိန်းသည့်မဂ္ဂဇင်းတိုက်သို့ ကျွန်မ မပျက်မကွက် သွားရောက် လိုက်၏။ ကံကောင်း ထောက်မစွာပင် မဂ္ဂဇင်းတိုက်သို့ သူမလာပါ၊

ညနေဆေးခန်းအပြန်တွင် ထုံးစံအတိုင်း မောင်လာကြိုသည်။မှတ်တိုင်သို့ လာရာလမ်းတစ်လျှောက်လုံးမောင်က မဂ္ဂဇင်းတိုက်သို့သွားမသွား လုံးဝမမေးပါ၊ တခြား စကားတွေသာ ပြောနေခဲ့သည်။ မောင်မမေးတာ မသိချင်လို့မ မှန်ကန်စွာ မတွက်ချက်တတ်သူ ကျွန်မက မနေနိုင်မထိုင်နိုင် ဖွင့်ပြောခဲ့မိ၏၊

"ကိုယ်နေ့လယ်က မဂ္ဂဇင်းတိုက်ကိုသွားတယ်၊ ကိုယ်ထင်တဲ့အတိုင်း ပါပဲ သူမလာပါဘူး၊ အေးအေးဆေးဆေးပဲ သိလားမောင်"

ကျွန်မစကားအဆုံးတွင် မောင်တိတ်ဆိတ်သွားလိုက်သည်မှာ တကယ့် အရုပ်တစ်ရုပ်နှင့် လမ်းလျှောက်နေရသလိုပါပဲ။ မောင့်မျက်နှာကို ကျွန်မခဏ ကြည့်မိတိုင်း မောင်က ရှေ့တည့်တည့်သာ စိုက်ကြည့်နေမြဲ၊ ဘတ် ကား ရောက်တော့လည်း ဘာမှမပြောဘဲ ဖြုန်းဆို ကားပေါ်တက်သွားတော့ ကျွန်မကမန်းကတန်း လိုက်တက်သွားရသည်။ ကားပေါ်မှာ ကျွန်မမောင့်ဘေး ကပ်နေပြီး မောင် စကားလှည့်မပြောသည်မှာ ထုံးစံအတိုင်းဟု ထင်ရသည်၊ သို့သော်မောင့်မျက်နှာ နည်းနည်းတင်းနေတာတော့ ထုံးစံအတိုင်းမဟုတ်ပါ၊



စပယ်ရာကို မောင်ပိုက်ဆံထုတ်ပေးပြီး "နှစ်ယောက်" ဟု ပြောသည်။ ထို့နောက် ကျွန်မတို့ခါတိုင်းထက်ပို၍ အေးစက် စိမ်းကားစွာရှိနေကြသည်။ ကျွန်မ မောင့်ပခုံးစွန်းကို လက်ဖျားကလေးဖြင့် ထိလိုက်၏။

"ကိုယ်တို့ လက်ဖက်ရည်သောက်ဦးမှာလားဟင်" မောင်ကြားလောက်ရုံ တိုးတိုးကလေးမေးတော့ မောင်ခေါင်းခါရမ်းပြ၏။

"ဒါဖြင့် ကိုယ်တို့ ခြသေ့်မင်းမှာ တစ်ခုခုစားကြမလားဟင် ...ကိုယ် ဆာနေပြီ"

တိုးတိုးကလေးထပ်မေးတော့ မောင်ကကျွန်မဘက်သို့ ဒေါသဖြင့် လှည့်ကြည့်သည်။

"Nous ne sommes pas seuls.Il y a des gens!"

လူတွေရှေ့မှာ ကျွန်မကို ဣန္ဒြေရရနေရန် သတိပေးသော စကား အဓိပ္ပာယ်ကြောင့် ကျွန်မမျက်နှာ နွေးခနဲရှက်သွားသည်။ မောင့်ကိုလည်း တော်တော်စိတ်တိုသွားပါသည်။

ခြသေ့်မင်း စားသောက်ဆိုင်အပေါ်ထပ် ရောက်တော့မှ ကျွန်မတို့ နှစ်ယောက်လုံး ထိန်းချုပ်မှုမရှိ လွတ်လပ်စွာ ရန်ဖြစ်ဖို့ ကြိုးစားကြသည်။

"နေစမ်းပါဦး မောင်ရဲ့၊ အခုမောင်က ဘာဖြစ်နေတာလဲ၊ ကိုယ်မဂ္ဂဇင်း တိုက်မှာ သူနဲ့ မတွေ့ခဲ့ပါဘူးလို့ မောင့်ကို ပြောပြီးပြီပဲ"

မောင်က တင်းမာစွာ ကျွန်မကို စိုက်ကြည့်သည်။

"သူနဲ့တွေ့တာ မတွေ့တာက အရေးမကြီးပါဘူး၊ ကျွန်တော် မသွားစေချင်တဲ့နေရာတစ်ခုကိုနှင်းက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့တာ က အဓိကပါ"

"ဟင် ...မောင်မသွားစေချင်တဲ့ အဓိက အကြောင်းရင်းကလဲ သူလာ နိုင်တယ်ဆိုတဲ့ အကြောင်းပြချက်ပဲ မဟုတ်လား၊ အခု သူမလာဘူးလေ၊ ဒီတော့ဘာများ ပြဿနာရှိသေးလို့လဲ"

စားပွဲထိုးက ကျွန်မတို့အနားလာရပ်သောအခါ ကျွန်မတို့နှစ်ယောက်ခဏ ထိန်းချုပ် လိုက်ကြရ၏။

"မောင် ဘာစားမလဲ"

"နှင်း ကြိုက်တာမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သိပ်စဉ်းစားမနေဘဲ ဂင်းသုံးမျိုးလောက် တောက်လျှောက် ရွတ်ပြလိုက်သည်။ စားပွဲထိုး ထွက်သွားမည့် ဟန်ပြင်တော့ မောင်က "စောာ"ဟု တားသည်။

"ဘာ ဘီယာတွေရလဲ"

ကျွန်မမောင့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်မိသည်။ ကျွန်မနှင့် နှစ်ယောက်တည်း စားသောက်သည့် အချိန်များတွင် မောင်အရက်လုံးဝ သောက်လေ့မရှိပါ။ ဒါဟာ ကျွန်မကို တမင်စော်ကားပြလိုက်ခြင်းဟု ကျွန်မသိသည်။ စားပွဲထိုးကလေးက ဘီယာနာမည်များ ရေရွတ်နေနိုက် ကျွန်မ ဒေါသဖြင့် မျက်နှာ ပူထူနေသည်။

"Tu vas prendre de la bière devant moi?"

"ကိုယ့်ရှေ့မှာ မင်းဘီယာ သောက်တော့မယ်ပေါ့"ဟု ကျွန်မအံကြိတ်၍ မေးသောအခါ မောင်က မထိတထိ ပြုံးပြ၏။

"Bien Sûr" သိပ်သေချာတာပေါ့ ...တဲ့။ ထို့နောက် စားပွဲထိုးကို ဟိုင်နကန်တစ်ဘူးဟု မှာလိုက်လေသည်။ စားပွဲထိုး ထွက်သွားတော့ မောင် ကျွန်မကို မျက်စိမှေး၍ ခပ်ပြုံးပြုံးကြည့်သည်။

"ဘာလဲ၊ နင်းရှေ့မှာ ဘီယာမသောက်ရဘူးလို့ တားချင်တာလား"

"အိုး ...မတားပါဘူး၊ မောင့်ပါးစပ်နဲ့သောက်တာ မောင့်ဗိုက်ထဲဝင်မှာ ကိုယ်နဲ့ဘာမှ မဆိုင်ဘူးလေ၊ ဒါပေမယ့်ဒါကိုယ့်ကို စော်ကားချင်လို့ဆိုတာ ကိုယ်သိတယ်၊ မိန်းမတစ်ယောက်ကို စော်ကားချင်တဲ့စိတ်ရှိတဲ့ ယောကျ်ားမျိုးကို ကိုယ်အထင်မကြီးဘူး ဆိုတာ ပြောချင်လို့ပါ"

မောင်က မီးခြစ်ကို လက်ထဲမှာ ဆော့ကစားလျက် သွေးအေးအေးပြုံး၏၊

"ကျွန်တော်ကလဲ ယောကျ်ားနှစ်ယောက်နဲ့ တစ်ပြိုင်တည်းတွဲတဲ့ မိန်းမမျိုးကို လုံးဝအထင်မကြီးဘူး၊ ရည်းစားက သိက္ခာမကျစေချင်လို့ မသွားပါနဲ့တားတဲ့ကြားက ဇွတ်တိုးပြီး သွားပြတဲ့မိန်းမမျိုးကိုလဲ သိပ်စော်ကားချင်တာပဲ"

ထို့နောက် ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် တင်းမာငြိမ်သက်စွာ စိုက်ကြည့် နေလိုက်ကြသည်။ မောင်က ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ် ကြာရှည်နေနိုင်သော်လည်း ကျွန်မ မနေနိုင်ပါ။

"သိက္ခာကျမယ် ... ဟုတ်လား၊ မဂ္ဂဇင်းတိုက်ကိုသွားတာ သိက္ခာကျ



တယ်လို့ မောင် ပြောနေတာလား"

မောင်က ရှေ့မှာ မှောက်ချထားသောဖန်ခွက်ကို ကောက်ကိုင်တည့်မတ် လိုက်ကာ ခပ်ကြမ်းကြမ်း ဆောင့်ချပစ်လိုက်သည်။

"စကားကို ကပ်မပြောနဲ့နှင်း ...ကျွန်တော် ဘာပြောချင်တယ် ဆိုတာ နှင်းသိတယ်၊ ဟိုလူနဲ့ တွေ့မယ်လို့ထင်ရတဲ့ နေရာတစ်ခုကို နှင်းအရှက်မရှိ သွားခဲ့တာကိုပြောနေတာ"

ကျွန်မ စားပွဲကို ဖြန်းခနဲ ပုတ်ပစ်လိုက်မိသည်။

"ဒါပေမယ့် သူမှ မလာဘဲကွ"

"သူမလာတာ သူ့အရှက်ရှိတယ်ဆိုတာ ဖော်ပြလိုက်တာပေါ့၊ နှင်းလာနိုင်တယ်လို့ သိထားလို့ သူရှောင်လိုက်တာပေါ့။ နှင်းလာတယ်ဆိုတာသူသိသွားရင် နှင်းအရှက်မရှိတာလဲ သူသိသွားမှာပေါ့၊ ဖောက်ပြန်ခံရတဲ့လူကမှ ရှက်တတ်သေးတယ် ဖောက်ပြန်တဲ့လူက မရှက်ဘူး"

မောင့်စွပ်စွဲချက်ကြောင့် ကျွန်မအံ့ဩတကြီး တုန်လှုပ်သွား၏။ ကျွန်မ၏အားနည်းချက်ကို မောင်ပြန်ဖော်ပြီး စွပ်စွဲရက်လေခြင်းဟုကျွန်မနာကျင်ကြေကွဲသွားပါသည်။

"ဖောက်ပြန်တယ်ဆိုတဲ့ စွပ်စွဲချက်မပါရင် မောင်စကားမပြော တတ်တော့ဘူးလားဟင်"

"ကျွန်တော်ပြောနေတာ နှင်းအကြောင်းပဲ၊ နှင်းနဲ့ပတ်သက်တဲ့ နာမဝိသေသနတွေ မပါလို့ ဘယ်ဖြစ်မလဲ"

ကျွန်မဆတ်ဆတ်ခါအောင် နာသွားသည်။

"ဒါပေမယ့် ဒီမိန်းမကိုပဲ မောင်ချစ်ခဲ့ပြီမဟုတ်လား၊ မောင်လဲဘာမှ မတတ်နိုင် ကိုယ်လဲမတတ်နိုင်တော့တဲ့ အားနည်းချက်တစ်ခုကို ခဏခဏ ပြန်ပြောနေတာတော့ မောင်တရားလွန်လွန်းတယ်၊ မောင်ကိုယ့်ကိုနှိပ်စက်နေတာပဲ"

ပြောရင်းပြောရင်း ကျွန်မအသံတွေ တိမ်ဝင်သွားကာ မျက်ရည် ရစ်ဝဲလာသဖြင့် တစ်ဖက်သို့ ဖြုန်းခနဲ လှည့်ပစ်လိုက်မိသည်။ နံရံပေါ်မှ ပန်းချီကားများသည် ကျွန်မမျက်စိထဲတွင် နှစ်ခုစီထပ်နေကာ ဝါးနေ၏။ မောင်က ပင့်သက်တစ်ချက်လေးပင်စွာ ရှိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆောရီး ... ကျွန်တော်တမင် နှိပ်စက်နေတာ မဟုတ်ပါဘူး၊ နောက်ကို နှင်း ဆင်ခြင်နိုင်အောင်လို့ ပြောနေတာပါ၊ နှင်းတမင် ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ကျွန်တော့်ကို ကြာကူရီဘဝ ရောက်အောင် နှင်းလုပ်ခဲ့ပြီးပြီ၊ အဲဒီအဖြစ်ကြောင့် ကျွန်တော်ရဲ့ ယောကျ်ားသိက္ခာတွေကိုလဲ နှင်းချိုးဖဲ့ ဖျက်ဆီးခဲ့ပါပြီ။ ဒီလောက်ဆိုရင် တော်လောက်ပါပြီ နှင်းရယ်၊ ကျွန်တော်ရှေ့ဆက်ပြီး ခေါင်းမဖော်ရဲအောင် မလုပ်ပါနဲ့တော့၊ ကျွန်တော်က မသွားနဲ့ဆိုရင် ဒါဟာ နှင်းနဲ့ ကျွန်တော် နှစ်ယောက်စလုံးအတွက် ကောင်းဖို့လို့ နှင်း ယုံကြည် စိတ်ချစမ်းပါ"

သည်လို ဆိုပြန်တော့ သိမ်မွေ့နူးညံ့သော မောင့်စကားအောက်မှာ ကျွန်မ အရည်ပျော်ကျ သွားရပြန်သည်။

နောက်ထပ် ပြဿနာတွေက မောင်က "မပေါင်းသင်းနဲ့"ဟု ပြောသော သူငယ်ချင်းတွေကို ကျွန်မဆက်လက် ပေါင်းသင်းမှု ...တဲ့။ ထို သူငယ်ချင်းများသည် မောင်နှင့် ကျွန်မကို သဘောမတူကြပေ။ ယဉ်ကျေးမှုအရ မတားမြစ်ကြသော်လည်း ကျွန်မ မှားယွင်းသွားပြီ ...ဟုထင်မြင်ချက် ပေးကြသူများဖြစ်သည်။

ဝမ်းနည်းစရာ ကောင်းသော အမှန်တရားတစ်ခုကတော့ ကျွန်မ၏ မိတ်ဆွေ သူငယ်ချင်းများရှေ့တွင် မောင်သည် ကျွန်မအပေါ် တမင်သက်သက် အနိုင်ယူခြင်းပင် ဖြစ်ပါသည်။ တစ်ယောက်ယောက်နှင့် တစ်နေရာရာ သွားရန် ချိန်းသည့် ကိစ္စမျိုးတွင် "နှင်း ...ကျွန်တော်တို့ မအားဘူးလေ"ဟုသော စကားမျိုးဖြင့် ကျွန်မ မလိုက်ဖြစ်အောင် တားပြတတ်သည်။ ထိုသူငယ်ချင်းတွေရှေ့မှာ ကျွန်မကို မျက်နှာတိ မျက်နှာထားဖြင့် ငေါက်ငမ်းသည်။ မောင်သိပ် မျက်နှာကြော မတည့်သူများနှင့် ကျွန်မ လမ်းမှာ စကားပြောမိလျှင် သို့မဟုတ် လက်ဖက်ရည်ဆိုင်မှာ စကားပြောမိလျှင် မောင်က မျက်နှာထားတည်တည်ဖြင့် "ပြန်ကြစို့ နှင်း"ဟု ရိုင်းပျတတ်သည်။ ကျွန်မက သူတို့ကို အားနာစိတ်ဖြင့် "ခဏလေး နေပါဦးလားကွယ်"ဟု နှစ်သိမ့်မိလျှင် မောင်က ဖြုန်းဆို ထွက်သွားတတ်လေသည်။ ကျွန်မမှာ မျက်နှာ ပူထူလျက် ကြောင်အစွာ ကျန်ခဲ့ရတတ်၏။

"ဒီလူတွေက နှင်းလေးလေးစားစား ဆက်ဆံရလောက်အောင် တန်ဖိုးရှိတဲ့ လူတွေ မဟုတ်ပါဘူး"ဟုသော စကားမျိုးဖြင့် ကျွန်မကို ပတ်ဝန်းကျင်နှင့် ခွဲခွာဖို့ ကြိုးစားသေး၏။



ကျွန်မက လူတွေကို အကောင်းဘက်က လှည့်တွေးတတ်သူ၊ မောင်ကတော့ မကောင်းဘက်က လှည့်တွေးတတ်သူ၊ ကျွန်မက လူတွေနှင့် ဆက်ဆံရာတွင် အဖြောင့်အတိုင်း စိတ်ထဲရှိသမျှ ပွင့်လင်းစွာ ပြောဆိုတတ်၏။ မောင်ကတော့ လျှို့ဝှက် ထိန်းချုပ်ကာ လှည့်ပတ်ကျောင်တိမ်း၍ ပြောဆိုတတ်သည်။ တစ်ယောက်ယောက်က စကားတစ်ခွန်းပြောလျှင် ထိုစကား၏ နောက်ကွယ်က အဓိပ္ပါယ်ကို မောင်ချက်ချင်းသိ၏။ တစ်ခါတစ်ရံ စကားတစ်ခွန်းကို အစပျိုးနားထောင်ပြီးသည့်အခါ နောက်ထပ် ပြောလာမည့် စကားများ၏ အကွက်ချမှုကိုပါ ကြို၍ မြင်တတ်၏။

"ကျွန်တော်က နှင်းကို သိပ်ပါးနပ်မယ်လို့ ထင်ခဲ့တာ၊ အခုတော့ နှင်း သိပ်အပါဘဲ"

မောင်၏ အပြစ်တင်စကားကို ကျွန်မ မကြာခဏကြားရသည်။

ဤလူကဖြင့် ကျွန်မကို မနာလိုဖြစ်နေတာ၊ ဤလူကတော့ ကျွန်မကို ရိသဲ့သဲ့လိုလို ကဲ့ရဲ့သလိုလို ပြောနေတာ၊ ဤလူကတော့ ကျွန်မကို ပိုးပန်းချင်နေတာ ...စသဖြင့် ကျွန်မအနီးမှာ ကပ်နေကြသော လူတွေ၏ မကောင်းကွက်တွေကို ထောက်ပြတတ်သည်။

မောင်က မလုပ်နဲ့ဟု တားမြစ်တိုင်း ကျွန်မ အမြဲရှောင်ကြဉ်စေဖို့ အတွက် မောင် ကျွန်မကို ကောင်းကောင်း ပညာပြလိုက်သည့် အဖြစ်အပျက် တစ်ခုရှိပါသည်။

သင်္ကြန်ရုံးပိတ်ရက်တွင် မောင်မသွားစေချင်သည့် ခရီးတစ်ခုသို့ ကျွန်မ သွားခဲ့ဖူးသည်။

"မောင်ရေ ...ကိုယ် မိတ္ထီလာကို သွားမလို့၊ မောင်ရော သင်္ကြန်ဘယ်မှာ ကျမှာလဲဟင်၊ ကိုယ်နဲ့ လိုက်ခဲ့ပါလားကွယ်"

မောင်က မျက်နှာထား အနည်းငယ် တင်းသွားသည်။

"ဘယ်မှာ ကျရမလဲနှင်းရဲ့ ကိုယ့်အိမ်မှာပဲသင်္ကြန် ကုန်ဆုံး သွားမှာပေါ့။ ကျွန်တော် သင်္ကြန်ရုံးပိတ်ရက်မှာ မနေသဘေ ဆောင်းပါးတွေ အများကြီး ဖတ်စရာ ရှိသေးတယ်၊ ကျွန်တော့်မှာ အချိန် သိပ်မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုတာက ကျွန်မကတော့ သကြြန်တွင်းမှာ အလေလိုက်ဖို့ အချိန်ရေ
အများကြီး ရှိနေသည်ပေါ့။

"နင်က ဘာကိစ္စ မိတ္ထီလာ သွားမှာလဲ"

ကျွန်မ မောင့်ကို အရွဲ့တိုက်ကာ အလေလိုက်ဖို့ ...ဟု ချိုချိုချင်သော်လည်း ကျွန်မ၏ စကားက မောင့်သူငယ်ချင်းလည်း ဖြစ်ပြီး ကျွန် သူငယ်ချင်းလည်း ဖြစ်နေသော ကျော့်ခင်ကို ထိခိုက်မှာ စိုး၍ ထိန်း လိုက်ရပါသည်။

"ကိုယ် မိတ္ထီလာမှာ ညီမလေးနှစ်ယောက်နဲ့ ချိန်းထားတယ်၊ ညီမလေး တွေက မိတ္ထီလာကို လာလိမ့်မယ်။ အဲဒီမှာ တစ်ရက်လောက် နေပြီး ကိုယ်တို့ ပုဂံကို ဆက်သွားမယ်လေ။ ကိုယ် ပုဂံဘုရားတွေနဲ့ မြင်းလှည်း နေနေပေါ်ပေါ် လေ့လာဖို့ လိုတယ်"

ကျွန်မ ပုဂံကျောက်စာများနှင့် ပတ်သက်သည့် ဝတ္ထုတို တစ်ပုဒ်ရေး ကြောင်း မောင်အသိပဲ ဖြစ်ပါသည်။

"ကိုယ်တို့ဆိုတာ ဘယ်သူတွေလဲနင်း"

ကျွန်မ ရဲရဲစွာ ပြုံး၍ မောင့်ကို အဖြေပေးလိုက်သည်။

"ကိုယ်ရယ် ညီမလေး နှစ်ယောက်ရယ် ကျော့်ခင်ရယ်ပေါ့"

မောင်က ကျွန်မကို မထီတထီပြုံးကြည့်သည်။

"အခုဟာက ကျွန်တော့်ကို အသိပေးတာလား၊ တိုင်ပင်တာလား"

မောင်၏ ခပ်တိုးတိုးအမေးကြောင့် ကျွန်မ တော်တော့ဆွံ့အသွားသည် သက်လွတ်ပေယ် မဖြေနဲ့ မောင်က အရာရာကို အလေးအနက် ထားတာ ...ဟု ကိုယ့်ကိုယ်ကို ဆုံးမရင်း မောင့်ကို ပြုံးပြလိုက်မိသည်။

"မောင် လိုက်ခဲ့ဖို့ ကိုယ်ခေါ်နေတာပါ မောင်ရယ်၊ သူငယ်ချင်း နှနှည်းညည်း..."

"မလိုက်နိုင်ဘူး"

တိုတောင်းပြတ်သားသော အဖြေအဆုံးမှာတော့ ကျွန်မ ရင်ထဲ နာကျင်သွားတော့သည်။

"ဒီခရီးဟာ ကိုယ့်အတွက် အရေးကြီးတယ်ဆိုတာ မောင်သိတယ် မဟုတ် လားဟင်"



မောင်က လက်ဘက်ရည်ခွက်ကို လှည့်ပတ် ဆော့ကစားလျက်က မျိုသိပ် ထိန်းချုပ်စွာ ပြုံး၏။

"ကျွန်တော်သိပါတယ်၊ ဒီခရီးအတွက် နင်း စိတ်တိုင်းကျ လျှော့ချယ် ပြီးသား ဆိုတာလဲ ကျွန်တော်သိတယ်၊ ဒါ့ထက်ပိုဆိုးတာက ကျွန်တော် မပါရင်လဲဖြစ်တယ်ဆိုတာ ကျွန်တော်သိနေတယ်၊ ဒီတော့ကျွန်တော် ဘာပြော ရော လိုသေးလဲ၊ သွားကြပေါ့၊ ကျော့်ခင်က နင်းအပေါ်မှာ အစစ အရာရာ ကူညီမယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်"

မောင့်စကားထဲမှ ခါးသီးသော အငိုပ်အငွေ့များကို ကျွန်မ ခံစားနေရ သည်။

"မောင် ကျော့်ခင့်အပေါ် မကျေမနပ်ဖြစ်နေသလား"

ခပ်ဆဆ မေးမိတော့ မောင်က ဒေါသတကြီး ကျွန်မကို ကြည့်သည်။

"မကျေမနပ်ဖြစ်နေတယ် ...ဟုတ်လား။ ကျွန်တော် ဘာဖြစ်နေတယ် ဆိုတာ နင်း မသိဘူးပေါ့၊ ကျွန်တော့် ခံစားချက်က မကျေနပ်တာထက် ပို တယ်နင်း၊ သူက တစ်ခါတုန်းက ကျွန်တော့် သူငယ်ချင်း ဖြစ်ခဲ့မယ့် အခု တော့ ရန်သူပဲ"

ဘုရားရေ ...။ မောင်၏ ပြင်းထန်သော စကားလုံးများကြောင့် ကျွန်မ တုန်လှုပ်သွားသည်။

"ဒီလောကမှာ နင်းနဲ့ ကျွန်တော်ရဲ့ ပေါင်းစည်းမှုကို နှောင့်ယှက်မယ့် လူမှန်သမျှ ကျွန်တော့် ရန်သူပဲ။ ကျွန်တော့် မကောင်းသတင်းတွေကို နင်း မိသားစုဆီမှာ မျက်နှာလိုအားရ သွားသတင်းပေးတဲ့ လူဟာ ကျွန်တော့်ရန်သူပဲ"

"ဒါပေမယ့် သူကိုယ်တိုင်ကို မတားမြစ်ခဲ့ဘူးလေ"

"တားလို့ရော ရမလား နင်းရဲ့၊ သူက နင်းအမေမှ မဟုတ်ဘဲ"

ကျွန်မတို့ တစ်ခဏ ငြိမ်သက် တိတ်ဆိတ်စွာ စားပွဲကို စိုက်ကြည့် နေခဲ့မိကြသည်။ မောင် သည်လောက် အငြိုးအတေးကြီးလိမ့်မည်ဟု ကျွန်မ မထင်ခဲ့မိပါ။

"ဒါဖြင့် ကိုယ်ဘာလုပ်ရမလဲ မောင်"

"နင်းက ဘာလုပ်ချင်သေးလို့လဲ"

"သူနဲ့ ချိန်းထားတာကို ဖျက်လိုက်ရမလားဟင်"

www.burmeseclassic.com

www.burmeseclassic.com

မောင်က ကျွန်မ မျက်လုံးထဲသို့ အကြာကြီး စိုက်ကြည့်နေပြီးမှ ရေးရေး ပြုံးသည်။

"ဘာအကြောင်း ပြချက်နဲ့ ဖျက်မှာလဲ"

"မောင်နဲ့ပဲ သွားတော့မယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပေါ့"

မောင်က မဲ့ပြုံးပြုံး၍ ခေါင်းယမ်းသည်။

"ကျွန်တော့်အပေါ် လူတွေ မုန်းတာတော့ ကျွန်တော် ဂရု မစိုက်တ ပါဘူး၊ ဒါပေမယ့် နှင်း လုပ်ပုံကြောင့် ကျွန်တော်က အများအမြင်မှာ အ သိပ်ကြီးတဲ့လူ ထပ်ဖြစ်ရဦးမယ်"

"အခုရော မဟုတ်လို့လား မောင်ရဲ့"

ကျွန်မ စိတ်ပေါက်ပေါက်နှင့် မေးလိုက်တော့ မောင်က သောက်လက် စီးကရက်ကို လက်ဖက်ရည် ပန်းကန်ပြားထဲဆောင့်ထိုး ချေမွ ပစ်လိုက်သည်

"နှင်းအနေအထိုင် မတတ်လို့ ဖြစ်လာတဲ့ ပြဿနာတွေ ချည်း နှင်းက ကျွန်တော့်စိတ်ကို ဘယ်တော့မှ အကဲမခတ်တတ်ဘူး၊ ကိုယ့်ချစ်သူ ဘာကို မကြိုက်ဘူးလဲ ဘာကို မဖြစ်စေချင်ဘူးလဲလို့ နှင်းသိသင့်တယ်၊ နှင် မသိတော့ လျှောက်လုပ်တော့၊ အဲဒီတော့ ကျွန်တော်က တားရတယ်၊ ခေါ ထွက်ရတယ်၊ ဒီတော့ ကျွန်တော်က ဘာဖြစ်လာသလဲ ...သိပ်တစ်ကိုယ်ကော ဆန်တဲ့ကောင်၊ နှင်းအပေါ်မှာ အနိုင်ယူတဲ့ကောင် ဖြစ်လာတယ်လေ"

ကျွန်မ၏ သကြံန်ခရီးသည် ဖြေရှင်းမရသော ပြဿနာများကို အ ပျိုးခဲ့ခြင်း ဖြစ်ကြောင်း ကျွန်မ ဝမ်းနည်းစွာ သိလိုက်ရပါသည်။ သို့သော် ရှင်းစရာ နည်းလမ်းလည်း လုံးဝ မရှိခဲ့ပါ။

ကျွန်မသွားမည့်နေ့က မနက်ပိုင်နာရီ ထွက်မည့် ရထားအမီ မော ကျွန်မကို ဘူတာလိုက်ပို့ခဲ့ပါသေးသည်။ မောင်၏ ကင်မရာ ကျွန်မအား ပေးလိုက်ပြီး အလင်းတံခါး အဖွင့်အပိတ်၊ အကျယ်အကျဉ်း မောင်ရှင်းပြ လိုက်သေးသည်။

"နံရံဆေးရေး ပန်းချီတွေကို ဓာတ်ပုံရိုက်တော့မယ်ဆိုရင် ခွင့်ပြုချ တောင်းဦးနော် မလေးစားရာ ကျသွားမယ်၊ တချို့ ဘုရားတွေမှာ ဖြ ထိန်းသိမ်းနေတဲ့ အဖွဲ့တွေ ရှိတယ်"

ကျွန်မက ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်၏။



"မင်းနန်သူရွာက ဘုရားတွေကို သော့ခတ်ထားတယ်၊ အဲဒီသော့က ရွာအဝင်က ဘုရားလူကြီးရဲ့ အိမ်မှာရှိတယ်၊ ယဉ်ယဉ်ကျေးကျေးလေး ပြော ပြီး အကူအညီတောင်း ...သိလား နှင်း၊ သူတို့ လိုက်ပြပေးလိမ့်မယ်။ လိုဏ်ဂူဘုရားတွေမှာ အုတ်လှေကားထစ် တချို့က ပြိုပျက်နေတယ်၊ နှင်း လက်နှိပ်ဓာတ်မီးနဲ့ တက်နော်"

ကျွန်မသည် ကျွန်မ အနီးမှာ မောင်လိုက်ပါလျှင် ကောင်းမှာပဲဟု ပြင်းပြသော စိတ်ဆန္ဒဖြင့် ဝမ်းနည်းလာလေသည်။ ကျော်စင့်အပေါ်မှာ မောင်ခွင့်မလွှတ်နိုင်သော မကျေနပ်မှု ဖြစ်ပေါ်နေကြောင်း ကျွန်မ ကြိုတင် သိခွင့်ရလျှင် ကျွန်မတို့ ညီအစ်မ၏ ခရီးကို ကျော်စင်မပါဝင်စေဘဲ မောင့်ကို သီးသန့် အကူအညီ တောင်းမိမှာ အမှန်ပဲဖြစ်ပါသည်။

"ကိုယ့်ဘေးမှာ မောင်လိုက်လာရင် သိပ်ကောင်းမှာပဲနော်"

ကျွန်မ မျက်ရည်ဝဲလည်ရင်း လွှတ်ခနဲတောင့်တမိတော့ မောင်က ပခုံးအသာတွန့်၍ စိမ်းကားစွာ ပြုံးလိုက်လေသည်။

သကြံန်ပြီး၍ သုံးလေးရက်ကြာမှ ကျွန်မ ပြန်ရောက်သည်။ ပြန်ရောက် ရောက်ချင်း အဆောင်ပိုင်ရှင်နှင့် အခန်းဖော်က မောင် လွန်ခဲ့သည့် နှစ်ရက်က ရောက်လာကြောင်း ပြောပြကြပါသည်။ ကျွန်မ မောင့်အိမ်လည်း မသွား ချင်သောကြောင့် ညနေဆေးခန်း မောင်ရောက်လာမှာဟု စောင့် နေခဲ့သည်။ မောင် ရောက်မလာပါ။ လေးရက်ဆက်တိုက် ဆေးခန်းသို့ မောင်ရောက်မလာ တော့ မောင့်စိတ်ကို ကျွန်မ အကဲခတ်မိသည်။ မောင် ကျွန်မ အပြန်နောက်ကျ နေလို့သာ စိတ်ဆိုးနေတာ ဖြစ်ရမည်။

ငါးရက်မြောက်သော ညနေခင်းမှာတော့ ကျွန်မသည် ဆေးခန်း မသွားမီ ပြင်သစ် သံရုံးရှေ့မှာ လေးနာရီ မထိုးမီ အချိန် ကတည်းက မောင် သင်တန်းအလာကို စောင့်နေလိုက်သည်။ လေးနာရီ ခွဲပြီး ငါးမိနစ်တွင် မောင် ကျွန်မ ရှေ့သို့ ရောက်လာပါသည်။

ကျွန်မကို မြင်တော့ မောင်ပြုံး၍ Bonjour ဟု နှုတ်ဆက်သည်။ မောင့်အပြုံးမှာ တစ်ခုခုလိုနေသလို ကျွန်မ ခံစားလိုက်ရသည့် အချိန်မှာပင်

www.burmeseclassic.com

www.burmeseclassic.com

မောင်က ကျွန်မရှေ့မှ ဖြတ်၍ တံခါးပေါက်ရှိရာသို့ ဆက်လျှောက်သွားလေသည်။

"မောင် ..."

ကျွန်မ အသံမှာ အုံ့ဩတကြီး နာကျင်မှုကြောင့် တိုးတိတ်နေသော်လည်း မောင် ကြားနိုင်ပါသည်။

"ကိုယ်ဘယ်တုန်းက ပြန်ရောက်သလဲ မမေးတော့ဘူးလား"

မောင်က မရယ်မပြုံး ကျွန်မထံ လျှောက်လာသည်။

"နှင်း ဘယ်တုန်းက ရောက်လာသလဲဆိုတာ အရေးမကြီးပါဘူး နှင်း ရောက်မှန်း ကျွန်တော် သိပြီပဲ၊ ဒါဖြင့် ကျွန်တော် အတန်း မတက်ရ တော့ဘူးလားနှင်း၊ ငါးမိနစ်တောင် နောက်ကျနေပြီလေ"

ကျွန်မသည် ခါးသီးစွာ နာကျည်းမှုဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

"ဒါပေမယ့် ...ကိုယ်ဒီရှေ့မှာ လာစောင့်နေတာ ဘယ်သူ့ကို တွေ့ဖို့လို့ မောင်ထင်နေလို့လဲ၊ ဒါမှ မဟုတ် ကိုယ့်မှာ အချိန်တွေ သိပ်ပိုနေတယ်လို့များ ထင်လို့လား"

ကျွန်မ စိတ်လွတ် လက်လွတ် အော်မိလိုက်တော့ မောင်က နာရီကို တစ်ချက် မြော်ကြည့်ပြီး အေးတိအေးစက် ပြုံးပြသည်။

"နှင်း ဆေးခန်းသွားတော့လေ ...ကျွန်တော် ကလပ်စ်ပြီးရင် နှင်း ရှေ့မှောက် ရောက်လာမှာပေါ့၊ နှင်းအချိန်ကိုလဲကျွန်တော် မယူချင်ဘူး ကျွန်တော့် အချိန်ကိုလဲနှင်း မယူချင်ပါနဲ့"

ထို့နောက် စကားဆက်စရာ မလိုတော့သလိုပင် တံခါးပေါက် အဆောင် ကလေးမှ စပ်သုတ်သုတ် ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ ကျွန်မ ဒေါသတကြီး အုတ်ခုံကို ခြေထောက်နှင့် ကန်ရင်း ကျန်ရစ်ခဲ့၏။

ညနေ ဆေးခန်းမှအထွက်မောင့်ကို တွေ့တော့ မောင် ပြုံးပြလျက်သားနှင့် ကျွန်မ ပြန်မပြုံးနိုင်လောက်အောင် ဒေါသ ထွက်နေမိသည်။ မောင်က ကျွန်မ စိတ်ဆိုးနေသည်ကို သတိမထားမိပုံမျိုးဖြင့် ထုံးစံအတိုင်း ကျွန်မ



နောက် ခြေတစ်လှမ်းအကွာလောက်မှ လျှောက်လိုက်လာခဲ့သည်။ လှည်းတန်း ပလက်ဖောင်းအတိုင်း လိုင်းပေါက် မှတ်တိုင်ဆီသို့ လျှောက်လာမိကတွင် မောင့်ကို ထုရိုက်ပစ်ချင်စိတ်ကို ဖွတ်ထိန်းချုပ်ကာ ခြေလှမ်းတွေကို ဒေါသတကြီး လှမ်းလာခဲ့ရ၏။ သို့သော် ထိန်းချုပ်ရင်းက မျိုသိပ်ထားသော ဒေါသက ပွင့်ထွက်ကာ ဖြုန်းဆို ခြေလှမ်းကို ရပ်ပြီး မောင့်ဘက်သို့ နောက်ပြန် လှည့် ကြည့်လိုက်မိသည်။

"ညနေတုန်းက ဘာအချိုး ချိုးတာလဲ ...ကိုယ်သိချင်တယ်"

မောင်က ခြေလှမ်း တန့်သွား၏။ မောင့်မျက်နှာနှင့် ကျွန်မ မျက်နှာ ထိလုနီးပါး ကပ်နေသည်ကို သတိထားမိဟန်ဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သော်လည်း မောင့်မျက်နှာက ကျွန်မထက် တင်းမာမှု မလျော့ပါး နိုင်ပါ။

"ဘာ အချိုးလို့ ထင်သလဲ၊ ထင်ချင်သလို ထင်နိုင်တယ် နှင်း"

"မင်း ကိုယ့်ကို သောက်ဂရုမစိုက်ဘူးလို့ ကိုယ်သိချေချင်လို့လား"

မောင်က ပတ်ဝန်းကျင်ကို အကဲခတ်ဖို့ သတိရသွားသလိုပင် တင်းမာသော အခြေအနေကို လျှော့ချပစ်လိုက်ကာ ရှေ့ဆက် လမ်းလျှောက်လေသည်။

"မဟုတ်ပါဘူး ..နှင်း ကျွန်တော့်ကို သောက်ဂရုမစိုက်တာ ကျွန်တော် ဒေါသဖြစ်လို့ပါ"

ကျွန်မ မျက်မှောင် ကြုတ်မိသွားသည်။ "ကိုယ်က ဘာဖြစ်တယ်"

"နှင်း ပုဂံကနေ ဘယ်တုန်းက ပြန်ခဲ့သလဲ"

မောင့်အသံက အေးစက်စက်။

"လွန်ခဲ့တဲ့ ငါးရက်ကလေ"

"မဟုတ်ပါဘူး၊ အဲဒါက မိတ္ထီလာက ပြန်လာတဲ့ရက်၊ ကျွန်တော်မေးတာ က ပုဂံက ပြန်လာတဲ့ရက်ကို မေးတာ"

မောင် ဘာဖြစ်လို့ သည်မျှ မခံမရပ်နိုင် ဖြစ်နေကြောင်း ကျွန်မ သိသွားပါသည်။

ကျွန်မသည် ပုဂံမှာ လေးရက် ကြာခဲ့ပြီးပုဂံမှ အပြန်တွင် မိတ္ထီလာမှာ သုံးရက်ဆက်ပြီး နေခဲ့ပါသည်။

"နှင်းရဲ့ အလုပ်က ပုဂံမှာ ရှိတာ ကျွန်တော်သိတယ်၊ ဒီကိစ္စနဲ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com

သက်ပြီး ကျွန်တော် နှင်းကို တားခဲ့မိသလား၊ အခု နှင်းက ဘာအချိန်ထိ မိတ္တီလာမှာ သုံးရက် ဆက်နေခဲ့သလဲ၊ နှင်း သွားလေရာမှာ နှင်း ဘာတွေ လုပ်တယ်ဆိုတာ စပ်စုတဲ့ စိတ်နဲ့ အမြဲစောင့်ကြည့်တဲ့ လူတွေ ရှိတယ်နှင်း၊ အဲဒီလူတွေ ရှိသမျှ နှင်း ဘာလုပ်တယ်ဆိုတာ ကျွန်တော် သိတယ်၊ နှင်း လိမ်ဦးမလား"

ကျွန်မ စကားဆွံ့အစွာ မောင့်ဘေးမှာ လိုက်ပါလာခဲ့ရသည်။ မောင့်ကို ဘာပြောရမှန်း ကျွန်မ မစဉ်းစားတတ်တော့ပါ။

"ကျွန်တော်ကတော့ နှင်းကို နေ့တိုင်း မျှော်နေခဲ့တယ်၊ နှင်းက ကျွန်တော်ရှိတဲ့ နေရာကို လာလို့ရတဲ့ အချိန်မှာ တော်တော်နဲ့ မလာဘဲအဝေးမှာ နေခဲ့တယ်၊ အဲဒါ ကျွန်တော့်ကို သောက်ဂရုမစိုက်တဲ့ အဓိပ္ပါယ်ပေါ့ ...တခြား ဘာရှိသေးလို့လဲ"

ကျွန်မ၏ ဒေါသများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး စိုးရိမ် ပူပန်စိတ်က ဝင်ရောက်လာခဲ့ပါသည်။ ကျွန်မ မောင့်လက်မောင်း အကျီစကို အသာ ဆိုကိုင်လိုက်မိသည်။

"မထိနဲ့ ..."

တိုးတိတ်သော်လည်း တင်းမာသော အသံကြောင့် ကျွန်မ လန့်ဖျပ် သွားပါသည်။ မောင်က ကျွန်မဘက်သို့ လှည့်ကြည့်၏။

"ဒီမယ်နှင်း ...ပြောတာကို နားထောင်စမ်းပါ၊ ရှေ့ဆက်ပြီး ကျွန်တော် မလုပ်စေချင်တဲ့ အလုပ်တွေ လုပ်နေရင် နှင်းနဲ့ ကျွန်တော် အနေအထားတွေ ပြောင်းကုန်လိမ့်မယ်၊ အဲဒါ နှင်း သဘောပေါက်ဖို့ ကောင်းနေပြီ"

ကျွန်မသည် ကြားရသော စကားကို မယုံနိုင်စွာ မောင့်ကို ငေးမော နေမိသည်။

"မောင်က ... မောင်က ကိုယ့်ကို ခြိမ်းခြောက်နေတာလားဟင်"

"ဟုတ်တယ်၊ ဒါပေမယ့် ဒါနှင်းကို ကျွန်တော် မချစ်ဘူးလို့ ပြောနေတာ မဟုတ်ဘူးနော်"

ကျွန်မ မာနသည် ဖြန်းခနဲပေါ်လာပြီး မောင့်အပေါ် မခွဲနိုင်သည့် နှောင်ဖွဲ့မှု အောက်မှာ ပြန်လည် နစ်မြုပ်သွား၏။ မောင်နဲ့ ကွဲရတော့ကော ကိုယ်က ဂရုစိုက်ရမှာလား ...ဟူသော အမေးဖြင့် ကျွန်မ အားခဲချင်သော်လည်း



မဝံ့ရဲပါ။ တကယ်တမ်း မောင်နှင့် ဝေးရမည်ဟူသော အသိသည် ကျွန်မအား ဘိတ်လန့် ချောက်ချားစေပါသည်။

"ဒါပေမယ့် ..."

ကျွန်မသည် တုန်ရီ သွားသော ကိုယ့်စကားသံကို ကိုယ် ရှက်ရွံ့စွာ ရပ်ပစ်လိုက်ရ၏။ ကျွန်မ၏ ပျော့ညံ့စွာ အရှုံးပေးမှုကို မောင်ခံစား မိဟန်ဖြင့် သက်ပြင်းတစ်ချက် ရှိုက်လေသည်။

"နှင်း ..."

ကျွန်မ မောင့်ကို မော့မကြည့်ပါ။ ညအမှောင်ပေမယ့် လမ်းမီးတိုင် မီးရောင်ဖြင့် ကျွန်မ၏ မျက်ရည်များကို မောင် မြင်သွားနိုင်သည်။

"နောက်ကို အဲဒီကို မသွားပါနဲ့နော်၊ ကျွန်တော် နှင်းနဲ့ မဝေးချင်ဘူး"

ကျွန်မ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကတိပေးပါနော်"

ကျွန်မ ခေါင်းထပ် ညိတ်လိုက်ပါသည်။ သို့သော် မဝံ့မရဲစောဒက တက်မိသေး၏။

"ဒါပေမယ့် ...မောင်ကိုယ့်ကို အထင် မလွဲပါနဲ့၊ သူက ကိုယ့်အပေါ်မှာ သိပ်စေတနာထားတာပါ"

"ဟုတ်ပြီလေ ...ဒါပေမယ့် ကျွန်တော့်အပေါ်တော့ မကောင်းမြင်နေတာ အမှန်ပဲ၊ ကျွန်တော့်ကို အထင်သေးတဲ့ လူတစ်ယောက်ကိုမှ နှင်းက ဆက်ပြီး ပေါင်းသင်းနေချင်တာ ဘာသဘောလဲဆိုတာ ကျွန်တော် စဉ်းစားမရဘူး၊ သူ့ဆီကနေ ကျွန်တော်နဲ့ ပတ်သက်တဲ့ မကောင်းသတင်းတွေကို နှင်း အရသာရှိရှိ ကြားချင်နေတာလား"

မောင်က စကားကို ကတ်သီးကတ်သတ် ပြောတော့ ကျွန်မ စိတ်ပျက် လက်ပျက် ဖြစ်သွားသည်။

"ဒါပေမယ့် ကိုယ်တို့ တစ်ချိန်လုံး မောင့်အကြောင်း ပြောနေကြတာမှ မဟုတ်ဘဲ၊ ဘာလဲ ...မောင်က သူ့စကားကို ကိုယ်နားထောင်ပြီး မောင်နဲ့ကိုယ် ကွဲသွားနိုင်တယ် ထင်နေလားဟင်"

မောင်က စိတ်မရှည်စွာ စုတ်သပ်လိုက်လေသည်။

"သူ့စကားကို နှင်းနားယောင်မှာ ကျွန်တော် မစိုးရိမ်ပါဘူး၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ဘာကောင်လဲဆိုတာ နှင်းအသိဆုံးပဲ၊ အခု ကိစ္စက ဘက်လိုက်တဲ့ ပြဿနာ လူတစ်ယောက်ဟာ တစ်ဖက်ဖက်မှာတော့ ရပ်ရမှာပဲ၊ ကျွန်တော် မှန်တယ်ထင် ရင် ကျွန်တော့်ဘက်မှာရပ်၊ သူမှန်တယ်ထင်ရင် သူ့ဖက်မှာရပ် ...အခုဟာ ကျွန်တော့်ကို ဆန့်ကျင်တဲ့ လူတစ်ယောက်ကို နှင်းက မဟာမိတ် လုပ်နေ နှင်းက ဘာလဲ"

မောင့်စကား၏ လေးနက်မှု စူးရှမှုကြောင့် ကျွန်မ အံ့သြတကြီး ဖြ သွားသည်။

"ဒါပေမယ့် အခုကိစ္စက နိုင်ငံရေးအကြောင်း ဆွေးနွေးနေတာမဟုတ် လေ မောင်ရဲ့၊ ကိုယ်တို့က နိုင်ငံတွေလဲ မဟုတ်ဘူး၊ သူငယ်ချင်းတွေ၊ ကို မှားသွားမှာကို ရိုးရိုးသားသား စိုးရိမ်ပူပန်တတ်တဲ့ သူငယ်ချင်းကို ကိုယ် ဘာအကြောင်းကြောင့် မပေါင်းသင်းရမှာလဲ ...ကိုယ့် ပြောပါဦး၊ ကိုယ်က မောင့်ကို သိပ်ချစ်တယ်၊ မောင်မှန်တာလဲ ကိုယ်သိတယ်၊ သူကိုယ့်ကို စေတ ထားတာလဲကိုယ်သိတယ် ...ဒါပဲပေါ့"

မောင်က လုံးဝ လက်မခံနိုင်သလို လက်မြှောက် ခါယမ်းလေသည်

"ကျွန်တော်တို့က နိုင်ငံတွေ မဟုတ်လို့ ဒီစကား ပြောနေရတာ နိုင်ငံတွေမှာ ဘက်မလိုက် ဆက်ဆံရေး ရှိတယ်။ သံတမန် ဆက်ဆံရေး တယ်။ ချစ်သူနှစ်ဦး ချစ်ကြတဲ့ကိစ္စ၊ လင်မယား နှစ်ယောက် ချစ်ကြ ကိစ္စမှာတော့ တစ်ယောက်ကို တစ်ယောက် ပေါင်းစည်းဖို့ လိုတယ် ကျွန်တော်တို့နှစ်ယောက်က လွဲလို့ တခြားလူဟာ ကျွန်တော်တို့ရဲ့ အပြင်ဘက် ပတ်ဝန်းကျင်ပဲ။ ပတ်ဝန်းကျင်နဲ့ ကျွန်တော် အမြင်မတူတဲ့ ကိစ္စမှာ နှင်း ပတ်ဝန်းကျင်ဘက်က သွားရပ်တော့ ကျွန်တော် ဘာဖြစ်သွားမလဲ"

ကျွန်မ ဘာစကား ပြောရမှန်း မသိအောင် ထစ်ငေါ့သွား၏။

"ကိုယ်က ... ကိုယ်အခု ဘယ်မှာ သွားရပ်နေလို့လဲ၊ မောင့်ဘက် ပဲရှိနေတာ မဟုတ်ဘူးလား"

မောင်က ကျွန်မကို စိတ်ရှည် လက်ရှည် ပြုံးပြသည် ။

"နှင်းကလေ ...လည်မလိုနဲ့ သိပ်အ တာပါပဲလား"

ထို့နောက် သိမ်မွေ့ တိုးတိတ်စွာ စကားပြောလေသည်။

"အခု အဖြစ်က ကျွန်တော်ဟာ နှင်းနဲ့ မထိုက်တန်လောက်အော



အဆင့်နိမ့်တယ်လို့ သူက သဘောထားနေတယ်၊ ဟုတ်တယ်နော်နှင်း ... ဒီတော့ နှင်းက အဲဒီလူနဲ့ အရင်လို ရင်းရင်းနှီးနှီး ပေါင်းသင်းနေတာဟာ သူ့ သဘောထားမှန်တယ်လို့ တိတ်တဆိတ် ဝန်ခံရာ မကျဘူးလား"

ဘုရား ...ဘုရား။

"ကျွန်တော့်ကို သူဒီလို သဘောထားပေမယ့် နှင်းက သူ့ကို မနာ ကျည်းဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ တကယ်လို့သာ မိန်းတစ်ယောက်ဟာ သူ့လင်ကို စော်ကားတဲ့ လူကို မကျေနပ်ရင် အဲဒီ လူကို သူဘာယ် အဆက်အသွယ် လုပ် မလဲ၊ လှည့်တောင် ကြည့်မှာ မဟုတ်ဘူး။ ဒီလို မဟုတ်ဘဲမိန်းက အဲဒီလူကို လင်ကွယ်ရာမှာ ပြုံးပြုံးရွှင်ရွှင် ဆက်ဆံနေရင် ဒါ ဘာအဓိပ္ပါယ်လဲ၊ ကိုယ့် ယောကျ်ားကို စော်ကားထားတဲ့ လူတစ်ယောက်ကို ဒီလို ဆက်ဆံနေရင် အဓိပ္ပာယ်က တစ်မျိုးပဲရှိတယ်၊ ဘာလဲဆိုတော့ ရှင်ပြောတာ မှန်ပါတယ်၊ ကျွန်မယောကျ်ားက လုံးဝ သောက်သုံးမကျပါဘူး၊ ကျွန်မ မှားပါတယ်ဆိုတဲ့ အဓိပ္ပာယ်လေ၊ ဖောက်ပြန်တဲ့ အဓိပ္ပါယ်၊ တခြားဘက်ကို လိုက်တဲ့ အဓိပ္ပါယ်"

ကျွန်မ မောင့်ကို ငေးမောနေမိသည်။ မောင်သည် အသေးအဖွဲ ကိစ္စကလေးကို အရေးတကြီး ကိစ္စဖြစ်လာအောင် လှည့်ပတ် ဆွဲငင်ခေါ်ဆောင် တတ်သူပါပဲလား။

"နှင်း ...ကျွန်တော်ပြောတာ သဘောပေါက်လား"

ကျွန်မ စကားပင် လုံးဝ မပြောနိုင်တော့ပဲခေါင်းညိတ်ပြလိုက်၏။

"ဒီတော့ နှင်း ကျွန်တော့်ဘက် ရပ်မှာလား၊ သူတို့ဘက်က ရပ်မှာလား"

"မောင့်ဘက်က ရပ်မှာပေါ့"

* * *

www.burmeseclassic.com

www.burmeseclassic.com

မိရိုးဖလာစလေ့ထုံးတမ်း ပတ်ဝန်းကျင်ဟာ မိန်းမကို ပြုပြင်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ပြုပြင် ပုံသွင်းမှုကို ငြင်းဆန်လိုက်ရင် အဲဒီ မိန်းမဟာ ထူးခြားတဲ့ မိန်းမပေါ့၊ ဒီလိုမိန်းမမျိုးက အမှားအယွင်း တစ်ခု လုပ်လိုက်ပြီလို့ ယူဆရတဲ့အခါ ပတ်ဝန်းကျင်ဟာ အဲဒီ မိန်းမကို ကျေနပ်အားရစွာ စောင့်ကြည့် နေတတ်ပါတယ်။

ဒါပေမယ့် အမှန်အမှားကို ဘယ်သူက ဆုံးဖြတ်ပေးမလဲ၊ တန်ဖိုး ဆိုတာကို ဘယ်သူက သတ်မှတ် ပေးတာလဲ၊ ပတ်ဝန်းကျင် သတ်မှတ်တဲ့ တန်ဖိုးနဲ့ ကိုယ်သတ်မှတ်တဲ့ တန်ဖိုးတူနေရင် လူတစ်ယောက်ဟာ အောင်မြင်သူဖြစ်လာ တာပဲ။ မတူရင်တော့ ရှုံးတဲ့သူပဲပေါ့။ အဲဒီအခါမှာ တူညီမှု တစ်ခုရအောင် ကြိုးစားရတတ်တယ်။

ပတ်ဝန်းကျင်နဲ့ တူညီအောင် ညှိဖို့ နည်းလမ်းနှစ်မျိုးပဲ ရှိတယ်။ ပတ်ဝန်းကျင် တစ်ခုလုံးကို ကိုယ်က ပြောင်းလဲပေးရင်ပေး၊ ဒီလိုမှ မဟုတ်ရင် ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ကိုယ့်ကိုယ်ကို ပြောင်းလဲပေးဖို့ပဲပေါ့။ ဒါပေမယ့် ပတ်ဝန်းကျင်ကို ပြောင်းပေးဖို့ဆိုတာ ဘယ်လောက်ခက်ခဲသလဲ။ ဒီအခါမှာ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုသာ ပတ်ဝန်းကျင် အမြင်နဲ့ ကိုက်ညီအောင် ပြုပြင် ပေးရလေ့ရှိပါတယ်။

ဒါပေမယ့် ကိုယ်မပြောင်းနိုင်ဘူး။

မပြောင်းတော့ ဘာဖြစ်လာသလဲ၊ ကိုယ့်အတ္တနဲ့ ပတ်ဝန်းကျင် အကြားမှာ အမြဲလွန်ဆွဲခံရပြီး မွန်းကျပ် လှောင်ပိတ် လာခဲ့တော့တယ်။

* * *

www.burmeseclassic.com

(၂) www.burmeseclassic.com

မောင်၏ ချစ်သူဘဝသို့ ကျွန်မ ကိုယ်ကို ပြောင်းလဲရပ်တည်လိုက်သော အချိန်မှစ၍ ကျွန်မသည် ပတ်ဝန်းကျင်၏ ထင်မြင်ချက်များကို မလွဲရှောင်နိုင်ဘဲ ရင်ဆိုင်ခဲ့ရ၏။ သက်နှင်းအိမ်သည် အကြီးအကျယ် မှားယွင်း သွား ပြီ ...တဲ့။ သက်နှင်းအိမ် ဘာတွေ မှားသလဲဟူသော အကြောင်းရင်းကိုမူ အမျိုးမျိုး မရိုးနိုင်အောင် ကြားရလေသည်။

ကျွန်မ၏ ဆရာဝန် မိတ်ဆွေ၊ ဆရာဝန် အသိုင်းအဝိုင်းနှင့် နီးစပ်သော မိတ်ဆွေများသည် ကျွန်မ၏ ချစ်သူကို ဆရာဝန် တစ်ယောက် ဖြစ်ရမည် ဟု စွဲမြဲမှတ်ထင် ထားပုံရသည်။ တစ်နေရာရာတွင် တစ်ယောက်ယောက်နှင့် ဆုံမိလျှင် မိတ်ဆက်ပေးသည့်အခါ "တို့ကျောင်းကပဲလား၊ ဘယ်နှစ် အောင်တာလဲ"ဟု မေးတတ်သလို ကွယ်ရာတွင် စပ်စုချင်သူများက "သူ ဆရာဝန်ပဲလားဟင်"ဟု မေးတတ်ကြသည်။ ဒါလည်း ယုတ္တိဗေဒ ကျပါသည်။ ဆရာဝန် အမျိုးသမီးတစ်ယောက်တွဲသော ယောက်ျားကို ဆရာဝန်ဖြစ်နိုင်မည်ဟု အလျင် စူးစမ်းမိကြမှာပဲမဟုတ်လား။ ကျွန်မအတွက်ကတော့ ဤကိစ္စသည် အနည်းငယ်မျှပင် စိတ်အနှောင့်အယှက်ဖြစ်စရာ မဟုတ်ခဲ့ပါ။ မောင့်အတွက်မူ တော့ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းတစ်ခု ဖြစ်ခဲ့၏၊

"နေစမ်းပါဦး နှင်းရဲ့၊ နှင်းမိတ်ဆွေတွေက ကျွန်တော်ဆရာဝန် မဟုတ်တာကို ဘာကြောင့် အံ့သြကြတာလဲ"

မောင်က ငြိုငြင်သလို မေး၏။

"သြော်ကွယ်၊ ဖြစ်နိုင်ခြေတစ်ခုက မဖြစ်လာတဲ့အခါ အံ့သြသလိုမျိုး ပေါ့"

"ဒါဖြင့် နှင်းရဲ့ချစ်သူဟာ ဆရာဝန်ဖြစ်ရမယ်လို့ သူတို့ သတ်မှတ်ထား တာလား၊ ဆရာဝန် မဟုတ်ရင် နှင်း ချစ်သူ မဟုတ်ရဘူးလား"

မောင်က ခပ်ဆတ်ဆတ် မေးပြန်တော့ ကျွန်မ မောင့်ကို နှစ်သိမ့်သလို ပြေရှင်းရ၏။

"မဟုတ်ဘူးလေ ...နီးစပ်မှုနဲ့ ဖြစ်တတ်တဲ့ သဘာဝကို ပြောတာပါ"

"ဘာဆိုင်လဲ၊ ဘာသဘာဝလဲ၊ မိန်းမတစ်ယောက်ဟာ သူကြိုက်တဲ့



ယောက်ျားကို ကြိုက်မှာပေါ့" မောင်က ခပ်တင်းတင်း၊ မျက်နှာကို နည်းနည်းမျှ မလျှော့။

"ဟုတ်ပါတယ်။ အခုလဲ ကိုယ်ကြိုက်ချင်တဲ့ ယောက်ျားကို ကြိုက်လိုက် တာပါပဲ မောင်ရဲ့၊ ဒါပေမယ့် နီးစပ်မှုကို မောင် ထည့်တွက် သင့်တာပေါ့၊ သူတို့ အမြင်မှာ ဆရာဝန် မိန်းမတစ်ယောက်နဲ့ အနီးစပ်ဆုံး ယောက်ျားဟာ ဆရာဝန် ယောက်ျားပဲမဟုတ်လား၊ ဒါ ဖြစ်နိုင်ခြေပဲ ...သူတို့ မသိနိုင်တဲ့ ကိုယ်နဲ့ မောင်ရဲ့ နီးစပ်မှုက ပြင်သစ်ဘာသာ သင်တန်းလေ၊ ဒါကို မသိ တော့ သူတို့ အံ့သြကြမှာပေါ့၊ အံ့သြပါစေလား"

မောင်က မျက်မှောင် ကြုတ်၍ ပြုံးသည်။

"မဟုတ်ဘူး နှင်းရဲ့၊ အခုကိစ္စက အံ့သြရုံ သက်သက်တောင် မဟုတ် ဘူး၊ အကဲဖြတ်မှုပါ ပါဝင်နေပြီ၊ ဒါကို နှင်း သတိမထားမိပေမယ့် ကျွန်တော် သတိထားမိတယ်"

မောင်၏ အလေးအနက်ထားမှုကြောင့် ကျွန်မ အနည်းငယ် စိတ်ရှုပ် သွားမိသည်။

"မောင် ဘာဖြစ်လို့ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရတာလဲ"

"မဟုတ်ဘူး၊ ကျွန်တော်က ဂရုစိုက်နေတာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်က ကျွန်တော့်ကို ဂရုစိုက်နေတာ၊ ကျွန်တော်ဟာ နှင်းချစ်သူဖြစ်ခဲ့ပြီပဲ၊ ဒါကို သူတို့ အသိအမှတ် မပြုချင်ရင် ဘေးထွက်နေလိုက်ပေါ့၊ နှင်းနဲ့ ကျွန်တော် ထိုက်တန်မှု ရှိ မရှိ သူတို့ အကဲဖြတ်ပေးစရာ မလိုဘူး၊ ဒါ နှင်း အကဲဖြတ် ရမယ့် အချက်ပဲ"

"အခုရော ဘယ်သူက အကဲဖြတ် နေလို့လဲ မောင်ရဲ့"

မောင်က ကျွန်မ မျက်လုံးထဲသို့ တည့်တည့် စိုက်ကြည့်၏၊

"နှင်း မိတ်ဆွေတွေလေ ... ကျွန်တော့် နားထဲကို ရောက်အောင် ပြောနေကြတာ နှင်းမသိဘူးလား၊ နှင်းရဲ့ ဆရာဝန် အဖြစ်က ကျွန်တော့်အတွက် ဘာအသုံးကျမှာမို့လဲ၊ မတူတဲ့ ပညာနှစ်ခုကို ဘယ်လိုပေတံနဲ့ တိုင်းကြည့်လို့ ဘယ်သူက သာတယ် ဘယ်သူက နာတယ် ပြောနိုင်ရတာလဲ၊ ကျွန်တော့်ရဲ့ ဘီအေဘွဲ့ကို နိုင်ငံတကာ ဘီအေဘွဲ့နဲ့ ယှဉ်နိုင်အောင် ကျွန်တော် အသေ အလဲကြိုးစားနေရသလို နှင်းရဲ့ ဆရာဝန် အတတ်ပညာကို နိုင်ငံတကာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် အတတ်ပညာနဲ့ ယှဉ်နိုင်အောင် နင်းအများကြီး ကြိုးစားရဦးမှာ'

"ဟုတ်တယ်လေ ...ဒါကို ကိုယ်လက်ခံသားပဲမောင်ရဲ့"

"နင်း လက်ခံတာကိုတော့ ကျွန်တော် သိတာပေါ့၊ သူတို့ လက်မခံလို့ ပြောနေတာ"

ကျွန်မ အနည်းငယ် ရယ်မောလိုက်သည်။

"မောင်က ပတ်ဝန်းကျင်ရဲ့ စိတ်ဓာတ်ကို ပြောင်းပစ်ဖို့များ စဉ်းစားနေသလား"

ခဏကြာအောင် မောင်တိတ်ဆိတ်နေသောအခါ ကျွန်မ မောင့်လက်ကို ခပ်ဖွဖွ ဆုပ်ညှစ်လိုက်၏။

"ပတ်ဝန်းကျင်အကြောင်း မစဉ်းစားနဲ့တော့ ... ကိုယ့်အကြောင်းပဲ စဉ်းစားနေနော်"

နောက်တစ်မျိုးကတော့ မောင့်အကြောင်းကို ကျွန်မ ထံမှာ တိုက်ရိုက် စပ်စုကြခြင်းပင်ဖြစ်၏။

"အဲဒီ ကောင်လေးက နင့်ထက် ငယ်တယ်ဆို"

ကျွန်မ ရယ်မောချင်လျက်က "ဟုတ်တယ်လေ ...အဲဒါ ဘာဖြစ်လို့လဲ" ဟု ပြန်မေးမိ၏။

"ငယ်တဲ့ ယောကျ်ားလေးတွေက အသက်ကြီးတဲ့ မိန်းမတွေကို ဘာကြောင့် ကြိုက်သလဲနင်းသိလား"

သူငယ်ချင်း၏ မျက်နှာကို ကျွန်မ တအံ့တသြ ငေးလျက် ကြည့်မိသည်၊

"အမျိုးမျိုး ဖြစ်နိုင်တာပေါ့၊ သူတို့ တန်ဖိုးထားတဲ့ အရည်အချင်းတွေ တွေ့ရလို့ ဖြစ်မှာပေါ့"

သို့သော် ကျွန်မ သူငယ်ချင်းက ကျွန်မကို သနား ဂရုဏာသက်သလို ကြည့်လျက် ခေါင်းယမ်းသည်။

"မဟုတ်ဘူးနင်းရဲ့ ...ပြောရမှာတော့ မကောင်းပါဘူးကွယ်၊ သူတို့က ချူ စားချင်လို့ နင်းရဲ့။ မိန်းမကို သူတို့ရဲ့ ငယ်ရွယ်နုပျိုမှုနဲ့ ဖြားယောင်းပြီး မိန်းမဆီက ပိုက်ဆံ ပစ္စည်း ချူစားကြတာလေ"



ကျွန်မ ထိန်းချုပ်ထားလျက်က မျက်နှာ ရှေးခနဲပူသွား၏။

"ဒါပေမယ့် ယုမော်ကတော့ အဲဒီလို ဟုတ်ဟန် မတူပါဘူးနော်နင်း ... ကောင်လေးက ရိုးအပုံရပါတယ်"

သူငယ်ချင်းက လျှော့ချပေးလိုက်ပုံရသော စကားသည် မောင့်ကို တိုက်ရိုက် မယုံသင်္ကာစွပ်စွဲ စကားထက် ပို၍ အင်အားပါဝင်ကြောင်း ကျွန်မ ရိပ်မိပါသည်။

"လူတစ်ယောက်ဟာ ရိုးအဖို့ မလိုဘူးကွ၊ ဖြောင့်မှန်ဖို့ပဲ လိုတယ်"

ရှေ့ဆက်ပြီး ဘာပြောရမှန်းလည်း မသိသောကြောင့် ကျွန်မ စကားဆက် ဖြတ်လိုက်ရပါသည်။

ရန်ကုန်သို့ ပီအက်စ်စီ စာမေးပွဲလာဖြေသော သူငယ်ချင်းတစ်ယောက်ကတော့ တစ်မျိုး။

"နင့်ယုမော်က ဆယ်တန်းတောင် မအောင်သေးဘူးလို့ သတင်းကြားတယ်ဟ"

ကျွန်မ သူ့ကိုတော့ ရယ်မောလိုက်ပါသည်။

"ဆယ်တန်းမအောင်သေးတဲ့ လူနဲ့ ဘွဲ့ရပြီးသားလူနဲ့ အရည်အချင်း သိပ်တော့မကွာလှပါဘူးဟာ၊ ဒါပေမယ့် နင်စိတ်ချမ်းသာအောင် ပြောရရင်တော့ သူ သမိုင်းနဲ့ ဘွဲ့ရပြီးသားပါ"

"ဟာ ...မဟုတ်ဘူးနော၊ ငါ နိုင်လုံတဲ့ သတင်းရပ်ကွက်က ကြားတာ"

ကျွန်မ ဘာမှ မပြောတော့ဘဲကိုယ့်နဖူးကိုယ် လက်နှင့်ရိုက်ကာ ဟက်ဟက်ပက်ပက် ရယ်မောနေလိုက်မိပါသည်။

ကျွန်မနှင့် တွဲသွားတွဲလာ သင်တန်းသူများကတော့ တစ်မျိုးပြောကြသည်။

"ယုမော်က နင့်ကို ချစ်တာ ငါတို့ မမြင်ရဘူး၊ နင်က ယုမော်ကို ချစ်တာတော့ ငါတို့ မြင်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ အချစ်အတိုင်းအဆကို နင်တို့က ဘယ်လိုလုပ်ပြီး မြင်ရလဲ"

သို့သော် သူတို့က ယုတ္တိဗေဒကျကျ အကြောင်းအချက် ခိုင်လုံ စွာ ဆွေးနွေးခြင်း ဖြစ်ပါသည်။

"ဥပမာဟာ ... နင်ထိုင်ချင်တဲ့ လက်ဖက်ရည်ဆိုင်ကို ယုမ် ပယ်တယ်၊ သူထိုင်ချင်တဲ့ ဆိုင်ကို ဘယ်လောက်ဝေးဝေး နင်လိုက်ရတယ်"

"ဒါပေမယ့် ငါက ရန်ကုန်သူမဟုတ်တော့ ဘယ်ဆိုင်က ဘယ်လိုအ အထားဆိုတာ ငါမှ မသိတာဟာ"

"ဒါတမင်သက်သက် ဖော့တွေးတာပါ နင်းရာ ...လုပ်မနေပါနဲ့၊ ဖြင့် ထီးဆောင်းတာ ကျတော့ရော၊ နင့်ကို သူထီးဆောင်းပေးရင် နင့်ဘက် ထီးမရှိဘူး၊ သူ့ဘက်မှာ ချည်းပဲ၊ နင်နေပူနေသလား မိုးစိုနေသလား နည်းနည်းမှ ဂရုမစိုက်ဘူး၊ ငဲ့မကြည့်ဘူး၊ ငါတို့က နောက်ကနေ နင့်အ ဒေါသထွက်နေရတယ် ...ဟ"

ကျွန်မကိုယ်တိုင် ဇဝေဇဝါ ဖြစ်သွားလောက်အောင် သူတို့အကြောင်းပြချ က စဉ်းစားဖို့ ကောင်းသော အချက်ဖြစ်နေသည်။ မောင်သည် တကယ် ထီးဆောင်းလျှင် ကျွန်မကို ဦးစားပေးပြီး ဆောင်းမပေးတတ်သူ ဖြစ်သည် ပထမစ လှမ်းခါစတော့ အဆင်ပြေလို့ပဲ၊ ကျွန်မ ဘက်ကို ထီးအရိပ် မ များရအောင် မောင်က ဆောင်းပေးသား၊ လေး၊ ငါး၊ ဆယ်လှမ်းလည် ကျော်ရော ထီးက မောင့်ဘက်မှာ ပိုများ သွားလေသည်။ တစ်ခါတလေ ကျွန်မက လက်နှင့် ကိုင်ပြီး သည်ဘက် ယိုင်ပေးလည်း ခဏပဲ။ တော်တော်ကြ နဂိုပုံစံအတိုင်း ပြန်ဖြစ်သွားပြန်သည်။

"ဒါ ... သူ ထီးမဆောင်းတတ်လို့ ပါဟယ်"

ကျွန်မက သာသာထိုးထိုး ဖြေရှင်းတော့ သူတို့ အားလုံး ကျွန်မ ဘုကြည့် ကြည့်ကြသည်။

"ဟင် ...ဘာ ထီးမဆောင်းတတ်ရမှာလဲ၊ သူ့ကိုယ်သူတော့ လုံအောင် ဆောင်းတတ်သားပဲ"

ကျွန်မ ထိုပြဿနာကို ဘယ်လို ဖြေရှင်းရမှန်း မသိဘဲ ဦးနှောက်ခြောက် သွားသည်။

"မဟုတ်သေးဘူးဟ ...ထီးဆောင်းတာ တစ်ခုတည်းနဲ့တော့ သူ့အ



အတိမ်အနက်ကို တိုင်းလို့ ဘယ်ရမလဲ၊ ကိုယ့်ဘေးက လူတစ်ယောက်ကို ဦးစားပေးပြီး ထီးဆောင်းပေးဖို့ဆိုရင် သူ့ရဲ့ လက်အနေအထားကို ပုံမှန်ကနေ ပြောင်းပေးမှ ဖြစ်မယ်၊ တစ်ချိန်လုံး အဲဒီ အထဲမှာ အာရုံ စိုက်နေမှ ရမယ်၊ ဒါ အတတ်ပညာပဲ၊ နောက်ပြီး စိတ်ရှည်မှုပဲ ...အများအားဖြင့် အရေးတကြီးကိစ္စ ရှိရင် ယောကျ်ားတွေက အဲလို ကိစ္စမျိုးကို စိတ်မရှည် တတ်ကြဘူး၊ ဒါ သူတို့ရဲ့ မွေးရာပါ ဗီဇရိုက်ပါ"

ထိုအခါ သူငယ်ချင်းတွေက ကျွန်မကို တစ်ပြိုင်တည်း အသံကြောင်ဟာစ်ကာ ဝိုင်းဟားခဲ့ကြလေသည်။

စာပေ အသိုင်းအဝိုင်းက လူကြီးသူမများကတော့ အပြစ်ပြောရမှာ ဝန်လေးကာ ထိန်းထိန်းချုပ်ချုပ် သတိပေး၏။

"နှင်း ...လူရွေး မမှားစေနဲ့နော်၊ ဘာကိုမှ ချက်ချင်း မဆုံးဖြတ်နဲ့ ကြားလား၊ အချိန်ယူစဉ်းစားဦး"

မောင့်ကို ကျွန်မ ချစ်မိတာ မှားသွားပြီ ...ဟု တိုက်ရိုက် မပြောရဲ တစ်မယ် သတိပေး စကားများကို မကြာခဏ ကြားနေရသည်။

မောင်သည် သူ့ထက် အသက်အရွယ်ကြီးသော လေးစားအပ်သည် ဟုလည်း သူမထင်သော လူတစ်ယောက်ကို ရိုကျိုးစွာ ဦးညွှတ်ဆက်ဆံဖို့ ဝန်လေးသူဖြစ်သည်။ မောင်သည် လူတွေကို အကောင်းဘက်က လှည့်မမြ ဘဲ မကောင်းသည့် ပြစ်ချက်များကို အလျင်မြင်တတ်သူဖြစ်သည်။ မောင်သည် သူ့စိတ်ထဲမှာ တစ်ယောက်ယောက်ကို မကျေနပ်လျှင် မျိုသိပ်ကာ ဟန်ဆောင် စကား ပြော ပြုံးရယ်ဖို့ ဝန်လေးသူဖြစ်သည်။ သူ့မကျေနပ်ချက်ကို ဖြန့်ခင်းခဲ့ ဖွင့်ထုတ် ဖော်ပြတတ်သူဖြစ်သည်။ မောင်ကိုယ်တိုင်၏ စိတ်တွင်း ခံစားချက်များ၊ ယုံကြည်ချက်များကိုတော့ မျက်နှာ အမူအရာနှင့် စကားဖြင့် ထုတ်ဖော်ပြသဖို့ ခက်ခဲပင်ပန်းသူဖြစ်သည်။ မောင်သည် လောကကို အနိုင်ယူချင်သည့် မျက်နှာထားမျိုးရှိသည်။ တစ်စုံတစ်ယောက်ကို ဖေးမ ကူညီတတ်သည့် မြန်မာစိတ် မြန်မာစရိုက်လည်း ကင်းသူဖြစ်သည်။

ကျွန်မကတော့ ဆရာဝန်တစ်ယောက် ဖြစ်နေလို့လားမသိ၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

အများအားဖြင့် ရင်ဆိုင်ကြုံတွေ့ရသူများကလည်း ဝေဒနာသည်တွေဆိုတော့ တခြားအချိန်မှာ ဘယ်လိုအမူအရာပဲရှိရှိ ကိုယ့်ဆီရောက်ချိန်မှာတော့ ညှိုးငယ်သည့် မျက်နှာထားတွေကများသည်။ သည်တော့လည်း ကျွန်မက လူတကာ အပေါ်မှာကြင်နာတတ်နေလေသည်။ ကျွန်မနှင့်မောင့်ကို ယှဉ်တွဲအကဲဖြတ်တိုင်း ပတ်ဝန်းကျင်က ကျွန်မအပေါ်မှာသာ အကောင်းမြင်လေ့ရှိ၏။ မောင့်ကိုတော့ ပတ်ဝန်းကျင်က သိပ်ခင်မင်ကျေနပ်ပုံမရပေ။

ကျွန်မမိသားစုကိုယ်တိုင်က မောင့်ကိုကျွန်မနှင့် ထိုက်တန်သည်ဟု မထင်ကြပေ။

အဓိကအချက်မှာ မောင်ကကျွန်မထက်အသက် ၄နှစ်ငယ်နေခြင်းပင် ဖြစ်သည်။ ယောကျ်ားများသည် သာမန်အနေအထားအရပင် ၎င်းတို့၏ ချစ်သူ ဇနီးတို့အား အနိုင်ယူလိုကြသည်ဖြစ်ရာ ယခုလိုအသက်ငယ်ရွယ်သော ယောကျ်ား ဖြစ်နေတော့ ထိုယောကျ်ားသည် သေချာပေါက်မိန်းမအပေါ် အနိုင်ကျင့်မှာပဲဟု သူတို့တွက်ကြသည်။

နောက်တစ်ချက်မှာ ပတ်ဝန်းကျင် သတ်မှတ်ချက်အရ မောင်က ကျွန်မထက် ပညာအရည်အချင်း နိမ့်နေခြင်း၊ ဂုဏ်နိမ့်နေခြင်းပင် ဖြစ်သည်၊ ကျွန်မတို့ပတ်ဝန်းကျင်သည် ဆရာဝန်ဘွဲ့ကို အခြားဘွဲ့များထက် မြင့်သည်ဟု ထင်တတ်ကြသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်က အခြားတက္ကသိုလ်ဝင်ခွင့်များ ထက် အမှတ်များနေခြင်း၊ ဆရာဝန်သည် သူတစ်ပါးအသက်ကို တိုက်ရိုက် ကယ်တင်ရှင်ဖြစ်ခြင်း၊ ဘာသာရပ်များက ခက်ခဲနက်နဲသည်ဟု ယူဆရခြင်း၊ နေရာအတော်များများ ဦးစားပေး လေးစားခံရခြင်း၊ အစိုးရအလုပ် မလိုအပ်ဘဲ ကိုယ်ပိုင်ဆေးခန်းဖြင့် အသက်မွေးဝမ်းကျောင်းနိုင်ခြင်း ...စသည့် အချက်များ ကြောင့် ဆရာဝန်ဘဝသည် လူကြိုက်များသော ဘဝဖြစ်နေပါသည်။

ကျွန်မတို့ဆရာဝန်များ ကိုယ်တိုင်ကလည်း ပညာမာန တော်တော်ကြီးကြ ပါသည်။ အခြားအတတ်ပညာရှင်များကို မိမိတို့အတတ်ပညာလောက် မခက်ခဲ ဘူးဟု ထင်တတ်ကြသည်။ သည်တော့သူတို့အမြင်မှာ ကျွန်မကသာသည်ပေါ့။ သည်တော့ မဆီမဆိုင် ကျွန်မဘက်က နာပေးကြသူတွေလည်း မနည်းပါ။ သူတို့က နာရပြီး ကာယကံရှင် ကျွန်မက မနာသောအခါ ပတ်ဝန်းကျင်သည် ကျွန်မကို ဒေါသထွက်လာသည်။



မောင်နှင့်ကျွန်မ မတန်ဘူး၊ သဘောမတူနိုင်ဘူးဟူသော ထင်မြင်ချက် များကို မောင်ကြားရသည့်အခါ အတ္တကြီးသောမောင်သည် ဆတ်ဆတ်ခါ အောင်နာလေသည်။ နာရုံသာနာကျင်လျက် ပတ်ဝန်းကျင်အမြင် ကိုပြောင်းပြန် ဖြစ်အောင် သက်သေပြဖို့ မစွမ်းသာသောအခါ မောင်သည် ကျွန်မနှင့် ပတ်ဝန်းကျင်အကြားတွင် ခက်ခဲပင်ပန်းစွာ ရင်ဆိုင်ရပ်တည်နေရသည်။

"ကျွန်တော်ကနင်းနဲ့စာရင် ပညာအဆင့်အတန်း၊ ဂုဏ်သိက္ခာတော် တော် နိမ့်နေတယ်လို့ နင်းရော တကယ်ထင်သလားဟင်"

မောင်က ကျွန်မကို နူးညံ့သိမ်မွေ့စွာ ပြုံးပြလျက် မေးပါသည်။

"ပစ္စည်းတိုင်း ပစ္စည်းတိုင်းဟာ တန်ဖိုးထားတတ်သူရဲ့လက်ထဲမှာ တန်ဖိုးရှိကြတာချည်းပဲ မောင်ရဲ့"

ကျွန်မ၏ ဖြေသိမ့်စကားကို မောင် မတင်းတိမ် မကျေနပ်နိုင်ခဲ့ပါ။

"ကျွန်တော်ဟာ နင်းတစ်ယောက်တည်းအတွက်သာ တန်ဖိုးရှိနေတယ် ဆိုရင်တော့ ကျွန်တော့်ရပ်တည်မှုကို ပြန်စဉ်းစားဖို့ ကောင်းနေပြီ"

မောင်က စီးကရက်ကို တအားရှိုက်ဖွာ၍ တစ်ခဏငြိမ်သက်နေပြီးမှ မာနမျက်လုံးဖြင့် ကျွန်မကိုကြည့်သည်။

"ကျွန်တော်က သမိုင်းပညာရှင် တစ်ယောက်ဖြစ်ချင်တယ်၊ ကျွန်တော့်အတွက်ကတော့"ဖြစ်ချင်တယ်"ဆိုတာ"ဖြစ်ရမယ်" ...ပဲ။ အခြေ အနေနဲ့အချိန်အခါ လုပ်ပိုင်ခွင့် ကန့်သတ်ချက်တွေကြောင့် ကျွန်တော် လှုပ်ရှားလို့မရဘဲ ရပ်နေရတယ်၊ လူကရပ်နေရပေမယ့် ကျွန်တော့်ပညာနဲ့ အသိဉာဏ်ကို မရပ်အောင် ကျွန်တော် အမြဲနိုင်းနေခဲ့တယ်။ ကျွန်တော်က ကျွန်တော့်ဘဝကို အဓိပ္ပာယ်ရှိရှိ ရပ်တည်ချင်တယ်၊ နိုင်ငံတစ်နိုင်ငံကိုမှ (ဒါမှမဟုတ်)လူမျိုးစုတစ်စုကိုမှ တန်ဖိုးရှိအောင် ကျွန်တော်လုပ်မပေးနိုင်ဘူးဆိုရင် ကျွန်တော့်ဘဝမှာ ကျွန်တော်အသက်ရှင်ရတာ ရှက်စရာကြီးလို့ ကျွန်တော် ယူဆထားတယ်။ နင်းတို့ ဆရာဝန်တွေဟာ လူတွေရဲ့ အသက်ကို ကယ်တင်နိုင် သလို သမိုင်းပညာရှင်တွေဟာ လူသားတွေရဲ့သမိုင်းကို ကယ်တင်ပေးကြတာ ပါပဲ။ ကမ္ဘာကြီးရဲ့ ယဉ်ကျေးမှုတွေ၊ စီးပွားရေး စနစ်တွေ၊ လူမှုရေးစနစ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့နဲ့စဉ်းစားဆင်ခြင်ဉာဏ်၊ အတိတ်နဲ့ ပစ္စုပ္ပန် နှစ်မျိုးပေါင်း မြှင့်တင်ပေးနေကြတယ် မဟုတ်ဘူးလား၊ လူတွေရဲ့ အသက်ဟာ အရေးကြီး တယ်ဆိုရင် ဒီလူတွေရဲ့ဆင်ခြင်ဉာဏ်နဲ့ ယဉ်ကျေးမှုကရော အရေးမကြီးဘူး လား၊ လူသားရဲ့ကျန်းမာရေးက အရေးကြီးတယ်ဆိုရင် လူသားရဲ့ဂုဏ်သိက္ခာ ကိုယ်ကျင့်တရားကရော အရေးမကြီးဘူးလား"

မောင့်မျက်လုံးများ၏ တောက်ပစူးရှမှုကို ကျွန်မ ပထမဦးဆုံးအကြိမ် သတိထားမိကာ တအံ့တသြ ငေးကြည့်မိသည်။ မောင်က သူ့အနီးတွင် ကျွန်မ ရှိနေသည်ကို သတိမထားမိဟန်ဖြင့် စီးကရက်ပြာတောင့်ကို စိုက်ကြည့် နေ၏။

"လူတစ်ယောက်ရဲ့ တန်ဖိုးကို လောလောဆယ်မြင်ရတဲ့ အပြင်ပန်း သဏ္ဌာန်နဲ့ အကဲဖြတ် ရှုတ်ချလေ့ရှိတဲ့ သဘာဝကို ကျွန်တော်လက်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော့်တန်ဖိုးကို ဘာမဟုတ်တဲ့ အနာဂတ်မဲ့တဲ့ လူတွေက အကဲဖြတ် နှိမ့်ချခံရတာတော့ ကျွန်တော်နာတယ် နှင်း"

ကျွန်မမောင့်ကို ဘယ်လို ဖြေသိမ့်ပေးရမှန်း မသိအောင် ဖြစ်သွား၏၊

"နှင်း..."

ကျွန်မ၏ မျက်လုံးများကို စူးစမ်းရှာဖွေကြည့်ဖြင့် မောင်ကြည့်နေ၍ ကျွန်မ ပြုံးပြလိုက်မိသည်။

"အမှန်အတိုင်း ပြောစမ်းပါနှင်း၊ ကျွန်တော့်ရဲ့ ချစ်သူဖြစ်ရတာ မှားသွားပြီလို့နှင်း မထင်ဘူးလား"

ဤမေးခွန်း၏ ခက်ခဲမှု အတိုင်းအတာကို ကျွန်မ နားလည်စွာဖြင့် ချက်ချင်း မဖြေသေးဘဲ ငြိမ်သက်နေမိသည်။ အမှန်ကတော့ ထိုမေးခွန်းကို ကျွန်မဖြေနိုင်ဖို့ စဉ်းစား အချိန်ယူချင်သေးသည်။ သို့သော် ယခုအချိန်မှာ မဖြေဘဲ ထားလျှင်သည့်ထက်မက မောင်နာကျည်းနိုင်ပါသည်။

"အမှားအမှန်ဆိုတာ ရွေးချယ်မှုရဲ့ ရလဒ်ပဲ၊ အချစ်ဆိုတာ ရွေးချယ် မှုမဟုတ်ဘူးလေ ...ဒီတော့အချစ်မှာ မှားတယ်ဆိုတာ မရှိဘူး"

ကျွန်မ၏ အဖြေကို မောင်မကျေနပ်နိုင်ခဲ့ပါ။ ကျွန်မ်အမှန်အတိုင်းဖြေရ ခက်ခဲနေသည်ဟု မောင်ထင်သွားသည်။ မောင့်တန်ဖိုးကို ကျွန်မကိုယ်တိုင် နားလည်မှုလွဲနေပြီဟု မောင်ထင်သွားသည်။ မောင်ကကျွန်မကို မခံချိမခံသာ

အပြုံးဖြင့် နှစ်သိမ့်၏။

"ကျွန်တော့်ကို ငါးနှစ်ပဲ အချိန်ပေးပါ နှင်းရယ်၊ ပတ်ဝန်းကျင်ရဲ့ ထင်မြင်ချက်ကို ကျွန်တော်ပြောင်းပေးပါမယ်၊ ကျွန်တော့်ကြောင့် နှင်းဂုဏ်မငယ် စေရဘူးဆိုတာ ကျွန်တော် ကတိပေးပါတယ်"

လိုက်လှဲသော နာကျည်းမှု အငွေ့အသက်ဖြင့် မောင့်အသံသည်တိုးတိတ်စွာ တုန်ခါနေ၏။ ကျွန်မ မျက်ရည်ဝေလည်လျက် ပြုံးရွှင်စွာ ခေါင်းညိတ်ပြခဲ့ လေသည်။

မောင်နှင့်ကျွန်မ မတူမတန်ဘူးဟု ကျွန်မဘက်က နာကာ မောင့်ဂုဏ် သိက္ခာ နှိမ့်စေခဲ့သော ပတ်ဝန်းကျင်၏ ထိုးနှက်မှုကို ကျွန်မ ပြုံးပြုံးကလေး တွန်းလှန်နိုင်ခဲ့သော်လည်း မောင့်ဘက်ကနာကာ ကျွန်မဂုဏ်သိက္ခာနှိမ့်စေခဲ့သော ပတ်ဝန်းကျင် ထိုးနှက်မှုကိုတော့ ကျွန်မဒေါသတကြီး ရင်ဆိုင်ခဲ့ရပါသည်။

တစ်ခါတုန်းက မောင့်ထံမှ စာအုပ်တစ်အုပ်ယူရန် မောင်ရှိနိုင်မည့် နံနက် (၇) နာရီ အချိန် တစ်ခု၌ မောင့်အိမ်သို့ကျွန်မရောက်သွားဖူးသည်။ မောင့် မိခင်က သံဆွဲတံခါးနောက်မှာ လာရပ်၍ မောင်မရှိကြောင်းအဖြေပေးပါသည်။

"သား ခြောက်နာရီခွဲကတည်းက အပြင်ထွက်သွားတာ"ဟု အပြုံးအရယ် မရှိပြောသော မောင့်မိခင်၏ မျက်နှာအရိပ်အကဲ၌ ကျွန်မအပေါ် ငြိုငြင်ချင် သလို ကျွန်မ ခံစားရသည်။ မောင့်မာမီမျက်နှာဟာ ဟိုတုန်းက မျက်နှာမျိုး မဟုတ်ဘူးဟု ကျွန်မထင်သည်။

"သူ့ရုံးကို တစ်ခါတည်း သွားမှာလား အန်တီ"ဟု ကျွန်မက မနေနိုင် မထိုင်နိုင် လျှာရှည်မိတော့ မောင့်မိခင်က "သူဘာမှမပြောမသွားဘူး"ဟုဖြေ၏။ တကယ်တော့ ဤစကားသည် အမှန်အတိုင်းပြောသော စကားဖြစ်၍ ကျွန်မ အခံရခက်စရာ မလိုပါ။ သို့သော်ကျွန်မ၏ အပြုံးကို မတုံ့ပြန်သော မောင့် မိခင်၏ အေးစက်စက်မျက်နှာထားကြောင့် ကျွန်မဖြန်းခနဲမျက်နှာပူ နွေးရှက်ရွံ့ သွားပါသည်။ ကျွန်မအပြုံးကို ကြိုးစားတည်တံ့စေပြီးနောက် "ကျေးဇူးတင် ပါတယ်အန်တီ ..ပြန်ခွင့်ပြုပါ"ဟု ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ခဲ့ပါသည်။ လမ်းပေါ်ခမ်းလှမ်းလျှောက်မိတော့မှ တွေ့ရာ ကျောက်စရစ်ခဲ တစ်ခုကို ဒေါသတကြီး ကန်ထုတ်ပစ်လိုက်ရသည်။

ညနေဆေးခန်းရှေ့မှာမောင်လာကြိုတော့ ကျွန်မ ဆက်လက် မျိုသိပ်

www.burmeseclassic.com

www.burmeseclassic.com

မထားနိုင်တော့ပေ။ လိုင်းပေါက်မှတ်တိုင်သို့ လမ်းလျှောက်လာချိန် အခိုက်အတန့် မောင့်ကိုဖွင့်မေးမိတော့သည်။

"ကိုယ့်အပေါ်ထားတဲ့ မောင့်အမေရဲ့ သဘောထားက ဘယ်လိုလဲဆိုတာ မောင်သိလား"

မောင်က အံ့သြသလို လှည့်ကြည့်သည်။

"ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်တဲ့နှင်းက ဘယ်လိုဖြစ်ပြီး မာမီ့သဘောထားကို စိတ်ဝင်စားရတာလဲ"

"စိတ်ဝင်စားစရာ အကြောင်းရှိလာလို့ပေါ့၊ ဖြေစမ်းပါမောင်ရ"

မောင်က ကျွန်မကို စဉ်းစဉ်းစားစားကြည့်၍ "ဒီလိုပဲနှင်းရဲ့"ဟုဆိုသည်။ သည်တော့ကျွန်မပို၍ သေချာချင်လာသည်။ မနက်က ကြုံတွေ့ရသော အဖြစ်ကို ကျွန်မ ပြန်ပြောပြလိုက်သည်။ မောင်က သက်ပြင်းတစ်ချက် လေးပင်စွာ ရှိုက်လိုက်လေသည်။

"မာမီ့ရဲ့ သဘောထားကို နှင်းတကယ်သိချင်ရင် ကျွန်တော်ပြောပြမယ် ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်ရဲ့အချစ်ကို မာမီ့ သဘောထားက ပြောင်းမပစ်နိုင်ဘူး ဆိုတာတော့ နှင်းလက်ခံတယ် မဟုတ်လား"

ကျွန်မ မောင့်ကိုရဲဝံ့စွာ ပြုံးပြလိုက်၏။

"သိပ်လက်ခံတာပေါ့ မောင်ရာ ကိုယ်တို့နှစ်ယောက်ကို ဘယ်သူကမှ မခွဲနိုင်ဘူး၊ ကိုယ်တို့နှစ်ယောက် ကိုယ်တိုင်ရဲ့ ဆန္ဒနဲ့အားလုံးကို ဆုံးဖြတ်မယ်"

ထိုအခါ မောင်က ကျေနပ်စွာ ပြုံးလေသည်။

"မာမီ့ သဘောထားကတော့ နှင်းကို သိပ်မကြည်ဖြူဘူး"

မျှော်လင့်ထားပြီးသော စကားဖြစ်ပါလျက် တကယ်ကြားလိုက်ရသောအခါ ဒေါသ ထောင်းကနဲ ထသွားသည်။ ကျွန်မ ဟန်ဆောင်ပန်ဆော မေ့ထားသော ပညာမာနသည် ချက်ချင်းကြွတက်လာ၏။

"သူ့သားနဲ့ မတန်ဘူးဆိုတဲ့ အဓိပ္ပာယ်လားမောင်"

ခပ်ဆတ်ဆတ်လေသံဖြင့်ကျွန်မမေးမိတော့ မောင်မဖြေခဲ့ပါ။ မောင်မဖြေ တော့ ကျွန်မကပို၍ အခံရခက်သွားသည်။ လမ်းလျှောက်နေရာမှ တုန့်ခနဲရပ် ပစ်လိုက်ကာ မောင့်ကို မျက်နှာချင်းဆိုင်၍ ကြည့်လိုက်သည်။

"သက်နှင်းအိမ်က ဘာတွေများချို့ယွင်းနေလို့ မောင့်မာမီက သဘော



နိုင်ရတာလဲ"

မောင်က ကျွန်မလက်ဖျားလေးတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လျက် ရှေ့သို့ဆက်လျှောက်သွားကာ ကျွန်မ လိုက်ပါအောင် ဆွဲခေါ်သည်။

"နှင်း အဲဒီလောက် ဒေါသမကြီးနဲ့လေ ...မိခင်တစ်ယောက်ဟာ သူ့ရဲ့ တစ်ဦးတည်းသော သားကလေးရဲ့ အချစ်ကိစ္စမှာ ဒီလောက်တော့ သဘောမတူခွင့်၊ ထင်မြင်ချက်ပေးခွင့်ရှိတယ် မဟုတ်လား"

ရယ်မြူးရိပ်ဖြင့် ပြုံးရွှင်နေသော မျက်လုံးများက ကျွန်မကိုနောက်ပြောင်လိုဟန်ရှိသည်။ ကျွန်မ ခေါင်းခါယမ်းလိုက်၏။

"ဒါပေမယ့် အဲဒီလိုထင်ဖို့အတွက် ကိုယ့်ရဲ့ချို့ယွင်းချက်တွေက ဘယ်မှာလဲ၊ ကိုယ်က ယုမော်ထက်အဆင့်နိမ့်နေသလား၊ မောင့်မှာလဲမိဘနှစ်ယောက်လုံး မစုံလင်ဘဲ အမေတစ်ယောက်သာ ရှိတော့တယ်၊ ကိုယ့်မှာလဲ မိဘမစုံတော့ဘဲ အဖေတစ်ယောက်သာ ရှိတော့တယ်၊ မောင်လဲ လူပျိုလူလွတ် ကိုယ်လဲ အပျိုလူလွတ် ကိုယ်နဲ့ချစ်မိလို့ မောင်နစ်နာစရာအကြောင်း မမြင်မိပါဘူး"

မောင်က ကျွန်မစကားကို သဘောကျသလို နှုးညံ့စွာ ရယ်မောသည်။

"နှင်းက မမြင်ပေမယ့် မာမီက မြင်လို့ပေါ့ နှင်းရဲ့ ... ကဲပါ အဲဒါတွေ မစဉ်းစားနဲ့တော့၊ မနက်ဖြန် နှင်းလိုချင်တဲ့ စာအုပ်ကို မနက်အစောကြီး ကျွန်တော်လာပေးမယ် ...ကျေနပ်တော့နော်"

"မကျေနပ်နိုင်ဘူး"

ကျွန်မ ခပ်ဆတ်ဆတ် အော်ပြောလိုက်မိသည်။ ကျွန်မအော်သံကြောင့် မောင် ဖြုန်းခနဲလန့်သွားကာ ကျွန်မလက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်၏။ မှတ်တိုင်ရှိရာသို့ လှမ်းနေသော ခြေလှမ်းတွေကို ရပ်ပစ်လိုက်ပြီး ကျွန်မနှင့် မျက်နှာချင်းဆိုင် ရပ်လေသည်။ လမ်းမီးရောင် အောက်က မောင့်မျက်နှာမှာ စိတ်ရှုပ်ထွေးဟန် ရှိသည်။

"လမ်းမကြီးမှာ နှင်း ဘာဖြစ်လို့ အဲဒီလိုအော်ရတာလဲ၊ လူတွေက ဘယ်လိုထင်မလဲနှင်းရဲ့"

"ဘယ်လိုထင်ထင် သောက်ဂရုမစိုက်ဘူး"

မောင်အနေရ ခက်သွားကာ ပလက်ဖောင်းဝဲယာကို ဟိုဟိုသည်သည် ကြည့်သည်။ ခပ်လှမ်းလှမ်း မှတ်တိုင်မှာ လူသုံးလေးယောက် ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ လှမ်းကြည့်နေကြ၏။ ကျွန်မစိတ်ကို ပြန်ထိန်းချုပ်လိုက်ပြီး သက်နှ
ငိုက်လိုက်သည်။

"သက်နှင်းအိမ်ဟာ ဆရာဝန် တစ်ယောက်ပဲ၊ ဆရာဝန် တစ်ယောက်
ယူလိုက်ရင် သူ့သား ထမင်းငတ်မယ်လို့များ ထင်နေလို့လား"

ခပ်တိုးတိုး လေသံအေးအေးကလေးဖြင့် ကျွန်မ ရေရွတ်မိတော့ မော
ကျွန်မကို ရုတ်တရက် လှည့်ကြည့်သည်။ မောင့်မျက်နှာက တင်းမာနေ၏၊

"နှင်း...၊ နှင်းစကားက မာမီကို စော်ကားချင်တာလား ကျွန်တော့်
စော်ကားချင်တာလား"

နှစ်ယောက်လုံးပဲဟု မဖြေမိအောင် ကျွန်မ နှုတ်ခမ်းတွေ တင်းတင်းဖ
ထားလိုက်ရသည်။

"ဆရာဝန်ဆိုတဲ့ ဂုဏ်ပုဒ်ကို ထည့်ထည့်မပြောစမ်းပါနဲ့နှင်း ...နှင်း
အဲဒီ ဂုဏ်ပုဒ်ကို မာမီရော ကျွန်တော်ရော လုံးဝ သောက်ဂရု မစိုက်ဘူး
နားလည် လား၊ အဲဒါကို နှင်းခေါင်းထဲမှာ အမြဲထည့်ထား။ ကိုယ့်ပညာကိုယ်
သိပ်တော့ အထင်မကြီးနဲ့ ...မြန်မာနိုင်ငံကလူတွေ ဆရာဝန်ဘဝကိုဘာကြော
နှစ်သက်တယ်၊ဘယ်လို စိတ်အခြေခံနဲ့ ရွေးချယ်ကြတယ်ဆိုတာ ကျွန်တော်
သိတယ်၊ဘယ်လိုနည်းနဲ့ အသက်ရှင် ရပ်တည်ကြတယ်ဆိုတာ ကျွန်တော်
သိတယ်၊ ဒီတော့ နှင်းတို့က ကျွန်တော်တို့ကို အထက်စီးနဲ့ ကြည့်စ
မလိုဘူး၊ နှင်းက ကျွန်တော့်ထက် တော်တယ်လို့လဲ ဘယ်တုန်းကမှ ကျွန်တော်
မထင်ခဲ့ဘူး"

တိုးတိုးကလေး ပြောပေမယ့် မောင့်စကားများက ကျွန်မကို ပြင်းထန်စွာ
ထိမှန်လာသည်။ ကျွန်မသည် ဒေါသကိုထိန်းချုပ်လျက် မောင့်မျက်လုံးများကို
စိုက်ကြည့်နေမိသည်။ မောင်ကလည်း ကျွန်မမျက်လုံးများကို စူးရှစွာ စိုက်
ကြည့်နေ၏။

"နှင်းသိထားဖို့က မိန်းမတစ်ယောက်ဟာ ဆရာဝန်ဖြစ်နေရုံကလေး
တော့ ယောကျ်ားတစ်ယောက်ကို လွယ်လွယ်ကူကူ မရနိုင်ဘူး"

ထိုစကားအဆုံးမှာတော့ ကျွန်မ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘဲရှိသ
အင်အားကို အသုံးပြုကာ မောင့်မျက်နှာကို လှမ်းရိုက်ချလိုက်သည်။ မောင်က
ကျွန်မ ရိုက်မှာ ကြိုတင်သိပုံရကာ ကျွန်မလက်ကို လျင်မြန်စွာ ဖမ်းဆွဲ ထိန်း



ချုပ်လိုက်လေသည်။ ကျွန်မသည် မောင်တအား ဆုပ်ကိုင် ဖျစ်ညှစ်ထား၍
နာကျင်သွားသော လက်ကို ရုတ်ပြန် မရုန်းဘဲ အလိုက်သင့် လျှော့ချထားရင်း
မျက်တောင် တဖျပ်ဖျပ် ခတ်ကာ မျက်ရည်ကို ထိန်းထားလိုက်သည်။
ရင်ထဲမှာတော့ ဒေါသဖြင့် ဒိုက်ဒိုက်တုန်အောင် နာကျည်းနေ၏။

"ဆောရီး ...ကျွန်တော်က နှင်းကို စော်ကားဖို့ ဒီစကား ပြောတာ
မဟုတ်ပါဘူး၊ ကျွန်တော့် ယုံကြည်ချက်ကို နှင်းသိအောင် ပြောတာပါ"

ထို့နောက် ကျွန်မလက်ကို မောင့်မျက်နှာဆီသို့ ဆွဲယူကာ နှုတ်ခမ်းဖြင့်
ထိကပ်နမ်းပြီးမှ အသာအယာ လွှတ်ပေးလိုက်လေသည်။ မောင်က ကျွန်မကို
ညင်ညင်သာသာ ပြုံးကြည့်နေတော့ ကျွန်မ မောင့်မျက်နှာကို မကြည့်ဘဲ
မျက်နှာလွှဲကာ အံကြိတ်ထားမိသည်။

"ကျွန်တော်တို့ မှတ်တိုင်မှာ ကားစောင့်ရင်း ရုပ်ရှင်ကားပြောတာက ပို
ကောင်းမယ်ထင်တယ်၊ လာ ...နှင်း ...ဒီအတိုင်းကြီးက သိပ်မစွံဘူး"

ကျွန်မသည် ပတ်ဝန်းကျင်ကို သတိရကာ မောင့်နောက်မှ မလှမ်းချင်
လှမ်းချင် လိုက်ပါသွားရသည်။

"ကျွန်တော် သိပ်ချစ်ရတဲ့ မိန်းမတစ်ယောက် ဆရာဝန်ဖြစ်နေတာကို
ကျွန်တော် ဘာတတ်နိုင်မှာမို့လဲနှင်းရယ် ...နှင်း ကျွန်တော့်ကို နားလည်နိုင်ရင်
ဘယ်လောက် ကောင်းမလဲ"

စိတ်ပျက် အားငယ်သော မောင့်အသံကြောင့် ကျွန်မ တင်းထားသော
ဒေါသတွေ တဖြည်းဖြည်း လျော့ကျသွားသည်။ မှတ်တိုင်မှာ ရပ်မိကြတော့
မောင်က ကျွန်မကို ပြုံးပြသည်။

"Je t'aime beaucoup. Tu me crois?"

ကျွန်တော် ခင်ဗျားကို သိပ်ချစ်တယ် ယုံရဲ့လားဟု မေးတော့ ကျွန်မ
ခပ်စူစူ ပြုံးလိုက်မိလေသည်။

"ကိုယ်ယုံပါတယ်၊ ဒါပေမယ့် ကိုယ်ဘာဆက်လုပ်ရမှာလဲ"

"ဘာကိုလဲနှင်း"

"ဩော် ...အကြောင်းပြချက် မရှိဘဲ သူ့သားနဲ့ သဘောမတူနိုင်တဲ့
ကိုယ့်ယောက္ခမလောင်းကြီး သဘောတူလာအောင် ကိုယ်က ဘာတွေများ
ကြိုးစားပေးရဦးမလဲလို့"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ရှိချင်သည်ကို မောင်က နားလည်စွာ မသက်မသာ ပြုံး၏၊ ထို့နောက် ပလက်ဖောင်းပေါ်မှာ လေဖြင့် လွင့်ပါသွားသော စက္ကူစကလေးကို ဟိုးခပ်ဝေးဝေးအထိ လိုက်ကြည့်နေပြီးမှ ကျွန်မ ဘက်သို့ လှည့်ကြည့်သည်။

"အမှန်အတိုင်း ပြောရရင်တော့ မာမီ နှင်းကို မကြည့်ဖြူတာ နှင်းရဲ့ ကိုယ်ကျင့်သိက္ခာကိုပဲနှင်း"

ကျွန်မ နားထဲမှာ ဗုံးပေါက်ကွဲသလို ကျယ်လောင်စွာ ထိုးဖောက်ဝင် ရောက်သွားသည့် ကိုယ်ကျင့် သိက္ခာဟူသော စကားလုံးကို ကျွန်မ မယုံကြည့်နိုင်အောင် ဖြစ်နေမိပါသည်။ ကျွန်မ တစ်ကိုယ်လုံး တောင့်တင်း အေးစက်ပြီး မျက်နှာကတော့ ပူလောင်လာသည်။

"နှင်း ဒေါသကို ထိန်းဦးနော်၊ ကျွန်တော် ရှေ့ဆက် ပြောမလို့"

ကျွန်မဲ ခပ်မဲ့မဲ့ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ဖြစ်သွားတဲ့ပြဿနာက ကျွန်တော့်ကြောင့်ပဲ၊ အဲဒါကို နှင်းသိပြီးတဲ့အပြင် နှင်း မာမီကို အပြစ်တင်မလား ကျွန်တော့်ကို အပြစ်တင်မလား၊ ဒါမှ မဟုတ် နှင်းကိုယ်နှင်း အပြစ်တင်မလား ကျွန်တော် မသိချင်ဘူးနော်... ကျွန်တော့်ကို နှင်းဘာမှ မပြောပါနဲ့"

ကျွန်မ အနည်းငယ် အံ့သြစွာပင် ခေါင်းညိတ်ပြဖို့ မေ့နေသည်။

"နှင်းနဲ့ ကျွန်တော်နဲ့ ချစ်သူဘဝအစပိုင်း ရက်တွေမှာ နှင်းရဲ့ အရင် လူကြောင့် ကျွန်တော်ဘယ်လောက် နစ်နာခဲ့တယ်ဆိုတာ နှင်းသိပါတယ်နော်"

"ကိုယ် စိတ်မကောင်းပါဘူး မောင်ရယ်"

"ထားလိုက်ပါ နှင်း ...အဲဒါကို အခုချိန်မှာ တတ်နိုင်သမျှ ကျွန်တော် မေ့ဖယ်ထုတ်ထားပါတယ်၊ ဒါပေမယ့် အဲဒီ ရက်တွေတုန်းကတော့ ကျွန်တော် ရင်ထဲမှာ မီးလောင်နေသလိုပဲအစ်ရ ခက်တယ်၊ နှင်းကိုလဲအရမ်းနာကျည်းတယ် မုန်းတီးဖို့ ကြိုးစားတယ်မရဘူး၊ အဲဒီ အချိန်မှာ ကျွန်တော် မစားချက် ဒိုက်ယာရီမှာ ပွင့်ချခဲ့မိတယ်"

ဘုရားရေ ...၊ ဒိုင်ယာ ...။ ကျွန်မ ထိုမိန်းကလေးကို မေ့ထားမိခဲ့တာ ဘယ်လောက် ကြာခဲ့ပြီလဲ။ ထိုမိန်းကလေးနှင့် မောင်၏ ရင်းနှီးမှုအတိုင်းအတာကိုလည်း ကျွန်မ အတွင်းကျကျ မသိခဲ့ရပါလား။



"မစိုးရိမ်ပါနဲ့နှင်း ...ဒိုင်ယာက မြန်မာနိုင်ငံမှာ မရှိတော့တာ သုံးလေးနှစ် ရှိပါပြီ"

ကျွန်မကို မောင်က နှစ်သိမ့်သလို ပြုံးပြအားပေးသည်။

"ကျွန်တော် သူ့ဆီကိုစာလှမ်းရေးပြီး နာကျည်းမှုကို ပွင့်ပြောခဲ့ရတာပေါ့။ အမှန်အတိုင်း ပြောရရင် ကျွန်တော့်ကို အမြဲတမ်း နှစ်သိမ့်ပေးနေတဲ့ ဒိုင်ယာဆီက အားပေးစကား ဒါမှမဟုတ် တိုက်တွန်းစကားတစ်ခုခုကို ကျွန်တော် မျှော်လင့်တာလဲပါပါတယ်၊ နှင်းကို ကဲ့ရဲ့မျက်လုံးနဲ့ ကြည့်ကြမယ်၊ ကြည့်နိုင်တဲ့ အခွင့်အရေးလဲရှိတဲ့ ဒီက ကျွန်တော့် သူငယ်ချင်းတွေကို ပွင့်မပြောဘဲ အဝေးမှာ ရှိနေတဲ့ သူငယ်ချင်းကိုပဲ ပွင့်ချခဲ့တာလဲ ပါပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ မိန်းမတစ်ယောက်ကို ကြောင်တောင်နိုက်ဖုံတဲ့ ကောင်ဘဝကို ရောက်ခဲ့ပြီဆိုတာ ကျွန်တော် နာနာကျည်းကျည်း ရေးမိတယ်၊ ဒီမိန်းမက ကျွန်တော်တို့ ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်တည်း ထိန်းချုပ်ပြီး ချွေးနှစ်ကောင် အစာလုတာကို အရသာခံ ကြည့်သလို ကြည့်နေပြီဆိုတာ ကျွန်တော်ရက်ရက်နဲ့ ရေးခဲ့မိတယ်"

မောင် ကျွန်မကို မကြည့်ဘဲ မျက်နှာလွှဲ ထားပါသည်။ ကျွန်မ ခပ်ရက်ရက်ဖြင့် မျက်လွှာချကာ ခေါင်းတစ်ချက် ညိတ်လိုက်မိသည်။

"အဲဒီလို တိုင်တည်မိတဲ့ ရလဒ်ကတော့ မာမီ့ဆီကို ဒိုင်ယာက ကျွန်တော့် အဖြစ်တွေကို ပြန်ပြောပြလိုက်တဲ့ စာတစ်စောင် ရေးတော့တာပါပဲ"

ကျွန်မ မောင့်ကို မကြည့်ဘဲရှေ့မှာ ဖြတ်မောင်းသွားသော ကားတွေကို စူးစိုက်ကြည့်နေခဲ့မိသည်။ ကျွန်မ မျက်နှာမှာ ပူနွေးသွား၏။

"မကြာခင်မှာ မာမီက ကျွန်တော့်ကို နှင်းအကြောင်း မေးလာရော။ အဲဒီနေ့က မာမီက မေးခွန်းနှစ်ခု မေးတယ်နှင်း၊ ယောကျ်ားဖြစ်လျက်နဲ့ မိန်းမတစ်ယောက်ရဲ့ အပြိုင်အမြှောင် ရည်းစားဘဝကို ဘာဖြစ်လို့ အရှက်မရှိ မက်မောနေရတာလဲ ...တဲ့။ ကျွန်တော် ပထမတော့ ရက်လည်းရှက် ဝမ်းလဲနည်းပြီး ဘာစကားမှ မပြောနိုင်အောင် ဆွံ့အသွားခဲ့ရတယ်၊ ဒါပေမယ့် ကျွန်တော် မဖြေလို့ မဖြစ်ဘူးလေ ...ကျွန်တော့် ဂုဏ်သိက္ခာအတွက်ရော နှင်းသိက္ခာအတွက်ရော ကျွန်တော် ဖြေရတော့တာပေါ့။ အဲဒီ အဖြစ်ဟာ ပြီးခဲ့ပြီဆိုတဲ့အကြောင်း အခုအချိန်မှာကျွန်တော်ကသာ နှင်းရဲ့တစ်ဦးတည်းသော

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူပြန်ကဲ့အကြောင်း ပြေလိုက်တယ်နှင်း ...ဒါပေမယ့် နှင်းရယ် အဲဒီအချိန်မှာ ကျွန်တော် မာမီ့ရှေ့မှာ လိပ်ပြာသန့်မယ်များ ထင်သလား၊ ကျွန်တော့်မျက်နှာကို ကျွန်တော်ဘယ်မှာ ဖွက်ထားရမှန်း မသိအောင် ရှက်နေခဲ့ရတာပါ၊ အဲဒီလို ရှက်မိလို့ နှင်း အပြစ်တင်ရင်လဲ ကျွန်တော် ခံရုံပါပဲ နှင်းရယ် ...

အက်ကွဲသော မောင့်စကားသံ တိုးတိုးကလေးသည် ကျွန်မ ရင်ထဲသို့ ကျယ်လောင်စွာ ထွင်းဖောက် ဝင်ရောက်လာခဲ့သည်။ ကျွန်မသည် ပင့်သက်တစ်ချက် ရှိုက်ကာ မောင့်မျက်နှာကို ကြိုးစား၍ ကြည့်လိုက်သည်၊ မောင် ကျွန်မကို ကြည့်မနေပါ။

"နောက် မေးခွန်း တစ်ခုကတော့ ဖြေရတာ လွယ်ပါတယ်"

မောင်က ခပ်မဲ့မဲ့ ပြုံး၍ လက်ပိုက်ကာ သူ့ဖိနပ်သူငုံ့ကြည့်ရင်း ပြောသည်။

"သား သူ့ကို ယူမှာလားတဲ့"

ကျွန်မ ရင်ထဲမှာ နာကျင်သွားသည်။

"နှင်းဟာ သူ့ဘဝမှာ ခင်ပွန်းတစ်ယောက် လိုအပ်တယ်လို့ သူကိုယ်တိုင် ယုံကြည်တဲ့ တစ်နေ့မှာ နှင်းရဲ့ခင်ပွန်းဟာ ကျွန်တော်ပဲဖြစ်ရမယ်... တခြား ဘယ်သူမှ မဖြစ်ရဘူး၊ အဲဒီလို ကျွန်တော်ဖြေခဲ့တယ်နှင်း"

ကျွန်မ မောင့်လက်ကို ဖမ်းဆွဲ ဆုပ်ကိုင်ကာ မျက်ရည်ဝဲလျက် ပြုံးမိသည်။ ကျေးဇူးအများကြီး တင်ပါတယ် မောင်ရယ် ...။

* * *

မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ရွေးချယ်လိုက်ပြီဆိုရင် အဲဒီမိန်းမရဲ့ ဂုဏ်သိက္ခာကို သူ့ချစ်သူ သူ့ခင်ပွန်းရဲ့ အရည်အချင်း၊ အမူအကျင့်တွေနဲ့ပေါင်းပြီး ဆုံးဖြတ်သတ်မှတ်ခံရလေ့ရှိပါတယ်။

ကြာပွင့်တစ်ပွင့်ရဲ့ လှပတင့်တယ်မှုဟာ သူပွင့်လန်းရတဲ့ ရေပြင်ရဲ့ ကြည်လင်နက်ရှိုင်းမှုပေါ်မှာ မူတည်သလိုပဲ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သရေဟာ သူချစ်မြတ်နိုးမိတဲ့ ယောကျ်ားရဲ့ ဂုဏ်သရေကိုမှီးပြီး ဖြစ်ပေါ်ရတာတ် ပါတယ်။

ဒီတော့ မိန်းမတစ်ယောက် သူ့ချစ်သူယောကျ်ားဆီက လိုချင်တဲ့ အရာတွေဟာ ယောကျ်ားတစ်ယောက် သူ့ချစ်သူမိန်းမဆီက လိုချင်တဲ့ အရာ တွေနဲ့ မတူနိုင်ဘူးပေါ့ မောင်ရယ်။

ယောကျ်ားတစ်ယောက်ရဲ့အချစ်ဟာ ရုပ်ဝါဒဆိုင်ရာ စံသတ်မှတ်ချက်တွေပေါ် အခြေခံတာများပေမယ့် မိန်းမတစ်ယောက်ရဲ့ အချစ်ကတော့ စိတ် ဝါဒဆိုင်ရာ စံသတ်မှတ်ချက်တွေအပေါ် အခြေခံတာတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ၏ ဂုဏ်သိက္ခာကို ထိခိုက် နွမ်းပါးစေသော မောင့်ပတ်ဝန်းကျင် ထင်မြင်ချက်သည် ကျွန်မ၏ မာနကို ရှိသင့်သည်ထက် ပိုများပြားအောင် ပေးခဲ့သည်။ ကျွန်မ ဘာဆက်လုပ်ရမှန်း မသိတော့လောက်အောင် ကျွန်မကို အလဲထိုးလိုက်သော အမှန်တရားတစ်ခု ဖြစ်ပါသည်။ တစ်နို့ တွေးမိတိုင်း နာကျည်းခံပြင်းရသော စွပ်စွဲချက် တစ်ခုအောက်မှာ ကျွန်မသည် ကိုယ်တိုင်လည်း မငြင်းပယ်နိုင်ဘဲ အံကြိတ်နေရသည်။

ကျွန်မသည် အလွန် သိက္ခာမဲ့သော လုပ်ရပ်တစ်ခု လုပ်ခဲ့မိသလား၊ နာရီပေါင်းများစွာ ကိုယ့်ကိုယ်ကိုဆန်းစစ်ဝေဖန်ဖို့ ကျွန်မ ကြိုးစားမိသည်၊ ကျွန်မမှာ အပြစ်ရှိသည်ဟု ကျွန်မ မထင်မြင်မိပြန်ပါ။ ယောကျ်ားနှင့် မိန်းမ တွေ့ကြုံပြားသည့် အချက်များကိုသာ နံပါတ်စဉ်ထိုး၍ စစ်ဆေးကြည့်ရင်း ကျွန်မသည် ပတ်ဝန်းကျင် ထင်မြင်ချက်ကို ဒေါသဖြစ်လာသည်။

ကျွန်မ၏ချစ်သူဖြစ်ခွင့်ရဖို့ သူ့သား သည်အခြားယောကျ်ားတစ်ယောက် နှင့် ယှဉ်ပြိုင်ရွေးခံရသလို အခြေအနေမျိုး ဖြစ်နေခဲ့သည်။ ၎င်းအခြေအနေ မောင့်မိခင်က နာကျည်းပုံရပါသည်။ ကျွန်မလို မိန်းမမျိုးကို သူ့သား မချ သင့်ဘူးဟု ယူဆလေသလား။ ကျွန်မ အနာကျည်းဆုံး စကားမှာ "သား သူ့ကို ယူမှာလား"ဟူသော မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းကိုများ ကျွန် မေးကြားရင် ဘယ်လောက်ဒေါပွလိုက်လေမလဲ။

"သူက သားကို ယူမှာလား"ဟု မမေးဘဲနဲ့ ဘာကြောင့် "သား သူ့ ယူရမှာလား"လို့ မေးရတာလဲ။

မိန်းမနှင့်ယောကျ်ားနှစ်ယောက် ယှဉ်လိုက်လျှင် မည်သည့် ကိစ္စမှာ ယောကျ်ားက ပြုလုပ်ဆုံးဖြတ်သူ (subject) နေရာမှာရှိပြီး မိန်းမက ပြုလု ဆုံးဖြတ်ခံရသူ (object) နေရာမှာ ရှိနေသည့်သဘာဝတရားကြီး၏နိယာမအ မေးသော မေးခွန်းသာ ဖြစ်ကြောင်း ကျွန်မသိပါသည်။ သို့သော် ကျွန်မသည် နေရာတကာမှာ သဘာဝ၏ဖိနှိပ်မှုအောက်၌ နေလိုသော မိန်းမမဟုတ်။

ကဲ ...မနေချင်တော့ နင်က ဘာလုပ်နိုင်မှာမို့လဲ သက်နှင်းအိမ်"

ကျွန်မသည် ပတ်ဝန်းကျင်အပေါ် အနိုင်ယူလိုစိတ်ဖြင့် မောင့်ကို နှ

ပယ်ပစ်လိုက်ရတော့မလားဟု ဆင်ခြင်ကြည့်မိသည်။ "သား သူ့ကို ယူမှာ လား"ဟူသော မေးခွန်းသည် မှားယွင်းကြောင်း မောင့်မိခင်ကို ကျွန်မ သက်သေပြချင်သည်။ ထိုကဲ့သို့ သက်သေပြနိုင်ဖို့ မောင့်မျက်ရည်နှင့် ကျွန်မ မျက်ရည်ကို အရင်းအနှီးပြုမှရမည်။ ရလာမည့် ရလဒ်နှင့် ရင်းရသည့် အရင်း အနှီး ညီမျှပါရဲ့လား။ ကျွန်မ တွေးမိပြန်တော့ အနည်းငယ်တွန့်ဆုတ်သွား၏။

ကျွန်မဘေးမှာ မောင်မရှိလျှင် ဘာဖြစ်သွားမလဲ။

ကျွန်မဘာမှ ဖြစ်သွားမှာ မဟုတ်ပါ။ လောကမှာ မောင့်လိုအညီအချင်း မျိုးနဲ့ ယောကျ်ားတွေ အများကြီးပဲမဟုတ်လား။ ကျွန်မသည် မောင့်ကို စွန့် လွှတ်ပစ်ပယ်ရန် ကြိုးစားတော့သည်။

သို့သော် ကျွန်မသည် မောင်တစ်ယောက်က လွဲ၍ အခြား ယောကျ်ားများ ကို တန်ဖိုး မထားနိုင်ပါ။ မိမိချစ်သူမိန်းမကို ကြည့်နေသည့် မောင့်မျက်လုံးများ၏ ဉာဏ်မြှူကို ကျွန်မနှစ်သက်သည်။ ပတ်ဝန်းကျင်က မိန်းကလေးများ အပေါ် လောင်ပြောင်စနောက်လိုသည့် မျက်လုံးနှင့်ပဲဖြစ်ဖြစ် သာယာတပ်မက်သည့် မျက်လုံးနှင့်ပဲဖြစ်ဖြစ် ဘယ်တုန်းကမျှ မကြည့်တတ်သော မောင့်မျက်နှာ ဉာဏ်မြှူကို ကျွန်မနှစ်သက်သည်။ လမ်းလျှောက်ရင်း လုံချည်ကို ဘယ်တော့မှ မမတတ်သော (အောင်းဘီဝတ်ထားသည့် အချိန်ဖြစ်စေ၊ ပုဆိုးဝတ်ထားသည့် အချိန်မှာဖြစ်စေ) ကုလားထိုင်မှာ ထိုင်လျှင် ဘယ်တော့မှ ဒူးကိုကားပြီး မထိုင်တတ်သော သိမ်မွေ့သည့် မောင့်အမူအကျင့်ကို ကျွန်မ နှစ်သက်သည်။ လက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေနှင့် စကားပြောရင်း ဖြစ်စေ၊ ကျွန်မနှင့် စကားပြောရင်း ဖြစ်စေ သံကြောင်ဟစ်၍ မရယ်မောတတ်သော မောင့်စရိုက်ကို ကျွန်မ နှစ်သက်သည်။ ကျွန်မနှင့်အတူ ဘတ်စ်ကား တိုးစီးတိုင်း ကျွန်မအတွက် ဘယ်တော့မျှ နေရာလု မပေးတတ်သည့် မောင်၏ သိုးသန့်နိုင်မှုကို ကျွန်မ နှစ်သက်သည်။ ဟိုင်းလပ်ကစ်ကားသေးပေါ်မှာ လူချင်းကပ်၍ ထိုင်ရစဉ် ကျွန်မကို သူစိမ်းတစ်ယောက်လိုပင် သဘောထားသောကြောင့် ကျွန်မ၏ မျက်နှာနား ကပ်ပြီးလည်း ဘယ်တော့မှ စကားပြောဖို့ မကြိုးစားသောကြောင့် မောင်၏ ဉာဏ်မြှူရရ တင်းမာမှုကို ကျွန်မ နှစ်သက်သည်။ လမ်းသွားရင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ လုံချည်ဖြန့်ဝတ်လျှင် မျက်နှာတိ မျက်နှာထားဖြင့် ငေါက်တတ်သော မောင်၏ သတိထားမှုကို ကျွန်မ နှစ်သက်သည်။

ပွင့်လင်းသော ချစ်သူဘဝသို့ ရောက်ပြီးနောက် အေးအေးဆေးဆေး စကားပြောရအောင်ဟု မောင်ရွေးချယ်သော နေရာသည် လက်ဖက်ရည်ဆိုင်များသာ ဖြစ်ခဲ့သောကြောင့် ကျွန်မ မောင့်ကို သဘောကျသည်။ လက်ဖက်ရည်ဆိုင်မှာ မျက်နှာချင်းဆိုင် ထိုင်၍ စကားပြောရင်း စားပွဲခုံအောက်မှာ ကျွန်မခြေထောက်နှင့် မောင့်ခြေထောက် မတော်တဆ ထိမိသွားလျှင် မောင်က အလျင် ဆုတ်ဖယ်၍ ရှောင်ကြဉ်ပေးတတ်သောကြောင့် မောင့်ကို ကျွန်မ သဘောကျသည်။ နှစ်ယောက်အတူတွဲ၍ ရုပ်ရှင် ကြည့်ကြတိုင်း ကျွန်မနှင့် မောင်အကြား ခြားနေသော ကုလားထိုင်လက်ရမ်းပေါ်မှ ကျွန်မလက်ဖျားများကို ခပ်ဖွဖွ ဆုပ်ညှစ်ကိုင်ထားရုံမှတပါး ကျွန်မ၏ ပခုံးကိုပင် ဖက်ပွေ့မှု မရှိသော မောင်၏ ထိန်းချုပ်အားစက်မှုကို ကျွန်မသဘောကျသည်။

မိန်းမများသည် ယောကျ်ားများထံမှ ယုယကြင်နာမှုနှင့် ဖက်ပွေ့မြူဆွယ်မှုကို လိုချင် တပ်မက်သော်လည်း နေရာဒေသနှင့် အခြေအနေသည် မိန်းမကို အမြဲထိန်းချုပ်တားမြစ် ထားတတ်ပါသည်။ ဤအချိန် ဤနေရာတွင် ဤကဲ့သို့ ယုယကြင်နာမှုမျိုး မရှိသင့်ဟု ကိုယ်ပိုင်ဦးနှောက်ဖြင့် ဆုံးဖြတ်နိုင်စွမ်း မိန်းမှုတွေမှာ ရှိပါသည်။ မရှိသင့်ဘူးဟု မိမိထင်နေသော အခြေအနေမျိုးမှာ မလျော်ကန်သော ယုယပြုစုမှုကို ရလာသည့်အခါ မိန်းမတွင် သာယာစိတ်ဖြစ်ပေါ်မည့်အစား ရှက်ရွံ့ကြောက်လန့်စိတ်နှင့် ရွံရှာစိတ် ဖြစ်ပေါ်တတ်ပါသည်၊ ထိုအချိန်တွင် ဖြစ်ပေါ်သော မိန်းမ၏ ရှက်ရွံ့စိတ်သည် မိမိတစ်ဦးတည်း၏ ဂုဏ်သိက္ခာအတွက်လည်း မဟုတ်ပါ။ မိမိ၏ ချစ်သူဖြစ်နေရသော ယောကျ်ား၏ ဂုဏ်သိက္ခာအတွက်လည်း ရှက်ရွံ့ရပါသည်။ နှစ်ဦးတည်း မဟုတ်သော အခြေအနေတစ်ခုကို ယောကျ်ားများက နှစ်ဦးတည်းဟု ပစ်စလက်ခတ် ယူဆနိုင်သော်လည်း မိန်းမ၏ အသိစိတ်တွင် ပတ်ဝန်းကျင်ဟူသော အသိက အမြဲ ခြောက်လှန့်လျက် ရှိတတ်သည်။ မိန်းမတစ်ယောက်၏ stop။ (ဟင့်အင်း)ဟူသော တားမြစ်စကားသည် go on ဟု အဓိပ္ပါယ်ရကြောင်း ပြောင်းပြန်နိယာမတစ်ခုသည် အမြဲမမှန်ကန်ပါ။ အခြေအနေနှင့် အချိန်အခါမှာ မူတည်၍သာ မှန်ကန်နိုင်ပါလိမ့်မည်။



မောင်သည် ကျွန်မမည်သည့် အရာများကို တန်ဖိုးထားကြောင်း ပါးနပ်စွာ ရိပ်မိပြီး ကျွန်မသဘောကျ နှစ်သက်အောင် ဟန်ဆောင်၍ ပြုမူနေထိုင်တာများလားဟု ကျွန်မ တစ်ခါတစ်ရံ သံသယဝင်မိဖူးသည်။ သို့သော် သည်လောက်တောင် ဂရုတစိုက် ထိန်းချုပ်ပြုမူ နေနိုင်မှုတော့ ထိုထိန်းချုပ်နိုင်မှုအတွက်ပင် ကျွန်မ မောင့်ကို လေးစားရပါလိမ့်မည်။

အင်းလျားလမ်း ပန်းချီပြခန်းတစ်ခုမှအပြန် ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်စဉ် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ဖို့ ကိစ္စအား ကျွန်မတို့ နှစ်ယောက် မိနစ်အတော်ကြာအောင် ဆွေးနွေးယူခဲ့ရဖူးသည်။

"နှင်း ...စကားပန်းနုံ့လေးက မွှေးတယ်နော်"ဟု မောင်က ပြောတော့ အင်း ...ဟု ကျွန်မ ရေရွတ်သဘောတူမိသည်။

"လူလဲသိပ်ရှင်းတာပဲနော်နှင်း"ဟု မောင်က ထပ်ပြောတော့ ကျွန်မ ခေါင်းညိတ်ရုံပဲ ညိတ်တော့သည်။

"ဒီလမ်းမှာ ကိုယ်ပိုင်ကားတွေပဲ ဖြတ်သွားတာဆိုတော့ ကျွန်တော်တို့ အသိတွေ မပါနိုင်ဘူး"

ကျွန်မ မောင့်ကို လှည့်ကြည့်တော့ မောင်က နုံးနုံးညံ့ညံ့ ပြုံးနေ၏။

"အဲဒီတော့..."

"အဲဒီတော့ ဒီလမ်းမျိုးမှာမှ ကျွန်တော်တို့ လက်မတွဲရင် ဘယ်လမ်းမှာ လက်တွဲသွားနိုင်ကြမှာလဲ"

ကျွန်မ ခပ်ဟဟ ရယ်လျက် မောင့်ကို မျက်စောင်းထိုးမိသည်။

"မောင် ဘယ်လို ဖြစ်နေလဲ ... ဘာ စိတ်ရူးပေါက်နေတာလဲ"

"မဟုတ်ဘူးလေ ...တစ်ခါ တစ်ခါ မှာတော့ လူတစ်ယောက်က သူ့ချစ်သူလက်ကို တွဲချင်မှာပဲ မဟုတ်လားနှင်းရဲ့"

မောင့်လေသံ ပျော့ပျော့ကလေးကြောင့် ကျွန်မ မောင့်ကို မရယ်မော ရက်တော့ပါ။

"ဟုတ်ပြီလေ ...တွဲချင်စိတ် ပေါက်လာရင် တွဲလိုက်ပေါ့ မောင်ရဲ့"

သို့သော် မောင်က ရှက်ပြုံးဖြင့် တိတ်ဆိတ်စွာ လမ်းလျှောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို လက်မတွဲပါ။ လေးငါးလှမ်း ဆက်လျှောက်မိတော့မှ မောင်က ကျွန်မ ဘက်ငဲ့ကြည့်သည်။

"ကျွန်တော်ကစပြီး လက်တွဲရင် တစ်ယောက်ယောက် မြင်လို့ မကောင်းဘူး နှင်းရဲ့၊ နှင်းကစပြီး လက်တွဲမှ ကောင်းမယ်"

"အလိုတော် တင်တင်စီးစီး ...ကျုပ်က တော့်ကို လက်တွဲချင်တာ မဟုတ်ဘဲ"

ကျွန်မ ပျာပျာသလဲ ငြင်းတော့ မောင်က ခပ်ဖွဖွ ရယ်လေသည်၊

"ဒါပေမယ့် ကျွန်တော်က နှင်းလက်ကို တွဲထားချင်တယ်လေ၊ ဒီ တာက ယောကျ်ားလေး တစ်ယောက်က မိန်းမလေးတစ်ယောက် လက်ကို သွားကိုင်ရင် နာဘူးလို့ အထင်ခံရမှာနှင်းရဲ့"

"ဩော် ...ဒါမျိုးကျတော့ သိတတ်တယ်၊မိန်းကလေးက သွားကိုင်တော့ ရော"

"အင်း ...အဲဒါကျတော့တစ်မျိုးလေ၊ကောင်မလေးက သူ့ကောင်လေး ကို သိပ်ချစ်တာကိုးလို့ ယူဆတတ်ကြတယ်၊ ဒါကို အပြစ်မမြင်ဘူး နှင်းရဲ့... ချစ်စရာ ကောင်းသွားတတ်တယ်လေ"

ကျွန်မ ဟက်ဟက်ပက်ပက် ရယ်မိတော့ မောင် ပြုံးနေ၏။

"ကဲဘယ်လိုလဲနှင်း ...ရှေ့မှာ တက္ကသိုလ် ရိပ်သာလမ်း ရောက်တော့ မယ်"

"ရောက်ရောက်ပေါ့ကွာ ...ကိုယ်ကတော့ စမတွဲနိုင်ပါဘူး"

ကျွန်မ ပြုံးပြုံးစစနှင့်ငြင်းတော့ မောင်က မျက်နှာ ချက်ချင်း တည်သွား သည်။

"ကောင်းပြီ ...ကျွန်တော်ကပဲ ဂုဏ်သိက္ခာကျခံပြီး တွဲမယ်"

တကယ်ပင်မောင်က မျက်နှာကြော ခပ်တင်းတင်းဖြင့် ကျွန်မလက် ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်လေသည်။ ကျွန်မရယ်ချင်စိတ်ကို မျိုသိပ်လျက် မောင့်လက်ကို ပြန်မဆုပ်ကိုင်ဘဲ ကျွန်မလက်ကိုပျော့ညွတ်စွာ အလိုက်သင့်ထား လိုက်သည်။

"အင်း ...သိက္ခာကျလက်စနဲ့ မထူးတော့ပါဘူး နှင်းရယ်၊ ပွတ်တိုင်ထိ ရောက်အောင် ကျွန်တော် လက်တွဲသွားတော့မယ်၊ သဘောတူလား နှင်း"



ကျွန်မ မောင့်လက်ကို ဖျစ်ညှစ်ရင်း ရယ်မိပါသည်။

ဆောင်းနှင်းအသွား ဟိုင်းလပ်ကားသေးပေါ် ရောက်ပြန်တော့ ချစ်သူ ကိုလက်တွဲချင်သော ကောင်လေးတစ်ယောက်မဟုတ်တော့ဘဲ ကျွန်မနှင့်ဘာမှ မပတ်သက်သလို ဣန္ဒြေရရ လူကြီးတစ်ယောက် ပုံစံမျိုးဖြစ်သွားပြန်လေသည်။

တစ်ခါတုန်းက ကားသေးပေါ်မှာ မောင်နှင့်ကျွန်မ ဘေးချင်း ကပ်လျက် ထိုင်ရင်း မောင့်အင်္ကျီကော်လံအစွန်းမှာ ရှိနေသော ပုရွက်ဆိတ်ကလေး တစ်ကောင်ကို ကျွန်မ ကောက်ယူပေးမိဖူးသည်။ ကားထဲမှာတော့ မောင်ဘာမှ မပြောပါ။ ကားပေါ်က ဆင်းတော့မှ မောင်က ကျွန်မကို အပြစ်တင်တော့သည်။

"နှင်းဘာဖြစ်လို့ လူတွေရှေ့မှာ ကျွန်တော့်ကော်လာကို လာကိုင်တာလဲ"

"မောင့်အင်္ကျီကော်လံမှာ ပုရွက်ဆိတ်ကလေးတက်နေလို့လေ"

မောင်က စိတ်မရှည်စွာ ခုတ်သပ်လိုက်လေသည်။

"နှင်းကလည်း သိပ်ခက်တာပဲ၊ ပုရွက်ဆိတ်မကလို့ ဘာကြီးဖြစ်နေနေ ထားလိုက်ပေါ့၊ပုရွက်ဆိတ် ကိုက်ရုံနဲ့တော့ ကျွန်တော်သေ မသွားနိုင်ပါဘူး"

ကျွန်မ အနည်းငယ် ဒေါပွသွား၏။

"ကိုယ့်လက်နဲ့ မင်းအင်္ကျီစ ထိရုံနဲ့လဲ မင်းသေမသွားနိုင်ပါဘူး"

မောင်က ကျွန်မကို မျက်မှောင်ကြုတ်ကြည့်သည်၊

"ဒါပေမယ့် လူတွေက နှင်းကို ဘယ်လိုထင်မလဲ"

"ကိုယ့်ချစ်သူ အင်္ကျီကော်လံကိုင်တာ ဘာဂရုစိုက်စရာလိုလဲ"

"နှင်း ဂရုမစိုက်ပေမယ့် ကျွန်တော်စိုက်တယ်နှင်း၊ နောက်တစ်ခါ အင်္ကျီမှာ ပုရွက်ဆိတ်တက်တက်၊မြွေပဲတက်တက် လူရှေ့မှာ နှင်းအဲလိုမလုပ်နဲ့၊ အဲဒါမျိုး ကျွန်တော်မကြိုက်ဘူး"

ထိုအချိန်ကတော့ မောင့်ကို တော်တော်ဒေါသထွက်မိ၏ ။သွေးအေးအေး ဖြင့် ပြန်စဉ်းစားတော့မှ မောင့်ကို ကျွန်မ ကိုယ်ချင်းစာကြည့်မိသည်။ ကျွန်မ ၏ အင်္ကျီပေါ်မှာ လည်ပင်းပေါ်မှာ လူရှေ့သူရှေ့ ယှယကြင်နာစွာ တစ်ခုံ တစ်ခုဖယ်ပေးသည့်အပြုအမူမျိုး မောင်ပြုမူလာလျှင် ကျွန်မဘယ်လိုခံစားရမလဲ၊ ဒေါသထွက်မိမည် ထင်သည်။ မျက်နှာပူစရာရော မဟုတ်ဘူးလား။ လူရှေ့

www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့ အသားယူခံရသလို မဖြစ် ဘူးလား၊ မိမိချစ်မြတ်နိုးသူသည် ထိုကဲ့သို့ကြွားဝါ အသားယူတတ်သူဟု ပတ်ဝန်းကျင် ထင်ခံရမှာ မရှက်ဘူးလား၊ ထိုသို့တွေးမိသောအခါ မောင့်ကို ကျွန်မခွင့်လွှတ်စွာ မြတ်နိုးမိသွားပါသည်၊

မောင့်ကို ခွန့်လွှတ်ပစ်ပယ်ဖို့ စဉ်းစားနေသော ကျွန်မသည် စဉ်းစားရင်းပင် မောင့်ကိုဘယ်လိုမှ မခွဲနိုင်ကြောင်း သေချာလာသည်။ ပတ်ဝန်းကျင်ကို အနိုင်ယူလိုစိတ်တစ်ခုတည်းဖြင့် မောင်နှင့် ဝေးကွာရမည်ဆိုတာကတော့ အဓိပ္ပာယ်မရှိလှပါဘူးဟု ကျွန်မ အမှန်အတိုင်း မြင်လာသည်။ ဤအမှန်တရားကို မမြင်မီက မောင်နှင့်ခွဲခွာဖို့ သွေးရူးသွေးတန်း စဉ်းစားမိခဲ့ချိန်က ကျွန်မ၏ ပူပန်သောကမှာ ကြောက်မက်ဖွယ်ရာပင်ဖြစ်သည်။

ထိုအချိန်ကျမှ မောင့်ဘက်က ခံစားချက်ကို ကျွန်မထည့်စဉ်းစားမိပါတော့သည်။

ကျွန်မနှင့်ပတ်သက်သမျှ လူတော်တော်များများ၏ ကဲ့ရဲ့ရှုတ်ချအကြည့်အထင်သေး မျက်လုံး၊ မုန်းတီးစက်ဆုပ်သည့်စကားအတင်းများ အားလုံးကို မောင် ဘယ်လိုမေ့ပျောက်ခဲ့ရပါလိမ့်။ ထိုပတ်ဝန်းကျင်၏ဒဏ်ကို မောင်ဘယ်လိုခံစားခဲ့ရပါလိမ့်။ ထိုအချိန်တွင် သက်နှင်းအိမ်ဆိုသည့် မိန်းမကို ပက်ပက်စက်စက် စွာချလိုက်မည်ဟူသော လက်စားချေ အတွေးမျိုး မောင် မတွေးမိဘူးလား။

ကျွန်မသည် လွန်ခဲ့ပြီးသော မောင့်ခံစားချက်များကို အလွန်အမင်းသိချင်လာ၏။

တနင်္ဂနွေ ဆေးခန်းပိတ်ရက် တစ်ညချမ်းမှာတော့ ရွှေဘ ထမင်းဆိုင်၏အပြန် ဦးဝိစာရလမ်းပေါ်မှာ မောင်က စက်ဘီးကို မစီးနင်းဘဲ တွန်းလာချိန်ကျွန်မ မောင့်ကို မေးတော့သည်။

"ပတ်ဝန်းကျင်ကြောင့် ချစ်သူတွေ ကွဲနိုင်တယ်ဆိုတာ မောင်လက်ခံလားဟင်"

အဆက်အစပ်မရှိ မေးသော ကျွန်မမေးခွန်းကြောင့် မောင် အံ့ဩမသွားဘဲကျွန်မကို ပြုံးကြည့်သည်။



"သိပ်လက်ခံတာပေါ့ နှင်း၊ နှင်းရော လက်ခံလား"

"အင်း ...ဦးနှောက်မရှိတဲ့ချစ်သူတွေအတွက်တော့ ဟုတ်မှာပေါ့လေ"

ကျွန်မက သိပ်လက်မခံချင်သလို ခပ်ဆဆပြောတော့ မောင်ခေါင်းခါယမ်း၏။

"ဘယ်ဟုတ်မလဲ နှင်းရဲ့ ဦးနှောက်ရှိတဲ့ချစ်သူတွေမှာအဲဒါမျိုးဖြစ်တာပဲ၊ ဦးနှောက်ကို အလိုလိုက်ပြီး ပတ်ဝန်းကျင်နဲ့ ယှဉ်ပြိုင်ချင်တဲ့လူတွေဟာ ချစ်သူနဲ့ကွဲကြမှာပဲ"

မောင့်စကားကြောင့် ကျွန်မ ရုတ်တရက် ခိုးရိမ်သွားပါသည်။

"မောင့်ကို ကိုယ်တစ်ခုမေးမယ်နော် အမှန်အတိုင်းပြေ"

မောင်က ကျွန်မကို စိုက်ကြည့်လျက် ခေါင်းညိတ်၏။

"ကိုယ့်ပတ်ဝန်းကျင်က မောင့်သိက္ခာကို ဝိုင်းချနေတဲ့အချိန်တွေတုန်းက ကိုယ်နဲ့ကွဲပစ်လိုက်ဖို့ စိတ်များကူးခဲ့မိသေးလားဟင်"

မောင်က ပင့်သက်တစ်ချက်ရှိုက်ကာ စက်ဘီးတွန်းနေရာမှရပ်လိုက်၏။ ပလက်ဖောင်းပေါ်မတက်ဘဲရေတာမာပင်ခြေရင်းတစ်ခုက မြက်ခင်းပြင်အားမှာ စက်ဘီးကို ဒေါက်ထောက်၍ ရပ်ထားပြီး ကျွန်မကို မျက်နှာချင်းဆိုင်ကြည့်လေသည်။

"ပြီးခဲ့တဲ့ ကိစ္စတွေကို နှင်းဘာဖြစ်လို့ ခုမှမေးရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အခုမှ ကိုယ်စိတ်ဝင်စားမိလို့ပေါ့"

မောင်က မရယ်မပြုံးကြည့်ရင်း စက်ဘီးလက်ကိုင်ကို တင်းနေအောင်ဆုပ်ထားသည်။

"အဲဒီ ကာလတွေအကြောင်း ကျွန်တော်ပြန်တောင် မတွေးချင်ဘူး၊ ကျွန်တော့်ဘဝမှာ ပညာနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ကိုယ်အမူအရာနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ဂုဏ်သိက္ခာ ပျက်စီးတယ်လို့ တစ်ခါမှ မရှိခဲ့ဖူးဘူး ကျွန်တော့်ရဲ့ယောကျ်ားသိက္ခာကို တခြားယောကျ်ားရဲ့ ခြေဖဝါးအောက် ရောက်အောင်ချရက်လေခြင်းဆိုပြီး နှင်းကို နာကျည်းခဲ့တဲ့တစ်ချိန်တည်းမှာ ကျွန်တော့်ကိုမှီချိုမှစ်ချိုးကဲ့ရဲ့တဲ့ နှင်းမိသားစု၊ နှင်းပတ်ဝန်းကျင်ကို ကျွန်တော်သိပ်မုန်းခဲ့တာပေါ့။ အဲဒီပတ်ဝန်းကျင်ကို နိုင်ဖို့အတွက် ကျွန်တော်နာကျည်းနေတဲ့နှင်းကိုမထေးလိုက်ဖို့ ကျွန်တော် ကြိုးစားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ခပ်တိုးတိုး တစ်လုံးချင်း ရေရွတ်နေသော မောင့်စကားများသည် ကျွန်မရင်ထဲသို့ တစ်စတစ်စ နက်ရှိုင်းစွာ ဝင်ရောက်လျက်ရှိသည်။

"ဒီလောက်ဖြစ်လှတာ ဒီမိန်းမရဲ့မာနကို ငါချိုးပစ်လိုက်မယ်ဆိုတဲ့ အတွေးနဲ့ နှင်းကို ကျွန်တော်အဆက်ဖြတ်ဖို့ တော်တော်ပက်စက်တဲ့ စာ တစ်စောင်ရေးခဲ့တယ်"

ထို့နောက် မောင်က ဆွေးဆွေးမြည့်မြည့် ပြုံးလေသည်။

"အဲဒီစာကို ဖတ်ရရင် နှင်းသေတောင် သေသွားနိုင်တယ်"

ကျွန်မသည် မြက်ရွက်များကို ငုံ့ကြည့်လျက် တိတ်ဆိတ်စွာငြိမ်သက် နေခဲ့သည်။

"ဒါပေမယ့် သွေးအေးအောင်စောင့်ပြီး နောက်နှစ်ရက်သုံးရက်ကြာမှ အဲဒီစာကို ပြန်ဖတ်တော့ ကျွန်တော်အရမ်းဝမ်းနည်းသွားတယ်၊ နှင်းဖတ်မိ ရင် ...ဆိုတဲ့အတွေးနဲ့ ကိုယ့်ဟာကိုယ် ပြန်လန့်ပြီး မီးရှို့ပစ်လိုက်တယ်"

မောင်က ကျွန်မ၏ နဖူးဆီမှာ ဝဲကျနေသော ဆံစများကိုလက်ဖြင့်အသာ အယာ သပ်တင်ပေးတော့ ကျွန်မမောင့်ကို မော့ကြည့်လိုက်သည်။

"နှင်း ..."

မောင့်မျက်ဝန်းများသည် အရည်လဲ့ကာ တောက်ပနေ၏။ မောင့် နှုတ်ခမ်းကတော့ ပြုံးဖို့ကြိုးစားလျက် အပြုံးမပီပြင်သော နှုတ်ခမ်းမျိုး၊

"နှင်းနဲ့ တစ်သက်လုံး ဝေးရမှ နှင်းကို စွန့်ပစ်ရမှ ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာကို အဖတ်ဆည်လို့ရမယ်ဆိုရင်တောင် ကျွန်တော် နှင်းကို မခွဲရက် ပါဘူး နှင်းရယ်၊ ပတ်ဝန်းကျင်ကို အနိုင်ရဖို့ တစ်ခုတည်းအတွက် ကျွန်တော်တို့ နှစ်ယောက်ရဲ့အချစ်တွေကို စတေးမခံနိုင်ပါဘူး"

ကျွန်မသည် မောင်မကြားအောင် ပင့်သက်ရှိုက်၍ ပြုံးလိုက်မိပါသည်၊

"နှင်းလဲ ...ပတ်ဝန်းကျင်ကို အနိုင်ရချင်တဲ့စိတ်တစ်ခုတည်းနဲ့ ကျွန်တော် ကို မရက်စက်ရဘူးနော်၊ အဲဒီကတိ ကျွန်တော့်ကို ပေးစမ်းပါနှင်း"

ကျွန်မ မျက်ရည်ဝေလည်လျက် ခေါင်းညိတ်ပြလိုက်သည်။

"မာမို့ သဘောထားကြောင့်လဲ ကျွန်တော့်ကို မမုန်းရဘူး"

ကျွန်မ အနည်းငယ်ပြုံး၍ ခေါင်းထပ်ညိတ်ပြလိုက်ပါသည်။ မောင်က လက်မှနာရီကို ငုံ့ကြည့်လျက် "ဒါဖြင့် ကျွန်တော်တို့ စက်ဘီးစီးကြရအောင်"



ဟု ပြောသည်။

မောင်က စက်ဘီးကို ဘီးလှိမ့်ဧဉ် ဘေးမှ မတက်တတ်သူ၊ ရပ်ထားသော စက်ဘီးပေါ်မှာ ခြေကားရားခွလျက် ထိုင်ပြီးမှ စက်ဘီးနင်းတတ်သူ၊ ကျွန်မက ရွေ့လျားနေသော စက်ဘီး၏ ကယ်ရီယာပေါ်သို့ ခုန်မတက်တတ်သူ။ ကျွန်မနှင့်မောင် စက်ဘီးစီးရသည့်အဖြစ်သည် သူများနှင့်မတူ အနည်းငယ် ကိုးရိုးကားရားနိုင်လျက် ပျော်ရွှင်စရာလည်း ကောင်းပါသည်။ မောင်က စက်ဘီးနင်းလျှင် သီချင်းညည်းတတ်သည်။ မောင်ခပ်တိုးတိုး ညည်းလေ့ရှိ သောသီချင်းမှာ ငွေနှင်းငင်တာ၏ ကျွန်တော့်ကို အိမ်ပြန်ခေါ်သွားပါ ဣလမ်းကလေး ရယ် ဟူသော သီချင်းဖြစ်ပါသည်။

"မောင် ...ခါးကို ဖက်လို့ ရမလားဟင်"

"ဟာ သိပ်ရတာပေါ့ ...ဒီလို လမ်းမျိုး၊ ဒီလို အချိန်မျိုးမှာမှ နှင်းက ကျွန်တော့်ခါးကို မဖက်ရင် ကျွန်တော် ဒီတစ်သက်တော့ ဒုက္ခပဲ"

ကျွန်မသည် စာရွက်အပိုင်းအစတွေ၊ ကတ်ပြားတွေ၊ မောင်တိန်တွေဖြင့် လေးလံအိကျနေသော မောင့်တီရှပ် ရှပ်အင်္ကျီအိတ်၏ အောက်ဘက်အထိ ကျွန်မ လက်ဖဝါးတင်မိအောင် မောင့်ခါးကို ဖက်လိုက်သည်။ ထို့နောက် မောင်နှင့်အတူ စက်ဘီးစီးတိုင်း ပြုမူနေကျအတိုင်း မောင့်နောက်ကျောကို ပါးအပ်ကာ အသက် ဖြည်းညင်းစွာ ရှူရှိုက်လိုက်ပါသည်။ မောင့်ကိုယ်ခန္ဓာ၏ မွှေးရနံ့သည် ကျွန်မအား အိပ်မက်လှလှလေးတစ်ခုကဲ့သို့ပင် ဖမ်းစားတတ်သည်။

ကျွန်မက မောင့်အင်္ကျီအိတ်ကပ်အောက်ခြေမှ အိတ်ကပ်ထဲက ပစ္စည်းတွေ ကို လက်နှင့် စမ်းသပ်ခန့်မှန်း ကြည့်နေခိုက် မောင်က တစ်ချက် အသံထွက် ရယ်သည်။

"နှင်း ...အဲဒါ ခါးမှ မဟုတ်ဘဲနှင်းလက်က ရင်ဘတ်တောင်ရောက် တော့မယ်"

"မောင် ...ဒါက ဘာလဲ"

ကျွန်မက မောင့်အိတ်ကပ်ထဲမှ ရှည်မျောမျော လေးထောင့်ပြားကလေး တစ်ခုကို စမ်းမိသည်။

"နှင်း ...ရှုစိရှုစိ လုပ်မနေနဲ့နော်၊ နှစ်ယောက်လုံး ကားအောက်ရောက် သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"သိပြီသိပြီ ဒါဂက်စ်မီးခြစ် မဟုတ်လား၊ မောင့်အိတ်ထဲမှာ မီးခြစ် ထည့်ထားတယ် မဟုတ်လား"

မောင်က ကိုယ့်ကို အနည်းငယ် တွန့်၍ ရယ်နေလေသည်။

"တော်တယ် တော်တယ် ...တစ်ခုမှန်ပြီဆိုရင် ကျေနပ်တော့၊ ငြိမ်ငြိမ် ကလေးပဲ ဖက်ထားပါ နှင်းရာ"

ရုပ်အင်္ကျီသားက နူးညံ့ပျော့အိနေသောကြောင့် ကျွန်မပါးနှင့် မောင့်နောက်ကျောအကြား ဘာမှ ခြားမထားသလို ခံစားရသည်။ တစ်ကြိမ်မှာ စက်ဘီးက ချိုင့်ရာတစ်ခုထဲသို့ ကျသွားသဖြင့် ကျွန်မကိုယ်ခန္ဓာက မြောက်ခနဲ ခုန်သွားလေသည်။ ပြန်အကျတွင် ကျွန်မ မျက်နှာနှင့် မောင့်နောက်ကျော ပြင်းပြင်းထန်ထန် အပ်မိသွား၏။

"ဆောရီး(လမ်းကနည်းနည်းမှောင်တော့) ချိုင့်ကို ကျွန်တော်မမြင်မိဘူး"

"သွားပြီ မောင်တော့ မောင့်အမေဆူခံထိတော့မယ်"

"ဘာဖြစ်လို့လဲနှင်း"

ကျွန်မ တစ်ချက်ရယ်လိုက်မိသည်။

"မောင့်အင်္ကျီ နောက်ကျောမှာ ကိုယ့်နှုတ်ခမ်းနီတွေ ပေသွားပြီ မောင်ရဲ့"

တကယ်လည်း မောင့်အင်္ကျီ အဖြူရောင်ပေါ်မှာ ပန်းရင့်ရောင် နှုတ်ခမ်းဆိုးဆေးများ စွန်းထင်းသွားသည်ကို လမ်းလယ်မီးတိုင်များမှ မီးရောင်ဖြင့် ထင်းခနဲ မြင်ရသည်။

"အဲဒါနဲ့ မာမိနဲ့ ဘာဆိုင်လို့လဲ"

"အို ... မနက်ပြန် မောင့်အမေက မောင့်အင်္ကျီကို လျှော်ပေးရင် မမြင်ဘဲရှိမလား၊ မသင်္ကာမျက်လုံးနဲ့ စေ့စေ့စပ်စပ် ရှာကြည့်စရာတောင် မလိုဘူး"

"မပူပါနဲ့ နှင်းရာ၊ ကျွန်တော့်အဝတ်တွေကို ဘယ်တုန်းကမှ မာမိလျှော် မပေးရပါဘူး၊ ကိုယ့်ဟာကိုယ် လျှော်နေကျပဲ"

ထို့နောက်ပြည်လမ်းကို ဖြတ်ပြီး လမ်းကြားထဲဝင်သည်အထိ မောင်စကား မပြောဘဲ ငြိမ်သက်နေသည်။ မင်းလမ်းထဲသို့ ကွေ့ဝင်ပြီးခါမှ "နှင်း"ဟု ခေါ်၏။

"ဟင်..."



"ကျွန်တော် ဒီအင်္ကျီကို တစ်ပတ်လောက် မလျှော်ဘဲသိမ်းထားမှာ သိလား"

"အင်း" ကျွန်မ လှစ်ခနဲပြုံးလိုက်မိသည်။

"ဘာဖြစ်လို့လဲလို့ မေးလေ နှင်း"

ကျွန်မ တစ်ချက်ရယ်လျက် "ဟင့်အင်း မမေးဘူး"ဟု ပြောတော့ မောင် ရယ်မောပြန်သည်။

"နှင်းက သိပ်လှလည်းကျတယ်၊ နှင်းမမေးဘဲနဲ့ ကျွန်တော်က ဘာလုပ်မယ်လို့ ဘယ်လိုလုပ်ပြီး ဖြေရတော့မလဲ"

"ဒါဆိုလဲမဖြေနဲ့ပေါ့၊ နားညည်း သက်သာတာပေါ့"

တကယ်လည်း မောင်ဘာမှ ဆက်မပြောဘဲတိတ်ဆိတ်စွာ စက်ဘီးနင်းနေပါသည်။

"မြန်မြန် နင်းနော် မောင်၊ ရှစ်နာရီခွဲဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်"

မောင်ဘာမှ ပြန်မပြောပါ။ အမြန်နှုန်းကိုလည်း မတိုးပါ၊ ရွာလမ်းထိပ် ရောက်၍ စက်ဘီးပေါ်မှ ဆင်းကြတော့မှ မောင်က မှုန်ရွှထား တည်တည်ဖြင့် ကျွန်မကို ကြည့်သည်။

"အဆောင်ထဲကို ချက်ချင်း ဝင်မသွားနဲ့ဦး"

ကျွန်မ အနည်းငယ် အံ့သြသွား၏။ မောင့်ကို မော့ကြည့်တော့ မောင့်မျက်လုံးတွေ စူးစူးရှရှ တောက်ပနေသည်။ မောင်စိတ်တိုနေပြီဟု ကျွန်မ သိလိုက်သည်။

"ဘာလုပ် မလို့လဲ"

"ဘာလုပ်မလဲ ဆိုတာ အဲဒီကျ သိရမှာပေါ့"ကျွန်မ ပြောင်စပ်စပ်မျက်နှာ လေးဖြင့် ပခုံးတွန့်ပြလိုက်၏။

ရွာလမ်းအတက်လေးကို စက်ဘီးတွန်း၍ တက်နေစဉ်ကျွန်မက စက်ဘီး၏ အခြားတစ်ဘက်မှ လမ်းလျှောက်လာခဲ့သည်။

"ကျွန်တော့်ဘေးမှာ ကပ်ပြီးလမ်းလျှောက်ရင်နှင်းကို မြွေကိုက်မှာ စိုးလို့လား"

"အို ...မောင်ဘယ်လို ဖြစ်နေလဲ၊ ဒေါသကြီးလှချည်လား"

အမှန်ကတော့ မောင်ဒေါသကြီးတာမဟုတ်၊ စိတ်လှုပ်ရှားနေတာသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ဒါကိုလည်း အဆောင်ရှေ့သစ်ပင်ရိပ်ရောက်မှ ကျွန်မသိပါသည်။

ရှောလမ်းမှခွဲထွက်သော လူသွားလမ်းသေးသေးကလေးမှ ထောင့်ချိုး တစ်ခုထပ်ကွေ့ရသည့်အဆောင်ရှေ့နေရာ ကွက်လပ်ကလေးသည် သီးသန့်နေရာ ကလေးတစ်ခုဖြစ်သည်။ ညရှစ်နာရီခွဲခါနီး အချိန်တွင် အဆောင်ဝင်းတံခါး ကလည်း အမြဲစေ့ပိတ်ထားပြီး တစ်ဖက်မှာလည်း အခြားခြံဝိုင်း၏ အုတ်တံတိုင်း သာရှိသော ထိုကွက်လပ်ကလေးသို့ မောင်ကျွန်မကိုလိုက်ပို့တိုင်း ကျွန်မကို ဖက်ပွေ့နှုတ်ဆက်ခြင်းမပြု၍ အမြဲကျွန်မအံ့သြခဲ့ရပါသည်။

မနက်ဖြန်မှတွေ့ကြမယ်ဟူသော စကားများဖြင့် အမြဲနှုတ်ဆက်ထွက်ခွာ လေ့ရှိသော မောင်သည် သည်တစ်ခါတော့ ချစ်သူသက်တမ်းငါးလ၏ ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်မကို နှုတ်ခမ်းဖြင့် နှုတ်ဆက်ခဲ့ပါသည်။

သို့သော်ခပ်ဖွဖွ ညင်သာသော နှုတ်ဆက် အနမ်းတော့မဟုတ်၊ ကျွန်မကိုယ်ခန္ဓာထဲမှာ ရှိသော မောင့်ကို အာခံနိုင်သည့် စွမ်းအင်များ အားလုံးတစ်စမကျန်အောင် အငြိုးတကြီး စုပ်ယူပစ်လိုက်သည့် အနမ်းသာ ဖြစ်သည်။ ထို့နောက် အံ့သြ မိန်းမူးစွာ တုန်လှုပ်လျက် မောင့်ကိုယ်ခန္ဓာပေါ် ကျွန်မ ယိုင်နွဲ့သွားသည်ကို မောင်က မညှာမတာပင် ခပ်ကြမ်းကြမ်း တွန်းခွာ ပစ်လိုက်ပါသည်။

"A demain"(မနက်ဖြန်မှ တွေ့မယ်) ကျွန်မကြားနိုင်ရုံ အသံတိုးတိုး ကလေးဖြင့် နှုတ်ဆက်ကာ ကျွန်မ၏ ပြန်လှန် နှုတ်ဆက်စကားကိုပင် မစောင့်တော့ဘဲ မောင် စက်ဘီးတွန်း၍ ခပ်မြန်မြန် ထွက်သွားလေသည်၊ ကျွန်မသည် နေရာမှာမလှုပ်မရှက်ရပ်လျက် မောင့်နောက်ကျောကို ငေးမိုက် ကြည့်နေခဲ့မိသည်။

* * *

မိန်းမတစ်ယောက်ရဲ့ ဂုဏ်သရေကို သူပါဝင်တဲ့ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ကပဲ စံကိုက်ပေတံတစ်ခု ဖန်တီးထားပြီး တိုင်းတာဆုံးဖြတ် ပေးတတ်ပါတယ်။

မိန်းမရဲ့ ဂုဏ်သိက္ခာကို သတ်မှတ်ဆုံးဖြတ်ပေးတဲ့ နေရာမှာ အဲဒီ မိန်းမရဲ့ ပညာအရည်အချင်း၊ လူထုအပေါ် နားလည်သိမြင်မှု၊ မျှဝေခံစားမှု၊ ကိုယ့်ကိုယ်ကိုအားကိုးပြီး လွတ်လွတ်လပ်လပ် ရပ်တည်မှု၊ ပတ်ဝန်းကျင်အပေါ် အသုံးကျမှု၊ အဲဒါတွေကို ထည့်စဉ်းစားလေ့ မရှိဘူး။

ဒီမိန်းမဟာ အများစု သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့ ညီညွတ်ရဲ့လား၊ မိန်းမတွေ ရှောင်ကြဉ်ရမယ့် အပြုအမူအနေ အထိုင်တွေကို ရှောင်ကြဉ်ရဲ့လား၊ မိန်းမအတွက် သီးသန့်ကန့်သတ်ထားတဲ့ ထုံးတမ်းစဉ်လာ နယ်နိမိတ် အတွင်းမှာ နေရဲ့လား ...အဲဒီလို ကိစ္စတွေနဲ့ တိုင်းတာပြီး ဆုံးဖြတ် သတ်မှတ်လေ့ရှိတယ်။

ပတ်ဝန်းကျင်က ကန့်သတ်ပေးထားတဲ့ ဘောင်နယ်နိမိတ်ကို ကျော်လွန် သွားရင် အဲဒီမိန်းမဟာ လူမှုရေးဖောက်ပြန်သူ၊ လျှပ်ပေါ်လော်လီသူအဖြစ် ဆုံးဖြတ် သတ်မှတ်ကြတာ သဘာဝပါပဲ၊ အဲဒီလိုနည်းနဲ့ပဲကိုယ်ဟာ ဂုဏ်သရေ ကင်းမဲ့သူ၊ သိက္ခာမဲ့သူ၊ မိန်းမဈေးဖျက်သူ မိန်းမပေါ့တစ်ယောက် ဖြစ်ခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၄)

ချစ်သူနှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် ပိုမို ရင်းနှီးသိကျွမ်းခွင့်ရ... ကြိုးစားရန် အခွင့်အရေးရှိသည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မသည် မောင်နှင့်ပတ်သက်သမျှ အမူအကျင့် (manners) များကို အသေးအဖွဲ့ကအစ စိတ်ဝင်စား၏။ ယောကျ်ားတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးကို ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးထက် အလေးထားတတ်သော ကျွန်မသည် အမူအကျင့် အားနည်းချက်များကို သည်းမခံနိုင်သူဖြစ်သည်။

ချစ်သူဘဝရောက်မှ မောင့်ကို ချစ်မြတ်နိုးစွာ အကဲခတ်ချိန်မှာ နေ့စဉ် ည(၇)နာရီမှ(၈)နာရီခွဲ အချိန်ကာလလေးသာ ဖြစ်သည်။ စနေ၊ တနင်္ဂနွေမှာ တစ်ခါတစ်ရံ မြို့ထဲထွက်ပြီး ဈေးဝယ်ကြပြန်တော့လည်း ရသမျှ အချိန်သည် ချစ်သူသဘာဝ စကားတွတ်ထိုးကြင်နာခွင့်ရဖို့အထိ မလောက်ငပေ။ ချစ်သူတွေ သွားနေကျ တိတ်ဆိတ်အေးချမ်းသော နေရာများကို မောင်မရွေးချယ်ခဲ့သောကြောင့် ချစ်မှုရေးရာနှင့် ပတ်သက်ပြီး တစ်ယောက်ကို တစ်ယောက်သိအောင် ကြိုးစားဖို့လည်း အခွင့်အရေး မရခဲ့ပေ။ ကျွန်မတို့ ရွေးချယ်သော နေရာများမှာ ဘာသာရပ်အကြောင်း၊ လူတွေအကြောင်း ဆွေးနွေး ငြင်းခုန်ရသာ ခွင့်ပြုနိုင်သော နေရာများ ဖြစ်သည်။ ကျွန်မတို့ နှစ်ဦး၏ ချစ်သူအား လွတ်လပ်ခွင့်ကို ပတ်ဝန်းကျင်က အမြဲထိန်းချုပ်ပေးနေခဲ့သည်။ ပွင့်လင်းစွာ ဝန်ခံရလျှင်တော့ မိန်းမသည် မည်သည့်ကိစ္စရပ်တွင်မဆို ပြုလုပ်ခံရသူ ဆုံးဖြတ်ခံရသူ အရာဝတ္ထုနေရာမှာသာ ရှိသောကြောင့် ကျွန်မတို့ နှစ်ယောက်၏ ချစ်မှုရေးရာ လွတ်လပ်ခွင့်ကို ဆုံးဖြတ်သူမှာလည်း မောင်သာ အဓိကဖြစ်ခဲ့ပါသည်။

ထို့ကြောင့်လည်း ချစ်သူသက်တမ်း ဆယ့်သုံးလ ကြာမြင့်သည့်တိုင် မောင့်နှုတ်ခမ်းနှင့်မေးစေ့ကိုသာ ကျွန်မသိကျွမ်းလျက် မောင့်လက်မောင်းကိုတော့ ကျောက်ဆေးထိုးရာ ရှိမရှိပင် ကျွန်မ မသိပါ။ မောင်က ရှပ်အင်္ကျီ လည်ပင်းကြယ်သီးစေ့ပိတ်လျက် အမြဲဝတ်တတ်သောအခါ မောင့်ရင်ဘတ်မှာ ရှိနိုင်သော မွေးညင်းများသည် လက်ဖျံက မွေးညင်းတွေလို ရွှေရောင်ရှိသလား တိုသလား၊ ရှည်သလား ကျွန်မ မသိခဲ့ပါ။ စပို့ရှပ်များ၊ ရှပ်အင်္ကျီများကိုသာ ကျွန်မဝတ်တတ်သောကြောင့် မောင်ကလည်း ကျွန်မလည်ပင်းအောက်ခြေကိုပင် မသိပါ။ မောင့်ကိုယ်ခန္ဓာကို ယခုထက်ပို၍ သိချင်စိတ် ကျွန်မမှာ ရှိနေတာကိုလည်း မောင့်အပေါ် ဝန်ခံရမှာ ရှက်နေခဲ့သည်။ ကျွန်မတို့ နှစ်ယောက်လုံးနှင့် သက်ဆိုင်သော ပတ်ဝန်းကျင်နှင့် ဝေးသော အခါတွင် မောင် ကျွန်မအပေါ် ဘယ်လိုအတွေ့ဖြင့် ပြုမူ ဆက်ဆံမလဲဟု သိချင်စိတ်ရှိနေတာကိုလည်း ဝန်ခံရမှာ ရှက်နေသည်။ ထို့ကြောင့် ကျွန်မဘက်က ဖွင့်ဟ တောင်းဆိုရမှာ ရှက်နေခဲ့လေသမျှ မောင်က "ခရစ္စမတ် ရုံးပိတ်ရက်မှာ ခရီးထွက်ရမည်"ဟု ကျွန်မထံ ခွင့်တောင်းသောအခါ ကျွန်မပါ မောင့်အနားမှာ လိုက်ပါခွင့် ရလေမလားဟု စိတ်လှုပ်ရှား ကြည်နူးသွားမိပါသည်။

"ဘယ်ကို သွားရမှာလဲဟင်"

"သထုံဘက်ကို ...သိပ်မကြာဘူးနှင်းရဲ့ လေးငါးရက်ပါ၊ ကျွန်တော် မရှိရင် နှင်းဝတ္တု ပိုရေးနိုင်မှာပေါ့"

မဖြစ်နိုင်ပါ။ မောင်မရှိလျှင် ကျွန်မ ဘာမျှ စိတ်ဝင်စားနိုင်တော့မှာ မဟုတ်ပါ။

"မာမီက ခိုင်းလို့လား"

မောင်က ကျွန်မ စပ်စုသည်ကို သဘောကျစွာ ပြုံးလေသည်။

"မဟုတ်ပါဘူး ကျွန်တော့်ကိစ္စပါ"

မောင်က ကျွန်မကို ပြောသင့် မပြောသင့် ချိန်ဆနေသလို ခဏစဉ်းစားနေသေး၏။ ပြီးမှ အမှန်အတိုင်း ဖွင့်ပြောသည်။

"သုဝဏ္ဏဘူမိမြို့ဟောင်းအကြောင်း ကျွန်တော် စာတမ်းတစ်ခု ရေးနေတယ်နှင်းရဲ့၊ နောက်နှစ် ဒီကထွက်ရင် တစ်ခါတည်း ယူသွားရမယ့် စာတမ်းတွေ အများကြီး စီစဉ်ထားတယ်၊ အဲဒါစာတွေ့ မဟုတ်တဲ့ ဒေသခံ တွေ့ရှိချက်တွေကို နည်းနည်း ထည့်ချင်သေးလို့"

ကိုယ်လိုက်ခဲ့ချင်တယ်ဟု ကျွန်မ အမှန်အတိုင်း ဖွင့်ပြောရမှာလည်း ရှက်နေပြန်၏။ ကျွန်မကို ခေါ်မည့် အရိပ်အယောင်လည်း တစ်ခုမျှ မတွေ့ရ။ သို့သော် ကျွန်မသည် ကံကောင်း ထောက်မစွာပင် တိုက်ဆိုင်မှု တစ်ခုကို သွားတွေ့၏။ သထုံနှင့် မော်လမြိုင်ဟာ နီးနီးကလေးမဟုတ်လား၊ မော်လမြိုင်တက္ကသိုလ်က အဏ္ဏဝါဇီဝဗေဒဌာနတွင် ကျွန်မ သူငယ်ချင်း တစ်ယောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူတို့၌အ လုပ်ငန်းခွင်ကို ကျွန်မ စိတ်ဝင်စားစွာ ဝတ္ထုဖွဲ့ရန် သူ့ကို ခွင့်တောင်းထားဖူးသည်။

"အတော်ပဲ ...ကိုယ်တို့ မော်လမြိုင်အထိ ဆက်သွားကြမယ်"

မောင်က ဇဝေဇဝါ ဖြစ်သွားသည်။

"ကိုယ်တို့ ဟုတ်လား၊ နှင်းက ကျွန်တော်နဲ့ လိုက်ချင်လို့လား"

ပွင့်လင်းစွာ မေးတော့လည်း ကျွန်မအမှန်အတိုင်း မဖြေရဲပြန်ပါ၊

"ကိုယ်လဲ မော်လမြိုင်ကို သွားစရာ ရှိတယ်လေ၊ မော်လမြိုင်နဲ့ သထုံနဲ့က နီးနီးလေးပဲ၊ အတူသွားကြတာပေါ့"

မောင်က မသက်သာဟန်ဖြင့် ကျွန်မကို စူးစမ်း အကဲခတ်သည်။

"သွားစရာ ရှိတယ်ဆိုတော့ ကျွန်တော်နဲ့ ခရီးမကြုံရင်နှင်းက တစ်ယောက်တည်းသွားမှာလား၊ အဲဒီလို သွားရလောက်အောင် နှင်းအတွက် အရေးကြီးသလား"

"တစ်ယောက်တည်းတော့ သွားပါ့မလားမောင်ရဲ့ ...၊ ကိုယ်မကျွမ်းတဲ့ ဒေသစိမ်းကြီးကို၊ ညီမလေးကို ခရစ္စမတ်ကျောင်းပိတ်ရက်မှာ ရန်ကုန်လှမ်းခေါ်ပြီး အတူသွားမှာပေါ့။ ကဲ မောင်ပဲဆုံးဖြတ်ပါ ...ကိုယ် မောင်နဲ့ တစ်ခါတည်း လိုက်ရမှာလား၊ ညီမလေးခေါ်ပြီး သပ်သပ် သွားရမှာလား"

မောင်က စိတ်ကျဉ်းကျပ်စွာ ငြင်းလေသည်။

"ဟာ ...ဘယ့်နှယ် ကျွန်တော့်ကို ဆုံးဖြတ်ခိုင်းနေရတာလဲ၊ ကျွန်တော် ဘယ်ပြောလို့ ဖြစ်မလဲနှင်းရဲ့။ နှင်းကိုယ်တိုင် ဆုံးဖြတ်ပါ"

မောင်သည် တစ်စုံတစ်ယောက်၏ ကိုယ်ရေးကိစ္စတွင် ဝင်ရောက်ပါဝင် ဆုံးဖြတ်ပေးဖို့ အမြဲ ခေါင်းရှောင်တတ်ကြောင်း သူငယ်ချင်းဘဝကတည်းက သိခဲ့ပါသည်။ သို့သော် မောင်နှင့်အရင်းနှီးဆုံး လူသားဖြစ်လာမည့် ချစ်သူကိစ္စမှာပင် သည်လို ခေါင်းရှောင်တော့ ကျွန်မ မကျေမနပ်ဖြစ်မိသည်၊ နောက်ပြီး ကျွန်မ၏ ကိစ္စသက်သက်လည်း မဟုတ်၊ ကျွန်မတို့ နှစ်ယောက်လုံး၏ ကိုယ်ရေးကိုယ်တာ ဖြစ်သည်ဟု ကျွန်မထင်သည်။

"မောင်ဟာလေ ...ကိုယ်နဲ့ ပတ်သက်ရင်တောင် အမြဲပညာရှိ ပြောတယ်၊ ကိုယ်ဘာလုပ်သင့်တယ်လို့ မောင်ဆုံးဖြတ်ပေးရင် မောင်ဘာဖြစ်သွားမှာမို့လဲ၊ တစ်ခါ တစ်ခါမှာ မိန်းမတွေဟာ သူတို့ချစ်သူရဲ့ ဆုံးဖြတ်ချက်ကို



လိုအပ်တဲ့နေရာတွေ ရှိတာပဲ။ မိတ်ဆွေတွေနဲ့တွေ့တဲ့ကိစ္စမှာ၊ ထုတ်ဝေသူရွေးတဲ့ ကိစ္စမှာ မောင် ကိုယ့်အတွက် လိုအပ်တာထက် ပိုပြီးတောင် ဆုံးဖြတ် အမိန့်ပေးခဲ့တာပဲ၊ အခုမှ ကိုယ်တို့ နှစ်ယောက်တည်း သက်ဆိုင်တဲ့ ကိစ္စကျမှ မောင် ဘာဖြစ်လို့ ခေါင်းရှောင်ချင်ရတာလဲ"

ကျွန်မ စကားသံက နည်းနည်းမာသွားသည်။ မောင်က ကျွန်မဒေါသကို ခံစားမိဟန်ဖြင့် နှစ်သိမ့်သည့် အပြုံးဖြင့် ချော့ပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ အရင်က ကိစ္စတွေမှာ မှန်တယ်ဆိုတဲ့ အမြင် တစ်ခုပဲ ရှိခဲ့လို့ပေါ့ နှင်းရဲ့၊ အခုကိစ္စမှာတော့ ကျွန်တော်ကိုယ်တိုင် အမှားအမှန်ကို မဝေခွဲနိုင်လို့ပေါ့၊ ကျွန်တော့် ဆုံးဖြတ်ချက်အတိုင်း နှင်းလုပ်လိုက်ရင် မှားသွားတဲ့အခါ ကျွန်တော် နောင်တရမှာပေါ့"

ကျွန်မ မောင့်ကို စူးစူးရှရှကြည့်မိသည်။

"ဪ... ဒါဖြင့် နှစ်ယောက်လုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စတစ်ခုရဲ့ အမှားမှာတောင် မောင်တာဝန် မယူချင်တဲ့ သဘောလား"

မောင်က ကျွန်မ၏ ချောင်ပိတ်မေးခွန်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

"အဲဒီလောက်ကြီးတော့ မစွပ်စွဲပါနဲ့ နှင်း ...ကျွန်တော်က ကျွန်တော့် ဆုံးဖြတ်ပေးမှုကြောင့် နှင်းမမှားစေချင်လို့ပါ"

"ဒါဖြင့် ကိုယ့်ဆုံးဖြတ်ချက်ကြောင့် မှားချင်ရင်တော့ မှားခွင့်ပေးမယ်ပေါ့"

မောင်သည် ဘောင်းဘီအိတ်တွေထဲသို့ လက်နှစ်ဖက် ထိုးထည့်လျက် ခေါင်းငုံ့ကာ တိတ်ဆိတ်နေ၏။

"ပြောစမ်းပါ မောင်ရဲ့၊ မောင်နဲ့လိုက်ရင် မှားသွားနိုင်တယ်လို့ မောင် ထင်ရင် နှင်းမလိုက်ရဘူးလို့ မောင်တားလေ ...မောင်ကန့်ကွက်လေ မောင့် အမိန့်မှန်သမျှ ကိုယ်နာခံခဲ့တာချည်းပဲ မဟုတ်ဘူးလား"

မောင် ဘာမှမပြေပါ။

"အရင်တစ်ခါ သူရှိနိုင်တဲ့ မဂ္ဂဇင်းတိုက်ကို ကိုယ်ခွတ်သွားတဲ့ ကိစ္စတုန်းက သူရှိနိုင်တယ်ဆိုတဲ့ ဖြစ်နိုင်ခြေလေးနဲ့တောင် မောင်ကိုယ့်ကို မသွားသင့်ဘူးလို့ ဆုံးဖြတ်ချက် တစ်ခုချပေးခဲ့သေးတာပဲ၊ အခုကိစ္စမှာတော့ ဘယ်လိုဖြစ်တာလဲ၊ ကိုယ်မှားသွားနိုင်တယ်လို့ မောင်ထင်နေတာတောင် ကိုယ့်ဆုံးဖြတ်ချက်နဲ့ ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

များခွင့်ပေးတော့မယ်လေ၊ အဲဒီအများကိုလဲ မောင်ကမျှပြီး ခံစားမပေးချင်ဘူးလေ"

မောင်က ကျွန်မကို မကြည့်ဘဲ အဲဆောင်ရှေ့က စွက်လှပင်ကလေးတွေကို ငေးစိုက်ကြည့်နေသည်။ မောင်မတုန်မလှုပ် ငြိမ်သက်နေလေ ကျွန်မ ဒေါသဖြစ်လေ။ စကားကလေးတစ်ခွန်းအတွက်တောင် အလေးအနက် ထားနေသည့် မောင့်ကို ကျွန်မ စိတ်ပျက်လက်ပျက် စိုက်ကြည့်နေမိသည်။

"မောင်ဟာ သိပ်ကို အတ္တကြီးတာပါပဲလား၊ ကိုယ်မှားတော့မယ်ဆိုတာလဲ မောင်သိတယ်၊ မှားလဲ မှားစေချင်တယ်၊ မှားသွားတဲ့ အပြစ်ဒဏ်ကျတော့ မောင်က အတူမျှပြီး မခံဘဲဘေးမှာ ထွက်နေတယ်"

မောင်က ကျွန်မကို ဒေါသတကြီး လှည့်ကြည့်၏။

"ဒီကိစ္စက နှင်းဘာသာ နှင်းစလာတဲ့ ပြဿနာပဲ ကျွန်တော် တာဝန်မယူနိုင်တာ ကျွန်တော့် အဆိုးလား၊ နောက်ပြီး နှင်းမှားစေချင်တယ်လို့ ဘာဖြစ်လို့ စွပ်စွဲနေရတာလဲ"

"ဒါဖြင့် မလိုက်ရဘူးလို့ တားစမ်း"

မောင်က နှုတ်ခမ်း တင်းတင်းစေ့၍ စူးရှစွာ ကြည့်နေသည်။ မောင်မတားမြစ်ပါ။

"ဒါဖြင့်လဲ မောင့်ဆန္ဒတစ်ခုတည်းကို ဖြေစမ်းပါ၊ ဆင်ခြင်ဉာဏ်မပါတဲ့ ဆန္ဒသက်သက်ကို ပြောပြစမ်းပါ၊ ကိုယ့်ကို မောင်နဲ့အတူ လိုက်စေချင်သလား မလိုက်စေချင်ဘူးလား၊ တစ်ခွန်းတည်းပဲဖြေ"

မောင် မဖြေပါ။ ကျွန်မသည် ရှက်ရွံ့မှုနှင့် နာကျည်းမှု ရောစပ်ကာ မျက်ရည်များ ချက်ချင်းပြည့်လျှံလာ၏။ ကျွန်မ ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။ ရပ်နေရာမှ လှည့်ထွက်တော့မည့်ဟန်ပြင်တော့ မောင်က ကျွန်မရှေ့သို့ ဖျတ်ခနဲရောက်လာပြီး ပိတ်ရပ်လိုက်လေသည်။ ကျွန်မ မော့ကြည့်လိုက်သော မောင့်မျက်နှာသည် ရိုင်းပျစွာ ခက်ထန်လျက် ...၊ မျက်ဝန်းများကတော့ တောက်ပစွာ အရောင်လက်နေသည်။

"ဆင်ခြင်ဉာဏ်မပါတဲ့ တိရစ္ဆာန်စိတ် သက်သက်ဆန္ဒနဲ့ဖြေဖို့ နှင်းကတောင်းဆိုတယ်ပေါ့၊ ကောင်းပြီ ကျွန်တော် အမှန်အတိုင်း ဖြေမယ်၊ နှင်းကို ကျွန်တော်ချစ်တယ်၊ ကျွန်တော့်ဘေးမှာ နှင်းအမြဲရှိနေစေချင်တယ်၊ ကျွန်တော်သွားသမျှ နေရာတွေ နှင်းလိုက်စေချင်တယ်၊ နှင်းကို ချစ်တဲ့ အချစ်ကြောင့်



ကျွန်တော် ပူပြင်း လောင်မြိုက်နေသလို နှင်းကိုလဲ ပူပြင်းလောင်မြိုက် စေချင်တယ်၊ နှင်းကို ကျွန်တော် လွှမ်းမိုးအနိုင်ရချင်တယ်။ နှင်းဟာ ကျွန်တော်က လွဲလို့ ဘယ်ယောကျ်ားကိုမှ စိတ်မကစားတဲ့ မိန်းမဖြစ်စေချင်တယ်၊ နှင်းဟာ ကျွန်တော်တစ်ယောက်တည်းကိုသာ ခွဲမက်တမ်းတနေသူဖြစ်စေ ချင်တယ်၊ ကျွန်တော့်အတွက်ဆိုရင် နှင်းရဲ့ မိန်းမမာနကို ကျွန်တော့်ခြေဖဝါး ရောက်အောင် ချပေးဖို့ စွန့်စားရဲတဲ့ မိန်းမဖြစ်စေချင်တယ်၊ ကျွန်တော့်အတွက်နဲ့ ရှိသမျှ ဂုဏ်သိက္ခာတွေ အကုန်ကျသွားမယ် ဆိုရင်တောင် ကျွန်တော့်ဆန္ဒကို တသွေမတိမ်း လိုက်နာမယ့် မိုက်မဲတဲ့ မိန်းမဖြစ်စေချင်တယ်။ နှင်းဟာ ကျွန်တော့်အတွက်တော့ မိန်းမသား သက်သက်ပဲ ဖြစ်စေချင်တယ်"

ကြမ်းတမ်းမာကျောသော စကားများသည် မောင့်နှုတ်ဖျားက ထွက်လာတာမှ ဟုတ်ရဲ့လားဟု ကျွန်မအံ့သြစွာပင် မောင့်ကို ငေးမောနေမိသည်။

"ပြောဦးလေ နှင်းရဲ့ ...အတ္တသိပ်ကြီးတဲ့ လူလို့ ပြောစမ်းပါဦး"

ကျွန်မ ထိတ်လန့်တကြား နောက်ဆုတ်တော့ မောင်က ရှေ့သို့ တစ်လှမ်းတိုးလာ၏။

"နှင်း စွပ်စွဲတာတွေ အကုန်မှန်တယ်၊ ကျွန်တော် သိပ်အတ္တကြီးတယ်ဆိုတာ မှန်တယ်၊ နောက်ပြီးတစ်ခု ထပ်ပြီး ဝန်ခံလိုက်ဦးမယ် ...ကျွန်တော့်အတွက် ဆိုရင် နှင်းဟာ ဆင်ခြင်ဉာဏ်ကင်းမဲ့ပြီး ဘာမဆို လိုက်နာမယ့် မိန်းမတစ်ယောက်အဖြစ် ရပ်တည်ရဲအောင် နှင်းကို ကျွန်တော် ပြုပြင်ပြောင်းလဲ ပေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ။ နှင်း ဘာပြောချင်သေးလဲ"

ကျွန်မ ဆွံ့အတိတ်ဆိတ်စွာပင် ခေါင်းခါယမ်းမိပါသည်။ မောင်က စိတ်ကို လျှော့ချလိုက်ကာ ပင့်သက် ရှိုက်လိုက်၏။ ထို့နောက် ကျွန်မမေးစေ့ကို လက်ဖြင့် အသာအယာမယူပြီး ကျွန်မကို စေ့စေ့ကြည့်ပါသည်။

"နှင်းကရော ကျွန်တော့်အပေါ်နိုင်ချင်သလား၊ ဒါမှမဟုတ်ရှုံး ချင်သလား"

ထိုစကားကိုတော့ မောင်က သိမ်မွေ့နူးညံ့စွာ မေး၏။ ကျွန်မ မောင့်ကို ငေးစိုက်ကြည့်နေသောအခါ မောင်က ကျွန်မ မျက်ရည်များကို လက်မဖြင့် ဖွဖွကလေး သုတ်ပေးသည်။

"ရှုံးချင်တယ်"

"ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

ခရီးအစ စီစဉ်ကာစတွင် တွေ့ရသော ပဋိပက္ခများမှတပါး မော်လမြိုင်ခရီးသည် ကျွန်မတို့ နှစ်ယောက်လုံးအတွက် စိတ်လွတ်လပ်စွာ ပျော်ရွှင်ရသော ခရီးဖြစ်ပါသည်။

တစ်ခါမှ မသွားဖူးသော ခရီးဖြစ်၍ ပဲခူးဘူတာအလွန်မှ စ၍ ကျွန်မ ရထားလမ်းဘေးတစ်လျှောက်ကို ငေးမောကြည့်ရှုကာ လိုက်ပါလာသည်။ မောင်ကတော့ ဆိုဖာကို ကျကျနနမှီထိုင်ကာ ပျင်းရိဖွယ်ရာ ကောင်းသော စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်လျက် ရှိသည်။ ဗိုလ်မှူးဘရှင်၏ "အနော်ရထာ အရင်က မြန်မာနိုင်ငံ"စာအုပ် ဖြစ်ပါသည်။

လမ်းဘေးရှုခင်းမှ တစ်ခုခု ထူးခြားလျှင်သာ ကျွန်မက မောင့်ဘက် လှည့်ကြည့်ကာ စကားပြောရပြီး ကျန်အချိန်များတွင် မောင်စကား နည်းမှုကြောင့် ကျွန်မတို့ နှစ်ယောက်လုံး တိတ်ဆိတ်နေခဲ့ကြသည်။ နေ့လယ်စာစားပြီးသောအခါ ကျွန်မက အနည်းငယ် ငြီးငွေ့ကာ ပျင်းရိလာသည်။ မောင်က ကျွန်မ အရိပ်အခြေကို အကဲခတ်ပြီး အိပ်ချင်နေမှန်း သိနေသည်။

"မအိပ်နဲ့လေ နှင်း၊ စာဖတ်ပါလား"တဲ့။ ထို့နောက် သူ့လက်ဆွဲသေတ္တာထဲ ခင်ပေါ်မှ ခဏချကာ ကျွန်မဖတ်ရန် စာအုပ်တစ်အုပ် ထုတ်ပေးသည်။

"ဒါ ကျွန်တော်တို့ ခရီးအတွက် လမ်းညွှန်စာအုပ်ပဲ"

သိန်းဖေမြင့်ရေးသော "ကျွန်တော်တို့ မွန်မြန်မာ"စာအုပ်ဖြစ်ပါသည်၊ ကျွန်မ အနည်းငယ် ရယ်မောပြီး မောင့်စာအုပ်ကို ကြိုးစားဖတ်သည်။ သို့သော် သိပ်မကြာခင်မှာ ကျွန်မ ငိုက်သွားတော့သည်။ ရုတ်တရက် မျက်လုံးဖွင့်ကြည့်လိုက်တော့ မောင် ကျွန်မဘက်သို့ လှည့်ကြည့်နေသည်။ ကျွန်မ ငိုက်မျည်းတာကို မောင်စိတ်ပျက်နေသလို ရှိသည်။

"ကျွန်တော်တို့ စကားပြောကြမလား နှင်း"

ကျွန်မ ခေါင်းညိတ်ကာ မောင့်ဘက်သို့ တိုးကပ်လိုက်တော့ မောင်က မျက်မှောင်ကြုတ်၏။

"Tu es trop près de moi"

နှင်း ကျွန်တော့်နား သိပ်နီးကပ်နေပြီဟု မောင်က သတိပေးတော့



ကျွန်မ ရယ်မော ပစ်လိုက်ပါသည်။

"ကဲနှင်း ဘာအကြောင်း သိချင်သလဲ၊ ကျွန်တော်တို့ ဘာအကြောင်း ပြောရမလဲ"

"ရီတာ့ အကြောင်း"

မောင်က ရယ်မောကာ ခေါင်းခါယမ်း၏။

"မာယာ မြို့ဟောင်းတူးဖော်တဲ့အကြောင်း ပြောရမလားဟင် နှင်း"

"ဟင့်အင်း သမိုင်းတွေ၊ မနုဿဗေဒတွေ ကိုယ်စိတ်မဝင်စားဘူး"

"ဒါဖြင့်"

"ရုပ်ရှင်တွေအကြောင်း ပြောရအောင်"

ရုပ်ရှင်ရိုက်ကွင်းများအကြောင်း၊ အော်ကေဘာဆုနှင်းသဘင် အကြောင်းနှင့် ဒါရိုက်တာများအကြောင်းကိုတော့ မောင့်ထက်ပို၍ ကျွန်မက ပြောနိုင်ပါသည်။ မောင်က မောင်သိသော ဇာတ်လိုက် တစ်ယောက်တလေကျမှ စကားထောက်ပြီး မေးတတ်ပြီး တလျှောက်လုံး ကျွန်မက စိတ်ဝင်စားစွာ ပြောနေခဲ့မိသည်။ ကျွန်မ အိပ်ချင်စိတ် ပျောက်သွားတာ သေချာတော့မှ မောင်က ပြုံးရယ်ကာ သူဖတ်လက်စ စာအုပ်ကို ပြန်ကိုင်လေသည်။

မောင်ဘယ်လောက်ပဲ ကြိုးစားအားထုတ်ပေမယ့် ညမှောင်ရီပျိုးလာတော့ ကျွန်မ အိပ်ငိုက်လာပြန်သည်။ သည်တစ်ခါတော့ မောင်က မတားတော့ပေ။ ကျွန်မ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည် မမှတ်မိတော့ပါ။ မှတ္တမသို့ ရထားဝင်တော့ ညရှစ်နာရီ ထိုးနေပြီ။ မောင်လှုပ်နှိုးတော့မှ ကျွန်မ နိုးလာခဲ့သည်။

"နှင်း ..နှင်း သူငယ်ချင်းဆီ ဒီအချိန်သွားလို့ရပါဦးမလား၊ မနက်ကျမှ အေးအေးဆေးဆေး သွားတွေ့တာကောင်းတယ်"

"ဒီတော့"

"ဒီတော့ ကျွန်တော်တို့ တစ်နေရာရာမှာ တည်းဖို့ရှာကြတာပေါ့"

သံလွင်မြစ်ကို ဖြတ်ကူးသော ဇက်ပေါ်ရောက်တော့ ကျွန်မ အိပ်ချင်စိတ်တွေ ပျောက်သွားသည်။ အေးမြလန်းဆန်းသော လေသည် ကျွန်မတို့ နှစ်ယောက်လုံးအား ငြိမ်းချမ်းစွာ ကြိုဆို နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်ဟိုတယ်သို့ ကျွန်မတို့ရောက်တော့ ရှစ်နာရီလေးဆယ့်ငါးမိနစ် ရှိပြီဖြစ်သည်။ မောင်ကကျွန်မတို့ တစ်ယောက်ခန်းတွေမှာ သီးသန့်တည်းခိုရန် ဆုံးဖြတ်ချက်ချ၏။ သို့သော် ကံကောင်းထောက်မစွာပင် တစ်ယောက်ခန်းတွေ မရှိတော့ဘူး ...တဲ့။ နှစ်ယောက်ခန်းတွေတော့ နှစ်ဆောင်စာ ရှိသေးသည်၊ ညွှန်ကြားမိန်းကလေးက ပြုံးရွှင်စွာအကြံပေး၏ ။

"နှစ်ယောက်ခန်းတစ်ခန်းစီမှာ တည်းနိုင်သားပဲ၊ နောက်တစ်နေ့ နေ့လယ်မှာ အခန်းအားရင် ပြောင်းလို့ရပါတယ်"

မောင်က သဘောတူလိုက်သည်။

"ကောင်းသားပဲ"

ကျွန်မက မောင့်ကို မျက်မှောင်ကြုတ်ကြည့်ကာ ဖြန်းကနဲကန့်ကွက်လိုက်မိ၏။

"အို ... မောင်ကလဲ နှစ်ယောက်ခန်းမှ ယူရမယ်ဆိုရင် ဘာဖြစ်လို့ နှစ်ခန်းယူရမလဲ တစ်ခန်းတည်းပဲယူမယ်"

မလိုအပ်ဘဲ ငွေကုန်ကြေးကျ နှစ်ဆပိုမှာစိုးသည့်စိတ်၊ မောင်နှင့်အတူ နီးကပ်စွာ နေလိုစိတ် ဘယ်စိတ်ကပိုများသလဲ ကျွန်မမသိတော့ပါ။

မောင်ကကျွန်မဘက်သို့ လှည့်ကြည့်ကာ မျက်လုံးပြူးပြ၏ ။

"နှင်းဘာသိလို့လဲ"

မောင်က တစ်ခုခုပြောဖို့ တွန့်ဆုတ်သွားသလို ပါးစပ်ပိတ်ထားလိုက်လေသည် ။

အမျိုးသမီးလေးက ကျွန်မကို ယဉ်ကျေးစွာပြုံး၍ စိုက်ကြည့်နေသည်။

"ရပါတယ်၊ မမစိတ်ကြိုက် ကျွန်မ စီစဉ်ပေးပါ့မယ်"

ကျွန်မကျေးဇူးတင်စွာပြုံး၍ "ဟုတ်ကဲ့၊ တစ်ခန်းတည်းပဲယူမယ်"ဟု မောင့်ကိုယ်စား ဝင်ရောက်ဆုံးဖြတ် လိုက်လေသည် ။ ဧည့်သည်လက်ခံရာ ဧည့်ကြိုဌာန အခန်းလေးထဲမှထွက်ပြီး တည်းခိုဆောင်လေးများဆီသို့ လိုက်သွားသောအခါမှာတော့မောင်ကကျွန်မကို တိုးတိုးလေးကြိတ်ပြီး အပြစ်တင်၏။

"နှင်းကလေ သိပ်အတာပဲ၊ နှင်းလုပ်လိုက်တာနဲ့ မျက်နှာပူရတော့မယ်၊ ဟိုတယ်တွေမှာ မိန်းကလေးနဲ့ယောက်ျားလေး တစ်ခန်းတည်း တည်းခိုခွင့်ရဖို့ ဆိုရင် လက်ထပ်စာချုပ်ဖြစ်ဖြစ် ဇနီးမောင်နှံဖြစ်ကြောင်း သက်သေဖြစ်မယ့် စာရွက်ဖြစ်ဖြစ်လိုတယ် နှင်းရဲ့၊ နှင်းက ရွတ်တင်တာပဲ"

"ဟာ ...မသိဘူးလေ မောင်ကလဲ၊ တစ်ခန်းနှစ်ကျပ်ရှစ်ဆယ် နှစ်ခန်းဆို ငါးရာကျော်တောင်ကုန်မှာကိုး ။ ဒါပြင့်အခုကျတော့ ဘာဖြစ်လို့လက်ခံသလဲ... ကဲ"

မောင်က ပခုံးတွန့်၍ ပြုံးလေသည်။

"ဒါထုံးစံတော့မဟုတ်ဘူး ကျွန်တော့်အထင်တော့အဲဒီအမျိုးသမီးလေး က နှင်းကိုနှင်းမှန်း သိနေပုံရတယ်"

ကျွန်မမျက်နှာ နွေးကနဲပူသွား၏ ။

"ဟင့်အင်း ...မဖြစ်နိုင်ဘူး"

"သိပ်ဖြစ်နိုင်တာပေါ့နှင်းရာ ...သူကြည့်တဲ့အကြည့်ကို ကျွန်တော်သိတယ်"

လှပပြီးချစ်စဖွယ် သေသပ်သောအခန်းကလေးကို ကျွန်မသဘောကျသွားသလို မောင်ကလည်း ခပ်တိုးတိုးလေး လေချွန်လိုက်လေသည်။ မှန်နံရံများ၏ အတွင်းမှာ လိုက်ကာအပြည့် တပ်ထားသည်။ တစ်ယောက်အိပ်ခုတင်ကလေး နှစ်လုံးကလည်း ဘေးချင်းယှဉ်လျက် ခပ်ဝေးဝေး ခြားနေကြသည်။ မောင်က ခန်းဆီးစတွေကိုသိမ်းဖယ်ပြီး မှန်ချပ်မှတစ်ဆင့်အပြင်ကိုလှမ်းကြည့်လိုက်သည်။

"နှင်းရေ ... အပြင်မှာလာကြည့်စမ်း၊ သိပ်လှတာပဲ"

မောင့်နားသို့ ကျွန်မရောက်သွားတော့ အပြင်ဘက်ကရှုခင်းကို မြင်ရသည်။ နက်မှောင်သော ကောင်းကင်အောက်မှာ နက်ပြာရောင်ရေပြင်၌ မီးရောင်တဖျတ်ဖျတ် လက်နေသည်။ ကျွန်မတို့ရောက်နေရာသည် ကမ်းနဖူးပေါ်မှာဖြစ်သည်။ မြစ်တစ်ဖက်တွင် ဟိုးခပ်ဝေးဝေး၌ တောင်တန်းများကို မှုန်မှုန်ကလေးမြင်ရသည်။ တစ်ဖက်ကမ်းမရောက်မီ ကျွန်းကလေးတစ်ကျွန်းသည် ရေလယ်မှာ လှပစွာတည်နေလေသည်။

"အဲဒါ ဘာကျွန်းဖြစ်မလဲဟင် ...မောင်"

"ဒါလောက်နီးနီးနဲ့ သေးသေးကလေးဆိုရင် ခေါင်းဆေးကျွန်းဖြစ်မယ်" ကျွန်မ မောင်ကကျွန်မပခုံးကို ညင်သာစွာ ဖက်ပွေ့လိုက်လေသည်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် နုးညံ့စွာရှက်သွားကာ မောင့်ပခုံးကိုမှီ၍ ယိုင်နွဲ့စွာ ရပ်နေလိုက်သည်၊ ထို့နောက် မောင်ကခန်းဆီးစကို ပြန်ဆွဲစေ့လိုက်သည်။

"နှင်း ... ညစာတော့ မရနိုင်တော့ဘူး စားသောက်ဆိုင် ပိတ်သွားပြီ တဲ့ ...အပြင်ထွက်စားမလား၊ ခက်တာက ဘယ်နားဘာရှိမှန်းမသိ။ လာခဲ့တဲ့ လမ်းကလဲ မီးတွေမှောင်နေတယ်"

ကျွန်မ မောင့်လက်ဖျားကလေး တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်၊

"ကိတ်မုန့်တွေ အများကြီး ကျန်သေးတာပဲမောင်ရာ ...သွားမစားတော့ ပါဘူး၊ မနက်ကျမှ စောစော စားကြရအောင်နော်"

ရယ်စရာကောင်းနေသည်မှာ ကျွန်မတို့နှစ်ယောက်လုံး ဘယ်သူကအရင် ရေသွားချိုးမလဲဟု ပြဿနာတက်နေကြခြင်း ဖြစ်သည်။ မောင်ကလည်း ရှက်နေသလားမသိ၊ ကျွန်မရှေ့မှာ အကျႋချွတ်ချင်ပုံမရပေ။

"မုန့်အရင်စားကြမယ်နော်၊ ပြီးမှ ရေချိုး သွားတိုက်တာပေါ့၊ ဘယ်သူ အရင် ရေချိုးရမလဲဆိုတာ ခေါင်းပန်းလှန်မယ်"

မောင်ကကျွန်မတို့ လက်ဆွဲအိတ်များကို နေရာတကျစီစဉ်ရင်း ပြော သည်။ ကျွန်မ သဘောတူလိုက်ပါသည်။ ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ခပ်ရှိန်းရှိန်း ဖြစ်နေကြသည်။ ဘာပတ်ဝန်းကျင်မှ ရှိမနေသည့် သီးသန့်နေရာကလေးနှင့် ကျွန်မတို့ နေသားမကျသေးပါ၊ ကျွန်မမုန့်ကိုမောင့်အား ဝေခွဲပေးရင်း မောင့်ကို အကဲခတ်ကြည့်မိတော့ မောင်ကလည်းကျွန်မကို မသိမသာ အကဲခတ်နေသည်။ ထို့နောက် နှစ်ယောက် လုံး ပြုံးရယ်လိုက်ကြသည်။ စက်ဝိုင်းပုံ လက်တန်းပါသော ကြိမ်ကုလားထိုင် နှစ်လုံးတွင် ကျွန်မတို့နှစ်ယောက် ဝင်ထိုင်ရင်း ကိုယ့်ဝေစုကိုယ် တိတ်ဆိတ်စွာ စားကြသည်။ ထို့နောက်မောင်က ရေခဲသေတ္တာကလေးဆီသို့ လျှောက်သွား သည်။

"နှင်း ...ရေသောက်မလား"

"ဟင့်အင်း၊ ပါလာတဲ့ ရေကျက်အေးပဲ ကိုယ်သောက်မယ်"

အကြာကြီး တိတ်ဆိတ်သွားသောကြောင့် ကျွန်မနောက်ကို လှည့်ကြည့် လိုက်တော့ မောင်က အခန်းပေါက်အနီးရှိ စာရေးစားပွဲပေါ်မှာထိုင်ပြီး ကျွန်မကို လှမ်းကြည့်နေသည်။ ကျွန်မကို လှစ်ကနဲပြုံးပြလိုက်သည့် မောင့်အပြုံးသည်



နိုးကြောင်းနိုးဖွက် အလုပ်တစ်ခုကို လုပ်မိသွားသော ရှက်ပြုံးဖြစ်လေသည်။

"ရေချိုးတော့မလား နှင်း"

"အင်း"

ကျပ်ခေ့ကလေးဖြင့် ကျွန်မတို့ ခေါင်းပန်းလှန်ကြသည်။ "ကျွန်တော်က ခေါင်း ...နှင်းက ပန်းနော်၊ ကျတဲ့လူက အရင် ရေသွားချိုးရမယ်နော်"

ခေါင်းကျသွားတော့ မောင်က နဖူးကို လက်ဝါးဖြင့် ဖျတ်ကနဲရိုက်ကာ ရယ်လေသည်။

ကျွန်မတို့သည် တစ်ယောက်ချင်း ရေချိုးခန်းထဲသို့ ဝင်၍ အဝတ်ပို တစ်စုံစီ ယူသွားကြပါသည်။ကြွေပြားအပြည့်ခင်းထားသည့် လုပသစ်လွင်သော ရေချိုးခန်း အိမ်သာတွဲလျက် အခန်းကလေးသည် ချစ်စရာ ကောင်းနေသည်။ ကျွန်မသည် ရေချိုးရင်း မျက်လုံးတွေ ကျိန်းစပ်ကာ အိပ်ချင်လာသည်။ ပတ်ဝန်းကျင်သည် ရေပန်းကျသံမှတစ်ပါး တိတ်ဆိတ်နေ၏။ တစ်လောကလုံးမှာ ကျွန်မတို့ နှစ်ယောက်၏ အခန်းကလေးကသာ သက်ဝင်လှုပ်ရှား နေသလို ထင်ရသည်။

ကျွန်မ အဝတ်အစားလဲပြီး အခန်းထဲမှ ထွက်လိုက်သောအခါ မောင်က သည်ဘက်က ခုတင်မှာလဲလျောင်းလျက် စားပွဲတင်စာကြည့်မီးဖြင့် စာ ဖတ်နေသည်။ ရထားပေါ်တုန်းက မောင်ဖတ်နေခဲ့သော စာအုပ်ပဲဖြစ်သည်။ ရေချိုးခန်းတံခါး ပိတ်သံကြောင့် မောင်ပြုံးနဲ့ခနဲ ကျွန်မဘက် လှည့်ကြည့် သောအခါ ကျွန်မ လှမ်းနေသောခြေလှမ်းများသည် အနည်းငယ် ယိုင်သွားသည်။ မောင်က ကျွန်မကို ပြုံးပြတော့ ကျွန်မ ရှက်ရွံ့သွားကာ ပြန်မပြုံးမိဘဲ ကျွန်မ အတွက်ဟု ထင်ရသော ခုတင်ဆီသို့ တွန့်ဆုတ်စွာ လျှောက်သွားမိလေသည်။ ပြူရွှေးသောအိပ်ရာပုံးစကို ကျွန်မဆွဲဖယ်လိုက်ပြီး မွေ့ရာပေါ်လှဲအိပ်လိုက်၏။ မျက်နှာကျက်တည့်တည့်သို့ မမြင်ရဘဲ စိုက်ကြည့်နေရင်း ကျွန်မစာအုပ် တစ်အုပ်ဖတ်ချင်ယောင်ဆောင်သင့်သလားဟု စဉ်းစားသည်။ သို့သော် မလို အပ်ဘူးထင်ပါရဲ့။

"နှင်းစာဖတ်ဦးမှာလား"

မောင့်အသံကခပ်တိုးတိုး။

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ကျွန်တော်မီးတွေ ပိတ်လိုက်မယ်"

ထို့နောက် နံရံကပ် မီးလုံး အလင်းရောင်သာ ကျန်တော့သည်။ ထိုနံရံကပ် မီးလုံးအလင်းကို မောင်က တဖြည်းဖြည်းချင်း လျှော့ချနေသည်၊ မှောင်ကျလုနီးပါး ဖြစ်သွားတော့ ကျွန်မ သိမ့်ခနဲရင်ခုန်လှုပ်ရှားကာ "မပိတ်နဲ့နော်"ဟု ကမန်းကတန်း တားမြစ်လိုက်မိ၏။ မောင်က နည်းနည်းကလေး ပြန်လင်းပေးကာ "တော်ပြီလား"ဟု မေးသည်။

"အင်း"

ထို့နောက် မောင်သူ့ခုတင်ဆီသို့ ပြန်ရောက်သွား၏။ မှိန်လုံးလုံး မီးရောင်အောက်တွင် ကျွန်မတို့နှစ်ယောက်သည် တစ်ယောက် တစ်ခုတင်စီ လဲလျောင်းကာ အသက်ကို မျှင်း၍ တိုးတိတ်စွာ ရှူပို့ကြိုးစားနေကြသည်၊ လောကတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေရာ လေအေးစက်၏ စက်သံတိုးတိုးသာ တစ်ခန်းလုံးကို လွှမ်းခြုံထားသည်။

ခဏကြာတော့ မောင့်ခုတင်ဘက်သို့ ဖြည်းဖြည်းကလေး စောင်းပြီး လှည့်ကြည့်လိုက်မိ၏။ မောင်ကလည်း ကျွန်မဘက်သို့ လှမ်းကြည့်နေတာ မြင်ရတော့ ဖြုန်းခနဲ ရင်ခုန်သွားပါသည်။ ထို့နောက် ကျွန်မတို့ နှစ်ယောက်လုံး ပြုံးရယ်လိုက်ကြလေသည်။

မောင်က ရယ်မောရင်း သူ့ခုတင်ပေါ်မှာ ရုတ်တရက် ထထိုင်လိုက်၏၊ ထို့နောက် ကျွန်မရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်လာပါသည်။ ကျွန်မ၏ မွေ့ရာစွန်းတွင် အသာဝင်ထိုင်ကာ ကျွန်မကို ငုံ့ကြည့်လိုက်သည်။ သင်းသင်းကလေး မွှေးနေသော မောင့်ကိုယ်နံ့သည် ရေမွှေးတစ်ခုခုကြောင့်လား ဆပ်ပြာကြောင့်လား မီးပူတိုက်ထားသည့် အင်္ကျီ၏ လတ်ဆတ်သော ရနံ့လား ကျွန်မ မခွဲခြားတတ်ပါ။ မောင့်ကို မော့ကြည့်ရင်း ကျွန်မတစ်ကိုယ်လုံး ပူနွေးလာသည်။

ရင်ဘတ်ပေါ်က အိပ်ရာဖုံးစကို တင်းတင်းဆွဲဆုပ်ထားသော ကျွန်မ၏ လက်ဖမိုးပေါ်သို့ မောင်က လက်ညှိုးကလေးဖြင့် သာသာကလေး ထိလိုက်သည်၊ နူးညံ့ညင်သာသော ထိတွေ့မှုကလေးကြောင့် ကျွန်မလည်ပင်းဆီမှ သွေးကြောကလေးတစ်ခု တဆတ်ဆတ် ခုန်လာသည်ကို မောင်မြင်သွားမှာစိုးရွံ့မိပါသည်၊



လက်ဖမိုးပေါ်က သွေးပြန်ကြောကလေးများ၏ လမ်းကြောင်းအတိုင်း မောင့်လက်ညှိုးက ခပ်ဖွဖွတို့လိုက်ပါသွား၏။

မောင့်မျက်လုံးများမှာ နိုးမိုးအနိုင်ယူလိုမှုနှင့် နူးညံ့သော လိုက်လျောမှုကို ရောလျက် မြင်တွေ့နေရသော အခါ ကျွန်မ၏ မျက်တောင်များ စင်းလာပြီး မျက်ခွံများ အလိုလိုပိတ်သွားပါသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေရဲ့ ဂုဏ်သရေကို ပတ်ဝန်းကျင်က အကဲဖြတ် သတ်မှတ်ပေး တတ်တဲ့အတွက် မိန်းမတွေဟာ ပတ်ဝန်းကျင် အကဲဖြတ်မှုကို စိုးရွံ့ တွန့် ဆုတ် ကြလိမ့်မယ်လို့ ထင်စရာ ရှိပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်ရဲ့ ဖိအားကို သွေးအေးအေးနဲ့ အာခံတွန်းလှန် သူတွေဟာ ယောကျာ်းတွေ မဟုတ်ဘဲ မိန်းမတွေ ဖြစ်တယ်လို့ ကိုယ် ကောက်ချက်ချရင် မောင် အံ့ဩသွားမှာလား။

ကိုယ့်ချစ်သူသာ ကိုယ့်ဘက်မှာ ရပ်တည်ပါစေ။ ပတ်ဝန်းကျင် တစ်ခုလုံး၊ လောက တစ်ခုလုံးနဲ့ ဆန့်ကျင်ရမယ် ဆိုရင်တောင် မိန်းမတွေဟာ ဆန့်ကျင်ရဲတယ်။ ပတ်ဝန်းကျင်နဲ့ သူမကြားမှာ ချစ်သူရှိနေသရွေ့ ချစ်သူဟာ အဲဒီ မိန်းမအတွက် မဟာရံတံတိုင်းကြီး တစ်ခုပါပဲ။ အဲဒီလောက်အထိ မိန်းမတွေဟာ ချစ်သူအပေါ် အားကိုး ယုံကြည်ကြပါတယ် မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

ကျွန်မတို့ နှစ်ယောက်လုံးသည် မြို့နှင့်ဒေသ ကို မကျွမ်းကျင်သူများ ဖြစ်ရာ တစ်ယောက်စီ လုခွဲ၍ ကိုယ့်အလုပ်ကို ဆောင်ရွက်ကြရန် မဖြစ်နိုင်ပါ၊ မောင်ကလည်း ကျွန်မကို တစ်ယောက်တည်း ထားခဲ့ဖို့ စိတ်မချဘဲကျွန်မကလည်း မောင့်ကို မြစ်ကူးချောင်းခြား တစ်ယောက်တည်း လွှတ်ရန် စိတ်မချပါ၊ ထိုအခါ မောင်က ကျွန်မနှင့် သက်ဆိုင်သော မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါ ဇီဝဗေဒဌာန တတ်ခွဲခန်း၊ ကျိုက်ခမီ ကမ်းခြေနှင့် စက်စဲသမဝါယမ လုပ်ငန်းများသို့ ကျွန်မသူငယ်ချင်း ညွန့်ညွန့်နှင့်အတူလိုက်ပါခဲ့ပြီး ကျွန်မနှင့် ညွန့်ညွန့်ကလည်း မောင်သွားရာ သထုံနှင့် ဘီးလင်းနယ်များသို့ လိုက်ပါခဲ့ကြပါသည်။

ကျွန်မ၏ အလုပ်ကိစ္စသည် နယ်မြေလေ့လာရုံ သက်သက်ပင် သုံးရက် ကြာခဲ့၏။ မောင့်အလုပ်ကိစ္စကလည်း သထုံမှာတစ်ရက်၊ ဘီးလင်းမြို့နယ်က ဌာနစ်ရွာတွင် တစ်ရက်စီ ဖြစ်လေတော့ သုံးရက်ကြာခဲ့သည်။ ကျွန်မတို့သည် ရောက်ရာနေရာတွင် ဖြစ်သလို စားနိုင်ဖို့ မောင့်အဝတ်အိတ်ထဲမှာ မုန့်မျိုးစုံနှင့် ရေဘူးထည့်ယူသွားကြသည်။ သို့သော် ကံကောင်းထောက်မစွာပင် ဘီးလင်းနယ်က ဌာနစ်ရွာမှတစ်ပါး အခြားဒေသများတွင် ထမင်းဆိုင်များ ရှိနေခဲ့သည်။ ညွန့်ညွန့်ကို တက္ကသိုလ်နယ်မြေထဲက အဆောင်သို့ ပြန်ပို့ပေးပြီးမှ ကျွန်မတို့ နှစ်ယောက် ပြန်လာကြသောကြောင့် မော်လမြိုင်ဟိုတယ်သို့ နေ့စဉ် ပြန်ရောက်ချိန်သည် ညနေ ၆ နာရီထက် ဘယ်တော့မှ မစောပါ။

ရေချိုး အဝတ်အစားလဲပြီးနောက် ဟိုတယ်ဘားခန်း အဆောက်အဦးသို့ ကျွန်မတို့ ညစာသွားစားချိန်သည် အမြဲတမ်း ည ၇ နာရီခွဲ ပတ်ဝန်းကျင် အချိန်ဖြစ်သည်။ ပထမတော့ ပတ်ဝန်းကျင်က ယောကျ်ားများ၏ မျက်လုံး ဒဏ်ကြောင့် ကျွန်မ ခြေလှမ်းများ အနည်းငယ် တွန့်ဆုတ်နေခဲ့သည်၊ သို့သော် မောင်၏ တည်ကြည်သော ဣန္ဒြေမျက်နှာထားကြောင့် ကျွန်မသည် မိမိခြေလှမ်းကို မိမိအလွန်ရဲဝံ့စွာ ယုံကြည်သူဖြစ်ခဲ့ပါသည်။ ထမင်းစားစဉ် ကျွန်မတို့ သိပ်စကား မပြောဖြစ်ဘဲ ပြောသည့် စကားတွေကလည်း နေ့ခင်းက သုတေသနလုပ်ငန်းများအကြောင်း၊ သမိုင်းနှင့် မနုဿဗေဒအကြောင်း၊ အဏ္ဏဝါ



ရက္ခဗေဒအကြောင်းတို့သာဖြစ်သည်။ ကြာတော့ ကျွန်မနှင့် မောင့်ကို အာရုံ စိုက်မှုများ လျော့သွားသည်။ သူတို့ အာရုံစိုက်ရလောက်အောင် ကျွန်မတို့ မျက်နှာထားတွေက စိတ်ဝင်စားဖွယ် မဖြစ်ခဲ့ပါ။

အခန်းထဲပြန်ရောက်သည့်အခါ ညအိပ်ရာမဝင်မီ မောင်က ခရီးဆောင် လက်နှိပ်စက် တစ်လုံးဖြင့် အလုပ်ရှုပ်နေတတ်ပြီး ကျွန်မကတော့ Walkman ကက်ဆက်ဖြင့် အသံဖမ်းယူထားသော ဌာနလုပ်ငန်းစဉ်များ အဆင့်များကို ပြန်လည် နားထောင်ရင်း မှတ်စုရေးနေရတတ်သည်။ သို့သော် ကျွန်မတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပိုမို သိကျွမ်းခွင့်ရရန် အချိန် လည်း လုံလောက်စွာ ရှိခဲ့ကြပါသည်။

စုနစ်ရက်မြောက်သည့်နေ့မှာတော့ ကျွန်မတို့နှစ်ယောက်လုံး အလုပ် တာဝန်များမှ လွတ်ကင်းလျက် မနက်အစော ငါးနာရီကတည်းက နာဂဝိသ တောင်ပေါ်လမ်းတလျှောက် လမ်းလျှောက်ဘုရားဖူးရန် ထွက်ခွာနိုင်ကြပြီ ဖြစ်သည်။ မော်လမြိုင်တောင်ရိုးတန်း တလျှောက်သည် ဗုဒ္ဓဘာသာ နယ်မြေသီးသန့်ဖြစ်ပြီး ဘုရားစေတီများ၊ ဇရပ်များနှင့် ဘုန်းကြီးကျောင်းများ၏ နေရာတစ်ခုဖြစ်သည်။ နံနက် နေရောင်ခြည်သည် တောင်ရိုး၏ တစ်ဖက်မှ လျှင်မြန်စွာ တက်လာပြီး အထက်ကောင်းကင်သို့ ရောက်လာချိန်၌ ကျွန်မနှင့်မောင်က ကျိုက်သန်လန် ဘုရား ရင်ပြင်ပေါ်မှ တိတ်ဆိတ်စွာပင် ရှုခင်းကို ရင်သပ်ရှုမော ငေးနေမိကြသည်။

ဟိုးအဝေး အနိမ့်ဆီမှာ ကွေ့ကောက်လျက်ရှိသော မြစ်နှစ်သွယ်သည် စိမ်းလန်းသော မြေပြင်များကို ခွဲလျက် စီးဆင်းနေသည်၊ ချည့်လမ်းညွှန် မရှိသောကြောင့် ကျွန်မတို့နှစ်ယောက်သည် ဖွဲ့ကပင်ထောင်ရှိနိုင်သည့်နေရာကို စိတ်ကူးမြေပုံဖြင့် ရှာဖွေ ခန့်မှန်းကြည့်ကြပါသည်၊

"ဟောဟိုရေစီးကြောင်းနှစ်ခုက မြစ်နှစ်မြစ်ပဲနှင်းရဲ့၊ ဘာမြစ်တွေ ဖြစ်နိုင်မလဲ ခန့်မှန်းစမ်းပါ"

မောင်က ဘုရားရင်ပြင်ကို ကာရံထားသော သံပိုက်လုံးလက်ရမ်းကို ဆုပ်ကိုင်လျက် အဝေးကို ငေးနေရင်းက ကျွန်မကို ပဟေဠိဖွက်နေသေး၏။ သိန်းဖေမြင့်၏ "ကျွန်တော်တို့ မွန်မြန်မာ" စာအုပ်ကို ဖတ်ထားပြီးသော ကျွန်မက ခပ်ပြုံးပြုံးပင် ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အတွဲရုံမြစ်နဲ့ ဂျိုင်းမြစ်ပဲဖြစ်မှာပေါ့ မောင်ရဲ့"

မောင်က ခပ်တိုးတိုး လေချွန်ပြီး ကျွန်မဘက်လှည့်ကြည့်သည်။

"နှင်း ငယ်ငယ်တုန်းက ပထဝီ တော်လားဟင်"

"ဟင့်အင်း၊ ကိုယ်က ဝိဇ္ဇာ ဘာသာရပ်တွေမှာ ညံ့တယ်"

ထို့နောက် ကျွန်မတို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်မိကြသည်။

"မောင်ကတော့ မြေပုံဆွဲတော်သားပဲ၊ ကိုယ့်ကို မော်လမြိုင်မြို့ ကောင်းကောင်း ဆွဲပေးမယ် မဟုတ်လား"

"ဝမ်းမြောက်ဝမ်းသာနဲ့ ဆွဲပေးပါ့မယ်ခင်ဗျား"

ကျွန်မတို့သည် ကျိုက်သန်လန် ဘုရားမှ ဆင်းပြီး နောက်တောင်ရိုးတန်း ကတ္တရာလမ်းအတိုင်း လမ်းလျှောက်သွားကြသည်။ လေသည် မော်လမြိုင် ဟိုတယ် ပတ်ဝန်းကျင်ကထက်ပို၍ အေးစိမ့်ကာ ပို၍ လန်းဆန်းသည်။ ဟို အောက်ဘက် သံလွင်မြစ်ကမ်းခြေ တဝိုက်ရှိ မော်လမြိုင်မြို့မြင်ကွင်းသည် အုန်းပင်များ ပြန့်ကျဲနေသော ရှုခင်းတစ်ခု ဖြစ်နေ၏။ ရှုခင်းသာ (View Point)မှာ ကျွန်မတို့ ခဏရပ်နားကြပြီး ရှေ့ဆက်သွားတော့ ဦးခန္တီဆုတောင်း ပြည့် မဟာမြတ်မုနိ ဘုရားသို့ ရောက်သည်။ ဘုရားကန်တော့ပြီးနောက် ကျွန်မက အလှူခံသေတ္တာထဲသို့ တစ်ဆယ်တန် အသစ်တစ်ရွက်စီ လိုက်ထည့်နေစဉ် မောင်က တန်ဆောင်းထဲ လှည့်ပတ်ကြည့်နေ၏။

"နှင်း ဒီမှာလာကြည့်"

မောင် မော့ကြည့်နေသည်မှာ တောင်ပေါ် စေတီများ၏ မြေပုံအကြမ်း ဖြစ်ပါသည်။

"ကိုယ်တို့ ရောက်နေတာ ဒီနေရာပေါ့နော် မောင်"

ကျွန်မက ဦးခန္တီဘုရားစေတီပုံကလေး ရှိရာ လက်ညှိုးညွှန်ပြလိုက်သည်၊

"ဟုတ်တယ်၊ ဒီမှာ အုတ်လှေကားတဲ့၊ ဘာလှေကားလဲမသိဘူးနော် နှင်း"

"အင်း၊ ဒါပေမယ့် ကိုယ်တို့ ရောက်နေတဲ့ နေရာနဲ့တော့ သိပ်မဝေးဘူး ကိုယ်တို့ လိုက်ရှာ ကြည့်ကြမလား"

ကျွန်မတို့သည် ဘုရားတန်ဆောင်းထဲမှ ထွက်လာကြပြီးနောက် မြေပုံ အတိုင်း ခန့်မှန်းကာ အုတ်လှေကား ရှိနိုင်မည့် နေရာကို စပ်စုကြသည်၊



ငါးမိနစ် မကြာမီမှာပင် ကျွန်မတို့သည် တောင်ပေါ်ကတ္တရာလမ်း၏ အောက် ဘက်ဆီ၌ အုတ်လှေကားကြီး တစ်ခုကို အထက်စီးမှ မြင်လိုက်သည်။

အုတ်လှေကားသည် အနီးပတ်ဝန်းကျင်မှာ ချုံပင်စိမ်းများ ဝိုင်းရံလျက် ရေညှိရောင်သန်းကာ ကျယ်ပြန့် ရှည်လျားလှသည်။

"လှလိုက်တာနော် မောင်"

"ကျွန်တော်တို့ အုတ်လှေကားအတိုင်း ဆင်းကြည့်ရအောင် နှင်း၊ ကျွန်တော် ဒီလှေကားကို ဓာတ်ပုံ ရိုက်ချင်တယ်"

အုတ်လှေကား၏ လှေကားထစ်များသည် အနံကျယ်ပြီး အလျားလည်း ရှည်သည်။ အမြင့်ကတော့ လူ၏ ခြေလှမ်း အဆင်ပြေနိုင်ရုံသာ မြင့်ပါသည်။ ဘိလပ်မြေနှင့် အချောကိုင်ထားခဲ့သော လှေကားထစ်ပြင်ညီများသည် နေဒဏ် ရေဒဏ် လေဒဏ်တို့ကြောင့် အနည်းငယ် ကြမ်းတမ်းပြီး ရေညှိရောင် သန်း နေသော်လည်း သန့်ရှင်းသေသပ်နေပါသည်၊ မောင်က လှေကား၏ အပေါ်ဆုံး လှေကားထစ်များဆီတွင် မတ်တပ်ရပ်၍ ကင်မရာကို မှန်ဘီလူးတစ်ခုလဲကာ လှေကားကို ဓာတ်ပုံရိုက်ယူသည်။

"ဒီလိုတောလမ်း သစ်ပင်ရိုင်းကလေးတွေ ကြားထဲက အုတ်လှေကား ထစ်မျိုးကို ကိုယ်တစ်နေရာရာမှာ မြင်ဘူးသလိုပဲသိလား မောင်၊ နိုင်ငံခြား ရုပ်ရှင်လား၊ ဒါမှမဟုတ် ဓာတ်ပုံ တစ်ခုခုလား မသိဘူး"

"ဂျပန်နိုင်ငံက အုတ်လှေကားရှည်ကြီးတွေများ ဖြစ်နေပါဦးမယ် နှင်းရဲ့၊ ဂျပန်မှာ ဒီလို အုတ်လှေကားရှည်ကြီးတွေ ရှိတယ်ထင်တယ်။ ဥပမာ ကာမာကုရ ဗုဒ္ဓဆင်းတုတော်ကြီး အောက်ခြေ လှေကားထစ်တွေ"

"ဟင့်အင် ...မတူဘူးနဲ့ တူတယ်"

စကားတပြောပြောဖြင့် ကျွန်မတို့ လှေကားများအတိုင်း ဆင်းလာခဲ့ကြ သည်။

"နှင်း ...ကျွန်တော်တို့ နှစ်ယောက် အမှတ်တရ ဓာတ်ပုံ ရိုက်မလားဟင်"

ကျွန်မ အနည်းငယ် ရယ်မောလိုက်မိ၏။

"မောင် ဒီမေးခွန်းကို မေးဖို့ တစ်ပတ်လောက်တောင် နောက်ကျခဲ့တယ် နော်"

မောင်က ကျွန်မ လက်ဖျားများကို ဆွဲယူဖျစ်ညှစ်ရင်း အသံထွက်

www.burmeseclassic.com

www.burmeseclassic.com

ရယ်မောလေသည်။

မောင်က ကင်မရာတင်သည့် ထရိုင်ပေါ့(ဒ်)ကို အောက်ခြေလှေကားပြန့်ကျယ်တစ်ခုတွင် အကျအန ထောင်ပြီး ကင်မရာကို တပ်ဆင်နေနိုက် ကျွန်မက အထက်လှေကားထစ်များရှိရာသို့ မော့ကြည့်နေမိသည်။ ပြာလွင်သောကောင်းကင်တွင် အဖြူရောင် တိမ်အဆုပ်များ ဖြည်းညင်းစွာ ရွေ့လျားနေကြသည်။ ပတ်ဝန်းကျင်သည် ပုစဉ်းအော်သံကလေးများနှင့် သစ်ရွက်ပွတ်တိုက်သံများကလွဲ၍ တိတ်ဆိတ်နေ၏။ သစ်ရွက်စိမ်းနံ့၊ ပန်းစိမ်းနံ့တို့ဖြင့် လေသည်ထူးဆန်းစွာ မွှေးပျံ့လျက် ရှိသည်။

"အထက် အုတ်လှေကားထစ်တွေကို လူနှစ်ယောက်က ကွယ်မနေအောင်ကျွန်တော်တို့ ထိုင်လျက် ရိုက်ကြမယ်နော် နှင်း၊ အဲဒီနားမှာ နှင်းထိုင်နှင့်"

ကျွန်မ အုတ်လှေကားစွန်းတွင် ဝင်ထိုင်လိုက်သည်။

"နှင်းရေ ...လူလေးတွေက သေးသေးလေးပဲပါမှာနော်၊ လှေကားကြီးကိုမြင်ကွင်း အကြီးကြီး ယူထားတယ်"

ကျွန်မ ခေါင်းညိတ်၍ ရယ်လိုက်သည်။

"ကိုယ်တို့မှန်းတော့ သိသာတယ် မဟုတ်လား မောင်"

"သိသာပါတယ်"

"အိုကေ ...၊ ဒါနဲ့ မောင်ခလုတ်ချိန်ပြီးတဲ့အခါ ဒီကိုပြေးတက်လာဖို့အချိန်ရပါ့မလား"

"ရပါတယ်"

သို့သော် တကယ်တော့ မောင်အချိန်မရပါ။ မောင်၏ အချိန်မလုံလောက်မှုကြောင့်ပင် ထိုဓာတ်ပုံသည် သဘာဝကျသော ဓာတ်ပုံတစ်ခုဖြစ်သွား၏။ မောင်ပြေးတက်လာတာ နှေးလိုက်တာဟု စိတ်ထဲထင်နေသောကြောင့် မောင်အနားရောက်လာတော့ ကျွန်မရုတ်တရက်မောင့်ကို လက်ကမ်းပေးလိုက်သည်။ မောင်ကကျွန်မလက်ကို ကမန်းကတန်း ဖမ်းဆွဲ ဆုပ်လျက် ကျွန်မဘေးမှာထိုင်ချရန် ငုံ့ကိုင်းလိုက်စဉ်မှာပင် ကင်မရာဆီမှ အသံတစ်ခုကို ကြားလိုက်ရပါသည်။

"ဟာ ...သွားပြီ၊ ကျွန်တော်ထိုင်တောင် မထိုင်လိုက်ရသေးဘူး"

ကျွန်မတို့နှစ်ယောက် စိတ်လှုပ်ရှားစွာ ရယ်မောမိကြပါသည်။



နေ့လယ်စာစားပြီးနောက် ကျွန်မတို့နှစ်ယောက်သည် မွန်ပြည်နယ်ပြတိုက်သို့ သွားကြ၏။ ပြတိုက်အောက်ခန်းရှိ ရှေးဟောင်းပစ္စည်းများကို ခဏလှည့်ပတ်ကြည့်ရှုကြပြီးနောက် မောင့်ဆန္ဒဖြင့် အပေါ်ထပ်ရှိ စာကြည့်တိုက်စာဖတ်ခန်းသို့ ရောက်သွားသည်။ စာအုပ်ဗီရိုများ သိပ်မများသော်လည်း ရှိသမျှစာအုပ်များ၊ ကျမ်းမှားမှာ အလွန်ရှားပါး အဖိုးတန်ကြောင်း ကျွန်မတို့နှစ်ယောက် တွေ့ရသည်။

"အတော်ပဲနှင်းရေ ...ကျွန်တော် ရန်ကုန်ပြန်မရောက်ခင် ၊ စာတမ်းအကြမ်း အပြီးရေးနိုင်တော့မယ်၊ နှင်းခဏစောင့်နိုင်လားဟင်"

"စောင့်နိုင်ပါတယ် မောင်ရဲ့ ဗိုက်ဝနေပြီပဲ"

မောင်က စာကြည့်တိုက်စောင့်သည့် ဦးလေးကြီးအား တောင်းပန်ပြီး မှတ်ပုံတင်ကတ်ပြားအပ်၍ စာအုပ်ငှားဖတ်တော့သည်။ ခဏ ...ဟုသောကာလကို ကျွန်မက ၁၅ မိနစ်၊ နာရီဝက်ဟု ထင်ခဲ့သည်။ သို့သော်မောင်သည် စာအုပ်နှစ်အုပ်ကို နှစ်နာရီလောက် ကြာအောင်ဖတ်၍ မှတ်စုကူးနေခဲ့၏။ မောင့်အနားမှာ မောင့်ချစ်သူတစ်ယောက်လုံး ပျင်းရိငြီးငွေ့စွာထိုင်၍ စိတ်မပါသည့် "ပဲခူးကလျာဏီသိမ်ကျောက်စာ" စာအုပ်ကို ဟိုလှန်သည်လှန် လုပ်နေသည်ကို မောင်ဂရုမစိုက်ခဲ့တော့ပေ။

မောင့်ကိုမကြာခဏ အကဲခတ်ကြည့်မိသလောက် မောင်ကျွန်မအပေါ်အားနာဟန်လည်း မရှိပေ။ ကျွန်မ၏ ဖြစ်တည်မှုကိုပင် မေ့လျော့နေပုံရပါသည်။ မောင်သည် မောင့်ဘဝတက်လမ်းအတွက်၊ မောင့်ပညာအတွက်၊ မောင့်ဂုဏ်သိက္ခာအတွက် စသည့်အတ္တများကို ဦးစားပေးသူလား ...ဟု ကျွန်မအခံရခက်စွာ တွေးနေမိခဲ့သည်။ ကျွန်မသည် မောင့်ပညာ၏ နောက်မှာလား။ မောင့်အရေးတကြီးကိစ္စများတွင် သက်နှင်းအိမ် မပါဝင်ဘူးလား။ ကျွန်မအကြိမ်ကြိမ်အခါခါ သိရှိခံစားခဲ့သော မောင်၏ဣန္ဒြေရရ မျိုသိပ်ထိန်းချုပ်မှုများသည် မျိုသိပ်ထိန်းချုပ်မှု အစစ်မဟုတ်ရဲ့လား၊ ဂရုမစိုက်မှု လျှစ်လျူရှုမှုတွေများ ဖြစ်နေမလား။ ကျွန်မသည် ပထမဦးဆုံးအကြိမ် မောင့်အချစ်အပေါ် သံသယဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို မြတ်နိုးတွယ်တာစွာ သို့သော် အနည်းငယ်နာကျည်းစွာ နိုင့် စိမ်းကားကား ကြည့်မိစဉ် မောင်ကကျွန်မဘက် လှည့်ကြည့်၍ပြုံးသည်။

"နှင်း ...နှင်းအိတ်ထဲမှာ စာရွက်လွတ်များ ပါသေးလားဟင်"

ကျွန်မအနည်းငယ် အောင့်သက်သက် ဖြစ်သွားသော်လည်း အိတ်ထဲမှ စာရွက်ရှာဖွေ၍ ထုတ်ပေးလိုက်ပါသည်။

"မောင် ...မောင့်ဘဝမှာ နံပါတ်တစ်အရေးအကြီးဆုံး တန်ဖိုးထားတဲ့ သက်မဲ့ဒါမှမဟုတ် သက်ရှိက ဘာလဲဟင်"

မောင်ကစာရွက်ပေါ်မှာ တစ်စုံတစ်ခု ကူးရေးမည့်ဟန်ပြင်ပြီးမှ ကျွန်မ မေးခွန်းကြောင့် ဖြုန်းဆိုတန့်သွားကာ ကျွန်မဘက်လှည့်ကြည့်၏။ ကျွန်မ၏ မျိုသိပ်သော အပြုံးကိုမြင်တော့ မောင်ကကျွန်မကို နှစ်သိမ့်သလိုပြုံးရယ်ရင်း ကျွန်မမေးစေ့ကို လက်နှင့်ဖျစ်ညှစ်၏။

"နှင်းရာ ...ခဏလေးပါ၊ နောက်နာရီဝက်လောက်ဆို ပြီးပါပြီ။"

မောင်ကျွန်မ မေးခွန်းကို မဖြေခဲ့ပါ။ ကျွန်မ စိတ်သက်သာရာရဖို့ပင် လိမ်ညာ၍ မဖြေခဲ့ပါ။

ညနေကျွန်မတို့ ပြန်လာကြသောအချိန်တွင် ကျွန်မအနည်းငယ် စိတ်ရှုပ်ထွေးလျက်ရှိသည်။ ထို့ကြောင့်ကျွန်မတို့ ဟိုတယ်ပြန်ရောက်ပြီး ရေချိုးအဝတ်အစားလဲပြီးသောအခါ ညစာစားဖို့ ပြင်ဆင်ချိန်၌ မောင့်ကို ပထမဦးဆုံးအကြိမ် ဆန့်ကျင်မိသည်။

"နေ့တိုင်း တရုတ်ထမင်းဟင်းနဲ့ ဥရောပအစားအစာတွေချည်း စားရတာ ကိုယ်ငြီးငွေ့နေပြီမောင် ၊ ကိုယ်မြန်မာထမင်းဟင်း စားချင်တယ်"

မောင်က သည်းခံစိတ်ရှည်မှုကို အတတ်နိုင်ဆုံး မွေးမြူရဟန်ဖြင့် ပင့်သက်တစ်ချက်ရှိုက်၏ ။

"ဒီမှာဘယ့်နှယ်လုပ်ပြီး မြန်မာထမင်းဟင်း ရနိုင်မလဲနှင်း"

"ကိုယ်သိပါတယ်၊ ရနိုင်တဲ့ဆီ သွားစားကြမယ်လေ"

မောင်က ပထမတော့ ကန့်ကွက်တော့မလို မျက်နှာကြော နည်းနည်းတင်းသွားသေး၏။ ထို့နောက်တော့ စိတ်လျှော့လိုက်ဟန်ဖြင့် · လိုက်လျောသည်၊

"ရတယ်လေ ...ဒါဖြင့်လဲ သွားတာပေါ့၊ ဒါပေမယ့် ဆိုင်တိုင်းကတော့ ကောင်းမှာမဟုတ်ဘူး၊ မသိလို့ကောင်းတဲ့ဆိုင်ကို မရောက်ဖြစ်ကြရင် နှင်း



ကြေး(ကျိုး)မများနဲ့ဒါပဲ"

"အို ဟိုတစ်ခါ ညွန့်ညွန့်နဲ့ သုံးယောက်စားဖူးတဲ့ဆိုင် ကောင်းသားပဲ မောင်ရဲ့"

မောင်က မမှတ်မိဟန်ဖြင့် မျက်မှောင်ကုတ် စဉ်းစားသည်။

"ဒေါ်မိလား ဒေါ်ပုလားမသိဘူး" ကျွန်မက အစပေါ်ပေးတော့ မောင်က မျက်လုံးပြူးသွား၏ ။

"ဘုရားရေ အဲဒီဆိုင်က ဒီဟိုတယ်နဲ့ ဘယ်လောက်ဝေးတယ်မှတ်လဲ"

"ဝေးပစေ"

မောင်က ကျွန်မ မောင့်အပေါ် ဆန့်ကျင်လိုသည့် အရိပ်အကဲကို နားလည်ပုံရ၏ ။ ဘာမှမပြောဘဲ အိုကေ ...ဟု သဘောတူပါသည်။ ကျွန်မတို့ သည်ဟိုတယ်မှ ထိုဆိုင်သို့ရောက်အောင် ဆိုက်ကားဖြင့် သွားကြရ၏။ ဆိုင်နေရာကိုလည်း မောင်ကောင်းကောင်း မမှတ်မိ၍ ဖြစ်သည်။

ကံဆိုးချင်တော့ ကျွန်မတို့ဆိုင်ထဲ ဝင်ထိုင်ပြီးမှ ကျွန်မ စားချင်သောဟင်းများ ကုန်နေကြောင်း သိလိုက်ရသည်။ အမဲနှပ်နှင့် ဆိတ်ကလီစာပဲ ရတော့တယ်ဟူသည့် စကားကြောင့် ကျွန်မစိတ်ပျက်သွားချိန်တွင် မောင်ကကျွန်မကို ခပ်ရိပ်ရိပ်ပြုံးကြည့်၏ ။

"ရှိတဲ့ဟင်းပဲ စားလိုက်တော့ပေါ့ နှင်းရဲ့"

"မောင့်စကားကြောင့် ကျွန်မ ပခုံးတွန့်လိုက်မိသည်။

"ကိုယ်က ငါးနဲ့ကြက်ကလွဲလို့ ဘာမှမစားတာ မောင်မေ့နေပြီလား"

"ဟုတ်ပြီလေ ... ဒါပေမယ့် အခုအဲဒါတွေမှ မရှိတာပဲ"

"မရှိရင် မစားဘူးပေါ့ မောင်ရဲ့၊ ကိုယ်ခြေလေးချောင်း သတ္တဝါ ရှောင်ထား ပါတယ်ဆိုမှပဲ"

မောင့်ကိုဒေါသဖြင့် ခပ်မာမာပြောမိတော့မောင်ကရုစ်ထိပ်ဟု ဆဲရေးသည်။ ကျွန်မ မောင့်ကို ဒေါသတကြီး ကြည့်မိ၏ ။

"မောင် မရိုင်းနဲ့နော်"

ဆိုင်ထဲမှာ ကျွန်မတို့နှစ်ယောက် ရန်ဖြစ်နေကြသည်ကို စားပွဲထိုးကလေး နှစ်ယောက်က ငေးမောကြည့်နေကြ၏ ။ ကျွန်မဖြုန်းကနဲ အသိဝင်သွားကာ ဆိုင်ပြင်သို့ လှည့်ထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု ဒါဖြင့် နင်းက ဘာစားမှာလဲ"

"ကြက်နဲ့ငါးရတဲ့ဆိုင် လိုက်ရှာမယ်"

"ဒါပေမယ့် ကျွန်တော်ဆာလှပြီနင်း၊ ကျွန်တော်မသိတဲ့ ထမင်းဆိုင်လိုက်ရှာရင်း အဆာလွန် မခံနိုင်ဘူး"

မောင့်အသံက ဒေါသအရိပ်အငွေ့ဖြင့် ပြတ်တောက်မာကျောနေသည်၊

"ဒီတော့ ဘာလုပ်ချင်သလဲ"

ကျွန်မ နောက်သို့ရှာကနဲ လှည့်ကြည့်မေးမိတော့ မောင်က ကျွန်မကို ကျော်လွန်အောင် ခပ်သွက်သွက် လျှောက်သွားရင်း ပြတ်သားစွာပြော၏၊

"ပထမဆုံးတွေ့တဲ့ တရုတ်ဆိုင်မှာ ဝင်စားမယ်"

"ကိုယ်မစားချင်ဘူးလို့ ပြောနေတယ် မဟုတ်လား"

"ဒါပေမယ့် ကျွန်တော် စားချင်တယ်လေ"

ကျွန်မသည် ဒေါသနှင့်နာကျည်းစိတ်ကို ထိန်းချုပ်မျိုသိပ်လျက် မောင့်နောက်က လျှောက်လိုက်သွားရသည်။ ကျွန်မ၏ လက်မှေ့အိတ်ထဲမှ ပိုက်ဆံ လုံလောက်ရုံမျှမက ပိုလျှံအောင်ပင် ပါပါသည်။ ကျွန်မသည် အံကြိတ်လျက် ပထမဆုံးတွေ့သည့် မြန်မာထမင်းဆိုင်ထဲသို့ မောင်လိုက်ပါသည်ဖြစ်စေ မလိုက် ပါသည်ဖြစ်စေ ဝင်စားမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်၊

သို့သော်ကံကြမ္မာကပဲ ကျွန်မဘက်မှာ မရှိတာလား၊ မော်လမြိုင်အောက်လမ်းမကြီးမှာပဲ မြန်မာထမင်းဆိုင် ရှားပါးတာလားမသိ၊ ကျွန်မ မြန်မာထမင်းဆိုင်မတွေ့ပါ။ မောင်ကရှေ့မှခြေလှမ်းကျဲကျဲဖြင့် စိတ်လိုက်မာန်ပါ လျှောက်သွားနိုက်မှာ ကျွန်မက အံတင်းတင်းကြိတ်ကာ မောင့်နောက်မှ မကျမကမ်း လိုက်ပါရသည်။ ကံဆိုးဝါးစွာပင် တော်တော်ဝေးဝေး လျှောက်ပြီးမှ တရုတ်စားသောက်ဆိုင်တစ်ခုသို့ ရောက်သည်။ မောင်ကကျွန်မ ပါလာသလား ကျန်ခဲ့သလား လုံးဝ ဂရုမစိုက်သည့် ဟန်ပန်ဖြင့် နောက်ဘက်အနည်းငယ်မျှပင် လှည့်မကြည့်ဘဲ ဆိုင်ထဲသို့ ဝင်သွားသည်။ ကျွန်မသည်ဒေါသ ထောင်းကနဲ ထွက်သွားကာ ထိုဆိုင်ရှေ့မှ ခပ်တည်တည် ဖြတ်လျှောက်သွားလိုက်သည်၊ ကျွန်မမှာ ပိုက်ဆံ အလုံအလောက်ပါပြီး ဆိုက်ကားတစ်စီးတွေ့လျှင် ဟိုတယ်သို့ အလွယ်တကူပြန်ရောက်မှာ သိထားသောကြောင့် မောင့်ကို ဂရုစိုက်စရာမလို ကျွန်မ အားတင်းခဲ့သည်။

"နင်း ..."

သို့သော် မောင်က ဆိုင်ထဲမှ ထွက်ရပ်တီး၍ လှမ်းခေါ်တော့ ကျွန်မ မကြားချင်ယောင်ဆောင်၍ မဖြစ်တော့ပါ။ မောင့်ကို လှည့်ကြည့်လိုက်သည်။ မောင်က ဆိုင်ပေါက်ဝမှာ ရပ်လျက် မရယ်မပြုံး လှမ်းကြည့်နေသည်။ ကျွန်မသည် ပတ်ဝန်းကျင်ကို ပြန်ငဲ့ကာ မောင်ရှိရာဆိုင်ထဲသို့ ဝင်လိုက်သွားရပါသည်။ နောက်ဆုံးတော့ ကျွန်မဟာ မောင့်အပေါ်မှာ ထုံးစံအတိုင်း အရှုံးပေးလိုက်ရတာ ပါပဲလား။ ထိုအတွေးဖြင့် ကျွန်မနာကျင်စွာ ဝမ်းနည်းလာခဲ့သည်။ စားပွဲမှာထိုင်မိစဉ် မောင့်ကိုမျက်နှာချင်းဆိုင်ရမှာ ဝန်လေး၍ ဆိုင်နံရံက တရုတ်ပန်းချီကားများကို ငေးရင်း မျက်တောင်တဖျတ်ဖျတ် ခတ်မိ၏။

အခုနေများ ကျွန်မကို သရော်လှောင်ပြောင်သည့်စကား၊ အနိုင်ယူသည့်စကားမျိုး တစ်ခွန်းတည်းပြောကြည့်။ ကျွန်မမောင့်ကို ခွန်အက်ရင်ဆိုင်ထားသည့် အငွေ့တထောင်းထောင်းထနေသော ရေနွေးပန်းကန်လုံးကြီးနှင့် ကောက်ပေါက်ပစ် လိုက်မည်ဟု ကြိုတင်တွေးထားသည်။ သို့သော် ပါးနပ်သောမောင်က ရန်စကားတစ်ခွန်းမျှ မပြောခဲ့ပေ။ ဟင်းမှာတော့ ကျွန်မ ဘာစားမလဲဟု လုံးဝမမေးဘဲ ကျွန်မအကြိုက်ကို အားဖယ်၍ မောင့်ဆုံးဖြတ်ချက် တစ်ခုတည်းဖြင့် မှာခဲ့၏။ သို့ပေမယ့် ဟင်းသုံးမျိုးလုံးသည် ကြက်သားတွေချည်း ဖြစ်ပြီး ကျွန်မ ကြိုက်နှစ်သက်သော ဟင်းများချည်း ဖြစ်နေသည်။ မောင်က ကျွန်မကို သေသေချာချာ ကြည့်၍ ပြုံး၏။

"အင်း ... ကျွန်တော်လဲနင်းနဲ့ ချစ်သူဘဝရောက်ခါမှ ကြက်သားဆို တာ ဘာမှန်းတောင် မသိတော့ဘူးနော်"

ကျွန်မမောင့်ကို အာခံသည့် မျက်နှာပေးဖြင့် စူးစူးရဲရဲကြည့်ကာ မရယ်မပြုံး၊ မျက်ခုံးတွန့်လိုက်မိသည်။ ဟင့်အင်း၊ ဒါလောက်ချော့ရုံနဲ့တော့ သူ့အပြစ်တွေ မကြေစေနိုင်ဦးဟု ကိုယ့်ကိုယ်ကို အားတင်းထားလိုက်ပါသည်။

ကျွန်မသည် မောင့်ကို မကျေချမ်းသည့်စိတ် ဘယ်ကာလကတည်းက ရှိနေသည်မသိ၊ ဟိုတယ်ပြန်ရောက်သည့်အထိ မောင့်ကို မျက်နှာချင်းဆိုင်ရမှာ၊ စကားပြောရမှာ ဝန်လေးနေခဲ့သည်။ ရောက်ရောက်ချင်း ညဝတ်အင်္ကျီလဲပြီးသည့်အခါ ကျွန်မခုတင်ပေါ် အိကနဲပစ်လှဲ အိပ်ချလိုက်သည်။ မောင်ကတော့ ထုံးစံအတိုင်း ကျွန်မခုတင်ခြေရင်းက မှန်ချိတ်ထားသည့်နံရံမှာကပ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်စားပွဲတွင်ထိုင်ကာ လက်နှိပ်စက်ခလုတ်များကိုစတင်နှိပ်နေတော့သည်။

တွေ့လား။ လောကမှာသူ့အတွက် အရေးအကြီးဆုံးက သူ့အလုပ်နဲ့ ပညာပဲ။ သူ ငါ့ကိုဘာကြောင့် ရွေးချယ်ခဲ့သလဲဆိုတာ သူကိုယ်တိုင်ဖွင့်ပြောခဲ့တာပဲ၊ ခရီးဆုံးပန်းတိုင်ချင်း တူနေလို့တဲ့။ ဆိုလိုတာက မိန်းမတစ်ယောက်ရဲ့ အကြိုက်နဲ့ လိုအင်ဆန္ဒတွေအတွက် သီးသန့်ကြိုးစား ဆောင်ရွက်ပေးစရာ မလိုတော့ဘူးဆိုတဲ့ သဘောပဲပေါ့။ သူသွားလေရာမှာ သူ့နောက်က တကောက်ကောက် လိုက်လာမယ့် အရိပ်လို ချစ်သူမျိုးကို သူရွေးခဲ့တာပဲ၊ သူဟာ ငါ့အတွက်နဲ့ သူသွားမယ့်လမ်းကြောင်းကို ပြောင်းလဲပစ်မှာမဟုတ်ဘူး၊ သူ သွားမယ့်လမ်းကြောင်းပေါ် လိုက်မယ့်မိန်းမကို လမ်းကြုံခေါ်သွားတဲ့ အဓိပ္ပါယ်ပဲ။ ချစ်သူတစ်ယောက်အတွက် သူဟာဘာတစ်ခုမှ ကြိုးစားအားထုတ်ခဲ့သေးတာ မဟုတ်ဘူး။

ကျွန်မသည် တွေးရင်းတွေးရင်း ရှက်ရွံ့နာကျည်းလာသည်။ မျက်ရည်မကျမိအောင် ထိန်းချုပ်ထားရင်းက ကျွန်မမောင့်ကိုချစ်မိတာ မှားများမှားသွားပြီလားဟု မတွေးကောင်းသည့် အတွေးကို တွေးမိပါသည်။

"နှင်းအိပ်တော့ မလို့လား၊ အခုမှ ရှစ်နာရီတောင် မခွဲသေးဘူး"

မောင်က လက်နှိပ်စက် အရိုက်မပျက် လှမ်းပြောတော့ ကျွန်မ မတုန်မလှုပ် ငြိမ်သက်နေမိသည်။

"နှင်း စာအုပ် တစ်ခုခု ဖတ်ပါလား"

ကျွန်မ၏ မြို့သိပ်နိုင်စွမ်း ကုန်ဆုံးသွားပြီ။

"ဘာ သောက်စာအုပ်မှ မဖတ်ချင်ဘူး"

ကျွန်မအသံကုန် အော်ဟစ်လိုက်ပါသည်။ မောင်က ဖြုန်းခနဲ လက်နှိပ်စက်ရိုက် ရပ်သွားပြီး ထိုင်ရာမှ ထလိုက်၏။

"နှင်း"

မောင်က နားမလည်နိုင်သည့် မျက်နှာဖြင့် ကျွန်မဆီ ခပ်သွက်သွက် လျှောက်လာသည်။

"နှင်း ကျွန်တော့်ကို စိတ်ကောက်နေတုန်းပဲကိုး"

ဘုရားသိကြားမလို့ ကျွန်မစိတ်ကောက်တာကို သူအသိအမှတ် ပြုသားပဲ၊ မောင်က ကျွန်မ၏ ခုတင်စွန်းတွင် အသာဝင်ထိုင်သည်။ ကျွန်မနဖူးမှ ဆံ



ကလေးများကို လက်ဖြင့် ဖွဖွသပ်တင်ပေးရင်း ပြုံးပါသည်။

"ဒေါသဆိုတာ မျိုသိပ်ထားရင် ပွလောင်တယ် နှင်းရဲ့၊ ဘာဖြစ်လို့ ပြီးခဲ့တာတွေ ပြန်တွေးပြီး စိတ်တိုနေတာလဲ၊ အာရုံထဲက ဖျောက်ဖျက်ဖို့ ကြိုးစားမှပေါ့"

ပညာရှိလေသံဖြင့် ကျွန်မကိုပြောတော့ ကျွန်မမောင့်လက်ကို နဖူးပေါ်မှ ပုတ်ထုတ်ပစ်လိုက်၏။

"ရှိုးမှပဲ"

ကျွန်မဆဲရေးစဉ် မောင်က အသံထွက်ကာ ရယ်မောလေသည်။

"ဒေါသကို ဖွင့်ထုတ်လိုက် ...နှင်း ဘာလုပ်ချင်လဲ၊ လုပ်ချင်တာကို ချက်ချင်းလုပ်ပစ်လိုက်"

ကျွန်မ မောင့်ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ မောင်က ကျွန်မ အကြည့်ကို နားလည်သွားပါသည်။

"ကျွန်တော့်ကို နာအောင် ရိုက်ချင်နေသလား၊ ရိုက်လိုက်လေနှင်းရဲ့"

အလိုလိုက်မှုကြောင့် ကျွန်မ စိတ်နည်းနည်း ပြေလာသည်။

"ကိုယ်မင်းကိုရိုက်ရင် မင်းကကိုယ့်ကို ပြန်လုပ်မှာလား"

ခပ်ဆဆမေးတော့ မောင်က ခပ်ပြုံးပြုံးဖြင့် ပခုံးတွန့်၏။

"တအားကြီး နာနာကျင်ကျင်ဖြစ်အောင် မရိုက်ရင်တော့ ပြဿနာ မရှိပါဘူး နှင်းရယ်၊ သိပ်နာရင်တော့ နှင်းကိုပြန်မလုပ်သေမယ့် နှင်းလက်ကို ဖျစ်ညှစ်ထိန်းထားမိချင် ထားမိမှာပေါ့"

ဤနည်းက သိပ်မစွံ့ပါ။ ကျွန်မကလည်း မောင့်ကို အမှုန့်ချေပစ်ချင်လောက်အောင် ဒေါသဖြစ်နေသူမဟုတ်လား။

"နှင်း ...ကျွန်တော် ဘာလုပ်ပေးရမလဲဟင်၊ နှင်းဒေါသပြေအောင် ကျွန်တော် ဘာလုပ်ပေးရမလဲ။ ဒီအတိုင်းကြီးတော့ မကောင်းပါဘူး နှင်းရာ"

ကျွန်မ မျက်စိစုံမှိတ်ပြီး နှုတ်ခမ်းတင်းတင်းစေ့ထားခိုက် မောင်ကကျွန်မ၏ ခြေရင်းသို့ ရွှေ့၍ ထိုင်လိုက်ပါသည်။

"ကျွန်တော်တော့ တစ်ကိုယ်လုံး ညောင်းနေတာပဲ၊ နှင်းလဲညောင်းနေမှာပဲနော်၊ ကျွန်တော် နှင်းခြေထောက်တွေကို နှိပ်ပေးမယ်သိလား၊ ဒါဆိုရင် နှင်းစိတ်ဆိုးပြေမယ် မဟုတ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com

သိပ်မွှေ့နှုးညံ့သော စကားသံကြောင့် ကျွန်မချက်ချင်း မပြုံးမိအောင် ထိန်းချုပ်ထားလိုက်ရသည်။

"ဘယ်လောက်ကြာကြာ နှိပ်ပေးရင် နှင်းစိတ်ဆိုးပြေမယ် ထင်သလဲ ဟင် … နှင်း"

ကျွန်မ၏ ခြေချင်းဝတ်ရှိရာသို့ ခပ်ဖွဖွဆုပ်ကိုင်၍ မောင်မေးတော့ 'နာရီဝက်' ဟုကျွန်မဖြေလိုက်မိပါသည်။

"အိုကေ"

မောင်က ရယ်မောလေသည်။

"ကြော် ဒါနဲ့နှင်း၊ နေ့လယ်ကပြတိုက်မှာ နှင်းမေးတဲ့မေးခွန်းကို ကျွန်တော်အခုဖြေမယ်နော်၊ နှင်းမေးတယ်မဟုတ်လား လောကမှာ သက်ရှိသက်မဲ့တွေထဲက ဘယ်အရာကိုတန်ဖိုးအထားဆုံးလဲဆိုတာ။ ကျွန်တော်သက်ရှိ သက်မဲ့မခွဲဘဲနဲ့ Abstract Noun နဲ့ Concrete Noun နှစ်မျိုးခွဲ ဖြေမယ်နော်၊ Abstract Nounတွေထဲမှာ ကျွန်တော့်အတွက် အရေးကြီးဆုံး တန်ဖိုးအထားဆုံးက ပညာပဲ"

ကျွန်မ မဲ့ပြုံးပြုံးလိုက်သည်။ ကျွန်မ ထင်ထားသည့်အတိုင်းပါပဲ၊

"ဒုတိယ တန်ဖိုးအထားဆုံးက ကိုယ်ကျင့်သိက္ခာ"

ကျွန်မ မအံ့သြပါ။

"တတိယကတော့ အချစ်ပဲနှင်း"

ကျွန်မအံ့ကြိတ်ထားလိုက်သည်။ ကျွန်မ၏ ရင်မှာ နင့်သည်းစွာ နာကျင်လာသည်။

"Concrete Noun အနေနဲ့ပြောရရင်တော့ ကျွန်တော့်ဘဝမှာ တန်ဖိုးထားတဲ့ အရာများများ မရှိဘူးနှင်း၊ ဒုတိယတွေ တတိယတွေလဲမရှိဘူး၊ တစ်ခုတည်းပဲရှိတယ်၊ အဲဒီ Concrete Noun က သက်ရှိဖြစ်နေတော့ တစ်ယောက်တည်းလို့ ပြောရင်ပိုမှန်မှာပေါ့နော်"

ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ ကျွန်မကို စူးရှစွာကြည့်နေသော မောင့်မျက်လုံးများကို ကျွန်မမြင်ရပါသည်။

"အဲဒီသက်ရှိကတော့ နှင်းပဲပေါ့၊ နှင်းဟာကျွန်တော့်ဘဝရဲ့ တစ်ဦးတည်းသော တန်ဖိုးထားရာ လူသားပါပဲနှင်းရယ်"



ကျွန်မ၏ မျက်ရည်တစ်စက်နားထင်မှ လိမ့်ဆင်းကာ ခေါင်းအုံးပေါ်သို့ ကျသွားပါသည်။

တိတ်ဆိတ် ငြိမ်သက်သော ညတွင် ကျွန်မအိပ်ရာမှဖျတ်ကနဲ နိုးလာသည်။ ဖန်ချောင်းမီးရောင်လင်းနေဆဲ။ ကျွန်မဘေးမှာ မောင်မရှိနိုင်မှန်း သိသော်လည်းလက်ဖြင့် မွေ့ရာပေါ် စမ်းသပ်မိသေး၏။ နွေးထွေးသောခန္ဓာကိုယ်ကို မစမ်းမိတော့ မောင့်ခုတင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ မောင်မရှိပါ။ ကျွန်မသည် ခုတင်ခြေရင်း မောင်ရှိနေကျ စားပွဲဆီသို့ အိပ်ချင်မူးတူးလှမ်းကြည့်တော့ကျွန်မကို ကျောပေး၍ငြိမ်သက်စွာထိုင်နေသော မောင့်ကို တွေ့ရသည်။ မွေ့ရာပေါ်ချထားသည့် နာရီလေးကို ကြည့်မိတော့ ညတစ်နာရီဆယ်မိနစ် …။

ကျွန်မ ဖြည်းညင်းစွာ ထထိုင်သည်အထိ မောင်မလှုပ်မယှက်ငြိမ်နေဆဲ၊ ကျွန်မမောင့်ဆီသို့ ညင်သာစွာလမ်းလျှောက်သွားမိသည်။ လက်နှိပ်စက်တွင် ရိုက်လက်စ စာရွက်တစ်ခုညှပ်ထား၏။ ရိုက်လက်က စာကြောင်းသည် ညာဘက်စွန်း သို့မရောက်သေးပါ။

"The wall,yet not sure as the main city wall,is 27 feet high."

ကျွန်မ မောင့်နောက်ကျောမှ ညင်သာစွာ သိုင်းဖက်လိုက်သည့်အခါ မောင်ရုတ်တရက် လှုပ်ရှားလာ၏။

"မောင် …"

မောင့်ရင်ညွန့်ဆီတွင် ယှက်ထားသော ကျွန်မလက်အစုံကို မောင်က ဆုပ်ကိုင်တော့ မောင့်လက်ဖျားတွေအေးစက်နေသည်။ မောင်က ခေါင်းငုံ့ကာ ကျွန်မလက်အစုံကို နှုတ်ခမ်းဖြင့် ထိကပ်နမ်းပြီးမှ ဖြေယူကာ လက်ဖျားတစ်ဖက်စီကို မောင့်လက်တစ်ဖက်စီဖြင့် ခပ်ဖွဖွဆုပ်ကိုင် ထားသည်။…

"နှင်းမီးရောင်ကြောင့် နိုးတာလား၊ ဒါမှမဟုတ် လက်နှိပ်စက်ရိုက်သံ ကျယ်လို့လား"

ကျွန်မဘက်သို့ မျက်နှာလှည့်ကာ မေးလိုက်သောမောင့်မျက်လုံးများ အနည်းငယ် နွမ်းနေ၏။ ကျွန်မ မောင့်နောက်ကျောကို ရင်ခွင်ဖြင့်အပ်ကာ

www.burmeseclassic.com

www.burmeseclassic.com

မှိုလိုက်ပြီး ခေါင်းယမ်းပါလိုက်ပါသည်။

"ဟင့်အင်း၊ ဘာလက်နှိပ်စက်သံမှ မကြားပါဘူး"

"အင်း ဟုတ်မှာပါ၊ ကျွန်တော်ငေါင်နေတာ ဆယ်မိနစ် မကတော့ဘူး ထင်တယ်"

ထို့နောက် မောင်က ခပ်တိုးတိုးရယ်မောသည်။

"ဘာပြဿနာ ပေါ်လို့လဲဟင် မောင်"

"နှင်း ...ထိုင်မလား၊ ကျွန့်တော့်ပေါင်မှာထိုင်ချင်လား၊ ဒီစားပွဲပေါ်ထိုင်ချင်လား"

ကျွန်မ မောင့်ကိုယ်ပေါ်မှ ခွာယူလိုက်သည်။

"စားပွဲပေါ် ထိုင်မယ်"

မောင်က ကျွန်မထိုင်လို့ရအောင် လက်နှိပ်စက်ကို နံရံဘက်သို့ တွန်းရွှေ့လိုက်ပြီးမှ ကျွန်မခါးကိုပွေ့ကာ စားပွဲပေါ်ထိုင်နိုင်အောင် မတင်ပေးလိုက်သည်။

"ကျွန်တော်စိတ်ဓါတ်ကျနေတာနှင်းရဲ့၊ ကျွန်တော် ရှေးဟောင်းမြို့တော်တွေအကြောင်း တမ်းပေပါတွေ တော်တော်များများရေးပြီးပါပြီ၊ သုဝဏ္ဏဘူမိလောက် တစ်မြို့မှ ဦးနှောက်မခြောက်ခဲ့ရဘူး"

မောင်က ကျွန်မ၏ဒူးပေါ်သို့ လက်နှစ်ဖက်ယှက်တင်လျက် ထိုလက်ဖျံများပေါ်မှာ မေးစေ့အပ်ကာ တစ်လုံးချင်း ရေရွတ်နေသည်။ အိပ်ချင်နေသော မျက်တောင်များ စင်းကျနေရာမှ ကျွန်မမောင့်ကို ခေါင်းညိတ်ပြလိုက်မိသည်၊

"ကျွန်တော်က ရှေးဟောင်းသုတေသန ပညာရှင်လဲမဟုတ်၊ မနုဿဗေဒပညာရှင်လဲမဟုတ်တော့ ပညာရှင်တွေတူးဖော်ပြီးသား အချက်အလက်တွေကိုပဲဖတ်ပြီး စုစည်းရတာပေါ့။ ကျွန်တော့်အားကိုးရာက ကျောက်စာတွေ၊ သုတေသနကျမ်းတွေ၊ တူးဖော်ပြီးသား မြေနေရာတွေပဲလေ"

"အင်းလေ"

"ဒါပေမယ့် သုဝဏ္ဏဘူမိရဲ့ တည်နေရာဟာအကျယ်ကြီး၊ မြန်မာနိုင်ငံအောက်ပိုင်း၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်၊ ထိုင်းနိုင်ငံတစ်စိတ်တစ်ပိုင်း၊ အင်းတချို့ကတော့ မလေးကျွန်းဆွယ်တောင် ပါတယ်တဲ့"

မောင်က ကျွန်မဒူးပေါ်မှာ မေးတင်လျက် မော့ကြည့်သည်။ ကျွန်မ ပြုံးပြလျက် စကားထောက်မေးလိုက်၏။



"ဒီတော့"

"ဒီတော့ သုဝဏ္ဏဘူမိရဲ့ မြို့တော်ဟာ ဘယ်နေရာလဲ"

"အို သထုံပဲမဟုတ်ဘူးလား၊ ကိုယ်တို့ ငယ်ငယ်ကတည်းက သုဝဏ္ဏဘူမိသထုံပြည်ဆိုပြီး သင်ခဲ့ရတာပဲ၊ အခုလဲသထုံမှာ နန်းတော်ရာရှိနေတယ်လေ၊ ဘာများခက်လို့လဲ မောင်ရဲ့"

ကျွန်မ မောင့်ဆံပင်များထဲသို့ လက်ဖြင့်ဖွသပ်ကာ ပြုံးရယ်ရင်းမေးတော့ မောင်ကခေါင်းခါယမ်း၏။

"ဘယ်ဟုတ်မလဲနှင်းရဲ့၊ သထုံမြို့ရဲ့တည်ပုံအနေအထားအရ ဒီလောက်ကျယ်ဝန်းတဲ့ နိုင်ငံကြီးတစ်ခုလုံးရဲ့ မြို့တော်ဖြစ်နိုင်ပါ့မလား။ ကေလာသတောင်တန်းပေါ်မှာမြို့တစ်ဝက် တောင်ခြေမှာမြို့တစ်ဝက်တဲ့။ ဘီးလင်းမှာ တူးကြတော့လဲ ရှေးဟောင်းအဆောက်အဦးတွေ၊ အုတ်တံတိုင်းတွေ တွေ့ရပါရဲ့၊ ဒါပေမယ့်"

မောင်က စကားဖြတ်ကာ ကျွန်မပေါင်ပေါ်ပါးအပ်လျက် တိတ်ဆိတ်စွာ မျက်စိခဏမှိတ်လိုက်လေသည်။ တစ်လောကလုံးငြိမ်သက်နေရာ လေအေးစက်၏စက်သံက ပိုမိုကျယ်လောင်လာသလို ထင်ရသည်။ ကျွန်မလေအေးစက်သွားပိတ်ရန် စိတ်ကူးလိုက်စဉ်မှာပင် မောင်က မော့ကြည့်၏။

"နှင်းရော ...ဘယ်လိုထင်လဲဟင်"

"ကိုယ့်အထင် ...ဟုတ်လား"

ကျွန်မပြုံးမိသည်။

"ကိုယ့်အထင်ပြောရရင်တော့ မောင်အိပ်သင့်ပြီလို့ ထင်တာပဲ"

ကျွန်မ စကားအဆုံးမှာတော့ မောင်က စိတ်လွတ်လက်လွတ် ရယ်မောလိုက်လေသည်။

"သိပ်ကောင်းတဲ့အကြံဉာဏ်လေးပဲ၊ ဟုတ်တယ် ...ကျွန်တော်တို့ အိပ်ရအောင်"

ကျွန်မ လက်ဖျားများကို မောင်ဆုပ်ကိုင်ညှစ်လိုက်တော့ ကျွန်မ မောင်အထင်လွဲမှာစိုးကာ ကမန်းကတန်း ဖြေရှင်းဖို့ကြိုးစားမိသည်။

"ဟို ...မောင်ကိုယ့်ကိုဘာမှ မထင်နဲ့နော် ...ဟိုဒင်းလေ ...မောင့်ကို ကိုယ်မလိုချင်ဘူး၊ မလိုအပ်ဘူးနော် ...မောင်သိလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်က မျက်နှာမော့လှန်လျက် ရယ်မောသည်။

"ကိုယ်ပြောတာ မယုံဘူးလား"

ကျွန်မအသံမှ စိုးရိမ်ရက်ရွံ့မှုကို မောင်ခံစားမိသွားကာ မျက်နှာတည်ကြည်သွား၏။

"ကျွန်တော် ယုံပါတယ်နှင်းရယ်၊ ကျွန်တော်သိပ်အတဲ့ ယောကျ်ား မဟုတ်ပါဘူး၊ ကျွန်တော် နားလည်ပါတယ် နှင်းရဲ့"

ကျွန်မ အနည်းငယ် စိတ်သက်သာကာ မောင့်ကို ပြုံးကြည့်လိုက်သည်၊ မောင်က ကျွန်မခါးကို စောစောကလိုပင်ပွေ့ကိုင်ကာ ကြမ်းခင်းပေါ်ချပေး လိုက်လေသည်။

"ကျွန်တော့်ချစ်သူနှင်းကိုတော့ ကျွန်တော်အသိဆုံးပေါ့ နှင်းရယ် ..နှင်း မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ရင် နှင်းစိတ်ထဲမှာ ဘာရှိတယ်ဆိုတာကျွန်တော် မြင်ပြီးသား"

ကျွန်မတို့နှစ်ယောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ ကျွန်မ စုတင်ဆီ လျှောက်လာရင်း ရယ်မော လိုက်ကြပါသည်။

"ကဲ ...ဒါဖြင့်အခု ကိုယ့်စိတ်ထဲမှာ ဘာရှိလဲ မောင်ပြောစမ်း"

ကျွန်မ မောင့်ဘက်သို့ တည့်တည့်လှည့်ရပ်ကာ မောင့်ပခုံးပေါ် လက်နှစ်ဖက် ဆန့်တင်လျက် မချိုမချဥ် မေးမိသည်။ မောင်က ဖန်ချောင်းမီးရောင်အောက်မှ ကျွန်မ မျက်လုံးများကို စိုက်ကြည့်ရင်း ပြုံး၏။

"အခု နှင်းအိပ်ချင်နေတယ်"

"အင်း ...ဒါပဲလား"

"နှင်း အိပ်မပျော်ခင်မှာ နှင်းဘေးမှာရှိတယ်ဆိုရုံကလေး ကျွန်တော် ရှိနေစေချင်တယ်"

ကျွန်မ တအံ့တဩမောင့်ကို ငေးမောမိသွားသည်။

"ဘာလဲ ...မဟုတ်ဘူးလို့ ညာမလို့လားဟင် ...နှင်း"

"ဟင့်အင်း၊ မညာပါဘူး၊ တော်လိုက်တာ ...လို့ ချီးကျူးမလို့ပါ မောင်ရဲ့"

ထို့နောက် ကျွန်မနှင့် မောင်ဘေးချင်းယှဥ်လျက် လဲလျောင်းနေစဉ် ကျွန်မ အသံထွက်ရယ်မောမိ၏၊

"အင်း ...ကိုယ်က နည်းနည်းကြောင်တယ်နဲ့ တူတယ်၊ မောင် ကိုယ့်အနားမှာနီးကပ်နေရုံကလေးနဲ့ ကိုယ်အရာရာကိုမေ့ထားနိုင်တယ်၊ပတ်ဝန်းကျင်ဆိုတာ ပျောက်နေတယ်၊ပတ်ဝန်းကျင်နဲ့ကိုယ့်ကြားမှာ မောင်ကတံတိုင်းတစ်ခုလို ကာကွယ် ပေးနေသလို ခံစားရတယ်"

မောင်က ကျွန်မဆံပင်များကို ဖွဖွလေး သပ်ပေးနေရာမှ ကျွန်မ၏နဖူးကို လက်ညှိုးဖြင့် ထောက်ကာ နဖူးပေါ်မှာ စာရေးသလိုခပ်ဖွဖွဆွဲခြစ်နေ၏။

"အဲဒါ ဘာခံစားမှုလဲကိုယ်မပြောတတ်ဘူးမောင်ရဲ့၊ အဲဒါ sex မဟုတ်ဘူး၊ သေချာတယ်"

မောင် ခေါင်းညိတ်လိုက်တာ ကျွန်မ မမြင်ရသော်လည်း၊ လှုပ်ရှားမှုဖြင့် ခံစားသိလိုက်ပါသည်။

"နေဦး၊ ကိုယ် သေသေချာချာ မသိပေမယ့်ထင်တာကတော့ ..."

ကျွဉ်မ အားမရစွာ မောင့်ဘက်လှည့်ကြည့်လိုက်သည်။

"ဒါ ... sense of security လို့ထင်တယ်၊ဖြစ်နိုင်လားဟင် မောင်"

မောင်က နူးညံ့စွာ ပြုံးသည်။

"အင်း ...ဖြစ်နိုင်ပါတယ်"

"မောင်ရော အဲဒီခံစားချက်မျိုး မဖြစ်ဘူးလား"

မောင်က ခဏစဥ်းစားသလိုငြိမ်သက်သွားသည်။ ထို့နောက် ကျွန်မ လက်ဖျားကို ဆုပ်ကိုင်ကာ မောင့်ပါးသို့ ထိကပ်လိုက်လေသည်။

"ယောကျ်ားနဲ့ မိန်းမခံစားချက်ချင်း မတူဘူး နှင်းရဲ့၊အနေအထားချင်းမှ မတူတာ၊ ချစ်သူဇနီးတစ်ယောက်အပေါ် ချစ်တဲ့ ယောကျ်ားရဲ့ အချစ်စိတ်က သူ့ချစ်သူကို သူပိုင်ဆိုင်တဲ့ပစ္စည်းကလေးတစ်ခုအဖြစ် တန်ဖိုးထားတာ။ ဒီပစ္စည်းရဲ့ လှပမှု၊ပြည့်စုံမှု၊တောက်ပမှုဟာ သူ့အတ္တပဲ။ ချစ်သူဇနီးဟာ သူ့ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ ဒီတော့ချစ်သူရဲ့ တင့်တယ်မှုအတွက်ကို အမြဲကြိုးစားနေတော့တယ်။ ချစ်သူရဲ့ လုံခြုံကျေနပ်မှုကို မြင်နေရတဲ့အခါ ကျွန်တော်တို့ ကြည်နူးရတယ်၊ အဲဒါနှင်းတို့ ကြည်နူးတာနဲ့မတူဘူး၊ ကျွန်တော်တို့ခံစားချက်ကဘာလဲဆိုတော့ ... sense of perfection... လို့ပြောရမယ် ထင်တယ်"

"အင်း ..."

www.burmeseclassic.com

www.burmeseclassic.com

မောင်ဆက်ပြောနေသော ပြီးပြည့်စုံ ကျေနပ်မှု ခံစားစိတ်အကြောင်း ကျွန်မ နားထောင်နေရသည်မှာ ညအိပ်ရာဝင် ပုံပြင်တစ်ပုဒ် နားထောင်နေရသလို ရှိသည်။ ဘာသာရပ်အပေါ်မှာလည်း စိတ်ဝင်စားမိလျက်တိုးတိတ် နူးညံ့သော မောင့်အသံ၏ ညင်သာသော စီးဆင်းမှုက ကျွန်မကို ချော့သိပ်နေသလို ခံစားရပါသည်။ ကျွန်မ တဖြည်းဖြည်း မျက်တောင်စင်းလာသည်။ နောက်ဆုံး တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်နေစဉ် အခိုက်အတန့်၌ ကျွန်မနဖူးပေါ်မှ ညင်သာနွေးထွေးသော ထိတွေ့မှုတစ်ခုကို အိပ်ချင်မူးတူးရှိဝေစွာ ခံစားလိုက်ရသည်။

ကျွန်မ အိပ်မပျော်မီ ကျွန်မ၏ နောက်ဆုံးအတွေးမှာ မောင့်ကို ကျွန်မ လက်ထပ်တော့မည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်ပါသည်။

* * *

အပိုင်း (၃)

## မိန်းမနှင့် လက်ထပ်ခြင်း

ယောက်ျားနှင့် မိန်းမအကြား တစ်သက်တာ အတိုင်းအဆမဲ့ ရင်းနှီးစွာ တာဝန်ယူနိုင်ရန် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကတိသစ္စာဖြင့် လက်ထပ်ကြသော်လည်း လက်ထပ်ခြင်းအပေါ် နားလည်ခံစားပုံခြင်း အလွန်ကွာခြားပါသည်။

ယောက်ျားသည် မိန်းမကို မိမိပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာ မြေယာတို့အနက် တစ်ခုအပါအဝင် ဖြစ်သော တပ်မက်ဂုဏ်ယူစွာ စောင့်ရှောက်ရမည့် ပစ္စည်းသစ် တစ်ခုဖြစ်လာရန် လက်ထပ်ယူလေ့ရှိပြီး မိန်းမသည် ယောက်ျားကို တစ်သက်တာ မိမိအား အကာအကွယ် ပေးမည့်လေးစားမြတ်နိုးဖွယ် ကောင်းကင်သစ်တစ်ခု အဖြစ် လက်ထပ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေဟာ သူတို့ ချစ်သူတွေကို ဘယ်လိုအကြောင်းတွေကြောင့် လက်ထပ် ပေါင်းသင်းကြသလဲ။ ဇနီးမယား ဘဝကို စုံမက်စွာ ရယူဖို့အတွက် မိန်းမတွေမှာ ဘယ်လို စိတ်အခြေခံတွေ ရှိနေသလဲ။

မိန်းမတွေအကြောင်းကို ယောကျာ်းတွေက ဘယ်လောက် သိလို့လဲ။ ချစ်သူတစ်ယောက်ကို လက်ထပ်ဖို့ တွန်းအားပေးနေတဲ့မိန်းမရဲ့ စိတ်ခံစားချက်တွေကို ယောကျာ်းတွေက ဘယ်လိုလုပ်ပြီး အတွင်းကျကျ သိမြင်နိုင်မလဲ။ မိန်းမတွေအကြောင်းကို မိန်းမတွေကသာ အသိဆုံးပေါ့၊ မိန်းမတွေရဲ့ ဘဝကို မိန်းမတစ်ယောက်ကသာ မျှဝေခံစားနိုင်တော့မှာပေါ့။

မိန်းမတွေဟာ ဇနီးမယားအဖြစ် ရယူဖန်တီးဖို့ အဓိက စိတ်အခြေခံ ငါးမျိုးရှိပါတယ်။ အဲဒါတွေကတော့ မိခင်စိတ် (sense of maternity)၊ လုံခြုံစိတ်ချလိုစိတ် (sense of security) ၊အချစ်စိတ် (sense of love)၊ ဖန်တီးလိုစိတ် (sense of creation)နဲ့ နောက်ဆုံး ဖြစ်တဲ့ စိတ်ကတော့ လိင်ကိစ္စခွင့်ပြုချက် (sexual licence)ပဲဖြစ်တယ်။

Sexual licence ဟာ မိန်းမတစ်ယောက် လက်ထပ်ဖြစ်ဖို့ နောက်ဆုံး တွန်းအားပေးတဲ့ အချက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မိန်းမတစ်ယောက်က ချစ်သူယောကျ်ားကို လက်ထပ်ကြရအောင် ... ဟူသောစကား ပြောချိန်သည် ထိုမိန်းမအတွက် ကြည်နူးဖွယ်လှပသော အချိန်ကာလတစ်ခု ဖြစ်လိမ့်မည်ဟု ကျွန်မမျှော်လင့်ရူးသွပ်ခဲ့ဖူးသည်။

သို့သော် လက်ထပ်ဖို့ကိစ္စကို မောင့်အား တိုင်ပင်ပြောကြားရန်၌ ကျွန်မ၏ စိတ်ကူးယဉ်မှုများ ပြယ်လွင့်ခဲ့ရတော့သည်။

"လက်ထပ်မယ် ...ဟုတ်လား နှင်း"

မောင့်မျက်နှာ၏ အံ့သြတုန်လှုပ်မှုသည် ကျွန်မဘယ်လိုမျှ မျှော်လင့်မထားသော အမူအရာဖြစ်၏။ ချစ်သူက လက်ထပ်ချင်တယ်ဆိုသည့်အပြစ်မှာ ဘာများ အံ့သြစရာရှိလို့လဲ၊ ဘာများထူးဆန်းလို့လဲ။ ကျွန်မရင်ထဲမှာ ကျင်ခနဲ နာသွားသောကြောင့် မောင့်မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်မိသည်။

"သိပ်များ ထူးဆန်းသွားသလား မောင်"

မောင်က ကုလားထိုင်ကို ကျောမှီရာမှ ကိုယ်ကို မတ်မတ်ထားလိုက်ပြီး ကျွန်မကို ခပ်ဖွဖွ ပြုံးပြ၏။

"မငိုပါနဲ့နှင်း ကျွန်တော်အံ့သြသွားလို့ပါ။ နှင်းကို ကျွန်တော်က..."

ကျွန်မ မောင့်စကားကို ဖြတ်မေးလိုက်မိသည်။

"ကိုယ့်ကို မောင်က ကြာရှည်ကြဲဖို့များ စိတ်ကူးခဲ့မိလို့လား"

"နှင်းရယ် ...ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ၊ ချစ်သူနှစ်ယောက်ကြားမှာ အဲဒီစကားမျိုး မပြောကောင်းပါဘူး"

"ချစ်သူတစ်ယောက်က လက်ထပ်ရအောင်လို့ ပြောတာကိုလဲ မအံ့ဩကောင်းပါဘူး မောင်ရဲ့"

ကျွန်မစကားသံ၏ တင်းမာမှုကို မောင်ခံစားမိပုံဖြင့် စားပွဲပေါ်မှာ ရှိနေသော ကျွန်မလက်ကို ခပ်ဖွဖွဆုပ်ညှစ်သည်။ ကျွန်မ မောင့်လက်ထဲမှ ရုန်းထွက်လိုက်၏။ မောင်က ပင့်သက်တစ်ချက် ရှိုက်ကာ စားပွဲကို ခပ်ငေးငေး စိုက်ကြည့်နေသည်။

"ဒါပေမယ့် နှင်းနဲ့ ကျွန်တော်အလောတကြီးလက်ထပ်ဖို့ မလိုသေးဘူးလို့ ကျွန်တော်ထင်ထားတာ။ နှင်းကို ကျွန်တော်ပြောပြပြီးသားပဲ မဟုတ်လား



ကျွန်တော်နိုင်ငံခြားမှာ ဂရက်ဂျူအိတ်ကျောင်း တက်ခွင့်ရတဲ့အခါ နှင်းကို..."

ထို့နောက် မောင်က ရုတ်တရက် ကျွန်မကို ငေးကြည့်၏။

"နှင်း..."

မောင့်မျက်လုံးများတွင် စိုးရိမ်ပူပန်ခြင်းဖြင့် ခပ်လောလော နားမလည်မှုကို ကျွန်မမြင်ရသည်။

"နှင်းမှာ ..ကျွန်တော့်ကြောင့် တစ်ခုခု ထူးထူးခြားခြား ဖြစ်သွားခဲ့လို့လားဟင်"

ခပ်ဆဆမေးသော မောင့်မေးခွန်းကြောင့် ကျွန်မ မချိပြုံးပြုံးကာ မခံချိ မခံသာဖြင့် ရယ်မောပစ်လိုက်မိပါသည်။ ဘယ်လောက်လှပလိုက်တဲ့ မေးခွန်းကလေးလဲကွယ်။

"ယောကျ်ားတွေက ဘာမဆို ပစ်လက်ခတ် လုပ်တတ်ကြပေမယ့် မိန်းမတွေက သူတို့ကိုယ်တိုင်အတွက်ရော သူတို့ချစ်တဲ့ယောကျ်ားအတွက်ရော နှစ် ယောက်စာသတိထား ထိန်းချုပ်တတ်ကြပါတယ် ..အဲဒီအတွက်တော့ မောင် နည်းနည်းမှ စိတ်မပူလိုက်ပါနဲ့"

နာကျည်းစွာ ကျွန်မနှစ်သိမ့်သောအခါ မောင်ကကျွန်မကို မျက်နှာချင်း ဆိုင်ကြည့်ဖို့ မဝံ့ရဲသလိုပင် ရေနွေးကြမ်းခရားကို အဓိပ္ပါယ်မဲ့စွာ စိုက်ကြည့် နေ၏။ ကျွန်မကလည်း မောင်၏အေးတိအေးစက် တုံ့ပြန်မှုကို နာကျည်းစွာပင် တိတ်ဆိတ်ငြိမ်သက်နေမိသည်။ ဘယ်လောက်ဝမ်းနည်းဖို့ ကောင်းလိုက်သလဲ။ ဒေါက်တာသက်နှင်းအိမ်ကို ယုမော်က လက်ထပ်ယူဖို့ တွန့်ဆုတ်နေသတဲ့ ကွယ်။ ကျွန်မသည် မျက်နှာပူနွေးလျက်က မျက်လုံးတွင် မျက်ရည်စိမ့်ဆိုင်းကာ အမြင်အာရုံ တွေဝေဝါးသွားလေသည်။

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ နှင်းရယ် ...အရေးကြီးတဲ့ကိစ္စတွေမှာ အချိန်ကာလကွက်တိဖြစ်ဖို့ လိုအပ်တယ်၊ ကျွန်တော်တို့နှစ်ယောက်လုံးရဲ့ ဘဝအခြေအနေ မြင့်မားဖို့ဆိုရင် ကျွန်တော်တို့ရဲ့ခံစားမှုတွေကို ဘေးဖယ်ထားဖို့ လိုလိမ့်မယ်"

"နေစမ်းပါဦး မောင်ဘာတွေ လာပြောနေတာလဲ။ ကိုယ်တို့ဘဝအခြေ အနေက ဘယ်လောက်နိမ့်ကျနေလို့လဲ"

ကျွန်မ ခပ်ဆဆမေးမိတော့ မောင်က ကျွန်မကို နူးညံ့စွာ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်သည်။ ဘာမှမပြောပါ။

"ကိုယ်တို့နှစ်ယောက် တစ်ဘဝတည်ထောင်ဖို့ ကိုယ်တို့နှစ်ယောက်မှာ ငွေကြေးရော၊ ပညာရော၊ အသိဉာဏ်ရော အလုံအလောက် ရှိနေတာပဲ၊ လက်ထပ်တယ်ဆိုတာ ဘာခက်ခဲလို့လဲ၊ ကိုယ်တို့အတွက် ဘာမှမခက်ခဲဘူး မောင်အခုလို တွန့်ဆုတ်နေတာဟာ ကိုယ့်ရဲ့မိန်းမသားဘဝကို စော်ကားနေတာပဲ"

မောင်က နူးညံ့ညင်သာစွာ ပြုံးလေသည်။

"ကျွန်တော် နှင်းကိုမစော်ကားပါဘူး ကျွန်တော့်ဘဝမှာ တန်ဖိုးအထားဆုံးမိန်းမတစ်ယောက်ကို ကျွန်တော်ဘာအကြောင်းနဲ့မှ မစော်ကားဘူး၊ ကျွန်တော် နှင်းကိုချစ်တယ်၊ နှင်းကိုချစ်တဲ့ အချစ်ကြောင့်ပဲ နှင်းကို ခမ်းနားကြီးကျယ်တဲ့ မြင့်မြတ်မှုကို ပေးချင်တယ်၊ ယုမော်ဟာ သက်နှင်းအိမ်အတွက် အထိုက်တန်ဆုံး ခင်ပွန်းတစ်ယောက် ဖြစ်တယ်လို့ အားလုံးက လက်ခံထားတဲ့ ဘဝမျိုးနဲ့ နှင်းကို ကျွန်တော်လက်ထပ်ယူမယ်"

ကျွန်မ စိတ်မရှည်နိုင်စွာ စုတ်သပ်လိုက်မိတော့ မောင့်မျက်နှာထား အနည်းငယ် တင်းသွား၏။

"ငွေရရင်ပြီးရောဆိုတဲ့အလုပ်မျိုးကို ကျွန်တော်က အလုပ်လို့မထင်ဘူး၊ ပညာနဲ့ ဂုဏ်သိက္ခာကို ဦးစားပေးတဲ့အလုပ်မျိုးကို ကျွန်တော်လုပ်ချင်တယ်၊ ကျွန်တော်ချစ်တဲ့နှင်းဟာ လူ့လောကအလယ်မှာ ကျွန်တော့်ကြောင့် ဂုဏ်သရေရှိ မိန်းမတစ်ယောက် ဖြစ်စေချင်တယ်၊ ကျွန်တော့်ပညာကို ကျွန်တော် တန်ဖိုးထားသလို ထပ်တူတန်ဖိုးထားတဲ့ ပတ်ဝန်းကျင်ကို ကျွန်တော် ရွေးချယ်မယ်၊ ကျွန်တော့်ပညာကပေးတဲ့ ဂုဏ်သိက္ခာနဲ့ငွေကို နှင်းကို မျှဝေပေးမယ်၊ နှင်းသိထားဖို့က အိမ်ထောင်တစ်ခုမှာ ခင်ပွန်းသည်ရဲ့ ဝင်ငွေနဲ့ဂုဏ်သိက္ခာက စနိုးထက်နည်းနေရင် လင်မယားနှစ်ယောက်ကြားမှာ ပဋိပက္ခတွေ အများကြီး ဖြစ်လာနိုင်တယ်။ အခုအခြေအနေမှာ ကျွန်တော့်ဝင်ငွေ အနေအထားကို နှင်းသိပြီးသားပဲ၊ ကျွန်တော်တို့ လက်ထပ်လိုက်တဲ့အတွက် နှင်းအပေါ် ဘယ်သူမှ မကဲ့ရဲ့စေချင်ဘူး နှင်း"

ကျွန်မ မောင့်ကို စဉ်းစဉ်းစားစားကြည့်လျက် ခေါင်းခါယမ်းမိ၏။

"အခု မောင်ပြောနေတာတွေ အားလုံးဟာ ပတ်ဝန်းကျင်အကြောင်းပဲ



မောင်ရဲ့၊ မောင်က ပတ်ဝန်းကျင်ကို ကိုယ်တို့အချစ်ထက်ပိုပြီး ဦးစားပေးနေတာပဲ"

"မဟုတ်ဘူး ကျွန်တော်က ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝ တည်မြဲဖို့ သာယာဖို့ ပြောနေတာ၊ အိမ်ထောင်တစ်ခုရဲ့ အဆင်ပြေမှု မပြေမှု၊ နွေးထွေးမှု အေးစက်မှုကို နှင်းပြောတဲ့ ပတ်ဝန်းကျင်ကြီးက ကောင်းကောင်းပြုပြင်ပြောင်းလဲပေးနိုင်တယ်၊ ဒါကို နှင်းနားမလည်ဘူးလား"

ကျွန်မ ခါးသီးစွာ ပြုံးလိုက်ပါသည်။

"ဟင့်အင် ကိုယ်လက်မခံဘူး၊ ကိုယ်တို့အိမ်ထောင်ရဲ့ အဆင်ပြေမှု နွေးထွေးမှုဟာ ကိုယ်နဲ့မောင်ရဲ့နားလည်မှုပေါ်မှာပဲ မူတည်တယ်၊ ဘာ ပတ်ဝန်းကျင်မှ မလိုဘူး၊ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လေးစားမြတ်နိုးနေသမျှ ဒီနှစ်ယောက်ကို ဘယ်သူမှ ကြားဝင်လို့ မရဘူး။ မောင့်ကို ကိုယ်ချစ်တယ်၊ ကိုယ့်မှာရှိတဲ့ငွေဟာ မောင့်ငွေပဲ၊ ကိုယ့်ရဲ့ ဂုဏ်သရေဟာ မောင်ပဲ၊ ကိုယ့်ရဲ့တန်ဖိုးဟာ မောင်ပဲ၊ မောင်နဲ့ မိသားစုဘဝတစ်ခု ဖန်တီးတဲ့အခါမှာ အရာရာကို မောင်နဲ့ မျှဝေခံစားမယ်။ ပြည့်စုံချမ်းသာမှုဆိုတာကို ရင်ဆိုင်ရရင် မောင့်ကို ရှေ့မှာထားပြီး ကိုယ်က နောက်က ရင်ဆိုင်မယ်၊ ဆင်းရဲဒုက္ခကို ရင်ဆိုင်ရရင် မောင့်ရှေ့ကနေ ကိုယ်ဝင်ရပ်ပြီး ရင်ဆိုင်မယ်၊ အရေးကြီးတာက ကိုယ့်ဘေးမှာ မောင်ရှိဖို့ပဲ၊ အဲဒီလောက်အထိ မောင့်ကို ကိုယ်ချစ်တယ်၊ ဒါကို မောင်မသိဘူးလား မောင်နည်းနည်းမှ မရိပ်မိဘူးလား"

ကျွန်မပြောရင်း အသံတိမ်ဝင်ကာ ထိန်းချုပ်ထားလျက်က နှုတ်ခမ်းတွေ တုန်ရီလာကြသည်။ ကျွန်မ မောင့်ထံမှ ဖြုန်းခနဲ မျက်နှာလွှဲပစ်လိုက်တော့ မောင်က ကျွန်မလက်ကို ဆုပ်ညှစ်လေသည်။

"နှင်းရယ် ..."

ကျွန်မ၏ မျက်ရည်တစ်စက်နှစ်စက် ပါးပြင်ပေါ် လွင့်စဉ်ကျသွားသည်။

"မငိုပါနဲ့ နှင်း ... နှင်းငိုရင် ကျွန်တော်ဝမ်းနည်းတယ်၊ ကျွန်တော့် ဆုံးဖြတ်ချက်တွေ ရှုပ်ထွေးကုန်ပြီ၊ ကျွန်တော် ဘာလုပ်ရမလဲ"

မောင်က ရှပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ ကျွန်မလက်ထဲသို့ ထည့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"နင်း … ဘောကစားပွဲတွေမှာ လူတွေနဲ့လေ၊ သူများမြင်လို့ မကောင်းပါဘူး နင်းရဲ့၊ မျက်ရည်သုတ်လိုက်ဦးနော်"

ကျွန်မ စိတ်တည်ငြိမ်သည်အထိ မောင်က ငြိမ်သက်တိတ်ဆိတ်စွာ စောင့်ဆိုင်းနေသည်။ ထို့နောက် ကျွန်မကို နူးညံ့ညင်သာသော မျက်ဝန်းများဖြင့် ကြင်နာစွာ ကြည့်လေသည်။

"ကျွန်တော်တို့နှစ်ယောက်ဟာ ကမ္ဘာပေါ်မှာ ဘယ်အရာမျိုးကမှ ခွဲခွာလို့မရအောင် ပေါင်းစပ်တဲ့အချစ်မျိုးနဲ့ တစ်ယောက်ကိုတစ်ယောက် လက်ထပ်ပြီးနေပြီဆိုတာ နင်းလက်ခံတယ်မဟုတ်လား ဟင် … နင်း"

ကျွန်မ ငေးမောကြည့်သော မောင့်မျက်လုံးများ သိမ်မွေ့စွာ ပြုံးနေကြသည်။ ကျွန်မတွန့်ဆုတ်စွာ ခေါင်းညိတ်လိုက်၏။

"နင်းဘဝမှာ ကျွန်တော်ကလွဲပြီး ဘယ်သူမှ မရှိတော့ဘူးဆိုတာ ကျွန်တော်သိတယ်၊ ကျွန်တော့်ဘဝမှာ နင်းကလွဲပြီး ဘယ်သူမှ မရှိတော့ဘူးဆိုတာလဲ နင်းသိတယ်၊ ကျွန်တော်တို့နှစ်ယောက် အပြန်အလှန် သစ္စာတည်မြဲပြီးပြီလေ။ ကျွန်တော်တို့မှာ တစ်ယောက်ချင်းရဲ့ဘဝဆိုတာ မရှိတော့ဘူး၊ နှစ်ယောက်လုံးရဲ့ဘဝပဲ ရှိတော့တယ်၊ နင်းသိပါတယ်နော်"

ကျွန်မအနည်းငယ် ရှက်ရွံ့စွာ ခေါင်းညိတ်လိုက်ပြန်သည်။

"ဒါနဲ့များတောင် နင်းရယ် …"

မောင်၏ တိုးတိတ်သော ညည်းညူသံသည် ကျွန်မစိတ်မဆိုးရက်လောက်အောင် ပူပန်သောကရိပ် လွှမ်းနေသည်။

"ကျွန်တော်ကြိုးစားသမျှဟာ နင်းအတွက်ပဲ၊ ကျွန်တော်ခြေလှမ်းလှမ်းသမျှဟာ နင်းနဲ့နီးစပ်ဖို့ပဲဆိုတာ နင်းယုံပါ။ နင်းရဲ့မျက်လုံးလေးတွေဟာ ကျွန်တော့်အပေါ် ဂုဏ်ယူမှု၊ ကျေနပ်မှုနဲ့ အမြဲတမ်း တောက်ပစူးရှနေစေချင်တယ်၊ ကျွန်တော့်အပေါ် အားမလိုအားမရစိတ်နဲ့ သိမ်ငယ်စိတ်နဲ့ ရှက်ရွံ့သနားစိတ်နဲ့ အရောင်မှေးပြီး ညှိုးနွမ်းမနေစေချင်ဘူး၊ ကျွန်တော့်အတွက် နင်းပတ်ဝန်းကျင်အပေါ် ဂုဏ်ငယ်ရမယ်ဆိုရင် နင်းအနားမှာ ကျွန်တော့်ကိုယ်ခန္ဓာကြီး ရှိနေလို့ရော ဘာများအကျိုးရှိမှာလဲ နင်းရယ် …"

ကျွန်မ မောင့်ကို အားပေးသည့်အပြုံးဖြင့် ကြည့်မိပါသည်။

"အခု မောင်က ကိုယ့်ထက်နိမ့်ကျ သိမ်ငယ်နေတယ်လို့ မောင်ထင်



လိုက်ပြီလား ဟင်"

မောင်က ညင်သာစွာပြုံး၍ ခေါင်းယမ်းလေသည်။

"မထင်ပါဘူး၊ နင်းထက် အဆင့်အတန်းနိမ့်ကျ တယ်လို့တော့ မထင်ပါဘူး၊ ဒါပေမယ့် ပတ်ဝန်းကျင်အမြင်ကြောင့် နင်းထင်သွားမှာ နိုးရိမ်တယ်"

"ဟင့်အင်း …မောင် ကိုယ့်အချစ်ကို နားမလည်တာပဲ"

"သိပ်နားလည်တာပေါ့နင်းရဲ့ နားလည်လွန်းလို့ နင်းစိတ်ကို နည်းနည်းမှ အထိအရှ အပြစ်မခံနိုင်တာပါ။ နင်းရဲ့ဝင်ငွေ ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော်မသိဘူး၊ ဒါပေမယ့် အလုပ်နှစ်မျိုးလုံး ပေါင်းလိုက်ရင် ကျွန်တော့်ဝင်ငွေထက် တော်တော်ကြီး များလိမ့်မယ်ဆိုတာ ကျွန်တော်သိတယ်၊ ကျွန်တော့်တစ်လဝင်ငွေဟာ နင်းဝင်ငွေရဲ့ ဘယ်နှစ်ရာခိုင်နှုန်းရှိမယ်လို့ နင်းထင်လဲ"

ကျွန်မ မောင့်လက်ဖျားကို ဖွဖွကလေး ဆုပ်ကိုင်လိုက်သည်၊

"ငွေအကြောင်း မပြောကြစို့နဲ့လား မောင်ရယ် …လောကမှာ ငွေက အဓိကမကျပါဘူး"

"မဟုတ်သေးဘူး နင်းရဲ့၊ ကျွန်တော်တို့နှစ်ယောက် သီးသန့်ဘဝတစ်ခုကြေညာပြီး နေကြတော့မယ်ဆိုရင် အနည်းဆုံး နေစရာကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတဲ့ အခန်းတစ်ခု လိုတယ်၊ အဲဒီအတွက် နင်းက ကြည်ကြည်နူးနူး တာဝန်ယူမယ်ဆိုရင်တောင် ကျွန်တော်က ကျေကျေနပ်နပ် တာဝန်မပေးနိုင်ဘူး နင်း"

"နှစ်ယောက်ဘဝအတွက် ဘယ်သူက ငွေစိုက်ထုတ်တယ်ဆိုတာ အရေးမကြီးပါဘူး နှစ်ယောက်အတူ ရှိနေဖို့က အရေးကြီးတယ်"

မောင်က ကျွန်မအား လေးနက်စွာ စိုက်ကြည့်၏။

"အိမ်ထောင်တစ်ခုမှာ အိမ်ထောင်ဦးစီးဟာ ယောကျ်ားပဲ ဖြစ်သင့်တယ် နင်း၊ နေမှုစားမှု အသုံးစရိတ်ကအစ မိမ်ခံပစ္စည်းတွေအထိ အားလုံးရဲ့ တာဝန်ဟာ ယောကျ်ားအပေါ်မှာပဲ ရှိသင့်တယ်၊ ယောကျ်ား မိန်းမ တစ်ယောက်ချင်းအနေနဲ့ ပတ်ဝန်းကျင်ကို ဖယ်ထားလို့ရပေမယ့် အိမ်ထောင်တစ်ခုဖန်တီးလိုက်ပြီဆိုရင် ဒါဟာ အဖွဲ့အစည်းထဲမှာ ပါဝင်သွားပြီ၊ လူမှုရေး

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးဆိုတဲ့ ပတ်ဝန်းကျင်အဖွဲ့အစည်းထဲမှာ ရောက်သွားပြီ၊ ပတ်ဝန်းကျင်ရဲ့ အကဲဖြတ်မှုကို နှင်း ရှောင်လွှဲလို့ မရနိုင်ဘူး၊ အဲဒီအခါမှာ နှင်းဟာ ယောကျ်ားအပေါ်မှာ အထင်သေးစိတ် ဝင်ချင်ဝင်လာမယ်၊ ဇနီးတစ်ယောက်က ခင်ပွန်းကို အထင်သေးပြီဆိုမှတော့ ဒီအိမ်ထောင်ဟာ ဘယ်လိုလုပ်ပြီး သာယာတော့မလဲ"

"အခုလောလောဆယ်တော့ မောင် ကိုယ့်ကိုအထင်သေးနေတာပဲ"

မောင်က ခပ်ဖွဖွရယ်မောသည်။

"ဘယ့်နှယ်ပြောလိုက်တာလဲ နှင်း၊ နှင်းကို အထင်သေးရင် လက်ထပ်ဖို့ကိစ္စကို အခုလိုတောင် အချိန်ယူမနေဘူး၊ နှင်းကို ကျွန်တော်အထင်ကြီးလွန်းလို့ တန်ဖိုးထားလွန်းလို့ ဒီစကားကို ပြောနေရတာ။ နှင်းက ကိုယ့်ကိုယ်ကို သိပ်ယုံကြည်အားထားတဲ့ မိန်းမ၊ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတဲ့ မိန်းမ၊ အဲဒီလိုမိန်းမမျိုးဟာ တော်ရုံတန်ရုံ အိမ်ထောင်ဘက်ကို သူတို့လောက် စွမ်းရည်မရှိဘူးလို့ ထင်တတ်ကြတယ်လေ... ဒီတော့ အဲဒီလို တော်ရုံတန်ရုံ ယောကျ်ားထဲမှာ ကျွန်တော် မပါ ပါရစေနဲ့၊ ဇနီးရဲ့ အထင်သေးမှုကို ခံရတာနဲ့စာရင် သေပစ်လိုက်တာက ကောင်းပါသေးတယ်"

ကျွန်မ မောင့်ကို မျက်ခုံးပင့်၍ ကြည့်လိုက်မိ၏။

"မောင်က ကိုယ့်အပေါ်မှာ မာနထားနေတာလား"

"ဒါ မာနဆိုရင်လဲ ဒါ သာမန်ယောကျ်ားတိုင်း ရှိတဲ့မာနမျိုးပါ နှင်းရယ်...ဘာမှထူးခြားတာ မဟုတ်ပါဘူး၊ အဲဒီအတွက် နှင်း ဒေါသ မဖြစ်ပါနဲ့"

ကျွန်မ မဲ့ပြုံးပြုံး၍ ပခုံးတွန့်လိုက်တော့ မောင် ကျွန်မကို တောင်းပန်သလို ကြည့်သည်။ သည်လိုနှင့် ကျွန်မတို့ လက်ထပ်ဖို့ကိစ္စကို ကျွန်မ နောက်ဆုတ်ပေးရတော့မှာလား။

"ဒါဖြင့် ကိုယ်တို့နှစ်ယောက် ဆွေးနွေးတဲ့ရလဒ်က ဘာလဲ၊ မောင် ကိုယ့်ကို လက်မထပ်နိုင်သေးဘူးဆိုတဲ့ အဖြေ ထွက်သွားပြီလား"

ကျွန်မ ဒေါသကို မျိုသိပ်လျက် နာကျင်စွာ မေးသောအခါ မောင်က လက်ကိုင်ပဝါဖြင့် မျက်နှာကို သုတ်နေသည်။

"မောင်..."



"နှင်းရယ် ...ဘာဖြစ်လို့ ဒီလောက်အလောတကြီး ဖြစ်နေတာလဲ"

ဘုရားဘုရား၊ ဖြစ်မှဖြစ်ရလေ ...။ မောင့်ကို ကျွန်မချစ်လွန်းလို့ပေါ့။ ကျွန်မ၏ မျိုသိပ်ထိန်းချုပ်ထားရသော နာကျင်မှုကို မောင်နားလည်စေချင်ပါသည်။

"လက်ထပ်လိုက်လို့ ကျွန်တော်တို့နှစ်ယောက် အခုထက်ပိုပြီး ဘာတွေများ ရလာမယ်ထင်လို့လဲ၊ အခု နှင်းနေရတဲ့ဘဝဟာ ကျွန်တော်နဲ့ အလောတကြီး လက်ထပ်လိုက်ရလို့ ပိုပြီး သာယာကောင်းမွန်လာမယ် ထင်လို့လား။ နှစ်နှစ်လောက် စောင့်ရတာကို နှင်းစိတ်မရှည်ဘူးလားဟင်... နှင်း။ ကျွန်တော် အခု နှင်းကို လက်ထပ်လိုက်လို့ နှင်းရဲ့ဆရာဝန်အလုပ်ကိုလဲ ပိုကောင်းအောင် ကျွန်တော်ပြုပြင်မပေးနိုင်ဘူး၊ နှင်းရဲ့ဝတ္ထုတွေ ပိုကောင်းအောင်လဲ နှင်းကို ထိထိရောက်ရောက် ကူညီပေးနိုင်မှာ မဟုတ်ဘူး။ အစစအရာရာ နှင်းကို ကူညီရာမရောက်ဘဲ ဒုက္ခပေးသလို ဖြစ်တော့မယ်"

"ဒါပေမယ့် ဒုက္ခဆိုရင်တောင် အဲဒီဒုက္ခကို ကိုယ်မက်မောတယ်၊ မောင်ဘာပြောချင်သေးလဲ"

မောင်က စိတ်လျှော့လိုက်သည့် အမူအရာဖြင့် လက်မြှောက်ကာ ရယ်မောလေသည်။

"ကျွန်တော့်ချစ်သူ ဒီလောက်ခေါင်းမာလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ပါဘူးဗျာ"

မောင် ကျွန်မ၏အလိုကို လိုက်လျောတော့မည် ...ဟူသော အတွေးဖြင့် ကျွန်မစိတ်သက်သာစွာ ပြုံးရယ်မိ၏။

သို့သော် ကျွန်မသည် မောင်၏အတွက်ကို လျှော့တွက်ခဲ့မိခြင်းသာ ဖြစ်သည်။

တစ်ည ဆေးခန်းမှအပြန်တွင် မောင် ကျွန်မကို စက်ဘီးဖြင့် လာကြိုလေသည်။

"ကျွန်တော်တို့ ဦးဝိစာရလမ်းမှာ စက်ဘီးမစီးရတာ ကြာပြီနော် နှင်း"

ကျွန်မတို့ ဟံသာဝတီအဝိုင်းကိုပတ်က ဦးဝိစာရလမ်းဘက် စက်ဘီးစီး

www.burmeseclassic.com

www.burmeseclassic.com



ကြရိုန်တွင် ပေဖော်ဝါရီနှင်းငွေ့များဖြင့် မောင့်အင်္ကျီနောက်ကျောမှာ အေးစက်လျက်ရှိသည်။

"ရွှေတိဂုံဘုရားဘက် ရောက်တဲ့အထိ နှင်းမယ်နော် ...အခုမှ ခုနစ်နာရီပဲ ရှိသေးတယ်၊ နှင်း အချိန်ရတယ်မဟုတ်လား"

"ရပါတယ်၊ ဒါပေမယ့် မောင်မောနေဦးမယ်"

မောင်က ခပ်ဖွဖွရယ်မောသည်။

"မမောပါဘူး နှင်းရာ ...နောက်ဆို ကျွန်တော်တို့မှာ ချာတိတ်ကလေး တစ်ကောင်တောင် ပိုလာဦးမှာ၊ အဲဒီကျတော့ နှင်းကိုရော ချာတိတ်ကိုရော ကျွန်တော်တင်ပြီး နှင်းရမှာပဲ မဟုတ်လား"

"အို ..."

ကျွန်မသည် မောင့်စကားကြောင့် ကြည်နူးစွာ ရှက်ရယ်ရယ်မိသည်၊

"မောင်က ကလေးချစ်တတ်လို့လား"

"ဟာ ...ဘယ့်နှယ်ပြောလိုက်တာလဲ၊ ကျွန်တော် နှင်းကို လက်ထပ်တဲ့ အခါမှာ ကျွန်တော် နှင်းဆီက အလိုချင်ဆုံးအရာကတော့ ချာတိတ်ကလေး တစ်ယောက်ပဲ"

ကျွန်မ မောင့်ခါးကို တအားဖက်ထားလိုက်မိလေသည်။

"သားနဲ့ပတ်သက်ပြီး ကျွန်တော်မက်ခဲ့ဖူးတဲ့ အိပ်မက်တွေ အများကြီးပဲ၊ နှင်း နားထောင်မလား"

"အင်း ..."

"ကျွန်တော့်သားဟာ ကလေးတစ်ယောက် ရနိုင်သမျှအခွင့်အရေးတွေ အားလုံးရရမယ်၊ တောင်းဆိုတတ်ရမယ်၊ သူ့ကိုယ်ပိုင် လွတ်လပ်ခွင့်ကို အသုံးချတတ်သလို တန်ဖိုးလဲ ထားတတ်ရမယ်၊ သားဟာ သူ့အဖေနဲ့ အမေရဲ့ စီးပွားရေးအဆင့်အတန်း၊ ပညာအဆင့်အတန်း၊ ကိုယ်ကျင့်သိက္ခာ တွေကြောင့် စိတ်အားငယ်ရတဲ့ကလေး မဖြစ်စေရဘူး၊ ရွယ်တူကလေးတွေ ကြားမှာ သူ့မိဘအကြောင်းကို ထည်ထည်ဝါဝါ ပြောနိုင်တဲ့ကလေး ဖြစ်ရမယ်၊ နောက်ပြီး သားဟာ ကျွန်တော်နဲ့နှင်းထက် တော်ရမယ်"

ကျွန်မသည် မောင်မမြင်နိုင်မှန်း သိလျက်နှင့် မောင့်ကို မျက်စောင်းထိုးမိ၏။ သိပ်ကို ကြီးကျယ်သည့် လူပါလား။



"သားဟာ ကမ္ဘာမှာ အကောင်းဆုံးလို့ သတ်မှတ်ထားတဲ့ကျောင်း တစ်ခုခုမှာ စာသင်စေရမယ်၊ နှင်းသဘောတူလား"

"အင်း"

ကျွန်မ၏ထောက်ခံမှု နည်းနည်းတွန့်ဆုတ်သွားပါသည်။ မောင်ပြောတဲ့ အကောင်းဆုံးကျောင်းကြီးက သားကို လူသားစိတ် မျှဝေခံစားစိတ်တွေရော သင်ပေးနိုင်မှာတဲ့လား။

"မိခင်အုပ်စိုးတဲ့ အိမ်ထောင်စုမှာ ကြီးပြင်းတဲ့သားနဲ့ ဖခင်အုပ်စိုးတဲ့ အိမ်ထောင်စုမှာ ကြီးပြင်းတဲ့သား ဉာဏ်ရည်ချင်း အတူတူဆိုရင် ဘယ်သားက ပိုထူးချွန်မယ်လို့ နှင်းထင်လဲဟင်

ကျွန်မ မချိပြုံးပြုံးမိသည်။

"နှင်း ..."

ကျွန်မထံမှ အဖြေမကြားရ၍ မောင်က ခပ်တိုးတိုးခေါ်သည်။ ကျွန်မ မောင့်နောက်ကျောကို ပါးအပ်ထားလျက် ပင့်သက်ရှိုက်လိုက်မိပါသည်။

"မောင်က ကိုယ့်ရဲ့ လက်ထပ်ခွင့်ကို သားနဲ့ခြိမ်းခြောက်ပြီး နောက်ဆုတ်ခိုင်းနေတာလား"

မောင်က ရုတ်တရက် စက်ဘီးကို ဘရိတ်အုပ်ရပ်ကာ ပလက်ဖောင်းပေါ် ခြေတစ်ဖက်ထောက်လိုက်၏။ ကျွန်မ ကယ်ရီယာပေါ်မှာ ခုန်ဆင်းလိုက်သောအခါ မောင်က စက်ဘီးပေါ်မှဆင်း၍ ကျွန်မနှင့် မျက်နှာချင်းဆိုင်ရပ်၏။

"မဟုတ်ပါဘူး နှင်းရယ် ...ခြိမ်းခြောက်နေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် နှင်း ကျွန်တော့်စိတ်ကို နားလည်ဖို့ တောင်းပန်နေတာပါ"

ကျွန်မသည် လမ်းတစ်ဖက်ကအုတ်တံတိုင်းကြီးကို ငေးမောလျက်က အားယူ၍ ပြုံးရယ်လိုက်မိလေသည်။

"သားက သူ့အဖေအပေါ် အားကိုးဖို့၊ လေးစားဖို့ဆိုရင် သားအမေ ကိုယ်တိုင်က ခင်ပွန်းကို အားကိုးနေဖို့ လိုလိမ့်မယ် နှင်း"

မောင်က စက်ဘီးလက်ကိုင်ပေါ် တံတောင်ဖြင့် သာသာထောက်လျက် ကျွန်မကို ချော့ပို့ကြိုးစားသည်။ ကျွန်မမဲ့ပြုံးဖြင့် ခေါင်းယမ်းလိုက်၏။

"ဒါပေမယ့် ကိုယ်တို့ လောလောဆယ် ကလေးယူဦးမှာမှ မဟုတ်ဘဲ၊ နောက်လေးငါးနှစ်ကြာမှ ကလေးယူမယ်လေ၊ မောင့်ဝင်ငွေနဲ့ ပညာက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထက်သာပြီဆိုမှ သားကိုမွေးကြတာပေါ့၊ ဒါ ဘာပြဿနာများ ဖြစ်နေလို့လဲ"

မောင်က ကျွန်မကို စူးစူးစိုက်စိုက်ကြည့်လေသည်။

"ဒါဖြင့် နင်း ကျွန်တော့်ကို အစရချက်ချင်း လက်ထပ်ချင်တာ နင်းရဲ့ မိခင်စိတ်ကြောင့်တော့ မဟုတ်ဘူးပေါ့"

မောင့်စကားက တိုက်ရိုက်မှန်ကန်လွန်းနေသောကြောင့် ကျွန်မ ရှက်ရွံ့ကာ မျက်နှာထား တင်းသွား၏။ မောင်က ကျွန်မဒေါသကို ရိပ်မိသွားပုံဖြင့် စက်ဘီးကိုတွန်း၍ ခပ်ဖြည်းဖြည်း စတင်လမ်းလျှောက်သည်။ ကျွန်မ မောင့်ထားခပ်ခွာခွာမှ အနည်းငယ်စိမ်းကားစွာ လိုက်ပါမိသည်။

အစစအရာရာ ခွဲခြမ်းစိတ်ဖြာသည့်အတတ်ဖြင့် နှိုင်းချိန်စစ်ဆေးလေ့ရှိသည့် မောင့်စိတ်ကြီးကို ကျွန်မမုန်းသည်။ ချစ်သူတစ်ယောက်၏ ဖိစားစိတ်ကို လျစ်လျူ ရှုရက်လေခြင်းဟုလည်း ကျွန်မနာကျည်းမိပါသည်။

"ကိုယ်တို့မိန်းကလေးတွေမှာ မိခင်စိတ်ဟာ အသိစိတ်နဲ့လဲ ရှိနေတယ်၊ မသိစိတ်နဲ့လဲ ရှိနေတယ်၊ အသက်နှစ်နှစ် သုံးနှစ်အရွယ် မိန်းကလေးကလေးတွေ လင်ယောကျ်ားဆိုတာ ဘာရယ်လို့မသိတဲ့ကလေးတွေ၊ အိမ်ထောင်ဆိုတာ ဘာရယ်လို့မသိတဲ့ ကလေးတွေဟာ ဘယ်လိုကစားနည်းမျိုးကို ကစားတတ်လဲ မောင်သိလား၊ သူတို့ရဲ့ ကော်ရုပ်ကလေးတွေကို အဝတ်နဲ့ထွေးပွေ့ ရင်ခွင်မှာ ပိုက်ပြီး မိခင်လုပ်တမ်းကစားတတ်ကြတယ်၊ မောင်တို့ယောကျ်ားတွေ ငယ်ငယ်တုန်းက ဖခင်လုပ်တမ်း ကစားဖူးတဲ့သူများရှိရင်ပြောစမ်းပါ ပြောပြစမ်းပါ"

မောင်စက်ဘီးတွန်းရင်းမှ ကျွန်မဘက်လှည့်ကာ နူးညံ့စွာ ရယ်မောသည်၊

"ဒေါသကြီးလှချည့်လား နင်းရယ်"

"မိခင်စိတ်တွေ ဖခင်စိတ်တွေ လာပြီး ယှဉ်ပြိုင် ပြောမနေနဲ့ မောင် သားသမီးပေါ်ထားတဲ့ တာဝန်ယူမှုနဲ့ အကြင်နာတွေကို ပြိုင်ကြစတမ်းဆိုရင် ကိုယ်တို့မိန်းမတွေရဲ့ မိခင်စိတ်ကို ဘယ်နည်းနဲ့မှ မောင်တို့ယောကျ်ားတွေ မမှီဘူး"

"ဟောဗျာ"

ကျွန်မမောင့်ကို ဒေါသဖြစ်ပြီး မျက်စောင်းထိုးပစ်လိုက်မိပြန်တော့



မောင်က ကျွန်မနားရွက်ဖျားလေး တစ်ဖက်ကို သာသာဖွဖွဆွဲဖျစ် ကျီစယ်လေသည်။ ကျွန်မ မောင့်လက်ကို ပုတ်ချပစ်လိုက်၏။

"သားသမီးတစ်ယောက် ဖြစ်ပေါ်ကြီးပြင်းဖို့ မောင်တို့ ယောကျ်ားတွေ အရေးပါအရာရောက်တယ်ဆိုရင် အဲ့ဒီ အရေးပါမှုက မျိုးစပ်ဖို့တာဝန် တစ်ခုတည်းပဲရှိတယ်"

ကျွန်မအံကျိတ်၍ တိုးညှင်းစွာ ရှုပ်ချသောအခါ မောင်ကမျက်နှာ မော့လှန်၍ ဟက်ဟက်ပက်ပက် သဘောကျစွာ ရယ်မောလိုက်၏။

"နင်းရာ နင်းရဲ့ဒေါသကို ခဏထိန်းပြီး ကျွန်တော်ပြောတာ တဆိတ်နားထောင်စမ်းပါဦး၊ နင်းစကားတွေက ဘေးရောက်ကုန်ပြီ၊ ယောကျ်ားတွေအပေါ် ဒီလောက်တောင် အထင်သေးတတ်တဲ့နင်းက ယောကျ်ားတစ်ယောက်ကို လက်ထပ်ဦးမလို့လား"

ကျွန်မကို အေးအေးဆေးဆေးဝေဖန်နေသည့် မောင့်စကားကို အစ်ရခက်စွာပင် ကျွန်မဆံပင်များကို လေ့ကနဲ့ဖွာအောင် ခေါင်းခါရမ်းပစ်လိုက်၏။

"တော်ပြီ ဒီအကြောင်း ဆက်မပြောနဲ့တော့ ကိုယ်မကြားချင်ဘူး"

"နင်း မကြားချင်ပေမယ့် ကျွန်တော်ပြောချင်တယ်"

ထိုအခါ ကျွန်မအေးစက်စိမ်းကားစွာ မောင့်ကိုကြည့်မိသည်။ မောင်က စက်ဘီးကိုတွန်းရင်း ကျွန်မဘက်သို့ ခေါင်းငဲ့ကြည့်သည်။ မောင့်မျက်လုံးအကြည့်ကို ကျွန်မမုန်းလိုက်တာ၊ ချစ်သူတစ်ယောက်ကို ကြည့်သော မျက်လုံးမျိုးမဟုတ်ဘဲ စာကြောင်းတစ်ကြောင်းကို ဖတ်သော မျက်လုံးမျိုး။

"နင်းလက်ထပ်ဖို့ တစ်ခါပြောလိုက်တိုင်း ကျွန်တော် တစ်ခါ ရှက်ရတယ်၊ လက်ထပ်တယ်ဆိုတာ တာဝန်တစ်ခုကို ယူလိုက်တာပဲ၊ ကျွန်တော်နင်းကို လက်မထပ်နိုင်သေးဘဲနင်းရဲ့ချစ်သူဘဝ ရောက်ခဲ့ရတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် နာနာကျည်းကျည်း အပြစ်တင်နေမိတဲ့အချိန်မှာ နင်းကလက်ထပ်ဖို့ စပြောလိုက်တော့ ကျွန်တော့်ပါးကို ရိုက်လိုက်သလိုပါပဲ"

"ကြားရတာ ဝမ်းသာပါတယ်"

ကျွန်မ ခနဲ့သလို ပြောလိုက်သည့် စကားကို မောင်ကတုန့်လှပ်ဟန်မပြ။

"ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး လက်ထပ်ခြင်းဆိုတဲ့ ခေါင်းစဉ်ကို ကျွန်တော် အပြန်အလှန် စဉ်းစားနေမိတယ်၊ မိန်းမတစ်ယောက်ဟာ သူ့ချစ်သူကို ဘာ

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လက်ထပ်ချင်တာလဲ ဆိုတဲ့အကြောင်းလေ၊ ဒါထက်ပိုပြီး ရှုပ်ထွေးတာက ဘာကြောင့်အရေးတကြီး လက်ထပ်ချင်တာလဲ၊ တခြား မိန်းမတစ်ယောက် သူ့ချစ်သူကို လက်ထပ်ချင်တယ်ဆိုရင် ကျွန်တော်အံ့သြမိမှာ မဟုတ်ဘူး။ အခုတော့ နှင်းက လက်ထပ်ချင်တယ် ယုမော်ဆိုတဲ့ကောင်ကို ဒေါက်တာသက်နှင်းအိမ်က လက်ထပ်ချင်တယ် ”

ကျွန်မ နာကျည်းစွာ ပြုံးလိုက်မိ၏။

“ယုမော်ဆိုတဲ့ကောင်ကို ဒေါက်တာသက်နှင်းအိမ်က ချစ်ခဲ့တာကိုကော မောင်မအံ့သြဘူးလား”

“မအံ့သြပါဘူး၊ အချစ်စိတ်ဆိုတာ အလိုအလျောက် ဖြစ်ပေါ်တဲ့ အရာပဲ၊ ဆင်ခြင်ဉာဏ်မှ မပါတာ။ ဒါပေမယ့် လက်ထပ်တယ်ဆိုတာ အလိုအလျောက် ဖြစ်တဲ့အရာ မဟုတ်ဘူးလေ ဆင်ခြင်ဉာဏ်ပါမယ်၊ ရွေးချယ်မှုပါမယ်”

“မောင် ဘာပြောချင်နေတာလဲရှင်းရှင်းပြောစမ်းပါ၊ ကိုယ့်ကို ဝေ့လည်ကြောင်ပတ် စကားတွေနဲ့ စိတ်ရှုတ်အောင် လုပ်မနေနဲ့”

ကျွန်မ ခပ်ဆတ်ဆတ်ပြောပြီး ခြေလှမ်းကို ရပ်ပစ်လိုက်သည်။ မောင်က စက်ဘီးကို ဒေါက်ထောက်၍ ရပ်ပြီးနောက် ကျွန်မရှေ့မှာ နီးကပ်စွာ မျက်နှာချင်းဆိုင်လိုက်လေသည်။

နှစ်နှစ်ဆိုတဲ့ အချိန်ကာလလေးကို မစောင့်နိုင်တော့ပဲ နှင်းကျွန်တော့်ကို လက်ထပ်ချင်လာအောင် နှင်းကို ဘယ်စိတ်တွေက တွန်းအားပေးနေသလဲလို့ ကျွန်တော်စဉ်းစား အဖြေရှာနေခဲ့တယ်၊ နှင်းကျွန်တော့်ပါးကို ရိုက်ချင်သလား”

ကျွန်မ မဲ့ပြုံးပြုံး၍ ပခုံးတွန့်ပြလိုက်ပါသည်။

“စဉ်းစားတော့ ဘာအဖြေရသွားသလဲပြောစမ်း”

“မိန်းမတွေဟာ မိခင်စိတ်နဲ့ လက်ထပ်ကြတာ မှန်ပေမယ့် အခုချက်ခြင်း ကလေးမယူသေးပဲ နောင်ငါးနှစ်ကြာမှ ကလေးယူချင်တဲ့ နှင်းကတော့ မိခင်စိတ်ကြောင့် လက်ထပ်ချင်တာ မဟုတ်ဘူး”

မောင့်စကားသံက စဉ်းစားနေသော အရိပ်အယောင်မရှိဘဲ ကောက်ချက်ချသော ပုံစံမျိုးဖြစ်နေ၏၊ ကျွန်မ ဒေါသကို ထိန်းချုပ် မြိုသိပ်ထားလိုက်သည်၊

“မိန်းမတွေဟာ သဘာဝပေးတဲ့ duty for reproduction (မျိုးပွားခြင်းတာဝန်)နဲ့ လက်ထပ်အိမ်ထောင်ပြုတတ်ကြပေမယ့် နှင်းက အဲ့ဒီထက် အရေးကြီး



ပြီး လေးနက်တဲ့ တာဝန်နှစ်ခုကို ယူထားတဲ့ မိန်းမဖြစ်တယ်၊ ဆရာဝန်ဆိုတဲ့ တာဝန်ရယ် အနုပညာဆိုတဲ့ တာဝန်ရယ် ဒီနှစ်ခုကို နှင်းက မျိုးပွားတဲ့တာဝန်ထက် ပိုပြီး တန်ဖိုးထားမြတ်နိုးတယ် ဆိုတာ ကျွန်တော်သိတာပဲ။ ဒီတော့ ဒီအချက်ကြောင့်လည်း နှင်း လက်ထပ်ချင်တာ မဟုတ်ပြန်ဘူး”

လက်စသတ်တော့ မောင်က သူ့ချစ်သူကို ရှေးဟောင်းပစ္စည်းတစ်ခုလို သဘောထားပြီး ဆင်ခြင်သုံးသပ်နေတာကိုး။

“နောက်တစ်ခုက sense of security (လုံခြုံမှုအတွက် အားကိုးစိတ်) ပဲ။ လွန်ခဲ့တဲ့ နှစ်လတုန်းက မော်လမြိုင်ဟိုတယ်မှာ နှင်းကျွန်တော့်ကို ပြောခဲ့တဲ့စိတ်လေ ဒါပေမယ့် အဲ့ဒီစိတ်ကလည်း အားနည်းတဲ့ မိန်းမတွေမှာသာ ဖြစ်တတ်တာပဲ။ နှင်းမှာက ပညာရှိတယ် ငွေရှိတယ်”

“ဒါပေမယ့် ငွေတစ်ခုတည်းရှိရုံနဲ့တော့ မိန်းမတစ်ယောက် မလုံခြုံနိုင်ဘူး”

ကျွန်မ စိတ်လိုက်မာန်ပါ ဖြတ်ပြောလိုက်တော့ မောင်ကကျွန်မကို ခေါင်းတစ်ချက် ဆတ်ပြသည်၊

“ကျွန်တော်သိပါတယ် ...economic security (စီးပွားရေးဆိုင်ရာ အာမခံချက်)ရော environmental security (ပတ်ဝန်းကျင်ဆိုင်ရာ အာမခံချက်)ရော ကျွန်တော်ထည့် စဉ်းစားခဲ့တယ်။ နှင်းမှာ နှစ်ခုလုံး မလိုဘူး economic security အတွက်ဆိုရင် နှင်းက ယုမော်ကို ဘယ်လက်ထပ်ပါ့မလဲ၊ မဲဟုတ်ဘူးလား။ ဒါ့အပြင် နှင်းဘယ်ယောကျ်ားကိုမှတောင် လက်ထပ်စရာမလိုဘူး၊ နှင်းမှာ ပြည့်စုံပြီးသားပဲ။ ပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ စဉ်းစားတော့လည်း နှင်းကဘယ်တုန်းကမှ ပတ်ဝန်းကျင်ကို ဂရုစိုက်ခဲ့တာ မဟုတ်ဘူး ။ ပတ်ဝန်းကျင်စကားတင်းတွေ အကဲဖြတ်မှုတွေကိုသာ နှင်းစဉ်းစားတတ်ရင် ကျွန်တော်နဲ့ အတူခရီးတွေသွားမှာ မဟုတ်ဘူး၊ နှင်းက ကိုယ့်တန်ဖိုးကိုယ် သတ်မှတ်ပြီးသား မိန်းမပဲ၊ ပတ်ဝန်းကျင် သတ်မှတ်တဲ့ စံတွေကို နည်းနည်းမှ ဂရုမစိုက်တတ်တဲ့ မိန်းမပဲ၊ ဒီတော့ နှင်းမှာ လုံးဝ မလိုဘူး ဒါနှင်းငြင်းမလား”

ဩော် ...မောင်က ကျွန်မစိတ်ခံစားမှုကို ကျွန်မထက်ပင် သိနေသော ပညာရှိ ပုဂ္ဂိုလ်ကြီးပေါ့လေ

ကျွန်မ အသံထွက် ရယ်မောလိုက်သော်လည်း ထိုရယ်သံတွင်

www.burmeseclassic.com

www.burmeseclassic.com



ခါးသက်မှုများ ပါဝင်နေကြောင်း မောင်ရိပ်မိပါသည်။ သို့သော် မောင်က ခေါင်းမာစွာပင် စကားဆက် မဖြတ်ခဲ့ ပါ။

"နောက်တစ်ခုက sense of importance (အရေးပါ အရာရောက်လိုစိတ်)၊ မိန်းမတွေဟာ လောကမှာ ယောကျ်ားတွေလောက် အရေးပါအရာရောက်မှု မရှိဘူး၊ မိန်းမတွေရဲ့ စွမ်းရည်ဆိုတာကို လူ့အဖွဲ့အစည်းက ဘယ်တော့မှ ထည့်မစဉ်းစားကြဘူး၊ အမေအမေ ညီအစ်ကို မောင်နှမတွေရဲ့ လက်ဝေခံတစ်ယောက်သာဖြစ်တဲ့ သာမန်မိန်းမတစ်ယောက်ဟာ သူ့ရဲ့အနေအထားပြောင်းလဲဖို့ အရေးကြီးတဲ့ နေရာကို ရောက်ဖို့ လက်ထပ်ကြတယ်၊ ဇနီးဘဝရောက်တဲ့ အခါမိန်းမဟာ အိမ်ထောင်ကိုအုပ်ထိန်းတဲ့ အရေးကြီးသူနေရာကို ရောက်သွားတယ်၊ သူ့ခင်ပွန်းက လူ့အဖွဲ့အစည်းမှာ အရေးကြီးသူ လူပုဂ္ဂိုလ် ဖြစ်ခဲ့ရင် အဲဒီ မိန်းမကိုယ်တိုင်လည်း သူ့ဇနီးအဖြစ် လူတွေက လေးစားရတဲ့ အရေးကြီးပုဂ္ဂိုလ် ဖြစ်သွားတယ်။ ဒီလိုနည်းနဲ့ မိန်းမတစ်ယောက်ဟာ လောကဆီက ဂရုစိုက်မှုကို ယူလေ့ရှိတယ်။

"ဒါပေမယ့် နှင်းကတော့ ဒီလိုမဟုတ်ဘူး၊ နှင်းက တစ်စုံတစ်ယောက်ကို မှီခိုပြီး သူ့ အရှိန်အဝါနဲ့ အရေးစိုက်ခံရမယ့် လူမှမဟုတ်ဘဲ၊ နှင်းမှာ ကိုယ်ပိုင်ဓရုဏ်အချင်းတွေ ရှိတယ်၊ နှင်းဟာ သူတို့အတွက် အရေးကြီးတယ်လို့ ထင်တဲ့လူတွေ တော်တော်များများရှိတယ်၊ ကျွန်တော်နဲ့ နှင်းနဲ့ လူတွေကြား ထဲသွားတဲ့အခါ လူတွေက နှင်းကိုပဲသိကြတယ်။ နှင်းကိုပဲဂရုစိုက်ကြတယ်၊ နှင်းကိုပဲ ချစ်ခင်လေးစားကြတယ်"

ကျွန်မ အနည်းငယ် ထိတ်လန့်စွာ မောင့်ကို စိုက်ကြည့်မိ၏။ မောင့်စကားသံထဲမှာ မောင့်မျက်နှာမှာ မနာလို ဝန်တိုမှုကို ရှာဖွေကြည့်မိသည်၊ မတွေ့ရပါ။ မောင်သည် ကျွန်မ၏ တန်ဘိုးကို အခြားလူတွေ သတ်မှတ်သည်ထက် လျှော့၍မြင်သူဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် အလွန် ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်ချင် ဖြစ်လိမ့်မည်။

"ကျွန်တော့်ကို လေးစားတဲ့လူက လက်တစ်ဆုပ်စာတောင် မရှိဘူး၊ နှင်းကို ဂရုစိုက်တဲ့လူတွေက တော်တော်များပါတယ်၊ ဒီတော့ နှင်းဟာ ကျွန်တော့်ဆီကတဆင့် sense of importanceကို ယူဖို့ ဘာအကြောင်းမှ မရှိဘူး၊ ဖြစ်ချင်းဖြစ်ရင် ကျွန်တော်ကသာ နှင်းဆီက ယူဖို့ရှိတာပဲ"



ကျွန်မတို့ နှစ်ယောက်စလုံး ခဏတိတ်ဆိတ်နေကြသည်။ မောင်တိတ်ဆိတ်နေသည်မှာ နောက်ထပ်ပြောမည့် စကားအတွက် အားယူနေခြင်းဖြစ်ပြီး၊ ကျွန်မတိတ်ဆိတ်နေသည်မှာ မောင်ပြောလာမည့်စကားကို ကြိုတင်သိစိတ်ဖြင့် ငြင်းပယ်ရန် အားယူနေခြင်းဖြစ်သည်။

"ဒီတော့ အဖြေက တစ်ခုတည်းပဲ ကျွန်တော့တာပေါ့ နှင်းရဲ့၊ အဲဒီအဖြေကို သိရတဲ့အခါ နှင်းထက်ပိုပြီး ကျွန်တော်ချောက်ချားရပါတယ်"

မောင်က စကားကိုမဆက်ပဲဖြတ်ချထားသောအခါ ကျွန်မအံကြိတ်၍ ပြုံးလိုက်၏။

"ဘာတဲ့လဲ အဖြေက"

မောင်က ကျွန်မမျက်နှာမှ မျက်လုံးလွှဲ၍ ဖြတ်သန်းသွားသောကားကလေးများကိုငေးကြည့်ရင်း တိုးတိတ်စွာဖြေ၏။

" Sexual licence (လိင်မှုဆိုင်ရာ ခွင့်ပြုချက်)"

စိတ်ရှိလက်ရှိသာ ပြုမူခွင့်ရလျှင် ကျွန်မသည် မောင့်မျက်နှာကို တအားလွှဲ၍ ရိုက်ချမိလိမ့်မည်။ မော်လမြိုင် ဟိုတယ်လို နေရာမျိုးမှာ မဆိုထားနှင့်၊ ကျွန်မအဆောင်ရှေ့မှာ ဆိုလျှင်တောင် မောင့်ပါးကို စိတ်ရှိလက်ရှိ ရိုက်မိတော့မှာ သေချာသည်။ ယခုတော့ ဦးဝိစာရ လမ်းပေါ်မှာ၊ ကျွန်မတို့ဘေးမှာ ဖြတ်သွားနေကြသော ကားတွေ လူတွေအနီးမှာ။ ကျွန်မသည် ပုလောင်ပြင်းပြသော ဒေါသကို ခက်ခဲပင်ပန်းစွာ ထိန်းချုပ်မြိုသိပ်လိုက်ရ၏။

ကျွန်မ၏တိတ်ဆိတ်မှု လိုအပ်သည်ထက် ကြန့်ကြာသွားသောကြောင့် မောင်က ကျွန်မကို လှည့်ကြည့်သည်။ ကျွန်မ မလှုပ်မယှက်ရပ်နေတာကို မောင်ကစိုးရိမ်သည့်ပုံစံဖြင့် ကျွန်မပခုံးလေးကို အသာဆုပ်ကိုင်လိုက်လေသည်။

"နှင်း ကျွန်တော့်ကို ရိုက်ချင်နေတယ်မဟုတ်လား၊ ရိုက်လေနှင်း"

ကျွန်မ မရိုက်ပါ၊ မောင့်လက်ကိုပင် ဒေါသဖြင့် ပုတ်မချမိပါ။ မောင့်မျက်နှာကိုသာ အံ့သြ နာကျင်စွာ ငေးကြည့်မိသည်။

"မောင်ဒီစကားတွေ ပြောနိုင်လောက်အောင် ဘာစာအုပ်တွေ ဖတ်ထားခဲ့လဲ ကိုယ်မသိဘူး၊ သေချာတာကတော့ ယောကျ်ား ပညာရှိတွေရေးတဲ့ စာအုပ်တွေ ဖြစ်မှာပဲ"

ရည်းစားဟူ၍ ကျွန်မတစ်ယောက်သာ ရှိခဲ့သော နှမတွေ၊ အစ်မတွေပင်

www.burmeseclassic.com

www.burmeseclassic.com

မရှိသော မောင်သည် မိန်းမတစ်ယောက်၏ လက်ထပ်ခြင်းအပေါ် သည်လို သုံးသပ်ဆင်ခြင်နိုင်ဖို့ စာအုပ်တွေပဲ အားကိုးဖွယ်ရှိသည်။

"မိန်းမတွေရဲ့ စိတ်ကို ယောကျ်ားတွေက ဘယ်လိုလုပ်သိမှာလဲ၊ မောင်က ကိုယ့်ကို စနစ်ကျကျ စော်ကားလိုက်တာပဲ၊ ကိုယ့်ကိုစော်ကားရုံတင် မကဘူး မိန်းမအားလုံးကို မောင် စော်ကားလိုက်တာပဲ"

မောင့်မျက်နှာမှာ ထိုစကားကို ပြောမိသည့်အတွက် နောင်တရနေဟန် မရှိပါ။ ထို့ကြောင့်ပင် ကျွန်မပို၍ ဒေါသထွက်လာခဲ့သည်။

"မိန်းမတစ်ယောက်ရဲ့ အချစ်ကို မောင်ထည့်မတွက်တော့ဘူးလား၊ မိန်းမတစ်ယောက်ရဲ့ အနစ်နာခံမှုဆိုတာတွေ၊ စွန့်လွှတ်ပေးဆပ်မှုဆိုတာတွေ အဲဒါတွေ မောင်ဖတ်တဲ့ စာအုပ်ထဲမှာ မပါဘူးလားဟင်၊ မိန်းမတွေရဲ့ မိခင်စိတ်ဟာ သားသမီးပေါ်မှာပဲရှိတယ်လို့ မောင့်ကိုဘယ်သူက သင်ပေးလိုက်သလဲ။ ဇနီးတစ်ယောက်က ခင်ပွန်းပေါ်မှာ မိခင်စိတ်နဲ့ စောင့်ရှောက် ယုယတတ်တာကို မောင်ဖတ်တဲ့ စာအုပ်တွေထဲမှာ ရေးမထားဘူးလား၊ မှတ်ထားမောင် မိန်းမတွေဟာ သူ့ချစ်သူဆီက ဘာရရမယ်ဆိုတဲ့စိတ်နဲ့ လက်ထပ်ကြတာ မဟုတ်ဘူး၊ ချစ်သူကို ဘာတွေပေးနိုင်မလဲဆိုတဲ့ စိတ်နဲ့ လက်ထပ်ကြတာပါ"

ကျွန်မ အသံကို တိုးနိုင်သမျှတိုးအောင် ထိန်းချုပ်၍ တင်းမာစွာ မောင့်ကို ရန်တွေ့မိသည်။ ကျွန်မ စကားတွေကြောင့် မောင်အနည်းငယ် အနေအထား ပျက်သွားသည်။

"မိန်းမတစ်ယောက်ဟာမနက်အိပ်ယာထတဲ့အခါ ကိုယ့်ချစ်သူမျက်နှာကို မြင်ချင်တယ်၊ ချစ်သူအတွက် လိုအပ်သမျှ အဝတ်အစား၊ အစားအသောက် အသေးအဖွဲကိစ္စလေးတွေကို ကိုယ့်ကိုယ်တိုင်ရဲ့ဆန္ဒနဲ့ ညွှန်ကြားပေးချင်တယ်၊ ပြုစုပေးချင်တယ်။ တစ်မိုးတည်းအောက်မှာ ချစ်သူနဲ့ အတူအသက်ရှင် ရပ်တည်ရတဲ့အခါမှာ မိန်းမရဲ့စိတ်မှာ လုံခြုံစိတ်နဲ့ ပြည့်စုံစိတ်ကို ခံစားရတယ်၊ အိမ်အလုပ် တစ်ခုခုလုပ်နေတဲ့အခါ၊ ဒါမှမဟုတ် စာကျက်နေတဲ့အခါ ကိုယ်နဲ့ မလှမ်းမကမ်းမှာ ကိုယ့်ချစ်သူရှိနေရုံနဲ့ ချစ်သူရဲ့ ကိုယ်နံ့ကလေး ခံစားနေရရုံနဲ့ မိန်းမတွေမှာ နှစ်သိမ့်ကြည်နူးရတယ်၊ ချစ်သူကို ဖိနပ်တိုက်ပေးတဲ့အခါ၊ မုတ်ဆိတ်ရိတ်ပေးတဲ့အခါ၊ ခြေအိတ်လျှော်ပေးတဲ့အခါ ကျွန်ခံစိတ်နဲ့ လုပ်ပေးတာလို့ မောင်ထင်နေသလား။ ကျွန်တစ်ယောက်က သခင်တစ်ယောက်ကို



ပြုစုသလို ပြုစုတာမဟုတ်ဘူး၊ မိခင်တစ်ယောက်က သားကို ပြုစုယုယသလို ပြုစုပေးတာ။ အဲဒါတွေဟာ ကျိုးနွံနာခံမှုတွေမဟုတ်ဘူး၊ တာဝန် ဝတ္တရားတွေ မဟုတ်ဘူး၊ အဲဒါ အချစ်တွေ"

ကျွန်မတို့နှစ်ယောက်သည် မပြုံးမရယ်ဘဲ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိကြသည်။

"မိန်းမတစ်ယောက် အိမ်ထောင်ပြုတာဟာ ဘဝသစ်တစ်ခု ဖန်တီးဖို့ ခြေလှမ်းစလိုက်တာ၊ ကိုယ်အင်မတန်ရေးချင်တဲ့ ဝတ္ထုတစ်ပုဒ်ကို ဖန်တီးယူ သလို၊ ပန်းချီကားတစ်ချပ်ကိုဖန်တီးယူသလို ကိုယ့်ခင်ပွန်းနဲ့ သားသမီးတွေ အတွက် အကောင်းဆုံး အလှဆုံး ဘဝတစ်ခုရအောင် ဖန်တီးချင်တဲ့ စိတ်နဲ့ လက်ထပ်ကြတာ။ ကိုယ်ပုံသွင်းပြုပြင်လိုက်တဲ့ အိမ်ထောင်နကလေး သာယာဖို့ အတွက် မိန်းမဟာ သူ့ရဲ့ပြစ်တည်မှုကို စွန့်ပစ်လိုက်ရတယ်၊ မိန်းမတစ်ယောက်က မြစ်တစ်စင်းဆိုရင် လင်ယောကျ်ားက ပင်လယ်တစ်ခုပဲ။ မိန်းမရဲ့ဖြစ်တည်မှုဟာ လင်ယောကျ်ားဆီကို စီးဝင်ပေါင်းစပ်သွားရတယ်၊ အဲဒါကို ကိုယ်က sense of creation (ဖန်တီးလိုစိတ်) လို့သတ်မှတ်တယ်။ ဒီတော့ ဘယ်မှာလဲ sexual licence။ အဲဒီအခန်းကဏ္ဍက ဘယ်နေရာမှာလဲ"

မောင်က ကျွန်မပခုံးကို ဖက်မွှေ့ကာ နှစ်သိမ့်ဖို့ ဟန်ပြင်သည်။

"နှင်း"

"မထိနဲ့"

စိတ်လွှတ်လက်လွှတ်အော်ပစ်လိုက်တော့ မောင်အလန့်တကြား နောက် ဆုတ်လိုက်လေသည်။

"အဲဒီလိုင်စင်ကို မိန်းမနဲ့ ယောကျ်ား ဘယ်သူကပိုလိုအပ်သလဲဆိုတာ အလောင်းအစားတောင် လုပ်လိုက်ချင်သေးတယ်၊ ရှုံးတဲ့လူက ကိုယ့်ကိုယ်ကို သတ်သေကြးလေ ...ဘယ့်နှယ်လဲ"

ကျွန်မ၏ ခါးသက်သော သရော်လှောင်ပြောင်မှုကို မောင်က အသိ အမှတ်ပြုသလိုပင် လက်မြှောက်ပြကာ တောင်းပန်၏။

"နှင်းကို စော်ကားသလိုဖြစ်သွားရင် ကျွန်တော်တောင်းပန်ပါတယ် နှင်းရယ်၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ အတွင်းကျကျ ရင်းနှီးခင်မင်မှုကြောင့် ကျွန်တော်မှားသွားတာပါ၊ စောစောကစကားကို ကျွန်တော်ပြန်ရုပ်သိမ်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြစို့"

"နှင်းစိတ်ဆိုးတုန်းဆိုရင် ကျွန်တော့်ကို ကြိုက်သလိုရိုက်နော်၊ ကျွန်တော့်အပေါ် အငြိုးအတေးတော့ မထားပါနဲ့နှင်းရယ်"

"ပြန်ကြရို့လို့ ကိုယ်ပြောနေတယ် ၊ ဒီအကြောင်းတွေ တစ်ခွန်းမှမပြောနဲ့တော့"

မောင်က ကျွန်မမျက်နှာကို ခပ်ဆဆကြည့်လျက် စက်ဘီးနှင်းရမလို ကျွန်မကိုပဲ ချော့မော့ရတော့မလို ချီတုံချတုံဖြစ်နေ၏ ။

"ကျွန်တော်ထင်တာက ..."

ကျွန်မစိတ်မရှည်စွာ စုတ်တစ်ချက်သပ်လိုက်၏ ။

"မောင်ထင်တာက အဲဒီစကားဟာ ကိုယ့်မိန်းမမာနကို ဆွပေးနိုင်မယ်လို့ ထင်တယ်မဟုတ်လား၊ မောင်ထင်တာသိပ်မှန်တယ်။ မှန်လွန်းလို့ မောင်ဖြစ်စေချင်သလိုလဲ ဖြစ်တော့မယ်၊ မောင်ကကိုယ့်စိတ်ကို ကောင်းကောင်းသိပြီး ကောင်းကောင်းထိန်းချုပ်နိုင်တဲ့လူပဲ။ အခုအချိန်ကစပြီး မောင့်ကို လက်ထပ်ပါရစေလို့ ကိုယ်တစ်ခွန်းမှ မပြောတော့ဘူး။ အခုလဲမပြောဘူး၊ နောက်နှစ်နှစ်ကြာတဲ့အခါမှာလဲ မပြောဘူး ...ဘယ်တော့မှ မပြောဘူး"

မောင်က ကျွန်မပခုံးကို တင်းကျပ်စွာ ဖက်ပွေ့လိုက်တော့ ကျွန်မမျက်ရည်ကျမိသည်။

"နှင်းရယ် ...ကျွန်တော်နှင်းကို သိပ်ချစ်ပါတယ်၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့"

ထို့နောက် မောင့်ရင်ခွင်မှာ မျက်နှာအပ်ပြီး ကျွန်မနာနာကျည်းကျည်း ငိုရှိုက်မိပါသည်။

* * *

"လက်ထပ်ခြင်း" ဆိုတာ ယောက်ျား တစ်ယောက်အတွက် "ပိုင်ဆိုင်ခြင်း" ဒါမှမဟုတ် "ပိုင်ရှင်" လို့ အဓိပ္ပါယ် ရပေမယ့် မိန်းမတစ်ယောက်အတွက်တော့ "ပိုင်ဆိုင်ခံရခြင်း" ဒါမှမဟုတ် "ပိုင်ဆိုင်ခံရသူသားကောင်" လို့ပဲ အဓိပ္ပါယ်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်မယား တစ်လင် ဥပဒေ ထုံးတမ်းရှိပေမယ့် တစ်လင် တစ်မယား ဥပဒေထုံးတမ်း မရှိတဲ့ ကိုယ်တို့ ပတ်ဝန်းကျင်မှာ မိန်းမတွေဟာ သူတို့ချစ်တဲ့ ယောက်ျားတွေကို လက်ထပ် ထိမ်းမြားခြင်း ဥပဒေနဲ့ တစ်ဦးတည်းပိုင်အဖြစ် ထိန်းချုပ်ထားခွင့် မရနိုင် လို့ပဲပေါ့။ လက်ထပ်ခြင်းဟာ ကြိုးတစ်ချောင်း ဖြစ်တယ်ဆိုရင် ဒီကြိုးဟာ လင်ယောက်ျားကို ချည်တဲ့ကြိုး မဟုတ်ဘဲ၊ ဇနီးကိုသာ ချည်နှောင်ထားတဲ့ ကြိုးပဲ၊ ဒါနဲ့များတောင် ယောက်ျားတွေရဲ့ အနှောင်တည်းခံသားကောင်ဖြစ်ခွင့် ရဖို့အရေး ကိုယ်တို့မိန်းမတွေက တောင်းဆို အသနားခံနေရသေးတယ်ဆိုတော့ ဒါဟာ မိုက်မဲတာ သက်သက်ပဲလို့ ကိုယ်ရွတ်ချခဲ့ဖူးပါတယ်။ ဒါပေမယ့် အခုတော့ ကိုယ်ဟာ ကမ္ဘာပေါ်မှာ အမိုက်မဲဆုံး မိန်းမဖြစ်ခဲ့ပြီပေါ့။

www.burmeseclassic.com

(၂)

လက်ထပ်ဖို့ ဆွေးနွေးသည့်ကိစ္စ အရေးနိမ့်သွားချိန်မှစ၍ မောင်နှင့် ပတ်သက်၍ ကျွန်မရင်ထဲတွင် ဆူးကြီးကြီးတစ်ချောင်း စိုက်တွယ်သွားခဲ့ပါသည်။ မောင့်ကိုလက်ထပ်ပြီး မောင့်စကြဝဠာထဲသို့ ကျွန်မဝင်ရောက် ပေါင်းဖက်လိုစိတ်သည် ကျွန်မဘဝတွင်ဖြစ်ပေါ်ဖူးသမျှ ဆန္ဒထဲတွင် အားအပြင်းဆုံးနှင့် ကျွန်မအတပ်မက်ဆုံးဆန္ဒ ဖြစ်ခဲ့၏။ သို့သော်ယခုတော့ မောင်၏ လေးဖင့်နှေးကွေးမှုကြောင့် ထိုဆန္ဒသည် ကျွန်မထံမှတဖြည်းဖြည်း လွင့်ပြယ်လာခဲ့သည်။ ထို့အပြင် ဘယ်တုန်းကမှ ကျွန်မထံတွင် မဖြစ်ပေါ်ဖူးသော ခံစားချက်တစ်ခု တစ်စတစ်စ ရုပ်လုံးပီပြင်စွာ ပေါ်ပေါက်လာခဲ့သည်၊ ၎င်းမှာ မောင့်အပေါ် မယုံကြည်စိတ်မချမှုပင် ဖြစ်လေသည်။

ချစ်သူနှစ်ဦးသည် ချမ်းသာသုခကိုလည်း မျှဝေခံစားနိုင်ရမည်၊ ဆင်းရဲဒုက္ခကိုလည်း မျှဝေခံစားနိုင်ရမည်။ ကိုယ့်ချစ်သူနှင့် နီးစပ်ဖို့ဆိုသည်မှာ ချစ်သူတစ်ယောက်အတွက် တန်ဖိုးအထားဆုံး ပန်းတိုင်တစ်ခုဖြစ်သင့်သည်ဟု ကျွန်မထင်ပါသည်။ မောင်ကတော့ ကျွန်မကို တင့်တယ်လှပစွာ လက်ထပ်ယူဖို့ဟူသော မရေရာမသေချာသည့် ကြီးကျယ်ခမ်းနားသော စိတ်ကူးယဉ်ခြေလှမ်းများဖြင့် ကျွန်မနှင့်ဝေးရာသို့ တရွေ့တရွေ့ထွက်ခွာနေသူ ဖြစ်သည်။

မောင်ပြောသည့်နှစ်နှစ်ဆိုတာ ဘယ်လောက်တိကျ မှန်ကန်နိုင်မှာလဲ၊ မှန်ကန်သည်ပဲထားပါ။ ဤနှစ်နှစ်အတွင်း ပတ်ဝန်းကျင် မျက်လုံးများအောက်မှာ တစ်ယောက်တည်း ရင်ဆိုင်ရပ်တည် ကျန်ရစ်ခဲ့ရမည့် မိန်းမသားတစ်ဦး၏ ခံစားချက်ကို မောင်လျစ်လျူရှုရက်လေပြီလားဟု ကျွန်မ မခံချိမခံသာ တွေးမိသည်။ မောင်သည် ပတ်ဝန်းကျင်အပေါ် ရင်ဆိုင်ရမည့် မောင့်ခံစားချက်ကိုသာ ရှေ့တန်းတင်စဉ်းစားလျက် ချစ်သူ၏ခံစားချက်ကိုတော့ နည်းနည်းမျှ ထည့်တွက်ခဲ့ခြင်း မရှိပေ။ မောင်မရှိတော့သည့် ပတ်ဝန်းကျင်မှာ ကျွန်မဘယ်လောက် မျက်နှာငယ်ရမလဲ၊ ကဲ့ရဲ့စကားတင်းများအောက်မှာ ကျွန်မ၏ခွန်အားတွေ အရည်ပျော်ကျမသွားအောင် ဘယ်လောက် အားနိုက် ရင်ဆိုင်ရမလဲ၊ မိမိနှင့်ပတ်ဝန်းကျင်အကြား ကာရံထားသော တံတိုင်းကြီး



သဖွယ်ဖြစ်သည့်ချစ်သူသာ မိမိအနားမှာမရှိတော့ဘူးဆိုလျှင် မိန်းမတစ်ယောက် သည် နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ လိမ့်ကျသွားသလို အားကိုးရာမဲ့ သွားလိမ့်မည်ဆိုတာ မောင်နည်းနည်းမျှ ပြန်မငဲ့ကြည့်ဖူးလား။

ကျွန်မသည် မောင့်စိတ်ခံစားမှုကို ခွဲခြမ်းစိတ်ဖြာတွေးကြည့်တိုင်း မောင့်အတ္တကို တဖြည်းဖြည်း အထင်အရှား မြင်လာရသည်။ ကျွန်မကိုယ်ကျွန်မ အလွန်မိုက်မဲသူတစ်ယောက်အဖြစ် ပထမဦးဆုံးအကြိမ် မညှာမတာ သဘောပေါက်သွားပါသည်။

ကျွန်မတို့သည် တနင်္ဂနွေနေ့တိုင်း မြို့ထဲထွက်လည်ပတ်ကြပြီး ညစာ ကိုအပြင်မှာ စားနေကြဖြစ်သည်။ ဤအလေ့အကျင့်ကို ကျွန်မတို့ ဝတ္တရားမပျက် ပြုလုပ်မြဲဖြစ်သော်လည်း ယခင်ကလိုကျွန်မ၌ သာယာကြည်နူးစိတ် မရှိတော့ပါ။ ရင်ခုန် တမ်းမက်မှုလည်း မရှိတော့ပါ။ မောင့်ကို မျက်နှာချင်းဆိုင်ကြည့်မိတိုင်း ဤလူဟာ ကျွန်မကိုလက်ထပ်ရန် နှောင့်နှေးကြန့်ကြာစွာ တွန့်ဆုတ်နေသူဟူသော ဝမ်းပန်းတနည်း မြင်ယောင်လာသည်။ အများတကာချစ်သူတွေလို မပြည့်မစုံတာ လည်း မဟုတ်ဘဲနဲ့ အကြောင်းမဲ့ နှေးကွေးနေရသည်ဟု ရင်နာစွာ တွေးမိသည်။ ထိုအခါ မောင့်အပြုံးများသည် ယခင်ကလို ကျွန်မအတွက် မချိုမြိန်နိုင်တော့ပါ။

မောင်သည် ထမင်းအတူစားသောက်တိုင်း ဘယ်တုန်းကမျှ ကျွန်မ ထမင်းပန်းကန်ထဲသို့ ဟင်းထည့်ပေးလေ့မရှိ။ ကျွန်မကသာ မောင့်ပန်းကန်ထဲသို့ ဟင်းထည့်ပေးနေကြဖြစ်သည်။ မြန်မာထမင်းဆိုင်တွင် စားဖြစ်ကြလျှင် ဟင်းခွက် တစ်ယောက် တစ်ပန်းကန်စီ စားရသောကြောင့် မောင်ဟင်းထည့်မပေးတာ မသိသာလှသော်လည်း တရုတ်စားသောက်ဆိုင်မှာပင် ကျွန်မပန်းကန်ထဲ ဟင်းထည့်မပေးတတ်သော မောင့်အကျင့်ကိုကျွန်မ သတိမထားဘဲ မနေနိုင် လောက်အောင် ဖြစ်ခဲ့သည်။ ပထမတော့ မိန်းမနှင့်ယောကျ်ားပဲလေ ... မိန်းမဆိုတာ အဲဒီလို အသေးအဖွဲကိစ္စလေးတွေမှာ ယုယကြင်နာတတ်မြဲပါပဲဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်ကျေနပ်ခဲ့၏။ နောက်တော့မောင်ဟာ ကျွန်မအပေါ်မှာ သက်သက်ကြောချင်တာလားဟု မတွေးကောင်းသည့်အတွေးကို တွေးမိသည်။ ထိုအခါကျွန်မ၏ ယုယကြင်နာမှုများမှာ အတိုင်းအဆမရှိသော ပမာဏမှ တဖြည်းဖြည်းတွန့်ဆုတ် ထိန်းချုပ်ပြီးသား ဖြစ်သွားသည်။

အမြဲတမ်းပေးဆပ်နေသော အချိန်တွင် ပေးဆပ်မှုက မသိသာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မပေးပဲနေမိသည့်အခါ ၎င်းသည် သိသာထင်ရှားသော ပြစ်မှုကြီးတစ်ရပ် ဖြစ်လာ၏။

"နှင်း ...အခုတလော ကျွန်တော့်ကို နည်းနည်းစိမ်းနေတယ်"

ပါးနပ်သောမောင်က ရိပ်မိသွားပြီ၊ ခပ်တည်တည် ကောက်ချက်ချတော့ ကျွန်မ နာနာကျင်ကျင် ပြုံးမိ၏။

"မောင် စိတ်ထင်လို့ပါ"

"မလိမ်ပါနဲ့ ... နှင်းကို ကျွန်တော်သိပါတယ်၊ လက်ထပ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး နှင်း ကျွန်တော့်ကို မကျေနပ်နိုင်ဘူး မဟုတ်လား"

မောင်က တည်ကြည်စွာ မေးလေသည်။ ကျွန်မသည် 'လက်ထပ်' ဟူသော စကားတစ်ခွန်း ကြားရတိုင်း ကျွန်မမျက်နှာကို နာနာကျင်ကျင် အရိုက်ခံရသလို ရှက်ရွံ့ရသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်မပါးစပ်မှ တစ်ခွန်းမှ မထွက်စေရဘူးဟု ဆုံးဖြတ်ထားသောကြောင့် မောင့်ကိုဘာမှမပြော ဘဲ၊ ပခုံးသာ တွန့်ပစ်လိုက်မိ၏။

"နှင်း ...ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ ကျွန်တော်တို့ ဦးစားပေးရအောင် ပါနော်၊ ကျွန်တော်တို့နှစ်ယောက်လုံးရဲ့ ခံစားချက်တွေကို ခဏလေးထိန်းချုပ် လိုက်ကြရအောင်ပါ"

မောင်က တောင်းပန်သည့် မျက်နှာဖြင့် ခပ်တိုးတိုးပြောတော့လည်း ကျွန်မ ဘာတစ်ခွန်းမှ ထင်မြင်ချက်မပေးတော့ပါ။ မောင်တတွတ်တွတ် ပြောနေသောစကားများကို မကြားစေရအောင် နားထဲမှာ လျှံထွက်စေအောင် အားစိုက်ဖယ်ထုတ်ပစ်နေလိုက်သည်။ ကဲ [illegible]ပြောစမ်း၊ ပြောချင်သလောက် ပြောစမ်း၊ သောက်အဓိပ္ပါယ်မရှိတဲ့ စကားတွေ။ ငါဘာမှမကြားဘူး။

ကျွန်မသည် လူနာများ၊ သင်တန်းဖော် သူငယ်ချင်းများ၊ စာဖတ် ပရိသတ်များအပေါ် လိုက်လဲပျော်ရွှင်စွာ ရွှန်းရွှန်းဝေအောင် စကားဆို ရယ်မော နိုင်သော်လည်း မောင်နှင့်ဆုံရချိန်တွင် မောင့်အပေါ်ရှိအပ်သည့် သံသယဖြင့် အမြဲနှုတ်ဆိတ်စိုးရိမ် ပူပန်နေခဲ့ရသည်။

"နှင်းက တခြားလူတွေနဲ့ဆိုရင် စကားတွေပြောလိုက်တာ နှင်းမျက်နှာ လေးကို ကြည်လင်နေတာပဲ၊ ကျွန်တော်နဲ့ဆိုရင် နှင်းမျက်နှာက တစ်မျိုးပဲ"

မောင်က အမှန်ကိုမြင်တတ်သည်။ ကျွန်မဟန်ဆောင်ပြုံးရယ်သည်ကို



မောင်သိနေပါသည်။

"အဲဒါ ဘာသဘောလဲဟင်"

ကျွန်မ မောင့်ကိုသည်းခံစွာ ထိန်းချုပ်ရင်း ပြုံးပြရသည်။

"ဘာသဘောမှ မဟုတ်ပါဘူး မောင်ရယ် ...ကိုယ်နည်းနည်း ဝင်ပန်း နေလို့နဲ့ တူပါရဲ့"

"နှင်း ကျွန်တော်နဲ့တွေ့ဖို့ စိတ်မပါရင် အားမနာနဲ့နော်၊ နှင်း တွေ့ချင် သလားလို့ ကျွန်တော်လာနေတာ၊ နှင်းမတွေ့ချင်ရင် ကျွန်တော်အိမ်မှာ လုပ်စရာအလုပ်တွေ တစ်ပုံကြီးပဲ"

မောင့်စကားကြောင့် ကျွန်မမျက်နှာ ဖြန်းခနဲပူနွေးသွားခဲ့၏။

"အို ..."

လက်စသတ်တော့ မောင် ကျွန်မကို ညတိုင်းဆေးခန်းထိလာကြိုနေတာ ကျွန်မကိုသနားညှာတာလို့ကိုး။ မောင့်မျက်နှာကို တစ်နေ့မမြင်ရလျှင် မနေနိုင် သည့်နှင်းအတွက် ချိုးမြှင့်လိုက်လျောနေခြင်းကိုး။ ကျွန်မသည် စူးစူးရှရှ နာကျင်ရှက်ရွံ့သွားလျက်က တစ်ချက်တော့ ရယ်မိသည်။

"အားနာစရာကြီး မောင်ရယ် ...ဒါဆိုလဲ မလာပါနဲ့လား၊ ကိုယ့်ကို စောစောစီးစီးပြောရောပေါ့။ ကိုယ်က မောင်လာချင်လွန်းလို့ပဲလေဆိုပြီး လိုက်လျောနေခဲ့တာ။ တကယ်တော့ တစ်ခါတစ်ခါမှာ မိန်းမတွေဟာ တစ်ယောက်တည်းနေရတာကို ပိုကြိုက်တတ်ကြပါတယ် မောင်ရဲ့"

မောင်က ကျွန်မမျက်နှာကို စူးစိုက်ကြည့်သည်။

"အခုနှင်းက တစ်ယောက်တည်းနေချင်တယ်ဆိုတဲ့ အဓိပ္ပါယ်လား၊ ကျွန်တော်လာတာ နှင်းအတွက် အနှောင့်အယှက်ဖြစ်တယ်ပေါ့"

ကျွန်မသည် မောင့်ကို နင့်နင့်သီးသီး အနိုင်ယူပစ်ချင်သော်လည်း မောင်၏ဒေါသကို တွေးမိသောကြောင့် ပြေပြေပြစ်ပြစ် ပြန်ပြောမိ၏။

"အနှောင့်အယှက်တော့ မဖြစ်ပါဘူး၊ ဒါပေမယ့် ကိုယ့်ဆီကို မောင် မလာရင်လဲ ကိုယ့်အတွက် ဘာမှထူးထူးခြားခြား ခံစားရမှာ မဟုတ်ဘူး၊ လာရင်လဲရတယ်၊ မလာရင်လဲရတယ်"

ထိုပြေပြစ်သောစကားကလေးကိုပင် မောင်က ဆတ်ဆတ်ခါ နာတတ် လေသည်။ မောင့်မျက်နှာ မည်းခနဲဖြစ်သွားတာ ကျွန်မ သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်က ကျွန်မမျက်နှာကို စီးကရက်မီးခိုးနှင့် ပြည်းညင်းစွာ ရိုင်းမှုတ်၍ အေးတိအေးစက်ပြုံးသည်။

"ကောင်းပြီလေ"

မောင့်မျက်နှာ၏ စိန်ခေါ်အပြုံးကို ကျွန်မအေးအေးစက်စက် တုံ့ပြန်ပြုံးနိုင်ခဲ့သောကြောင့် ကျွန်မကိုယ်ကျွန်မ ကျေနပ်သွားမိပါသည်။

မောင်နှင့်ကျွန်မအကြားမှာ တစ်ယောက်ကိုတစ်ယောက် မြတ်နိုးတွယ်တာစိတ်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ကျွန်မ အင်မတန်ချစ်မြတ်နိုးလွန်းလို့ ဂုဏ်သိက္ခာနှင့်လဲ၍ ရယူပိုင်ဆိုင်ခဲ့သော မောင့်အချစ်ကို ဆုံးရှုံးသွားနိုင်မှန်းသိလျက်နှင့် ကျွန်မဘာကြောင့် သည်လောက်လွယ်လွယ်ကူကူ စိန်ခေါ်နိုင်ပါသလဲ။

ကျွန်မကိုယ်ကျွန်မ အံ့သြတကြီး ဆန်းစစ်ဝေဖန်ကြည့်မိသည်။

မောင့်ကို ကျွန်မ မချစ်တော့ဘူးလား။

ထိုမေးခွန်းကို ကျွန်မ နာနာကျင်ကျင်မေးမိသည်။ ထိုအခါ မောင်နှင့်ကျွန်မ စတင်ခင်မင်ရသည့် အချိန်မှစ၍ အတိုင်းအဆမဲ့ နက်ရှိုင်းစွာ ရင်းနှီးကြသည်အထိ မောင့်အပြုံး၊ မောင့်မျက်လုံး၊ မောင့်စကားတို့ကို အာရုံမှာ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့သည်။ ဤယောက်ျားကို ကျွန်မအသက်မက ချစ်မြတ်နိုးနေဆဲပြစ်ကြောင်း ကိုယ့်ကိုယ်ကို သေချာသွား၏။ သို့သော်...

ယခု ကျွန်မတို့နှစ်ယောက်အကြား ဖြစ်ပျက်သွားသည့်ကိစ္စမှာ အချစ်နှင့်မပတ်သက်ပါ။ တန်ဖိုးထားမှုနှင့်သာ သက်ဆိုင်ပါသည်။ ကျွန်မသည် ကျွန်မချစ်သူအတွက် တန်ဖိုးကြီးသော မိန်းမတစ်ယောက် ဖြစ်ချင်သည်၊ မျှော်လင့်သည့်အတိုင်း ဖြစ်မလာသောအခါ ကျွန်မဝမ်းနည်းရှက်ရွံ့ရသည်၊ ထိုအရှက်ကြောင့်ပင် ကျွန်မသည် တန်ဖိုးမထားသော ချစ်သူထံမှ ခွာထွက်နိုင်ဖို့ အားမာန်ကို ရရှိခဲ့ပါသည်။

ကျွန်မထင်သည့်အတိုင်း မောင် ကျွန်မဆေးခန်းသို့ ရက်ပေါင်းများစွာ မလာဘဲနေခဲ့သည်။ တနင်္ဂနွေနေ့တွင်တော့ မောင်လာနိုင်မလားဟု မျှော်လင့်ချက်မှုင်မှုင်ကလေး ထားမိသေးသော်လည်း မောင်က အလွန်ပြတ်သား၏၊



တနင်္ဂနွေနှစ်ပတ် ကုန်သွားသည်အထိ မောင်ရောက်မလာသောအခါ ကျွန်မ နာကျည်းစွာ ပြုံးမိသည်။

မောင်နှင့်မတွေ့ရသည့် ရက်သတ္တနှစ်ပတ်ကာလအတွင်း ကျွန်မတို့ဘဝကို ထူးခြားစွာ ပြောင်းလဲစေသော အဖြစ်အပျက်တစ်ခုမှာ ကျွန်မ လက်ထောက်ဆရာဝန်ရာထူး စာမေးပွဲအောင်မြင်ကြောင်း သိရခြင်းဖြစ်သည်။ ကျွန်မ တာဝန်ထမ်းဆောင်ရမည့် ဆေးရုံမှာ မော်လမြိုင်မြို့၊ ပြည်နယ်ပြည်သူ့ဆေးရုံဟု သိရသောအခါ ကျွန်မ၏အသိစိတ်ထဲသို့ ပထမဦးဆုံး ရောက်လာသူမှာ မောင်သာလျှင် ဖြစ်ပါသည်။

မော်လမြိုင်မြို့သည် ကျွန်မနှင့်မောင်အကြား နက်နက်ရှိုင်းရှိုင်း အတွင်းကျသော ရင်းနှီးစုံမက်မှုကို ပေးခဲ့သည်။ ကျွန်မဘဝ၏ အမှတ်တရနေ့ရက်များအကြောင်း တွေးမိသည့်အခါတိုင်း မော်လမြိုင်မြို့သည် ပါဝင်နေတော့မည်။ ကျွန်မ၏ ပထမဆုံး လက်ထောက်ဆရာဝန်ဘဝကို ဤမြို့မှာ စတင်ရမည်ဟုသောအတွေးသည် ကျွန်မအား နူးညံ့ချိမြိန်သော ခံစားမှုကို ပေးအပ်လိုက်သည်။ ထိုအခါ မောင့်အပေါ်မှာထားသော ကျွန်မ၏ အေးစက်စိမ်းကားမှုများသည် ကျွန်မရင်ထဲမှ ညင်သာစွာ စတင်ထွက်ခွာပြေလာသည်။ လှည်းတန်းဆေးခန်းမှ ထွက်လိုက်ပြီးနောက် မော်လမြိုင်သို့သွားဖို့ ပြင်ဆင်နေသည့်ရက်မှာတော့ မောင့်ကို ကျွန်မ လွမ်းဆွတ်စွာ မျှော်လင့်ပြေလာပြီ။

ရှမ်းလမ်းကလေးခြား၍ ဟိုဘက်သည်ဘက် နီးကပ်စွာတည်ရှိနေကြသော မောင်နှင့်ကျွန်မသည် တစ်ယောက်ကိုတစ်ယောက် တွေ့ခွင့်ရဖို့ မကြိုးစားဘဲ ၁၅ ရက်လောက် နေခဲ့ကြသောအဖြစ်မှာ အံ့သြနာကျင်စရာ ဖြစ်ပါသည်။ ကျွန်မ မော်လမြိုင်သို့ ထွက်ခွာသွားချိန်အထိ ကျွန်မနှင့်မောင် မတွေ့ကြရတော့ဘူးလား။ သည်လိုနှင့်ပင် ကျွန်မတို့နှစ်ယောက် ဝေးကွာကြတော့မှာလား။ တွေးမိသောအခါ မောင့်ကို နှမြောတမ်းတစွာ တုန်လှုပ်ချောက်ချားရ၏။

ပစ္စည်းတွေ သိမ်းဆည်းနေသောအခါမှာ မောင် လက်ဆောင်ပေးထားသောစာအုပ်များကို တန်းစီ၍ သေတ္တာထဲထည့်ရင်း မျက်ရည်ရစ်ဝဲမိသည်။ ကိုယ့်ချစ်သူအပေါ်မှာ အနိုင်မခံမာနမျိုးဖြင့် စိန်ခေါ်လက်စားချေခဲ့တတ်သော မောင့်အတ္တကို ကျွန်မ အလွန်စိတ်ပျက်နေလျက်ကပင် မောင့်ကို ကျွန်မမြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



နေမိပါသည်။ ကျွန်မ ရန်ကုန်မှ ထွက်မှ ရတော့မည်ဖြစ်ကြောင်း မောင့်ကို အသိပေးချင်သည်။ မြေနီကုန်းညဈေးမှာ စာအုပ်ရောင်းသည့် မောင့်သူငယ်ချင်းကိုမြင့်အေးရှိ၏။ ထိုသူငယ်ချင်းကို အသိပေးလျှင် မောင်သိရမှာပဲဟု စဉ်းစားသည်။ သို့သော် ဘယ်တုန်းကမျှ မြေနီကုန်းညဈေးသို့ မောင်မပါဘဲ တစ်ယောက်တည်းမသွားခဲ့ဖူးပါလျက် ယခုမှသွားပြီး ခရီးသွားဟန်လွှဲ လွှတ်ခန့် ပြောဟန်ဆောင်၍ တစ်ဆင့်အသိပေးရမှာကို ကျွန်မရှက်ရွံ့ပါသည်။ နောက်ပြီး ကိုမြင့်အေးက ရိုးအစွာ မရိပ်မိဘူးပဲထား၊ ပါးနပ်သောမောင်က ရိပ်မိမှာ သေချာ၏။ ထို့ကြောင့်ထိုလှည့်စားချက်မျိုး မပြုလုပ်ရန် ဆုံးဖြတ်လိုက်ပါသည်။

ရထားလက်မှတ်ရပြီးသည့်ရက်မှာတော့ ကျွန်မသည် အထုပ်အပိုးများ ထားတွင် အရူးတစ်ယောက်လိုပင် ထိုင်လျက် နာရီပေါင်းများစွာ တိတ်ဆိတ်ငြိမ်သက်နေမိသည်။ ကျွန်မနှင့်မောင် တစ်နေ့နေ့မှာ ကွဲကွာသွားလိမ့်မည်ဟူသော မတော်တဆအတွေးမျိုးကို ကျွန်မဘယ်တုန်းကမျှ မတွေးခဲ့ဖူးပါလား။ ယခုရော ကျွန်မနှင့်မောင် အပြီးတိုင် ခွဲခွာရတော့မှာလား။

သို့သော် ကျွန်မသိသည်။ ကျွန်မနှလုံးသားထဲက ခွဲခွဲမြဲမြဲ ခိုင်မာစွာ သိသည်။ မောင်နှင့်ကျွန်မ ဘယ်တော့မှ ကွဲကွာသွားတော့မှာမဟုတ်။ မောင်နှင့်ကျွန်မသည် ဤကမ္ဘာပေါ်မှာ ဘယ်လိုအရာမျိုးကမှ ခွဲခွာပစ်ဖို့ မတတ်နိုင်လောက်အောင် သစ္စာမြဲစွာ လက်ထပ်ကြပြီးသားပဲ။ ထိုအတွေးကြောင့် ကျွန်မ မောင့်အပေါ် စိတ်ချလက်ချ ယုံကြည်လိုက်သောအခါ ကျွန်မ၏ သောကများ လွင့်စဉ်ပျောက်ကွယ်သွားတော့သည်။

မောင်သည် ကနေ့ညနေ ကျွန်မထံ ရောက်လာရမည်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ သန်ဘက်ခါ ရန်ကုန်က ထွက်ရတော့မှာမို့ပဲ။

သို့သော် နောက်တစ်နေ့အထိ မောင်ရောက်မလာခဲ့ပါ။

နံနက် ၃ နာရီရထားဖြင့် လိုက်ပါရတော့မည့်ညအထိ ကျွန်မ မောင့်ကို မျှော်လင့်နေခဲ့သည်။ ည ကိုးနာရီထိုးသောအခါမှာတော့ ကျွန်မသည် အိပ်ရာပေါ် ပစ်လှဲလျက် ရှိုက်ငိုပစ်လိုက်မိပါသည်။

မော်လမြိုင်သည် ကျွန်မအတွက် နာကျင်စေလိမ့်မည်ဟု ကျွန်မထင်



ခဲ့သော်လည်း ကျွန်မ ဆေးရုံသို့ သတင်းပို့သည့် နေ့ရက်မှစ၍ မြို့သည် ကျွန်မတစ်ယောက်တည်းနှင့် သီးသီးသန့်သန့် နေသားကျသွားခဲ့သည်။ ပြည်နယ်ဆေးရုံသည် ကုန်းမြင့်ကလေးပေါ်မှာဖြစ်ပြီး အဝင်အထွက် နှစ်ထပ်ကားလမ်းနှင့် လှပစွာ တည်ရှိသည်။ အဝင်ကားလမ်းဘေးက အုပ်ဆိုင်းသော သစ်ပင်တန်းကလေးသည် ကုန်းအထက်သို့ လမ်းလျှောက်လာရသည့်ကျွန်မအား ငြိမ်းချမ်းစိုပြည်စွာ ဆီးကြိုတတ်သည်။

အိမ်ရာအတည်တကျ ရှာမရသေးမီ ကျွန်မသည် ညွှန့်ညွှန့်၏အိမ်မှာ လေးငါးရက် အတူနေခဲ့၏။ ထို့နောက် ညနေခင်းများတွင် ကျွန်မနှင့်ညွှန့်ညွှန့် ပြည်နယ်ဆေးရုံနှင့်နီးသော နေရာတစ်ဝိုက်၌ ကျွန်မအတွက် အိမ်ရှာကြရသည်။ အထက်လမ်းမကြီးတစ်လျှောက်သည် မော်လမြိုင်မြို့တွင် အလှပဆုံးနှင့် သာယာငြိမ်းချမ်းသော အဆုံး ပတ်ဝန်းကျင်ဖြစ်သည်။ ကျွန်မ သဘောအကျဆုံး အဆောက်အဦးအဖြစ် 'မှုန်မြတ်သော အိမ်ငှထောင်စု' ဘုရားရှိခိုးကျောင်းကို ကျွန်မ တအံ့တသြ ငေးမောမိပါသည်။

"သိပ်လှတဲ့မြို့ပဲနော်၊ ညွှန့်ညွှန့်ရယ် အရင်တစ်ခေါက် လာတုန်းက ဒီနေရာတွေ မရောက်လို့လား မသိဘူး၊ ဒီလောက်လှမှန်း မသိဘူး"

ကျွန်မ မြင်မြင်သမျှ သဘောကျကာ တီးတိုးရေရွတ်မိတော့ ညွှန့်ညွှန့်က ပြုံးသည်။

"ငါ နင့်ကို ဒီလမ်းကနေပြတ်ပြီး ခေါ်သွားဖူးပါတယ် နင်းရာ ...အဲဒီ အချိန်က နင်ပတ်ဝန်းကျင်ထက် ဂရုစိုက်ရမယ့်လူ ပါနေလို့ သတိမထားမိတာ ဖြစ်မှာပါ"

ကျွန်မ ရိုးစင်းစွာ ဝန်ခံလိုစိတ်ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိပါသည်။ အေးဆေးတည်ငြိမ်ပြီး လူမှုရေးသိတတ်သော ကျွန်မသူငယ်ချင်းသည် မောင်နှင့်ပတ်သက်သော စကားကို ဤတစ်ခွန်းသာ ပြောခဲ့၏။ ကျွန်မအားမှာ မောင်မပါသည့်ကိစ္စကိုလည်း မစပ်စု၊ မောင့်နာမည်ကလေးမျှပင် စကားစပ်၍ မမေးဘဲ ထိန်းချုပ်ထားခဲ့သည်။

အလုပ်စဝင်ပြီး လေးရက်မြောက်နေ့မှာတော့ ချစ်စရာကောင်းသည့် အိမ်ကလေးတစ်လုံး ရှာတွေ့သွားသည်။ အိမ်သည် ကျိုက်သုတ်ဘုရားလမ်းမှာ ရှိ၏။ အထက်လမ်းမကြီးနှင့် နီးသည်။ ခြံဝန်းအတော်အသင့်ကျယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်တိုက်ပြားပြားကလေး ဖြစ်သည်။ ကားဂိုဒေါင် အဆောက်အဦးကို ဆေးခန်းအဖြစ် ခဏပြောင်းလဲရန် ကျွန်မစိတ်ကူးဖြင့် စီစဉ်ကြည့်နေမိုက်မှာပင် အိမ်ရှေ့က ကုန်းလျှောကွန်ကရစ်လမ်းကလေး ဘေးတစ်ဘက်တစ်ချက်မှာ မြက်ခင်းကလေး ရှိနေလျှင် သိပ်ကောင်းမှာပဲဟု အောက်မေ့မိ၏။ အိမ်ထဲ ဝင်ကြည့်ပြီးသည့်အခါမှာတော့ သေသပ်လှပသော အိပ်ခန်းနှစ်ခုကို သဘောကျသွားလေသည်။ ခြေရင်းခန်းကို အိပ်ခန်းအဖြစ်ထား၊ ခေါင်းရင်းခန်းကို စာကြည့်ခန်းနှင့် စာရေးခန်းအဖြစ်ထား၊ ဒါဖြင့် ဧည့်ခန်းဟာ အကျယ်ကြီး ဖြစ်သွားမှာပဲ။ ဧည့်ခန်းခေါင်းရင်းထောင့် တရုတ်ကပ်မှန်ပြတင်းတွေအနီးမှာ မတ်တတ်စားပွဲတစ်ခုထားပြီး လက်နှိပ်စက် တင်ရမှာပဲ။ ကုလားထိုင်ကို ပြတင်းဘက်မှာကပ်ပြီး သည်ဘက်လှည့်ထားမှ ...၊ အဲဒါမှ အပြင်ကအလင်းရောင်ဟာ မောင့်ပခုံးပေါ်ကနေ ကျော်ပြီး စာရွက်ပေါ် ရောက်မယ်။ ကျွန်မသည် အလိုအလျောက်တွေးမိသော မောင်နှင့် လက်နှိပ်စက်ကလေးအကြောင်းကို ခပ်ရှက်ရှက်ဖြင့် ပြန်မေ့ပစ်လိုက်ရသည်။ တကယ်တော့ ကျွန်မမှာ မြန်မာ လက်နှိပ်စက်တောင် မရှိ။ လက်နှိပ်စက်နှင့် စာရေးရသည်ထက် လက်ဖြင့် ရေးရသည်ကို ပို၍ အားရကျေနပ်သူဖြစ်သည်။ မောင်ကတော့ လက်နှိပ်စက်ကို ကိုယ်နှင့်မကွာထားပြီး စာရေးသူဖြစ်သည်။

ကျွန်မသည် သောကြာနေ့မှာ အိမ်ကလေးသို့ ပြောင်းရွှေ့လိုက်သည်။

ရေချိုးခန်းနှင့်အိမ်သာသည် မီးဖိုခန်းနှင့်တွဲလျက် အိမ်ထဲမှာပင် ရှိနေသောကြောင့် ညရေးညတာ ခြံဝန်းထဲထွက်စရာမလိုပါ။ ထို့ကြောင့်လည်း ကျွန်မသည် လူပိုအကူအညီမခေါ်ဘဲ တစ်ယောက်တည်းနေဖို့ ဆုံးဖြတ်ခဲ့ပါသည်။

စနေနေ့သည် မိုးဖွဲဖွဲကလေးကျလျက် ရာသီဥတု အုံ့မှိုင်းအေးစက်သော နေ့တစ်နေ့ ဖြစ်သည်။ ကျွန်မသည် ဧည့်ခန်းထောင့်တွင် စုပုံထားသော စာအုပ်များကို တစ်အုပ်ချင်းစီထပ်လျက် စာကြည့်ခန်းထဲသို့ တစ်ခေါက်စီ သယ်ရွှေ့နေရသည်။ စာအုပ်ဘီရိုအသစ်စက်စက်နှစ်ခုမှာ စာအုပ်များဖြင့် တဖြည်းဖြည်း လှပခန့်ညားလာသည်။ စာအုပ်များ၏ အရေအတွက်တစ်ဝက်ကျော်ကျော်မှာ မောင်ပေးထားခြင်း ဖြစ်ပါသည်။

ဖရော်န်ဆွာ(စ်)ဆာဂွန်၏ ဝတ္ထုများကို အစဉ်လိုက် စုပြုံထပ်ဖို့ ကြိုးစား



နေချိန်တွင် မောင်ရောကျွန်မရော အလွန်ကြိုက်နှစ်သက်သော စာအုပ်တစ်အုပ်ကို ကောက်ကိုင်လျက် တမေ့တမောကြည့်နေမိ၏။ La Chamade ဟုသော ဝတ္ထုစာအုပ် ဖြစ်ပါသည်။ မျက်နှာဖုံးကို လက်နှင့်ထိကိုင်ကာ ဖြည်းညင်းစွာ ပွတ်သပ်နေစဉ် စာအုပ်ကလေးသည် မောင်သုံးနေကျရေမွှေး၏ ရနံ့ဖြင့် သင်းပျံ့နေသေးကြောင်း လွမ်းဆွတ်စွာ သတိပြုမိသည်။ ထိုအချိန်မှာပင် ခြံတံခါးသော့ခလောက်ကို ခပ်ပြင်းပြင်းလှုပ်ခတ်သံ ကြားရ၏။

ကျွန်မစာအုပ်ကို ပြန်ချလိုက်ပြီး မတ်တတ်ရပ်ကာ တရုတ်ကပ်မှန်များကြားမှ လှမ်းကြည့်လိုက်သည်။ ဘုရားရေ ...။ တစ်ခဏငြိမ်သက်စွာ ငေးမောကြောင်အသွားမိသည်ကို ခြံတံခါးတိုင်များ၏ တစ်ဖက်မှ မောင်က ဘယ်လိုများ ကောက်ချက်ချမှာပါလိမ့်။ ကျွန်မသည် ရုတ်တရက်ပင် ရင်တဖုတ်ဖုတ် ခုန်လျက် လက်ဖျားခြေဖျား အေးစက်ကာ တုန်ရီလှုပ်ရှားနေတော့သည်။ နံရံမှာချိတ်ထားသော သော့တွဲကို ကျွန်မ မယူမိဘဲ အိမ်အပြင်ဘက်သို့ ခပ်သွက်သွက်ထွက်သွားပြီး ချက်ချင်းသတိရကာ အိမ်ထဲပြန်ဝင်ပြီး သော့ယူရသည်။

ခြံဝင်းတံခါးအပြင်မှာ မောင်ရပ်နေသည်ဟူသော အသိသည် ကျွန်မအား အိပ်မက်တစ်ခုလိုပင် မယုံမရဲ ယစ်မူးပျော်ရွှင်စေပါသည်။ ခြံဝင်းတံခါးနှင့် အိမ်အကြားရှိ ကွန်ကရစ်လမ်းကလေးသည် သည်တစ်ခါလောက် ဘယ်တုန်းကမှ မရှည်လျားခဲ့ဖူးပါ။ ကျွန်မ၏ ခြေဖဝါးများ မြေကြီးနှင့်ထိလား မထိလား ကျွန်မမသိတော့ပါ။

သော့ပေါက်ထဲသို့ သော့ကိုထိုးထည့်စဉ် ကျွန်မ၏ အေးစက်ထုံထိုင်းသော လက်များ လွဲချော်သွားသည်။ သံတိုင်နှင့် အလွန်နီးကပ်စွာရပ်နေသော မောင့်ကိုယ်ခန္ဓာမှ နွေးထွေးမှုကို ကျွန်မခံစားလို့ ရနေသည်။ မီးခိုးရောင် ခြေအိတ်နှင့် အနက်ရောင်ရှူးဖိနပ် ...ထို့မှတစ်ဆင့် ကာလိမ်ဆေးရောင်သက္ကလပ် ပျော့ပျော့ ဘောင်းဘီအပွ ...။ ခါးအထက်မှ အင်္ကျီမှာ ခပ်ပါးပါးအဖြူရောင် ရှပ်အင်္ကျီ။ ကျွန်မ၏ မျက်လုံးများ အထက်သို့ မပင့်ရဲတော့ဘဲ သော့ခလောက်ဆီ ပြန်လွှဲယူလိုက်၏။ အိမ်ထဲက ထွက်လာစဉ် ခပ်ရှုန်းရှုန်းလှမ်းကြည့်မိတုန်းကတော့ မောင့်မျက်နှာမှာ အပြုံးအရယ်မရှိပါ။

ခြံတံခါးကို အကျယ်ကြီး ဆွဲဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင် ချက်ချင်းဝင်မလာပါ။ ကျွန်မ မောင့်မျက်နှာကို တည့်တည့်လှမ်းကြည့်ဖို့ တော်တော်အားတင်းကြိုးစားရ၏။ မောင် ကျွန်မကို စိုက်ကြည့်သောမျက်လုံးများမှာ မက်မောတွယ်တာမှုနှင့် မဝံ့မရဲ တွန့်ဆုတ်မှုများကို တွေ့ရသည်။ မောင့်နှုတ်ခမ်းမှာ လုံးဝမပြုံးပါ။ သို့သော် ကျွန်မကို အကဲခတ်နေသောမျက်လုံးများ နူးညံ့ပျော့ပျောင်းနေသည်။ ခဏတွန့်ဆုတ်ပြီးနောက် မောင်ခြံဝင်းထဲဝင်လာသည်။ ကျွန်မ၏အနီးမှာ ကပ်ရပ်ဖို့မကြိုးစားဘဲ ခြေသုံးလေးလှမ်း အကွာမှာရပ်၏။ ကျွန်မ တံခါးသော့ခတ်ပြီးနောက် မောင့်ကို ပြုံးပြနိုင်သွားပြီ။

"လာ..."

တစ်ခွန်းတည်းသော စကားဖြင့် မောင့်ကို ကျွန်မခေါ်သွားလိုက်သည်၊ မောင့်မှာ လက်ဆွဲအိတ်၊ ကျောပိုးအိတ် ဘာပစ္စည်းမှမပါ။ ထီးလည်းမပါ၊ မောင့်အင်္ကျီပခုံးစွန်းနှင့် လက်မောင်းများတွင် မိုးရေစိုစွတ်လျက်ရှိသည်။

ဧည့်ခန်းလယ်မှာ မတ်တပ်ရပ်မိတော့ မောင်သည် မရောက်ဖူးသေးသောအခန်းကို လှည့်ပတ်ကြည့်ဟန်ဆောင်ဖို့ပင် စိတ်မကူးဘဲ ကျွန်မမျက်နှာကိုသာ စောင့်ကြည့်နေ၏။ ကျွန်မသည် ကုလားထိုင်မရှိသေးသော ဧည့်ခန်းပတ်လည်ကို လက်ဖြင့်ဝေ့ရမ်းပြပြီး လက်ဝါးနှစ်ဖက်ဖြန့်ပြကာ ပခုံးတွန့်လျက် ရယ်မောရန် ကြိုးစားသည်။ သို့သော် ကျွန်မ မရယ်နိုင်ပါ။ မောင်၏ပါးလျကျယ်ပြန့်သော နှုတ်ခမ်းကလေးက ဘာကြောင့် စကားတစ်ခွန်းမှ မပြောရတာလဲ၊ ဘာကြောင့်နည်းနည်းမျှ မပြုံးရတာလဲ။ ကျွန်မသည် ကျောက်ရုပ်တစ်ခုလို မတ်မတ်ရပ်နေသော မောင့်အနီးသို့ ချဉ်းကပ်သွားလိုက်သည်။

ပျော့ပျောင်းရုံမျှမက ရှက်ရွံ့စွာ နာကျင်သောမျက်လုံးများကို ကျွန်မ မောင့်ထံမှာ ပထမဦးဆုံးအကြိမ် တွေ့လိုက်ရ၏။ မောင်က ရုတ်ခနဲ မျက်လွှာချပစ်လိုက်လေသည်။ ထို့နောက် လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်သည်။ ကျွန်မရင်ထဲမှာ ကျင်ခနဲ နာသွားသည်မှာ မောင့်အပေါ် ငဲ့ညှာသနားစိတ်ကြောင့် ဖြစ်ပါသည်။ မိခင်တစ်ယောက်ရှေ့မှာ အပြစ်ဝန်ခံလိုသောမျက်နှာထားဖြင့် တွန့်ဆုတ်စွာ အားတင်း၍ မတ်တတ်ရပ်နေသောကလေးတစ်ယောက်၏ ဟန်ပန်မူရာကို မောင့်ထံမှာ မြင်တွေ့နေရသောအခါ



ကျွန်မ နည်းနည်းမျှ တင်းမထားနိုင်တော့ပါ။

တကယ်တော့ မောင်ဟာ ကျွန်မထက် အသက်ငယ်တာပဲ။ မောင်ငယ်တစ်ယောက်အပေါ် ခွင့်လွှတ်စိတ်မျိုး၊ အနစ်နာခံစိတ်မျိုး ဘာဖြစ်လို့ ကျွန်မမှာ မပေါ်ပေါက်ခဲ့ရတာလဲ။ ဘာဖြစ်လို့ မောင့်ကို မာနချင်းပြိုင်ပြီး တင်းတင်းဟမာစိန်ခေါ်ထားရစ်ခဲ့ရသလဲ။ ကျွန်မဝမ်းနည်းစိတ်ဖြင့် မောင့်ရှေ့မှာ နီးကပ်စွာ မတ်တတ်ရပ်လိုက်ပါသည်။

မောင်က ကျွန်မကို မျက်လွှာပင့်ကြည့်လိုက်သောအခါ ထိုမျက်လုံးများထဲမှ သိမ်ငယ်ရိပ်ကြောင့် ကျွန်မဖြုန်းခနဲ မျက်ရည်ရစ်ဝဲလာတော့သည်။

"မောင်..."

ကျွန်မမျက်နှာနှင့် တည့်တည့် မောင့်ရုပ်အင်္ကျီအိတ်ကပ်၏ အထက်ပိုင်းနေရာကလေးကို ကျွန်မမြတ်နိုးစွာ စိုက်ကြည့်မိ၏။ မောင့်ကိုယ်ခန္ဓာတစ်ခုလုံးတွင် ကျွန်မ ဖြူစင်သန့်ရှင်းစွာ ချစ်မြတ်နိုးဆုံးနေရာမှာ မောင့်ဘယ်ဘက်ရင်ဘတ်အပေါ်ပိုင်း နေရာကလေးပဲ ဖြစ်သည်။ ထိုနေရာကလေးသည် ကျွန်မ၏ နှုတ်ခမ်းနှင့် တည့်တည့်ဖြစ်သည်။ ထိုနေရာကလေးသည် နွေးထွေးစွာ နူးညံ့ပြည့်တင်းသော နေရာကလေးဖြစ်သည်။ ကျွန်မ မောင့်ရင်ခွင်မှာ မျက်နှာအပ်မိတိုင်း ကျွန်မ၏ ဘယ်ဘက်ပါးအောက်ခြေနှင့် ထိတွေ့မိသော နေရာကလေးဖြစ်သည်။

မောင့်ကို မော့ကြည့်လိုက်တော့ မောင့်မျက်လုံးနှင့် ဆုံမိသည်။ စိုစွတ်တောက်ပသော မျက်လုံးကလေးများ၏ နာကျင်မှုအရိပ်အငွေ့သည် ကျွန်မရင်ထဲသို့ ချွန်မြစွာ ထိုးဖောက်ဝင်ရောက်သွားသည်။ ကျွန်မသည် မောင့်ပါးပြင်ကို လက်ဖျားကလေးတွေဖြင့် သာသာဖွဖွ ထိကိုင်လိုက်၏။ သိပ်မချောမွေ့လှသော မောင့်ပါးပြင်၏ နူးညံ့ပြည့်တင်းသည့် ထိတွေ့မှုကို ကျွန်မ မခံစားရတာ ဘယ်လောက်ကြာပြီလဲ။ အာခံလိုစိတ်ဖြင့် အမြဲတင်းစေ့ထားသော နှုတ်ခမ်းပါး၏ ထောင့်စွန်း အရေးအကြောင်းကလေးတွေကို ကျွန်မလက်ဖြင့် မထိတွေ့ရတာ ဘယ်လောက်ကြာပြီလဲ။ အေးစက်သော နားရွက်ဖျားကလေးကို ကျွန်မ၏ နှုတ်ခမ်းဖြင့် မထိတွေ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ လှပထူးဆန်းသော ပန်းကလေးတစ်ပွင့်ကို သိမ်မွေ့စွာ ယုယထိကိုင်မိသည့် ခံစားချက်မျိုးဖြင့် မောင့်ပါးပြင်ကို လက်ဖဝါးနှင့်အုပ်ကိုင်၍ ကြင်နာယုယစွာ ပွတ်သပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

မိသည်။

မောင့်မျက်ဝန်းမှာ မျက်ရည်များ တဖြည်းဖြည်းစုအိုင်လာပြီး မျက်တောင်များမှာ လျှံ၍ လိမ့်စဉ်ကျသွားသောအခါ ကျွန်မမောင့်ကို ဖြန်းခနဲ ပွေ့ဖက်လိုက်မိပါသည်။ မောင်က ကျွန်မကို တင်းကျပ်စွာ ပြန်ပက်ထားရိုက်သူ့ခန္ဓာကိုယ်မှာ တုန်ယင်နေသည်။ မောင်၏ ဖက်တွယ်မှုမှာ ရင်ခွင်ထဲက မိန်းကလေးတစ်ဦးကို နှစ်သိမ့်ယုယသည့် ဖက်တွယ်မှုမဟုတ်၊ စွန့်ပယ်ခံရမည်သားတစ်ယောက်က မိခင်ကို အားကိုးတကြီး သွေးရှုးသွေးတမ်း တောင်းပန်တိုးလျှိုးသည့် ဖက်တွယ်မှုမျိုးဖြစ်သည်။

ကျွန်မသည် မောင့်ရှိုက်ငင်သံတစ်ချက်နှစ်ချက်ကိုပင် ကြားလိုက်ရသည်။ မောင့်ကိုယ်ခန္ဓာ၏ တုန်ခိုက်မှုကို တည်ငြိမ်အောင် ထိန်းပေးလိုစိတ်ဖြင့် မောင့်နောက်ကျောကို လက်ဖြင့် ခပ်ဖွဖွပုတ်ကာ နှစ်သိမ့်ဖို့ ကြိုးစားမိ၏။ နောက်တစ်ခါမောင့်ကို ဘယ်တော့မှ စိန်မခေါ်တော့ဘူး။ ကျွန်မသည် ရင်ထဲမှာ အထပ်ထပ် ကတိပေးလျက် မျက်ရည်ကျ ရှိုက်ငင်မိတော့သည်။

"နှင်း"

နာကျင်သော မောင့်အသံမှာ တိုးတိတ်ညင်သာ၏။ ကျွန်မ မောင့်ရင်ခွင်မှ မခွာဘဲ မော့ကြည့်လိုက်သည်။ မောင့်မေးစေ့အဖျားကလေးကိုပဲ မြင်ရသည်။

"လက်ထပ်ကြရအောင်လို့ နောက်တစ်ခါ ထပ်မပြောတော့ဘူးလား နှင်းရယ်"

မောင့်အသံသည် ကျွန်မ ကြားနိုင်ရုံကလေး ဖြစ်သည်။ ထိုစကား၏ နောက်တွင် အရာရာသည် ပျောက်ကွယ်သွားသည်။ လောကတစ်ခုလုံးတွင် မောင်နှင့်ကျွန်မသာ ရှိတော့သည်။

နောက်တစ်လအကြာတွင် မောင်နှင့်ကျွန်မ တရားရုံးမှာ လက်ထပ်လိုက်ကြပါသည်။

အိမ်ထောင်သည်ဘဝ အချစ်ဆိုတာ ယောက်ျားနဲ့ မိန်းမ နှစ်ယောက်တွဲ ဖက်ပြီး ကရတဲ့ သိမ်မွေ့နက်နဲတဲ့ ကကြိုးကကွက်တွေနဲ့ တူပါတယ်။ နှစ်ယောက် အပေးအယူမျှဖို့အတွက် တစ်ယောက်က ရှေ့ကိုခြေတစ်လှမ်းလှမ်းရင် နောက်တစ်ယောက်က နောက်ကို တစ်လှမ်းဆုတ်ပေးရလိမ့်မယ်။ ကကွက်ကို ဦးဆောင်သူက ယောက်ျားဖြစ်ပြီး နောက်က လိုက်တဲ့လူက မိန်းမဖြစ်တယ်။ ဦးဆောင်သူရဲ့ ပီတိကျေနပ်မှုကို နောက်က လိုက်သူကသာ စွမ်းဆောင် ပေးအပ်ရလေ့ရှိတယ်။

ယောက်ျားတွေဟာ ပတ်ဝန်းကျင်ပေါ်မှာ လိုက်လျောရလို့ ကျဆင်းသွားတဲ့ ယောက်ျားမာနတွေ၊ လူသားမာနတွေကို သူ့ဇနီးဆီကနေ ပြန်ပြီး ဖြည့်ယူလေ့ရှိပါတယ်။ အိမ်ထောင်သည် ချစ်ခြင်း အနုပညာမှာ ခင်ပွန်းသည်ရဲ့ ဖန်တီးပုံသွင်းမှု အတတ်ပညာက အရေးကြီးတယ်ဆိုရင် ဇနီးသည်ရဲ့ ပျော့ပျောင်းလိုက်လျောမှု အတတ်ပညာဟာလည်း အရေးကြီးပါတယ်။

ယောက်ျားတစ်ယောက်ဟာ သူ့ဇနီးသည်ကို မာကျောတဲ့ အဖိုးတန်ကျောက်တုံးတစ်တုံး ဖြစ်ဖို့ထက် ပျော့ပျောင်းပြီး ပုံသွင်းဖို့ လွယ်ကူတဲ့ ရွှံ့စေးတုံးကလေးဖြစ်ဖို့ ပိုပြီးဆန္ဒရှိတယ်ဆိုတာ ကိုယ်သိတယ်။ ဒါကြောင့်လည်း မောင့်ရှေ့ရောက် တဲ့အခါ သက်နှင်းအိမ်ဟာ အဖိုးတန်ကျောက်ကလေး မဟုတ်တော့ဘဲ ပျောင်းညွတ်နာခံလွယ်တဲ့ ရွှံ့စေးတုံးကလေးဖြစ်ဖို့ ကြိုးစားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ချစ်သူနှစ်ယောက်၏ ပြီးပြည့်စုံကျေနပ်ရောင့်ရဲမှုသည် အိမ်ထောင်သည် ဘဝမှာသာရှိသည်။ အိမ်ထောင်သည်အချစ်သည် ပူလောင်တပ်မက်စွာ ရယူမှုနှင့် အေးချမ်းကြည်နူးစွာ ပေးဆပ်မှုကို ရောစပ်ထားသော ပန်းချီကား တစ်ချပ်ပမာ ဖြစ်သည်။ မိမိမသိသောလမ်းကို စမ်းတဝါးဝါးလျှောက်ရင်း မတ်စောက်မှု၊ ပြေလျော့မှု၊ ကြမ်းတမ်းမှု၊ ပြေပြစ်မှုတို့ကို တပြည်းပြည်း ကိုယ်တိုင်သိလာရသည့်အခါ ထိုရရှိမှုသည် တန်ဖိုးမဖြတ်နိုင်သော ပြီးပြည့်စုံမှု ဖြစ်ပါသည်။

မောင့်ဇနီးအဖြစ် ကျွန်မကိုယ်ကျွန်မ သည်မျှပြည့်စုံစွာ ပျော်ရွှင်တတ်လိမ့်မည်ဟု ဘယ်တုန်းကမျှ မထင်ခဲ့ဖူးပေ။ စနေနေ့ နေ့လယ်စာကို မောင်နှင့်အတူ လက်ဆုံစားဖို့ ကျွန်မအမြဲ စောင့်မျှော်ခဲ့သည်။ ရထားအဝင်နောက်ကျသည့်နေ့တစ်နေ့မှာ ခဏကြာလျှင် မောင်ရောက်လာမလား ရောက်လာမလားနှင့် စောင့်ရင်း ညနေစာကျမှပေါင်းပြီး စားလိုက်ရဖူးသော်လည်း အများအားဖြင့်တော့ နေ့လယ် ၁၁ နာရီခွဲနှင့် ၁၂ နာရီကြားမှာ မောင်ကျွန်မအိမ်သို့ အမြဲရောက်လာတတ်ပါသည်။ မောင်ကလည်း မုတ္တမသို့ ရထားဆိုက်သည်နှင့်တပြိုင်တည်း ကျောပိုးအိတ်ကလေး ကောက်လွယ်ကာ ရထားပေါ်မှ အပြေးအလွှားဆင်း၍ ကမ်းမှပထမဦးဆုံး ထွက်ခွာမည့်သင်္ဘောဖြင့် အမီလိုက်မြဲဖြစ်သည်။ တစ်ပတ်လုံး ခွဲခွာနေရသောမောင့်ကို အလွန်အမင်း မြင်တွေ့ချင်လှပြီ ဖြစ်ပေမယ့် ကျွန်မ ဘယ်တော့မျှ အိမ်ရှေ့ခြံဝန်းထဲထွက်၍ မောင့်ကို မမျှော်ခဲ့ရပေ။ မောင်က ခြံထဲဆင်းပြီး မျှော်တာကို မကြိုက်ဘူးတဲ့။ ပထမဆုံးစနေနေ့တုန်းက ကျွန်မခြံထဲမှာ လမ်းလျှောက်၍ မျှော်နေခဲ့မိသည်။ မောင်က အိမ်ထဲရောက်တော့ ကျွန်မကို မျက်နှာထား တည်တည်ဖြင့် အပြစ်ဆို၏။

"နှင်း ...ကျွန်တော်လာနိုင်တဲ့ အချိန်တွေမှာ အိမ်အပြင်ထွက်မနေပါနဲ့၊ လူတွေက ဘာပြောကြမလဲ၊ နှင်းကျွန်တော့်ကို မျှော်နေတယ်လို့ ပြောကြမှာပေါ့"

"ပြောဘာဖြစ်လဲ၊ တကယ်လဲကိုယ်မောင့်ကို မျှော်နေခဲ့တာပဲ"

ကျွန်မ ခပ်ဆတ်ဆတ် ပြန်ပြောတော့ မောင်ရုတ်တရက်ပြုံးကာ ကျွန်မကို ချော့မော့သည်။

"မျှော်တာတော့မျှော်ပေါ့ နှင်းရယ်၊ အိမ်ထဲမှာစာကျက်ရင်း မျှော်ပေါ့၊



ဒါမှမဟုတ် ထမင်းပွဲပြင်ရင်းမျှော်ပေါ့ ...လူမသိအောင်မျှော်ပါ၊ အခုဟာက နှင်းကို အပြင်ကလူတွေ လှမ်းမြင်သွားရင် ..."

မောင်ဟာ ဘာလုပ်လုပ် ပတ်ဝန်းကျင်ကို တော်တော်ထည့်တွက်နိုင်သည့်လူပဲ။

"ဒါပေမဲ့ ...ကိုယ်လွမ်းလှပြီ"

ကျွန်မ စိတ်ထဲရှိသည့်အတိုင်း ရိုးရိုးစင်းစင်းညည်းညူမိတော့ မောင့်မျက်နှာ နူးညံ့သွားကာ ကျွန်မကိုပြုံးခနဲ တင်းကျပ်စွာ ဖက်လေသည်။

"နှင်းကလေ ...တစ်ခါ တစ်ခါ ကလေးမလေးတစ်ယောက်လိုပဲ ... သိလား။ အဲဒီလို ဟန်မဆောင်တဲ့နှင်းကို ကျွန်တော် သိပ်ချစ်တယ်"

မောင့်စကားကို မြေဝယ်မကျ နားထောင်သော ကျွန်မသည် စနေနေ့တိုင်း အိမ်ထဲမှာပဲ မောင့်ကိုမျှော်ခဲ့သည်။ သို့သော် စာကျက်ရင်းမျှော်သည့်နေ့မှာ စာမျက်နှာတစ်ခုကနေ ဘယ်တော့မှမတက်တော့ဘဲ မျက်စိက စာကြောင်းများထဲတွင် တဝဲလည်လည် ရောက်လျက် အာရုံထဲတော့တစ်ခုမျှ ရောက်မလာခဲ့ပေ။ ဟင်းပွဲပြင်ဆင်ရင်းမျှော်တော့ ရထားနောက်ကျသောအခါ ဟင်းတွေအေးစက်ကုန်သည်။ အဝတ်လျှော်ရင်း မျှော်မိတုန်းကတော့ ရေချိုးခန်းထဲမှနေ၍ မောင့် အိမ်တံခါးခေါက်သံကို ကွဲကွဲပြားပြားမကြားရဘဲ ရှိနေသည်။ နောက်ဆုံးတော့ ဧည့်ခန်းမှာ တရုတ်ကပ်မှန်ကို နောက်ကျောပေး၍ မဂ္ဂဇင်း ဖတ်ချင်ယောင်ဆောင်ရင်း ကျွန်မမျှော်ရပါသည်။ သော့ချိတ်ထားသော ခြံတံခါးကို မောင်ကအပြင်မှ ဖွင့်၍ အထဲဝင်လာလေ့ရှိသည်။ ခြံရှေ့ဆီမှ သော့ခလောက်သံ သဲ့သဲ့ကြားလျှင် ကျွန်မဖြတ်ကနဲ ရင်ခုန်သွားတတ်၏။ သို့သော် ထိုင်ရာမှမထ မျက်နှာကိုလည်း စာအုပ်မှမခွာဘဲ ပေတေ၍နေခဲ့ရသည်။ အိမ်တံခါးကို ခေါက်သည့်အသံကြားမှ အပြေးအလွှားသွားဖွင့်၏။ မောင်၏ အပြုံးမျက်နှာကို ကျွန်မအမြဲမြင်ရသည်။

တံခါးပြန်ပိတ်ပြီးလျှင်ပြီးချင်း မောင့်အကျႌကော်လံ အစွန်းနှင်ပက်ကို ကျွန်မ ဆွဲကိုင်၍ မောင့်မျက်နှာကို နိမ့်ချယူကာ ကျွန်မ မောင့်ကို နမ်းလေ့ရှိပါသည်။ အများအားဖြင့် လျှပ်တစ်ပြက် နှုတ်ဆက်အနမ်းမျိုးသာ ဖြစ်လေ့ရှိသည်။ တစ်ခါတစ်ရံ လိုအပ်သည်ထက် ပိုကြာသွားပြီး ကျွန်မ စိတ်ကူးဆန်းပြားနေတာကို မောင်သိသွားသောအခါမှာတော့ မောင်ကျွန်မကို အလွန်သဘောကျလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ နှင်းရဲ့ ...အိတ်ကြီးက ကန့်လန့်ကန့်လန့် ဖြစ်နေမှာပေါ့၊ ဒါကြီးသွားထားလိုက်ဦးမယ် ခဏလေး ...၊ ဟာ... နှင်း"

ထို့နောက် မောင်ရော ကျွန်မရောအားပါးတရ ရယ်မောခဲ့ကြလေသည်၊

တစ်ခါတစ်ခါ မောင့်ကိုကျွန်မ ဂျစ်ဖို့ကြိုးစားခဲ့သည်။ မောင်တနင်္ဂနွေနေ့ ပြန်မှာစိုး၍ မောင့်မှတ်ပုံတင်ကတ်ကို ကျွန်မဝှက်ထားခဲ့ဖူးသည်။

"မောင်မပြန်နဲ့ဦးကွာ ...တစ်ရက်ထပ်နေလိုက်ဦးနော်၊တနင်္လာနေ့မနက်ကျမှပြန် ...နော်"

ကျွန်မအနည်းငယ် မှုန်ခွဲ့စွာ တားမြစ်တော့ မောင်က သူ့ဆံပင်သူပွပြီး ပြန်သပ်ကာ မသက်မသာ ပြုံးတတ်၏။

"နှင်းရာ ...တနင်္လာနေ့ ကျွန်တော်အလုပ်သိပ်များမှာ၊ ညှိသည်တွေ ရောက်နေတယ်၊ မဖြစ်ဘူး ထင်တယ်"

"ဒါပေမယ့် အဲဒီမှာ မောင်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ လူတွေ အများကြီးမဟုတ်လား"

"ဒါပေမယ့် ကျွန်တော့်တာဝန်ကို ဘယ်သူက ယူပေးမလဲနှင်းရဲ့၊ကြိုပြီး ညှိထားရင် တစ်မျိုးပေါ့"

ကျွန်မက အနည်းငယ် ဝမ်းနည်းကာ စိတ်ကောက်မည့်မျက်နှာထား ဖြစ်လာလျှင် မောင်စိတ်ရှုပ်စွာ ရယ်မော၏။

"နှင်းရယ် ...ကျွန်တော်သောကြာနေ့ ခွင့်ယူပြီး လာခဲ့ပါမယ်၊ဒီတနင်္လာတော့ ရုံးတက်မှဖြစ်မယ် နှင်းရဲ့"

"အိုး ...သောကြာနေ့ တစ်နေ့လုံး ကိုယ်ဆေးရုံမှာရှိနေရမှာ၊ပြန်ရောက်တော့လဲ ညနေဆေးခန်းနဲ့။ မောင်နဲ့ စကားပြောဖို့တောင် ညကိုးနာရီလောက်မှ အချိန်ရမှာ၊မထူးပါဘူး။ ကိုယ်ကကိုယ်လဲ အလုပ်မရှိတဲ့ တနင်္ဂနွေနေ့မျိုးမှာ..."

"ကောင်းပြီ ကောင်းပြီ၊ ကျွန်တော်နောက်တစ်ပတ် ပြန်လာရင် တနင်္လာနေ့အတွက် ကြိုတင်ပြီးစီစဉ်ခဲ့မယ်၊ ကျွန်တော် ကတိပေးတယ်... ဟုတ်ပြီလား"

ညနေ ဆေးခန်းပိတ်ပြီးသည့်အခါ ကျွန်မသည် မောင်ပြင်ဆင်ကျွေးသော ညစာကို တစ်ယောက်တည်း စားရလျှင် မောင့်ကို ရန်လုပ်နေတတ်သည်၊



မောင်က ညနေစာကို ကျွန်မလူနာတွေနှင့် အလုပ်ရှုပ်နေတုန်း စားနှင့်တတ်သောကြောင့် ဖြစ်ပါသည်။

"ကော်ဖီကလဲ ခါးလိုက်တာ သကြားနည်းနည်း ထည့်ပေးဦး"

မောင်က စိတ်ရှည်လက်ရှည်ပြုံး၍ သကြားတစ်ဇွန်းလောက် ထည့်ပေးလျှင် မောင့်ကိုရန်ဖြစ်ချင်နေသော ကျွန်မက နောက်တစ်နည်း ရှာဖွေပြန်သည်။

"ဒီလို ပေါင်မုန့်ကြော်မျိုးများကွယ် သက်နှင်းအိမ်တို့က မျက်စိမှိတ်တောင်ကြော်တတ်သေးတယ်။ကြက်သားတွေလဲ တူးခြစ်လို့၊ မောင်ဘယ်လိုလုပ်ကြော်ထားတာလဲ။ မောင်စားတဲ့ ပေါင်မုန့်တတော့ ဒီလောက်တူးမှာမဟုတ်ပါဘူး၊ ဒါ ...ကိုယ့်အတွက် မကောင်းတာတွေ ချန်ထားတာမဟုတ်လား"

မောင် စိတ်ကြည်လင်နေသည့် အခါမျိုးမှာတော့ မောင်က ကျွန်မအားပြောပြော ပြုံးနေတတ်တာပဲ။

"နှင်းမကြိုက်ရင် ကျွန်တော် အသစ်ထပ်လုပ်ပေးရမလား"

သည်လိုဆိုပြန်တော့ မောင်ပင်ပန်းမှာကို မကြည့်ရက်ပြန်ပါ။

"ဟင့်အင်း နောက်ထပ်အသစ်ကို စောင့်မနေနိုင်တော့လောက်အောင်ကို ဆာလှပြီ"

"နှင်းက သိပ်အတာပဲ၊ နောက်တစ်ခါဆာရင် လူနာကို ပါးစပ်ထဲသာမိုမီတာလေး ထိုးထည့်ခဲ့ပြီး အိမ်ထဲအပြေးဝင်လာ၊ မုန့်တစ်ခုတစ်လေစား၊ ပြီးမှ ပြန်သွားပေါ့"

ကျွန်မကို လူလည်ကျနည်း သင်ကြားပေးသေး၏။

"ကျွန်တော်ကတော့ ဆာရင်မနေနိုင်ဘူး၊ စားပစ်ရမှပဲ"

မောင်က ကလေးသဖွယ် ပြုံး၍ ဝန်ခံသည်။

"ဒါပေမယ့် နည်းနည်းအဆာပြေစားပေါ့၊ ကိုယ်နဲ့ထပ်စားပေါ့"

"ဒါပေမယ့် အခုနှင်းစားတော့ ကျွန်တော်ထိုင်ကြည့်နေတာပဲ မဟုတ်လား နှင်းရဲ့"

"ဟင့်အင်း ...မတူဘူး"

"နှင်းနော် ...ကျွန်တော်အသည်းယားအောင် လာမလုပ်နဲ့"

ကျွန်မတို့ ညစာစားပွဲကလေးသည် ခဏအတွင်း ရယ်သံများဖြင့် ပြည့်စုံသွားတတ်ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်က ပင်နယ်စလင်ဆေးနံ့နှင့် အရက်ပျံနံ့တွေ၊ ပူဇော်နံ့တွေ ရောနေသောကျွန်မကို နမ်းမိလျှင် နှာခေါင်းရှုံ့ကာ ချက်ချင်းတွန်းဖယ်ပစ်တတ်သည်။

"နင်း ...လက်သေသေချာချာ ဆေးရဲ့လား"

"သုံးခါတောင်"

"သွားပါ နင်းရယ် ရေသွားချိုးချည်ပါဦး၊ ကျွန်တော်ဆေးရုံရောက်နေသလား အောက်မေ့ရတယ်"

မောင်က ကျွန်မဆံပင်များကို ဆုပ်ကိုင်နမ်းလျှက် ခေါင်းခါရမ်းရယ်မော၏။

"ဆံပင်တွေမှာကို ဆေးနံ့နံနေတာ၊ ကျွန်တော်ကလဲ အဲဒီဆေးနံ့နံရင် သိပ်ခေါင်းမူးတာပဲ"

သည်တော့ကျွန်မမှာ ဘယ်လောက်ပဲ မိုးသည်းမည်း အေးစိမ့်နေပါစေ၊ ဆံပင်တွေကို ချက်ချင်း ခေါင်းလျှော်ပစ်ရလေသည်။ ဆေးနံ့နံရင် မောင်အပြင်ထွက်အိပ်ပေါ့ဟူသည့် စိန်ခေါ်စကားမျိုးကိုပင် ကျွန်မ မပြောရက်နိုင်ခဲ့အောင် မောင့်ကို ချစ်မြတ်နိုးပါသည်။

ကျွန်မ ရေချိုးခန်းထဲက ရေစက်လက်ဖြင့် ထွက်လာလျှင် မောင်က မျက်နှာသုတ်ပဝါ အသင့်ထုတ်လျှက် ကျွန်မ၏ဆံပင်များကို စိတ်ရှည်လက်ရှည် ရေသုတ်ပေးတော့သည်။ ကျွန်မ၏ဆံပင်တွေက ပျော့ပျောင်းလွန်းသောကြောင့် အလွယ်တကူ ရှင်းလင်း၍မရသည့်အခါမျိုးမှာ ကျွန်မစိတ်တိုသလောက် မောင်က စိတ်ရှည်သည်။

"ဟာ ...ဟာ ...နင်း အဲလိုမလုပ်နဲ့လေ ဆံပင်တွေပြတ်ကုန်မှာပေါ့၊ ခဏလေး ခဏလေး ...ဒီမှာရတော့မယ်"

မောင်က ကျွန်မ၏ဆံပင်များကို ဘီးဖြင့် ဖြည်းဖြည်းချင်း ညင်သာစွာ ရှင်းယူလေ့ရှိ၏။ အပူငွေ့ပေးသည့် ကိရိယာလေးဖြင့် မောင်ကဆံပင်တွေ ခြောက်အောင် စိတ်ရှည်စွာမှုတ်၍ ဖြန့်ပေးသည်။

"နင်းဆံပင်လေးတွေက သိပ်ချစ်ဖို့ကောင်းတာ နင်းရဲ့၊ ကျွန်တော်ချစ်တယ်"



တနင်္ဂနွေနံနက်များသည် မောင်ကကျွန်မကို ပြင်သစ်ဘာသာ သင်ကြားပေးသော အချိန်များဖြစ်သည်။

ကျွန်မသည် မော်လမြိုင်ဆေးရုံမှာ တာဝန်ကျကြောင်းသိရသည့်ရက်မှစ၍ ကျွန်မ၏သင်တန်းကို ပျက်ကွက်ခဲ့သည်ဖြစ်ရာ တစ်ပတ်တသင်ခန်းစာတိုင်းကို မောင်ကကျွန်မအား ပြန်လည်သင်ကြားပေးခြင်းဖြစ်သည်။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်မ၏ဦးနှောက်သည် အစဉ်သဖြင့် ဆေးရုံကလူနာများ၊ ရောဂါများ၊ခွဲစိတ်ကုထုံးများ၊ကိုယ်ပိုင်ဆေးခန်းလူနာတို့၏ ပြဿနာများကြောင့် တော်တော်ရှုပ်ထွေး ပြည့်ကျပ်နေခဲ့ပြီဖြစ်သည်။ ထိုအထဲမှာမှ ကျွန်မသည် လုံးချင်းဝတ္ထုတစ်ပုဒ် ရေးနေသည်ဖြစ်ရာ ကျွန်မမှာ အပိုစိတ်အာရုံထားစရာ နေရာမရှိသလောက်ပင် ဖြစ်သည်။ သို့သော်ကျွန်မသည် တနင်္ဂနွေနေ့တိုင်း မောင်သင်ပေးသည့် ပြင်သစ်သင်ခန်းစာကို ကြိုးစားသင်ယူခဲ့သည်။ မောင်ကတော့ ကျွန်မလောဘကြီးသောကြောင့်ဟု ထင်ပေလိမ့်မည်။ တကယ်တော့ ဤတနင်္ဂနွေနံနက် သင်တန်းချိန်သည် မောင်၏အတ္တနှင့်မာန ဖွံ့ဖြိုးမှုအတွက် ကျွန်မကိုယ်တိုင် ဖန်တီးတည်ဆောက်ယူရသော အချိန်ဖြစ်သည်။

မောင်သည် သူ့ရုံးမှာ သူ၏အရည်အချင်းကို ဘယ်လောက်ပြနိုင်ပါစေ ကျွန်မရှိရာ မော်လမြိုင်မှာတော့ မောင်က သာမန်ယောကျ်ား တစ်ယောက်ပဲဖြစ်သည်။ ကျွန်မ၏ လုပ်ဖော်ကိုင်ဘက် ဆရာဝန်များရှေ့မှာ၊ ကျွန်မ၏ အိမ်နီးချင်းများရှေ့မှာ၊ကျွန်မလူနာများရှေ့မှာ မောင်သည် ကျွန်မ၏ မထင်မရှားခင်ပွန်းတစ်ယောက်သာ ဖြစ်သည်။ ရုပ်ကွက်အလှူအတန်း၊သာရေးနာရေးကိစ္စများတွင် ဖိတ်စာရောက်လာတိုင်း မောင့်နာမည်မပါလေ။ သူတို့သည် မောင့်နာမည်ကိုပင် ကောင်းကောင်းသိပုံမရပေ။ ဒေါက်တာသက်နှင်းအိမ်နှင့် ခင်ပွန်းဟူသော စာကြောင်းကို မောင်ဖတ်မိသည့်အခါတိုင်း မောင့်မျက်လုံးများမှာ အရိပ်တစ်ခုခုကို ကျွန်မမြင်ရသည်။ ထိုအရိပ်မှာ လှောင်ပြောင်သရော်ရိပ်လား၊ နာကျည်းမုန်းတီးရိပ်လား မခံချိမခံသာ ဒေါသရိပ်လား ကျွန်မ မသိပါ။ ထိုအရိပ်အတွက် ကျွန်မမှာ တာဝန်တစ်ခုပိုလာခဲ့သည်။ မောင်၏ယောကျ်ားမာနနှင့် ဂုဏ်သိက္ခာကိုမြှင့်တင်ပေးရမည့် တာဝန်ဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်မသည် မသင်ယူဘဲနေလျှင်ဖြစ်သည့် ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကို မောင့်ထံမှာ ကျိုးနွံစွာသင်ယူခဲ့၏။ ဇနီးတစ်ယောက်သည် လင်ယောကျ်ားကို တကယ်အထင်ကြီးလေးစားမှု မရှိလျှင်တောင် အထင်ကြီးချင်ယောင်ဆောင်ရမည်။ မိမိက ခင်ပွန်းလောက် မသိမတတ်ဟန်ဆောင်ရမည်။ ကျွန်မတို့မိန်းမတော်တော်များများ၏ မောင်တို့မသိနိုင်သော အရည်အချင်း တစ်ခုမှာ လင်ယောကျ်ားကို ချီးကျူးလေးစားဟန်ဆောင်တတ်ခြင်းပင်ဖြစ် ပါသည်။ ဤအတတ်ကို မောင်နှင့်လက်ထပ်ပြီးမှ ကျွန်မတတ်ကျွမ်းခဲ့ပါသည်။

တနင်္ဂနွေနံနက် ကော်ဖီကို မောင်အမြဲဖျော်ပေးလေ့ရှိသည်။ ကျွန်မက မောင့်ထက် နည်းနည်း အအိပ်မက်သူဖြစ်ရာ မောင်အိပ်ရာထသွားပြီး သည့်နောက်မှာ ခဏပြန်အိပ်လိုက်သေး၏။ မောင်ကော်ဖီလင်ဗန်းနှင့် ရောက်လာပြီးနောက်တစ်ကြိမ်နိုးမှ ကျွန်မတကယ်နိုးပါသည်။ ကော်ဖီနှင့်မုန့် သောက်ပြီးနောက်တော့ အိပ်ရာပေါ်မှာ အလျားမှောက်ကာ ပြင်သစ်စာများကို ဖတ်ရတော့သည်။

"ဝမ်းလျားမှောက်ပြီးစာကျက်တယ်ဆိုမှတော့ စာတွေတော်တော်ခေါင်းထဲရောက်မှာပေါ့"

မောင်က ကျီစယ်တတ်သေး၏။

"ဆေးစာတွေကို ကိုယ်ဒီလိုပဲကျက်ပြီး ဆရာဝန်ဖြစ်လာတာ လွှာမရှည်နဲ့"

မောင်က ကျွန်မကို ပြဋ္ဌာန်းစာဖတ်ပြီးရှင်းပြချိန်တွင်သာ ခုတင်ဘေးမှာရှိပြီး လေ့ကျင့်ခန်းများလုပ်သည့်အချိန်မှာတော့ ကျွန်မကိုထားခဲ့လျက် ပြတင်းခန်းဆီးဘေး၌ မတ်တတ်ရပ်ကာ လက်ထဲက စာအုပ်ကို သဲကြီးမဲကြီး ဖတ်နေတတ်သည်။ အများအားဖြင့်တော့ မောင်ဖတ်သည့်စာအုပ်မှာ သမိုင်းဆိုင်ရာစာအုပ်တွေ ဖြစ်တတ်သည်။

"မောင်ရေ... ခဏ ခဏ"

အရေးတကြီး ကျွန်မလှမ်းခေါ်မှ ကျွန်မ အနားရောက်လာသည်။

"ဘာလဲနှင်း ...ပြီးပြီလား၊ မြန်လှချည်လား"

"မဟုတ်ဘူး၊ ဒီမှာထိုင်စမ်းပါ"

မောင့်ကို ခုတင်ပေါ်မှာထိုင်ခိုင်းတော့မောင်က ကျွန်မဘေးမှာဝင်ထိုင်၏၊



"ဘာလဲ"

"ဒီမှာပဲစာဖတ် ...ဒီကအလင်းရောင်နဲ့ဟိုကအလင်းရောင် ဘာမှမကွာဘူး၊ ပြီးတော့ လက်တစ်ဖက်က ကိုယ့်ကိုဖက်ထား"

"ဟောဗျာ... အသားလွတ်ကြီးပါလား"

သို့သော် မောင်ကခပ်ဖွဖွ ရယ်မောလျက် စာအုပ်ကို လက်မှပစ်ချကာ ကျွန်မကိုတင်းကျပ်စွာ ဖက်လေသည်။ တစ်ခါတစ်ခါ ကျွန်မလက်ထဲမှ ဘောလ်ပင်လွတ်ကျကာ ကျွန်မဦးခေါင်းထဲမှ ပြင်သစ်စာများ လွင့်စဉ်ထွက်ပြေးရတတ်သည်။

စနေညနက်ပိုင်းမှာတော့ အချိန်ယူရန်လိုအပ်သောကြောင့် ကျွန်မ မဖတ်နိုင်သောစာများကို မောင်က ကြိုကြားကြိုကြားဖတ်၍ ဘာသာ ပြန်ပြတတ်သည်။ ဆစ်ဂမန်ဖရွိုက်၏ ပို့ချချက်များ ဖြစ်ချင်ဖြစ်မည်။ ကင်ဖ်ကာ၏ ဖခင်ထံ ပေးစာဖြစ်ချင်ဖြစ်မည်။ တင်နက်ဆီဝီလျံမ်၏ ပြဇာတ်များ ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် မောင့်ရင်ခွင်ထဲမှာနွေးထွေးစွာ လဲလျောင်း၍ မောင့်လက်မောင်းပေါ် ခေါင်းအုံးကာ မောင်ဖတ်ပြသည့် စာတွေကို နားဆောင်ရတာ ကျွန်မ၏ ဘဝတွင် ရောင့်ရဲ ကျေနပ်မှုပင်ဖြစ်သည်။ ဤအနိုက်အတန့် ကာလကလေးများသည် တစ်ပတ်ကြာမျှ ခွဲရဦးမည့် ကျွန်မတို့ နှစ်ယောက်အား ခွဲခွာနိုင်ဖို့ ခွန်အားကို တစ်ပတ်စာ ကြိုတင်ပေးအပ်နိုင်သော အဖိုးထိုက်တန်လှသည့် ကာလများပင် ဖြစ်သည်။ ကျွန်မက မောင်၏ကြင်နာယုယမှုများကို ကျေကျေနပ်နပ် လက်ခံယူခြင်းဖြင့် ကျွန်မ၏ ဇနီးဘဝပျော်ရွှင်မှုကို ရယူခြင်းဖြစ်သော်လည်း မောင်ကတော့ မောင်၏ထိန်းချုပ်ကြိုးကိုင်မှုဖြင့် ကျွန်မ၏စိတ်ကို အမျိုးမျိုး စေခိုင်းပြီး ရရှိလာသော အောင်မြင်မှုအဖြစ် ကျွန်မ၏မျက်လုံးမှာ၊ နှုတ်ခမ်းမှာ ပေါ်လွင်လာသော သိသာထင်ရှားသည့် စိတ်ခံစားမှု အမှုအရာများအပေါ် ယစ်မူးသာယာခြင်း ဖြစ်သည်။

ခင်ပွန်းသည်များသည် မိမိတို့၏ဇနီးအား မိမိတို့၏ ကြေဝဠာထဲသို့ ဆွဲခေါ်ရာ၌ ဇနီးကိုယ်တိုင် စိတ်ရောကိုယ်ပါ ကြည်ဖြူစွာ လိုက်ပါဖို့ မျှော်လင့်တတ်ကြသည်။ မိမိကြိုက်နှစ်သက်သည့် အရသာကို ဇနီးကကြိုက်နှစ်သက်

www.burmeseclassic.com

www.burmeseclassic.com



ရမည်။ မိမိ စိတ်ဝင်စားသောအရာကို ဇနီးက စိတ်ဝင်စားရမည်၊ အရာဝတ္ထုတစ်ခုအပေါ်မှာ မိမိထင်မြင်သော ထင်မြင်ချက်အတိုင်း ထပ်တူထပ်မျှ ဇနီးက ထင်မြင်ရမည်။ ခင်ပွန်းသည်များ ဇနီးထံမှ လိုချင်သော အရာတွေက အံ့သြစရာကောင်းအောင်ပင် များပြားလှပါသည်။ ပါးနပ်သောဇနီးတစ်ယောက်သည် မိမိခင်ပွန်း၏ စိတ်ခံစားမှုများကို အကဲခတ်တတ်သည်။ ထိုစိတ်ခံစားမှုအတိုင်း မိမိက လိုက်ပါခံစားလေ့ရှိသည်။ ဤကမ္ဘာလောကတွင် အိမ်ထောင်များ ရေရှည်တည်တန့်နိုင်မြဲနေရခြင်း၏ အဓိကအရေးပါသူမှာ ဇနီးသည်သာ ဖြစ်ပါသည်။

ကျွန်မသည် တာဝန်ကျေပွန်သော စာရေးဆရာတစ်ယောက် ဖြစ်ချင်သည့်ဆန္ဒနှင့်အတူ တတ်ကျွမ်းထက်မြက်သော ဆရာဝန်တစ်ယောက်လည်း ဖြစ်ချင်သည်။ ထိုဆန္ဒနှစ်ခုထက် မပိုလျှင်တောင် မလျော့နိုင်သည့် အခြားဆန္ဒတစ်ခုမှာ ပါးနပ်သော ဇနီးသည်တစ်ယောက် ဖြစ်ချင်သည့်ဆန္ဒပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မောင့်အပြုအမူများ၊ အပြောအဆိုများမှတစ်ဆင့် မောင့်စိတ်ခံစားချက်ကို ပုံဖော်ယူကာ မောင်၏မာနအတွက် မောင့်ကို လိုက်လျောဖို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။

အနည်းဆုံးပေါ့လေ။ မောင်က နို့မပါ၊ သကြားမပါဘဲ သံပရာသီးပင် မပါသော ကော်ဖီကြမ်းခါးခါးကိုမှ ကြိုက်တတ်ပြီး ကျွန်မကိုလည်း ထိုကော်ဖီမျိုး ကြိုက်နှစ်သက်စေချင်သည့်အခါမျိုးမှာ ကျွန်မအတတ်နိုင်ဆုံး လိုက်လျောဖို့ ကြိုးစား၏။

"တွေ့တယ်မဟုတ်လား၊ သံပရာသီးရဲ့အရသာက ကော်ဖီရဲ့အရသာကို ဖျက်ပစ်လိုက်တယ်ဆိုတာ ...၊ အခုကြည့် သံပရာသီးမပါတော့ ဘယ်လောက်အရသာရှိလဲ"

မောင်က ခပ်ပြုံးပြုံးပြောလျှင် ကျွန်မသည် ခါးသက်ရုံကလွဲပြီး ဘာအရသာမျှ မရှိသည့်ကော်ဖီကိုပင် နှစ်သက်ဟန်ဆောင်ရ၏။ မျက်နှာမရှုံ့ဘဲ သောက်တတ်ဖို့ ကြိုးစားရ၏။

"ဟုတ်တယ်နော် မောင် ... ကောင်းသားပဲ"

သို့သော် မောင်မရှိသည့်ရက်များမှာတော့ ကျွန်မသည် သကြားလေးငါးဇွန်းနှင့် သံပရာသီး တစ်ခြမ်းလုံးထည့်ကာ သောက်မြဲပင် ဖြစ်သည်။



မောင်က ငါးပိရည်၊ ငါးပိစိမ်းစား၊ ငါးပိကောင်စသည့် အစားအစာများကို အနံ့ပင် မခံနိုင်လောက်အောင် မုန်းတီးသူဖြစ်ရာ ကျွန်မ၏ ထမင်းပွဲတွင် ဘယ်တော့မျှ မပါဝင်ရအောင် ကျွန်မထိန်းချုပ်ထားတတ်ခဲ့၏။ အတို့အမြှုပ်၊ ဟင်းရည်သောက်စသည်ဖြင့် တွေ့လိုက်ကာလီ ဟင်းကလေးများ ကျွန်မ စီစဉ်လျှင်လည်း ကျွန်မကို မသက်မသာ ကြည့်၍ ခေါင်းခါယမ်းလေသည်။

"ဒါတွေအတွက် နှင်း အချိန်တွေ အများကြီးပေးခဲ့ရမှာပေါ့"

အတည်ပေါက် စပ်စုတော့ ကျွန်မသည် မောင်မကြိုက်ဘူးလားဟု ဝမ်းနည်းစိတ်ဖြင့် မောင့်ကို အကဲခတ်မိသည်။

"ဟင်းတစ်မျိုးဆိုတော်ရောပေါ့ နှင်းရဲ့၊ အခုတော့ အချိန်သိပ်ကုန်မှာပဲ၊ ဒီအချိန်တွေမှာ နှင်း တခြားအလုပ်တွေလုပ်လို့ရတယ်"

"ဘာအလုပ်တွေ လုပ်ရမလဲ မောင်ရဲ့"

"စာဖတ်ပေါ့၊ စာကျက်ပေါ့၊ နှင်းပဲ မီးယပ်သားဖွားအထူးကု ဖြစ်ချင်တယ်ဆို၊ သုတေသနဆရာဝန် လုပ်ချင်တယ်ဆို။ အရည်အချင်းရှိတဲ့ စာရေးဆရာဖြစ်ချင်တယ်ဆို"

"မောင် ဟင်းကောင်းကောင်း စုံစုံလင်လင်လေး စားချင်မလားလို့"

ဟု ကျွန်မအပြုံးဖြင့် ပြေရှင်းမိတော့ မောင်က သဘောကျစွာ ရယ်မောကာ ကျွန်မ၏မေးစေ့ကို လက်ဖြင့်ဆွဲဖျစ်လေသည်။

"ဟင်းကောင်းကောင်း စားချင်ရင် ကျွန်တော်နှင်းကို ဘယ်လက်ထပ်မလဲ၊ ထမင်းဆိုင်က ကောင်မလေးတစ်ယောက်ယောက်ကို လက်ထပ်မှာပေါ့ နှင်းရဲ့၊ ကျွန်တော်က နှင်းကိုမီးဖိုချောင်မှာ ကျွန်တော့်အတွက်လဲ အချိန်မကုန်စေချင်ဘူး နှင်းကိုယ်တိုင်အတွက်လဲ အချိန်မကုန်စေချင်ဘူး၊ ကျွန်တော်တို့ နှစ်ယောက် ရှေ့မှာ ရင်ဆိုင်ရမယ့် အခက်အခဲတွေ အများကြီးပဲ။ နှစ်ယောက်လုံးဟာ ကိုယ့်ပညာနဲ့ပတ်သက်ရင် လိုလေသေးမရှိ ပြည့်စုံနေမှဖြစ်မယ် နှင်းရဲ့"

မောင်က ကျွန်မကို နမူနာပုံစံအဖြစ် အချိန်မကုန်သည့် ဟင်းတစ်မျိုး တီထွင်ပေးခဲ့၏။ ပရက်ရှာကွပ်ကာထဲမှာ ဘဲသားထည့်ပြီး ပေါင်းသည့်နည်းဖြစ်ပါသည်။ ဘာမှလည်း အမွှေးအကြိုင်မပါ၊ ကြက်သွန်ဖြူကလေး ချင်းကလေးမျှပင် မပါ။ အရသာရှိသော်လည်း ဖြူဖတ်ဖြူရော် မောင့်ဘဲပေါင်းကို ကျွန်မ နှစ်သက်ဟန်ဆောင်၍ စားခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တွေလား… ရေကို လိုသလောက်ထည့်ပြီး နှင်းပစ်ထားလိုက်ရုံပဲ၊ နာရီအတိအကျမှတ်ထား၊ စာကျက်၊ နာရီစေ့ရင် မီးခလုတ်ပိတ်လိုက်၊ဘယ်လောက်အချိန်ကုန် သက်သာသလဲ"

မောင်ကတော့ ထမင်းပေါ်မှာ ဟင်းပုံထည့်ကာ ခရမ်းချဉ်သီးနှင့် မုန်လာဥနီကို အစိတ်လိုက် ပန်းကန်ထဲ ဖြည့်ထည့်လျက် ဖြစ်သလို ထမင်းစားတတ်သူဖြစ်သည်။ ကျွန်မကိုလည်း ဖြစ်သလိုစားတတ်အောင် လေ့ကျင့်ဖို့ မောင် ဆန္ဒရှိဟန်တူပါသည်။ မောင်က ဆန္ဒရှိလျှင် ကျွန်မက ဖြစ်အောင်လုပ်ရမှာပေါ့။

ကျွန်မကို စိတ်ကြိုက်ပုံသွင်းချင်ပုံရသော မောင်သည် ညအိပ်ရာဝင်တွင် ကျွန်မကြိုက်နှစ်သက်သောစာများကို ဖတ်မပြဘဲ မောင်ကြိုက်နှစ်သက်သော စာများကို ဖတ်ပြသည့်နည်းအား သိမ်မွေ့စွာ ကျင့်သုံးခဲ့၏။ ဥပမာ… တကျိုးနီးယားဝုလ်(ဖ်)ကို ဖတ်မပြဘဲ ဂျိမ်း(မ်)စ်ဂျွိုက်စ်ကို ဖတ်ပြခြင်း၊ ကော်လက်(တ်)နှင့် ပရောန်ဆွာဇ်ဇာဂွန်ကို ဖတ်မပြဘဲ ဆော့(ထ်)ကို ဖတ်ပြခြင်း၊ အွန်ဒရေကျို(ဒ)ကို ဖတ်မပြဘဲ ကပ်ဖ်ကာကို ဖတ်ပြခြင်းမျိုးပဲဖြစ်ပါသည်၊

သို့သော် မောင်သည် အိပ်ရာဝင်ချိန်တွင် သူကသာ စာဖတ်ချင်၊ အလုပ်ရှုပ်ချင်မည်ဖြစ်သော်လည်း ကျွန်မဆေးစာအုပ်တစ်ခုတလေ ဖတ်နေလျှင် မကျေနပ်နိုင်သူဖြစ်၏။ တစ်ခါတုန်းက ကျွန်မသည် တနင်္လာနေ့ ခွဲစိတ်ရမည့် ရောဂါတစ်ခုအတွက် မီးယပ်ဆိုင်ရာ ဆေးပညာစာအုပ်ကို ညဉ့်နက်သည်အထိ အလောတကြီး ဖတ်နေခဲ့ဖူးသည်။ ပထမတော့ မောင်က သည်းညည်းခံ၍ မွေ့ရာဖုံး၊ ခေါင်းအုံးတို့ကို အကျအန ပြင်ဆင်ပေးထားခဲ့သည်။ နောက်တော့ မောင်စိတ်ပျက်လက်ပျက် ကျွန်မအနားသို့ ရောက်လာပါသည်။

"မနက်ဖြန် ကျွန်တော် ဒီကပြန်သွားရင် နှင်း စာဖတ်နိုင်သားပဲ၊ စာအုပ် ခဏချပြီး ကျွန်တော့်ဘေးနားမှာ ခဏလောက် ငြိမ်ငြိမ်လေးမနေ မပေးနိုင်ဘူးလားဟင်"

ကျွန်မ လက်ထဲက စာအုပ်ကို ဆွဲယူကာ ပိတ်ပစ်လိုက်သော မောင့်ကို ပထမတော့ ဒေါသထွက်သွား၏။ စေ့စေ့ကြည့်ပြီး ပက်ပက်စက်စက်ပြောဦးမည် ကြံရွယ်ပြီးမှ စိတ်ကို ထိန်းချုပ်လိုက်ရသည်။



"ကျွန်တော်ကြည့်နေတယ်၊ နှင်း မနက်မိုးလင်းကစပြီး အိပ်ရာဝင်ချိန်အထိ ဆရာဝန်ဘဝနဲ့ ရှိနေတယ်။ အခု ညဆယ့်နှစ်နာရီကျော်နေပြီ၊ နှင်းရဲ့ မိန်းမသားဘဝကို နှင်းဘယ်အချိန်ကျမှ သတိရမှာလဲ"

မောင်က ကျွန်မပခုံးပေါ်မှာ စင်းကျနေသည့် ပျော့ပျောင်းသည့်ဆံပင်တို့ကို လက်ဖဝါးဖြင့် ဆုပ်ချည်ဖြန့်ချည် ဆော့ကစားနေခဲ့သည်။

"ဟော ဒီဆံပင်မျှင်ကလေးတွေ ဖြန့်ကျဲပြီး ခေါင်းအုံးပေါ် ကျနေတဲ့အခါ အဲဒါပန်းချီကားလေး တစ်ချပ်ပဲ၊ ဒီဆံပင်မျှင်ကလေးတွေ ဟိုဘက် သည်ဘက် ဝေ့ဝှာလှုပ်ခတ်နေတဲ့အခါ အဲဒါ ဂီတသံစဉ်တစ်ခုပဲ၊ ကျွန်တော် တစ်ယောက်တည်း မြင်ခွင့်ရှိတဲ့ ပန်းချီကားနဲ့ ကျွန်တော်တစ်ယောက်တည်း ကြားခွင့်ရှိတဲ့ ဂီတပေါ့"

မောင်က ကျွန်မပခုံးကို ခပ်ဖွဖွဆုပ်ကိုင်၍ ဆွဲထုလိုက်သောအခါ ကျွန်မသည် ဝါဂွမ်းကလေးတစ်စလိုပင် အလိုက်သင့်ပါသွားသည်။

တစ်ခါတစ်ခါကျတော့ မောင်က ကျွန်မဘေးမှာ ခပ်လျော့လျော့ထိုင်ကာ ခုတင်ခေါင်းရင်းကို မှီထားရင်း ခေါင်းအုံးပေါ်က ကျွန်မမျက်နှာကို ကောက်ကြောင်းရေးသလို ခပ်ဖွဖွ ဆွဲခြစ်လျက် ပြုံးရယ်တတ်သည်။

"ကျွန်တော့်ဇနီးဟာ ထက်မြက်တဲ့၊ အသိဉာဏ်ကြီးတဲ့ မိန်းမတစ်ယောက်ဖြစ်တာ ကျွန်တော်ဂုဏ်ယူတာ အမှန်ပါပဲ၊ ဒါပေမယ့် နှင်းရာ… နှင်းမျက်လုံးမှာ ညအိပ်ရာ ဝင်ချိန်အထိ အသိဉာဏ်အရိပ်တွေ ရှိနေတုန်းပဲ"

ကျွန်မ မောင့်ကို မျက်စောင်းချီလျက် ရယ်မိ၏။

"မောင် သဘောမကျဘူးလား"

"မကျဘူး၊ အခုအချိန်မှာ နှင်းက ခပ်တုံးတုံးမိန်းမတစ်ယောက်ရဲ့ အရာရာကို တအံ့တသြ ရင်သပ်ရှုမောဖြစ်နေတဲ့ မျက်လုံးမျိုး ရှိနေရမယ်"

ကတ်သီးကတ်သတ် ပြောတော့ ကျွန်မ ခေါင်းခါယမ်းမိသည်။

"မဖြစ်နိုင်တာ"

"ဖြစ်အောင် ကျွန်တော်လုပ်မှာပေါ့"

မောင်သည် ကျွန်မအား ကျွန်မ၏ဖြစ်တည်မှုမှ ကင်းကွာသွားအောင်လည်း တတ်နိုင်ခဲ့ပါသည်။ ကျွန်မ၏ ဆင်ခြင်ဉာဏ်များ၊ ခုခံတင်းမာမှုများ၊ အသိဉာဏ်များနှင့်အတူ ရုက်ကြောက်ခြင်းတို့ပါ လွင့်ပြယ်သွားအောင် မောင်

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးခဲ့သည်။ မျက်နှာကျက်ကို မော့ကြည့်ပါလျက် ဘာကိုမှ မမြင်သော အသိစိတ် ကင်းကွာသည့် အိပ်မက်မျက်လုံးမျိုးကိုမှ မောင်က သဘောကျ သည်တဲ့။ ထိုမျက်လုံးများကိုမှ မောင်က ဖွဖွညင်သာ နမ်းတတ်လေသည်၊

ခင်ပွန်းနှင့်ဇနီးဘဝတွင် တစ်ယောက်၏အလိုဆန္ဒသည် အခြားတစ် ယောက်အတွက် ခွန်အားဖြစ်သည်။ တစ်ယောက်၏ ကျေနပ်နှစ်သိမ့်မှုသည် အခြားတစ်ယောက်အတွက် အတ္တဖြစ်သည်။

ကျွန်မသည် တစ်ပတ်လျှင် တစ်ရက်နှစ်ရက်ခန့်သာ မောင်နှင့်တွေ့ရ သည်ဖြစ်ရာ သာမန်မိန်းမသားတစ်ဦးအဖြစ် မောင့်ရှေ့မှာ ကျေကျေနပ်နပ် နှစ်သိမ့်ကြည်နူးချိန်မှာ တစ်ပတ်တွင် နှစ်နာရီ၊ သုံးနာရီသာ ရှိခဲ့ပါသည်၊ ထိုအချိန်ကာလများတွင် ကျွန်မသည် ဆရာဝန်တစ်ယောက် မဟုတ်တော့ဘဲ ခင်ပွန်းသည်၏ အတ္တကို အရောင်တင်ပေးရသည့် ဇနီးသက်သက်သာ ဖြစ်ခဲ့ သည်။ တစ်ခုဝန်ခံစရာရှိသည်မှာ ထိုဇနီးဘဝအချိန်လေးကိုပင် ကျွန်မသွေးရူး သွေးတမ်း မျှော်လင့်စုံမက်ခဲ့ပါသည်။

မောင်သည် ကျွန်မ၏ စိတ်ဝိညာဉ်အတွင်းသို့ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရာအမျိုးမျိုးအဖြစ် အလျင်အမျိုးမျိုးနှင့် ထွင်းဖောက် ဝင်ရောက်ခဲ့သည်၊ မောင်၏ ပုံသဏ္ဌာန်နှင့် အလျင်တို့ပေါ်မှာ မူတည်၍ ကျွန်မသည်လည်း ပုံစံ အမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ်ခဲ့ရသည်။

မောင်က ညင်သာပူနွေးသော နေရောင်ခြည်တစ်ခု ဖြစ်သည့်အခါ ကျွန်မသည် ငုံရာမှ ပွင့်အာပေးရသည့် နူးညံ့သော ပန်းပွင့်ကလေးတစ်ပွင့် ဖြစ်သည်။ မောင်က မြင့်မားခိုင်ခန့်သော တောင်တန်းကြီးဖြစ်လျှင် ကျွန်မသည် တောင်ခြေက စိမ်းလန်းငြိမ်သက်သော လွင်ပြင်တစ်ခု ဖြစ်သည်။ မောင်က ပူပြင်းသော မီးလျှံတစ်ခုဖြစ်သည့်အခါ ကျွန်မသည် အလွယ်တကူလောင်ကျွမ်း ခံရသည့် ပိုးစကလေးတစ်စ ဖြစ်သည်။ မောင်က ကြမ်းတမ်းသော လေပြင်း မုန်တိုင်းဖြစ်သည့်အခါ ကျွန်မသည် ဟိုးအဝေးထိ လွင့်စဉ်မြောက်တက်သွား သော သစ်ရွက်ခြောက်ကလေး တစ်ခု ဖြစ်သည်။ မောင်က ခွန်အားကြီးမားသော ရက်စက်သည့် သိမ်းငှက်တစ်ကောင်ဖြစ်သည့်အခါ ကျွန်မက နှုတ်သီးများဖြင့် အရှိန်ပြင်းစွာ ထိုးဆိတ်ခံရသော သားကောင်ကလေးတစ်ကောင် ဖြစ်ရသည်၊



မောင်က လေးပင်နက်ရှိုင်းစွာ အမြစ်တွယ်သည့် သစ်ပင်ကြီးတစ်ခု ဖြစ်သည့် အခါ ကျွန်မသည် ခိုင်မာကျယ်ပြန့်သည့် ကမ္ဘာမြေကြီးသာ ဖြစ်ပါသည်။

မောင့်ရှေ့မှာ ကျွန်မသည် ပုံလျက်သားကျသွားသည့် နူးညံ့သော အဝတ်စကလေးလည်း ဖြစ်ခဲ့ဖူးသည်။ အမွေးဖွားဖွားနှင့် ချစ်စရာကြောင် ကလေးတစ်ကောင်လည်း ဖြစ်ခဲ့ဖူးသည်။ မထိမကိုင်ရက်စရာ ရှားပါးပြီး ကွဲအက်လွယ်သော အဖိုးတန် ဖန်ပန်းအိုးကလေးလည်း ဖြစ်ခဲ့ဖူးသည်။ လက်ဖျားကလေးဖြင့် ထိတို့ဆော့ကစားရုံနှင့် လှုပ်သိမ့်ဖျော့သည့် ဂီတသံစဉ် ကလေးများ ညည်းညူပေါ်ထွက်လာရသည့် စန္ဒရားခလုတ်တွေလည်း ဖြစ်ခဲ့ ဖူးပါသည်။

• • • •

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခက်နေတာက ကိုယ်တို့ မိန်းမတွေက ယောကျာ်းတွေရဲ့ အတ္တနဲ့ မာနကို အမြဲထည့်စဉ်းစား ပေးခဲ့သလောက် ယောကျာ်းတွေကတော့ မိန်းမတွေရဲ့ အတ္တနဲ့မာနကို နည်းနည်းမှ ထည့်မစဉ်းစားခဲ့ကြဘူး။ မိန်းမတွေဟာ သူတို့ချစ်တဲ့ ယောကျာ်းတွေအပေါ် ဘယ်လောက်ပဲ သည်းညည်းခံ လိုက်လျောနေပေမယ့် နောက်ကွယ်မှာ ငုပ်လျှိုးနေတဲ့ မိန်းမသားမာန ဆိုတာ ရှိတယ်။ အဲဒီမာနကို အကြိမ်များစွာ ထိပါးခံရတဲ့အခါ မိန်းမဟာ သူချစ်တဲ့ ယောကျာ်းအပေါ် မထင်မှတ်တဲ့ တုံ့ပြန်မှုမျိုးပေးလိုက် မိတတ်ပါတယ်။

မိန်းမတွေဟာ အနိုင်မယူချင်ကြပါဘူး။ သူတို့လိုချင်တာက မျှတမှု၊ သူ့ဘက် ကိုယ့်ဘက် အပြန်အလှန် နားလည်လိုက်လျောမှုပါ။ ဒါပေမယ့် ဒီ လောက် အတိုင်းအတာလေးတောင် ကိုယ်တို့မရခဲ့ကြဘူး။ တစ်ချိန်ချိန်မှာ ရလေမလားလို့ စောင့်ဆိုင်းရတဲ့ ကာလကြာရှည်လာတာနဲ့အမျှ ကိုယ်တိုင် တောင် မသိနိုင်တဲ့ အတ္တဟာ တဖြည်းဖြည်း ကြီးထွားလာခဲ့တယ်။ လူတစ်ယောက်ဟာ ကိုယ့်ရဲ့ အတ္တကို ကိုယ်တိုင် ထိန်းချုပ်မရတော့တဲ့ အဖြစ်ကို တခြားလူတွေ မယုံနိုင်ရင်တောင်မှ မောင်ကတော့ယုံပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တွေ့ဖူးသမျှ လူတွေထဲမှာ အတ္တအကြီးမားဆုံး လူက မောင်ဖြစ်နေလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၄)

သမီးကို အလွန်ချစ်မြတ်နိုးစွာ ဂုဏ်ယူကျေနပ်ပြီး သမီးနှင့် ထိုက်တန်သည့်ယောက်ျားကလေး မရှိနိုင်ဟူသော အစွန်းရောက် ဖခင်မာနမျိုးဖြင့် ကျွန်မနှင့်မောင်၏ ဆက်ဆံရေးကို အားမလိုအားမရ စိတ်မကောင်းဖြစ်ခဲ့သော ဖေဖေသည် ကျွန်မနှင့်မောင် လက်ထပ်မည့်ရက် သီရစဉ်က စာအရှည်ကြီးရေး၍ ဆုမွန်ကောင်း တောင်းပေးခဲ့၏။ ထို့ပြင် လက်ထပ်ပြီး နှစ်လလောက်ကြာသောအခါ လူကြုံဖြင့် ဂျာမနီနိုင်ငံလုပ် တိုင်ကပ်သံစုံနာရီကြီးတစ်လုံး လက်ဖွဲ့ခဲ့လေသည်။

"မိုးကုန်မှ သမီးတို့ဆီ ဖေဖေလာလည်ပါဦးမည်" ဟူသော ရှေးဆန်သည့် ဖေဖေ့လက်ရေးကိုဖတ်ပြီး ကျွန်မမျက်ရည်ရစ်ဝဲခဲ့ရ၏။ "သမီးတို့" ဟူသော အသုံးအနှုန်းတွင် မောင်ပါဝင်သည်။ ဖေဖေသည် မောင့်ကို ကျွန်မ၏ခင်ပွန်းအဖြစ် အသိအမှတ်ပြုပေးရှာသားပဲ။ သမီးရှင်တစ်ယောက်၏ မာနမျိုး ဖေဖေ မထားခဲ့သည့်အတွက် ဖေဖေ့ကို ကျွန်မအထူးကျေးဇူးတင်ရပါသည်၊ ကျွန်မသည် နာရီကို ဧည့်ခန်းနံရံတွင် အကျအနချိတ်လျက် တစိမ့်စိမ့်ကြည့်ကာ ဖေဖေ၏ လိုက်လျောမှုကို ထပ်ကာထပ်ကာ လေးစားမိလေသည်။

သမီးရှင်၏ ခွင့်လွှတ်လိုက်လျောမှုကို ကြုံတွေ့ရသောအခါ မောင့်မေမေ၏ တည်ကြည်ခွာငြင်းပယ်သော မျက်နှာထားကို ပထမဦးဆုံးအကြိမ် ပြန်စဉ်းစားမိသည်။ မောင့်မေမေသည် သား၏လက်ထပ်သတင်းကို ဘယ်လိုရင်ဆိုင်ခဲ့သလဲ၊ ဘယ်လိုတုံ့ပြန်ခဲ့သလဲ၊ မောင်သည် ကျွန်မအား မောင့်မိခင်ဘက်မှ ခံစားမှု၊ တုံ့ပြန်မှုတို့ကို ဘာမျှဖွင့်မပြောဘဲ ထားခဲ့သည်။

စနေတစ်ရက် မောင် ကျွန်မဆီရောက်လာသောအခါမှာတော့ ကျွန်မ အမှတ်တရ စပ်စုမိပါသည်။

"မောင် ...မောင့်မာမီက ကိုယ်တို့နှစ်ယောက်အတွက် ဘာမှလက်မဖွဲ့ဘူးတဲ့လား ဟင်"

မောင့်မျက်နှာတွေခနဲဖြစ်သွားပြီးနောက် မချိပြုံးပြုံး၏။ မောင့်အပြုံးကို မြင်လိုက်ရသောအခါ ကျွန်မ မောင့်မိခင်၏ စိတ်ထားကို နားလည်လိုက်ပြီဟု ကျွန်မထင်ခဲ့သည်။ ကျွန်မသည် မောင့်ကိုပင် ပြန်၍အားပေးဖို့ ကြိုးစား



ခဲ့ပါသည်။ မောင့်လက်ဖျားတွေကို ဆုပ်ညှစ်လျက် ကျွန်မပြုံးပြလိုက်သည်။

"အိုကော အိုကော ...ဒါတွေ အရေးမကြီးပါဘူး မောင်ရယ်၊ တစ်နေ့မှာတော့ သူ ကိုယ်တို့ရဲ့အချစ်ကို အသိအမှတ်ပြုလာမှာပါ"

သို့သော် တကယ်ဖြစ်ခဲ့သည့် အဖြစ်အပျက်က ကျွန်မထင်ထားသည်ထက်ပို၍ ဆိုးဝါးနေခဲ့သည်။

ကျွန်မနှင့်မောင် ညစာစားသောအချိန်မှာ သီတင်းကျွတ် ရုံးပိတ်ရက်အကြောင်း စတင်ဆွေးနွေးရင်း စကားစပ်မိသွားကြခြင်း ဖြစ်၏။

"ဒီကွပဲနော် မောင့်အလုပ်ကလဲ သုံးရက်ပဲပိတ်တယ်၊ ကိုယ့်ဆေးရုံကလဲ သုံးရက်ပဲ ရက်ရတယ်။ ဒါဖြင့် သီတင်းကျွတ်မှာ ဖေဖေရော မာမီရော နှစ်ယောက်စလုံးကို ကန်တော့ဖို့တော့ မဖြစ်နိုင်ဘူးပေါ့"

ကျွန်မသည် ဖေဖေနှင့် မောင့်မာမီနှစ်ဦးတွင် ဦးစားပေးရမည့်သူကို စိတ်ထဲမှ ရွေးချယ်လိုက်သောအခါ မောင့်မာမီကိုသာ ရွေးမိ၏။ ကျွန်မ၏ ဖေဖေက အများအပေါ် နားလည်လိုက်လျောတတ်သူ၊ သူ့ဘက်ကိုယ့်ဘက် မျှတွေးလေ့ ရှိသူ၊ ထို့ကြောင့် ဖေဖေကိုတော့ မော်လမြိုင်သို့ ဖိတ်ခေါ်လိုက်မည်၊ မောင့်မာမီကတော့(ကျွန်မအထင်) သူ့ဘက်ကိုယ့်ဘက် မျှမတွေးတတ်သူ၊ အတ္တမာနကြီးမားသူ၊ ထို့ကြောင့် ကျွန်မတို့နှစ်ယောက်လုံးက မာမီကို မျက်နှာအောက်ချ၍ ကန်တော့လျှင် ကောင်းမည်ဟု စဉ်းစားခဲ့သည်။ သမီးရှင်နှင့် သားရှင်၏ အရေးကြီးမှုထုံးတမ်းစဉ်လာများကို ကျွန်မချိုးဖောက်၍ပင် မောင့်ဘက်သို့ လိုက်လျောရန် မိုက်မိုက်မဲမဲ မိန်းမဈေးချခဲ့ပါသည်။

"ဒီတော့ ဒီသီတင်းကျွတ်မှာ မာမီကိုပဲ သွားကန်တော့မယ်၊ သီတင်းကျွတ်ရင် မောင် မော်လမြိုင်မလာနဲ့တော့၊ ကိုယ် ရန်ကုန်လာခဲ့မယ်... ဟုတ်ပြီလား"

မောင်က ကျွန်မ စကားမဆုံးမီပင် ကပျာကယာငြင်း၏။

"ဟာ ...မလိုပါဘူး နှင်းရာ၊ ရက်ကလဲ သိပ်ရတာမှ မဟုတ်တာ"

"ဒါပေမယ့် ကိုယ်တို့ မဖြစ်ဖြစ်အောင် လုပ်ရလိမ့်မယ် မောင်ရဲ့၊ ဘာလဲ မာမီက ကိုယ့်ကို ဖော်ဖော်ရွေရွေမရှိမှာကို မောင်ပူပင်နေတာလား...၊ မောင့်ရဲ့နှင်းက မျက်နှာပြောင်ပြီးသားပါကွယ်၊ စိတ်ချ နှစ်ရက်အတွင်း ကိုယ့်ယောက္ခမကြီး ကိုယ့်ကို သဘောကျသွားစေရမယ်၊ သူက သူ့ချွေးမကို

www.burmeseclassic.com

www.burmeseclassic.com



ထမင်းတောင် ချက်တတ်ဖို့ မျှော်လင့်ထားမှာ မဟုတ်ဘူး၊ ဒီတော့ ကိုယ်က ကိုယ်ထမင်းပါမကဘူး၊ဟင်းပါချက်တတ်တဲ့အကြောင်း ကြွားလိုက်မယ်လေ၊ မကောင်းဘူးလား"

ကျွန်မ ရယ်မောသောအခါ မောင်မရယ်မောနိုင်ပါ။ မောင် မျက်နှာ အထားရခက်လျက် ထမင်းပန်းကန်ကိုသာ ငုံ့စိုက်ကြည့်နေခဲ့သည်။ မောင့် အမူအရာကြောင့် ကျွန်မ ပထမဆုံးအကြိမ် ရင်ထဲမှာ လေးလံသွား၏။

"မောင် ဘယ်လိုလဲဟင် ...၊ သီတင်းကျွတ်မှာ မာမီ့အိမ်မှာ ကိုယ်တို့ နှစ်ယောက်စလုံး တည်းလို့ဖြစ်မယ် မဟုတ်လား"

ကျွန်မ ချိုသာစွာမေးမိတော့ မောင် ကျွန်မကို လှမ်းကြည့်သည်၊ မောင့်မျက်လုံးမှာ အားနာမှုကို ကျွန်မမြင်ရသည်။

"အိမ်မှာ တည်းလို့မဖြစ်ဘူး နှင်း"

"ဘာကြောင့်မဖြစ်တာလဲ"

ကျွန်မ မသိမသာ မျက်မှောင်ကြုတ်မိသည်။ မောင်က ခဏတွန့်ဆုတ်သွားပြီးမှ ကျွန်မ၏ ဘယ်ဘက်လက်ကို အသာဆုပ်ကိုင်လိုက်၏။

"မာမီက ခွင့်ပြုမှာမဟုတ်ဘူး"

ကျွန်မရင်ထဲမှာ စူးခနဲ အောင့်သွားသည်ကို မောင်သိမှာစိုး၍ ကမန်းကတန်း ရယ်မောလိုက်မိသည်။

"မစိုးရိမ်စမ်းပါနဲ့ မောင်ရယ် ... အိမ်ပေါ်ရောက်လာတဲ့ ချွေးမတစ်ယောက်ကို ဘယ်ယောက္ခမမှ နှင်မချပါဘူး၊ အဆင်ပြေသွားမှာပါ မောင်ရဲ့"

"ဒါပေမယ့်..."

မောင်က စကားပြောဖို့ ခက်ခဲနေသလို ကျွန်မမျက်နှာကို ခပ်ဆဆ ငေးမောနေပြီးမှ ပင့်သက်တစ်ချက်ရှိုက်ကာ ဖြုန်းခနဲပြောချလိုက်၏။

"ဒါပေမယ့် ကျွန်တော်နဲ့နှင်း လက်ထပ်တာကို မာမီမသိသေးဘူး လေ ...နှင်းရဲ့"

တိုးတိတ်သော မောင့်စကားသည် ကျွန်မအသိဉာဏ်အားလုံးကို ဆွဲ ထုတ်လိုက်သလိုပင် ကျွန်မ တစ်ခဏ ကြောင်အသွား၏။ မောင့်စကား၏ အဓိပ္ပါယ်ကို ကျွန်မနားလည်အောင် တော်တော်စဉ်းစားယူရသည်အထိပင် ကျွန်မ တုန်လှုပ် အံ့ဩသွားပါသည်။



အဓိပ္ပါယ်ကို သဘောပေါက် သွားသောအခါမှာတော့ လောကတစ်ခုလုံး တိတ်ဆိတ်စွာ ငြိမ်ကျသွားသည်။ အစဉ်အလာရှိသည့် အစိတ်စိတ်အမြွှာမြွှာ အက်ကွဲ ပျံ့လွင့်သွားသလို ခံစားလိုက်ရသည်။ ဟိုးအဝေးမှာ စီးဆင်းနေသော သံလွင်မြစ်၏ ရေသံကိုပင် ကြားနေရလောက်အောင် ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်သွားပါသည်။

မတုန်မလှုပ် ငြိမ်သက်သွားသော ကျွန်မကိုယ်ခန္ဓာတွင် ပထမဦးဆုံး သိလိုက်ရသော ခံစားမှုမှာ ပါးပြင်နှစ်ဖက်ဆီမှ ပူနွေးစွာ ရှက်ရွံ့မှု၊ ထို့နောက် ကျွန်မ၏ ရင်ညွန့်ဆီမှာ စူးစူးနင့်နင့် လေးလံစွာ နာကျင်မှု၊ ထို့နောက် လက်ဖျားနှစ်ဖက်ဆီမှာ အေးစက်သော ထုံထိုင်းမှု။

ကြာမြင့်စွာ ကိုင်ထားမိသော ဇွန်းခက်ရင်းအစုံသည် ပန်းကန်ထဲသို့ သူ့အလိုအလျောက် ကျသွားပြီးသောအခါ ကျွန်မထိုင်နေရာမှ ဖြည်းညင်းစွာ ထရပ်လိုက်မိသည်။

"နှင်း..."

မောင့်အသံက လျှော့တိလျှော့ရဲ။ ကျွန်မမောင့်ကို လှမ်းကြည့်သော် လည်း မောင့်မျက်နှာမှာ ဝါးနေ၏။ ကျွန်မ အခန်းပြင်သို့ တစ်လှမ်းချင်း ထွက်လာခဲ့စဉ်မှာ ကျွန်မ၏ခြေလှမ်းများ ထုံထိုင်းနေခဲ့၏။ ခြေလှမ်းလှမ်း တိုင်း မာမီ မသိသေးဘူး ဟူသော အသိတရားသည် ပို၍ပို၍ သေချာနိုင်မြဲ လာ၏။

ဖြစ်မှ ဖြစ်ရလေခြင်း။ ကျွန်မကိုယ်ကျွန်မ ဘယ်လောက်ပဲ ဂုဏ်ယူစွာ တန်ဖိုးထားပါစေ၊ တကယ့်အဖြစ်မှန်မှာတော့ ကျွန်မသည် ကျွန်မကိုလက်ထပ် သော ယောကျ်ားက သူ့မိခင်ကို အသိပေးဖို့ မဝံ့ရဲလောက်အောင် တန်ဖိုးမဲ့ သော မိန်းမတစ်ယောက်ပါပဲလား။ ကျွန်မသည် နံရံမှာ ချိတ်ထားသော ပေဖေ့သံနှုတ်ရှိ၏ ချိန်သီးကလေးကို ငေးမောကြည့်ရင်း ဤအဖြစ်အပျက်ကို ဘယ်လို လက်ခံရင်ဆိုင်ရမှန်း မသိအောင် ရှက်နေမိသည်။

လက်နှိပ်စက်တင်ဖို့ ရည်ရွယ်ခဲ့ပြီး လက်နှိပ်စက်ရောက်မလာခဲ့သော ဧည့်ခန်းစာရေးစားပွဲ၏ အစွန်းကို လက်ဖြင့်တင်းကျပ်စွာ ဆုပ်ကိုင်လျက် မောင့်ကို ပုံမှန်အတိုင်း စကားပြောနိုင်ဖို့ ကျွန်မငြိမ်သက်စွာ အားယူနေစဉ် မောင် ကျွန်မ၏ အနောက်သို့ ရောက်လာ၏။ ကျွန်မ၏ ပခုံးနှစ်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com

ခပ်မှုန်မှုန် ဆုပ်ကိုင်လိုက်သော မောင့်လက်များသည် နွေးထွေးမှု ကင်းမဲ့နေသည်ဟု ပထမ ဦးဆုံးအကြိမ် ကျွန်မထင်မြင်လာသည်။

"ဒီအခြေအနေက သိပ်ကြာမှာ မဟုတ်ဘူး နှင်းရယ် ...ကျွန်တော်ကတိပေးပါတယ်"

ယခု ကျွန်မ ခံစားရသော ရက်စွဲ့နာကျင်မှုသည် အချိန်ကာလနှင့်လုံးဝ မသက်ဆိုင်ကြောင်း မောင့်ကို အော်ဟစ်ပစ်လိုက်ချင်၏။ သို့သော် ကျွန်မ၏စိတ်ကို ထိန်းချုပ်ထားခဲ့သည်။ ကျွန်မ အနည်းငယ် ပြုံးလိုက်ပြီး ခေါင်းယမ်းခါ ပစ်လိုက်၏။ ထို့နောက် နောက်ဘက်သို့ ပြန်းခနဲလှည့်၍ မောင့်ကို စေ့စေ့ကြည့်မိသည်။

"ဒီအတိုင်းဆိုရင် မော်လမြိုင်ကို တစ်ပတ်တစ်ခါ လာရတာ မောင့်အတွက် သိပ်ကြီးမားတဲ့ စွန့်စားမှုတွေပေါ့နော်"

မောင်မငြင်းပါ။ ကျွန်မကို မောင့်ရင်ခွင်ထဲ ဆွဲဖက်သွင်းကာ တင်းကျပ်စွာ ဖက်ထားရင်းက ကျွန်မ၏ဆံပင်များကို အထပ်ထပ်အခါခါ နမ်းရှိုက်လေသည်။ ဤပွေ့ဖက်မှုသည် ကျွန်မအပေါ်မှာ ချစ်မြတ်နိုးစိတ်ကြောင့်မဟုတ်၊ မောင့်မျက်လုံးတွေ၏ အနက်အဓိပ္ပါယ်ကို ကျွန်မအကဲခတ် သိရှိသွားမှာစိုးရိမ်စိတ်ကြောင့်ဖြစ်သည်။ ကျွန်မသည် မောင့်မျက်နှာကို အကဲခတ်လိုစိတ်ဖြင့် ရုတ်ရုန်းထွက်ကာ မောင့်ကို မော့ကြည့်မိသည်။

"မနက်သုံးနာရီ ရထားဆင်းတိုင်း မောင်ဘာအကြောင်းပြချက်နဲ့ အိမ်ကထွက်လာသလဲ"

မောင်က ကျွန်မမျက်လုံးကို တည့်တည့်မကြည့်ဘဲ ဖြေသည်။

"မော်လမြိုင်ကို ကျွန်တော် ရုံးပိတ်ရက်တိုင်း လာတယ်ဆိုတာတော့ မာမီ သိပါတယ်"

"ဪ..."

ကျွန်မအသံ၏ ခါးသီးမှုကို မောင်ရိပ်မိသွားကာ ကျွန်မ၏ဆံပင်များကို လက်ဖြင့် နုံးညံ့စွာသပ်ပေးလျက် တိတ်ဆိတ်နေသည်။ ကျွန်မ မောင့်လက်ကို ခပ်ဆတ်ဆတ် ပုတ်ချပစ်လိုက်မိသည်။

"အဓိပ္ပါယ်ကတော့ ကိုယ့်ကို အတည်တကျလက်ထပ်တဲ့သတင်းကြားရမဲ့လို့ ကျန်တဲ့အဖြစ်အပျက်တွေကိုတော့ အမှန်အတိုင်းဖွင့်ပြောလို့ ရတယ်



ပေါ့... ဟုတ်လား မောင်"

ဒေါသကို ထိန်းချုပ်၍ ခပ်တိုးတိုးမေးသောအခါ မောင် ကျွန်မကို တည့်တည့်မျက်လုံးချင်း ဆုံ၍ကြည့်၏။ ကျွန်မ၏ ဒေါသကို မောင်စိတ်ပျက်နေဟန်သာ ရှိ၍ တုန်လှုပ်ချောက်ချားဟန် လုံးဝမရှိပေ။

"ကျွန်တော် နှင်းအိမ်မှာပဲ တည်းတယ်ဆိုတာ မာမီသိချင်မှသိမှာပေါ့ နှင်းရယ်၊ ကျွန်တော်လဲ မပြောဖြစ်ပါဘူး၊ မာမီကလဲ မမေးပါဘူး၊ မာမီက သူတစ်ပါးရဲ့ကိစ္စကို မလိုအပ်ဘဲနဲ့ မစပ်စုပါဘူး၊ ဒီကိစ္စကို နှင်းဘာဖြစ်လို့ ဒီလောက်အလေးအနက် ထားနေရတာလဲ"

ဘုရားရေ ...။ ဘာဖြစ်လို့ကျွန်မက အလေးအနက် ထားနေရတာလဲ ...။ ထိုစကားအဆုံးမှာတော့ ကျွန်မသည်းခံ မျိုသိပ်ထားသမျှဒေါသတွေ ပွင့်ထွက်သွားခဲ့ရပါသည်။

"ဘာဖြစ်လို့ အလေးအနက် ထားနေရသလဲဆိုတော့ မိန်းမတစ်ယောက်ဟာ ဟင်းရွက်ကန်စွန်းရွက် မဟုတ်လို့ပဲပေါ့"

ကျွန်မ၏ဒေါသကို မောင်က ချော့မော့ပျောင်းဖျဖို့ မကြိုးစားဘဲ မျက်နှာထား တင်းတင်းဖြင့် တုံ့ပြန်ခဲ့သည်။

"ဒါပေမယ့် နှင်းကိုလဲဘယ်သူကမှ ဟင်းရွက်ကန်စွန်းရွက်လို့ သဘောမထားခဲ့ပါဘူး၊ ကျွန်တော်နဲ့နှင်းဟာ အသက်အစိတ်ကျော်ပြီ၊ ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ်ချနိုင်တဲ့အရွယ်တွေပဲ၊ ကျွန်တော်တို့နှစ်ယောက်လုံးရဲ့ တူညီတဲ့ဆန္ဒနဲ့ ကျွန်တော်တို့ လက်ထပ်ခဲ့ကြတယ်။ ကျွန်တော်ဘက်က အသိသက်သေအဖြစ်ကိုမြင့်အေးက လက်မှတ်ထိုးတယ်၊ နှင်းဘက်က အသိသက်သေအဖြစ်မညွန့်ညွန့်က လက်မှတ်ထိုးတယ်။ တရားသူကြီးတစ်ယောက်ရဲ့ သဘောတူခွင့်ပြုချက်ထက် အမေတစ်ယောက်ရဲ့ ခွင့်ပြုချက်က ဘယ်လိုအရေးကြီးနေလို့လဲ ...ကျွန်တော် နားမလည်ဘူး။ သားလုပ်သမျှ ကိစ္စတိုင်းကိုတော့ အမေ သိစရာမလိုဘူး နှင်း"

မောင်တစ်လုံးချင်းပြောသော အေးစက်စက်စကားသံက ကျွန်မ၏ဒေါသကို မငြိမ်းစေနိုင်သည့်အပြင် ပို၍အရှိန်ပြင်းအောင် ပင့်ပေးသောလေပြင်းပမာဖြစ်ခဲ့ရလေသည်။

"ကိုယ်ပြောနေတာ ခွင့်ပြုတာမပြုတာကို ပြောနေတာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အသိပေးတဲ့ကိစ္စကို ပြောနေတာ၊ သူ့ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ မောင်က အသိပေးဖို့ ဝတ္တရားရှိတယ်၊သားလုပ်သူ့ ကိစ္စတိုင်းကို မအေသိစရာ မလိုပေမယ့် သားလက်ထပ်တဲ့ကိစ္စကိုတော့ အမေတစ်ယောက်သိသင့်တယ်"

"မောင်ကကျွန်မကို စူးစူးစိုက်စိုက်ကြည့်၏။ ကျွန်မ၏ ဒေါသသည် မောင်၏ခွဲခြမ်းစိတ်ဖြာသော စူးစမ်းအကြည့်ကြောင့် ပို၍ကြီးမားလာခဲ့သည်။

"အခုဟာက နင်းက မာမီ့အခွင့်အရေးအတွက် မာမီ့ဘက်က အရေးဆို နေတာတော့ မဟုတ်ပါဘူးနော်"

ကျွန်မ ခါးသီးစွာ ပြုံးလိုက်ပါသည်။

"လုံးဝမဟုတ်ပါဘူး၊ကိုယ်က ဖေဖေ့ဘက်ကနေ အရေးဆိုနေတာပါ၊ သမီးရှင်ဘက်ကအရေးဆိုနေတာ ...နားလည်ရဲ့လား။ ကိုယ့်သမီးလေးတစ်ယောက် မတန်မရာကောင်နဲ့မှ ဖြစ်ရလေခြင်းလို့ နာကျည်းနေတဲ့ဖေဖေ့ဆီက သမီးရဲ့လက်ထပ်ပွဲကို အသိအမှတ်ပြုတဲ့စာရတယ်၊ လက်ဖွဲ့ပစ္စည်းရတယ်၊ ဒီလက်ထပ်ပွဲကို သမီးရဲ့ယောက္ခမ သိတောင်မသိဘူးဆိုတာ ဖေဖေများရိပ်မိရင် ဖေဖေ ဘယ်လိုခံစားရမလဲ ...ဘယ်လောက်ရှက်ရမလဲ၊ဒီတော့ ဖေဖေ့အရှက်နဲ့ သိက္ခာအတွက် ကိုယ်မောင့်ကို တောင်းဆိုတယ်၊ ဒီတစ်ပတ် အိမ်ပြန်ရင် မောင့်အမေကို အသိပေးခဲ့ပါ"

ကျွန်မ၏အမိန့်ဆန်သော စကားသံကို မောင်က အာခံသည့် မျက်နှာထားဖြင့် ပြုံး၍တုံ့ပြန်ခဲ့၏။

"နင်း ပြောလိုက်သမျှ စကားတွေထဲမှာ ကျွန်တော့်နားထဲရောက်သွားတာ တစ်ခွန်းတည်းပဲရှိတယ်၊ မတန်မရာကောင် ...ဆိုတဲ့စကားပဲ"

ကျွန်မသည် ဒေါသအလျှောက် လွှတ်ကနဲထွက်သွားမိသော အမှန်စကားကြောင့် မောင့်ကို ဘာပြန်ပြောရမှန်း မသိအောင် တွန့်ဆုတ်သွားပါသည်။ သို့သော် ထိုစကားကိုကျွန်မအား ပြန်ရုပ်သိမ်းခိုင်းလျှင်တောင် ရုပ်သိမ်းမပေးနိုင်ပါ။

"ဒါပေမယ့် ဒီစကားဟာ နင်းကိုယ်တိုင်က ပြောတဲ့စကားလား၊ ဒါမှမဟုတ် နင်းဖေဖေက ပြောခဲ့တဲ့စကားလားဆိုတာ ကျွန်တော်မသိချင်ဘူးနော်၊ နင်းကျွန်တော့်ကိုဘာမှမပြောပါနဲ့။နင်းဖေဖေက ပြောခဲ့တဲ့စကားတောင် မဟုတ်ဘဲ နင်းဖေဖေရဲ့စိတ်ကို အပြင်ကနေအကဲခတ်ပြီး အဖေ့ကိုယ်စား



ပြောလိုက်တဲ့ နင်းရဲ့ထင်မြင်ချက်လို့ပဲ ကျွန်တော် ယူထားချင်တယ်"

ဤစကားသည် မောင့်မာနကို နက်နက်ရှိုင်းရှိုင်း ထိခိုက်သွားပြီ ...ဟု ကျွန်မ နားလည် လိုက်သည်။ သို့သော် အံ့ဩစရာကောင်းစွာပင် သည်အတွက် ကျွန်မ နည်းနည်းမျှ စိတ်မကောင်းမဖြစ်မိ၊ နည်းနည်းမျှလည်း နောင်တမရမိပါ။ အကယ်၍ မောင်မေးလာခဲ့လျှင်တောင် ဤစကားသည် ကျွန်မနှင့်ဖေဖေ နှစ်ယောက်စလုံး၏ ထင်မြင်ချက်ဖြစ်ကြောင်း မောင့်ကိုဝန်ခံချင်စိတ်တွေ ပေါ်ပေါက်နေခဲ့၏။ ဝန်ခံလိုက်လျှင်လည်း ကျွန်မနှင့်မောင်၏ ဘဝသည် ပြီးဆုံးသွားတော့မည်။ခက်နေသည်က ထိုကဲ့သို့ပြီးဆုံးသွားမည်ဆိုလျှင်တောင် (နောက်မှ ငိုရှိုက်ကာ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ချင်ဖြစ်မည်) ယခု ဆလာ လောဆယ်မှာ နည်းနည်းမျှ ဝမ်းမနည်းနိုင်အောင် ကျွန်မမှာ ဒေါသနာကျည်းမှုတွေ ဖုံးလွှမ်းနေခဲ့ပါသည်။

"မကြားလိုက်ဘူးဆိုရင် ကိုယ်နောက်တစ်ခါထပ်ပြောမယ် ..ဒီတစ်ပတ် အိမ်ပြန်ရင် မောင့်အမေကိုအသိပေးခဲ့"

ကျွန်မ၏ ပျော့ပျောင်းမှုမရှိသော စကားသံကို မောင်မကျေနပ်နိုင်ကြောင်း ကျွန်မသိသည်။

"ဒါ ကျွန်တော့်ကို အမိန့်ပေးတာလား၊ဒါဆိုရင်တော့ ကျွန်တော်လုံးဝ မလိုက်လျောနိုင်ဘူးနင်း"

အလွန်မာနကြီးသော မောင်၏ ပေါက်ကွဲမှုကို ကျွန်မနားလည်ပါသည်။ သို့သော် ကျွန်မသည်တစ်ခါတော့ မောင့်ခံစားချက်ကို ဦးစားပေး မလိုက်လျော နိုင်ပါ။

"ဇနီးတစ်ယောက်က ခင်ပွန်းကို ဘာအကြောင်းကြောင့်မှ အမိန့်ပေးခွင့် မရှိဘူး၊ ဖျောင်းဖျ တောင်းဆိုခွင့်ပဲ ရှိတယ်၊ နင်း ကျွန်တော်ပြောတာ သဘောပေါက်လား"

ကျွန်မ မောင့်အနီးမှ ဖြုန်းခနဲခွာ ထွက်သွားလိုက်မိ၏။ကျွန်မ၏နာကျည်းသော မျက်လုံးများကို မောင် မမြင်စေလိုသောကြောင့် ဖြစ်ပါသည်။

မောင်ဟာ ယောကျ်ားတစ်ယောက်ရဲ့ အခွင့်အရေးနဲ့ မိန်းမတစ်ယောက်ရဲ့ အခွင့်အရေးတွေကို ခွဲခြားသတ်မှတ်ပေးနေပြီပေါ့။ မောင့်ကို feminist တစ်ယောက်ဟု ကျွန်မ မှားယွင်းစွာ သတ်မှတ်ခဲ့မိသည်။ လက်တွေ့တော့

www.burmeseclassic.com

www.burmeseclassic.com

မောင်သည် ယောကျ်ားအဆန်ဆုံး ယောကျ်ားတစ်ယောက်ပါပဲလား။

"နှင်း…"

မောင့်အသံမှာ မာကျောမှုလုံးဝမရှိတော့ဘဲ နူးညံ့ပျော့ပျောင်းနေ၏၊ သို့သော် ကျွန်မလှည့်မကြည့်မိပါ။ မောင်က ကျွန်မအနီးသို့ ရောက်လာပြီး ကျွန်မကို ခပ်ဖွဖွဖက်လိုက်သည်။

"နှင်းရဲ့ ဟောဒီနှုတ်ခမ်းလေးက ဘာဖြစ်လို့အဲဒီလို မာရေကျောရေ အာဏာပြစကားမျိုး ပြောချင်ရတာလဲဟင်"

ကျွန်မ၏နှုတ်ခမ်းကို မောင်ကလက်ညှိုးဖြင့် ဖွဖွလေးထိတို့သော့ကစား လျက် ပြုံးလေသည်။ မောင့်မျက်လုံးကို အကဲခတ်ကြည့်မိတော့ စောစောက ဒေါသမျိုး မတွေ့ရ။

"နှင်းကယောကျ်ားကို နိုင်ချင်တာလား၊နှင်းက အဲဒီလို မိန်းမမျိုးလား"

ကျွန်မသည်မောင်၏ တိုးတိတ်သောစကားသံကို နားထောင်ရင်း တင်းထားသော ဒေါသတွေ တဖြည်းဖြည်း ကျဆင်းကုန်ဆုံးသွားပါသည်။ ထိုအခါ ကျွန်မ၏မျက်နှာကို မောင့်ရင်ခွင်မှာအပ်လျက် မောင့်ကိုပျော့ခွေစွာ မှီရပ်နေမိသည်။

"နှင်းရယ် …မိန်းမတစ်ယောက်ဟာ ကိုယ့်ယောကျ်ား ဘယ်လိုလူစားမျိုး လဲ၊ ဘယ်လိုပုံစံကို ကြိုက်တတ်သလဲဆိုတာ သိထားဖို့ကောင်းပါတယ်၊ ယောကျ်ားအကြောင်းသိရင် အဲဒီမိန်းမဟာ အမိန့်ပေးစရာမလိုဘဲ ယောကျ်ား နာခံအောင် လုပ်နိုင်စွမ်းရှိပါတယ်၊ကျွန်တော်ဘယ်လို လူစားလဲ နှင်းမသိဘူး လား … ဟင်"

ကျွန်မ မောင့်ရင်ခွင်ထဲမှာပင် အံကြိတ်ပြုံးမိ၏။ မောင့်အကြောင်းကို မောင့်မိခင်သိသည်ထက် ကျွန်မက ပို၍သိနိုင်ကြောင်း မောင့်ကိုမပြောပြတော့ပါ၊ သို့သော် မောင်ဘယ်လိုလူစားလဲဟု ကျွန်မသိသလို ကျွန်မဘယ်လိုမိန်းမစားလဲ ဆိုတာကိုရော မောင်ထည့်တွက်ဖို့ မကောင်းပေဘူးလား။

"ကျွန်တော် နာခံစေချင်ရင် ကျွန်တော်နာခံနိုင်တဲ့ အသုံးအနှုန်းမျိုးနဲ့ပဲ ပြောပါ၊ကျွန်တော်ခံသာတဲ့ အနေအထားမျိုးသုံးပြီး ကျွန်တော့်ကိုတောင်းဆိုပါ၊ ကျွန်တော်နဲ့နှင်း တွေ့ရတဲ့အချိန်က နည်းလွန်းလို့ ရသမျှအချိန်ကလေးမှာ နှင်းကို ကျွန်တော် စိတ်မဆိုးချင်ဘူး၊ နှင်းဒေါသကိုလဲ ကျွန်တော်မရချင်ဘူး…



ပော် နှင်းနားလည်ရဲ့လား"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်မာမီ့ကို အသိပေးသင့်တယ်လို့ နှင်းထင်တယ်နော်"

ကျွန်မ နောက်တစ်ကြိမ်ထပ်၍ ခေါင်းညိတ်လိုက်ပါသည်။

သို့သော်မောင်သည် တာဝန်တစ်ခုကို ရင်ဆိုင်ရဲစွာ ခေါင်းရှောင်လိုစိတ် ရှိနေခဲ့သည် ဆိုတာကိုတော့ နောက်တစ်ပတ်ကျမှ ကျွန်မသိခဲ့ရသည်။ နောက် တစ်ပတ်စနေနေ့မှာ မောင်ရောက်လာသောအခါ မောင်မာမီကို ဘာ စကားမှ မပြောရသေးကြောင်း ကျွန်မသိရသည်။ ကျွန်မသည်မောင်၏ သတ္တိနည်းမှုကို ပထမဆုံးအကြိမ် စိတ်ပျက်သွားမိ၏။

"ပြောလိုက်လို့ ရလာမယ့်ရလဒ်ကို ကျွန်တော်ကြိုသိပြီးသားပါနှင်းရဲ့၊ မာမီ့အကြောင်း ကျွန်တော်သိလို့ပြောနေတာ …ခဏနေပါဦး၊ကျွန်တော်မြန်မာ နိုင်ငံက ထွက်ခွာခါနီးတော့ ဖွင့်ပြောခဲ့မှာပေါ့"

ကျွန်မ သည်ကိစ္စကိုကြာရှည် သည်းညည်းခံနိုင်လိမ့်မည် မဟုတ်ကြောင်း ကိုယ့်ဟာကိုယ်သိသည်။

"မောင်ဟာ ကလေးမအေတစ်ခုလပ် မိန်းမတစ်ယောက်ကို လက်ထပ် ထားတာမဟုတ်ဘူး၊ မိန်းမပျက်တစ်ယောက်ကို လက်ထပ်ထားတာမဟုတ်ဘူး၊ လင်ရှိမိန်းမတစ်ယောက်ကို ကြာခိုနေတာလဲ မဟုတ်ဘူး၊ ဂုဏ် သရေရှိ မိန်းမတစ်ယောက်ကို လက်ထပ်ထားတာပါ …မောင်ရဲ့၊မောင်ဖွင့်မပြောရဲစရာ ဘာအကြောင်းမှမရှိဘူး၊ မောင်သက်သက် ပုံကြီးချဲ့နေတာ"

ကျွန်မသည် ဒေါသကို မျိုသိပ်ထိန်းချုပ်လျက် နာကျင်စွာရေရွတ်မိသည်။

ထိုညတွင် ကျွန်မ၏ကိုယ်ခန္ဓာသည် ခါတိုင်းလို ပူနွေးပျောင်းနွဲ့မှုမရှိဘဲ ပထမဦးဆုံးအကြိမ် အေးစက်တောင့်တင်းနေခဲ့သည်။ မောင်၏နွေးထွေးသော နှုတ်ခမ်းများသည် ကျွန်မ၏တင်းကျပ်စွာအာခံသောနှုတ်ခမ်းများနှင့်တွေ့သော အခါ အေးစက် တုန့်ဆိုင်းသွားလေသည်။

"နှင်း…"

မောင်ကရုတ်တရက် ကျွန်မမျက်နှာကို ငုံ့ကြည့်ကာ နားမလည်နိုင်ဘဲ ဖြစ်နေ၏။

"နှင်း ဘာဖြစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းသည် ကျွန်မအလွန်ဖြေချင်နေသော မေးခွန်း ဖြစ်ကြောင်း ကျွန်မချက်ချင်း သိလိုက်သည်။

"ကိုယ်ဘာဖြစ်နေသလဲ ...ဟုတ်လား။ ကိုယ်ဘာဖြစ်နေသလဲ သိပ်သိသာပါတယ် မောင်ရယ် ... So I am a kept woman!"

ကျွန်မ မျက်ရည်မကျပါ။ ဤကိစ္စသည် မျက်ရည်ကျစရာ ကိစ္စတစ်ခု မဟုတ်ပါ။ ဤကိစ္စသည် နာကျည်းစရာ၊ ရယ်မောစရာကိစ္စတစ်ခုသာ ဖြစ်ပါသည်။ ထို့ကြောင့် မောင့်ကိုအဖြေပေးပြီးပြီးချင်း ကျွန်မအသံထွက် ရယ်မောလိုက်မိ၏။ မောင်ဝုန်းကနဲ ထထွက်သောအခါ ကျွန်မ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

နောင်နှစ်ရက်အကြာတွင် ကျွန်မသည် ထိုကိစ္စကို စိတ်လိုက်မာန်ပါ ဖြေရှင်းပစ်လိုက်မိ၏။

မောင်ရန်ကုန်ပြန်သွားပြီးလျှင်ပြီးချင်း ကျွန်မတို့နှစ်ယောက်၏ လက်ထပ်စာချုပ် မိတ္တူတစ်ခုကို မောင့်မိခင်ထံသို့ နာမည်နှင့်လိပ်စာတပ်လျက် စာတိုက်မှ ထည့်လိုက်ခြင်းပင်ဖြစ်ပါသည်။

ထိုနေ့မှစ၍ ကျွန်မရင်ထဲ၌ရှိနေသော အစိုင်အခဲကြီးတစ်ခု ပျောက်ကွယ်သွားသလိုပင် စိတ်ကျေနပ်စွာပေါ့ပါးသွားလေသည်။ စာအိတ်ကိုဖွင့်လျှင်ဖွင့်ချင်း ပြောင်းလဲသွားမည့် မောင့်မာမီ၏ မျက်နှာထားကို ကျွန်မ တစိမ့်စိမ့်တွေး၍ ခံစားလို့ ကောင်းနေတော့သည်။ မောင်ရုံးမှပြန်၍ အိမ်ပြန်ရောက်သောအခါ မောင့်ကို မောင့်မာမီက ဘယ်လိုမျက်နှာထားဖြင့် ဆီးကြိုမှာလဲ။ မောင်သိသွားလျှင် မောင် ဘယ်လိုခံစားရမလဲ။ မောင်ဘယ်လောက် ကျွန်မကို ဒေါပွလိုက်မလဲ။ ကျွန်မသည် တစ်ပတ်လုံးလုံး မောင်တို့သားအမိ အကြောင်းကိုသာ စဉ်းစား ကျေနပ်နေခဲ့မိပါ၏။

စနေနေ့တွင် မောင်ကျွန်မဆီရောက်ချင်မှ ရောက်လာမည်။ မောင်၏ ဒေါသထုထည်ကို ကျွန်မ မခန့်မှန်းနိုင်ပါ။ ကျွန်မ ထင်ထားသည်ထက် ကြီးမားချင်ကြီးမားနေလိမ့်မည်ဟု ကြိုတင်တွေးလျက် စနေနေ့နေ့လည်စာကို ခါတိုင်းကဲ့သို့ မောင့်ကို စောင့်မနေဘဲ စားထားနှင့်လိုက်၏။ သို့သော် မောင်ရောက်လာပါသည်။

ခြံတံခါး သော့ခလောက် ဖွင့်သံကို ကျွန်မ ကြားလိုက်ရသောအခါ



ကျွန်မ နည်းနည်းတော့ လန့်သွား၏။ (နောက်ပိုင်းတွင် အချို့စနေနေ့များ၌ ဆေးရုံသို့ တစ်ခါတစ်ရံ သွားရတတ်သောကြောင့် မောင့်ကိုကျွန်မ အိမ်သော့တစ်စုံ ပေးထားခဲ့ပါသည်။) အိမ်တံခါးကို အပြင်မှခေါက်လိုက်တော့ ကျွန်မချက်ကနဲ တုန်လှုပ်သွားသေး၏။ တံခါးဆီ လျှောက်လာရင်း ခါတိုင်းမောင့်ကိုကြိုဆိုသည့် နည်းအတိုင်း နမ်းဖို့ကောင်းပါ့မလားဟု အပြေးအလွှား စဉ်းစားနေခဲ့၏။ သို့သော်ကျွန်မ ခပ်စွာစွာ နေလိုက်လျှင်လည်း ကျွန်မသည် မိမိကျူးလွန်မိသော အပြစ်ကြောင့် မဝံ့မရဲ တွန့်ဆုတ်နေသည်ဟု မောင်ထင်သွားနိုင်၏။ ကျွန်မသည် ဘာတစ်ခုမှ အပြစ်မလုပ်ခဲ့ဘဲ လုပ်သင့်သည့် အလုပ်ကိုသာ ရဲရဲဝံ့ဝံ့ လုပ်လိုက်ခြင်းဖြစ်ပြီး ထိုလုပ်ရပ်အတွက်လည်း စိတ်အနှောင့်အယှက်မဖြစ်ကြောင်း မောင် ယုံကြည်စေချင်သည်။

တံခါးဖွင့်ပေးလိုက်သောအခါ မောင်အိမ်ထဲသို့ ဝင်လာပါသည်။ ကျွန်မသည် ခါတိုင်းလိုပင် မောင့်ကို အပြုံးဖြင့် ခပ်ရွှန်းရွှန်းကြိုဆိုလျက် တံခါးပြန်ပိတ်လိုက်၏။ ထို့နောက် ခါတိုင်းလိုပင် မောင့်အကျီကော်လာစွန်းနှစ်ဖက်ကိုဆွဲ၍ နှိမ့်ကာ မျက်နှာထား တင်းမာနေသော မောင့်ကို နမ်းရန် ဟန်ပြင်လိုက်သည်။ သို့သော် မောင်က ကျွန်မကို ဖြုန်းဆို ကြမ်းတမ်းစွာ တွန်းဖယ် ထုတ်ပစ်လိုက်ပါသည်။

"နင်းလုပ်လိုက်တဲ့ လုပ်ရပ်ကို သိပ်ပျော်နေပုံရတယ် ... ဟုတ်လား နင်း".

ကြမ်းတမ်း မာကျောသော မောင့်စကားသံသည် ဒေါသနှင့်ဆန့်ကျင်စွာ တိုးတိတ်အေးစက်လျက် ရှိ၏။ ကျွန်မသည် စားပွဲစွန်းနှင့် တိုက်မိသည်အထိ အရှိန်ဖြင့် နောက်သို့ လွင့်သွားသော်လည်း မျက်နှာကို အပြုံးမလျော့အောင် ထိန်းချုပ်ထားလိုက်နိုင်ပါသည်။

"ပျော်ဖို့လုပ်တဲ့ အလုပ်မှ မဟုတ်တာ ကိုယ်ပျော်ပါ့မလားကွယ်"

ကျွန်မ အပြုံးမပျက် ညင်သာစွာ ပြောမိတော့ မောင်က ကျွန်မအနီးသို့ တစ်လှမ်းချင်း တိုးကပ်လာ၏။ မောင့်မျက်လုံးများမှာ ဒေါသအရိပ်အငွေ့များဖြင့် စူးရှတောက်ပလျက် ရှိသည်ကို မြင်ရသောအခါ ကျွန်မစိတ်တွေ လေးလံသွားသည်။ မောင်က ကျွန်မ၏ပခုံးကို ဆုပ်ကိုင်၍ တွန်းထားသောကြောင့် ကျွန်မ နောက်သို့ယိမ်းယိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"နှင်း ဒီလောက်မိုက်မဲလိမ့်မယ်လို့ ကျွန်တော်ဘယ်တုန်းကမှ မထင်ခဲ့ဖူးဘူး၊ နှင်းမှာ ဆင်ခြင်ဉာဏ်ကလေး၊ စဉ်းစားဉာဏ်ကလေးတော့ ရှိလိမ့်မယ်လို့ ထင်ခဲ့တယ်၊ အခုတော့ နှင်းဟာ တော်တော်မိုက်မဲတဲ့ မိန်းမ..."

စားပွဲစွန်းနှင့် ထိမိနေသော ကျွန်မ၏တင်ပါးနေရာသည် မောင်၏ ဖိကပ်တွန်းထားမှုကြောင့် စူးစူးဝါးဝါး နာကျင်လာသည်။

"ဘာအကျိုးအမြတ်ကိုမှ မရနိုင်ဘူးဆိုတာ နှင်းသိလျက်နဲ့ ဖွတ်တိုးလုပ်တယ်၊ ကျွန်တော့်ကို စော်ကားချင်တာလား၊ မာမှီကို စော်ကားချင်တာလား ကျွန်တော်မသိဘူး။ မာမှီရှေ့မှာ ကျွန်တော့်ကို အရှက်ခွဲချင်တာဆိုရင်တော့ နှင်းရဲ့လုပ်ရပ်က တော်တော်ထိရောက်ပါတယ်။ ဒီမယ်နှင်း... ကျွန်တော့်ကို သေသေချာချာကြည့်စမ်းပါ၊ သေသေချာချာ မျက်နှာချင်းဆိုင်ပြီး ကြည့်စမ်းပါ"

ကျွန်မ၏မေးစေ့ကို လက်ဖြင့် ဖိညှစ်ကိုင်ကာ ကျွန်မမျက်နှာကို ကြမ်းကြမ်းတမ်းတမ်း လှုပ်ခါယမ်းပစ်တော့ ကျွန်မနာကျင်မှုကြောင့် အံကြိတ်ထားပါလျက် မျက်ရည်ရစ်ဝဲလာသည်။

"ဒီလိုလုပ်လိုက်တဲ့အတွက် နှင်းကို တစ်သက်လုံး ခွင့်မလွှတ်ဘူး၊ နားလည်ရဲ့လား"

မင်းခွင့်လွှတ်တာ မလွှတ်တာကို ကိုယ်လုံးဝ သောက်ဂရုမစိုက်ဘူး... ကျွန်မသည် ပြောချင်သော စကားကို မျိုချပစ်လိုက်ရ၏။

"ဘယ်လို ရလာဒ်မျိုးကို မျှော်လင့်ပြီး လုပ်လိုက်တာလဲဟင် ...နှင်း"

"ကိုယ် ခိုးကြောင်ခိုးဝှက်အလုပ်မျိုး ဘယ်တော့မှ မလုပ်နိုင်ဘူး၊ ဒါကြောင့် မာမှီကို အသိပေးလိုက်တာ"

ကျွန်မ စကားအဆုံးတွင် မောင် ဖြုန်းခနဲ နောက်ဆုတ်ခွာသွား၏။ ကျွန်မ၏ ကိုယ်ခန္ဓာမှာ နာကျင်မှုမှ ကင်းလွတ်သွားသည်။ ထိုအခါကျမှပင် ကျွန်မ ဘယ်လောက် နာကျင်နေခဲ့သည်ကို သတိထားမိ၏။

"ခိုးကြောင်ခိုးဝှက် အလုပ်မလုပ်ဘူးလို့ နှင်းပြောတော့ ကျွန်တော်က ဘယ်လိုလုပ် ယုံနိုင်ပါ့မလဲ၊ ဒီစကားကို တခြားလူကို သွားပြောရင် ယုံချင်ယုံလိမ့်မယ်၊ ကျွန်တော်ကတော့ မယုံဘူး။ နှင်းလောက် ခိုးကြောင်ခိုးဝှက်လုပ်တဲ့မိန်းမ လောကမှာ ရှိသေးလို့လား၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က နှင်း



ခိုးကြောင်ခိုးဝှက်လုပ်ခဲ့လို့ ကျွန်တော်နဲ့ တခြားယောကျ်ားတစ်ယောက် ပြဿနာဖြစ်ခဲ့ရတာ နှင်း မေ့လိုက်ပြီလား။ ကျွန်တော်က ဘယ်တော့မှ မမေ့ဘူး... နှင်းကြောင့် ကျွန်တော် အောက်တန်းစားကြာကူရိဘဝကို ရောက်ရတယ်။ နှင်းကြောင့် ကျွန်တော် အရှက်ကွဲရတယ် ...အဲဒါ နှင်းရဲ့ ခိုးကြောင်ခိုးဝှက် လုပ်ရပ်ကြီးကြောင့် မဟုတ်ဘူးလား၊ အဲဒီကတည်းက ကျွန်တော်သိခဲ့ဖို့ကောင်းတယ်၊ နှင်း ဘယ်လောက် အောက်တန်းကျတယ်ဆိုတာ..."

ကျွန်မသည် ရုတ်တရက် မျက်စိများ ပြာဝေသွားကာ စောစောက နာကျင်ထားသော ခံစားချက်များဖြင့် စုပေါင်းလျက် မောင့်မျက်နှာကို ရှိသမျှ ခွန်အားဖြင့် တအားရိုက်ချပစ်လိုက်မိ၏။ ကျွန်မရိုက်လိုက်မည်ဟု မျှော်လင့်ထားပုံမရသော မောင်သည် ကျွန်မ၏လက်ကို နည်းနည်းမျှ ရှောင်တိမ်းဖို့ မကြိုးစားခဲ့ပါ။ ကျွန်မသည် လူတစ်ယောက်ယောက်ကို ဘယ်တုန်းကမျှ မရိုက်ခဲ့ဖူးသောကြောင့် ရိုက်ပြီးလျှင်ပြီးချင်း လန့်ဖျတ်ကာ ငြိမ်သက်သွားပါသည်။ ကျွန်မ ကြောင်အနေစဉ်... မောင်က ကျွန်မကို စိုက်ကြည့်နေလေသည်။ မောင့်မျက်လုံးများမှာ စောစောကရှိခဲ့သော ဒေါသများ လွင့်စဉ်သွားပြီး အံ့ဩမှုနှင့် နာကျင်မှုကို မြင်ရသည်။ ကျွန်မသည် မောင့်မျက်လုံးများကို ရင်မဆိုင်နိုင်တော့ဘဲ ရုတ်တရက် မျက်လွှာချလိုက်မိ၏။ နာကျင်ကျိန်းစပ်သွားသော ကျွန်မလက်ဖဝါးကို အမှတ်တမဲ့ ဖြန့်ကြည့်လျက် မျက်တောင်တစ်ချက်ခတ်ကာ မျက်ရည်ကို သိမ်းဖယ်ဖို့ ကြိုးစားမိသည်။

မောင်က ကျွန်မ၏ညာလက်ကို အသာလှမ်းဆွဲယူကာ ဦးညွှတ်၍ နမ်းလိုက်သောအခါမှာတော့ ကျွန်မ တစ်ချက်ရှိုက်ငင်ကာ မျက်ရည်ကျမိ၏။ မောင်က ကျွန်မကို ဖြုန်းဆို ဖက်ပွေ့ကာ သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သောအခါ ကျွန်မ မောင့်ကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ကာ ငိုရှိုက်မိပါသည်။

"ဒီလိုလုပ်လိုက်ရင် မာမီနဲ့ကျွန်တော်ရဲ့ အနှောင်အဖွဲ့တွေ ပြတ်တောက်သွားလိမ့်မယ်လို့ နှင်း ထင်ခဲ့သလားဟင်"

မောင့်ရင်ဘတ်ပေါ်မှာ မျက်နှာအပ်လျက် ကျွန်မမှောက်အိပ်ကာ ငြိမ်သက်နေမိသည်။ ကျွန်မမှာ ဘာရည်ရွယ်ချက်မှမရှိကြောင်း မောင်ယုံအောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောပြရမလဲ။

မောင်က သူ့ရုပ်အင်္ကျီခါးတစ်ဝိုက်မှာ ပျော့အိစွာ ပြာကျနေသော ကျွန်မဆံပင်များကို လက်ဖြင့် ခပ်ပွပွဆုပ်ကိုင် ဆော့ကစားလျက် ပင့်သက်တစ်ချက် ရှိုက်လိုက်၏။ ကျွန်မပါးပြင်အောက်မှာ လှုပ်ရှားသွားသော မောင့်ရင်ဘတ်၏ တုန်ခါမှုကို ကျွန်မ အာရုံစူးစိုက်နေစဉ် မောင့်လက်တစ်ဖက်က ကျွန်မ၏ နောက်ကျောကို အသာအယာ ပွေ့လိုက်၏။

"နင်းသိပ်အံ့သြသွားအောင် ပြောရဦးမယ် ဘယ်လောက်ထူးဆန်းသလဲ ဆိုတာ ...၊ မာမိက ကျွန်တော့်ကို ခွင့်လွှတ်တယ်တဲ့၊ ရန်လဲမတွေ့ဘူး၊ ဆူလဲမဆူဘူး ...ဒါပေမယ့် မာမီတစ်နေ့လုံး တစ်ညလုံး ငိုနေခဲ့တယ်"

မောင့်အသံက တိုးတိတ်စွာ နူးညံ့နေသည်။ ယခုပင်လျှင် အမေ၏ မျက်ရည်ကို မြင်ယောင် ခံစားနေမိသေးပုံမျိုး ဖြစ်သည်။ ကျွန်မကတော့ မောင့်မာမီကို သနားစိတ်မဝင်မိပါ။ မိခင်တစ်ယောက်သည် သားတစ်ယောက်ကို ဘယ်လောက်ကာလကြာအောင် ပိုင်ဆိုင်ခွင့်ရှိလို့လဲ။ တကယ်တမ်း ဤသားကို တစ်သက်တာပိုင်ဆိုင်သူသည် သား၏ဇနီးသည်သာ ဖြစ်သည်၊ ဤ အမှန်တရားကို ယခုလောက်ဆိုလျှင် မောင့်မိခင် သိသွားလောက်ပြီပေါ့။

"မာမို့မျက်ရည်ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး"

အံကြိတ်၍ပြောလိုက်သော ပြတ်သားတိုးတိတ်သည့် စကားသံကြောင့် ကျွန်မကျောထဲမှာ စိမ့်ခနဲ အေးသွား၏။ တစ်နည်းအားဖြင့် ကျွန်မကို မောင် ဘယ်တော့မှ ခွင့်မလွှတ်ဘူး... ဟုအဓိပ္ပါယ်ရပါသည်။

"မာမို့ဆီမှာနေဖို့လဲ ကျွန်တော်လိပ်ပြာမသန့်တော့ဘူး နင်း"

ကျွန်မသည် မောင်ရိပ်မိသွားမှာစိုး၍ စိတ်ထဲကသာ ကြိတ်ပြုံးလိုက်မိပါသည်။ ကျွန်မသည် လင်တစ်ယောက်ကို လက်ထပ်ယူရုံမျှမကတော့ဘဲ သားတစ်ယောက်ကိုပါ (မာမို့ကိုယ်စား) မွေးစားလိုက်ရတော့မည်။ ဘယ်လောက်စိတ်ကျေနပ်စရာ ကောင်းသလဲ။ ကျွန်မသည် မောင့်ကို ကိုယ်ခန္ဓာသာမက စိတ်အာရုံကိုပါ ပိုင်ဆိုင်ရတော့မည်။

"ကိစ္စမရှိဘူး ...မောင်ဘာမှစိတ်မပူနဲ့၊ အခုအချိန်ကစပြီး မာမို့တာဝန်တွေအားလုံးကို ကိုယ်ပြောင်းယူလိုက်ပြီ ဟုတ်ပလား၊ မောင့်ကို ကိုယ်ပိုင်

သွားပြီ"

မောင်က ခပ်ဟက်ဟက်ရယ်လိုက်သောအခါ ကျွန်မရင်ထဲမှာ ရုတ်တရက် လေးပင်သွား၏။ မောင့်ရယ်သံသည် ပျော်ရွှင်ကျေနပ်သော ရယ်သံမျိုး မဟုတ်ပါ။ နာနာကျည်းကျည်း လှောင်ပြောင်သရော်သော ရယ်သံဖြစ်သည်။

"မဟုတ်ဘူး နင်း... ကျွန်တော် နောက်လ ဘန်ကောက်ကိုသွားတော့မယ်"

ကျွန်မ လန့်ဖျတ်သွားကာ ရုတ်တရက် မျက်နှာမော့လျက် မောင့်ကို ကြည့်မိသည်။ မောင့်မျက်လုံးက နံရံထိပ်ဒေါင့်တစ်နေရာသို့ စိုက်ငေးနေ၏။ ကျွန်မ ဝုန်းခနဲ ထထိုင်လိုက်မိသည်။

"သွားတော့မယ်... ဟုတ်လား"

မောင့်မျက်လုံးကို ကျွန်မ စူးစိုက်ကြည့်မိသမျှ မျက်ရည်တစ်စွန်းတစ်စကလေးမျှ မတွေ့ရပါ။

"ဟုတ်တယ် နင်း၊ ကျွန်တော် အလုပ်ထွက်စာတင်ခဲ့ပြီ"

"အဲဒါ ဘာအဓိပ္ပါယ်လဲ... ဟင်"

ကျွန်မသည် တုန်လှုပ်ချောက်ချားစွာ ဝမ်းနည်းလျက် မျက်ရည်များ ပြည့်လျှံလာတော့သည်။

"မောင်ပြောတုန်းက မောင်သွားမှာက ဂျပန်နိုင်ငံဆို...၊ နောက်ပြီး စာရွက်စာတမ်းတွေ မစုံသေးဘူးဆို"

မောင်က ကျွန်မကို မျက်လုံးချင်း ဆုံကြည့်၏။ မောင့်နှုတ်ခမ်းမှာ နှစ်သိမ့်ပြုံး ရိပ်ရိပ်ကလေးမျှပင် ရှိမနေပါ။ မောင်သည် ကျွန်မကို သူစိမ်းတစ်ယောက်အား ကြည့်သလို ကြည့်နေခဲ့သည်။ မောင်၏ စိမ်းကားသော အကြည့်ကြောင့် ကျွန်မမျက်ရည်များ လိမ့်ဆင်းကျလာခဲ့၏။

"ဟုတ်တယ် စာရွက်တွေ မစုံသေးဘူး၊ ဒါပေမယ့် ကျွန်တော် ဒီကနေ စောင့်မနေတော့ဘူး၊ ဘန်ကောက်ကပဲ စောင့်တော့မယ်"

"ဘာဖြစ်လို့လဲဟင် ...ပတ်စပို့က သက်တမ်းကုန်ခါနီးပြီလား၊ ဒါပေမယ့်..."

"မကုန်သေးပါဘူး"

တိုတိုပြတ်ပြတ် မောင့်အသံကြောင့် ကျွန်မရင်ထဲမှာ ကျင်ခနဲ နာသွား

www.burmeseclassic.com

www.burmeseclassic.com

"လေယာဉ်လက်မှတ်အကြောင်းလဲ မမေးနဲ့၊ လေးလလောက် ကျွန်သေးတယ်"

မောင့်အသံက စိန်ခေါသည့်အသံမျိုး ဖြစ်လာ၏။ ကျွန်မ မောင့်ကို စေ့စေ့စပ်စပ်ကြည့်မိတော့ မောင့်မျက်လုံးထဲမှာ နာကျင်မှုအရိပ်အရောင်ကလေး ဖျတ်ခနဲ တွေ့လိုက်ရသည်ဟု ထင်သည်။

"ဒါ... သက်သက် မောင် ကိုယ့်ကို ဒဏ်ခတ်တာလားဟင်"

ကျွန်မ မောင့်နှုတ်ခမ်းထောင့်စွန်းကလေးကို လက်ညှိုးဖြင့် ဖွဖွဆွဲခြစ်လျက် အားယူပြုံးကာ တုန်ခိုက်စွာ မေးမိတော့ မောင် မျက်စိမှိတ်ပစ်လိုက်လေသည်။

"မောင်က ကိုယ့်ကိုခွဲထားခဲ့နိုင်တယ်ဆိုတာ သက်သေပြလိုက်တာလား"

မောင်မဖြေပါ။ မျက်လုံးလည်း ဖွင့်မကြည့်ပါ။

"ဒါပေမယ့် ကိုယ်က မောင့်ကို မခွဲနိုင်ဘူး၊ အဲဒါ ဘယ့်နှယ်လုပ်မလဲ၊ ဟင့်အင်း ...မောင်မသွားပါနဲ့ဦး၊ မောင့်ကို ကိုယ်မခွဲနိုင်သေးပါဘူး"

ကျွန်မပြောရင်း အသံတိမ်ဝင်သွားကာ မောင့်မျက်နှာပေါ် မျက်နှာအပ်လျက် ငိုရှိုက်မိပါသည်။ မောင်က ကျွန်မ၏ဆံပင်များကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ကျွန်မမျက်ရည်များကို နှုတ်ခမ်းဖြင့် ထိကပ်နမ်းလေသည်။

"ဒါပေမယ့် ကျွန်တော်သွားမှဖြစ်မယ် နှင်း၊ ကျွန်တော် ဒီမှာဆက်ပြီး မနေနိုင်တော့ဘူး"

ကျွန်မမျက်ရည်ကြားမှ ဝေဝါးစွာ မောင့်ကိုကြည့်မိတော့ မောင့်မျက်နှာမှာ အားတင်းထားသည့် အမူအရာမျိုးဖြင့် တင်းမာနေသည်။

"မောင် ကိုယ့်ကိုမချစ်ဘူးပေါ့... ဟင်၊ ဟုတ်လား"

မောင်က ကျွန်မမျက်နှာကို သူ့ရင်ခွင်မှာ ဖွတ်ထိကပ်နေစေကာ ကျွန်မ၏ ပါးပြင်ကို လက်ဖဝါးဖြင့် ကြမ်းတမ်းစွာ ပွတ်သပ်လိုက်လေသည်။

"အဓိပ္ပါယ်မရှိတာတွေဘာဖြစ်လို့ပြောချင်ရတာလဲနှင်းရယ်...ကျွန်တော် နှင်းကိုသိပ်ချစ်တယ် နှင်းသိပါတယ်၊ ဒါပေမယ့် ကျွန်တော်မော်လမြိုင်မှာ မနေနိုင်ဘူး၊ အမှန်အတိုင်းပြောရရင် နှင်းရဲ့လင်အဖြစ် ကျွန်တော်မပျော်ဘူး"

ဘုရား ဘုရား။ ကျွန်မမောင့်ကို ခေါင်းမော့၍ ကြည့်ချင်သော်လည်း



မောင်ကကျွန်မဦးခေါင်းကို သူ့ရင်ခွင်ထဲမှာ ဖွတ်နှိမ့်ကပ်ထားသောကြောင့် မောင့်မျက်နှာကို ကျွန်မ မမြင်ရပါ။

"စနေနေ့တိုင်း ကျွန်တော် မော်လမြိုင်ကိုလာရတာ ပျော်ပါတယ်၊ ဒါပေမယ့် ဒီရောက်တဲ့အခါ ကျွန်တော်ချစ်တဲ့နှင်းကိုသာ တွေ့ရတာမဟုတ်ဘူး၊ နှင်းရဲ့ပတ်ဝန်းကျင်ကိုပါ ကျွန်တော်တွေ့ရတာ၊ သူတို့ ကျွန်တော့်ကိုကြည့်တဲ့ မျက်လုံးတွေကို ကျွန်တော် သည်းညည်းမခံနိုင်ဘူး၊ ဒီအခြေအနေနဲ့ နှင်းကို လက်ထပ်ရင် ကျွန်တော် စိတ်ဆင်းရဲရလိမ့်မယ်ဆိုတာ ကျွန်တော်သိတယ်၊ ဒါကြောင့်နှင်းကို ကျွန်တော်တောင်းပန်ခဲ့တာ ...ဒါပေမယ့် နှင်းကသိပ်ခေါင်းမာတယ်၊ နှင်းကိုကျွန်တော်လက်မထပ်ရင် နှင်းနဲ့ကျွန်တော်တစ်ဘဝလုံး ဝေးရတော့မယ်ဆိုတာ ကျွန်တော်သိတယ်၊ ဒါကြောင့်ကျွန်တော်မိုက်မိုက်မဲမဲ လက်ထပ်ခဲ့တယ် ...အဲဒါနှင်းကို မခွဲနိုင်လို့ပေါ့နှင်းရဲ့ ...နှင်းနဲ့ မဝေးရဲလို့ပေါ့"

. ကျွန်မသည် မောင့်ရင်ခွင်မှာ မျက်နှာအပ်ထားလျက်က မောင့်မျက်နှာရှိရာသို့လက်ဖြင့် စမ်းသပ်ထိတွေ့ကြည့်မိသည်။ မောင့်နှုတ်ခမ်းများ အနည်းငယ်တုန်ယင်နေ၏။ ကျွန်မသည်မဲ့ကွေးသော မောင့်နှုတ်ခမ်းထောင့်စွန်းကလေးကို လက်ဖြင့်ပွတ်သပ်မိသည်။

"ဟိုတစ်ပတ်က နှင်းကိုယ်နှင်း kept womanလို့ ပြောလိုက်တာ ကျွန်တော်ဝမ်းနည်းတယ်၊ တကယ့်အဖြစ်မှန်က ကျွန်တော်သာ kept man ဖြစ်နေတာပါနှင်းရယ် ကျွန်တော်ဒီအိမ်ကနေထွက်ပြီး လမ်းလျှောက်ပြန်သွားရတဲ့အခါ လူတွေကြည့်တဲ့ အကြည့်အောက်မှာသာ လောင်ကျွမ်းရတာမ်းဆိုရင် ကျွန်တော် ပြာမှုန့်ကလေးတွေ ဖြစ်ခဲ့တာကကြာပြီပေါ့"

ကျွန်မလက်မ မောင့်နားထင်ဆီမှာစိုစွတ်သောမျက်ရည်များကို စမ်းသပ်မိ၏။

"ဒါပေမယ့် ကျွန်တော့်ဘက်မှာ နှင်းတစ်ယောက်လုံး ရှိသေးတယ်လို့ ကျွန်တော်ထင်ခဲ့တယ်၊ အခုတော့မှပဲ နှင်းကျွန်တော့်ဘက်မှာ မရပ်ဘူးဆိုတာ ကျွန်တော် အတိအကျသိရတော့တယ်၊ နှင်းက ကျွန်တော့်ခံစားချက်ကို ဂရုမစိုက်ဘဲ နှင်းရဲ့မာနကိုသာ ဂရုစိုက်ခဲ့တာပဲ၊ နှင်းက ကျွန်တော်စိတ်ဆင်းရဲတာ မြင်ချင်တယ် ကျွန်တော် အရှုံကွဲနေတာကို မြင်ချင်တယ်"

"ဟင့်အင်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအလန့်တကြား ငြင်းမိသည်။

"ဒီတော့ နင်းရဲ့ပတ်ဝန်းကျင်ကနေ ဝေးဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်"

မောင့်အသံမှာ ဆုံးဖြတ်ချက်ချပြီးသော လူတစ်ယောက်၏ ခိုင်မာသော သေချာမှုမျိုး ရှိနေသည်။

"နင်း ကျွန်တော့်ကိုချစ်ရင် ကျွန်တော့်နောက်ကို လိုက်ခဲ့ပေါ့"

"ဒါပေမယ့်..."

"အခုချက်ချင်း မဖြစ်နိုင်သေးဘူးဆိုတာ ကျွန်တော်သိတယ်... ကျွန်တော်လဲ နင်းလိုက်မယ်ဆိုရင်တောင် တစ်ခါတည်း ခေါ်မသွားနိုင်ပါဘူး။ ကျွန်တော်ရင်ဆိုင်ရမယ့်အခက်အခဲတွေ ဘယ်လောက်များမယ်ဆိုတာ ကျွန်တော် မသိသေးဘူး၊ ကျွန်တော် အဆင်သင့်ဖြစ်တဲ့အခါ နင်းကိုခေါ်ယူမယ်၊ လောလောဆယ်တော့ ကျွန်တော်ဒီကနေ အမြန်ဆုံး ထွက်ချင်တယ်"

ကြားရသောစကားကို မယုံနိုင်သော်လည်း မောင်ကတော့ တစ်ကယ်ပြောနေခဲ့ပြီ။ ကျွန်မနှင့်ဝေးကွာဖို့ မောင်ဆုံးဖြတ်ခဲ့ပြီးပြီ။ မောင်ဘာအကြောင်းပြချက်တွေပဲပြပြ၊ အဓိကတွန်းအားပေးသည့်အချက်ကတော့ မာမီ့ထံ လက်ထပ်စာချုပ်ပို့လိုက်မိသည့် ပြစ်ချက်သာဖြစ်ကြောင်း ကျွန်မရိပ်မိပါသည်။

ကျွန်မ၏လုပ်ရပ်သည် မဆင်ခြင်မိုက်မဲသော လုပ်ရပ်ဖြစ်သည်ဟု မောင်ဆေါသတကြီး ခွပ်ခွဲခဲ့တာမှန်ကန်ပါသည်။ အကြောင်းမှာ ကျွန်မ၏ ဤလုပ်ရပ်ကြောင့် ကျွန်မသည် ဇနီးမောင်နှံနှစ်ယောက်၏ အတူနေကာလများကို မမျှော်လင့်ဘဲ တိုတောင်းစေခဲ့သူ အဓိက တရားခံဘဝသို့ ရောက်ခဲ့ရသောကြောင့် ဖြစ်ပါသည်။

"ဒါပေမယ့် နင်းကိုကျွန်တော် အကြာကြီးလဲခွဲထားနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော်အဆင်ပြေပြေချင်း နင်းကိုခေါ်ယူမယ်၊ ခြောက်လကြာချင်ကြာမယ် တစ်နှစ်ကြာချင်ကြာမယ်၊ နင်းရဲ့တာဝန်က ကျွန်တော်ခေါ်တဲ့ချိန်မှာ လိုက်လာဖို့ အဆင်သင့်ဖြစ်နေရမယ် ...နင်းကျွန်တော်နဲ့ မခွဲချင်ဘူး မဟုတ်လား"

ကျွန်မမောင့်ကို ခေါင်းညိတ်အဖြေပေးလိုက်ရသည်။ ကျွန်မ၏အသံများ တိမ်ဝင်ဆို့နင့်နေသောကြောင့် ဖြစ်ပါသည်။

"ကျွန်တော်ခေါ်မယ့်နိုင်ငံက ဂျပန်ဖြစ်ချင်ဖြစ်မယ်၊ ဥရောပနိုင်ငံ



တစ်ခုခုရောက်မှ ခေါ်ရရင်လဲခေါ်ရမယ်၊ ဒါပေမယ့်နင်းတာဝန်က ဂျပန်ဘာသာကို အရေးရော အပြောရော တတ်ကျွမ်းအောင်လုပ်ထားဖို့ပဲ"

ကျွန်မသည် ဝမ်းနည်းကြေကွဲလျက်ကပင် အနည်းငယ် အောင့်သက်သက် ဖြစ်သွား၏။

"ဒါပေမယ့်ကိုယ်က စာရေးဆရာပဲမောင်ရယ်...ကိုယ်နဲ့ဂျပန်စာနဲ့ ဘာမှ မဆိုင်ဘူးလို့ ထင်တာပဲ၊ ကိုယ်က စာရေးတဲ့အလုပ်နဲ့ ဆေးကုတဲ့အလုပ် တတ်ကျွမ်းဖို့အဓိကပဲ မဟုတ်ဘူးလား၊ တ ကယ်လို့ ကိုယ်အချိန်မရရင်..."

ကျွန်မကပျော့ပျောင်းစွာ ဆင်ခြေတက်ဖို့ကြိုးစားဆဲမှာ မောင်ကပြတ်သား စွာငြင်း၏။

"ကျွန်တော့်ဇနီးဟာ ကျွန်တော်သွားလေရာကို လိုက်ရမယ်၊ ကျွန်တော် တွေ့သမျှလူတွေကို တွေ့ရမယ်၊ ကျွန်တော်တတ်ကျွမ်းသမျှ ဘာသာစကားတိုင်း တတ်ကျွမ်းရမယ် ...ရှင်းလား"

ကျွန်မသည် ရုတ်တရက်ဖြစ်ပေါ်လာသော မခံချင်စိတ်နှင့်မာနကို ခွတ်ချိုးနှိမ်၍ မျိုချပစ်လိုက်ရ၏။ မောင်ဟာဒေါသထွက်ပြီး နာကျည်းနေတုန်းမို့ ဒီလိုတစ်ဖက်သတ်စကားတွေ ပြောနေတာပါ...။ တကယ်တမ်းတော့ မောင်ဟာကျွန်မ၏ သီးသန့်တန်ဖိုးကို မြတ်နိုးတတ်တဲ့ လူတစ်ယောက်ပဲ မဟုတ်ဘူးလား။

ကျွန်မ မောင့်မျက်နှာကို မော့ကြည့်လိုက်သည်။

ကျွန်မအထင် မှားယွင်းသွားပါသည်။ မောင့်မျက်လုံးမှာ မာနနှင့်အနိုင်ယူမှုကိုသာ ကျွန်မတွေ့ရသည်။

ချစ်သူဘဝမှာကတည်းက ကျွန်မသတိထားမိခဲ့သော မောင်၏အနိုင်ကျင့်မှုများကို ယခုအခါ ကွဲကွဲပြားပြား ကျွန်မမြင်ရပြီ။

"ဘယ့်နှယ်လဲနင်း Japanese သင်မယ်မဟုတ်လား"

နူးညံ့သောတိုက်တွန်းမှုသည် ကျွန်မအတွက် အမိန့်တစ်ခုဖြစ်သည်။ ကျွန်မသည်မောင့်ကို ချစ်မြတ်နိုးစွာလိုအပ်နေသောမိန်းမမဟုတ်လား။ မောင့်ကို ကျွန်မက နေရောင်ခြည်ထက်ပို၍ လိုအပ်သည်။ လေညင်းကလေးတွေထက်ပို၍ လိုအပ်သည်။ မောင့်ကိုလိုအပ်နေသမျှကျွန်မက မောင့်စိတ်တိုင်းကျ ဖြစ်နေ ရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတွန့်ဆုတ်စွာ ခေါင်းညိတ်လိုက်သောအခါ မောင်ကကျွန်မ၏ ပါးပြင်ကို လက်ဖျားကလေးဖြင့် ညင်သာစွာပွတ်သပ်၍ ရယ်မောလိုက်၏။

"အဲဒီလို လိမ္မာစမ်းပါ နှင်းရယ်"

မောင့်ရယ်မောသံအောက်တွင် ကျွန်မကိုယ်ခန္ဓာလေး ကျုံ့ဝင်သွား၏။ ကျွန်မသည်မောင့်ကို တစ်ဘဝစာ အရှုံးပေးလိုက်ရပြီဖြစ်ကြောင်း ရှက်ရွံ့ဝမ်းနည်းစွာ သိလိုက်ရပါသည်။

* * *

အပိုင်း (၄)

## မိန်းမနှင့်အရှုံး

သာမန်အားဖြင့် မိန်းမတစ်ယောက်သည် မိမိ၏ ချစ်သူက မိမိထံမှ အရာများစွာ တောင်းဆိုဆန္ဒပြုနေသရွေ့ မိမိကိုယ်မိမိ ချစ်သူအတွက် အရေးတကြီး လိုအပ်သူတစ်ယောက်အဖြစ် လက်ခံပြီး ကျေနပ်နှစ်သက်စွာ ပေးဆပ်နေလေ့ရှိပါသည်။ မိန်းမ တစ်ယောက်အတွက် ဝမ်းနည်းကြေကွဲစရာ အကောင်းဆုံးအဖြိုန်မှာ ချစ်သူက မိမိထံမှ ဘာမျှ မလိုအပ်တော့သည့် အချိန်သာဖြစ်သည်၊ ထို့ကြောင့်လည်း မိန်းမများသည် ယောကျ်ားများအပေါ် ပေးဆပ်နေရသမျှကို အရှုံးဟု သတ်မှတ်လေ့ မရှိကြပါ။

သို့သော် ယောကျ်ားကိုယ်တိုင်က မိန်းမအပေါ် မိမိအနိုင်ရမှု ဖြစ်မည်ဟုသည့် အတ္တစိတ် ဖြစ်ပေါ်လာသည့်အခါ ထိုစိတ်၏ တန်ပြန်သက်ရောက်မှုအဖြစ် မိန်းမသည် မိမိရှုံးနိမ့်နေရသည်ဟူသောအသိဖြင့် မိမိ၏ပေးဆပ်မှုအပေါ် ရှက်ရွံ့နာကျည်းစိတ် ဝင်လာတတ်ပါသည်။

ဤနည်းဖြင့် မိန်းမတို့၏ အရှုံးစတင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့ ခင်ပွန်းလင်ဘဝမှာ မပျော်ရွှင်နိုင်ဘူးဆိုတဲ့ မောင့်ရဲ့ ဝန်ခံစကား တစ်ခွန်းဟာ ကိုယ့်ရင်ထဲက နှင်ဂိုအနာဝေါကို ရက်ရက်စက်စက် ထိုးနှက်လိုက်တဲ့ ဓားချက် တစ်ချက်ပဲဖြစ်ပါတယ်။ မောင့်အတွက် ဘာမဆို ပေးအပ်ဖို့ အဆင်သင့် ဖြစ်နေတဲ့ ကိုယ်ဟာ မောင့်ပျော်ရွှင်မှုအတွက်၊ မောင့်အချစ်အတွက်၊ မောင့် အတ္တမာနအတွက် အမှန်တရားတစ်ခုကို သွေးရူးသွေးတမ်း ရှာဖွေဖို့ ကြိုးစားခဲ့တယ်။

ကိုယ်တို့ဟာ အချစ်ဆိုတဲ့ အရာကို ဘယ်သူမှ မပေးနိုင်တဲ့ တန်ဖိုး အကြီးကြီးတွေပေးပြီး ဝယ်ယူခဲ့ကြတာပဲ။ မောင့်အချစ်ကိုရဖို့ ကိုယ့်မှာ ရှိပြီးသား ဂုဏ်သိက္ခာ ကိုယ့်မှာ ရှိပြီးသားမာန၊ ကိုယ့်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အချိန်ကာလ အားလုံးကို ကိုယ်စွန့်လွှတ်ခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်ရလာခဲ့ တာက မောင့်အချစ် မဟုတ်ဘူး၊ ဆင်းရဲဒုက္ခတွေ၊ သောကတွေ၊ ရှက်ရွံ့ နာကျည်း မှုတွေ ...၊ နောက်ပြီးတော့ အရှုံးတွေ ...။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မောင့်ကို ချစ်မြတ်နိုးလွန်း၍ မောင်နှင့်အတူနေရမည့် ကာလကလေးကို တတ်နိုင်သမျှဆွဲဆန့်လိုသော ကျွန်မသည် လေယာဉ်လက်မှတ်မလွှန်မချင်း မြန်မာပြည်မှာနေပေးဖို့ မောင့်ကိုနည်းမျိုးစုံဖြင့် ချော့မော့တောင်းပန်ခဲ့ရပါသည်။ နောက်ကို မောင်မသိစေရဘဲ ဘာတစ်ခုမျှ ကျွန်မ၏ဆုံးဖြတ်ချက်ဖြင့် မပြုလုပ်တော့ပါ ... ဟု မောင့်ကိုကတိပေးခဲ့သည်။ မောင်ကမျက်နှာထား ခပ်တည်တည်ဖြင့် "ကောင်းပြီလေ... ကျွန်တော် နောက်လေးလလောက် ဒီမှာထပ်နေလိုက်ပါမယ်၊အင်း ...ဟိုးစာရွက်စာတမ်းတွေ မလာမချင်းပေါ့"ဟု လိုက်လျောသောအခါ ကျွန်မသည်ဝမ်းသာကြည်နူးစွာ မောင့်လက်ဖျားကလေးတွေကို ဆွဲယူနမ်းလျက် မျက်ရည်ကျခဲ့ရပါသည်။

မောင်သည် အလုပ်မှထွက်ပြီးခါစရက်များတွင် မော်လမြိုင်မှာ နေထိုင်ခဲ့သည်။ မောင့်ဘက်က လိုက်လျောမှုကို ကျွန်မအသိအမှတ်ပြုကာ မောင် မနှစ်သက်စရာ အပြုအမူများမတွေ့ရအောင်အတတ်နိုင်ဆုံး ထိန်းသိမ်းခဲ့၏။ မောင့်မျက်နှာ အရိပ်အကဲကို ကျွမ်းကျင်စွာဖတ်ရှု၍ မောင်လိုအပ်သမျှကို မညည်းမညူဖြည့်ဆည်းပေးဖို့ ကျွန်မကြိုးစားခဲ့သည်။ ကျွန်မတို့နှစ်ယောက်ကြားက အက်ကြောင်းကလေး ပျောက်ကွယ်ပြီး ကျွန်မတို့အိမ်ထောင်ရေး ချော့မွေ့သွားအောင် အတတ်နိုင်ဆုံး ဖန်တီးလိုဟန်ရှိသော မောင်ကလည်း ကျွန်မအား စနေနေ့ညတိုင်း ညအိပ်ရာဝင် စာဖတ်ပြလျက် တနင်္ဂနွေနံနက်တိုင်း ပြင်သစ်စာကို သင်ပေးရင်း နွေးထွေး လှိုက်လှဲစွာ ကြင်နာခဲ့ပါသည်။

ကျွန်မညဂျူတီကျသည့် ရက်များတွင် ဆေးခန်းစောစောပိတ်ပြီး ဆေးရုံသို့ လမ်းလျှောက်သွားတိုင်း ကျွန်မဘေးမှာ မောင်လိုက်ပါခဲ့သည်။ အထက်လမ်းမကြီး ပလက်ဖေါင်းပေါ်မှာ ညလေညင်းကလေးသည် အမြဲလန်းဆန်းအေးမြခဲ့သည်။ ဘုရားရှိခိုးကျောင်းဆီမှ ညရှစ်နာရီထိုးသံ သာယာစွာ ဝေ့ဝဲပျံ့လွင့်လာချိန်တွင် ကျွန်မတို့သည် နှင်းဆီလမ်းပေါ်မှာ သစ်ရွက်ကြွေများကို ခပ်ဖွဖွနင်းလျက် တိတ်ဆိတ်စွာ ပြုံးလိုက်ကြလေ့ရှိသည်။ ဆေးရုံရှေ့လမ်းချိုးကလေးသို့ ကျွန်မတို့ရောက်ချိန်သည် နာရီသံနောက်ဆုံးတစ်ချက် ပြီးဆုံးသွားချိန်ဖြစ်တတ်သည်။ ဆေးရုံမှာ တစ်ညလုံး မအိပ်ရအောင် အလုပ်ရှုပ်မှန်း



မောင်သိပါလျက်နှင့် ခွဲခွါခါနီးတိုင်း မောင်က "Faites de beaux rêves!" အိပ်မက်လှလှမက်ပါစေဟု နှုတ်ဆက်တတ်ပြီး ကျွန်မကလည်း သဘောကျစွာ အမြဲရယ်မောလေ့ ရှိပါသည်။

တစ်ယောက်ကိုတစ်ယောက် နားလည်လိုက်လျောစွာ နွေးထွေးပျော်ရွှင်နိုင်တော့မည်ဟူသော ထင်မြင်ချက်ဖြင့် ကျွန်မစိတ်ချမ်းသာခဲ့ရသည့် ကာလမှာ ခဏလေးသာကြာ၏။ အသေးအဖွဲကအစ အရာရာအလေးအနက် ထားတတ်သောမောင့်အတွက် ကျွန်မ၏အပြုအမူ အပြောအဆိုများသည် ခမ်းပွါယ်ကောက်စရာ၊ နာကျည်းစရာများ ဖြစ်ခဲ့ရပါသည်။

ကျွန်မသည်ညနေဆေးခန်းတွင် လူနာကြည့်ခြင်း၊ ဆေးထိုးဆေးပေးခြင်း၊ ငွေယူခြင်း၊ ငွေအမ်းခြင်း အလုပ်အားလုံးကို ကျွန်မတစ်ယောက်တည်း ပြုလုပ်ခဲ့၏။ ဆေးခန်းအကူ မိန်းကလေးတစ်ယောက်ရှာရင်း အဆင်မပြေသေးသည့် ကာလဖြစ်သည်။ သို့သော် ကျွန်မသည် မောင့်ကို ဆေးခန်းဝါခေါ်ပြီး အကူအညီတောင်းဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါ။ မောင်၏စားရေးချိန်၊ စာဖတ်ချိန်ကို မနှောင့်ယှက်ချင်သည့် အကြောင်းအရင်းထက် မောင်၏အတ္တကို ထိခိုက်မှာစိုးသည့် အကြောင်းအရင်းက ပို၍မှန်ကန်ပါသည်။ ဘယ်လောက်ပဲ လူနာများများ၊ ဘယ်လောက်အရေးကြီးသည့်အချိန်ပဲဖြစ်ဖြစ် ကျွန်မတစ်ယောက်တည်း စွမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော် မောင့်အကူအညီကို လုံးဝလိုအပ်သော လူနာနှစ်ယောက်သုံးယောက် ရှိခဲ့ဖူးသည်။ တစ်ယောက်မှာ လက်ဖျံရိုးကျိုးသွားသော အသက်၁၀နှစ်အရွယ် ကလေးမလေးဖြစ်၏။ လူနာမှာအပေါ်ဟူ၍ သူ့အမေသာပါသည်။ သူ့အမေကလည်း သမီးအတွက်စိတ်မနိုင်သူ၊ ကလေးမလေးကလည်း ရုန်းကန်နေသောကြောင့် ကျောက်ပတ်တီးစည်းရန် မောင့်ကိုအကူအညီ တောင်းခဲ့ရဖူးသည်။

"မောင် ကိုယ့်ကို ခဏလောက် ကူနိုင်မလား ဟင်"

စာဖတ်နေသည့် မောင့်ကို ပြေပြစ်စွာ ကျွန်မမေးခဲ့၏။ မောင်က လိုက်လိုက်လျောလျောပင် ထိုင်ရာမှ ထသည်။

"ဘာဖြစ်လို့လဲနှင်း၊ ဘာလိုသလဲ"

"ကျောက်ပတ်တီးစည်းဖို့ ...၊ အရိုးက နည်းနည်းထပ်နေတယ်၊ ဆွဲဆန့်ဖို့ လိုနေတယ်"

www.burmeseclassic.com

www.burmeseclassic.com

မောင် ရှောရှောရှူရှူပင် လိုက်လာ၏။ သို့သော် လူနာကုတင် ရောက်တော့ ငိုယို ရှန်းကန်နေသော လူနာကလေးကို ကြည့်ကာ မောင် မျက်ချင်း စိတ်ပျက်သွားသည်။

"ဆေးရုံ လွှတ်လိုက်ပါလား နှင်းရာ"

"မောင်ကလဲ ဒီအချိန်မှာ ဆေးရုံမှာ ဆရာဝန်တွေ မရှိဘူးလေ၊ နိုက်ဂျူတီ ဆရာဝန်လာတဲ့အထိ သူအကြာကြီး စောင့်နေရမှာ၊ နောက်ပြီး သူတို့ကိုယ်တိုင်က ဆေးရုံ မသွားချင်ဘူး"

မောင်က မျက်နှာညိုညိုနှင့်ပင် ကျွန်မထိန်းခိုင်းသည့် တံတောင်ဆစ်နေရာကို ထိန်းကိုင်ပေး၏။ ကျွန်မက ဆွဲဆန့်သည့်အချိန်တွင် ကလေးမအေက ဟိုဘက် မျက်နှာလွှဲနေ၏။ ကလေးက တစ်ချက်အော်ဟစ်ကာ ခြေထောက်နှင့် ကန်ရုန်းလိုက်သဖြင့် မောင့်ခြေထောက်ကို ကန်မိသွားသည်။ မောင် ဒေါသထွက်ကာ တက်တစ်ချက် ခေါက်လေသည်။ ထို့ပြင် ကိုင်ထားသော လက်ကို အမှတ်တမဲ့ လွှတ်ချပစ်လိုက်၏။ ကျွန်မ ကလေးအပေါ် ဒေါသမထွက်ရက်သဖြင့် မျိုသိပ်ထားရာက မောင့်အပေါ် စိတ်တိုသွားမိပါသည်။

"မောင်ကလဲ ကိုင်ထားပါဆိုနေမှပဲ၊ ဒီလိုနဲ့ ကလေးပိုနာတော့မှာပဲ"

ကျွန်မ၏စကားသံက မချော်လင့်ဘဲ ခက်ထန်တင်းမာသွားသည်ကို ကျွန်မချက်ချင်းသတိရလိုက်၏။ သို့သော် လွန်သွားပြီ၊ မောင့်မျက်နှာ တင်းခနဲ ဖြစ်သွား၏။ သို့သော် လူနာရှေ့တွင် မောင်ဘာမှ မပြောဘဲ ကျွန်မကို ကူညီခဲ့သည်။ လူနာပြန်သွားတော့ လက်မှာ ပေရေနေသည့် ပလပ်စတာ အမှုန့်ရည်များကို ဆေးနေသည့် ကျွန်မအနီးတွင် မောင်ခဏရပ်နေသည်။

"မောင် စောစောက စိတ်တိုသွားသလား"

ပြေပြစ်သော စကားဖြင့် မောင့်ကို ချော့မော့နှစ်သိမ့်ရန် ကျွန်မကြိုးစားတော့ မောင်က ကျွန်မကို စူးစူးစိုက်စိုက်ကြည့်ရင်း ခေါင်းယမ်း၏။

"ဆေးခန်းအကူ လူတစ်ယောက်လောက် ရှာဖို့ကောင်းတယ်" ဟု ခပ်တည်တည်ပြောကာ လှည့်ထွက်သွားခဲ့သည်။ နောက်ထပ်လည်း စကားစပ်ဖို့ မောင်မကြိုးစားခဲ့ပေ။

နောက်တစ်ကြိမ်မှာ စက်ဘီးစပုတ်တိုင်ကြားထဲ ခြေဖနောင့်ညပ်ကာ စုတ်သွားသော ကလေးလေးတစ်ယောက်နှင့်ပတ်သက်သည်။ ကလေး၏



ခြေထောက်ကိုထိန်းကိုင်ပေးဖို့ ကလေးမအေတစ်ယောက်တည်းနှင့် မနိုင်မနင်းဖြစ်နေသောအခါ မောင့်ကိုအကူအညီတောင်းမိ၏။ ပထမတော့ မောင်ကြည်ကြည်လင်လင် လိုက်လာပြီးကူညီပါသည်။ သို့သော် ကလေးက အော်ငိုနေတော့ ကလေးကို မောင်သနားလာဟန်ရှိသည်။ ကလေးခြေဖနောင့်ဒဏ်ရာမှ စုတ်ပြတ်နွဲ့လိမ်သွားသောအရေပြားစ အချို့အား ကျွန်မကတ်ကြေးနှင့်ညှပ်နေသည်ကို မောင်စိတ်မသက်မသာကြည့်ရာမှ ကျွန်မကိုခပ်တိုးတိုး အပြစ်တင်၏။

"နှင်းရာ ...ကလေးကိုထုံဆေးထိုးပေးလိုက်ပါလား"

ကျွန်မသည် ကျွန်မအပေါ် လူနာအထင်လွဲသွားနိုင်သော မောင့်အပြစ်တင်စကားကိုနည်းနည်းမျှ သည်းမခံနိုင်ပါ။ မောင့်ကိုမော့မကြည့်အားဘဲ အလုပ်လုပ်နေရင်းကပင် ခပ်ဆတ်ဆတ်လေသံဖြင့် ပြေရှင်းမိ၏။

"မောင်ဘာသိလို့လဲ၊ ဒီဒဏ်ရာက နှစ်ချက်လောက်ပဲချုပ်ရမှာ၊ ထုံဆေးထိုးရင် ဟိုဘက်စွန်း ဒီဘက်စွန်း နှစ်ချက်ထိုးရမယ်၊ ဒီအတိုင်းချုပ်လိုက်တာက မြန်တယ်၊ကလေးလဲ ပိုသက်သာတယ် ...ကိုယ်ထုံဆေးနှမြောလို့ မဟုတ်ဘူး"

မောင့်မျက်နှာကြောတင်းသွားလား ကျွန်မလှမ်းမကြည့်အားပါ။ပြောပြီးမှ မောင်များ စိတ်ခုသွားမလားဟု စဉ်းစားမိသည်။ ထို့နောက်ကလေးမအေပါ သိစေချင်သော ဆန္ဒဖြင့်ကျွန်မထပ်ပြီးပြေရှင်းမိပါသည်။

"ဒီအရေပြားအစွန်းကလေးတွေက ကတ်ကြေးနဲ့ ကိုက်လဲမနာတော့ဘူး၊ သူတို့မှာ အာရုံခံစွမ်းရည်မရှိတော့ဘူး၊ ဘေးကအသားတွေကိုသာ မထိရင်နာမှန်းမသိပါဘူး ...အခုကလေးအော်နေတာက ကြောက်လို့အော်နေတာပါ"

ပြောရင်းတစ်ဆက်တည်းကလေးကို ချော့မော့ချောင်းမြူ လိုက်ရပါတော့သည်။ဒဏ်ရာကိုချုပ်သောအခါ အရေပြားနှစ်စကို အနည်းငယ်ဆွဲရန်လိုသောကြောင့် မောင့်ကို လက်ဆေးခိုင်းပြီး ဆွဲစေ့ခိုင်းထားသည်ကတစ်ကြိမ်၊ တစ်လက်စတည်းချုပ်ရိုးအပ်ချည်စ ဖြတ်ခိုင်းမိသည်ကတစ်ကြိမ် နှစ်ကြိမ်ပေါင်းပြီး မောင်ကျွန်မအပေါ် မာနထားလေသလားမသိပါ။

"ရှည်ရှည်ဖြတ်နော်" ဟုကျွန်မပြောမိတော့ မောင်ကရုတ်တရက် ကျွန်မကို ငေါက်၏။

"ရှည်ရှည် ဆိုတာ ဘယ်လောက်လဲ ပြောဦးမှပေါ့၊ တစ်ခင်တီမီတာ

www.burmeseclassic.com

www.burmeseclassic.com



လား ...တစ်လက်မလားကိုယ် ဘယ်လိုလုပ်သိမှာလဲ"

ကျွန်မသည် အနည်းငယ်စိတ်ရှုပ်နေချိန်ဖြစ်၍ လူတွေရှေ့မှာ ကျွန်မကို ငေါက်သော မောင့်ကိုသည်းညည်းခံဖို့ မေ့သွား၏ ။

"မောင်ဘယ်လောက်ရှည်တဲ့ ဖြတ်စတွေ့ဖူးသလဲကွယ်၊ အဲဒီအတိုင်း ခန့်မှန်းလိုက်ပြီးနေတာပဲ၊ ပေးပေးကတ်ကြေး"

အချိန်ကြာမှာကို စိုးရိမ်မိခါမှ ပို၍ကြာရလေခြင်းဟု ကျွန်မဒေါသ ထွက်ကာမောင့်လက်ထဲကကတ်ကြေးကို ဆွဲယူကာဖြတ်ပေးလိုက်၏ ။ လူနာကို ရှေ့ထားပြီးတစ်ယောက်တစ်ခွန်း စကားများရသည့်အဖြစ်ကြောင့် ရှက်ရွံ့သွား ကျွန်မကိုမောင်က လူနာကုန်သွားချိန်တွင် ရီသလိုလို စကား လာ ပြော၏ ။

"ကျွန်တော်က ကွန်ပေါင်းဒါးမှတစ်ခါမှ မလုပ်ဖူးသေးတာ ...ဘယ် ခန့်မှန်းတတ်မလဲနှင်းရဲ့၊ နှင်းဆေးခန်းမှာ ကျွန်တော့်ကို ခိုင်းချင်တယ်ဆိုရင် ကျွန်တော့်ကို နည်းနည်းပါးပါး သင်ပေးထားမှပေါ့"

မောင့်မျက်နှာကို ဖျတ်ကနဲမော့ကြည့်မိတော့ မောင်ကျွန်မကို စူးစူးရှရှ ကြည့်၍ မဲ့ပြုံးပြုံးနေတာမြင်ရသည် ။ ကျွန်မပင့်သက်တစ်ချက်ရှိုက်ကာ မောင့်ပခုံးကို လှမ်းပုတ်လိုက်မိ၏ ။

"ဆောရီး ...ကိုယ်နောက်ကိုလုံးဝမောင့်အကူအညီမယူတော့ဘူး၊ အဲဒါ ဂတိပေးတယ် ။"

အဆိုးဝါးဆုံးဖြစ်ရပ်တစ်ခုကတော့ ကျွန်မဆီက ဝတ္ထုလိုချင်သော ထုတ်ဝေသူများနှင့် ပတ်သက်၍ ဖြစ်ပျက်ခဲ့သည် ။ ထိုကိစ္စနှင့်ပတ်သက်၍ မောင့်ကို ဘယ်သောအခါမှ ကျေနပ်မိမည်မဟုတ်ကြောင်း မောင့်ကို အသိပေး ဝံ့ပါသည် ။ အဲသည်တုန်းမောင့်ကို နစ်နာစေလိုသောစေတနာ အနည်းငယ်မျှ မထားခဲ့ကြောင်းလည်း သစ္စာ ဆိုဝံ့ပါသည် ။

ထိုနေ့သည် စနေနေ့ဖြစ်၏ ။ ကျွန်မ၏ အိမ်လိပ်စာကို ဆေးရုံမှတစ်ဆင့် သိ သွားသော အမျိုးသားနှစ်ယောက် ကျွန်မထံရောက်လာပြီး မိတ်ဆက် စကားပြောသည် ။ လိုရင်းကိစ္စကို ကျွန်မတို့ ဆွေးနွေးနေသည့်အချိန်မှာ မောင်က ညှိခန်းပက်လက်ကုလားထိုင်မှာ စာဖတ်နေသည် ။ ထုတ်ဝေခွင့် မရမချင်း အိမ်မှပြန်မည့်ဟန် မရှိသောထိုအမျိုးသား နှစ်ယောက်ကို မောင်က အနည်းငယ် စိတ်ပျက်လာပုံရ၏ ။ ကျွန်မရှိရာသို့ မကြာခဏ လှမ်းကြည့် နေခဲ့သည် ။ ကျွန်မကလည်း ငြင်းရင်းငြင်းရင်းက အားနာတွေဝေတတ်သူပီပီ ငြင်းအားလျော့ လာသည် ။ မှလထုတ်ဝေသူပေးသော ချေးနှုန်းထက် တော်တော် များများ သာနေတော့လည်း မိန်းမပီပီ ဝတ္ထုအရည်အသွေးချင်း အတူတူ ဈေးများသည့် ဘက်သို့လိုက်ရန် စိတ်ယိုင်ချင်ချင်ရှိ၏ ။ သို့သော် မူလထုတ်ဝေသူ အပေါ် သစ္စာကလည်း သိပ်ရှိချင်နေပြန်သည်ဆိုတော့ အားမနာနိုင်ဘဲ ကျွန်မ ငြင်းနေခဲ့ လေသည် ။ ညနေလေးနာရီခွဲသည်အထိ သူတို့မပြန်သေးတော့ ကျွန်မအနည်းငယ် စိတ်ရှုပ်လာသည် ။ ဆေးခန်းရှေ့မှာ လူနာတွေ ရောက်လာ တတ်သည့် အချိန်လည်းဖြစ်သည် ။ ထို့ကြောင့်လည်း ချည်သည်နှင့်ဖို့ရော လူနာအတွက် တံခါးဖွင့်ဖို့ရော စုပေါင်းလျက် မောင့်ကို နိုင်းလိုက်မိခြင်း ဖြစ်ပါသည် ။

"မောင်ရေ ...အပြင်ဘက်မှာ လူနာတွေရောက်နေပြီထင်တယ် ဆေးခန်း တံခါးလေး သွားဖွင့်ပြီး အဲဒီမှာ ခဏစောင့်ပေးပါလားကွယ်"

ထိုတစ်ခွန်းတည်းသော စကားကလေးသည် မောင့်ကိုဘယ်လောက် မာနထိသွားသလဲ ကျွန်မနည်းနည်းမျှ နားမလည်နိုင်ခဲ့ပါ ။ မောင်ကဘာမှမပြော ဘဲ ဆေးခန်းဘက်သို့ လှည့်ထွက်သွားခဲ့သည်ဆိုတော့ မောင်မကျေနပ်မှန်းလည်း မသိခဲ့ပါ ။ ကျွန်မနှင့်ထုတ်ဝေသူနှစ်ယောက် ဆက်လက်တိုက်ပွဲဝင်ရင်း ကျန်ခဲ့၏ ။ နောက်ဆုံးတော့ တစ်အုပ်ပဲရရင် တော်ပါပြီ ...ထုတ်ဝေခွင့်ရလျှင် ကျေနပ်ပါ သည်ဟု တောင်းပန်တိုးလျှိုးသောစကားကို အားနာလျက်က ခပ်ထွေထွေနှင့် ခေါင်းညိတ်လိုက်၏ ။ ကျွန်မဆီက သဘောတူညီမှု ရလျှင်ရချင်း သူတို့ပြန်သွား ပါသည် ။

ဆေးခန်းထဲဝင်တော့ လူနာတစ်ယောက်မျှမတွေ့ရဘဲကုလားထိုင်မှာ စာအုပ်တစ်အုပ်နှင့် ခပ်ငိုင်ငိုင်ထိုင်နေသော မောင့်ကိုသာတွေ့ရ၏ ။

"နှင်းကကျွန်တော့်ကို လူရှေ့သူရှေ့ အရှက်ခွဲဖို့ဆိုရင် သိပ်ပြောင်မြောက် တာပဲ" ဟု ခပ်မဲ့မဲ့ပြုံး၍ မောင်ပြောပါသည် ။ ကျွန်မသည် ချက်ချင်းအခြေအနေကို သဘောပေါက်သွားကာ မောင်ဘာဖြစ်နေသည်ကို နားလည်သွား၏ ။

www.burmeseclassic.com

www.burmeseclassic.com

"မောင့်ကို အရှက်ခွဲတာလို့ မထင်ပါနဲ့မောင်ရယ်၊ ဟိုလူတွေ ပြန်စေချင်တာက အဓိက၊ လူနာတွေ စောင့်နေမှာစိုးလို့၊ အခုလို ပြောလိုက်တော့ သူတို့တွေကို နှင်ပြီးသား ဖြစ်သွားတာပေါ့"

ကျွန်မ ပြေပြေပြစ်ပြစ် ရှင်းပြသည်ကို မောင်က ခါးခါးသီးသီး ပြုံး၏။

"နှင်ချင်ရင် အပြတ်ပြောပြီးနှင်ပေါ့ နှင်းရဲ့၊ ကျွန်မမှာ အလုပ်တွေရှိသေးတယ် ...လို့ပြောလိုက်ပေါ့၊ ဒါမှမဟုတ် ကိုယ်တိုင်တံခါးလာဖွင့်ပြီး အလုပ်ရှုပ်ပြလိုက်ပေါ့။ ကျွန်တော်သိပါတယ်၊နှင်းယောကျ်ားအပေါ် လူလည်ကျတာပဲ"

ကျွန်မသည် အထင်လွဲခံရလေခြင်းဟု ဝမ်းနည်းသွားပါသည်။ မောင်ဟာ ကျွန်မနှင့်ပတ်သက်သည့် မောင့်ခံစားချက်ကိုသာ အမြဲစဉ်းစားခဲ့ပြီး မောင်နှင့်ပတ်သက်သည့် ကျွန်မခံစားချက်ကိုတော့ နည်းနည်းမျှ စဉ်းစားမပေးခဲ့ပါလား။

"မဟုတ်ဘူး ကိုယ်တကယ် ရိုးရိုးသားသား ပြောမိတာပါမောင်ရယ်၊ မောင်စိတ်မဆိုးပါနဲ့"

"စိတ်မဆိုးပါဘူး၊နှင်းဖြစ်စေချင်တဲ့အတိုင်း ကျွန်တော်လုပ်ခဲ့တယ်လေ၊ နှင်းကကျွန်တော့်ကို လူရှေ့သူရှေ့မှာ အရှက်ကွဲစေချင်တယ် မဟုတ်လား"

"မဟုတ်ဘူး"

ကျွန်မနာနာကျင်ကျင် အော်ဟစ်မိတော့ မောင်က ခေါင်းတစ်ချက်ဆတ်ကာပြုံး၍ လှည့်ထွက်သွား၏။ကျွန်မမောင့်နောက်သို့ မရအရလိုက်သွားမိသည်။ အိမ်ထဲဝင်တော့မည့် မောင့်လက်ကို ကမန်းကတန်း လှမ်းဆုပ်ကိုင်မိ၏။

"မောင်ဘာဖြစ်လို့ ကိုယ့်အပေါ်အဲဒီလောက် မကောင်းမြင်နေရတာလဲဟင် ...ကိုယ်တမင်လုပ်တာမဟုတ်ဘူး၊ မောင့်အပေါ်မှာ အဲဒီလိုအရှက်ခွဲချင်တဲ့စိတ်သာ ရှိခဲ့ရင် ကိုယ်သွားလေရာမှာ ဘေးသင့်ပြီး အသေဆိုးနဲ့ ..."

မောင်ကကျွန်မပါးစပ်ကိုလက်ဖြင့်တင်းကျပ်စွာပိတ်လျက် ခေါင်းခါယမ်းလေသည်။

"နှင်းအဲဒီကျိန်စာတွေ ယုံတတ်တယ်မဟုတ်လား၊ဘာဖြစ်လို့ကျိန်ချင်ရတာလဲ"



နုးညံ့သိမ်မွေ့စွာ မောင်တားမြစ်တော့ ကျွန်မမျက်ရည် စို့ဝဲလာခဲ့၏။ကျွန်မ၏နှုတ်ခမ်းပေါ်မှာ အုပ်ထားသောမောင့်လက်ကို ကျွန်မလက်ဖြင့်ဆွဲဖယ်ပစ်လိုက်ပြီး မောင့်မျက်နှာကို နာကျင်စွာကြည့်မိသည်။

"ကိုယ့်ကို မောင်ယုံရဲ့လား"

"ယုံပြီ ယုံပြီ၊ ထပ်မကျိန်နဲ့တော့"

မောင်ကပြုံးလျက် ကလေးတစ်ယောက်ကိုချော့သလို ကျွန်မဆံပင်ကို ခပ်ဖွဖွသပ်လေသည်။

သို့သော် ပြဿနာသည် ဤမျှနှင့်မပြီးပါ။ လူနာရှင်းသည့်တစ်ခုသော ကျွန်မအိမ်ထဲသို့ အပြေးဝင်လာပြီး ကိတ်မုန့်လေးတစ်ချပ် လာစားသည့်အချိန်၌ မောင်ကကျွန်မကို ထမင်းစားနေရင်းက မေးသည်။

"ဒါနဲ့ ဟိုလူတွေကို နှင်းငြင်းလိုက်တယ် မဟုတ်လား"

ကျွန်မမောင့်ဘက်သို့ ဖြည်းညင်းစွာကြည့်လိုက်မိ၏။ မောင့်ဆန္ဒကငြင်းစေချင်မှန်း ကျွန်မသိပါသည်။အနည်းငယ် အားနာစွာ ဝန်ခံလိုက်၏။

"တစ်အုပ်တော့ ပေးမယ်လို့ ပြောလိုက်တယ် မောင်ရဲ့"

မောင်သည်စားလက်စထမင်းကို ဆက်မစားနိုင်လောက်အောင်ပင် စိတ်အနှောင့်အယှက်ဖြစ်သွား၏။

"နှင်းက တော်တော်ဆင်ခြင်ဉာဏ်နည်းတဲ့မိန်းမပဲ၊သူတို့နှင်းရဲ့စာအုပ်ကို ဘာဖြစ်လို့ လိုချင်တယ်ဆိုတာ နှင်းမသိဘူးလား၊ မေးကြည့်စမ်း ...သူတို့နှင်းရဲ့စာအုပ်ဘယ်နှစ်အုပ်ဖတ်ဖူးသလဲဆိုတာ"

"ဒါပေမယ့် ထုတ်ဝေသူတွေအားလုံး တစ်သဘောတည်းပါပဲ မောင်ရယ်၊ အရေးကြီးတာက ..."

"အရေးကြီးတာက ငွေပဲပေါ့ ဟုတ်လားနှင်း"

မောင်က ကျွန်မကိုခပ်မဲ့မဲ့ပြုံး၍ မေးပါသည်။ ကျွန်မဒေါသ ထောင်းခနဲထွက်သွား၏။

"မောင်ဘာဖြစ်လို့ ကိုယ့်ကို စော်ကားချင်ရတာလဲ၊ အရေးကြီးတာက ငွေဆိုရင် ကိုယ်တစ်ခြားထုတ်ဝေသူဆီပြောင်းပြီးပြီပေါ့"

"ဒါပေမယ့် အခု နှင်းပြောင်းတော့မယ် မဟုတ်လား"

"ဒါပြောင်းတာမဟုတ်ဘူး ... တစ်အုပ်နှစ်အုပ်မျှပေးတဲ့သဘောပါ၊

www.burmeseclassic.com



သူတို့လဲ အကျိုးအမြတ်ခံစားချင်မှာပေါ့"

မောင်ကထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်၏။ ကျွန်မနောက်သို့ တစ်လှမ်း ဆုတ်လိုက်ရသည်။

"အဲဒီလိုအားလုံးကို မျှဝေခံစားနိုင်းရအောင် နှင်းက ဘာမို့လို့လဲ၊ ကိုယ်ပြောတဲ့စကား ဘယ်ရောက်လို့ ရောက်မှန်းမသိ"

ကျွန်မ နောက်သို့ ချာခနဲလှည့်ထွက်လိုက်ပါသည်။

"နှင်း ...သူတို့က ငွေဘယ်လောက်ပို့ပေးသလဲ"

ကျွန်မ မဖြေပါ။ ရှေ့ဆက်ခြေလှမ်း လှမ်းသွားတော့ မောင်က လျှင်မြန်စွာ ကျွန်မအနားရောက်လာ၏။ ကျွန်မလက်မောင်းကို ဖမ်းဆွဲလိုက်လေသည်။

"ပေးတဲ့ငွေချင်း အတူတူဆိုရင် နှင်းသူတို့ကိုမျှမပေးဘူး မဟုတ်လား၊ အမှန်အတိုင်း ပြောစမ်းပါနှင်း"

ကျွန်မရုန်းထွက်သော်လည်း မောင်ကတင်းကျပ်စွာ ဆုပ်ညှစ်ထားသောကြောင့် ကျွန်မစိတ်ကို ထိန်းမရအောင်ဖြစ်သွားသည်။

"မောင်ကိုယ့်အလုပ်မှာဘာဖြစ်လို့ ဝင်ရှုတ်ချင်ရတာလဲ၊ မောင့်အလုပ်မှာ ကိုယ်ဘာများဝင်ရှုတ်ဖူးသလဲ၊ မောင်ဝယ်သမျှပေစာတွေ၊ ပုရပိုက်စာတွေ စာရွက်တွေစာအုပ်တွေကို ကိုယ်ဘာများစပ်စုဖူးသလဲ၊ ဘာများကန့်ကွက် ထားဆီးဖူးသလဲ ...မောင်ဘယ်သူတွေနဲ့ တွေ့တယ်ဆိုတာလဲ ကိုယ်မမေးဘူး၊ ဘယ်နေရာတွေ သွားတယ်ဆိုတာလဲကိုယ်မမေးဘူး၊ ဘာမလုပ်နဲ့လို့ မပြောဖူးဘူး၊ မောင်လဲကိုယ့်ကို ဘာမှမပြောနဲ့"

မောင်က ကျွန်မလက်မောင်းကို တင်းတင်းဆုပ်ထားရာက ကြမ်းတမ်းစွာ လွှတ်ချပစ်လိုက်လေသည်။

"ပြောရမယ်နှင်း ...နှင်းရဲ့သိက္ခာအတွက် ကျွန်တော်ပြောနေတာ၊ နှင်းများ တော့မယ်ဆိုတာသိလို့ပြောနေတာ၊ ဒီငွေကို ထုတ်ပေးသူနဲ့ပြန်ညှိရင်ရတယ်၊ လာတောင်းသမျှလူတွေကို နှင်းပေးစရာမလိုဘူး၊ ဒီစာပေတိုက်ဟာ ဘယ်လို စာအုပ်မျိုးတွေထုတ်သလဲ၊ ဒီလူဟာ ဘယ်လိုအကျင့်သိက္ခာ ရှိသလဲ ...ကိုယ့် အပေါ်ဘယ်လောက်လေးစားလဲ၊ စာပေကို ဘယ်လောက်တန်ဖိုးထားဖူးသလဲ၊ ဒါတွေကို နှင်းသိပြီးပြီလား၊ သူတို့ဘယ်သူတွေလဲဆိုတာ နှင်းလဲမသိသေးဘူး မဟုတ်လား၊ နှင်းဒီလောက်ငွေမက်မှန်း အခုမှပဲ ကျွန်တော်သိတော့တယ်"

ထိုစကားသည် ကျွန်မမျက်နှာကို အရှိန်ပြင်းစွာ ဖြတ်ရိုက်ခံလိုက်ရသကဲ့သို့ ထိမှန်လာ၏။ ကျွန်မမောင့်မျက်နှာကိုစူးစူးရဲရဲကြည့်လိုက်မိပါသည်။

"ဟုတ်တယ် မောင်ပြောတာမှန်တယ် ...ကိုယ်ငွေမက်တယ်၊ ကိုယ် ဘာလို့ငွေမက်သလဲ ဆိုတာလဲပြောဦးမယ်၊ ကိုယ့်ကို မှီခိုအားထားနေကြတဲ့ မောင်နှမ တွေအတွက်၊ ကိုယ့်ကို မှီခိုအားထားနေကြတဲ့ လင်အတွက် ...ကိုယ် ငွေအများကြီး ရှာရမယ်"

ကျွန်မလက်မောင်းကို ဆုပ်ကိုင်ထားသော မောင့်လက်ပြုတ်ကျသွား၏။ မောင့်မျက်နှာမှာ အံ့သြထိတ်လန့်မှုနှင့် နာကျည်းမှုများစွာကို ကျွန်မတွေ့လိုက် ရသည်။ ကျွန်မကိုစိုက်ကြည့်နေသော မောင့်မျက်လုံးများတွင် နာကျင်သည့် ဝေဒနာများ ရွှန်းထင်းနေတာ ကျွန်မမြင်ရသည်။ သို့သော် ကျွန်မနည်းနည်း မျှနောင်တ မရမိပါ။ မောင့်ကိုမျက်လုံးချင်းဆိုင်၍ စိုက်ကြည့်နေလိုက်ပါသည်။ မောင်ကအလျင်မျက်နှာလွှဲသွား၏။ ကျွန်မမောင့်ကို စကားတစ်ခွန်းမှ မနှစ်သိမ့် ခဲ့ဘဲ ဆေးခန်းထဲသို့ပြန်ဝင်လာခဲ့သည်။

သို့သော် ကျွန်မသည်လူနာကြည့်နေရင်း စိတ်က တွေဝေနေသည်။ မောင်ဘယ်လောက် ဒေါသထွက်သွားပြီလဲ၊ ဘယ်လောက်နာကျင်သွားပြီလဲ၊ ဘယ်လောက် ရှက်ရွံ့သွားပြီလဲ၊ တစ်ခါတစ်ခါမှာ အမှန်တရားဆိုတာ နှုတ် ပြောသင့်ပါရဲ့လား၊ နောက်ပြီး ကျွန်မ အမှန်ဟုယူဆထားသမျှကရော တကယ့်အမှန် ဟုတ်ပါ့မလား၊ မောင်၏မာနကို ကျွန်မဘယ်လောက်အထိ ထိုးနက်တိုက်ခိုက်မိပြီလဲ။ မောင်ဟာ ကျွန်မကိုမှီခိုနေသည် ...ဟူသော အတွေး မျိုး ကျွန်မရင်ထဲမှာ ဘယ်တုန်းက စတင်အမြစ်တွယ်လာခဲ့သလဲ ...။ ကျွန်မ သည် ကျွန်မ၏မသိစိတ်ကို ကျွန်မပြန်လည်ထိတ်လန့်လာခဲ့ရပါသည်။

ဆေးခန်းပိတ်ပြီး အိမ်ထဲရောက်သောအခါ မောင့်ကိုကျွန်မ မျှော်ငေး စားပြီး လိုက်ရှာတော့ စာကြည့်ခန်းထဲမှာ မောင်စာရေးနေ၏။ စားပွဲပေါ်မှာ စာအုပ်တွေ ပြန့်ကျဲလျက်ရှိသည်။ ကျွန်မတံခါးပေါက်ဝမှာ ထဲခါးတောင် ကို မှီလျက်တိတ်တိတ်ဆိတ်ဆိတ်စွာ ရပ်ကြည့်နေမိသည်။ အတော်ကြာတော့ ကျွန်မရှိနေ မှန်း မောင်သိသွားကာ ဖျတ်ခနဲမော့ကြည့်ပါသည်။ မောင်ကပြုံးသည်။ ရှုမထင်အောင် ရပ်လိုက်ပါသည်။ ခန့်ချောင်းမီးရောင်အောက်မှာ မောင့်မျက်နှာဖြူဖျော့နေသလား ကျွန်မ မသေချာပါ။ မောင်က ကျွန်မရှိရာသို့လျှောက်လာပြီး ...

www.burmeseclassic.com

မလာဘဲ စားပွဲရှေ့မှာ ပေကပ်ရပ်နေ၏။ ကျွန်မစိတ်ကို လျှော့ချလိုက်ပြီး မောင့်ဆီသို့ လျှောက်သွားလိုက်ပါသည်။

"မောင် ..."

မောင့်ပါးပြင်တစ်ဖက်ကို ကျွန်မလက်ဖျားများဖြင့်သာသာ ကလေး ပွတ်သပ်လိုက်တော့ မောင့်မျက်နှာ တင်းခနဲဖြစ်သွား၏။

"ကိုယ့်ကိုစိတ်ဆိုးသွားရင် ...ကိုယ်တောင်းပန်တယ်နော်"

မောင်က နည်းနည်းမျှမပြုံးပါ။ ကျွန်မလက်ကိုလည်းထိကိုင်ခြင်းမရှိပါ။

"စိတ်မဆိုးပါဘူး ...နှင်းပြောတဲ့စကားက အမှန်တွေပဲ၊ ဘာ စိတ်ဆိုးစရာလိုသလဲ၊ ကျွန်တော်က မိန်းမထမီနားခိုစားတဲ့ကောင်လေ ...နှင်းရဲ့"

ကျွန်မနာကျင်စွာ မျက်ရည်ဝဲလည်လျက် မောင့်ကိုဖက်လိုက်မိတော့လည်း မောင်ကပြန်မပွေ့ဖက်ပါ။

"ကိုယ့်ကို ခွင့်လွှတ်ပါနော်၊ နောက်ကို ..."

မောင်က ကျွန်မစကားမဆုံးသေးမီ ခပ်သဲ့သဲ့ရယ်မော၏။မောင့်အသံက ဒေါသဖြင့်ရယ်သောအသံဖြစ်သည်။

"ခွင့်လွှတ်စေချင်ရင် နှင်းသူတို့ကိုငြင်းလိုက်ပါ။ မပေးနိုင်ဘူးလို့ ပြန်ပြင်ပြောလိုက်ပေါ့"

ကျွန်မ မောင့်မျက်နှာကို မော့ကြည့်လိုက်မိ၏။

"မောင်တကယ်ပြောနေတာလား၊ တကယ်ငြင်းပစ်ရမှာလား"

"ငြင်းရမှာပေါ့"

မောင်စိတ်ချမ်းသာဖို့အတွက်ဘာမဆိုလုပ်ပေးမည် ...ဟု ဆုံးဖြတ်ထားသော ကျွန်မက အနည်းငယ်စဉ်းစားပြီးနောက် လိုက်လျောလိုက်ပါသည်။

"သူတို့မော်လမြိုင်ဟိုတယ်မှာ တည်းတယ်ဆိုတာကျွန်တော်ကြားလိုက်တယ်။ ဟိုတယ်ဖုန်းနံပါတ်ကျွန်တော့်ဆီမှာရှိတယ်၊ နှင်းဖုန်းဆက်ပြီး ငြင်းလိုက်ပါ"

"ဟင် ...အခုလား မောင်၊ အခုဖုန်းဆက်ရမှာလား" ကျွန်မ နားမလည်စွာမေးမိသည်။

"အခုမဆက်လို့ နှင်းက သူတို့ရန်ကုန်ပြန်သွားမှ ဆက်ချင်လို့လား"

ညကိုးနာရီအချိန်တွင် မောင့်ဆန္ဒဖြင့် ဖုန်းလှမ်းဆက်တော့လည်း



မောင်နှင့်ကျွန်မပြဿနာတက်ရပြန်၏။ စာအုပ်ထုတ်ဝေခွင့် တစ်အုပ်မျှ မပေးနိုင်တော့သည့်အကြောင်းပြောတော့ တစ်ဖက်က တော်တော်အံ့ဩ သွား လေသည်။ ဘာဖြစ်လို့လဲဆရာမရယ် ...ဘယ်လိုဖြစ်သွားတာလဲဟု မေးတော့ မောင့်ကိုတစ်ချက်လှမ်းကြည့်ကာ "ကျွန်မယောက်ျားက လုံးဝသဘောမတူလို့ပါ" ဟု ဖြေလိုက်မိသည်။ ယောက်ျားကိုကြောက်ရသောမိန်းမဟု အထင်ခံရမည်ကို မရှက်မိပါ။ ကိုယ့်စိတ်ဆုံးဖြတ်ချက်ကိုတောင် ကိုယ်မပိုင်သော တွေဝေသည့် မိန်းမဟု အထင်ခံရမှာကိုတော့ ကျွန်မရှက်ပါသည်။

တယ်လီဖုန်းချပြီးအိမ်အပြန်မှာ မောင်ကျွန်မကို အကြီးအကျယ် ဒေါသ ထွက်ပြန်၏။

"ဘာဖြစ်လို့ ကျွန်တော့်ကိုဆွဲထည့်ရတာလဲ"

"ဟင် ...မောင်က သဘောမတူလို့ ငြင်းနိုင်းတာမဟုတ်ဘူးလား"

ကျွန်မတအံ့တဩမေးမိတော့ မောင်ကစိတ်ပျက်လက်ပျက်ပုံစံဖြင့် တစ်ခုခုရေရွတ်ဆဲဆိုလေသည်။

"အကြောင်းပြစရာ ဒီလောက်ရှားသလားနှင်းရဲ့၊ နှင်းကိုပါးနပ်မယ်လို့ ဘာကြောင့် ဟိုတုန်းကထင်ခဲ့မိတာလဲမသိဘူး၊ နှင်းက တော်တော်အ တယ် ... တော်တော်တုံးတယ်၊ ဒီလိုဖြေလိုက်တော့နှင်းရော ကျွန်တော်ရောဘယ် ကောင်းတော့မလဲ၊ ကျွန်တော်က နှင်းကိုအနိုင်ကျင့်တယ်ထင်သွားမှာပေါ့"

ကျွန်မခပ်ဟက်ဟက်ရယ်မောမိ၏။

"ဒါပေမယ့် မောင်တကယ်အနိုင်ကျင့်တာမဟုတ်ဘူးလား"

"ဟာ ..."

မောင်ကအိမ်အဝင်မှာ ဖြုန်းခနဲမတ်မတ်ရပ်က ကျွန်မကိုစိုက်ကြည့်သည်။

"နှင်းကိုအနိုင်ကျင့်တယ်လို့ထင်နေတယ် ...ဟုတ်လား၊ ဆောရီးနှင်း၊ ကျွန်တော် တကယ်ဝမ်းနည်းပါတယ်၊ နှင်းကျွန်တော့်ကို နားမလည်ဘူး၊ ဘယ်တော့မှလဲ နားလည်မှာမဟုတ်ဘူး၊ ဘယ်တော့မှလဲ မျှဝေခံစားနိုင်မှာ မဟုတ်ဘူး"

ထို့နောက် အိမ်ထဲရောက်သည့်အခါ ကျွန်မနှင့်မောင်သည် အလွန်စိမ်းကားသော လူနစ်ယောက်အဖြစ်သို့ ချက်ချင်းပြောင်းလဲသွားခဲ့သည်။ တစ်မိုးတည်းအောက်မှာနေကြသော ချစ်သူနှစ်ဦးသည်တစ်ဦး၏ကိုယ်ငွေ့ကို တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရလောက်အောင်နီးကပ် နေပါလျက် ဝေးကွာနေသောအခါ မည်မျှနာကျင်ကြေကွဲစရာ ကောင်းလိုက်ပါသလဲ။ ဤအဖြစ်အပျက်အားလုံးတွင် ကျွန်မဘက်က လွန်ခဲ့မိလေသလားဟု ပြန်လည်စစ်ဆေးကြည့်မိသေး၏။ ဟင့်အင်း ...ကျွန်မ မလွန်ဘူး၊ ကျွန်မ အပြစ်တစ်ခုမှမပါဘူး။

ထိုနေ့ညမှာ မောင်သည်ကျွန်မအားညအိပ်ရာဝင် စာဖတ်ပြသည့်ထုံးစံကို အိမ်မှာမောင်ရှိနေပါလျက် ပထမဦးဆုံးအကြိမ်ပျက်ကွက်ခဲ့၏။ ကျွန်မ သည် အိပ်ရာပေါ်မှာ လဲလျောင်းလျက် မျက်နှာကျက်ကို မော့ငေးကာ ကျွန်မ မမှားဘူးဟု အကြိမ်ကြိမ်အခါခါ ရေရွတ်အားတင်းနေရသည်။ ယခင်တစ်ပတ်က မောင်ဖတ် ပြခဲ့သော စာအုပ်ကို ကျွန်မဆက်လက်ဖတ်ဖို့ ကြိုးစား၍ မရဘဲ ဖြစ်နေ၏။မောင်စာကြည့်ခန်းထဲမှာရှိနေသည်။ မောင်ကျွန်မကိုစိတ်ဆိုးနေသည်၊ သို့မဟုတ် စိတ်ပျက်နေသည်။ ကျွန်မ မောင့်ထံသွားသင့်သလား မိမိကိုယ်ကို ပြန်၍ ဝေဖန်တော့ မသွားသင့်ဘူးဟု အဖြေထွက်သည်။ သို့သော်ကျွန်မ၏ ဆင်ခြင်ဉာဏ်ကို ကျွန်မ၏ငဲ့ညာစိတ်က လွှမ်းမိုးသွား၏။

စာကြည့်ခန်းထဲ ကျွန်မ ဝင်သွားတော့ မောင် ကျွန်မကို မော့ကြည့်သည်။ သို့သော်ချက်ချင်းပင် စာအုပ်ဆီပြန်ငုံ့သွား၏။ မောင့်ကုလားထိုင်နောက်မှာ ကျွန်မသွားရပ်လိုက်သည်။ မောင်နှင့်ပြန်လည်နီးစပ်နိုင်ရန် ဘာစကားပြောရမလဲဟု စဉ်းစားမရပါ။ ကျွန်မ ပြောလိုက်သောစကားတစ်ခွန်းသည် မောင့်စိတ်ကို တစ်ထစ်တင်းဖို့ စကားတစ်ခွန်း ဖြစ်သွားမှာစိုးရိမ်မိ၏။ သို့သော်မောင်က ကျွန်မကို လှည့်မကြည့်ဘဲ စကားစပြောလိုက်ပါသည်။

"ကျွန်တော်တို့ ဒီကိစ္စကိုမေ့လိုက်ကြရအောင်နှင်း၊ နှင်းဘာမှ မပြောပါနဲ့ ...ကျွန်တော်မကြားချင်ဘူး"

မောင်က မပြောနဲ့ဆိုလျှင် ကျွန်မဘာမှမပြောဘဲနေရုံသာရှိပါသည်။ ကျွန်မ ဘာဆက်လုပ်ရမှန်းမသိဘဲ မောင့်နောက်မှာ ငြိမ်သက်တောင့်တင်းစွာ မတ်တပ်ရပ်နေခဲ့၏။မိနစ်ပေါင်းများစွာကြာသွားသည်။ မောင်သည်ကျွန်မကို ဂရုမစိုက်တော့ဘဲ စာအုပ်ထဲက မြန်မာစာကြောင်းများကို ဖတ်လိုက်၊ အင်္ဂလိပ်ဘာသာသို့ပြန်ရေးလိုက်ဖြင့် စိမ်းကားအေးစက်စွာကြာရှည်နေ ကြက်သည်။ကျွန်မသည်ကျယ်ဝန်းသော အခန်းထဲတွင် အနေရကျုံ့လျက် ခန္ဓာကိုယ်သည် တဖြည်းဖြည်းကျုံ့ဝင်သေးငယ်သွား၏။ ကျွန်မ၏ရင်ထဲမှာ နာကျင်စွာ



ဆုပ်ညှစ်ခံရသည့်ဝေဒနာအပြင် ပူပြင်းလောင်မြိုက်စွာ ရှက်ရွံ့ရသည့်ဝေဒနာပြင့် တဆတ်ဆတ်တုန်ခါလျက်ရှိပါသည်။ မလှုပ်မယှက်ရပ်နေသော ကျွန်မ၏ ခြေထောက်များ ထုံကျင်ကာ တဆတ်ဆတ်တုန်ရီလာသည်အထိ ကျွန်မ ရပ် နေခဲ့သည်။ ရှိုက်ကြီးတငင်ငိုပစ်ချင်စိတ်ကို ခွတ်ထိန်းချုပ်လျက် မောင့်လည် ကုတ်ကိုသာ အဓိပ္ပာယ်မရှိစွာ စိုက်ငေးငြိမ်သက် နေခဲ့သည်။ လည်ကုပ် အချိုင့်မြောင်းကလေးထဲထိ စုဆင်း၍ပေါက်ရောက်နေသော မောင့်ဆံပင်နုနု ကလေးများသည် ချွန်ချွန်စုစုကလေးဖြစ်နေသည်။ ကျွန်မသည်ထိုဆံပင် စု ကလေးရှိရာသို့ ငုံ့မနမ်းမိအောင် ခွတ်ချိုးနှိမ် ထိန်းချုပ်နေခဲ့ရသည်ကို မောင်သိမှ သိပါ့မလား။ နောက်ထပ် မောင့်ကို အလျှော့ပေးစရာ မကျန်အောင် ကျွန်မ လိုက်လျောခဲ့ပြီးပြီဆိုတာ မောင်မသိဘူးလား။ ကျွန်မသည် ကြာမြင့်စွာ လျစ်လျူရှုခံရသော အိမ်မွေးတိရစ္ဆာန်ငယ်ကလေးတစ်ကောင်အဖြစ် နိမ့်ကျ သိမ်ငယ် သွားခဲ့ပြီ။ ယခုအချိန်မှာ ကျွန်မအိပ်ခန်းထဲ ပြန်ဖို့ ခြေလှမ်းလှမ်း လိုက်လျှင် သည့်ထက်ပို၍ နိမ့်ကျသွားစေမလား။ သို့မဟုတ် ယခုလို မောင် ၏ လျစ်လျူရှုမှုအောက်တွင် ပေကပ်ရပ်နေကာ မောင့်ဆီက သနားညှာတာမှု ကို စောင့်နေခဲ့သည့်အဖြစ်မှာ အဆိုးဝါးဆုံး နိမ့်ကျမှုလား။ ကျွန်မကိုယ်တိုင် ဝေခွဲ၍ မရပါ။

နောက်ဆုံးတော့ မောင်က ကျွန်မကို လှည့်ကြည့်ပါသည်။ ကျွန်မကို တည်ကြည်စွာ ကြည့်သော မောင့်မျက်လုံးများကို ကျွန်မရှောင်လွှဲလိုက်၏။

"နှင်း ...ဘာစောင့်နေတာလဲ"

ဘုရားရေ ...ဘယ်လိုမေးခွန်းမျိုးလဲ။

စကားတစ်ခွန်း ပြောလိုက်လျှင် ဟိုးမြေကြီးအောက်အထိ နိမ့်ဝင်သွား တော့မည်ဟု ကျွန်မထင်သည်။

"ကျွန်တော် ဒီနေ့ည နှင်းကို စာဖတ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော် အလုပ်တွေ မပြတ်သေးဘူး"

ဆိုလိုတာ ကျွန်မကို သူ့အနီးမှာ မရှိစေချင်ဘူးပေါ့။ ကျွန်မသည် ရှက်ရွံ့မှုကို အားတင်း မေ့ပျောက်စေလျက် မောင့်ကို ခေါင်းတစ်ချက် ညိတ်ပြကာ အခန်းထဲမှ ညင်သာစွာ ထွက်ခွာလာခဲ့သည်။ ထို့နောက် မျက်ရည်တွေ ခန်းခြောက် သွားစေရန်နှင့် ကျွန်မ၏ ရှုံးနိမ့်မှုများကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မေ့ပျောက်သွားစေရန် Ian Donald ၏ သားဖွား ပညာပြဿနာ စာအုပ်ကိုဖွင့်ကာ ကြိုးစားကျက်မှတ် နေလိုက်ပါသည်။ စိတ်အာရုံက ရှက်ရွံ့နာကျည်းမှုဆီ ပြန်ပြန်ရောက်သွားသောကြောင့် အနည်းငယ် အသံထွက်ကာ ဖတ်ရသည်။ မောင် တော်တော်နှင့် ဝင်မလာပါ …။ မောင် စာကြည့်ခန်းထဲမှာ အိပ်လေမလားဟု တွေးလိုက်မိချိန်မှာပင် မောင်အိပ်ခန်းထဲသို့ ဝင်လာ၏။ အချိန်မှာ ညဆယ့်နှစ်နာရီ တိတိဖြစ်သည်။ မောင့်မျက်နှာမှာ နူးညံ့ ပျော့ပျောင်းမှုမရှိ၊ နွေးထွေး လိုက်လျောမှုမရှိ။ ကျွန်မဘေးမှာ ဝင်၍ လဲလျောင်းသည့် အချိန်အထိ မောင် ကျွန်မကို မကြည့်ခဲ့ပေ။ ကျွန်မသည် ရင်နာစွာ အံကြိတ်ပြုံးမိ၏။ မောင်ဟာ ခါတိုင်းလို ညအိပ်ရာဝင်တွင် ကျွန်မကို …"ကောင်းသော ညပါ"ဟု နှုတ်ဆက်ဖို့ပင် ဝန်လေးနေပြီလားဟု ဝမ်းနည်းစွာ တွေးတောနေစဉ်မှာပင် မောင်က တစ်ဖက်သို့ စောင်းအိပ်ကာ "good night"ဟု နှုတ်ဆက်လေသည်။ ကျွန်မသည် ထိုနှုတ်ဆက်စကားလေးကိုပင် မောင်၏ တန်ဖိုးကြီးသော ချော့မော့ဖျောင်းဖျမှု အဖြစ် မှတ်ယူလျက် လှိုက်ခနဲ ဝမ်းသာသွားရသည်။

"မောင် …ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလားဟင်"

တိုးတိတ်စွာ ကျွန်မမေးတော့ မောင်က "မဆိုးပါဘူး"ဟု တုံးတိတိ ဖြေ၏။ ကျွန်မသည် စာအုပ်ကို မွေ့ရာစွန်းမှာ ချထားလျက် မောင့်လက်ဖျန်ပေါ်သို့ လက်ဖဝါးတင်လိုက်သည်။ မောင့်လက်တွေ အေးစက်နေ၏။

"မောင် အေးနေပြီနော်၊ တော်ကြာ ဖျားနေဦးမယ်"

သို့သော် မောင်က ကျွန်မလက်ကို ညင်သာစွာ ကိုင်ပြီး ပြန်ချလိုက်၏။

"ကျွန်တော် အိပ်တော့မလို့ နှင်း"

သိမ်မွေ့သော ငြင်းပယ်စကားသည် ကျွန်မတစ်ကိုယ်လုံးကို ပူပြင်းစွာ လောင်မြိုက်သွားလေသည်။ ကျွန်မအပေါ် မောင်ဘာဖြစ်လို့ ဒီလောက် ရက်စက်ရသလဲ။ မောင် ဖြစ်စေချင်သမျှ ဆန္ဒအားလုံး လိုက်လျောပေးခဲ့သည့် ကျွန်မ၏ စွန့်လွှတ် အနစ်နာခံမှုများကို မောင်က ဘယ်လိုအဆင့်မျိုးအထိ သတ်မှတ်လိုက်တာလဲ။ ကျွန်မ၏ ချစ်မြတ်နိုးမှုတွေကို မောင်က ဘယ်အတန်းအစားထဲ ထည့်လိုက်တာလဲ။ ကျွန်မသည် မလှုပ်မယှက် ငြိမ်သက်စွာ ငေးမော တွေဝေသွား၏။ မောင်၏ ကျောပြင်ကို စူးစိုက်ကြည့်ရင်း ကျွန်မ



ရင်ထဲမှာ ရှက်ရွံ့နာကျည်းမှုများ ဖြန်းခနဲ ပြန်လည် ဆူပွက်လာသည်။ ဤလူသည် ကျွန်မကို အကြိမ်ကြိမ် ရှက်ရွံ့စေခဲ့သူ၊ အကြိမ်ကြိမ် နှိမ့်ကျစေခဲ့သူ၊ သူ၏ အနိုင်ယူမှုများတွင် ဤတစ်ကြိမ်သည် ကျွန်မအပေါ် နာကျင်စေဆုံး လုပ်ရပ် ဖြစ်သည်။ သည်လောက် မမှုတသည့် တစ်ဖက်သတ် အတ္တကြီးသူမျိုးကိုမှ ကျွန်မ ချစ်ခဲ့မိလေခြင်း။ ကျွန်မအပေါ် အစစအရာရာ လိုက်လျော အနစ်နာ ခံခဲ့သည့် ကျွန်မ၏ ခင်ပွန်းလောင်းအပေါ် ရက်စက်စွာ သစ္စာဖောက်၍ မိမိ၏ ဂုဏ်သိက္ခာကို ပတ်ဝန်းကျင်တွင် ခြေဖဝါးအောက်သို့ ပစ်ချ၍ ဤလူကိုမှ ကျွန်မချစ်ခဲ့မိလေခြင်း။ ကျွန်မ သူ့အပေါ် နားလည်စာနာပေးခဲ့ရသမျှ သူက တော့ ကျွန်မအပေါ် ဘယ်လောက် နားလည် စာနာခဲ့လို့လဲ။ သူကျွန်မအပေါ် ထား အပ်သည့် တန်ဖိုးဆိုတာ ဘယ်မှာလဲ …သူကျွန်မအပေါ် ဘာတန်ဖိုးထားခဲ့ ပါ သလဲ။ လက်သေတ်တော့ ကျွန်မ၏ လိုက်လျောမှုတွေကို အောက်တန်း အကျဆုံး သူသတ်မှတ်လိုက်တာ ပါပဲလား။

ကျွန်မသည် မောင့်နောက်ကျောကို စူးစူးစိုက်စိုက် ကြည့်လျက်က အိပ်ရာမှ ဝုန်းခနဲထထွက်လိုက်မိ၏။ ကျွန်မသည် ဤလူနှင့် တစ် ခုတင်တည်း မအိပ်ချင်လောက်အောင် ခါးသီးစွာ နာကျည်းလာ၏။ ဤလူကို ဒဏ်ရာ အနာတရ ဖြစ်အောင် ကျွန်မ ရိုက်နှက် တွန်းထိုး ပစ်ချင်လာ၏။ ထိုအခါ ကျွန်မသည် အခန်းထဲမှ ခပ်သွက်သွက် ထွက်သွားမိလေသည်။

ကျွန်မ တစ်ခုခု ပြုလုပ်မှ ဖြစ်မည်။ ကျွန်မ၏ အရှက်အတွက် … ကျွန်မ၏ ရှုံးနိမ့်မှုများအတွက် … ကျွန်မ၏ အောက်ကျမှုများအတွက် …။ ကျွန်မသည် အိမ်ထဲမှာ နေရတာ မွန်းကျပ်လျက် တံခါးဖွင့်ကာ အိမ်အပြင်သို့ ထွက်လိုက်ရသည်။ နှင်းငွေ့များဖြင့် အေးစက် ခိုထိုင်းနေသော လေသည် ကျွန်မကို ဆတ်ခနဲတုန်သွားအောင် ခြောက်လှန့်လိုက်လေသည်။ ကျွန်မ၏ရှေ့ လရောင်အောက်မှာ ပန်းအိုးကလေးတွေရှိသည်။ ကျွန်မကိုယ်တိုင် အမြတ်တနိုး မျိုးယူခဲ့သော ပိန်းပန်းပင် ပေါက်ကလေးတွေ …။ ကျွန်မနှင့် မောင် လက်ထပ်သည့် ခြောက်လပြည့်နေ့ အထိမ်းအမှတ်ဖြင့် စိုက်ခဲ့သော ပန်းအိုးကလေးများသည် ကျွန်မကို လှောင်ပြောင် သရော်နေကြသည်။ ကျွန်မသည် မောင့်ကို လက်ထပ်မိသောကြောင့် ပထမဆုံးအကြိမ် ရှက်ရွံ့ လာခဲ့၏။ ပတ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးကို တော်လှန်၍ ကျွန်မသူ့ဘက်က မတ်မတ်ရပ်ခဲ့သည်။ ပတ်ဝန်းကျင်နှင့် ကျွန်မအမြင်မတူသော ကိစ္စတွင် ကျွန်မမှန်သည်ဟု ခေါင်းမာစွာ လက်ခံခဲ့မိသည်။ တကယ်တမ်းကျတော့ မှားယွင်းသူက ကျွန်မကိုယ်တိုင်ပါ ပဲလား။

ကျွန်မသည် ကျွန်မကိုယ်တိုင်၏ မှားယွင်းမှုအတွက် တစ်ကိုယ်လုံး ပူလောင်စွာ နာကျည်းလျက် မျက်ရည်များ လိမ့်ဆင်းကျလာသည်။ ထို့နောက် အနီးမှာရှိသည့် မြေဆွသည့် သံတူရွင်းကို ဖြုန်းခနဲကောက်ကိုင်ကာ ပန်းအိုးကလေးများကို တစ်ခုချင်း ရိုက်ခွဲဖျက်ဆီး ပစ်လိုက်မိလေသည်။ ဒါတွေဟာ မှားယွင်းစွာ လက်ထပ်လိုက်မိတဲ့ မိန်းမတစ်ယောက်အတွက် အကောင်းဆုံး သက်သေခံပစ္စည်းတွေ ...။ ဒါတွေရှိနေသမျှ ကျွန်မ၏ ရှုံးနိမ့်မှုကို ကျွန်မ ပြန်ရှက်နေရဦးမည်။ သွားစမ်း နောက်တစ်ပင် ... သွားစမ်း။ ကျွန်မသည် တစ်ခုပြီး တစ်ခု ရိုက်ခွဲဖျက်ဆီးလျက် ကြေမွကျိုးပျက် သွားသော ပန်းပင်ကလေးများကို ကြည့်ကာ ကျေနပ်အားရနေမိသည်။

"နှင်း..."

ကျွန်မ၏ လက်မှ သံတူရွင်းသည် မြေပြင်ပေါ်သို့ လေးပင်စွာ လွတ်ကျသွား၏။ ကျွန်မ နောက်လှည့် မကြည့်ပါ။ ကျွန်မ သူ့မျက်နှာကို လုံးဝ မကြည့်ချင်ပါ။ ဤမျက်နှာသည် ကျွန်မ၏ ဂုဏ်သိက္ခာကို ဟိုးအနိမ့်ဆုံး မြေပြင်အောက် ရောက်အောင်ချပေးခဲ့သည့်မျက်နှာ။

"နှင်း ဘာဖြစ်နေတာလဲ"

ကျွန်မ၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ခံရပြီးနောက် ကျွန်မ၏ ကိုယ်ခန္ဓာသည် ချာခနဲလည်ကာ မောင်နှင့် မျက်နှာချင်းဆိုင်မိသွား၏။ မောင့်မျက်နှာသည် အိပ်ချင်မူးတူး ရီဝေလျက်က မာကျော ခက်ထန်နေသည်။ အသံကတော့ အလွန်အမင်း ထိန်းချုပ်ကာ တိုးတိတ်နေသော အသံ။

"ဒီလောက် ညသန်းခေါင်ကြီးမှာ ဘာအရူးထတာလဲ ...ပတ်ဝန်းကျင်က မြင်ရင် ဘယ်လိုထင်မလဲ၊ လူမြင်မကောင်းအောင် လုပ်နေတယ်၊ လာ... အထဲသွားစို့"

ပတ်ဝန်းကျင် ...။ ပတ်ဝန်းကျင်ဟူသော စကားလုံးသည် ကျွန်မ၏ နားထဲ၌ ဆူညံစွာ တုန်ခါနေ၏။ ကျွန်မ၏ အချစ်ထက်ပို၍ အရေးကြီးသော



ပတ်ဝန်းကျင် ...ကျွန်မ၏ နာကျင်မှုထက် ပိုအရေးကြီးသောပတ်ဝန်းကျင် ...။

"ဘာပတ်ဝန်းကျင်မှ ဂရုမစိုက်ဘူး၊ မင်းငါ့ကို မထိနဲ့ ... လွှတ်"

ကျွန်မဒေါသတကြီး အော်ဟစ်၍ မဆုံးသေးမီ မောင့်လက်ဖဝါးက ကျွန်မ၏ ပါးစပ်ကို လျင်မြန်စွာအုပ်ကာ၍ ပိတ်လိုက်လေသည်။ ထို့နောက် ကျွန်မကို အိမ်ထဲသို့ဆွဲခေါ်သည်။ ကျွန်မသည် ရုန်းရင်းကန်ရင်းက ဒယဉ်တိုက် ကာ အိမ်ထဲသို့ပါသွား၏။ အိမ်ထဲရောက်ရောက်ချင်း မောင်က ကျွန်မကို လွှတ်ပေးလိုက်ကာ တံခါးကို ခပ်မြန်မြန်ပိတ်လိုက်လေသည်။

"နှင်းရယ်... ဘယ်လောက်ရှက်စရာကောင်းသလဲ။ ဂုဏ်သရေရှိ ဆရာဝန်မကြီး လုပ်နေပြီး ညသန်းခေါင်မှာ ယောက်ျားနဲ့ ရန်ဖြစ်တယ်ဆိုတာ မကောင်းပါဘူး"

ညင်သာ တိုးတိတ်စွာ မောင်စကားပြောတော့ ကျွန်မဒေါသတကြီး ရယ်မောမိ၏။ သူက ပြောအားရှိမှာပေါ့၊ သူကအနိုင်ကျင့်ရသည့် လူကိုး။

"ရှက်စရာ ...ဟုတ်လား။ မရှက်ပါဘူး ဘာမှရှက်စရာမလိုဘူး ရှက်တဲ့လူ အိမ်ထဲက ထွက်သွား။ ကိုယ်ကတော့ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ"

"လုပ်ပါ ...နှင်းလုပ်ချင်တာလုပ်ပါ ...အိမ်ထဲမှာပဲလုပ် ...နားလည် လား၊ အပြင်ကို တစ်လက်မမှမထွက်နဲ့"

အေးစက်စွာ ပြောပြီး အိပ်ခန်းထဲပြန်ဝင်ရန် မောင်ခြေလှမ်းလှမ်းပါသည်။ ကျွန်မသည် မောင့်ကိုစူးစူးဝါးဝါးနာကျင်စွာ ကြည့်၍တစ်ချက်ပြုံးလိုက်သည်။

ကောင်းပြီ... အိမ်ထဲမှာလုပ်ချင်ရာ လုပ်ဆိုတဲ့အတိုင်း ကျွန်မ လုပ်ချင်ရာလုပ်မည်။

ကျွန်မသည် မီးဖိုခန်းထဲသို့ ဝုန်းကနဲပြေးဝင်သွားကာ ရှိသမျှ ပန်းကန်ခွက်ယောက်တွေကို တစ်ချပ်ချင်းပစ်ပေါက်ခွဲနေလိုက်၏။ အားလုံးနုပြ၍ ခွဲပစ်လိုက်လျှင် ခွဲစရာမကျန်ဘဲနေမှာစိုး၍ တစ်ခုချင်း စိတ်ရှည်လက်ရှည် ပစ်ခွဲသည်။ အုတ်နံရံနှင့် ကြွေပန်းကန် ထိခိုက်သံများ၊ ကွဲပြတ်သံများသည် ကျွန်မ၏ နားထဲတွင် ဂီတသံလိုပင် သာယာနေ၏။ ကျွန်မ၏ အိမ်ထောင်ဦး ပစ္စည်းတွေ ...ကျွန်မကိုယ်တိုင် အမြတ်တနိုး စုဆောင်းခဲ့သော တစ်စားပွဲစာ ဆင်တူ ပန်းကန်အစုံလိုက်တွေ။

"နှင်း..."

www.burmeseclassic.com

www.burmeseclassic.com

မောင် ဖြုန်းခနဲကျွန်မအနားသို့ ရောက်လာပြီး ကျွန်မကိုနောက်ကနေ ဖမ်းချုပ်တော့ ကျွန်မ အားရှိသမျှ ပြန်ရုန်းသည်။ ရုန်း၍ မရပါ။

"ပန်းကန်တွေကို မခွဲနဲ့ နှင်း ...နှင်း ရိုင်းတာ လွန်လွန်းနေပြီ၊ တော်တော့"

"ခွဲမယ် အကုန်ခွဲပစ်မယ်... မင်းပိုက်ဆံတစ်ပြားမှ ပါတာမဟုတ်ဘူး၊ ငါ့ပိုက်ဆံနဲ့ ဝယ်ထားတာ၊ ငါခွဲချင်သလို ခွဲမယ်"

"တော်ပြီ ...ဒီလောက်ဆုရရင် တော်တော့၊ ပိုက်ဆံကြောင့် မဟုတ်ဘူး၊ နှမြောလို့ မဟုတ်ဘူး၊ ပန်းကန်ကွဲသံတွေကို တစ်ရပ်ကွက်လုံး ကြားရတယ် နှင်းမရှက်ပေမယ့် ကျွန်တော်ရှက်တယ် ...ပတ်ဝန်းကျင်နဲ့နေတာ၊ ကိုယ် စိတ်ရှိတိုင်း လုပ်လို့ မရဘူး၊ နားလည်လား"

ပတ်ဝန်းကျင် ...။ လာပြန်ပြီလား ဒီပတ်ဝန်းကျင် ...။ ကျွန်မသည် ဒေါသတကြီး ရုန်းထွက်ကာ လက်ထဲက ပန်းကန်ကို မောင့်ခြေထောက်အနီးမှာ ကပ်၍ ပစ်ပေါက် ရိုက်ခွဲပစ်လိုက်၏။ ထို့နောက် မောင့်မျက်နှာကို စိုက်ကြည့်လိုက်သည်။ မောင်က ကျွန်မကို တအံ့တသြ ငေးမောနေသည်။ ကျွန်မ မျက်လုံးထဲမှ ရိုင်းစိုင်းခက်ထန်မှုများ၊ နာကျည်းရှက်ရွံ့မှုများ၊ ဝမ်းနည်းကြေကွဲမှုများ အားလုံးကို မောင်နားလည်သွားဟန်တူပါသည်။ မောင်ရှေ့သို့ တစ်လှမ်းတိုးလာ၏။ ကျွန်မနောက်သို့ တစ်လှမ်းဆုတ်ကာ ခြေထောက်နားက ပန်းကန်ကွဲတစ်ချပ်ကို ကောက်ကိုင်လိုက်၏။ မောင်က တစ်ချက်ပြုံးသည်။

"နှင်းက ကျွန်တော့်ကို နာစေချင်တာမဟုတ်လား ...ဒါများ အလကား သက်သက်ပစ္စည်းတွေ လျှောက်ဖျက်ဆီးနေတယ်၊ ကျွန်တော့်ကို ဓားနဲ့ ထိုး လိုက်လဲရတာပဲ... နှင်းကို ကျွန်တော် ပြန်မလုပ်ပါဘူး၊ စိတ်ချ"

"ရှေ့မတိုးနဲ့"

မောင်က လုံးဝ ဂရုမစိုက်ပါ။ ကျွန်မ မျက်နှာကိုသာ စိုက်ကြည့်လျက် ကျွန်မဆီသို့ တစ်လှမ်းချင်း တိုးလာသည်။ ကျွန်မနောက်တစ်လှမ်း ဆုတ် လိုက်သောအခါ ထမင်းစားပွဲနှင့် ထိမိသည်။

"နှင်းကမှ ကျွန်တော့်ကို ရက်စက်ချင်ရင် ကျွန်တော်ခံရမှာပေါ့ နှင်း ရယ်"



ထို့နောက် မောင် ကျွန်မနှင့် နီးကပ်စွာ ရောက်လာသောအခါ အားစက်တုန်ခိုက်နေသည့် ကျွန်မ လက်ထဲမှ ပန်းကန်ကွဲကလေး လွတ်ကျသွား ပါသည်။ မောင်က ကျွန်မ၏ ပခုံးပေါ်မှာ ရှုပ်ထွေးစွာ ပွရောင်း နေသော ဆံပင်မျှင်များကို လက်ဖြင့် ညင်သာစွာ ထွေးဆုပ်ယူ၍ နမ်းရှိုက်လေသည်။

"လာ ...နှင်း၊ ကျွန်တော်နှင်းကို သိပ်အံ့သြသွားမယ့် စာတစ်ကြောင်း ဖတ်ပြမယ်"

ကျွန်မတောင့်တင်းစွာ မတ်တပ်ရပ်၍ မောင့်ကို စူးစူးဝါး ဝါးကြည့်နေ လိုက်သည်။ မောင်က နူးညံ့စွာ ပြုံး၍ ကျွန်မလက်ကို ဆွဲခေါ်သည်။ ကျွန်မ တောင့်ရုန်းပစ်လိုက်၏။ မောင့်မျက်နှာမှာ အပြုံး ပျောက်ကွယ်သွားသည်။ မောင်က ပခုံးတစ်ချက် တွန့်ကာ ချာခနဲလှည့်ထွက်သွားလေသည်။

တိတ်ဆိတ်သော ညသန်းခေါင်တွင် ပန်းကန်ကွဲများ ပြန့်ကျဲနေသော အခန်းလယ်၌ကျွန်မ အားစက်နာကျည်းစွာ မတ်တပ်ရပ်လျက် မိနစ်ပေါင်းများစွာ ငြိမ်သက်နေခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ တစ်ယောက်ကို တစ်ယောက် လုံးဝမညာဘဲ၊ မင်္ဂလာကွက်ဘဲ ပြောကြစတမ်းဆိုရင် ကိုယ်တို့နှစ်ယောက်ဘဝမှာ ပျော်ရွှင်မှုဆိုတာ ကုန်ဆုံးသွား ခဲ့ပါပြီ။

မောင့်အပေါ်မှာ မျှဝေခံစားမှု မရှိဘူး။ မောင့်အပေါ်မှာ နားလည်မှု မရှိဘူးလို့ မောင်စွပ်စွဲတာကို ကိုယ်နားထောင်နေတဲ့အချိန်မှာ မျှဝေခံစားမှု အများကြီး ပေးဆပ်နေခဲ့ရတဲ့ ကိုယ်ဟာ အင်အားတွေ ဆုတ်ယုတ်ကုန်တော့ တယ်။ ကိုယ်ပေးဆပ်ခဲ့သမျှနားလည်မှုတွေ၊ လိုက်လျောမှုတွေဟာ ဘယ်ကို ရောက်သွားပြီလဲ။ ကိုယ်ပေးပြီးသမျှ မင်းမရတဲ့အဖြစ်ဟာ ကိုယ်တို့နှစ်ယောက် တည်းအတွက် လောကရဲ့ သီးသန့်ကျိန်စာ တစ်ခုသာ ဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

မောင်မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ခြင်းသည် ကျွန်မကိုငဲ့ညှာသနားလို့ဟု တစ်ဖက်သတ် ထင်မြင်ကြည်နူးခဲ့မိသော ကျွန်မသည် အဖြစ်မှန်ကို အကဲခတ်နားလည်သွားသောအခါ ကျွန်မ၏ လိပ်ပြာကိုပင် ကျွန်မပြန်ရှက်သွားခဲ့ရပါသည်။

တကယ်တော့ မောင်မထွက်ခွာသေးသည်မှာ မောင်လိုအပ်သော စာတမ်းတွေ ပြည့်စုံမှု မရှိသေးလို့၊ မောင်ဖတ်စရာ၊ ကျက်မှတ်စရာ စာအုပ်တွေ မပြီးသေးလို့သာဖြစ်ကြောင်း တဖြည်းဖြည်းသိလာခဲ့သည်။ မောင်သည် ကျွန်မရှိရာမှာနေထိုင်သည့်အချိန်ထက် ရန်ကုန်က စာကြည့်တိုက်ပေါင်းများစွာကို လှည့်လည်ကူးသန်းလျက် မှတ်စုကူးသောအချိန်ကများနေသည်။ မောင့်စာကြည့်စားပွဲတွင် စာရွက်စာတမ်းများ တဖြည်းဖြည်းများလာသလို ဓာတ်ပုံများ ဆလိုက်များတဖြည်းဖြည်းများလာခဲ့သည်။ မောင်သည်အချောသတ်ပြီး သွားသော စာတမ်းများကို စက္ကူပါးကလေးဖြင့် လက်နှိပ်စက်ရိုက်ထားလေ့ရှိ၏။ စာရွက်၄ရွက်လျှင် စာအိပ်ရှည်တစ်အိပ်နှုန်းဖြင့် ထည့်ကာ စာအိပ်များကို နံပါတ်စဉ်ထိုးလျက် တန်းစီထပ်ထားသည်။

"နှင်း ...ကျွန်တော့်လိပ်စာကိုသိတဲ့အခါ အဲဒီစာအိပ်တွေကို လိပ်စာတပ်၊ လိုသလောက်တံဆိပ်ခေါင်းကပ်ပြီး ကျွန်တော့်ဆီထည့်ပေးနော်။ တစ်ခါတည်း စုပြုံမထည့်နဲ့ နှစ်ရက်တစ်စောင် သုံးရက်တစ်စောင်လောက်ပဲထည့်"

ဖိုင်တွဲတစ်ခုမှာတော့ ထိုစာတမ်းများ၏မိတ္တူအားလုံးကို စုသိမ်းထည့်ထားသည်။

"တကယ်လို့အဲဒီစာရွက်တွေ ကျွန်တော့်ဆီမရောက်ဘဲပျောက်သွားခဲ့ရင် ဟောဒီမိတ္တူတွေကို စာရွက်ပါးတွေနဲ့ လက်နှိပ်စက်ထပ်ရိုက်ပြီး ကျွန်တော့်ဆီအခုလိုပဲစာတိုက်ကနေပို့ပေးနော် ...နှင်း၊ ဒီဖိုင်တွဲ မပျောက်စေနဲ့"

မောင့်ဘဝတွင် အရေးကြီးဆုံးမှာ ပညာဟုနာကျည်းစွာ နားလည်ထားသောကြောင့် ကျွန်မပြေးလေးစွာ ခေါင်းညိတ်သဘောတူခဲ့ပါသည်။

ကျွန်မတို့နှစ်ဦး၏ ဆက်ဆံရေးတွင် ချစ်မြတ်နိုးမှု၊ နွေးထွေးမှုများ



တစ်စတစ်စ ပျောက်ကွယ်သွားပြီး အလုပ်သဘောဆန်သော ဆက်ဆံရေးက တဖြည်းဖြည်းအစားထိုးလာခဲ့၏။ ယခင်ကတနင်္ဂနွေနေ့နေ့လည် ရန်ကုန်သို့ပြန်ရန် အိမ်မှထွက်ခွာချိန်တိုင်း ကျွန်မ၏နဖူးကိုညင်သာစွာနမ်း၍ နှုတ်ဆက်လေ့ရှိသော မောင်သည် ယခုအခါ သုတ်သီးသုတ်ပျာ အိမ်မှထွက်ရန် ကြိုးစားလာ၏။ ပထမတွင် မောင်ပြန်လာချိန်တိုင်း အိမ်တံခါးအတွင်း ရောက်လျှင် မောင့်ကို လှစ်ခနဲနမ်း၍ နှုတ်ဆက်သည့်အလေ့အထကို ကျွန်မကြိုးစားလိုက်လျော့ခဲ့သေး၏။ သို့သော် မောင့်ဘက်က ပျက်ကွက်မှုများလာသောအခါ ကျွန်မဘက်က ပုံမှန်ပေးဆပ်မှုများကိုပင် ကျွန်မရှက်ရွံ့စွာနာကျင်လာခဲ့၏။ ထို့ကြောင့်ကျွန်မ၏ ယုယကြင်နာမှုများကို အားတင်း၍ ထိန်းချုပ်ကာ ရှောင်ကျဉ်ခဲ့မိပါသည်။

ကျွန်မတို့နှစ်ယောက်ကြားမှ အနည်းငယ်စိမ်းကားမှုကို မောင်သတိမထားမိဟန်ဆောင်ခဲ့သလား၊ သို့မဟုတ်တကယ်ပင် သတိမထားမိလေသလား၊ ကျွန်မ မသိနိုင်ပါ။ ကျွန်မတို့နှစ်ယောက်သည် တစ်အိမ်တည်း ရှိနေလျှင်လည်း ထမင်းလက်ဆုံမစားဖြစ်ကြသည်ကများသည်။ ကျွန်မစားဖို့ပြင်ဆင်ချိန်များတွင် မောင်က စာအုပ်ပုံကြားမှာ မျက်နှာအပ်ဆဲ ...။ ကျွန်မက ထမင်းစားဖို့သွားပြောလျှင် ကျွန်မက မောင့်ကို နှောင့်ယှက်သူဖြစ်ရ၏။

"နှင်းဆာရင် စားနှင့်ပေါ့၊ ကျွန်တော် ပြီးတော့စားပါ့မယ်"

မနက်အိပ်ရာထချိန်တိုင်း ကျွန်မကိုညင်သာစွာနမ်း၍ ရယ်မော စနောက်ကာ နှိုးလေ့ရှိသောမောင်သည် ယခုတော့ကော်ဖီ ဖျော်ပြီးတာတောင်လာရောက်အကြောင်းကြားပေါ်မရတော့ပေ။ သူ့အတွက်သူပန်းကန်ထဲထည့်သောက်ပြီး ခြံထဲဆင်းကာ စာအုပ်တစ်အုပ်ဖတ်နေတတ်သည်။ ကျွန်မက ကော်ဖီအိုးထဲမှာ ကော်ဖီလျော့နေတာ မသိချင်ဟန်ဆောင်၍ "မောင်ရေကော်ဖီသောက်ရအောင်" ဟု သွားခေါ်လျှင် ကျွန်မကိုတောင်မော့မကြည့်ဘဲ "ကျွန်တော်သောက်ပြီးပြီနှင်း" ဟု အေးတိအေးစက် ငြင်းတတ်သည်။

စနေနေ့ညများတွင် ဝတ္တရားမပျက် မောင်ကျွန်မကိုစာဖတ်ပြခဲ့သော်လည်း တစ်ခါတစ်ခါမှာ စာဖတ်ရင်းက မောင်မကြာခဏ သန်းဝေနေတတ်သည်။ တစ်ခါတစ်ခါတော့ ဖတ်လက်စ စာအုပ်လွတ်ကျသွားကာ မောင်သည် အပူအပင်ကင်းမဲ့စွာ အိပ်ပျော်သွားတတ်၏။ ထိုအချိန်မျိုးမှာ ကျွန်မသည် နှစ်ခြိုက်စွာ အိပ်ပျော်နေသောမောင့်ကို မနာလိုဝန်တိုစိတ်ဖြင့် မျက်ရည်ရစ်ဝဲကာ

www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်အောင်မနည်း အာရုံစုစည်းယူရသည်။ တစ်ခါတစ်ခါကျတော့ ကျွန်မကြိုးစားဆောက်တည်ထားရသော မာနကလေးကိုဖြိုခွဲ၍ တစ်ဖက်လှည့်အိပ်ပျော်ရန်ကြိုးစားနေသော မောင့်ပါးပြင်ကို လက်များကလေးဖြင့် ညင်သာစွာပွတ်သပ်မိသည်။ ထိုအခါမျိုးမှာတော့ မောင်သည်ကျွန်မ၏ လက်ကိုတင်းကျပ်စွာဆုပ်ကိုင်လျက် ကျွန်မကိုမြတ်နိုးသော မျက်လုံးများဖြင့် နူးညံ့စွာကြည့်ဖော်ရလေသည်။

ကျွန်မတို့နှစ်ယောက်၏ သီးသန့်အချိန်ကာလကလေးများသည် တစ်နေ့ထက်တစ်နေ့ပို၍ အချိန်နည်းပါးလာခဲ့သည်။

ယခင်ကညသန်းခေါင်အထိ ကျွန်မစာဖတ်နေလျှင် နူးညံ့စွာ ရယ်မောကာ ကျွန်မ၏စာအုပ်ကို ပိုင်စိုးပိုင်နင်းလာပိတ်တတ်သော မောင်သည် ယခုအခါ ကျွန်မထက်ပို၍ အချိန်ကြာအောင် စာကြည့်ခန်းထဲမှာအလုပ်ရှုပ်နေတတ်သည်။ တစ်ခါတစ်ခါ လင်မယားနှစ်ယောက်စာကြည့်ခန်းစားပွဲတွင် ဟိုဘက်ထိပ်သည်ဘက်ထိပ်ထိုင်၍ စာဖတ်နေရင်း ကျွန်မ၏ဘဝကို ကျွန်မစိတ်ပျက်အားငယ်လာဖူးသည်။ ကျွန်မသည်မောင်နှင့် သီးသန့်နားလည်မြတ်နိုးချိန်ကလေးများအတွက် ကျွန်မ၏မာနကို ဘယ်နှစ်ကြိမ် အောက်ချခဲ့ရပြီလဲ။ မောင့်ကုလားထိုင်နောက်သို့ သွားရပ်ကာ မောင့်ကိုနောက်ကျောမှ သိုင်းဖက်၍ မောင့်စာအုပ်ကိုဘယ်နှစ်ကြိမ် ပိတ်ပေးခဲ့ရပြီလဲ။ မောင့်လက်ထဲက ဖေါင်တိန်ကို ဘယ်နှစ်ကြိမ်ဆွဲယူခဲ့ရပြီလဲ။ ဘာကြောင့်လဲဆိုတော့ မောင်သည်ကျွန်မ၏ အညှုံ့ခံမှုအပေါ်မှာသာ ပျော်ရွှင်ကြည်နူးတတ်လျက် မောင်အညှုံ့ခံရသောအချိန်မှာတော့ ဒေါသကြီးတတ်သောကြောင့်တည်း။ မောင့်ဒေါသကိုလည်း ကျွန်မ ကြောက်တတ်သောကြောင့်တည်း။

ယခင်က မောင်ခွင့်လွှတ်နိုင်ခဲ့သော ကျွန်မ၏ ပစ်စလက်ခတ် အမူအကျင့်ကလေးများကို ယခုတော့ မောင် ခွင့်မလွှတ်နိုင်တော့ပေ။ ဒေါသတကြီးဆူပူငေါက်ငမ်းစ ပြုလာသည်။ ဤအချိန်တွင်တော့ ဆူပူငေါက်ငမ်းမှု မပြုလုပ်သင့်သေးဘူးဟု လူမှုရေးအရ မိမိဇနီးကို သိက္ခာမကျအောင် ထိန်းသိမ်းမှုများကိုပင် မောင်မပြုလုပ်ခဲ့တော့ပေ။ ကျွန်မ၏ညီသည်များ ကျွန်မ၏လူနာများရှေ့တွင်ပင် ကျွန်မကို ဒေါသတကြီး ဆူပူတတ်လာ၏။

"နင်းရေ ...စောစောက နင်းယူဖတ်တဲ့စာအုပ် ဘယ်ထားလိုက်လဲ"



ခြံထဲမှာကျွန်မ တစ်စုံတစ်ယောက်နှင့် စကားပြောနေချိန်မျိုးကိုပင် မစောင့်နိုင်တော့ဘဲ လာမေးတတ်၏။

"ဘာစာအုပ်လဲမောင်"

"ဒေါ်ခင်ခင်စိန်ရဲ့ စာအုပ်"

"အိပ်ရာပေါ်မှာနဲ့ တူတယ်"

ထိုအခါ မောင့်အသံမှာ ဒေါသအငွေ့အသက် ပါလာ၏။

"မတွေ့ဘူးနင်း ...ကိုယ်ရှာပြီးပြီ၊ လာရှာပေးဦး"

ခပ်ဆတ်ဆတ်လေသံကို သဘောမကျသောကြောင့် ကျွန်မလေကတ်၍ ငြင်းမိသည်။

"ခဏနေပါဦးမောင်ရဲ့၊ ပြီးတော့ကိုယ်ရှာပေးမှာပေါ့"

ကျွန်မ၏ဒေါသထက် မောင့်ဒေါသက မနိုင်းယှဉ်သာအောင်ကြီးသည်။

"အခုလိုချင်တယ်၊ ဒီမှာအလုပ်လုပ်နေတာ နင်းမသိဘူးလား"

ကျွန်မ၏ ညီသည်မှာ အားနာကာချက်ချင်းနှုတ်ဆက်၍ ပြန်သွားလေသည်။ ကျွန်မသည်မောင့်ကိုစိတ်တိုကာအပြစ်တင်ဖို့ကြံရွယ်ဆဲမှာ မောင်က ကျွန်မကို ဒေါသတကြီးဆူပူတော့သည်။

"စည်းမရှိ ကမ်းမရှိ ချချင်တဲ့နေရာချ၊ ထားချင်တဲ့ စာအုပ်ပုံကြားထား ...ဘယ်လိုမိန်းမလဲမသိဘူး၊ နောက်တစ်ခါ ကျွန်တော့်စာအုပ်တွေကို ယူမကိုင်နဲ့တော့"

ကျွန်မ၏ အားနည်းချက်များကို အထင်သေးဖို့၊ ရှုတ်ချဖို့ မောင် အမြဲအဆင်သင့် ဖြစ်နေခဲ့၏။ အင်္ဂလိပ်စကားပြောရာတွင် ပြောကျင့်မရှိ၍ သဒ္ဒါ မှားသွားသည့်အခါမျိုး၊ အသံထွက်မှားယွင်းသည့်အခါမျိုးတွင် ပြုံးတတ်သောမောင်၏ သရော်ပြုံးရိပ်ရိပ်ကလေးသည် ကျွန်မအား မခံချိမခံသာဖြစ်အောင် အမြဲဆွပေးတတ်၏။ ကျွန်မ၏ညံ့ဖျင်းမှုကို မောင်ကျေနပ်နှစ်သက်နေသလားဟုပင် ကျွန်မထင်လာခဲ့ပါသည်။ သက်လူမျိုးအကြောင်း ကျွန်မ မသိရကောင်းလားဟု မောင်ကျွန်မကို ကောင်းကောင်းဟားခဲ့ဖူးသည်။ ကျွန်မဒေါသထောင်းခနဲထသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကဆရာဝန်ပဲ ဆေးပညာပဲသိတော့မပေါ့၊ ဘာလူမျိုးအကြောင်းမှ သိစရာမလိုဘူး"

မောင်က မထေ့တထေ့ပြုံးသည်။

"ဒါပေမယ့် စာရေးဆရာမကြီးပဲနှင်းရဲ့၊ စာရေးဆရာတစ်ယောက်ဟာ ကိုယ့်နိုင်ငံထဲမှာ နေတဲ့လူမျိုးတွေအကြောင်း သိထားရမှာပေါ့"

"ဒါပေမယ့်စာရေးဆရာဆိုတာ အင်သရိုပေါလ်ဂျစ်(စ်)(တ်)မှ မဟုတ်တာ"

ကျွန်မကို တမင်သက်သက်အနိုင်ယူနေသည်ဟု စိတ်အချဉ်ပေါက်လာသော ကျွန်မကဖြုန်းဆို စကားဖြတ်ကာ ထွက်သွားရတတ်၏။

ခင်ပွန်းတစ်ယောက်ဟာ ဇနီးအပေါ်မှာ မနာလိုဖြစ်ကောင်းသလား၊ ဖြစ်ရောဖြစ်တတ်လား။ မောင်သည် ကျွန်မအပေါ်မှာ မနာလိုစိတ်များထားခဲ့ပြီလား။ ကျွန်မ၏အရွှေးကိုမှ မောင်မကျေမနပ်ဖြစ်တာလား။ မောင့်စိတ်ကို အကြိမ်ကြိမ်အခါခါခွဲခြမ်းစိတ်ဖြာကြည့်သောအခါ မောင်၏လိုက်လျောမှုဟု ကျွန်မထင်ခဲ့သော အရာများသည်ပင် မောင့်အတ္တများဖြစ်နေခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိမြင်လာခဲ့၏။

ကျွန်မ၏ပြည့်စုံမှုကို မောင်မြင်ရသည့်အခါ ကျွန်မ၏ စိတ်ခံစားချက်သည် မောင့်မျက်လုံးနှင့် နှုတ်ခမ်းသို့ အရိပ်သဖွယ်ချက်ချင်းကူးစက်ကာ ကျေနပ်သွားလေ့ရှိသည့်အခါမျိုးတွင် ယခင်ကတော့ "မောင်ဟာငါ့အပေါ်မှာ အလွန်ဂရုစိုက်ဦးစားပေးခဲ့ပါလား"ဟု ဂုဏ်ယူနှစ်သက်ခဲ့ဖူး၏။ တကယ်တမ်းတော့ အဲဒါဟာ မောင့်အတ္တတွေပဲ။ မောင့်ဖန်တီးမှုကြောင့် ကျွန်မ ပြည့်စုံ သွားသည့်အခါ ကျွန်မ၏ပြည့်စုံမှုသည် မောင်၏အောင်မြင်မှုဖြစ်သည်။ ကျွန်မ၏ မပြည့်စုံမှုသည် မောင်၏ညံ့ဖျင်းမှုဖြစ်သည်။ ထိုအခါမောင်သည်သူအောင်နိုင် သူတစ်ယောက်ဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစားပြုပြင်လေသည်။ ဤ နည်းဖြင့်မောင်က ပွင့်ဆိုပွင့်၊ ငုံဆိုငုံရမည့် ပန်းကလေးဘဝသို့ ကျွန်မရောက်ခဲ့ရသည်။ အထိန်းအချုပ်မဲ့ မသိစိတ်ကြောင့် ရှိမြဲစွာတပ်မက်နေမိသော အရွှေး၏အရသာသည် အသိစိတ်ဖြင့် စဉ်းစားဆင်ခြင်တိုင်း ခါးသီးလာခဲ့၏။ ဤနည်းဖြင့် ကျွန်မသည် ကျွန်မ၏အရွှေးကို နားလည်သဘောပေါက်လာခဲ့ရသည်။

အမြဲတမ်းရှုံးနေသော လူတစ်ယောက်သည် တစ်ခါတစ်ရံအောင်နိုင်



ခြင်း၏ အရသာကိုမြည်းစမ်းကြည့်လိုသည်မှာ သဘာဝကျသည်ဟု ကျွန်မထင်သည်။ သို့သော်ကျွန်မသည် မောင်ထင်မြင်ယူဆခဲ့သလိုဤအောင်နိုင်မှုကို တမင်သက်သက်ကြိုးစားဖန်တီးခဲ့ခြင်း မဟုတ်သည်ကို ကျွန်မဘုရားအဆူဆူရှေ့တွင် သစ္စာဆိုရဲပါသည်။ မောင့်ကိုလက်စားချေဖို့ဟူသည့်အတွေးမျိုးလည်း တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသည်ကို ကျွန်မကျိန်တွယ်ရဲပါသည်။

ပင်လယ်ဘူးသို့ သွားရန် မောင်ကျွန်မထံမှ ပိုက်ဆံတောင်းရာမှ အစပြုသော ပြဿနာဖြစ်သည်။

ယခင်က မောင်ကျွန်မထံမှ ပိုက်ဆံတစ်ခါတစ်ရံတောင်းဖူးသော်လည်း ကျွန်မဘယ်တုန်းကမျှ မောင့်ကိုစစ်ဆေးမေးမြန်းခြင်းမရှိ၊ မောင်တောင်းသမျှ ပိုက်ဆံကို အပြုံးမပျက် လိုက်လိုက်လဲလဲ ပေးအပ်ခဲ့သည်သာဖြစ်သည်။ သည်တစ်ခါတော့ မောင်ယူမည့်ပိုက်ဆံကလည်းများပြီး ကျွန်မလက်မှာလည်း လက်ကျန်သိပ်မရှိသည့်အချိန်ဆိုတော့၊ ထို့ပြင်ကျွန်မသည်မိမိ၏ ပေးခဲ့မှုများ အပေါ်လည်း ရက်ရွဲ့နာကျင်တတ်ပြီဆိုတော့ အနည်းငယ်တုံ့ဆိုင်းသွားခဲ့မိပါသည်။

"သိပ်အရေးကြီးလို့လား၊ နောက်လမှ သွားလို့မရဘူးလားမောင်"

လိုက်လျောနေကျ ကျွန်မထံမှ အင်တင်တင်စကားကြောင့် မောင်တော်တော်နာကျင်သွားမှန်း ကျွန်မသိပါသည်။ မောင်က အားယူပြုံးသည်။

"ဖြစ်နိုင်ရင်တော့ အခုသွားချင်တာပေါ့နှင်းရယ်၊ နှင်းမှာရှိတယ် မဟုတ်လား"

ကျွန်မ အနည်းငယ်တွေဝေလျက်ရှိသည်။

"မာမိုဆီက ယူရင်ကောဟင်"

မောင်အပြုံးပျောက်သွား၏။

"မာမိုဆီကယူချင်ရင် နှင်းကိုအလကား ဒုက္ခပေးပါ့မလား၊ ကျွန်တော်မတောင်းချင်လို့ပေါ့"

"အဲဒီလောက်ကြီး ကုန်ဖို့ရောလိုသလားမောင်ရယ်"

မိန်းမပီပီ အနည်းငယ်နှမျောစိတ်ဖြင့် ညင်သာစွာမေးမိတော့ မောင် သက်ပြင်း တစ်ချက်ရှိုက်သည်။

"ဒိုတဲ့ပိုက်ဆံ နှင်းကိုကျွန်တော်ပြန်အပ်မှာပါ၊ နောက်ပြီး ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်သမျှစာအုပ်တွေဟာလဲ ကျွန်တော်ထွက်သွားတဲ့အခါ နှင်းနဲ့အတူ ကျန်ရစ်ခဲ့မှာပါ" ဟုခပ်ဆတ်ဆတ်ပြောသည်။

နောက်ဆုံးတော့ထုံးစံအတိုင်း ကျွန်မငဲ့ညာစွာ လိုက်လျောလိုက်သည်။ သို့သော် မောင် သောကြာနေ့ ခရီးထွက်မည်ဆိုသောအချက်ကို မကျေနပ်သောကြောင့် ကျွန်မ ရက်ညှိနိုင်းဖို့ကြိုးစားမိ၏။ သောကြာနေ့မသွားဘဲ တနင်္လာနေ့မှ သွားလျှင်ကျွန်မ၏စနေ၊ တနင်္ဂနွေရက်အားတွင် မောင်ကျွန်မအနီး၌ အတူရှိနေမည်။ ကျွန်မတို့နှစ်ယောက်ကြားက အေးစက်မှုများ ငွေးထွေးလာအောင် ကျွန်မတို့အပြန်အလှန်ကြိုးစားနိုင်လေမလား ဟုသော မျှော်လင့်ချက်ကလေးဖြင့် မောင့်ကို ရက်နောက်ဆုတ်ခိုင်းခဲ့မိ၏။

"တနင်္လာနေ့မှ သွားပါလားမောင်ရဲ့၊ စနေ တနင်္ဂနွေ မော်လမြိုင်မှာ နေလိုက်ဦး"

သို့သော် မောင်ကကျွန်မလိုအတွေးမျိုး လုံးဝရှိဟန်မတူဘဲ ခါးသီးစွာ ငြင်း၏။

"ဘာထူးမှာလဲနှင်း၊ စောစောသွားပြီး စောစောအလုပ်ပြီးတော့ စိတ်ချရတာပေါ့ ...တစ်ဖက်က စာရွက်စာတမ်းကိုစောင့်နေရတဲ့အချိန်မှာ အစစအရာရာအဆင်သင့်ဖြစ်နေချင်တယ်၊ ကျွန်တော့်အချိန်ကို ကျွန်တော်မပိုင်ဘူး"

ကျွန်မတို့နှစ်ယောက်၏ အချစ်ထက်ပို၍ အရေးကြီးသော အရာမရှိဟု ကျွန်မထင်နေစဉ်တွင် ကျွန်မတို့အချစ်ထက်ပို၍ အရေးကြီးသောအရာရှိကြောင်း သဘော်လိုက်သလိုကျွန်မခံစားရ၏။ သည်လောက်လျစ်လျူရှုရက်သည့် မောင့်အပေါ် နည်းနည်းကလေးဖြစ်ဖြစ် ကသိကအောင့်ဖြစ်ပါစေတော့ဟူသော ဆန္ဒကလေးပေါ်မိတာကိုတော့ ကျွန်မဝန်ခံပါသည်။

"မောင့်အချိန်ကို မောင်မပိုင်ပေမယ့် ကိုယ်ပိုင်တယ် ...မောင် တနင်္လာနေ့မှ သွားရမယ်"

ကျွန်မက ခပ်ပြုံးပြုံး ကျီစယ်သည့်အခါ မောင်မျက်နှာ မည်းခနဲ ဖြစ်သွား၏။

"သောကြာနေ့ သွားရမယ်နှင်း ...ကျွန်တော်အလကားသက်သက် အချိန်ဖြုန်းမခံနိုင်ဘူး၊ကိုမြင့်အေးကို ရထားလက်မှတ်စီစဉ်ထားဖို့ပြောပြီးသား"

မောင်၏ လေသံမာမာကြောင့် ကျွန်မဆုံးဖြတ်ချက်ပို၍ ခိုင်မာသွားသည်။



"တနင်္ဂနွေနေ့မှ မောင်ပိုက်ဆံရမယ် ..နောက်ထပ်ဘာစကားမှ မပြောနဲ့တော့"

ထို့နောက် မောင်ဆင်ခြေတက်မှာစိုး၍ ကျွန်မဆေးရုံသို့ အချိန်စော၍ ထွက်သွားလိုက်ပါသည်။ ထိုနေ့တစ်နေကုန် မောင်ဘယ်လိုအချိန်ဖြုန်းသလဲ ကျွန်မ မသိပါ။ မောင်ကလည်း မောင့်ခံစားချက်ကိုပြန်ပြောလေ့ရှိသူတစ်ယောက် မဟုတ်ပါ။ ညဆေးခန်းပိတ်သည့်အချိန်ကျမှ မောင်နှင့်ကျွန်မ မလွှဲရှောင်သာစွာ မျက်နှာချင်းဆိုင်ရသည်။ မောင်ကလည်း ငွေအကြောင်း နောက်ထပ် စကားမစပ်တော့ဘဲ၊ ကျွန်မကလည်း ရက်ညှိနှိုင်းမှုအကြောင်း နောက်ထပ်စကားမစပ်အောင်နေခဲ့၏။

ထိုညတွင် ပထမဦးဆုံး အကြိမ်အဖြစ် ကျွန်မတို့နှစ်ယောက်ကြားက ဘာသာစကား ထစ်ငေါ့လွဲချော်ခဲ့ရသည်။ မောင့်မျက်လုံးမှာ မြတ်နိုးကြင်နာရိပ်သော်လည်းကောင်း၊ တပ်မက်ရိပ်သော်လည်းကောင်း မမြင်ရဘဲ သံသယနှင့်နာကျည်းရိပ်ကိုသာ ကျွန်မမြင်ရသည်။ ပန်းတစ်ပွင့်အတွက် နေရောင်ခြည်နွေးနွေးကလေးဖြစ်ရမည့် မောင်သည်သူကိုယ်တိုင် ပိန်းပိတ်စွာ မှောင်နေရသောအခါ မောင်၏ရှုံးနိမ့်မှုကို ကျွန်မ မလွှဲရှောင်သာစွာ ရင်ဆိုင်ခံစား လိုက်ရသည်။ နာကျည်းဖို့ကောင်းစွာပင် မောင့်အရှုံးသည် ကျွန်မ၏အရှုံးလည်းဖြစ်နေသည်။ မိန်းမနှင့်ယောကျ်ား ဘယ်လောက်အခွင့်အရေး ကွဲပြားခြားနားလိုက် ပါသလဲ။ ကျွန်မ ...မောင့်အပေါ်ရှုံးနိမ့်စဉ်က မောင်သည်အောင်နိုင်သူတစ်ယောက်ဖြစ်ခဲ့သော်လည်း မောင်ကျွန်မအပေါ်ရှုံးနိမ့်သော အချိန်တွင်လည်း ကျွန်မသည် မောင်နှင့်ထပ်တူညီမျှစွာ ရှုံးနိမ့်သူပင်ဖြစ်ရပြန်သည်။

မောင်က နာကျင်သော မျက်လုံးများဖြင့် ကျွန်မကို တောင်းပန်ကာ ကျွန်မနှင့် ဝေးရာသို့ပြုန်းခနဲထွက်ခွာပြေးသည့်အခါမှာတော့ မောင်ဘာဖြစ်နေသလဲဆိုတာ ကျွန်မ သိလိုက်ပြီ ဖြစ်ပါသည်။

မောင်သည်ခုတင်ခေါင်းရင်းက စားပွဲရှည်ကလေးနားမှာ ကြာမြင့်စွာ မတ်တပ်ရပ်၍စားပွဲပေါ်က ဓာတ်ပုံကလေးကို ငေးမောကြည့်နေခဲ့၏။ ကျွန်မနှင့် မောင်အုတ်လှေကားကြီးပေါ်မှာထိုင်နေကြသည့်ဓါတ်ပုံကို မောင်မကြာသေးမီက ပုံကြီးချဲ့ထားခဲ့ပါသည်။ ခေါင်းအုံးပေါ်ပါးအပ်၍ အလျားမှောက်ကာ မောင်ရှိရာသို့ လှမ်းကြည့်နေမိနိုက် မောင်က ဓာတ်ပုံမှန်ကို သု့လက်ကိုင်ပဝါဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယုယစွာ ပွတ်သပ်ပေးနေခဲ့သည်။ ကျွန်မမောင့်ထံသွား၍ ပျောင်းဖျ ချော့မော့လိုက်လျှင် မောင်စိတ်သက်သာရာ ရသွားနိုင်သည်ဟု သိနေပါလျက် နေရာမှ စွဲမြဲစွာ ကျန်ရစ်ဖို့ ရွေးချယ်ခဲ့မိသည်။

နောက်ညတွေမှာ ပုံမှန်အခြေအနေသို့ ပြန်ရောက်ပြီဟု ကျွန်မထင်ခဲ့၏၊ သို့သော် စနေနေ့ညတွင် မောင်ကျွန်မကို ဖတ်ပြသောစာအုပ်ပေါ်မှာ ကျွန်မ ကောက်ချက်ချရလျှင် မောင်သည် သူ၏ နိမ့်ကျသိမ်ငယ်မှုကို ပုံကြီးချဲ့၍ ဝမ်းနည်းနာကျည်းနေဆဲ ဖြစ်သည်။ မောင်သည် ဘယ်တုန်းကမှ မောင်ဖတ်မပြခဲ့ဖူးသော တောမတ်စ်မန်း၏ ကိုယ့်ကိုယ်ကို အထင်ကြီးသူတစ်ယောက်၏ ဖွင့်ဟဝန်ခံချက်များ "The Confession of Felix Krull, a confident man" ဝတ္ထုကို ဖတ်ပြခဲ့၏။ ဟိုတယ်ဓါတ်လှေကားစောင့် အလုပ်ကိုလုပ်ရင်း အမျိုးသမီးကြီးများထံမှ ငွေကြေးနှင့် မိမိ၏ကိုယ်ခန္ဓာကို လဲလှယ်ခဲ့သော ဇာတ်လိုက်၏ ပထမပိုင်းအခန်းများကို ဖတ်ပြသောအခါ ကျွန်မမျက်ရည် ဝေ့လည်လာပြီး အံကြိတ်ကာ ငြင်းပယ်မိသည်။

"တော်တော့ ...မဖတ်နဲ့တော့"

ထိုအခါမောင်က တစ်ပိုင်းတစ်စနှင့် ရပ်တန့်ကာ ကျွန်မ၏ ဆံပင်များ ကလေးကို နမ်းရှုတ်လျက် မထေ့တထေ့ပြုံးခဲ့လေသည်။ ယောကျ်ားတွေက မိမိချစ်သူမိန်းမ၏ အရှုံးကို မြင်ရသည့်အခါ ပျော်ရွှင်ကောင်း ပျော်ရွှင်နိုင်မည် ဖြစ်သော်လည်း မိန်းမတွေက မိမိချစ်သူယောကျ်ား၏ စိတ်ဓာတ်အရှုံးကို မြင်ရသည့်အခါ အနည်းငယ်မျှ မပျော်ရွှင်မနှစ်သိမ့် နိုင်ကြပါ။

သို့သော် မပျော်ရွှင်နိုင်သည်ကတစ်ပိုင်း မောင်ထင်သလိုမဟုတ်ပါဘူးဟု မချော့မော့ မနှစ်သိမ့်လိုသည်က တစ်ပိုင်းဖြစ်သည်။ ကျွန်မမှာ နောက်ထပ် သိက္ခာကျစရာ ကျန်သေးသလား မသေချာသော်လည်း ကျွန်မ မောင့်ကို ချော့မော့လိုက်လျှင် ကျွန်မမောင့်အပေါ် ထပ်ရှုံးနိမ့်ဦးမည်ဟု ထင်နေမိ၏၊ ထို့ကြောင့်လည်း ဝမ်းနည်းကြေကွဲလျက်ကပင် မောင့်သိမ်ငယ်မှုကို အပေါ်စီးက ဆက်လက်ကြည့်နိုင်ဖို့ ကြိုးစားခဲ့မိပါသည်။

တနင်္ဂနွေနေ့ညတွင် ကျွန်မ၏ကတိအတိုင်း စာကြည့်ခန်းထဲသို့သွား၍ မောင်လိုသောပိုက်ဆံကို ပေးခဲ့သည်။ စားပွဲပေါ် ပိုက်ဆံထုပ်ကိုချသည့်အခါ ပစ်ချဖို့ ကျွန်မကြိုးစားကြည့်ခဲ့သေး၏။ သို့သော်ထိုအစီအစဉ်ကိုစဉ်းစားရုံမျှဖြင့် ရင်ထဲမှာ နာကျင်လာပြီး မောင့်ရှေ့ညင်နွဲ့ညံ့စွာပင် သာသာကလေး တင်ပေးခဲ့မိပါသည်။ မောင်က ကျွန်မကို လုံးဝမော့မကြည့်ပါ။ ပိုက်ဆံကိုတော့ လှမ်းကြည့်၏။ သို့သော် သူ့အကြည့်ကို ကျွန်မသိသည်။ အရှုံးရာယ်ရှိသော တိရစ္ဆာန်တစ်ကောင်ကို ကြည့်သောအကြည့်၊ အဆိပ်ရှိသော သတ္တဝါကိုကြည့်သော အကြည့်ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်မ မောင့်ဆံပင်များကို သာသာ ကလေးပွတ်သပ်ပေးလိုက်မိသည်။ ထိုအခါကျမှ မောင်က ကျွန်မကိုမော့ကြည့် သည်။

မောင်နှင့်ကျွန်မကြားတွင် နားလည်မှုများ၊ စာနာမှုများလုံးဝ ပျောက်ကွယ်သွားခဲ့ပြီဆိုတာ ကျွန်မသိလိုက်သည်။ မောင့်မျက်လုံးသည် ကျွန်မကို ကြည့်နေကျ မျက်လုံးမျိုးမဟုတ်။ ထောင်ချောက်တစ်ခုကို ကြည့်သော သားကောင်၏ မျက်လုံးမျိုးဖြစ်သည်။ ကျွန်မသည် ထိုအကြည့်ကြောင့် ဆတ်ဆတ်ခါအောင် နာကျင်သွားမိသည်။ မောင့်ကို ရင်ခွင်ထဲ ဆွဲဖက်ကာ နှစ်သိမ့်လိုက်ရလျှင် သိပ်ကောင်းမှာပဲဟုတမ်းတ မိသည်။ သို့သော် ကျွန်မနောက်ထပ်မောင့်ကို နှစ်သိမ့် ချော့မော့ဖို့ခွန်အား မကျန်တော့ပါ။ ထို့ကြောင့်ပင် မောင့်ကို ကြိုးစား ပြုံးပြလိုက်ပြီးနောက် မောင့်အနားမှ ထွက်ခွာလာခဲ့ရသည်။

ပင်လည်ဘူးကပြန်လာသောအချိန်မှစ၍ မောင်သည် မောင်မဟုတ်တော့ပါ။ ကျွန်မ၏စိတ်အာရုံထဲမှာ အသည်းနှလုံးထဲမှာ နက်ရှိုင်းစွာ မှတ်မိနေသော မောင်သည် ကျွန်မဘဝမှ ပျောက်ကွယ်သွားခဲ့ပြီ။

ကျွန်မတို့နှစ်ယောက်သည် အပြန်အလှန် နှစ်သိမ့်ပျောင်းဖျဖို့ ကြိုးစားသော်လည်း နှစ်ယောက်အကြားတွင် မမြင်နိုင်သော သို့သော် မြင့်မား ခိုင်ခန့်လွန်းသော တံတိုင်းကြီးတစ်ခု ကာဆီးထားခဲ့ပြီ။ ကျွန်မတို့သည် နှစ်ဦးသဘောတူ ဆန္ဒဖြင့် ညစာကိုလက်ဆုံစားခဲ့ကြ၏။ သို့သော်တစ်ယောက်၏အေးစက်မှုကို တစ်ယောက်ခံစားနေရသည်။ တနင်္ဂနွေနေ့ နံနက် ပြင်သစ်စာသင်ချိန်တွင် ကျွန်မတို့ရွတ်ဆိုနေသော စကားလုံးများသည် ခြောက်သွေ့ကာ ရှင်သန်ခြင်း ကင်းမဲ့နေ၏။ နှစ်ယောက်ဆန္ဒဖြင့် ကျိုက်ခမီနှင့်စက်စဲသို့ (စနေညဆေးခန်း ပိတ်၍ပင်) ညအိပ်ခရီး ထွက်ခဲ့ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းစက်စိုပြေသောည၏ သဲသောင်ခုံပေါ်တွင် ဖိနပ်မပါသောခြေဖဝါးဖြင့် အေးစက်နူးညံ့စွာ မှုမှုကလေးလမ်းလျှောက်လျက် တစ်ယောက်ကိုတစ်မှီနွဲ့ဖက်ပွေ့ကာ ဒီရေလှိုင်းပုတ်သံကိုငြိမ်သက်စွာနားထောင်ခဲ့ကြသည်။ ကျွန်မတို့နှစ်ယောက်သည် တစ်သားတည်း ပေါင်းစပ်သည့် ညီညွတ်မှုမျိုး ပြန်လည်ရရှိရန် အပြန်အလှန် ကြိုးစားခဲ့ကြသေး၏။ သို့သော် ကိုယ်ခန္ဓာချင်း နီးကပ်ထိစပ်နေလျက်က စိတ်ချင်း အဝေးကြီး ဝေးခဲ့ပြီဖြစ်သည်။

မောင့်လက်ချောင်းတွေက ကျွန်မချစ်သူ၏လက်ချောင်းကလေးတွေ မဟုတ်တော့ပါ။ မောင့်မျက်လုံးတွေက ကျွန်မချစ်သူ၏ မျက်လုံးတွေ မဟုတ်တော့ပါ။ မောင့်နှုတ်ခမ်းတွေက ဘယ်တုန်းကမှ ကျွန်မမသိခဲ့သော ကျွန်မနှင့်လည်း ကျွမ်းဝင်ခြင်းမရှိသော သူစိမ်း နှုတ်ခမ်းများသာဖြစ်သည်။ ကျွန်မသည် မောင့်ရင်ခွင်ထဲမှာ ရှိနေလျက်က လွန်ခဲ့သောကာလများဆီက မောင့်ကို လွမ်းနေမိသည်။

ကျွန်မတို့သည် တစ်စတစ်စ ဝေးကွာသွားတော့မလားဟု တွေးမိသော အခါမှာတော့ ညသန်းခေါင်မှာဖြုန်းခနဲ ထထိုင်မိလောက်အောင် ချောက်ချား တုန်လှုပ်ရလေသည်။ သို့သော်အပြစ်ကင်းစင်စွာ အိပ်မောကျနေသောမောင့်ကို မြင်မိပြန်တော့ ကျွန်မ၏ပူပန်သောကများ ရုတ်ချည်းလွင့်စဉ်ပျက်ပြယ် သွားရ ပြန်သည်။

ကျွန်မအပေါ်မှာ ချစ်မြတ်နိုးလွန်းလှသောကြောင့်မဟုတ်သော်လည်း မိမိကိုယ်တိုင်၏ ကိုယ်ကျင့်တရားအတွက် စောင့်စည်းထိန်းချုပ်ဖို့ အမြဲဆန္ဒရှိသော မောင်သည် အိမ်ထောင်ရေးသစ္စာ အလွန်တည်မြဲလိမ့်မည်ဆိုတာ ကျွန်မသိပါ သည်။ မောင်နှင့်ကျွန်မ လက်ထပ်သည့်နေ့က ညှိခံပွဲကလေးအပြီးတွင် မောင်ကျွန်မကို ပြောခဲ့သော စကားတစ်ခွန်းရှိသည်။

"ကျွန်တော် နှင်းကို လက်ထပ်လိုက်ပြီဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်အနက်ကို နှင်းသိလား၊ ကျွန်တော့်ဘဝရဲ့ အဆိုးအကောင်းဟူသမျှနှင်းကိုအပ်လိုက်ပြီဆိုတဲ့ အဓိပ္ပာယ်၊ ကျွန်တော့်ရဲ့ အချစ်သစ္စာ တန်ဖိုးအားလုံး နှင်းကိုအပ်လိုက်ပြီ၊ ဒါ တစ်သက်တာအပ်နှံမှုပဲ ...ကျွန်တော့်ရဲ့ စိတ်နဲ့ကိုယ်နှစ်ခုလုံး နှင်းအတွက်ဖြစ် သွားပြီ။ ကျွန်တော့်ဘဝမှာ တစ်ကြိမ်တည်းသော လက်ထပ်ခြင်းကို နှင်းအတွက် ပေးလိုက်ပြီ ...နှင်းရဲ့ အဆိုးအပြစ်အားလုံးကိုလည်း ကျွန်တော်သေတဲ့အထိ မှုဆစ်စားသွားတော့မယ်။ ကျွန်တော်တို့နှစ်ယောက်အတွက် ဒုတိယ လူဆိုတာ လုံးဝ မရှိရတော့ဘူး၊ အဲဒါ ကျွန်တော်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေး သစ္စာပဲ ...နှင်းသဘောတူလားဟင်"

လေးနက်သော မောင့်စကားကို ကျွန်မကြည်နူး ဂုဏ်ယူစွာ ပျော်ရွှင်ခဲ့ရ ဖူးပါသည်။

မောင်သည် ကျွန်မမှတစ်ပါး အခြားသော မိန်းမကိုဘယ်တော့မျှ စိတ်တွေပြားရစ်နှောင်မိမည်မဟုတ်၊ အဲဒါက လုံးဝသေချာ၏။ အိမ်ထောင် တစ်ခုတွင် နှစ်ယောက်မှအပဖြစ်သော တတိယလူတစ်ယောက် မပေါ်လာသမျှ ကျွန်အိမ်ထောင် လုံးဝပြိုကွဲစရာ အကြောင်းမရှိ။ ထိုအကြောင်းများကြောင့် လည်း မောင်နှင့်ပြန်လည်နီးစပ်ဖို့ ကျွန်မမှာ အချိန်ကာလများစွာကျန်သေးသည် ဟု ယုံကြည်စိတ်ချ ထားခဲ့သည်။

သို့သော် တတိယလူမပေါ်ပေါက်လာဘဲလည်း အိမ်ထောင်တစ်ခု ပြိုကွဲ နိုင်သေးကြောင်း နောက်ကျစွာ ကျွန်မသိခဲ့ရပါသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် ညှိနှိုင်းဖို့ မကြိုးစားကြတော့ဘူးလား။ ကိုယ်တို့ အနှစ်နှစ်အလလ စုဆောင်းခဲ့တဲ့ ချစ်မြတ်နိုးမှုတွေ၊ ယုယကြင်နာမှုတွေကို ကိုယ်တို့ စွန့်လွှတ်လိုက်ရတော့မှာလား။

ကိုယ်တို့ နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက် နာကျည်းကြတယ်၊ အားမလို အားမရဖြစ်ကြတယ်၊ မကျေမနပ်ဖြစ်ကြတယ်။ ဒါပေမယ့် အဲဒါနဲ့ပဲ ကိုယ်တို့ ကွဲကြရမှာလား။ ကိုယ်တို့နှစ်ယောက် ကွဲကွာလိုက်ရုံနဲ့ နှစ်ယောက်လုံးရဲ့ ကြေကွဲမှုတွေ၊ နာကျင်မှုတွေ ပျောက်ပျက်သွားမှာတဲ့လား။

ကိုယ်တို့ ကွဲကွာခြင်းဟာ နှစ်ယောက်လုံးအတွက် အကောင်းဆုံးဖြေရှင်းနည်း မဟုတ်ဘူး။ ရလဒ်ကတော့ ကိုယ်တို့နှစ်ယောက်လုံး လောကအပေါ် မကျေနပ်မှုတွေနဲ့ အကြေကွဲဆုံး လူသားတွေပဲဖြစ်ကြရလိမ့်မယ်။

ဒါတွေကို မောင် မသိပေမယ့် ကိုယ်အစောကြီး ကြိုသိထားခဲ့ပါတယ် မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

မောင်က ကျွန်မထက်ပို၍ မောင့်ပညာကို ဦးစားပေးခဲ့သောအချိန်များတွင် ကျွန်မဘက်က တတ်နိုင်သမျှ ရေငုံနှုတ်ပိတ် လိုက်လျော နားလည်ပေးခဲ့သော်လည်း ကျွန်မက မောင့်ထက်ပို၍ ကျွန်မပညာကို ဦးစားပေးသည်ဟု မောင်ထင်လာသော အချိန်တွင် အတ္တကြီးသော မောင်က လုံးဝသည်းညည်းမခံနိုင်ခဲ့ပေ။

ကျွန်မကမောင်နှင့် ပတ်သက်သမျှ သမိုင်းဆိုင်ရာ၊ မနုဿဗေဒ ဆိုင်ရာ၊ သုတေသန စာအုပ်များကို အနည်းငယ်မျှဖြစ်စေ နားလည်သဘောပေါက်စေရန် မောင်နှင့်အတူ လမ်းကြောင်းတစ်ခုတည်းမှာ အထစ်အငေါ့မရှိလိုက်ပါနိုင်ရန် ကြိုးစား ဂရုစိုက်ခဲ့ရသော်လည်း မောင်ကတော့ ကျွန်မ၏ ဆေးပညာနှင့်ပတ်သက်၍ နည်းနည်းမျှ စိတ်မဝင်စားဘဲ ပစ်စလက်ခတ်ထားခဲ့သည်။ ဒေါက်တာအာရ်စီမယွန်းဒါးကို ကျွန်မသိသလို မောင်က အိုင်ယန်ဒေါ်နယ်လ်ကို မသိရကောင်းလားဟု ကျွန်မနှိုင်းယှဉ်တွက်ကပ်လိုခြင်းမရှိပါ။ သို့သော် မောင်သည် မောင့်ဇနီးသည်၏ ပညာအရည်အချင်း မြင့်မားရေးအတွက် ဝိုင်းဝန်း ကူညီမပေးနိုင်လျှင်တောင်၊ တားဆီး ပိတ်ပင်ခြင်း မပြုသင့်ဟု ကျွန်မ ထင်သည်။

ယခုတော့ ကျွန်မမြန်မာနိုင်ငံမှာ အမ်အက်စ်စီ အိုဂျီ ဆက်တက်ဖို့ စာမေးပွဲဖြေရန် ကြိုးစားနေကြောင်း မောင်သိသွားသောအချိန်မှစ၍ ကျွန်မတို့နှစ်ယောက်၏ အက်ကွဲကြောင်းပိုမိုကြီးမားလာခဲ့သည်။ တစ်နေ့တော့ စာကြည့်ခန်းထဲမှာ စာဖတ်နေကြစဉ် မောင်က အမ်အက်စ်စီအကြောင်း စကားစလာသည်။

"ကျွန်တော် သွားတော့မယ်ဆိုတာ သိသိကြီးနဲ့ နှင်းကဒီမှာ ကြာရှည်အခြေစိုက်ဖို့ စိတ်ကူးနေတာပေါ့နော်"

မောင့်မျက်လုံးမှာ အံ့သြတုန်လှုပ်မှုကို မြင်ရလျှင် ကျွန်မမောင့်ကို ပျောင်းနှဲ့ညွတ်နူးစွာ ဖြေရှင်းမိမည် ဖြစ်သော်လည်း မောင့်မျက်လုံးထဲက စိန်ခေါ်သည့် အရိပ်အရောင်များကြောင့် ကျွန်မတိတ်ဆိတ်စွာငြိမ်သက်နေခဲ့မိသည်။



"အမ်အက်စ်စီက ဘယ်လောက်ကြာမှာလဲ နှင်း"

"လုပ်သက် တစ်နှစ်ပြည့်မှ ဝင်ခွင့်ဖြေရမှာပါ ... ဖြေပြီးအောင်ရင် နှစ်နှစ်ဆက်တက်ရမှာပေါ့"

မောင်က ကျွန်မ မျက်လုံးထဲသို့ စိုက်ကြည့်၍ ပြုံးသည်။

"တကယ်လို့ တစ်ခါဖြေရုံနဲ့ ဝင်ခွင့်မအောင်ရင် နှင်းအဲဒီကိစ္စကို စွန့်လွှတ်နိုင်မလား"

ကျွန်မမောင့်ကို မျက်လုံးချင်းဆုံကြည့်၍ ပြန်ပြုံးပြလိုက်ပါသည်။

"မစွန့်လွှတ်ဘူး..., ဆက်ဖြေမယ်"

မောင့်မျက်နှာတွင် အပြုံးပျောက်သွား၏။

"ဒီတော့ ကျွန်တော့်နောက်ကို လိုက်ဖို့ကရော"

ကျွန်မမျက်လွှာချ၍ စာအုပ်ကိုသာငေးစိုက် ကြည့်နေလိုက်ပါသည်။ မောင်ကကျွန်မထံမှ အဖြေမရသောကြောင့် သူ့ကုလားထိုင်မှ ထလာကာ ကျွန်မကုလားထိုင် အနီးသို့ ရောက်လာသည်။

"နှင်း..."

"မြန်မာနိုင်ငံမှာ အထူးကုဆရာဝန်တွေ တော်တော်နည်းနေတယ်"

ကျွန်မက အေးဆေးတည်ငြိမ်စွာ ဖြေရှင်းဖို့ ကြိုးစားသော်လည်း မောင်က ကျွန်မစာအုပ်ကို ဖြန်းကနဲ ပုတ်ပစ်လိုက်လေသည်။

"မြန်မာနိုင်ငံမှာ ဆရာဝန်နည်းတာများတာ ကျွန်တော်မေးနေတာမဟုတ်ဘူး၊ နှင်း ကျွန်တော့်နောက်ကိုလိုက်ဖို့ စိတ်ကူးရှိသလား ဆိုတာပဲကျွန်တော်သိချင်တယ်"

ကျွန်မသည် မောင်၏အတ္တနှင့် တစ်ကိုယ်ကောင်းစိတ်ဓါတ်ကို ရုတ်တရက် ထိတ်လန့်နားကျည်းသွားကာ မောင့်မျက်နှာကို မော့ကြည့်လိုက်မိပါသည်။ မောင်၏မျက်လုံးများသည် ဒေါသပြင့်ကြမ်းကြုတ်စွာ တောက်ပနေ၏။ မောင့်မျက်လုံးမှာ ကျွန်မတစ်ခါမှ သတိမထားခဲ့မိသော အာဏာကိုမြင်ရသည်။

"ကိုယ်ကလဲ မောင့်ကို တစ်ခါမှမမေးဖူးတဲ့ မေးခွန်းတစ်ခု ပြန်မေးချင်တယ်၊ တကယ်လို့ ကိုယ်ဒီမှာပဲဆက်နေဖို့ ဆုံးဖြတ်လိုက်ပြီဆိုရင် မောင်က ဟိုကနေ ပြန်လာပြီး ကိုယ့်အနားမှာ နေပေးဖို့ စိတ်ကူးရှိသလား"

မောင်က နှုတ်ခမ်းတွန့်၍ ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ စိတ်ကူးမရှိပါဘူး"

ကျွန်မရင်ထဲမှာ ကျင်ခနဲ နာသွား၏။

"ဆိုလိုတာက မောင့်နောက်ကိုသာ ကိုယ်မလိုက်ဘူးဆိုရင် မောင်နဲ့ ကွဲရတော့မယ်ပေါ့"

"ဟုတ်တယ်နှင်း"

ကျွန်မ အံတင်းတင်းကြိတ်ကာ စာအုပ်ဆီသို့ မျက်နှာပြန်လွှဲယူလိုက်၏။ မောင်ကကျွန်မ၏ လည်ကုပ်မှဆံပင်များကို လက်ဖြင့်စုစည်းကာ ဆော့ကစားနေသည်။

"ကျွန်တော် ဒီမပြန်လာသမျှ နှင်းနဲ့ကျွန်တော် ဝေးနေကြရတော့မှာပေါ့၊ အဲဒီနှစ်အပိုင်းအခြားကို ကျွန်တော် မခန့်မှန်းနိုင်ဘူး၊ ၁၅နှစ် ဖြစ်ချင်ဖြစ်မယ် နှစ်သုံးဆယ် ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်က နှင်းရှိရာကိုလာဖို့ထက် နှင်းက ကျွန်တော်ရှိရာကို လိုက်ဖို့ပဲကျွန်တော်စိတ်ဝင်စားတယ်၊ ဒီတော့ နှင်းနဲ့ကျွန်တော်နဲ့ နီးစပ်ဖို့အတွက် နှင်းရဲ့ပညာက အနှောင့်အယှက် ဖြစ်ရမှာမျိုး ကျွန်တော် လက်မခံနိုင်ဘူး၊ ဟိုရောက်ရင် ဒါထက်မကတဲ့ ပညာတွေလဲ နှင်းသင်နိုင်ပါလိမ့်မယ်"

ကျွန်မရင်ထဲမှာ နာကျင်ရှုံ့မှုမက ခါးသီးလာ၏။

"ဒါပေမယ့် ကိုယ်ဒီမှာ အမ်အက်စ်စီအိုဂျီဘွဲ့ ရအောင်ယူမယ်"

တိုးတိတ်စွာ ကျွန်မပြောတော့ မောင်က စုကိုင်ထားသော ဆံပင်များကို လွှတ်ချလိုက်လေသည်။

"ကျွန်တော်မေးတဲ့ မေးခွန်းကို နှင်းလုံးဝမဖြေသေးဘူး၊ နှင်းကျွန်တော့် နောက်ကို လိုက်လာဖို့ စိတ်ကူးရှိသလား"

မောင့်မေးခွန်းမှာ အနိုင်ကျင့်မှုကို ကျွန်မထင်ထင်ရှားရှား ခံစားနေရသည်။ မိမိ၏အကျွက်ကိုလျှော့ချပြီး ကျွန်မအနားမှာ လာနေပေးဖို့ လုံးဝစိတ်ကူးမရှိကြောင်း ပြတ်သားရဲတင်းစွာ မောင့်ဘက်က ကြေညာပြီးသည့်နောက် ကျွန်မက မောင့်နောက်ကို လိုက်ဖို့ ဆန္ဒရှိနေပါသည်ဟု ဘယ်လို အောက်ကျနှိမ့်ချမှုမျိုးဖြင့် ပြောထွက်နိုင် ပါမလဲ။ မောင်ပြတ်သားသလို ကျွန်မပြတ်သားလိုက်လျှင် ကျွန်မတို့နှစ်ယောက် တစ်သက်လုံး ဝေးကြရမှာလား။ သည်လောက် အတ္တကြီးသော၊ တစ်ကိုယ်ကောင်းစိတ်ဖြင့် နိုးနိုးအနိုင်ယူလိုသော ယောက်ျားကို



ကျွန်မ မဝေးနိုင်ဘူးလား။ ကျွန်မသည် မောင့်ကို အညှိခံလိုစိတ်နှင့် အရှုံးပေးလိုစိတ် နှစ်မျိုးရောယှက်ကာ ဘယ်အဖြေပေးရမလဲဟု မသိနိုင်အောင် ရှိတော့သည်။

"ဒီအဖြေကလေး ပေးဖို့အတွက် နှင်း ဘာတွေစဉ်းစားစရာ လိုလို့လဲ၊ နှင်း ကျွန်တော့်နောက်ကို လိုက်မှာလား၊ မလိုက်ဘူးလား"

ကျွန်မ စိတ်ကျဉ်းကျပ်စွာ ဝမ်းနည်းလာ၏။

"ကိုယ့်မှာကိုယ့်ကိုချစ်တဲ့ စာဖတ်ပရိသတ်လဲ ရှိသေးတယ်"

မောင်က စိတ်မရှည်နိုင်သလို စုတ်သပ်လိုက်လေသည်။

"ဘာဖြစ်လို့ အပိုစကားတွေနဲ့ ဓေ့လည်ကြောင်ပတ် လုပ်နေတာလဲ၊ ဒါတွေ ကျွန်တော် သိပြီးသားပဲ"

"ဒါပေမယ့် မောင်ကိုယ့်အလုပ်ကိုတော့ ထည့်တွက်ဖို့ ကောင်းတာပေါ့"

"နှင်းအလုပ်က ဒီမှာနေမှ လုပ်လို့ရတဲ့အလုပ်မှ မဟုတ်ဘဲ၊ ဘယ်နိုင်ငံရောက်ရောက် ကိုယ်ကြိုးစားနေသမျှ ဆရာဝန်မှာ လူနာရှိတယ်၊ စာရေးဆရာမှာ ပရိသတ်ရှိတယ်"

"ဒါဖြင့်မောင်လဲ ဒီမှာနေရင်း မောင့်အလုပ်ကို လုပ်လို့ရတာပဲ"

မောင်သည် တစ်ခဏ တိတ်ဆိတ်သွားကာ သူ့ကုလားထိုင်ကို ကျွန်မအနီးသို့ ရွှေ့ယူလိုက်၏။

"နှင်းက ကျွန်တော့်ကို တွက်ကပ်နေတာလား၊ ဒါမှမဟုတ် မာနထားနေတာလား"

နူးညံ့စွာ မေးသည်။ ကျွန်မမဖြေပါ။ မောင်ကကျွန်မ လက်ဖမိုးကို သူ့လက်ဖဝါးဖြင့် ဖွဖွလေး အုပ်လိုက်သည်။

"ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောခဲ့ပြီးပြီပဲ၊ ကျွန်တော်က တစ်ခုဆုံးဖြတ်ပြီးရင် ဘယ်သူ့ကြောင့်မှ မဖျက်နိုင်ဘူး၊ ကျွန်တော် ဒီမှာမနေဘူးလို့ ကျွန်တော်ပြောပြီးပြီ၊ ကျွန်တော်ဒီမှာ အလုပ်လုပ်လို့မရဘူးထင်လို့ ကျွန်တော် ပြောပြီးပြီ၊ နှင်းဖြေဖို့ပဲ ကျန်တော့တယ်"

ကျွန်မ မောင့်လက်မှ ရုန်းထွက်လိုက်၏။

"ဒါပေမယ့် မောင့်ဆုံးဖြတ်ချက်နဲ့ ကိုယ့်ဆုံးဖြတ်ချက် ဆန့်ကျင်ဘက်ဖြစ်နေရင် ဘာလုပ်မလဲ၊ မောင့်ဘက်က လျှော့မလား ...မောင်မလျှော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မောင်ကိုယ့်ကိုဘာများမေးစရာ လိုသေးလို့လဲ၊ နှင်းလိုက်ခဲ့ရမယ်...ဆိုတဲ့ အမိန့်ပေးလိုက်ဖို့ပဲရှိတာပဲ၊ မောင်က အာဏာမသုံးချင်ဘူးလို့ ပညာရှိပုံစံချိုးချင်နေတာလား"

"ကျွန်တော်က နှင်းရဲ့ဆန္ဒကို သိချင်တာ"

"ဒါပေမယ့် အဲဒီဆန္ဒက ကိုယ်တို့နှစ်ယောက် ရှေ့ရေးအတွက် အဆုံးအဖြတ်ပေးမယ့် အဓိကအချက်မှ မဟုတ်ဘဲမောင်ရဲ့...အဓိကက မောင့်ဆန္ဒလေ၊ ကိုယ့်ဆန္ဒဆိုတာ ဘယ်မှာ အသုံးကျလို့လဲ"

ကျွန်မသည် နာကျင်နင့်သီးစွာ ရေရွတ်မိ၏။

ကိုယ်မောင့်နောက်ကို လိုက်ချင်ပါတယ် ဆိုတဲ့ အညံ့ခံမှုမျိုးကို မောင်အရသာရှိရှိ ကြားချင်နေတာ မဟုတ်လား၊ ဒါကြောင့်သာ မေးဖို့မလိုအပ်တဲ့ မေးခွန်းကို ခဏခဏ မေးနေတာပေါ့"

ထိန်းချုပ်ထားလျက်က ကျွန်မအသံ တုန်ရီသွား၏။

"မဟုတ်ပါဘူး နှင်းရယ် ...နှင်းလိုက်ဖို့ စိတ်ကူးရှိတယ်ဆိုရင် နှင်းရဲ့အိမ်အက်စ်စီဘွဲ့အတွက် ကြာမယ့်အချိန်နဲ့ ကျွန်တော်ကျောင်းတက်ဖို့ကြာမယ့်အချိန်ကို ညှိကြည့်ချင်လို့ပါ။ နှင်းက သုံးနှစ်ကြာမယ်ဆိုရင် အဲဒီသုံးနှစ်မှာ ကျွန်တော်နှင်းကိုခေါ်ဖို့ မကြိုးစားတော့ဘဲတခြားဘက်မှာ အေးအေးဆေးဆေး အာရုံစိုက် ကြိုးစားနိုင်တာပေါ့။ နိုင်ငံခြားမှာက အချိန်ကိုနည်းနည်းမှ အတိမ်အစောင်းခံတာ မဟုတ်ဘူး"

ကျွန်မသည် စာအုပ်ထဲက စာကြောင်းတွေကို ကြည့်နေလျက်က မြင်ကွင်းဝါးသွားသည်။ ကျွန်မမျက်လုံးမှာ မျက်ရည်များ ပြည့်လျှံလာခဲ့ပါသည်။

လိုက်ဖို့ စိတ်ကူးရှိပါတယ်လို့ ကျွန်မဖြေရမှာလား။ တစ်သက်လုံးမောင့်ကို အညံ့ခံလာခဲ့တဲ့မိန်းမက ဘာမှမဖြစ်လောက်တဲ့ အရွှေးပေးမှုလေးကျမှ တွန့်ဆုတ်နေပြီလား။ ဖြေလိုက်ပေါ့ ... မောင့်ကိုမခွဲနိုင်ပါဘူး၊ မောင့်နောက်ကို လိုက်ခဲ့မှာပါလို့ ဖြေလိုက်လေ။ အမှန်ကို ဖြေလိုက်လေ။

သို့သော် ကျွန်မအံကြိတ်ကာ တင်းမာနေမိသည်။ ကျွန်မ မလိုက်ဘူးဆိုလျှင်လည်း မောင့်ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘဲဝေးကြစတမ်းဟု မောင့်ဘက်က ရက်စက်စွာစိန်ခေါ်ပြီးမှ ကျွန်မက အညံ့ခံရမှာလား။ မောင်ကတော့ ဝေးနိုင်ပါတယ်ဆိုတာ သိသိကြီးနဲ့ ကျွန်မကတော့ မဝေးနိုင်ပါဘူးလို့ ဒူးထောက်ရမှာလား။



ဖြေနိုင်ဘူး။ ကျွန်မမောင့်ကို လုံးဝအညံ့မခံနိုင်ဘူး။ ဘယ်သူဟာ ဘယ်သူ့အတွက် တန်ဖိုးကြီးနေတာလဲဆိုတာ အခုအချိန်မှာ မောင်သိစေရမယ်။

"ကိုယ်ဒီနိုင်ငံမှာပဲ ဆက်နေဖို့ ဆုံးဖြတ်လိုက်ပြီ"

ထိုစကားကို အေးစက်စိမ်းကားစွာ ကျွန်မ ပြောပြီးသည့်နောက်တွင် ကျွန်မ၏မျက်ရည်များ ခန်းခြောက်သွားပါသည်။ တစ်လောကလုံးသည် ခြောက်မက်ဖွယ် တိတ်ဆိတ်သွား၏။ ကျွန်မဘေးမှာ မောင်ရှိမနေသလိုပင် ကျွန်မတစ်ယောက်တည်း သီးသန့်ဖြစ်သွားသည်။ စက္ကန့်ပေါင်းများစွာ တိတ်ဆိတ်နေပြီးနောက်မှ မောင်ကဝုန်းခနဲ ထရပ်လိုက်၏။ မောင်သည်ကျွန်မ၏အဖြေကို မယုံကြည်နိုင်သလို ကျွန်မဘေးနားမှာ တောင့်တင်းစွာမတ်တပ်ရပ်လျက် လက်ဖဝါးတစ်ဖက်ထဲသို့ လက်သီးဖြင့် သုံးလေးချက် ဆက်ထိုးလိုက်လေသည်။

"မဖြစ်နိုင်ဘူး ...ဒါနှင်းရဲ့ ဆန္ဒအစစ်အမှန် မဖြစ်နိုင်ဘူး"

ကြားရသည်ဆိုရုံကလေး တိုးတိတ်အက်ကွဲစွာ ရေရွတ်လိုက်သော မောင့်အသံကြောင့် ကျွန်မနာကျင်လျက်က ပြုံးလိုက်မိသည်။ ဟုတ်တာပေါ့ မောင့်ရဲ့နှင်းဟာ မောင့်အပေါ် ဘယ်လောက်လိုက်လျောတယ်၊ ဘယ်လောက် အညံ့ခံတယ်၊ ဘယ်လောက် ချစ်တယ်ဆိုတာ မောင်အသိဆုံးပေါ့။ ကျွန်မ၏စကားသည် ကျွန်မ၏ဆန္ဒ အစစ်အမှန်မဖြစ်နိုင်ကြောင်း မောင်မှန်ကန်စွာ တွက်ချက်တတ်မှာပေါ့။ သက်နှင်းအိမ်က မောင့်အမိန့်နဲ့ အသက်ရှင်နေတဲ့ မိန်းမလေ။ မောင်မျက်နှာညိုမှာကို သေရမှာထက် ကြောက်တဲ့ ခပ်ညံ့ညံ့ မိန်းမလေ။ ဒီလိုမိန်းမက ဒီလိုပြောတယ်ဆိုတော့ မောင်အံ့သြရမှာပေါ့။

ဒါပေမယ့် ဆန္ဒနဲ့ဆုံးဖြတ်ချက်ဟာ တခြားစီဆန့်ကျင်ဘက် ဖြစ်နေတတ်တာပဲ၊ ဒါမဆန်းပါဘူး။

"ကျွန်တော်ဒီမှာ လုံးဝမနေနိုင်ဘူးဆိုတာ နှင်းသိလျက်နဲ့ နှင်းမလိုက်ဘူးပေါ့ ဟုတ်လား"

မောင့်အသံမှာ နာကျင်မှုနှင့်အတူ ဒေါသအရိပ်အငွေ့ ပါဝင်လာသည်။ ကျွန်မ ခေါင်းမညိတ် ခေါင်းမခါဘဲ အေးခဲစွာငြိမ်သက် နေမိ၏။

"ခင်ဗျား တော်တော်အပြောင်းအလဲ မြန်တဲ့မိန်းမ၊ ကတိတစ်လုံးကို တန်ဖိုးမထားတတ်တဲ့ မိန်းမ"

www.burmeseclassic.com

www.burmeseclassic.com



မောင့်အသံက တဖြည်းဖြည်း ကျယ်လောင်လာသည်။ ကျွန်မ၏ပခုံးကို နောက်မှ လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်လှုပ်ရမ်းလေသည်။

"ဒါဖြင့်ဘာဖြစ်လို့ ဟိုတုန်းက လိုက်မယ်လို့ ဖြေခဲ့သေးသလဲ၊ ဘာဖြစ်လို့ ကျွန်တော့်အချိန်တွေကို ခိုးယူခဲ့သေးသလဲ၊ ခင်ဗျားကြောင့် ကျွန်တော်ဘာတွေ စွန့်လွှတ်ခဲ့ရတယ်၊ ဘာတွေ နောက်ဆုတ်ခဲ့တယ်ဆိုတာ ထည့်မတွက်တော့ဘူးလား"

ကျွန်မ တိုးတိတ်စွာ ရယ်မောမိပါသည်။ မောင်က ကျွန်မကို ပခုံးနှစ်ဖက်မှ ကြမ်းတမ်းစွာ ဆွဲထူ၏။ ထို့နောက် ကျွန်မကို နောက်ဘက်သို့ ဆွဲခေါ်ကာ သူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်ပါသည်။

"မဟုတ်ဘူး ...၊ နှင်းကျွန်တော့်ကို စိတ်ဆိုးနေတာ မဟုတ်လားဟင်၊ နှင်းရဲ့တကယ့်ဆန္ဒက အဲဒီလိုမဟုတ်ပါဘူး"

မောင်၏ တုန်ယင်သော စကားသံကိုနားထောင်၍ မောင်၏ဖြူဖျော့သော မျက်နှာကိုမော့ကြည့်ကာ ကျွန်မတစ်ကိုယ်လုံး ယိမ်းယိုင်လာ၏။

"နှင်း ...ကျွန်တော့်နောက်ကို လိုက်မှာပါ။ နှင်းကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်သိပါတယ် နှင်းရယ်"

ကျွန်မ မောင့်ကို စိမ်းစိမ်းကြည့်မိသည်။ ယောကျ်ားတစ်ယောက်သည်မျှ ကိုယ့်ကိုယ်ကို အထင်ကြီးနေအောင် ပြုပြင် ပြောင်းလဲပေးလိုက်သူမှာ ကျွန်မကိုယ် တိုင်ဖြစ်သည်ဟု လက်မခံချင်သလို ဖြစ်နေ၏။

"နှင်း ...၊ ဘာမှမစဉ်းစားဘဲ အေးအေးဆေးဆေးလေး နေလိုက်ရအောင် ...နော်၊ နှင်း စိတ်လှုပ်ရှားအောင် ကျွန်တော်လုပ်မိသလိုဖြစ်နေတယ် ...လား။ ကျွန်တော် နှင်းကိုချစ်တယ်"

ကျွန်မပခုံးပေါ်က မောင့်လက်များကို ကျွန်မဖြည်းညင်းစွာ ဖယ်လိုက်သည်။ ထို့နောက် မောင့်မျက်နှာကို စေ့စေ့ကြည့်မိ၏။

"ကိုယ်စိတ်မလှုပ်ရှားပါဘူး၊ ကိုယ့်ဘဝမှာအခုအချိန်ဟာ အတည်ငြိမ်ဆုံးအချိန်ပဲ၊ ဒါထက် တည်ငြိမ်တဲ့အချိန် ရှိတော့မှာမဟုတ်ဘူး"

ကျွန်မ နှုတ်ဖျားမှ အေးဆေးစွာ ထွက်သွားသော စကားသံကို ကျွန်မကိုယ်တိုင် အံ့ဩသွား၏။

"ကိုယ်ဒီမှာပဲ နေမယ်"



"ဒါပေမယ့် ကျွန်တော်ဒီမှာ မနေနိုင်ဘူးနှင်း"

"ဟုတ်ပြီလေ ...ဒါက မောင့်ဘက်ကဆန္ဒပဲ။ ကိုယ့်ရဲ့တန်ဖိုးကို မောင်သိတာထက် ဒီကလူတွေက ပိုသိတယ်။ လူတစ်ယောက်ဟာကိုယ့်ပတ်ဝန်းကျင်အတွက် အသုံးကျရင်သူ့ဘဝမှာ နေပျော်တာပဲ။ ဒီမှာ မောင်ဘာကြောင့် မနေနိုင်သလဲဆို တာလဲ ကိုယ်သိတယ်။ ဒီမှာမောင့်ကို တန်ဖိုးထားတဲ့လူတစ်ယောက်မှမရှိဘူး။ ကိုယ်နဲ့ယှဉ်တွဲလိုက်တဲ့အခါ မောင်ကပိုပြီး တန်ဖိုးကျသွားတယ် ... ဒီတော့ မောင်ကိုယ့်အနားမှာ ဘယ်ပျော်မလဲ"

မောင်သည်နောက်သို့ တစ်လှမ်းဆုတ်လျက် ကျွန်မကိုမယုံကြည်နိုင်စွာ ငေးမောနေ၏။

"တစ်ယောက်က ဒီမှာ မနေနိုင်ဘူး၊ တစ်ယောက်က ဟိုမှာ မနေနိုင်ဘူး၊ ဒီနှစ်ယောက်မှာ တစ်ယောက်ယောက်က လျှော့ပေးမှ ကိုယ်တို့အိမ်ထောင်ရေးမြဲမှာပဲ၊ ဒါပေမယ့်ခက်တာက ဘယ်သူလျှော့မှာလဲ"

"ဒါပေမယ့်နှင်းကို ချစ်ခွင့်မတောင်းခင် လက်ထပ်ခွင့် မတောင်းခင်ကတည်းက ကျွန်တော့်ဆုံးဖြတ်ချက်ကို ဖွင့်ပြောပြီးသားပဲ၊ တကယ်လို့ နှင်းဆန္ဒမရှိရင် အဲဒီကတည်းက နှင်းငြင်းနိုင်သားပဲ၊ ဘာဖြစ်လို့ မငြင်းခဲ့သလဲ၊ အခုမှအားလုံး လွန်ပြီးခါမှ ဘာဖြစ်လို့ ရက်ရက်စက်စက် လုပ်သလဲ၊ ကျွန်တော့်အချစ်ကိုလဲ ခင်ဗျားစော်ကားခဲ့တယ်၊ ကျွန်တော့်အချိန်တွေကိုလဲ ခင်ဗျား ဖျက်ဆီးခဲ့တယ်၊ ကျွန်တော့်ဂုဏ်သိက္ခာကိုလည်း ခင်ဗျား ဖျက်ဆီးခဲ့တယ်။ အခုကျွန်တော် ဘာလုပ်ရမှာလဲ ဘာဆက်လုပ်ရမှာလဲ"

ပြောရင်းပြောရင်း မောင့်အသံတိမ်ဝင်ကာ ပျောက်ကွယ်သွား၏။ ထို့နောက်နံရံဘက်သို့ ပြန်းခနဲလှည့်ကာ နံရံကိုလက်ဖြင့်ထောက်မိလျက် ထိုလက်ပေါ်မှာ မျက်နှာမှောက်ချကာ တစ်ခဏ ငြိမ်သက်သွားသည်။ ကျွန်မသည် နေရာမှာမြဲမြဲစွာ ရပ်လျက်မောင့်ကို စိုက်ငေးနေမိ၏။ မောင်ရယ် ...မောင့်ကို ကိုယ်ဘယ်လို တင်းမာမှုမျိုးနဲ့ ခွဲရမှာလဲ။ ကိုယ့်ဘဝမှာ မောင်သာကိုးကွယ်ရာဖြစ်တယ်ဆိုတာ မောင်မသိဘူးလား။

ကျွန်မသည် ကျွန်မကိုယ်တိုင်၏ အဓိပ္ပါယ်မရှိသော တင်းမာငြင်းပယ်မှုကို ခါးသီးစွာစက်ဆုပ်သွားမိ၏။ မောင့်နောက်ကို ကျွန်မလိုက်ဖို့ အခုကတည်းက အဆင်သင့်ဖြစ်နေပြီးသား မဟုတ်လား။ ဘာကြောင့်မောင် စိတ်ဆင်းရဲရှုံ့သက်

www.burmeseclassic.com

www.burmeseclassic.com

သက် ဆန့်ကျင်စကားတွေ ပြောနေရတာလဲ။

ကျွန်မ ခြေတစ်လှမ်းလှမ်းလိုက်စဉ် မောင်ကကျွန်မကို ပြုံးခနဲ လှည့်ကြည့်၏။ မောင့်မျက်လုံးများ နီကျင်နေသော်လည်း မျက်ရည်အရိပ်အငွေ့ မရှိပါ။

"ကျွန်တော့်စိတ်ကို သိလျက်နဲ့ ဒီလမ်းကို ရွေးတယ်ဆိုတော့ ဒါစိန်ခေါ်တာ သက်သက်ပဲ။ စိန်ခေါ်တဲ့လူက သေချာဖို့တော့ လိုတယ်နော် နှင်း"

အေးစက်သော မောင့်စကားသည် ကျွန်မရင်ထဲသို့ ကြမ်းတမ်းစွာ ဝင်ရောက်သွားသည့်အခါ ကျွန်မတုန်လှုပ်သွားပါသည်။ မောင်က ကျွန်မမျက်နှာပေါ်မှ တုန်လှုပ်ချောက်ချားမှုကို အကင်းပါးစွာ ရိပ်မိသွားပြီး ပြုံးလိုက်လေသည်။

"ကျွန်တော့်ဘက်ကတော့ လုံးဝမလျှော့နိုင်ဘူးဆိုတာ နှင်းကိုအသိပေးပြီးပြီ၊ ကျန်တာကနှင်းရဲ့ ပြဿနာပဲ။ ဒါပေမယ့် ကျွန်တော်နှင်းကို နောက်ဆုံးအခွင့်အရေးပေးမယ်၊ နှင်းကျွန်တော့်နောက်ကို လိုက်ဖို့ စိတ်ကူး နည်းနည်းရှိသေးရင် ကျွန်တော်တစ်နှစ်ပဲ အချိန်ပေးတော့မယ်။ တစ်နှစ်ကြာရင် ကျွန်တော် နှင်းကို လှမ်းခေါ်မယ်၊ ဘာအမ်အက်စ်စီမှ အကြောင်းမပြနဲ့၊ ဘာဝတ္ထုမှ အကြောင်းမပြနဲ့ ...ကျွန်တော်တစ်လတောင် အတိမ်းအစောင်း မခံနိုင်ဘူး။ ကျွန်တော်လာစေချင်တဲ့ အချိန်မှာ နှင်းလာရမယ်၊ နှင်းလာချင်တဲ့အချိန်မှာ ကျွန်တော်မခေါ်နိုင်ဘူး၊ အဲဒါကို မြဲမြဲမှတ်ထား"

ကျွန်မ မောင့်ကို တအံ့တသြကြည့်မိသည်။ မောင်သည်ရှုံးနေလျက်က အနိုင်ဘက်သို့ လုပစွာ ပြောင်းယူချင်သူပါတကား။ ကျွန်မ မျက်စိစုံမှိတ်ကာ အော်ဟစ်ပစ်လိုက်၏။

"မလိုက်ဘူး ...ဘယ်တော့မှ မလိုက်ဘူး"

မောင် ကျွန်မအနီးသို့ ပြုံးခနဲပြန်ရောက်လာသည်။ ထို့နောက်ကျွန်မကို ဆွဲပွေ့လိုက်သည်။

"နှင်းနဲ့ ကျွန်တော်ဘယ်သူက ဘယ်သူ့ဆန္ဒကို လိုက်လျောရမယ်ဆိုတာ နှင်းသိဖို့ကောင်းနေပြီ။ ကျွန်တော်က ကျွန်တော့်ကိုကြောက်တဲ့မိန်းမမျိုးကို ဘယ်တော့မှ တောင်းပန်အညှို့ခံလိမ့်မယ် မထင်နဲ့၊ စောစောက မလိုက် ဘူးဆိုတဲ့ စကားကို နှင်းပြန်ရုတ်သိမ်းမှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကျွန်တော့်ခနီးကို သနားငဲ့ညှာချင်တဲ့လူ။ ကြောက်လန့် ရှိသေချင်တဲ့လူ



မဟုတ်ဘူးနှင်း ...ကျွန်တော့်ကို အကျပ်ကိုင်ဖို့တော့ လုံးဝစိတ်မကူးနဲ့၊ တစ်သက်ဆုံးသွားမယ် ...နားလည်လား"

မောင်က ကျွန်မကို ကြမ်းတမ်းစွာ လွှပ်ခါပစ်၏။

"ဒါပေမယ့်မောင် ကိုယ့်ရဲ့ ကိုယ်ခန္ဓာကိုသာ ပိုင်တော့မပေါ့၊ ကိုယ့်ပညာကိုမောင်မပိုင်ပါဘူး၊ ကိုယ်သင်ချင်တဲ့ပညာကိုသင်မယ်၊ မောင်ဘာမှဆုံးဖြတ်ပေးရာ မလိုဘူး"

"ပိုင်သလား မပိုင်ဘူးလား သိချင်ရင် စမ်းကြည့်လိုက်လေ ...တစ်နှစ်အတွင်း နှင်းမလိုက်နိုင်ရင် ဘာဖြစ်မယ်ဆိုတာ နှင်းသိသွား မှာပေါ့"

ကျွန်မသည် မောင့်ကို စက်ဆုတ်ရွံရှာစွာ ကြည့်မိသည်။ လက်စသတ်တော့ မောင်က ခြိမ်းခြောက်နေသေးတာကိုး။ ကျွန်မ မောင့်ကို တစ်သက်တာ ဝေးကွာနိုင်သည်ဆိုတာ အခုထိ မောင်မယုံသေးဘူးပေါ့။ ကျွန်မသရော်ပြုံးပြုံးပြ လိုက်ပါသည်။

"မောင်ကကိုယ့်ပညာကိုလည်း နှိမ်ချချင်တယ်၊ ကိုယ့်ဂုဏ်သိက္ခာကိုလည်း နှိမ့်ချချင်တယ်၊ ဘာကြောင့်လဲဆိုတော့ မောင်ကကိုယ့်ထက် နိမ့်နေတာကိုး၊ ယောကျ်ားတစ်ယောက်ဟာ သူ့မိန်းမကို မနာလိုဖြစ်တတ်တယ်ဆိုတာ ကြားဖူးပေမယ့် ကိုယ်မယုံခဲ့ဘူး။ အခုမှပဲ လက်တွေ့ကျကျ သိရတော့တယ်။ မောင်ကိုယ့်ကို မနာလိုနေတာ... မောင့်ထက်သာတာကို မရှုဆိတ်ဖြစ်နေတာ၊ ကိုယ်ပညာတတ်မှာကို ကြောက်နေတာ"

"တော်တော့..."

မောင်သည် တုန်လှုပ်ချောက်ချားစွာ ကျွန်မကို အော်ဟစ်ဟန့်တား၏။

"အောက်တန်းကျတဲ့ အတွေးတွေနဲ့ အောက်တန်းကျတဲ့ စကားတွေ လာပြောမနေနဲ့ နှင်း"

ကျွန်မ အေးစက်စွာ ပြုံးလိုက်သည့်အခါ ကျွန်မပခုံးပေါ်မှ မောင့်လက်များ ပြုတ်ကျသွား၏။

"အောက်တန်းကျတာက ဘယ်သူလဲဆိုတာ ပတ်ဝန်းကျင်သိပြီးသား ... နားလည်လား၊ ကိုယ်မင်းကိုဘာမဆို လိုက်လျောခဲ့တယ်၊ ဘာမဆို ငဲ့ညှာခဲ့တယ်၊ ဒါဟာမင်းကို သနားငဲ့ညှာလို့ဆိုတာ မင်းသဘောပေါက်ထား၊ မင်းနဲ့ခွဲရမှာ ကြောက်လို့မဟုတ်ဘူး၊ မင်းကို တမ်းတမ်းတတ လိုအပ်နေလို့မဟုတ်ဘူး၊

www.burmeseclassic.com

မင်းနဲ့ဆေးဖို့ ကိုယ်အဆင်သင့်ဖြစ်နေတာ ကာလတော်တော်ကြာခဲ့ပြီ၊ ကိုယ့်ကို နောက်ထပ် ခြိမ်းခြောက်စကား တစ်ခွန်းမှမပြောနဲ့ ...ဘယ်သူက ပြတ်သား တယ်ဆိုတာ ပြိုင်ကြရအောင်လား"

ကျွန်မ၏ တည်ငြိမ်အေးဆေးသော စကားများကြောင့် မောင်နောက်သို့ ယိမ်းယိုင်သွား၏။ သို့သော် မောင့်မျက်နှာမှာ မြင်တွေ့နေကျ မာနရိပ်က ဖျောက်ခနဲရောက်လာသည်။

"ဒီလိုလား ...နှင်းကကျွန်တော်နဲ့ကွဲဖို့ အဆင်သင့်ဖြစ်နေပြီပေါ့"

ဒေါသဖြင့် တုန်လှုပ်ချောက်ချားနေသော မောင့်အသံသည် သူစိမ်း တစ်ယောက်၏ အသံဖြစ်သည်။

"ကျွန်တော့်ဘဝမှာ အချစ်ဆိုတာ ဘယ်တုန်းကမှ ရှေ့တန်းမှာမရှိခဲ့ဘူး။ ဒီတော့နှင်းထက်ပိုပြီး ကျွန်တော်က အဆင်သင့်ဖြစ်တယ်ဆိုတာ နှင်းနားလည် ထားပါ"

ကျွန်မ နာကျင်စွာ ရယ်မောလိုက်ပါသည်။

"သိပ်နားလည်တာပေါ့ မောင်ရယ်၊ မင်းကိုယ့်ကို ဘယ်အချိန်မှာ လိုအပ်တယ်၊ ဘယ်အချိန်မှာ မလိုအပ်တော့ဘူးဆိုတာ ကိုယ်အသိဆုံးပေါ့"

"နှင်းဘာစကား ပြောတာလဲ"

မောင့်မျက်လုံးထဲက ကြမ်းတမ်းသောဒေါသကို ကျွန်မရဲဝံ့စွာ မျက်လုံးချင်း ဆုံကြည့်လိုက်၏။

"မင်းလိုအပ်တာမှန်သမျှ အကုန်ပြည့်စုံသွားပြီကိုး၊ မင်းကိုယ်နဲ့ကွဲဖို့ အဆင်သင့်ဖြစ်ပြီပေါ့။ ကိုယ့်အနားမှာ မင်းမနေနိုင်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်ကို မင်းမုန်းတယ်ဆိုတာ အလကားပြောတာ၊ မင်းတကယ်ရင်မဆိုင်ရဲတာ ကိုယ့် ပတ်ဝန်းကျင်မဟုတ်ဘူး... ကိုယ့်ကို ရင်မဆိုင်ရဲတာ။ ကိုယ့်ထက်မြင့်မြတ် တဲ့ ဇနီးအနားမှာ မနေနိုင်လောက်အောင် ပုလောင်တဲ့ ပိဏ္ဍုတ္တရလုလင်လိုပဲ မင်းကိုယ့်အနားမှာ မနေနိုင်ဘူး၊ ဒီတော့ မင်းဝေးရာကို ပြေးရမှာပေါ့ ...ဒါ သဘာဝကျပါတယ်"

"ခင်ဗျား ... စော်ကားလှချည်လားဟင် နှင်း"

မောင့်အသံသည် အက်ကွဲတုန်ရီနေ၏။ ကျွန်မမောင့်ကို သူစိမ်း တစ်ယောက်ကို ကြည့်သည့်အကြည့်မျိုးဖြင့် အေးစက်စွာကြည့်မိသည်။ ယခုမှ

www.burmeseclassic.com



တော့ ကျွန်မနောက်ဆုတ်လို့ မဖြစ်တော့ပါ။ ရှေ့ဆက်တိုးရုံသာ ရှိတော့ပါသည်။

"မင်းကို ရွေးချယ်လိုက်တဲ့အတွက် ကိုယ်မှားတယ် ထင်သလားဆိုတဲ့ မေးခွန်းကို ချစ်သူဘဝတုန်းက မင်းမေးခဲ့ဖူးတယ်၊ အခုမှအဲဒီမေးခွန်းကို ကိုယ်ဖြေမယ်၊ မင်းမှာ ရှိနေသမျှ ယောက်ျားမာနကလေးတွေနဲ့ အားတင်းပြီး နားထောင်ပါ ယုမော်"

ကျွန်မ၏ ခက်ထန်ပြတ်တောက်သော စကားကို မောင်မကြားရဲသလို ခေါင်းမသိမသာ ရမ်းခါ၏။ ကျွန်မသည် မောင့်မျက်နှာကို စိုက်ကြည့်လျက် အညှာအတာမရှိ၊ အထိန်းအချုပ်မရှိ၊ ပွင့်လင်းစွာ ပြောချပစ်လိုက်မိလေသည်။

"ကိုယ်မင်းကိုချစ်ခဲ့မိတာ မှားတယ်၊ ကိုယ့်ဘဝတစ်ခုလုံး အဖတ်ဆယ် လို့မရအောင်မှားခဲ့တယ်၊ ဒါထက်ပိုပြီးမှားတာက မင်းကိုလက်ထပ်ခဲ့ မိတာပဲ။ မင်းဟာကိုယ့်လိုဘဝကိုယ်သိတဲ့ကောင် ...မင်းကိုယ့်ကို လက်ထပ် ခဲ့တာဟာ အချစ်အတွက်မဟုတ်ဘူး။ ငွေအတွက်၊ ဂုဏ်သိက္ခာအတွက် လက်ထပ်ခဲ့တာ၊ မင်းရဲ့ နှစ်ပြားမတန်တဲ့ ဘဝကိုကိုယ့်ကြောင့် မြင့်မားလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လက်ထပ်ခဲ့တာ၊ မင်းရဲ့ နိမ့်ကျနေတဲ့ဘဝကနေ သိပ်မြင့်တဲ့ နေရာတစ်ခုကိုရောက်ဖို့ အသုံးချစရာပစ္စည်းတစ်ခုအဖြစ် ကိုယ့်ကိုလက်ထပ်ခဲ့တာ၊ ကိုယ်ကကိုယ့်ကိုယ်ကို သိပ်တန်ဖိုးကြီးတဲ့ ဇနီးတစ်ယောက်လို့ ထင်နေခဲ့တယ်၊ လက်စသတ်တော့ ကိုယ်က လှေကားကြီးတစ်ခုပဲ"

ကျွန်မ၏မျက်နှာသို့ မောင့်လက်ဖဝါးက ကြမ်းတမ်းစွာ အရှိန်ဖြင့် ရိုက်ချလိုက်သောကြောင့် ရုတ်တရက် အဆမတန်နာကျင်စွာ လွတ်ခနဲ အော်လိုက်မိ၏။ ကျွန်မ၏ကိုယ်ခန္ဓာသည် နံရံဘက်သို့လွင့်ကာ ယိမ်းယိုင် သွားလေသည်။ ကျွန်မ၏ မျက်နှာတစ်ခြမ်းသည် ချက်ချင်းထူအမ်းကာ ကျိန်းစပ်သွား၏။ ကျွန်မကိုမညှာမတာ ရိုက်ချလိုက်သော မောင့်ကို ကျွန်မ အားတင်း၍ စေ့စေ့ကြည့်လိုက်သည်။

မောင်သည်နေရာမှာ မလှုပ်မယှက် တွေတွေကြီးရပ်နေ၏။ မောင့်မျက်နှာ မှာ ဒေါသကိုမမြင်ရ၊ တုန်လှုပ်ချောက်ချားမှုကိုသာ ကျွန်မမြင်ရသည်။ မောင့်နှုတ်ခမ်းများသည် တင်းစေ့မထားနိုင်ဘဲ ခပ်ဟဟပွင့်နေသည်။ သူ လုပ်လိုက်မိသည့်ပြစ်မှု ဘယ်လောက်ကြီးကျယ်သလဲ ပြန်လည်သတိရသွားပုံ မျိုးဖြင့် မောင့်မျက်လုံးများ ဝိုင်းစက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည်နံရံမှာ ပျော့ခွေစွာ မှီလျက်က နာကျင်မှုကြောင့် တုန်ရီစွာ ငိုညွတ်ကျသွား၏။ သို့သော် ကျွန်မမျက်လုံးများကို မောင့်ထံမှ မလွှဲဖယ်ခဲ့ပါ။ မောင့်ကို တင်းမာစူးရှစွာ စိုက်ကြည့်နေဆဲဖြစ်၏။ မောင့်မျက်ဝန်းမှာ ရုတ်ခွဲ့နာကျင်မှုကြောင့် ပြည့်လျှံလာသောမျက်ရည်များကို မြင်ရသည့်အခါ ကျွန်မသရော်သလို မဲ့ပြုံးပြုံးလိုက်မိလေသည်။ မောင့်မျက်တောင်များမှာ စိုတွဲနေသော မျက်ရည်ဥကလေးများ ပါးပေါ်သို့ လိမ့်ဆင်းကျသွားသည်ကို ကျေနပ်အားရစွာ ကျွန်မကြည့်နေစဉ်မှာ ကျွန်မ၏ရစ်ဝဲနေခဲ့သော မျက်ရည်များ ခန်းခြောက်သွားခဲ့သည်။

ထို့နောက်မောင်သည် အခန်းအပြင်သို့ သွေးရူးသွေးတန်း ထွက်ခွာသွားတော့သည်။

ကျွန်မတို့နှစ်ယောက်၏ သူစိမ်းပြင်ပြင် ဓာတ်လမ်းသည်တကယ်တော့ ကာလကြာရှည်လှပါပြီ။ တစ်ယောက်အမှားကို တစ်ယောက်စောင့်နေသော ရန်သူနှစ်ယောက်လိုဖြစ်နေခဲ့ရသော ဇနီးမောင်နှံနှစ်ဦးအတွက် ဤတစ်ကြိမ်သည် အဆိုးဝါးဆုံး ပေါက်ကွဲမှုလား။ သို့မဟုတ်သည့်ထက် ဆိုးဆိုးဝါးဝါး ပေါက်ကွဲစရာ ကျန်သေးသလား၊ ကျွန်မမသိပါ။ လောလောဆယ် ကျွန်မသိသည်က မောင့်ကို အညှံ့မခံမိဖို့ပဲ ဖြစ်သည်။

မိန်းမတစ်ယောက်ကို လင်က ရိုက်နှက်သည်ဆိုတာ အိမ်ထောင်ရေး သမိုင်းတွေမှာ မထူးဆန်းပါ။ သို့သော် မောင်က ကျွန်မကို ရိုက်နှက်တာကတော့ မောင့်အတွက်လည်း ထူးဆန်းသည်၊ ကျွန်မအတွက်လည်း ထူးဆန်းသည်။ လူရှေ့သူရှေ့မှာ မကောင်းတတ်လို့ "ကျွန်တော်"ဟူသော နာမ်စားအစား "ကိုယ်"ဟူသော နာမ်စားကို သုံးခဲ့သော်လည်း၊ လူကွယ်ရာမှာ အစဉ်သဖြင့် "ကျွန်တော်"ဟူသာ သုံးနှုန်းခဲ့သော၊ ကျွန်မထက် လေးနှစ်ငယ်ရွယ်သော လူတစ်ယောက်က ကျွန်မကိုရိုက်နှက်သည့်အဖြစ်ကတော့ စော်ကားလိုက်တာပဲ။ ကျွန်မသည် တမြေ့မြေ့ နာကျင်လျက်ရှိသည်။

ကျွန်မအိပ်ရာပေါ်မှာ လဲလျောင်းလျက် ဖတ်နေကျမီးယပ်ရောဂါ စာအုပ်ကို စွတ်ကြိတ်မှိတ် ဖတ်နေစဉ် တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ညဆယ်နာရီ ကျော်ပြီဖြစ်၍ လမ်းပေါ်မှာလည်း လူသွားလူလာ ပြတ်နေပြီ။ ကျွန်မ၏ ချစ်



လှစွာသော ခင်ပွန်းသည်လည်း ခြံဝန်းတစ်နေရာရာမှာ ရှိနေမလား၊ အိမ်ထဲ တစ်နေရာရာမှာ ရှိနေမလားမသိ။ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေမှာပေါ့။ ရှေ့ဘာဆက်လုပ်ရမလဲ ဆိုတာ သူစဉ်းစားရတော့မှာပေါ့။ ကျွန်မစိတ်တွေ ပျော့ပျောင်း ငြိမ်သက်သွားအောင် သူဘယ်လို တောင်းပန်ရမလဲဆိုတာ စဉ်းစားနေမှာပေါ့။

သိပ်မကြာမီမှာ မောင်အခန်းပေါက်ဝ၌ လာရပ်သည်။ ခါတိုင်းဆိုလျှင် ကျွန်မမောင့်ကို လှမ်းကြည့်ဖို့ တော်တော်အားစိုက်ရမည်။ ယခုအချိန်မှာတော့ ကျွန်မမောင့်ကို စိမ်းကားစွာ လှမ်းကြည့်နိုင်ပြီ။ မောင်ကခဏ ရပ်ကြည့်ပြီး လှည့်ထွက်သွား၏။ ကျွန်မစာအုပ်ဆီ မျက်နှာလွှဲရာက ခပ်မဲ့မဲ့ပြုံးလိုက်မိသည်။ ပြုံးလိုက်သောအခါ ကျွန်မ၏ ဘယ်ဘက်မျက်နှာ တစ်ခြမ်းသည် စူးစူးဝါးဝါး နာကျင်သွားပါသည်။

ခဏကြာတော့ မောင်အခန်းထဲသို့ ဝင်လာ၏။ ကျွန်မခုတင်အနီးမှ ဖြတ်ကာခေါင်းရင်းသို့ ဆက်လျှောက်သွားသည်။ ထို့နောက် မှန်တင်ခုံမှ ကုလားထိုင်ကို သယ်လာပြီး ကျွန်မ၏ညာဘက်တွင် ချသည်။ ကျွန်မ ဓော့ကြည့်ရမှာ ဝန်လေးလောက်အောင် နာကျည်းမှုများစွာဖြင့် စာမျက်နှာတစ်ခု လှန်လိုက်သည်။ မောင်ကကုလားထိုင်မှာ မထိုင်ဘဲ ကျွန်မခုတင်ခြေရင်းသို့ လျှောက်သွားသည်။ ထို့နောက် ခြေရင်းကဝွမ်းစောင်ကို ဆွဲယူဖြန့်လျက် ကျွန်မကိုခြုံပေး၏။ မောင်နှင့်ကျွန်မ၏ အိမ်ထောင်ရေး သက်တမ်းတွင် မောင်ကကျွန်မကို စောင်ခြုံပေးခြင်းမှာ မဆန်းလှသော်လည်း သည်တစ်ခါတော့ ထူးဆန်းသည်။ ယခင်က မောင်ကျွန်မကို စောင်ခြုံပေးသည်မှာ ကြင်နာ ယုယလို၍ ဖြစ်သည်။ ကျွန်မကလည်း မောင့်အကြင်နာကို ဂုဏ်ယူ ကျေနပ်ခဲ့သည်။ သည်တစ်ခါတော့ မောင်ကသူ့အမှားအတွက် တောင်းပန်ချော့ မော့လို၍ ဖြစ်သည်။ သို့သော်ကျွန်မဘက်မှာ မောင်နှင့်ပတ်သက်သမျှ အရာရာကို စိတ်မဝင်စားတော့ချိန် ဖြစ်နေသောအခါ မောင့်အပြုအမူသည် ခင်ပွန်းတစ်ယောက်၏ ကြင်နာသောအပြုအမူ မဟုတ်တော့ဘဲ အလုပ်သမား တစ်ယောက်က အလုပ်ရှင်အပေါ် ကျိုးနွံအောက်ကျသော အပြုအမူမျိုးဖြစ်သွားသည်။ ထို့ကြောင့်လည်း ကျွန်မကျေးဇူးတင်စကား ပြောစရာမလို၊ ကျေးဇူးတင် အကြည့်လည်း ကြည့်စရာမလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပြန်ထွက်သွားပြီး နောက်တစ်ခါ ပြန်ဝင်လာတော့ မောင့်လက်ထဲမှာ မျက်နှာသုတ်ပဝါ အသေးလေးတွေနှင့် ရေနွေးဇလုံတစ်ခု ပါလာ၏။ ကျွန်မသည် စိတ်ထဲမှ ကြိတ်ပြုံးလိုက်မိသည်။ မောင်ကကုလားထိုင်ပေါ်သို့ ရေနွေး ဇလုံချကာ မောင်ကိုယ်တိုင်ကတော့ ကျွန်မ၏ခေါင်းရင်းမှာ မတ်တပ်ရပ်ပါသည်။ ကြည့်သေးတာပေါ့၊ စော်စော်ကားကား ကိုယ်ထိလက်ရောက် ရိုက်နှက်ထားတဲ့ မိန်းမတစ်ယောက်ကို စိတ်ပြေအောင်ချော့ဖို့ ဘယ်လောက်ခက်ခဲလိမ့်မယ်ဆိုတာ မောင်သိပါလိမ့်မည်။

မောင်က ရေနွေးဇလုံထဲက ပဝါကလေးကို ရေစင်အောင်ညှစ်၍ ပြန့်ခေါက်ကာ ကျွန်မ၏နှုတ်ခမ်းစွန်းသို့ ညင်သာစွာ ထိကပ်ပေး၏။

"သိပ်ပူရင်ပြောနော်... နှင်း"

ညင်သာသောအသံမှာ ရို့ကျိုးနိမ့်ချမှု အပြည့်ပါဝင်နေသည်ဟု ကျွန်မထင်ပါသည်၊ ကျွန်မ ဘာမှမပြောပါ။ စာထဲမှာသာ အာရုံစူးစိုက်ထားမိသည်။ ကျွန်မ၏နာကျင်မှုသည် တဖြည်းဖြည်းချင်း သက်သာသွား၏။ သို့သော်စာကတော့ ယခုအချိန်ထိ တစ်ပုဒ်မျှမရသေးပါ။ မောင့်လက်တွေက ကျွန်မ၏မြင်ကွင်းကို နည်းနည်းမျှ အနှောင့်အယှက် မဖြစ်သော်လည်း မောင်ကျွန်မခေါင်းရင်းမှာ မတ်တတ်ကြာရှည်စွာ ရပ်နေခြင်းက ကျွန်မအတွက် အနှောင့်အယှက်ဖြစ်နေသည်၊ မောင့်ကို ငဲ့ညှာစိတ်ကြောင့်လား သို့မဟုတ် ကျွန်မအနီးမှာကိုမောင်ကိုယ်ခန္ဓာ မရှိစေချင်တာလား ကျွန်မ မသေချာပါ။

"နှင်း အနယ်လ်ဂျက်ဆစ်(က်)တစ်ခုခု သောက်ဦးမလား၊ ဘာဆေးယူပေးရမလဲဟင်"

မောင့်အသံက အနည်းငယ် တုန်ယင်နေ၏။ ကျွန်မ၏ မိုးကြိုးထစ်သလိုစကားများကြောင့် မောင်ယခုတိုင် နာကျင်နေသေးဟန် ရှိသည်။ ကျွန်မခေါင်းမညိတ်ခေါင်းမခါ အေးတိအေးစက် နေလိုက်၏။ မောင်ဘာမှ ထပ်မမေးတော့ပါ။ ရေနွေးဝတ်ကိုသာ အဆက်မပြတ် အုပ်ပေးနေသည်။ ကျွန်မသည် ဘယ်လိုမှ စိတ်ဝင်စား၍မရသောစာကို အာရုံစိုက်ရလွန်းလို့လား၊ ပါးပြင်ပေါ်က မွှေးညင်သာသော ထိတွေ့မှုကြောင့်လားမသိ မျက်တောင်စင်းကာ အိပ်ငိုက်လာ၏။ ကျွန်မလက်ထဲက စာအုပ်ရင်ဘတ်ပေါ် ပြုတ်ကျသွားသည်ကို ဖျတ်ခနဲ သိလိုက်သေးသည်။ ထိုစာအုပ်ကို မောင်ကအသာဆွဲယူ၍ အိပ်ရာဘေး



(မောင့်နေရာ)တွင် ချထားလိုက်သည်ကို ကျွန်မ သိသော်လည်း မျက်စိမဖွင့်မိတော့ပါ။ ကျွန်မ၏ ဘယ်လက်မှာ ယခုတိုင် ပတ်ထားဆဲဖြစ်သော နာရီကို အသာအယာချွတ်ယူပြီး ခေါင်းအုံးဘေး ချထားလိုက်တာကိုလည်း ကျွန်မသိသည်။ ကျွန်မ၏နဖူးပေါ်မှာ အေးစက်သော မောင့်နှာခေါင်းဖျားကလေး ဖျတ်ခနဲလာထိသည်ကိုလည်း ကျွန်မ သိလိုက်ပါသေးသည်။

ပထမတစ်ကြိမ် တစ်ရေးနိုးချိန်တွင် ညနှစ်နာရီရှိပြီဖြစ်လျက် ကျွန်မဘေးမှာ မောင်မရှိ။ ကျွန်မသည် နာရီကို ပြန်ချကာ ပြန်အိပ်ပစ်လိုက်သည်။

နောက်တစ်ကြိမ် နိုးသောအခါ အလင်းရောင် ဝင်လာနေပြီ။ နံနက်၅နာရီ ထိုးပြီးသွားပြီ ဖြစ်၏။ ကျွန်မဘေးမှာ မောင်မရှိ။ ရေနွေးဇလုံလည်း မရှိ၊ ကုလားထိုင်လည်း မရှိတော့ပါ။ ကျွန်မသည် အနည်းငယ်သာ နာကျင်မှုကျန်နေသော မျက်နှာတစ်ခြမ်းကို လက်ဖဝါးဖြင့် ခပ်ဖွဖွကလေး ပွတ်သပ်ကြည့်မိသည်၊ ကျွန်မမျက်နှာသစ်ဖို့ မီးဖိုခန်းထဲအဝင်မှာတော့ ဧည့်ခန်းပက်လက်ကုလားထိုင်မှာ လဲလျောင်းနေသော မောင့်ကို ရိပ်ခနဲမြင်ရသည်။ မောင့်မှာ စောင်ခြုံမထားသည်ကို မျက်စိရှင်ရှင်ဖြင့် မြင်လိုက်သေး၏။ သို့သော် စောင်သွားခြုံပေးဖို့ ကျွန်မမှာ တာဝန်မရှိဘူးဟု ထင်သည်။ အအေးမိပြီးဖျားလျှင်တော့ ဆရာဝန်တစ်ယောက်က လူနာကို ကုသသလို မောင့်ကိုကုသပေးမှာပါ။

ကျွန်မ စာကြည့်ခန်းထဲဝင်လာပြီး ညကဖတ်မရခဲ့သည့် စာကိုဆက်ဖတ်ရန် စတင်ကြိုးစားမိ၏။ ယခင်ကလို စားပွဲပေါ်မှာ ပြန့်ကျဲပွရောင်းနေသော မောင့်စာအုပ်များမရှိ။ မောင့်ဘက်က စားပွဲတစ်ခြမ်းသည် ရှင်းလင်းလျက်ရှိသည်။ ခဏကြာသောအခါ ကျွန်မ ရှူးဖိနပ်ခွာသံကို ကြားရသည်။ မောင်စာကြည့်ခန်းရှိရာသို့ လျှောက်လာနေသည်။ သို့သော်ကျွန်မသည် မောင်၏ဖိနပ်သံနှင့် အနည်းငယ် စိမ်းနေသည်။ နံနက်၅နာရီတွင် မောင်ရှူးဖိနပ် စီးထားသည်ဟူသော အဖြစ်အပျက်သည် ကျွန်မ၏ အတွေ့အကြုံနှင့် စိမ်းနေပါသည်။ ကျွန်မစိတ်ထဲမှာ ထင့်ခနဲဖြစ်သွား၏။ သို့သော် စာအုပ်မှာမျက်နှာငုံ့လျက် ကျွန်မမောင့်ကို စောင့်နေခဲ့ပါသည်။

အခန်းပေါက်ဝရောက်တော့ ခဏရပ်သွားသည်။ ထို့နောက် မောင်အခန်းထဲ ဝင်လာသည်။ မောင်ဖိနပ်ကို အခန်းဝမှာ ချွတ်ထားခဲ့ပြီဟု ကျွန်မသိလိုက်သည်။ ဖယောင်းပုဆိုး မျက်နှာပြင်နှင့် ခြေအိတ်စွပ်ထားသော ခြေဖဝါး၏

www.burmeseclassic.com

www.burmeseclassic.com



ထိခတ်သံကို ကျွန်မနားက အတိအကျသိပါသည်။ မောင်ကျွန်မ၏ နောက်ကျောဘက်မှာ လာရပ်၏။ မောင့်ကိုယ်မှ မွှေးပျံ့သောရနံ့ကလေးသည် ကျွန်မနှင့်မောင်၏ ဟိုးအတိတ် ကာလတစ်ခုဆီသို့ ကျွန်မကို သိမ်မွေ့စွာဆွဲခေါ်ဖို့ ကြိုးစားလေသည်။ သို့သော် မောင်ကကျွန်မ ပခုံးပေါ်မှကျော်၍ ကျွန်မစာအုပ်ပေါ်သို့ တစ်စုံတစ်ခု တင်လိုက်သောအခါ ကျွန်မသည် ပြန်းခနဲအိပ်မက်က လန့်နိုးသလို ခံစားလိုက်ရ၏။

ကျွန်မစာအုပ်ပေါ်မှာ သော့တွဲကလေး ရှိနေသည်။ ပုလဲရောင်လက်နေသော ခရုကလေးသည် ကျွန်မကိုယ်တိုင် မောင့်ကိုပေးအပ်ခဲ့သော သော့တွဲကလေးဖြစ်သည်။ ခြံဝန်းတံခါးသော့၊ အိမ်တံခါးသော့၊ စာအုပ်ဗီရိုသော့၊ ကျွန်မပိုက်ဆံများ သိမ်းလေ့ရှိသော ကျွန်မအဝတ်သေတ္တာသော့။ ကျွန်မသည် သော့တွဲကလေးကို စိုက်ကြည့်ရင်း အဖြစ်အပျက်ကို ချက်ချင်း နားလည်လိုက်ပါသည်။ ကျွန်မရင်ထဲတွင် ပူလောင်စွာနာကျင်လျက် တစ်ခုခုလစ်ဟာသွားသလို ခံစားလိုက်ရသည်။ အမြင်အာရုံတွေ ဝေဝါးသွားလောက်အောင် မျက်ရည်ကရစ်ဝဲလာတော့သည်။

"နှင်းအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးလုံးနဲ့ ပြစ်မှားမိခဲ့တာတွေအတွက် ကျွန်တော်နှင်းကို ကန်တော့ခဲ့ပါတယ်"

တိုးတိတ် တုန်ခါသော မောင့်အသံကြောင့် ကျွန်မ ကြက်သီး ဖြန်းခနဲထသွား၏။ မျက်ရည်ကို မောင်မြင်မှာ ရှက်ရွံ့သောကြောင့် မောင့်ကို လှည့်မကြည့်မိအောင် ထိန်းချုပ်လိုက်သည်။ မောင်ကျွန်မ၏ နောက်နားမှာ ထိုင်ချလိုက်သည်ကို ကျွန်မသိသည်။ ထို့နောက် ...ကျွန်မ မျက်ရည်များ စာအုပ်ပေါ်သို့ အတားအဆီးမရှိ တစ်ပေါက်ချင်း လိမ့်ဆင်းကျလျက် ရှိတော့သည်။ ကျွန်မသည် မောင့်ကို ဆွဲထူပွေ့ဖက်မိမှာ စိုး၍ စားပွဲစွန်းကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားရ၏။

မောင်ထိုင်ရာမှ ထရပ်လိုက်သည်ကို ကျွန်မသိသည်။ ခဏကြာအောင် ကျွန်မနောက်မှာ ရပ်နေသည်ကိုလည်း ကျွန်မသိသည်။ နောက်တော့ မောင်ရှာခနဲလှည့်ထွက်သွားလေသည်။ ကျွန်မ နှုတ်ခမ်း တင်းတင်းစေ့ထားလိုက်သောအခါ ဘယ်ဘက် နှုတ်ခမ်းစွန်းက စစ်ခနဲ နာကျင်သွားသည်။

ခဏကြာတော့ ရှူးဖိနပ်သံသည် လေးပင်စွာ ကျွန်မ အနီးမှ ဝေးသွား၏။



ညှိခန်းဆီမှာ ခဏရပ်သွားသည်။ ပက်လက်ကုလားထိုင် နောက်ကျောနှင့် အဝတ်အိတ်ထိခိုက်မိသံ၊ ထို့နောက် အိမ်တံခါး ရှိရာသို့ လျှောက်သွားသော ဖိနပ်သံ။ ကျွန်မသည် စားပွဲစွန်းကို တအားဆုပ်ညှစ်ထားလိုက်၏။ တံခါးဆင်နှင့် အဝတ်အိတ် ထိခိုက် ပွတ်တိုက်သံ ...ထို့နောက် တံခါးမဖွင့်သေးဘဲ ခဏကြာအောင် ငြိမ်သက်နေသေးသည်။ ထို့နောက် တံခါးဖွင့်သံ ... ထို့နောက် တံခါးပြန်ပိတ်လိုက်သံ။

ကျွန်မသည် စားပွဲစွန်းမှ လက်တွေကို လွှတ်လိုက်သည်။

ရှူးဖိနပ်သည် အုတ်လှေကားနှစ်ထစ်ကို လေးပင်တွန့်ဆုတ်စွာ နင်း၍ ဖြတ်ကျော်သွား၏။ ထို့နောက် ကွန်ကရစ်လမ်းပေါ်က ဖိနပ်သံသဲ့သဲ့ ... တဖြည်းဖြည်း ဝေး၍ဝေး၍သွားသည်။ ဖွင့်ထားသော ခြံတံခါးကို ဆွဲစေ့သံ၊ ထို့နောက် သော့ခလောက် ပိတ်လိုက်သံ ...။

အရာရာသည် တိတ်ဆိတ်စွာ ပြိုကွဲသွားပြီ။ ကျွန်မသည် စာအုပ်ပေါ် မှောက်ချလျက် ရှိုက်ငိုမိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်က ယောကျ်ားအပေါ် အနိုင်ရတယ်ဆိုတဲ့ နေရာမှာ အလွန်ဆုံး စိတ်ခံစားမှုကိုသာ အနိုင်ရတာပါ။ အဲဒီယောကျ်ားရဲ့ ဘဝနဲ့ ပတ်ဝန်းကျင်အပေါ်မှာတော့ ဘယ်နည်းနဲ့မှ အနိုင်မရနိုင်ပါဘူး။

ယောကျ်ားတစ်ယောက်က မိန်းမအပေါ် အနိုင်ရပြီ ဆိုရင်တော့ မိန်းမရဲ့ စိတ်ခံစားမှုကိုသာမက ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန်ကိုပါ အနိုင်ရလိုက်ခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် မိန်းမရဲ့ ဘဝနဲ့ မိန်းမအပေါ် အကဲဖြတ် ကောက် ချက်ချမယ့် ပတ်ဝန်းကျင်ကိုပါ အနိုင်ရလိုက်ခြင်း ဖြစ်ပါတယ်။

ယောကျ်ားတစ်ယောက်ရဲ့ အရှုံးဟာ အချိန်ကာလ ကန့်သတ်ချက် ရှိပေမယ့် မိန်းမတစ်ယောက်ရဲ့ အရှုံးကတော့ အချိန်ကာလ ကန့်သတ်လို့မရတဲ့ တစ်ဘဝစာအရှုံးပါပဲ။ ကိုယ်တို့မိန်းမတွေဟာ မိန်းမဖြစ်နေသမျှ ယောကျ်ားတွေနဲ့ ညီမျှတဲ့ အခွင့်အရေးကို ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူး။

နောက်ဆုံးတော့ ကိုယ်ကောင်းကောင်း သဘောပေါက်ခဲ့ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၄)

မောင်နှင့်ကွဲကွာရန် ကျွန်မဘက်က အဆင်သင့်ဖြစ်နေပြီ ..ဟု မောင့်ကို ကြေညာအသိပေးခဲ့ပြီး ကျွန်မကိုယ်တိုင်လည်း ဤအတိုင်းယုံကြည် စိတ်ချခဲ့သော်လည်း တကယ်တမ်း မောင်နှင့်ခွဲရသောအချိန်မှာတော့ ကျွန်မဘာတစ်ခုမှ အဆင်သင့်မဖြစ်သေးကြောင်း နာကျင်စွာလက်ခံလိုက်ရပါသည်။

မောင်၏ကိုယ်နံ့က ကျွန်မ၏ဆံပင်မှာ၊ ကျွန်မ၏ကိုယ်ခန္ဓာမှာ၊ ကျွန်မ၏ အခန်းထဲမှာ ယခုတိုင် ငြိတွယ်လျက် ရှိသေးသည်။ မောင့်စာအုပ်ဗီရိုသည် ပရုတ်လုံးနံ့နှင့် မောင့်ကိုယ်နံ့ ရောလျက်သင်းပျံ့နေဆဲ။ မောင်၏ဂျာကင်အင်္ကျီသည် အင်္ကျီချိတ်မှာ ယခုတိုင် ချိတ်လျက်ရှိဆဲ ...။ မောင်၏ မျက်နှာသုတ်ပဝါကြီးသည် ကြိုးတန်းပေါ်မှာ ယခုတိုင်လှန်းထားဆဲ။ မောင့်ခေါင်းအုံးအောက်တွင် မောင်ဖတ်လက်စ မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်စာအုပ်က ယခုတိုင် ရှိနေဆဲ။ မောင်ကျွန်မထံမှ ခေတ္တခရီးထွက်သွားသလို ကျွန်မအောက်မေ့သည်။ နောက်တစ်ရက်မှာ မောင်ပြန်လာလေ မလားဟုသည့် မသဲမကွဲမျှော်လင့်ချက် ကလေးများသည် တစ်ပတ်ထက်တစ်ပတ် ပို၍ပို၍ မှုန်ဝါးလာကာ တစ်လပြည့် သောအခါတွင် ပျောက်ကွယ်သွား တော့သည်။ စာတမ်းများ ထည့်ထားသော စာအုပ်တွေနှင့် ဖိုင်တွဲလုံးဝ ပျောက်ဆုံးနေသည်ကို သိရသောအချိန်မှာတော့ကျွန်မ မောင့်ကိုအပြီးတိုင် စွန့်လွှတ်လိုက်ရပြီဆိုတာ သေချာသွားပါသည်။

မောင်ဟာ ကျွန်မကိုလုံးဝ မလိုအပ်တော့ဘူး။

ဤအသိတရားသည် ကျွန်မ၏နှလုံးသားကို ဆုပ်ညှစ်ချေမွလိုက်သော အခါကျွန်မနာနာကျည်းကျည်းရယ်မောမိ၏။

ကျွန်မတို့နှစ်ယောက်၏အိမ်ထောင်ရေးသည် ပြိုင်ပွဲတစ်ခု ဖြစ်သည်ဆိုလျှင် ယခုလိုကွဲကွာသွားချိန်၌ မည်သူကနိုင်သလဲ၊ မည်သူကရှုံးသလဲ။ ကျွန်မမှာရှိသမျှ အချစ်၊ ဂုဏ်သိက္ခာ၊ ငွေကြေး၊ အချိန်အားလုံးကို ကျမ်းကျင်စွာ ရယူထွက်ခွာသွားသော မောင်ကနိုင်လေသလား။ မောင့်ကိုရက်စက်စွာ မညှာမတာ နှိမ်ချနှုတ်ခွဲခဲ့သော ကျွန်မကနိုင်လေသလား။ အိမ်ထောင်တစ်ခု ပြိုကွဲသွားပြီးသည့်နောက်တော့ အရှုံးအနိုင်ဆိုတာ ရှိပါသေးရဲ့လား။



"ကျွန်တော့်ဘဝရဲ့ တစ်ကြိမ်တည်းသော လက်ထပ်ခြင်း" ဟူသော မောင့်စကားကို ကျွန်မပြန်ကြားယောင်မိသော အခါမှာတော့ ကျွန်မတစ်ကိုယ်လုံး အေးစက်သွားလေသည်။ မောင်သည်ကျွန်မအပေါ်မှာတစ်သက်လုံးနိုင်နေတော့မှာပါလား။ မောင်မှတစ်ပါး အခြားယောကျ်ားကို စိတ်မကူးနိုင်လောက်အောင် ကျွန်မကို နိုင်မြဲသောကြိုးဖြင့် တုတ်နှောင်ထားခဲ့ပြီး မောင်ကိုယ်တိုင် ကတော့ နိုင်ငံပေါင်းများစွာအဝေးမှာ၊ ကျွန်မလိုက်မမီနိုင်သော နေရာများမှာ လွတ်လပ်စွာ ပျော်ရွှင်နေတော့မလား။ ကျွန်မကိုလှောင်အိမ်ထဲမှာ တစ်သက်တာပိတ်လှောင်ထားဖို့ မောင်ကောက်ကျစ်စွာ ဆုံးဖြတ်ခဲ့လေသလား။ ကျွန်မသည်မောင်နှင့် မပေါင်းရသောဇနီးအဖြစ် နှောင်တည်းခံဘဝတွင် မွန်းကျပ်စွာနေရတော့မလား။ကာလ ဘယ်လောက်ကြာမှာလဲ။ တွေးရင်းတွေးရင်း မောင်၏ရက်စက်မှုကိုရုပ်လုံးကြွမြင်ယောင်လာကာ ရုတ်တရက် ဒေါသတကြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိတော့သည်။

မောင့်ကို ကျွန်မတရားဝင်ကွာရှင်းမည်။

"လက်ထပ်ချင်လှချည်ရဲ့ ဆိုတုန်းကလဲနှင်းပဲ၊ကွာချင်လှချည်ရဲ့ ဆိုတော့လဲနှင်းပဲ ...နှင်းဟာ တော်တော်ဇလောင်းဗလဲနိုင်တဲ့မိန်းမပါလား" ထိုစကားဖြင့် မောင်အေးစက်စက်ပြုံးကာ သရော်လိမ့်မည်။သို့သော်မောင်က လက်မှတ်ထိုးပေးဖို့ဆိုတာ အလွန်ဖြစ်နိုင်ခြေနည်းသော မျှော်လင့်ချက်တစ်ခုဖြစ်၏။

မောင် ကျွန်မကိုကွာရှင်းဖို့အတွက် ကျွန်မမောင့်ကို ငွေဘယ်လောက်လျော်ရမလဲ...ဟု စိတ်တွက်တွက်ကြည့်မိသည်။ မောင်ကဘယ်လောက် တောင်းမှာလဲ။ ကျွန်မ မောင့်စိတ်ကိုသိသည်၊ဘယ်လောက်ပဲ ငွေပုံပေးပေး၊ မောင်ကျွန်မကို ကွာရှင်းလက်မှတ်ထိုးပေးမည် မဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတစ်ယောက်၏ လွတ်လပ်ခွင့်အတွက် ဇနီးသည်ကိုကွာရှင်းရန် မလိုအပ်သောကြောင့်တည်း။ ကျွန်မ၏လင်အဖြစ် မောင်ဘာမဆို လွတ်လပ်စွာပြုလုပ်နိုင်သည်၊ မိုင်ပေါင်းများစွာ အဝေးသို့မောင်ပြေးနိုင်သည်။

ဟင့်အင်း ...။ မဖြစ်နိုင်ဘူး နည်းလမ်းတစ်ခုခုတော့ရှိရမယ်။ ကျွန်မသည် မောင့်ထံမှ ကွာရှင်းလက်မှတ်ရဖို့ ကောက်ကျစ်စွာအကြပ်ကိုင်ရန် နည်းတစ်ခုရနိုင်သည်ဟု ထင်သည်။

မောင်၏ နိုင်ငံကူးလက်မှတ်မိတ္တူ ကျွန်မထံမှာ ရှိသည်။ ကျွန်မ၏

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်စာချုပ်ပြီး မောင်၏ထွက်ခွာခွင့်ကို ရုတ်သိမ်းရန် တားမြစ်နိုင်လေသလား။ တားမြစ်နိုင်သည်ဆိုလျှင်တော့ မောင့်ကို ကျွန်မနိုင်ပြီ။ မောင်သည် ဤကမ္ဘာလောကတွင် အဖြစ်ချင်ဆုံးဆန္ဒမှာ အခြားနိုင်ငံသို့ မဖြစ်ဖြစ်အောင်ထွက်ဖို့ဆိုတာ ကျွန်မသိသည်။ ဤဆန္ဒကိုနှောင့်ယှက်တားဆီးမည့် မည်သည့်အကြောင်းအရာကိုမျှ မောင်ကသည်းခံနိုင်မှာမဟုတ်။ ထို့ကြောင့်အနှောင့်အယှက်မခံလိုသောမောင်သည် ကျွန်မတောင်းဆိုချက်ကို လိုက်လျောကာ လက်မှတ်ထိုးပေးရလိမ့်မည်။

ကျွန်မသည် နောက်တစ်နေ့တွင် ကွာရှင်းစာချုပ်နှစ်ခုကိုယူလျက် မောင်ရှိရာရန်ကုန်သို့ ထွက်ခွာခဲ့ပါသည်။

မောင့်အိမ်သို့ နောက်တစ်နေ့နံနက်အစော ခြောက်နာရီခွဲတွင် လမ်းလျှောက်သွားလိုက်သည်။ မောင့်အိမ်နှင့်နီးလာသောအခါ ကျွန်မ၏ခြေလှမ်းများသည် နှေးကွေးတွန့်ဆုတ်လာ၏။ ဒီဇင်ဘာ နှင်းစက်များဖြင့်စိုစွတ်သော ကျွန်မပါးပြင်များသည် အုံ့ဩစရာကောင်း လောက်အောင်ပူနွေးနေ၏။ ကျွန်မသည် လှည့်ပြန်သွားရလျှင် ကောင်းမလားဟု မကြာခဏ တွေးမိသည်။ ကျွန်မမောင့်ကို တောင်းပန်ဖို့လာတယ်လို့ ရုတ်တရက် မောင်တို့ထင်သွားလျှင် ကျွန်မလဲသေလိုက်ဖို့ပဲကောင်းတော့မည်။ ကျွန်မသည် ခြေလှမ်းတွေ တုန့်ရပ်သွားသေး၏။ သို့သော်...မောင်ဤနိုင်ငံမှ မထွက်ခွာမီ ကျွန်မဘက်က လုံခြုံစိတ်ချလိုသည်ဖြစ်၍ အားတင်းကာ မောင့်အိမ်ရှေ့သို့ရောက်သွားသည်။

သော့ခလောက်ကို ကြမ်းတမ်းစွာ ဆွဲလှုပ်လိုက်သောအခါ ညှိုခန်းသို့ မောင့်မာမီထွက်လာ၏။ ကျွန်မကိုမြင်တော့ မောင့်မာမီတစ်ခဏငြိမ်သက်သွားသည်။ ကျွန်မသည် ယဉ်ကျေးဖွယ်ရာစွာပြုံးပြရန် လုံးဝစိတ်မပါသောကြောင့် မျက်နှာထား တည်တည်ဖြင့်မေးမိပါသည်။

"ယုမော်ရှိလားအန်တီ"

သူမကျွန်မရှိရာသို့ ပြည်းညင်းတွန့်ဆုတ်စွာ လျှောက်လာ၏။ သူမ အနည်းငယ်မျှ မပြုံးပါ။ ကျွန်မကို သံဆွဲတံခါးအတွင်းမှ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံးကြည့်နေသေး၏။ ပြီးမှသက်ပြင်းတစ်ချက်ရှိုက်ကာ တံခါးဖွင့်ပေးပါသည်။

"ထိုင်ဦးသမီး"



နုညံ့သော မျက်နှာထားနှင့် ညင်သာသော စကားသံကြောင့် ကျွန်မတစ်ကိုယ်လုံး နွမ်းခွေကာ တင်းမာထားသမျှ အင်အားတွေ ယုတ်လျော့သွား၏။ ကုလားထိုင်ရှိရာသို့ တရွတ်ဆွဲလျှောက်လာရင်း မာမီဟုခေါ်လိုက်ရကောင်းမလားဟု ချိတုံချတုံ စဉ်းစားနေမိ၏။

"ယုမော်မရှိဘူးလေ"

တိုးတိတ်သော စကားသံအဆုံးတွင် ကျွန်မမာမီ့ကိုစူးစူးရဲရဲကြည့်မိသည်။

"ယုမော် ဘန်ကောက်ရောက်သွားပြီ"

ညင်သာသော စကားသံသည် ကျွန်မနားထဲသို့ ဗုံးပေါက်ကွဲသံလို ကျယ်လောင်စွာ ပေါက်ထွင်းဝင်ရောက် သွားလေသည်။ ကျွန်မတစ်ကိုယ်လုံး အေးစက်တောင့်တင်းကာ နားထဲတွင် တစီစီဆူညံလျက် မူးဝေလာ၏။ ကျွန်မမာမီထံမှ ရုတ်တရက် မျက်နှာလွှဲလိုက်ကာကုလားထိုင်ပေါ် ပစ်ထိုင်ချလိုက်ပါသည်။ ဖြစ်နိုင်တာပေါ့၊ သိပ်ဖြစ်နိုင်တာပေါ့။ ကျွန်မထံမှ ထွက်ခွာသွားသည့် တစ်လအတွင်း ဘာမဆို ဖြစ်နိုင်တာပေါ့။

"သမီးဆီကိုစာတွေ မရောက်သေးဘူးနဲ့ တူတယ်။ အန်တီဆီတော့ နှစ်စောင်ရှိပြီ ရောက်တာ...ခဏလေး အန်တီ သွားယူလိုက်ဦးမယ်"

"နေပါစေအန်တီ ...မယူပါနဲ့၊ ကျွန်မသူ့ဆီက ကွာရှင်းလက်မှတ်ကလေး လိုချင်လို့ပါ"

ကျွန်မသည် လက်ပွေ့အိတ်ထဲမှ စာချုပ်နှစ်စောင်ကို ထုတ်ယူကာ မာမီ့ကို အခက်အခဲမရှိ ပြုံးပြလိုက်မိ၏။

"အန်တီက လူကြီးဖြစ်နေတော့ အန်တို့ကို အကူအညီ တောင်းရမှာတော့ အားနာပါတယ်၊ ဒါပေမယ့်..."

မာမီကကျွန်မအနီးမှ ဖြတ်လျှောက်ကာ လက်ကာပြသွားပြီး စာအုပ်စင်ကြားမှ စာနှစ်စောင်ကို ဆွဲထုတ်ယူပြီး ပြန်လာသည်။ ကျွန်မဘေးက ကုလားထိုင်မှာဝင်ထိုင်ပြီး ကျွန်မပေါင်ပေါ်သို့ စာအိတ်နှစ်အိတ် တင်လိုက်သည်။ ကျွန်မသည်အနက်ရောင် အင်္ဂလိပ်လက်ရေးများနှင့် ထိုင်းဘုရင်၏ ရုပ်ပုံနှင့် တံဆိပ်ခေါင်းကို ဖျတ်ခနဲတစ်ချက်သာ ကြည့်လိုက်သည်။ စာအိတ်အောက်ခြေထောင့်စွန်းတွင် မောင့်လိပ်စာ ရေးထားသောကြောင့် ကျွန်မ ထိုစာအိတ်နှစ်စုလုံးကိုစုကိုင်ကာ ကုလားထိုင်လက်ရမ်းပေါ်မှာ မှောက်တင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းအိမ်က နည်းနည်းစိတ်မြန်တယ် ထင်တယ်"

မောင့်မိခင်၏ ကောက်ချက်ကြောင့် ကျွန်မနာနာကျင်ကျင် ပြုံးမိ၏။ ကျွန်မဤကဲ့သို့ ဆုံးဖြတ်ချက်ချနိုင်ဖို့ နှစ်နှစ်တိတိ အားယူခဲ့ရသည်ဆိုတာ မာမီမသိနိုင်ပါ။ ဘယ်သူမှမသိနိုင်ပါ။

"မင်းနဲ့သားနဲ့ လက်ထပ်ကြတုန်းက အန်တီ့အကူအညီ ဘာမှမလိုခဲ့ဘူး၊ အန်တီ့ကို အသိမပေးခဲ့ဘူး၊ အခုမင်းတို့ အဆင်မပြေတဲ့ကိစ္စကျမှ ကွာရှင်းဖို့ကိစ္စကျမှ အန်တီ့အကူအညီ ယူတော့မလို့လား"

ကျွန်မမျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်သော မာမီ့စကားသံ တိုးတိုးကလေးကြောင့် ကျွန်မမျက်နှာ နွေးခနဲပူသွား၏။ အေးအေးဆေးဆေး နေချင်သောလူကြီးကို အပူကပ်ရာကျနေပြီဟု ကျွန်မသိပါသည်။ ထို့ကြောင့် ကျွန်မလက်ထဲမှ စာချုပ်နှစ်စောင်ကို မာမီဆီမပေးတော့ဘဲ အိတ်ထဲသို့ပြန်ထည့် လိုက်ပါသည်။

"လိပ်စာကို သမီးကူးသွားလေ"

"ဟင့်အင်း"

ကျွန်မ ကမန်းကတန်း ငြင်းလိုက်၏။

"ကျေးဇူးပဲအန်တီ ၊ ဒါပေမယ့် မလိုပါဘူး"

မိမိယောကျ်ား အခြားနိုင်ငံသို့ ထွက်ခွာသွားသည့်ကိစ္စတောင် မသိလိုက်ရသော ဇနီးသည်တစ်ဦး၏ ရယ်ရွှင်ဖွယ်ရာ အောက်ကျသိမ်ငယ်မှုမျိုးဖြင့် မာမီ့ရှေ့မှာ ကြာရှည်မနေချင်သောကြောင့် ကျွန်မဖြုန်းခနဲ ထရပ်လိုက်သည်။

"ပြန်ခွင့်ပြုပါအန်တီ"

ကျွန်မထွက်ခွာရန် ဟန်ပြင်တော့ မာမီကထိုင်ရာမှမထပဲ လှမ်းခေါ်၏။

"နှင်း"

ကျွန်မရုတ်တရက် လှည့်ကြည့်လိုက်သည်။ မာမီကကျွန်မကို ပထမဦးဆုံး အကြိမ်ပြုံးပြသည်။ မာမီ့အပြုံးမှာ မျှဝေခံစားရိပ်များဖြင့် နူးညံ့ကြင်နာလွန်းသောကြောင့် ကျွန်မ မျက်ရည်လည်လာသည်။

"ဇနီးတစ်ယောက်ဘဝမှာ မာနဆိုတာ မရှိရဘူးသမီးရဲ့"

ကျွန်မမှာ ဘာမာနမှမရှိပါဘူးအန်တီရယ်။ ကျွန်မမှာရှိသမျှ မာနတွေကို သူကရိုက်ချိုး ဖျက်ဆီးပစ်ခဲ့ပြီးပါပြီ။ ကျွန်မသည် အံတင်းတင်းကြိတ်ကာ



ခေါင်းမာစွာ ပြုံးပြလိုက်၏။ ကျွန်မမှာမာနတွေ ကျန်နေသေးတယ်လို့ မာမီ ထင်ပါစေတော့။ မာမီသာမက တစ်လောကလုံး ထင်လိုက်ကြစမ်းပါ။ တကယ်တမ်းကျွန်မမှာ အရှက်ကွဲမှုတစ်ခုကလွဲလို့ ဘာမှမကျန်တော့တာတော့ ကျွန်မတစ်ယောက်တည်း သိခွင့်ရှိပါစေ။

ကျွန်မမာမီ့ကို ဦးညွတ်နှုတ်ဆက်ပြီး လှည့်ထွက်လိုက်သောအခါ ကျွန်မ မျက်ရည်များ ဖြာခနဲလိမ့်ဆင်း ကျသွားခဲ့ပါသည်။

မော်လမြိုင်အိမ်သို့ ကျွန်မရှုံးနိမ့်စွာပြန်ရောက်လာသည်နှင့် ကျွန်မအိမ်မှာ ရှိသမျှ မောင့်ပစ္စည်းများကို ဒေါသတကြီးသိမ်းဆည်း ပိတ်လှောင်ထားလိုက်မိ၏။

မောင့်စာအုပ်ဗီရိုကို သော့ခတ်ပစ်လိုက်သည်။ မောင်ထိုင်နေကျ စာကြည့်စားပွဲကုလားထိုင်ကို လူနာကုလားထိုင်အဖြစ် ဆေးခန်းထဲ ရွှေ့ပစ်လိုက်သည်။ မောင့်မျက်နှာသုတ်ပဝါ၊ ဂျာကင်၊ ပုဆိုး၊ ဖိနပ်အားလုံးကို သေတ္တာတစ်ခုထဲ နှပ်ပြီထည့်ပစ်လိုက်၏။ မောင်၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ လေယာဉ်လက်မှတ်မိတ္တူ၊ နိုင်ငံကူးလက်မှတ် လျှောက်စဉ်က စာရွက်စာတမ်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ သုတေသန စာတမ်းအကြမ်း အပိုင်းအစများ အားလုံးကို အမှိုက်ခြင်းထဲ ဆုတ်ချေ ပစ်ထည့်လိုက်၏။ ဧည့်ခန်းနံရံမှ မောင့်ဓါတ်ပုံ၊ အိပ်ခန်းနံရံက ကျွန်မတို့နှစ်ယောက်၏ လက်ထပ်မင်္ဂလာ နှစ်ယောက်တွဲဓါတ်ပုံ၊ အုတ်လှေကားကြီးပေါ်မှာ ရိုက်ထားသောဓါတ်ပုံ အားလုံးကို သေတ္တာထဲထည့်သိမ်းပစ်လိုက်သည်။ မောင့်ခေါင်းအုံးကို ကျွန်မခေါင်းအုံး၏အောက်သို့ ထပ်ဆင့်ပစ်လိုက်သည်။

ကဲ ...ယုမော်ဆိုတဲ့ ကောင် တစ်ယောက်နဲ့ ဒေါက်တာသက်နှင်းအိမ် လက်ထပ်ခဲ့ဖူးတယ် ဆိုတာကို သက်သေခံမယ့်ပစ္စည်း ဘာရှိသေးသလဲ။

ကျွန်မ ဖြုန်းခနဲစာကြည့်ခန်းသို့ လျှောက်သွားပြီး ကျွန်မစာအုပ်ဗီရိုထဲမှ လက်ထပ်စာချုပ်နှင့် မိတ္တူများကို နာကျင်သောရင်ဖြင့် ဆွဲထုတ်ယူလိုက်သည်။

ကောင်းတူဆိုးဖက် ...၊ ကျွန်မသည် စာကြောင်းကလေးတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



မျက်စိရောက်သွားကာ အသံထွက် ရယ်မောမိ၏ ။ ထို့နောက် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို ချုပ်ဆိုထားသော လက်ထပ်စာချုပ်ကိုပါ ဆွဲထုတ်လိုက်သည် ။ for better or for worst… တဲ့ ။ ကျွန်မသည် စာချုပ်အားလုံး စုပြုံလုံးချေယူသွားပြီး လျှပ်စစ်မီးဖိုပေါ်တွင်၌ မီးခလုတ်ဖွင့်ကာ မီးရှို့ပစ်လိုက်ပါသည် ။ တွန့်လိမ်ကာ မီးလောင်ကျွမ်းနေသော သက်သေခံပစ္စည်းကလေးတွေကို ကြည့်ရင်း ကျေနပ်အားရစိတ်နှင့် နာကျင်တသစိတ်ကို ပြိုင်တူခံစား လိုက်ရသောအခါ ကျွန်မသည် ထမင်းစားပွဲကို လက်သီးဆုပ်ဖြင့် ဒုန်းခနဲထုပစ်လိုက်မိ၏ ။

ဒေါက်တာ သက်နှင်းအိမ်ဟာ ယုမော်ရဲ့ မယားဖြစ်သေးရဲ့လား ဖြစ်နေသေးရဲ့လား ။

သို့သော် ကျွန်မသည် မော်လမြိုင်တရားရုံးက စာအုပ်ထူကြီးတစ်ခုထဲမှ ကျွန်မတို့နှစ်ယောက် လက်ထပ်နေ့စွဲနှင့် တရားသူကြီး၏ လက်မှတ်ကို ရုတ်တရက် မြင်ယောင်သွားကာ ကုလားထိုင်ပေါ်သို့ ညွတ်ခွေကျသွား၏ ။ အဲဒီမှတ်ပုံတင် ရက်စွဲတွေ လက်မှတ်တွေကို ဘယ်လိုငွေကြေးနဲ့ ဘယ်လိုအာဏာမျိုးနဲ့ ဖျက်ဆီးပစ်နိုင်ပါ့မလဲ ။ …ကျွန်မသည် စားပွဲပေါ် မျက်နှာမှောက်ချကာ ရှိုက်ကြီးတငင် ငိုကြွေးမိလေသည် ။

ရက်ပေါင်းများစွာ အထီးကျန် ဒေါသနှင့် ဖြတ်သန်းခဲ့ပြီးနောက် လအနည်းငယ်ကြာလာသောအခါမှာတော့ ကျွန်မသည် မောင်၏ စွန့်ပစ်ခြင်းကို ခံနိုင်ရည်ရှိသွားပြီဖြစ်သည် ။ အခုမှပဲ မောင်နှင့်ကွဲဖို့ ကျွန်မ အဆင်သင့်ဖြစ်ရကြောင်း မောင်သိလျှင် သရော်ပြုံး ပြုံးဦးမှာ သေချာပါသည် ။ ပတ်ဝန်းကျင်က လူနာတွေက ဆရာမရဲ့ ယောကျ်ား မမြင်ပါလားဟု စပ်စုတိုင်း အပြုံးမပျက်ဖြေနိုင်ခဲ့လေသည် ။

"ဟုတ်တယ် ၊ သူနိုင်ငံခြား ရောက်နေတယ်"ဟု ကျွန်မနှင့် တစ်သက်လုံးကွဲရတာ မဟုတ်သလို ၊ တစ်ချိန်ချိန်မှာ ယောက်ျား ပြန်လာဦးမလို ၊ သို့မဟုတ် တစ်ချိန်ချိန်မှာ ယောကျ်ားနောက်သို့ လိုက်သွားဦးမလိုလို ကျွန်မ ဝါးတားတားပဲဖြေခဲ့၏ ။ သို့သော် ဘယ်နိုင်ငံလဲဟင်… ဟု ဆက်မေး

ကြသောအခါမှာတော့ ကျွန်မပိရိစွာ လိမ်ညာဖို့ ကြိုးစားရ၏ ။

ရက်ပေါင်းများစွာ ကျွန်မထံပို့စကတ်လေးတောင် မပို့ဘဲရက်စက်စွာ ပြတ်တောက်ခဲ့သောကြောင့် မောင်ဘယ်ရောက်နေမှန်း ကျွန်မ မသိပါ ။ အို … ဒါပေမယ့် မောင်ဘယ်နိုင်ငံမှာ ရောက်နေတယ်ဆိုတာ သူတို့သိနိုင်တာမှတ်လို့ ။

"ဂျပန်နိုင်ငံမှာ"

မဟုတ်တော့ရော ဘာဖြစ်သေးသလဲကွယ် ။

သို့သော် စာပို့သမားကိုတော့ ကျွန်မလိမ်ညာလို့မရပါ ။ ကျွန်မထံဝေသမျှ စာတွေထဲမှာ ပရိသတ်ဆီကစာ ၊ ထုတ်ဝေသူဆီကစာ ၊ သူငယ်ချင်းတွေဆီကစာ ၊ မျှဝင်းတိုက်တွေကစာ ၊ ဖေဖေနှင့်ညီမလေးများ၏ စာများသာပါလျက် ၊ နိုင်ငံခြားတံဆိပ်ခေါင်းပါ တစ်စောင်မှ မပါတာကိုတော့ စာပို့သမား အသိဆုံးပဲဖြစ်ပါလိမ့်မည် ။

မာမီ့ထံမှ မောင့်လိပ်စာကို မျက်စိစုံ၍တောင် မကြည့်ခဲ့ပါဘူးဆိုတာ မာမီက မောင့်ကို ပြန်ပြောပြလျှင် သိပ်ကောင်းမှာပဲဟု တွေးမိသည် ။ မောင့်ထံ စာမရေးတာ လိပ်စာသိခွင့် မရလို့ မောင်ထင်နေမလားဟု ကျွန်မ တွေးမိသောအခါ တစ်ကိုယ်လုံး နွေးခနဲပူသွားလေသည် ။

မောင်ထွက်ခွာသွားပြီး ၊ ငါးလလွန်မြောက်သော တစ်နေ့မှာတော့ ထူးခြား ဆန်းကြယ်စွာမောင့်သူငယ်ချင်း ကိုမြင့်အေး ကျွန်မထံရောက်လာသည် ။

ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ကျွန်မတစ်ပတ်စာ အဝတ်များ စုပြုံလျှော်ကာ ခြံထဲဆင်းလှန်းနေသည့်အချိန်ဖြစ်၏ ။ မောင့်ကို မေ့ပျောက်ရန် ကြိုးစားနေသည့်အလျောက် မောင့်သူငယ်ချင်းကို ကျွန်မအလိုလိုပင် မေ့သွားသည်ဖြစ်ရာ မမျှော်လင့်ဘဲ ကျွန်မ၏ခြံတံခါးဝ၌ ကိုမြင့်အေး ရောက်လာတော့ ကျွန်မ တုန်လှုပ်သွားခဲ့မိပါသည် ။

"မသက်နှင်းအိမ် နေကောင်းတယ်နော်"

"အို…"

ကျွန်မခြံတံခါးကို ခပ်သွက်သွက် ဖွင့်ပေးလိုက်၏ ။ ဒည့်ခန်းမှာ ထိုင်မိတော့မှ မတွေ့ရတာ ကြာပြီနော်ဟု လောကဝတ်စကားစရသည် ။

"ဟုတ်ပါ့ဗျာ …ကျွန်တော်လဲ အားရတယ်မရှိပါဘူး ၊ ကိုယုမော်ကတော့ ကျွန်တော့်ကို မှာသွားတယ်ဗျ ၊ မသက်နှင်းအိမ်ဆီ ခဏခဏ သွားလိုက်ပါ ၊

www.burmeseclassic.com

www.burmeseclassic.com



လိုတာရှိရင် ကူညီပါတဲ့။ ဒါပေမယ့် ကျွန်တော် မရောက်ဖြစ်ဘူး၊ အားနာစရာတော့ ကောင်းနေပြီ၊ သူ့ခိုင်းမှပဲ ရောက်ရတော့တာ"

ကိုမြင့်အေးက သူ့ထုံးစံအတိုင်း ရယ်မောရင်း စကားပြောတော့ ကျွန်မသူ့ကို ငေးကြည့်ကာ ရင်ထိတ်စနဲ့ခုန်သွား၏။

"ကိစ္စမရှိပါဘူး ကိုမြင့်အေးရယ် ...ကျွန်မ အဆင်ပြေပါတယ်"

လိုတာရှိရင် ကူညီပါ ဆိုတာ ဘာသဘောလဲ။ ကျွန်မနှင့် မောင်ကြားမှာ ဘာနှောင်ကြိုးရှိသေးလို့ ဒီစကားကို မောင်ပြောရတာလဲ။ ဒါမှမဟုတ် ကျွန်မကို အားနွဲ့သည့် မိန်းမတစ်ယောက်အနေနှင့် ဘေးမှာ ယောကျ်ား တစ်ယောက် မရှိလျှင် အားလုံး ပျက်စီးပြိုကွဲသွားမယ် ထင်လို့လား။ ဒါမှမဟုတ် ဒါဟာ မောင့်စကား မဟုတ်ဘဲ၊ ကိုမြင့်အေးက အားနာနာနှင့် ဖာထေးလိုက်သော စကားပဲလား။

"ခင်ဗျားယောကျ်ားက ချက်ချင်းသွားပို့ပါလို့ အမိန့်ပေးလို့ ကျွန်တော် လာခဲ့ရတာဗျာ"

ကိုမြင့်အေးက လက်ထဲမှာ ဆွဲလာသော ကြွပ်ကြွပ်အိတ်အထုပ်ကို စားပွဲပေါ်တင် လိုက်၏။ ပလတ်စတစ်အပါး၏ အောက်မှာသတင်းစာ စက္ကူဖြင့် သေသပ်စွာ ပတ်ထားသော အထုပ်တစ်ထုပ်ကို မြင်နေရသည်။

"ခင်ဗျားဆီလဲသူအကျိုးအကြောင်း ရေးထားပြီးရောပေါ့။ ရေကြည့်ဦး မသက်နှင်းအိမ်၊ ခြောက်သောင်း..."

ကျွန်မ မျက်စိများ ပြာဝေသွား၏။ ဒါ ဘာလဲ ...။ ဒါဘာသဘောလဲ။

"ကျွန်တော် ဒီငွေရတဲ့ အကြောင်း မနေ့ညကပဲသူ့ဆီ ဖုန်းဆက်လိုက်တယ်၊ ညဥ္စ၂နာရီမှ ဆက်ပါဆိုလို့ ကျွန်တော့်မှာ ဒုက္ခရောက်လိုက်တာ မသက်နှင်းအိမ်ရာ။ တော်တော်ဆိုးတဲ့လူဗျာ"

တော်တော်ဆိုးတဲ့ လူဟူသော သူ့သူငယ်ချင်းကို သူအလွန်ချစ်ခင်ကြောင်း သူ့မျက်လုံးများမှာ ပေါ်လွင်နေပါသည်။ ကျွန်မတို့ နှစ်ယောက်အကြောင်း ကိုမြင့်အေး သိသလား။ မသိချင်ယောင် ဆောင်နေတာလား။

ဒီငွေဟာ ဘာအတွက်လဲ။ မယားစရိတ်လား။ အကျိုးအကြောင်း စာရေးဖို့တောင် သူ့လက်ရေးကို နမြောတွန့်တိုတဲ့ သဘောလား။ ဒါမှမဟုတ် သူ့သူငယ်ချင်းရှေ့မှာ ကျွန်မ အရှက်ကွဲပြီး အိုးနင်းခွက်နင်းဖြစ်စေချင်လို့လား။



ကျွန်မသည် စက္ကူထုပ်ကို နာကျည်းစွာ ငေးကြည့်လျက် တိတ်ဆိတ် ငြိမ်သက်နေမိ၏။

"ဘာဖြစ်လို့ ဒီပိုက်ဆံတွေ ကျွန်မကို ပေးရတာလဲ၊ ဘာအတွက်လဲ ... သူ့ကို ဘာလုပ်ပေးဖို့လဲ"

ကျွန်မ နာကျည်းမှုကို ထိန်းချုပ်၍ မေးမိတော့ကိုမြင့်အေး အနေရခက်စွာ ငြိမ်သက်သွား၏။ သူကျွန်မကို တအံ့တဩ ငေးနေသည်။

"ကျွန်တော်မသိဘူး မသက်နှင်းအိမ် ...ကျွန်တော့်ကို သူဘာမှ မပြောဘူး"

ကျွန်မဘက်ကို သော်က်ဂရုမစိုက်ဘူးဆိုတဲ့ အဓိပ္ပါယ်လား။ ဒါဟာ ကျွန်မကို စော်ကားချင်တာလား၊ ကျွန်မဆီက ယူထားတဲ့ ချစ်ခြင်း မေတ္တာတွေ၊ ငွေကြေးတွေ၊ ဂုဏ်သိက္ခာတွေအတွက် လျော်ကြေးလား။ အကြွေးဆပ်တာ ဆိုရင်လည်း အကြွေးရှင်ကို လေးလေးစားစား စာနဲ့ရေးပြီး အကြောင်း မကြားသင့်ဘူးလား၊ အခုတော့ ဘာသဘောလဲ။ ကျွန်မ၏ နာကျည်းတင်းမာမှုကို ကိုမြင့်အေး မမြင်အောင် ထိန်းချုပ်ဖို့ လုံးဝနောက်ကျသွားခဲ့ပါပြီ။

"မသက်နှင်းအိမ် ...ခင်ဗျားတို့ အဆင်ပြေကြတယ် မဟုတ်လား"

ကျွန်မတို့ လက်ထပ်စဉ်က သက်သေအဖြစ် ဆောင်ရွက်ခဲ့သော သူငယ်ချင်းတစ်ယောက် အနေနဲ့ ဤမေးခွန်းကို မေးခွင့်ရှိသော်လည်း ကျွန်မ ရုတ်တရက် ဘာပြေရမှန်း မသိအောင် ကြောင်အသွား၏။ သို့သော် ကိုမြင့်အေးကို အတတ်နိုင်ဆုံး လိမ်ညာကြည့်ချင်စိတ်ဖြင့် ဖြည်းလေးစွာ ခေါင်းညိတ်လိုက်သည်။

"သူခင်ဗျားဆီ နောက်ဆုံး စာရေးတာ ဘယ်တုန်းကလဲ၊ သူလိပ်စာ ပြောင်းသွားတာရော သိရဲ့လား"

နားလည်ခံစားဟန်ဖြင့် သူတွန့်ဆုတ်စွာ မေးတော့ ကျွန်မ ရယ်မောလိုက်သည်။

"နောက်ဆုံး ...ဟုတ်လား၊ နေဦး ဘယ်တုန်းကပါလိမ့်"

ကျွန်မသည် ဟန်ဆောင်ကာ ရယ်မောစဉ်းစားနေဟန်ဆောင်လိုက်သည်။ သို့သော် တကယ်တော့ ကျွန်မ မရယ်မောနိုင်ပါ။ ကျွန်မ၏ နှုတ်ခမ်းများ

www.burmeseclassic.com

www.burmeseclassic.com

တဆတ်ဆတ်တုန်လာသည်။ အာခေါင်ထဲတွင် ခြောက်သွေ့ပူလောင်လာ၏။ မျက်ရည်များ ရစ်ဝဲလာကာ ကျွန်မ ဖြုန်းခနဲ ထရပ်လိုက်သည်။

"ခဏလေး ကိုမြင့်အေး၊ ကျွန်မ အအေးသွား ဖျော်လိုက်ဦးမယ်"

ကျွန်မ ကမန်းကတန်း လှည့်ထွက်လာစဉ် ကိုမြင့်အေး တိတ်ဆိတ်စွာ ကျန်ခဲ့၏။ ကျွန်မကို သက်သက်အရှက်ခွဲချင်တာ ဖြစ်မှာပေါ့။ မင်းငါ့ကို အဆက်အသွယ် ဖြတ်ထားတာကို မင်းသူငယ်ချင်းတွေကို မင်းဘာသာမင်း ဖွင့်မပြောဘဲ ငါ့ဆီက သိစေချင်တာလား။ ငါ့မင်းကြောင့် ဘယ်လောက်ခံစား နေရတယ်ဆိုတာ သိစေချင်လို့လား ယုမော်ရယ်။

ကျွန်မသည် ဝေ့ဝဲလာသော မျက်ရည်များကို လက်ခုံဖြင့် ကမန်းကတန်း ပွတ်သုတ်ပစ်လိုက်၏။ လိမ္မော်ရည်မှာ ဆားအနည်းငယ် ထည့်ဖျော်ဖို့ စဉ်းစားလျက် တကယ်ဖျော်သည့်အခါ မေ့လျော့သွားသည်။ ကျွန်မ အအေး ဖန်ခွက်နှင့် ညှော်ခန်း ပြန်ရောက်သွားတော့ ကိုမြင့်အေးက စာရွက်လွတ် တစ်ခုပေါ်မှာ စာရေးနေ၏။

"သောက်လိုက်ဦး ကိုမြင့်အေး၊နေပူထဲက လာရတာ မောနေရောပေါ့"

"ရော့ မသက်နှင်းအိမ်… ဒီလိပ်စာကအသစ်၊ မသက်နှင်းအိမ်မှာ ရှိတဲ့လိပ်စာ ဖြစ်ချင်လဲ ဖြစ်မှာပါ၊ငွေရတဲ့ အကြောင်းလေးတော့ သူ့ဆီစာရေး လိုက်ပါဦး၊ ကျွန်တော်လဲ သူ့ဆီ စာရေးဖြစ်ဦးမှာပါ"

စာရွက်ကလေးကို ကျွန်မဘက်သို့ တွန်းပို့တော့ ကျွန်မတုန်လှုပ်စွာ ကြည့်မိသည်။

လင်ယောက်ျားရဲ့ လိပ်စာကို သူငယ်ချင်းဆီကတစ်ဆင့် ကူးယူရတဲ့ဘဝ ပေါ့နော်။ ဒါဘယ်လို ဇနီးမျိုးလဲ။ ကိုမြင့်အေးက ကျွန်မကို ဘယ်လောက် သနား အားနာသွားပြီလဲ။ မင်းသူငယ်ချင်း ရှေ့မှာ အရှက်ကွဲစေချင်တာ ဆိုရင်တော့ မင်းအောင်မြင်ပါတယ် မောင်ရယ်။

ကျွန်မသည် ကိုမြင့်အေးရှေ့မှာ ခါးခါးသီးသီး ရှုပ်ပျက်ဆင်းပျက် မငြင်းချင်သောကြောင့် စာရွက်ကလေးကို စာအုပ်ကြားထဲညှပ်ထားလိုက်၏။

ကိုမြင့်အေးက လိမ္မော်ရည်သောက်ရင်း ရန်ကုန်က သူငယ်ချင်းများ အကြောင်း၊စီးပွားရေးအကြောင်းသာ လိုးလွဲပြောဆိုလျက် "ယုမော်"ဟူသော နာမည်မပါအောင် ထိန်းချုပ်ထားခဲ့သည်။ ကျွန်မကလည်း ကျွန်မ၏ လူနာများ အကြောင်း၊ ကျွန်မရေးမည့် ဝတ္ထုများအကြောင်း ပေါ့ပါးစွာ စကားစပ်ဖို့ ကြိုးစားရပါသည်။

"ကျွန်တော်ပြန်မှပဲ၊ အခု နှစ်နာရီထွက်မယ့်ရထားနဲ့ ကျွန်တော် ပြန်လိုက်သွားမှာ။ လိုတာရှိရင် ပြောနော် မသက်နှင်းအိမ်၊ ကျွန်တော့်ဆီ မလာနိုင်ရင် စာနဲ့ လှမ်းရေးလိုက်… ဘာမှ အားမငယ်နဲ့"

"ကျေးဇူးတင်ပါတယ် ကိုမြင့်အေးရယ်… တကယ်ပါ"

ကိုမြင့်အေး ပြန်သွားသောအခါ ကျွန်မသည် ငွေစက္ကူထုပ်ကို အခန်းထောင့်သို့ ပစ်ပေါက်လိုက်ပြီး အသံကုန် အော်ဟစ်ပစ်လိုက်မိပါသည်။

မကုန်နိုင်တော့ဘူးလားဟင် …၊ ကျွန်မရဲ့ အရှုံးတွေက မပြီးနိုင်တော့ ဘူးလား။ နောက်ထပ် ကျွန်မ ဘယ်လောက် ရှုံးနေရဦးမှာလဲ။ ကျွန်မဆီကို စာကလေးတစ်ကြောင်းရေးလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ။ ကျွန်မက သူ့ဆီကို အငမ်းမရ စာရေးတောင်းပန်မယ်ထင်နေလို့လား။ သက်နှင်းအိမ်ဟာ ယုမော်ကို တစ်ဘဝစာ ပြတ်နိုင်တယ်ဆိုတာ သူမသိလေရော့သလား။

ထို့နောက် ကျွန်မသည် ရုတ်တရက် ငြိမ်သက်သွားပြန်သည်။

တကယ်ရော ငါပြတ်နိုင်လို့လား။ သူခန့်မှန်း တွက်ချက်တဲ့ အတိုင်းပဲ သူ့လိပ်စာကို ငါမသိလို့ စာမရေးခဲ့တာ မဟုတ်လား။ လိပ်စာသာ သူပေးရင် ငါအရှက်မရှိ ရေးဦးမှာ မဟုတ်လား။ ဘယ်မှာလဲမိန်းမတစ်ယောက်ရဲ့မာန၊ ဘယ်မှာလဲ မိန်းမတစ်ယောက်ရဲ့ မျိုးသိပ်မှု …။

ကျွန်မသည် ကိုယ့်ကိုယ်ကိုပင် မယုံမကြည်ဖြစ်လာ၏။

ကိုမြင့်အေးပေးခဲ့သော လိပ်စာ စာရွက်ကလေးကို အက်စစ်တစ်ခုကိုင် သလို ခပ်ရွံ့ရွံ့ ဆွဲထုတ်လိုက်သည်။ ဒီလိပ်စာ ရှိနေသမျှ ငါစာမရေးမိဖို့ သေချာလို့လား။ ကျွန်မသည် ကိုယ့်ကိုယ်ကို စက်ဆုပ်ရွံ့ရှာစွာ လိပ်စာကို လုံးချေပစ်လိုက်၏။ ဒါ့ထက် ပို၍ သေချာစေရန် မီးဖိုထဲပစ်ထည့်ကာ မီးရှို့ ဖျက်ဆီး ပစ်လိုက်သည်။

ကောင်းတယ် …။ အဲဒါမှ ဇာတ်လမ်းပြတ်မယ်။

ကျွန်မသည် မီးလောင်သွားသော လိပ်စာစာရွက်ကလေးကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောရင်း မျက်ရည်ကျမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ကျွန်မဘဝထဲမှ ဆွဲထုတ်၍ မေ့လောက်သောအချိန်ကျမှ မောင့်ဆီက စာတစ်စောင်ကို ကျွန်မရပါသည်။

ထိုနေ့သည် ကျွန်မတို့ အိမ်ထောင်သက် တစ်ဆယ့်ငါးလပြည့်သော နေ့ဖြစ်သည်။ မောင်ကျွန်မအိမ်မှ ထွက်ခွာသွားတာ ခုနစ်လမြောက်သော လဖြစ်သည်။

အပြာရောင် စာအိတ်သေးသေးရှည်ရှည်ကလေးပေါ်မှ အနက်ရောင် လက်ရေးလေးများကို ကျွန်မ ဝမ်းနည်းကြေကွဲစွာ တမ်းတမြတ်နိုးစွာ ကြည့်မိသည်။ စာအိတ်အောက်ခြေတွင် မောင့်လိပ်စာကို ရေးထား၏။ ဤလိပ်စာသည် ကိုမြင့်အေးပေးခဲ့ဖူးသော လိပ်စာနှင့် ဆင်တူသလား ကျွန်မ မသိပါ။ ကျွန်မသည် မောင့်ရှေ့မှာမဟုတ်၍ စာအိတ်ကလေးကို လွမ်းဆွတ်စွာ နမ်းမိသည်။ စာရွက်နံ့သည် လတ်ဆတ်မွှေးပျံ့လျက်ရှိသည်။

မောင် ဘာရေးထားမှာလဲ။ ငွေခြောက်သောင်းကိစ္စလား၊ မာမို့ကို ကျွန်မပြောခဲ့သော ကွာရှင်းလက်မှတ်ကိစ္စလား။ သို့မဟုတ် မောင်အခြားမိန်းမတစ်ဦးဦးနှင့် ငြိတွယ်မိသည့် အကြောင်းလား၊ သို့မဟုတ် ...

ကျွန်မသည် ရင်တလှပ်လှပ် ခုန်ကာ မူးနောက်လျက် အိပ်ခန်းထဲသို့ အပြေးအလွှား ဝင်ခဲ့ရသည်။ မွေ့ရာပေါ်မှာ လဲလျောင်းမိတော့မှ စာအိတ်စွန်းက ကော်ပိတ်သည့်နေရာကို ကတုန်ကယင် ဖွင့်ရသည်။

"ချစ်သောနှင်း ...

တမ်းတခြင်းများစွာနဲ့ ကျွန်တော် စာရေးလိုက်ပါတယ်"

ကျွန်မသည် မျက်ရည်ဝေ့လည်လာသော မျက်လုံးအစုံကို တစ်ခဏ ပိတ်ပစ်လိုက်ရသည်။ မောင်က ကျွန်မကို တမ်းတသတဲ့လား။ မောင်က ကျွန်မကို ချစ်မြတ်နိုးသတဲ့လားကွယ်။

"ကျွန်တော် နှင်းဆီကို စာရေးဖို့ကြိုးစားနေတာကြာပြီ၊ ကျွန်တော်ရေးဖို့ ရှက်နေတယ်၊ နှင်းပြောခဲ့တဲ့စကားတွေအရ ကျွန်တော်ဟာ နှင်းနဲ့ မထိုက်တန်ဘူးဆိုတာ သိလိုက်ရတဲ့အတွက် ကျွန်တော် ဘယ်လောက် ရှက်ရွံ့ကြေကွဲရတယ်ဆိုတာ နှင်းသိမှာ မဟုတ်ဘူး။ အဲဒီအရှက်တွေကြောင့် ကျွန်တော်နှင်းနဲ့ ဆေးနိုင်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်ထင်တာတွေ မှားခဲ့ပါတယ် နှင်းရယ်၊ ကျွန်တော့်အပေါ်မှာနှင်းဘယ်လောက်ပဲ အထင်သေးစက်ဆုတ်ပေမယ့် ကျွန်တော် မနာကျည်းနိုင်တော့ပါဘူး၊ ကျွန်တော်နှင်းနဲ့ မခွဲနိုင်ပါဘူး"

ကျွန်မသည် လိမ့်ဆင်းကျလာသော မျက်ရည်များကို လက်ဖျားကလေးဖြင့် အသာသုတ်ပစ်လိုက်၏။ ကိုယ်နဲ့မခွဲနိုင်တာကို မင်းကခုနစ်လကြာမှ သိခဲ့သလားကွယ်။ ကိုယ်ကတော့ မင်းနဲ့မခွဲနိုင်တာကို မင်းထွက်သွားကတည်းက သိခဲ့ပါတယ်။

"ကျွန်တော်အခုလာမယ့် အောက်တိုဘာလမှာ တက္ကသိုလ်ဝင်ခွင့် ရမရ သိရမယ်။ ပါမောက္ခဆီမှာ ကျွန်တော် စာတမ်းတင်ရမယ်၊ စာတမ်းကို ပါမောက္ခက ဖတ်ပြီးတဲ့အခါ ကျွန်တော့်အဆင့် မိမိအကဲဖြတ်ပေးလိမ့်မယ်။ ဒီမှာတော့ ကျောင်းသားတစ်ယောက် ကျောင်းဝင်ခွင့်ရှိမရှိကို ပါမောက္ခရဲ့ ဆုံးဖြတ်ချက်က တရားဝင်သတ်မှတ်တယ်။ ဒီတော့ကျွန်တော် တက္ကသိုလ်ကျောင်းသားဖြစ်တဲ့အခါ မိသားစုကို ခေါ်ခွင့်ရှိတယ်။ ကျွန်တော့်ဘက်ကတော့ နှင်းကိုခေါ်ဖို့ အဆင်သင့် ဖြစ်တော့မယ်လေ ..."

မောင်က ကျွန်မကို မခွဲဘူးပေါ့။ ကျွန်မတို့နှစ်ယောက် ကွဲကွာနေတာ မဟုတ်ဘူးပေါ့။ မောင့်ကို ကျွန်မ မြင်ခွင့်ရဦးမယ်ပေါ့။ အို ...။ ကျွန်မသည် ဝမ်းသာပျော်ရွှင်စွာ ငိုရှိုက်ရယ်မောမိ၏။ တကယ်တော့ မောင်ဟာ ကျွန်မကို ချစ်ပါတယ် ...သိပ်ကို ချစ်မြတ်နိုးပါတယ်။

"ဒီတော့ နှင်းဘက်က စီစဉ်စရာရှိတာလေးတွေ စီစဉ်ထား လိုက်တော့နော်၊ နှင်းရယ် ကျွန်တော် အနူးအညွတ်တောင်းပန်ပါရစေ ...ကျွန်တော့်ဆီကို လိုက်ခဲ့ပါ နှင်းရယ်။ ကျွန်တော် နှင်းကို လွမ်းလှပါပြီ"

ဘုရား ...ဘုရား။ ခုနစ်လကြာအောင် ရက်စက်စွာ ပြတ်တောက်ခဲ့သော သူတစ်ယောက်က လွမ်းလှပါပြီဟု ရေးလိုက်တော့ ကျွန်မက ဘာလုပ်ရမှာလဲ။ ကျွန်မဘက်ကဘာများ ပြောနိုင်မှာလဲ။ မောင်ဟာ ကိုယ့်ကို ပက်ပက်စက်စက် အရှက်ခွဲခဲ့တာပါ။ ဒါကို မောင်ထည့်မတွက်ဘူးလား၊

"ကျွန်တော့်ဆီကို စာရေးပါနော်၊ နှင်းရဲ့ ပညာရေး... နှင်းရဲ့ တဘေ ...နှင်းရဲ့ လူမှုရေး ...နှင်းရဲ့ ကိုယ်ရေးကိုယ်တာ အားလုံးကို ကျွန်တော် သိပါရစေ။ ကျွန်တော် နှင်းစာကို မျှော်နေမယ်"

ဒီလိုလား ...ကိုယ်စာကို မျှော်နေတယ်ဆိုတာနဲ့ပဲကိုယ်က မောင့်ဆီကို

www.burmeseclassic.com

www.burmeseclassic.com

အယားဟားယား စာရေးလိုက်ရတော့မှာလား။ မောင့်စာကို ခုနစ်လတိတိ အရှက်သည်းစွာ၊ ကြေကွဲစွာ စောင့်ခဲ့ရတဲ့ ကိုယ့်အဖြစ်တွေကို သင်ပုန်းချေလိုက်ရတော့မှာလား။ သက်နှင်းအိမ်ဟာ အဲဒီလောက် လွယ်ကူနေသလားကွယ်။

ကျွန်မသည် ဘာကိုမှ သွေးအေးအေး မစဉ်းစား မဆုံးဖြတ်နိုင်သေးမီ ဝုန်းခနဲထထိုင်ကာ စာကိုလုံးချေ ပစ်ပေါက်လိုက်၏။ သွားစမ်းပါ ...၊ကိုယ့်ဘဝမှာ ယုမော်မရှိလဲဖြစ်တယ် နားလည်လား။ ဒါကို မင်းသိဖို့ ကောင်းနေပြီ။ ကျွန်မသည် လွင့်စဉ်သွားသော စာရွက်လုံးကလေးကို ငေးမောကြည့်နေမိ၏။

ကျွန်မရဲ့ ပက်စက်စွာ စွပ်စွဲတဲ့ စကားတွေကို မောင်မေ့ပစ်ဖို့၊ မောင့်အရှက်နဲ့ သိက္ခာကို ပြန်ထိန်းဖို့ မောင်ဟာ ခုနစ်လကြာအောင် အားယူသင့်ပါတယ်။ ဒီကိစ္စမှာ မောင်မမှားဘူး။ ကျွန်မသာ မှားခဲ့တာပါ။

ကျွန်မသည် အိပ်ရာပေါ်မှ အားယူထလိုက်ကာ အခန်းထောင့်မှာ ကျနေသည့် စာရွက်လုံးကလေးဆီသို့ လျှောက်သွားပြီး ညင်သာစွာ ကောက်ယူဖြန့်လိုက်မိ၏။

မောင်ဟာ ကျွန်မဆီက ပြန်စာကို မျှော်နေမလား။ ဘယ်နှစ်ရက်ကြာရင် ပြန်စာရောက်ရမယ်ဆိုတဲ့ အလောင်းအစားစိတ်မျိုး မောင့်မှာ ရှိမနေဘူးလို့ သေချာလို့လားဟင်။ ကျွန်မရဲ့ အချစ်ကို ထင်ထင်ရှားရှား သိထားပြီးသားဆိုတော့ ကျွန်မ မလွဲမသွေ စာပြန်ရေး ချော့မော့တော့မယ်ဆိုတာ မောင်သိနေမှာပေါ့။

ကျွန်မသည် အိပ်ရာဘေးက မီးခြစ်ကို ယူခြစ်လျက် အဆိုးအကောင်း မဝေဖန် မချင့်ချိန်နိုင်သေးခင် မောင့်စာကို မီးရှို့ပစ်လိုက်၏။ မောင့်ဆီကို စာမပြန်ဖြစ်အောင် လုပ်ဖို့က သည်တစ်နည်းပဲ ရှိပါသည်။

ကျွန်မသည် အမ်အက်စ်စီဝင်ခွင့် စာမေးပွဲအတွက် အပြင်းအထန် ကြိုးစားစာကျက်နေရသောကြောင့် မောင့်အကြောင်း စဉ်းစားလွမ်းဆွတ်ချိန်မရ၊ နာကျည်းချိန်ပင်မရပါ။

ကျွန်မ စာမပြန်သော်လည်း မောင့်စာတွေက တစ်ပတ်တစ်စောင် ရောက်နေ၏။ မောင်ဟာ ကျွန်မကို အညံ့ခံအလျှော့ပေးနေပြီဟု ကျွန်မ ကြည်နူးစွာ ဂုဏ်ယူနေမိသည်မှာ ခဏကလေးသာ ကြာပါသည်။ မာမိက



မောင့်ကို ဘာပြောလိုက်လို့လဲ၊ ကိုမြင့်အေးကရော သူ့ရှေ့မှာ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့တာကို ပြန်ပြောပြလေသလား။ ကျွန်မကို မောင်အလျှော့ပေးနေတာ မဟုတ်ဘဲ ကျွန်မကို ငဲ့ညှာနေတာများလား။ တွေးမိသောအခါ ကျွန်မ၏ ကြည်နူးမှုများအတွက် ရှက်သွားသည်။

“နှင်းရယ် ...နှင်းမြန်မာနိုင်ငံမှာ နေချင်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်လဲ တစ်နေ့နေ့ကျရင် ပြန်လာမှာပါ။ လောလောဆယ် ကျွန်တော်လုပ်ချင်တဲ့ သုတေသနတွေ အတွက် ကျွန်တော် သင်ချင်တဲ့ စာတွေအတွက်၊ ကျွန်တော်လိုချင်တဲ့ ထိုက်တန်တဲ့ ရာထူးနဲ့ ငွေအတွက် ကျွန်တော်ဒီမှာ နေမှဖြစ်မယ်။ ကျွန်တော့်အပေါ်မှာ မာနတွေထားပြီး မရက်စက်ပါနဲ့နော် ... ကျွန်တော် နှင်းနဲ့ တွေ့ချင်လှပြီ၊ ကျွန်တော့်စာတွေ ရောက်တဲ့အကြောင်းလဲ စာရေးပါဦး နှင်းရယ်”

ထိုစာကို ဖတ်လိုက်ရသောအခါကျမှ မောင်ဟာ ကျွန်မကို လုံးဝ အလျှော့ပေးတာ မဟုတ်ဘူးဟု သတိရသွားသည်။ တကယ်တော့ ကျွန်မတို့ နှစ်ယောက်၏ ပဋိပက္ခအရင်းအမြစ်မှာ ကျွန်မ၏ ဆုံးဖြတ်ချက်က မြန်မာနိုင်ငံမှာပဲဆက်နေဖို့လေ။ မောင်သာ ကျွန်မကို အလျှော့ပေးချင်လျှင် ကျွန်မရှိရာ မောင်လာဖို့ပဲမဟုတ်လား။ တကယ်သာ မောင်ကျွန်မကို မခွဲနိုင်လျှင် မောင် ကျွန်မရှိရာ လာခဲ့ရမှာပေါ့။ မောင်မခွဲနိုင်ဘူးဆိုတာနှင့်ပဲကျွန်မက မောင့်ဆီ အပြေးသွားရမှာလား။ မလိုက်နိုင်ဘူး၊ လုံးဝမလိုက်နိုင်ပါဘူး။ မောင်မခွဲနိုင်ရင် မောင်လာခဲ့။ ကျွန်မဘက်က လုံးဝ အလျှော့မပေးဘူး။

ထိုဆုံးဖြတ်ချက်ကို အတည်ပြုဖို့ အားယူလိုက်သောအခါ ကျွန်မရင်ထဲမှာ လှပ်ခနဲ လှိုက်ဟာသွား၏။ ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ကာ လှုပ်ခတ်နေသော ရင်ကို တည်ငြိမ်အောင် ကြာရှည်စွာ ကြိုးစားယူရပါသည်။

ကျွန်မ၏ ဆုံးဖြတ်ချက်ဖြင့် မောင်နှင့် ကွဲကွာမည်။ သို့သော် ကျွန်မ၏ ဆုံးဖြတ်ချက်ကြောင့် ကွဲရသည်ဆိုတာကို ပတ်ဝန်းကျင်က သိပါ့မလား။ ပတ်ဝန်းကျင်အမြင်မှာ ကျွန်မဟာ လင်စွန့်ပစ်ခံရတဲ့ မိန်းမပဲ။ ကျွန်မ မောင့်နောက်ကို လိုက်မသွားသမျှ ကျွန်မသည် ပတ်ဝန်းကျင် ရှေ့မှောက်တွင် ရှုံးနိမ့်သူတစ်ယောက်သာ ဖြစ်နေတော့မလား။ သို့သော် ကျွန်မနှင့် မောင်၏ ကိစ္စတွင် ဘယ်တုန်းကများ ပတ်ဝန်းကျင် ထင်မြင်ချက်ကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

လှုနိုက်ခဲ့ရသလို့လဲ။ ပတ်ဝန်းကျင်က ဘာထင်ထင် ကျွန်မ၏ ဆုံးဖြတ်ချက်ကို ပြောင်းယူနိုင်ပါ့မလား။ အခုမှ ပတ်ဝန်းကျင်ကို ဘာဖြစ်လို့ ဆွဲထည့်ချင်ရတာလဲ။ ပတ်ဝန်းကျင် ထင်မြင်ချက်က အရေးကြီးသလား၊ မောင့်ထင်မြင်ချက်က အရေးကြီးသလား။ မောင့်နောက်ကို မလိုက်နိုင်ဘူးဟု ကျွန်မ အဖြေပေးလိုက်လျှင် မောင်တစ်ယောက်သာ ကျွန်မ၏ အောင်နိုင်မှုကို ဝမ်းနည်းစွာ သိရှင်ရလိမ့်မည်။ ပတ်ဝန်းကျင်အမြင်မှာတော့ လင်ကစွန့်ပစ်ထားခဲ့တဲ့ မိန်းမအဖြစ် တစ်သက်လုံး ခေါင်းမဖော်ရဲအောင် ရှိတော့မည်။

ပတ်ဝန်းကျင် ထင်မြင်ချက်ကိုငဲ့ပြီး မောင့်နောက်လိုက်ပါမယ်ဟု အဖြေပေးလိုက်လျှင်ကော။ ပတ်ဝန်းကျင်ရှေ့မှာတော့ ကျွန်မသည် သျှောင်နောက်ဆံထုံးပါ လိုက်ခွင့်ရသော ဂုဏ်သရေရှိ ဇနီးတစ်ယောက်ပေါ့၊ သို့သော် မောင့်ဘက်က အမြင်ကျတော့ ဘယ်လိုရှိမလဲ။ သူဘာပဲလုပ်လုပ် သူ့ဘာပဲ နာကျည်းအောင်ပြောပြော အချိန်တန်တော့ သူ့ရှေ့မျောက်မှာ ဒူးထောက်တဲ့ ခံညံ့ညံ့ လင်တရူးမတစ်ယောက်လို့ မြင်မှာပေါ့။

မဟုတ်ဘူး …ဘာအမြင်တွေကိုမှ တွေးမနေနဲ့၊ မောင့်ကိုခွဲနိုင်သလား မောင်က ခွဲနိုင်သလား၊ မောင့်ကို ချစ်သလား၊ မောင်က ချစ်သလား၊ ဒါကိုပဲ တွေးစမ်းပါ။

ကျွန်မသည် ချာချာလည်အောင်တွေးရင်း ဆောက်တည်ရာမရအောင် ခံစားရလေသည်။ ကျွန်မ ဘာလုပ်ရမလဲ။ ကျွန်မ ဘယ်သူ့အမြင်ကို ငဲ့ကွက်ရမှာလဲ။ ဘယ်သူ့အမြင်က ကျွန်မအတွက် အရေးကြီးသလဲ။ ကျွန်မကိုဘယ်သူမှ အကြံမပေး နိုင်တော့ဘူးလား။

နောက်လတွင် ပြေရတော့မည့် အမ်အက်စ်စီ အိုကိုဝင်ခွင့် စာမေးပွဲကို ကျွန်မ ဖြေရမှာလား။ သို့မဟုတ် ကျွန်မတို့နှစ်ယောက်လုံး၏ အိမ်ထောင်ရေးတည်မြဲဖို့အတွက် ကျွန်မ၏ပညာကို စွန့်လွှတ်ပြီး အဆိပ်မရှိသည့်မြွေကလေးလို မောင့်ရှေ့မှာ လည်စင်းခေါင်းငုံ့ လိုက်ရတော့မလား။

ကျွန်မသည် အိပ်ရာပေါ်မှ လူးလဲထကာ ရှုတ်ပွနေသော ဆံပင်များကိုသပ်ရင်း မှန်တင်ခုံရှိရာသို့ လျှောက်သွားလိုက်၏။ မှန်ထဲကို အငိုပွယ်မဲ့စွာ လှမ်းကြည့်သည့်အခါ ကျွန်မ တုန်လှုပ်ချောက်ချား သွားသည်။

မှန်ထဲမှာဆံပင်ကပိုကရို အိုမင်းသောမျက်လုံးတွေနှင့် မိန်းမတစ်ယောက်



၏ ပုံရိပ်ကိုမြင်ရသည်။ ၎င်းသည် ကျွန်မ၏ မျက်နှာ [illegible] မျက်နှာသာဖြစ်သည်။ နှစ်ပေါင်းများစွာ ကျွန်မ [illegible] တစ်ဦး၏ မျက်နှာ၊ ကျွန်မမိခင်၏ မျက်နှာသာဖြစ်ပါသည်။

အမေ …။

အမေ့ကို မိခင်တစ်ယောက်အဖြစ်သာ မြင်ခဲ့ဖူးသော ကျွန်မ [illegible] ဇနီးမယားအဖြစ်ကို သိရှင်လာသည်။ အမေသည် [illegible] ဖေဖေနှင့် အိမ်ထောင်ကျခဲ့သည်။ [illegible] နှစ်ပေါင်းငါးဆယ် လုံးလုံး ဇနီးမယားဘဝမှာ [illegible] နိုက်ရန်အခါသ ဖြစ်ပွားတာတစ်ကြိမ်မျှ မရှိခဲ့ပါ။ အမေ [illegible]

အမေ့ရဲ့ ဇနီးဘဝကို သမီးသိရှင်လိုက်တာ [illegible] လေးဆယ်လုံးလုံး ဇနီးဘဝတည်မြဲအောင် အမေ့ရဲ့ [illegible] လိုက်လျောခဲ့ရသလဲ။ ဘာတွေ အရှုံးပေးခဲ့ရသလဲ၊ ဘာတွေကို [illegible] ခဲ့ရသလဲ။

အမေသာကျွန်မအောပမှာ အသက်ရှင်လျက် ရှိနေသေးလျှင် ကျွန်မ၏ အိမ်ထောင်ရေး နိုင်ငံရန် အကောင်းဆုံး အကြံညာဏ်တွေ ပေးနိုင်[illegible]

လင်မယားကွဲတယ်ဆိုတာ [illegible] ပေါင်းသင်းကြတာတာတော့ ဂုဏ်ယူစရာအဖြစ်လား။ အိမ်ထောင် တည်မြဲဖို့ အတွက် မိန်းမတွေကသာ အမြဲကြိုးစား [illegible] တာဝန်ရှိသလား။ ယောကျ်ားတွေမှာရော တာဝန်မရှိသင့်ဘူးလား။

မိန်းမတစ်ယောက်ရဲ့ တင့်တယ်မှုဟာ သူ့ခင်ပွန်းပဲလား။ ခင်ပွန်း[illegible] မိန်းမတစ်ယောက် မတ်မတ်မရပ်နိုင်ဘူးလား အမေရယ်။ အမေ့ရဲ့ [illegible] အမေတစ်ခါမှ ထိပါးမခံခဲ့ရဘူးလား။ အဲဒီလို ထိပါးခံရတုန်းက အမေ ဘယ်လို ရင်ဆိုင်ခဲ့သလဲဟင်။ မိန်းမသား တစ်ယောက်အဖြစ် တုံ့ပြန်ခဲ့သလား၊ [illegible] တစ်ယောက်အဖြစ် တုံ့ပြန်ခဲ့သလား။

အခု နင်းဘာလုပ်ရမလဲ၊ နင်း မောင့်ကို [illegible] ဒူးထောက် အညံ့ခံသင့်သလား၊ အိမ်ထောင်ရေး တည်မြဲဖို့အတွက် နင်ရဲ့ မိန်းမသားမာနကို စတေးလိုက်ရမှာလား။

ထိုမေးခွန်းများကိုဖြေရန် အမေကျွန်မနားမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

မှာ အမေမရှိတော့ပါ။ ကျွန်မသည် အမေ့ကို အားကိုးတကြီး တမ်းတလျက် တစ်ချက်ရှိုက်ငင်ကာ မျက်ရည်တွေတွေကျမိသည်။

နောက်ဆုံးတော့ ကျွန်မမှာကျန်ရှိနေသေးသောခွန်အားများကို စုစည်းကာ မောင့်ထံသို့ စာရေးလိုက် မိပါတော့သည်။

"ချစ်သောမောင်...

ချစ်မြတ်နိုးခြင်းများစွာနဲ့ ဒီစာကိုရေးလိုက်တယ် ဆိုတာ မောင်သံသယ ကင်းကင်းနဲ့ ယုံပါနော်။

ကိုယ်မောင့်ကို အသက်တမျှ ချစ်မြတ်နိုးမိတာဟာ ကံကြမ္မာရဲ့ စီရင်ချက်တစ်ခုဆိုရင် အဲဒီစီရင်ချက်ကို ကိုယ်ကျေနပ်နှစ်သက်စွာ လက်ခံထားခဲ့ပါတယ်၊ မောင်နဲ့ပတ်သက်သမျှ ဆင်းရဲဒုက္ခတွေ၊ နာကျင်ကြေကွဲမှုတွေ၊ ဆုံးရှုံးနာကျည်းမှုတွေဟာ ဒီစီရင်ချက်ထဲမှာ တစ်ပါတည်းပါပြီးသား ဆိုတာ အစကတည်းက ကိုယ်မျှော်လင့်ခဲ့ပြီးသားပါ။ ဒီစာကိုရေးနေတဲ့အချိန်မှာ ကိုယ့်မှာရှိသမျှ အတ္တတွေ၊ မာနတွေ၊ ဂုဏ်သိက္ခာတွေ အကုန်ခွာချထားပါတယ်၊ ဒီစာကို မောင်ဖတ်နေတဲ့ အချိန်မှာလဲ မောင့်မှာရှိတဲ့ အတ္တတွေနဲ့ ယောကျ်ားမာနကို ခဏဖြစ်ဖြစ် ခွာချထားဖို့ ကိုယ်တောင်းပန်ချင်ပါတယ်။

ဒီစာဟာ ကိုယ့်အပေါ် မောင်ကြင်နာမြတ်နိုးလာဖို့ မြူဆွယ်တဲ့စာ မဟုတ်ဘူး။ ကိုယ့်ကိုသနား ကရုဏာသက်စိတ် ဝင်လာအောင် အသနားခံတဲ့စာလည်း မဟုတ်ဘူး။

ကိုယ့်ဆီကို မောင်ပြန်လာအောင် ဆင့်ဆိုတဲ့သမ္မန်စာလဲမဟုတ်ပါဘူး။ ဒီစာဟာမောင့်အတွက် ဆုံးဖြတ်ရမယ့် တာဝန်ကြီးတစ်ခုလို ဝန်ထုပ်ဝန်ပိုး ဖြစ်လာမှာမဟုတ်ဘူးဆိုတာ ကိုယ်ပြောရဲပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစာအပေါ်မှာ မောင့်အနေနဲ့ ဘာတစ်ခုမှဆုံးဖြတ်ပေးစရာ မလိုလို့ပါဘဲ။ ဒီစာဟာ မောင်နဲ့ပတ်သက်ခဲ့သမျှ ကိုယ့်ရဲ့မိန်းမဘဝကို အတတ်နိုင်ဆုံး ဖွင့်ဟလိုက်တဲ့ ဝန်ခံချက်တစ်ခုမျှသာ ဖြစ်ပါတယ်။ ဒီစာကိုဖတ်ဖို့အတွက် မောင့်မှာလိုအပ်တာက မျှဝေခံစားခြင်း တစ်ခုပါပဲကွယ်။"



ကျွန်မသည် မောင်နှင့်ပတ်သက်သမျှ ကျွန်မ၏အချစ်၊ ကျွန်မ၏ ကိုယ်ကျင့်သိက္ခာ၊ ကျွန်မအပေါ် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှု၊ ကျွန်မ၏ အပေါ်ထားခဲ့သည့် သံသယ၊ မောင့်အပေါ် ထားခဲ့ဖူးသည့် မာန၊ မောင့်အပေါ် အောက်ကျခဲ့ရသည့် အရှုံး၊ နောက်ဆုံးကျွန်မမှာ ဖြစ်ပေါ်နေသည့် ဆုတောင်းမှုအထိ ဘာကိုမျှ မခြွင်းမချန်ဘဲ ဖွင့်လင်းစွာ ရေးလိုက်ပါသည်။

မောင်ကျွန်မအပေါ် အထင်သေးခဲ့ဖူးသည်ဆိုလျှင် ကျွန်မ၏ ယခုစာကြောင့် မောင်ပို၍အထင်သေး နိုင်ပါသည်။ မောင်ကျွန်မအပေါ် စက်ဆုတ်ရွံရှာခဲ့ဖူးသည် ဆိုလျှင် ယခုပို၍ရွံရှာစိတ် ပေါ်သွားနိုင်ပါသည်။ မောင် ကျွန်မအပေါ် နာကျည်းမုန်းတီးခဲ့ဖူးသည် ဆိုလျှင် ယခုပို၍ မုန်းတီးနိုင်ပါသည်။ မောင်ကျွန်မအပေါ် ချစ်မြတ်နိုးခဲ့သည်ဆိုလျှင် ယခု ပို၍ ချစ်မြတ်နိုးသွားနိုင်ပါသည်။ မိန်းမတစ်ယောက်အပေါ် ယောကျ်ားတစ်ယောက်က နားလည် နိုင်သည်ဆိုလျှင် ကျွန်မအပေါ် မောင် အနားလည်ဆုံး ဖြစ်ပါလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ မိန်းမတစ်ယောက် ခံစားချက်အလုံးကို မောင့်ထံမှာ မရှက်မကြောက် ဖွင့်ဟ ဝန်ခံလိုက်ပြီဖြစ်သောကြောင့်တည်း။

"ကိုယ်တို့နှစ်ယောက်တစ်ယောက်ကိုတစ်ယောက် အပြင်းပြဆုံး အချိန်မှာ ဆုံးအချစ်နဲ့ချစ်ခဲ့ကြတာကတော့ နှစ်ယောက်လုံးငြင်းနိုင်ပါဘူးနော်။ ဒါပေမယ့် အသည်းနင့်အောင် ချစ်မြတ်နိုးကြရင်းနဲ့ တစ်ချိန်တည်းမှာပဲ အချစ်နဲ့အတူ တခြားအရာတွေလဲ လိုအပ်နေသေးတယ်ဆိုတာ ကိုယ်တို့ သိလာခဲ့ကြတယ် မဟုတ်လား။

အဲဒါတွေကတော့ သည်းခံခွင့်လွှတ်မှု၊ အနစ်နာခံလိုက်လျောမှု ...နောက်ပြီး ယုံကြည်ကိုးစားမှုတွေပဲပေါ့ကွယ်။

ခက်နေတာက ကိုယ်တို့နှစ်ယောက်လုံးဟာ ခေါင်းမာကြတယ်၊ အတ္တကြီးကြတယ်။ ဒါပေမယ့် ကိုယ့်မှာ နဂိုကရှိပြီးသား ခေါင်းမာမှုတွေ၊ အတ္တတွေကို မောင့်ဆီမှာ အကုန်လျှော့ချပစ်ခဲ့ပါတယ်။ အချစ်ဆိုတာ အတ္တပြိုင်ပွဲ တစ်ခုမှ မဟုတ်တာပဲကွယ်။ မဟုတ်ဘူးလား။

တကယ်တမ်းတော့ မောင်နဲ့ပတ်သက်လာရင် ကိုယ်ကသာပထမဆုံးအရှုံးပေးကို လှမ်းခဲ့ရတာပါ။ မောင်ကတော့ အခုအချိန်ရောက်တဲ့ အထိတောင် ရပ်နေတုန်းပဲဆိုတာ ကိုယ်ဝမ်းနည်းစွာ အသိအမှတ်ပြု လိုက်ပါပြီ။ မောင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ကြားမှာ ခြေလှမ်းဆယ်လှမ်းစာ ကွာဝေးခဲ့တယ်ဆိုပါတော့၊ မောင်နဲ့ ကိုယ် ပေါင်းဆုံဖို့ အတွက် ကိုယ့်ဘက်က ခြေလှမ်းငါးလှမ်းလှမ်းမယ်ဆိုရင် မောင့်ဘက်ကလဲ ခြေလှမ်းငါးလှမ်း မလှမ်းသင့်ဘူးလား။ အချစ်မှာ တရားမျှတ မှုဆိုတာ မရှိမဖြစ်လိုအပ် တယ်လို့ မောင်လက်မခံဘူးလား"

ကျွန်မ၏ မျက်ရည်တစ်စက်သည်စာရွက်ပေါ်သို့လိမ့်ဆင်းကျသွား၏။ ကျွန်မ ကပျာကယာလက်ဖြင့် ဖွဖွသုတ်လိုက်ရသည်။

"မောင်ဟာ အင်မတန်ခေါင်းမာခဲ့တယ်။ အင်မတန်အတ္တကြီးခဲ့တယ်။ ကိုယ်က မောင်နဲ့ဆုံဆည်းဖို့အတွက် နိုင်ဖိုင်မြဲမြဲရပ်နေတုန်းပဲ။ မောင်ဟာကိုယ်နဲ့ နီးစပ်ပေါင်းဆုံဖို့ တစ်ခါမှ မကြိုးစားခဲ့ဖူးဘူးလို့ ကိုယ်စွပ်စွဲရင် မောင်မနာပါနဲ့။ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက် အပေါ်မှာ အသက်မက ချစ်မြတ်နိုးရင်း တစ်ပြိုင်တည်းမှာပဲ နာကျည်းမှုများစွာနဲ့ မုန်းတီးနိုင်တယ်ဆိုရင် အခုအချိန်မှာ ကမ္ဘာလောကတစ်ခုလုံး ကိုယ်အမုန်းဆုံး လူကမောင်ပဲ။ အဲဒါကိုလဲ သံသယကင်းကင်းနဲ့ မောင်ယုံစေချင်တယ်။"

ကျွန်မသည် အမှတ်တမဲ့ ကျွန်မအတွေးထဲတွင် ဝင်ရောက်ပြီးနေသော အမုန်းအကြောင်းကို သိလိုက်ရသောအခါ ရေးလက်စဖောင်တိန်သည် လွတ်ကျသွား၏၊ မောင့်အပေါ်မှာ ထားနိုင်လိမ့်မည်ဟု ဘယ်တုန်းကမျှ ကျွန်မ မမျှော်လင့်ခဲ့ဖူးသော ခံစားချက်ဖြစ်ပါသည်။

မောင့်ကိုကျွန်မမုန်းသည်။ ကျွန်မ၏ လင်ယောကျ်ားကို ကျွန်မမုန်းသည်။ မယုံနိုင်စရာ ကောင်းသော်လည်း တကယ်ဖြစ်နေခဲ့သော ခံစားချက်အမုန်း ဖြစ်သည်။

ကျွန်မ၏ အမုန်းသည် ကျွန်မ၏အနာဂတ်ခရီးကိုကြမ်းတမ်းစေနိုင် မလား၊ ချောမွေ့စေနိုင်မလားမသေချာသော်လည်း လောလောဆယ်တော့ မောင်၏ အကျိုးမဲ့ကို မြင်တွေ့ပြီး ကျေနပ်ပျော်ရွှင်ချင်လောက်အောင် ကျွန်မ မောင့်ကို မုန်းတီးနေခဲ့ပါသည်။

* * *

အပိုင်း (၅)

## မိန်းမနှင့်အမုန်း

မိန်းမတစ်ယောက်သည် မိမိ၏ ခင်ပွန်းသို့မဟုတ် ချစ်သူအပေါ်မှာ မနှစ်သက်စွာ ငြင်းပယ်လိုမှုကို ခံစားလာရချိန်တွင် ထိုခံစားချက်သည် မိန်းမ ကို သူမ၏ ချစ်သူထံမှ ခွဲခွာစေသည်ထက် ပိုမိုငြိတွယ်အောင် တွန်းအားပေး လေ့ရှိပါသည်။

ယောကျ်ားတစ်ယောက်သည် မိမိ၏ဇနီးသည်ကို မုန်းတီးပြေလာ ချိန်၌ သူမထံမှ ဝေးနိုင်သမျှ ဝေးဝေးထွက်ခွာပြေးဖို့ ကြိုးစားတတ်သော်လည်း မိန်းမတစ်ယောက်အတွက်တော့ ဆန့်ကျင်ဘက်ဖြစ်၏။

မိန်းမတစ်ယောက်သည် မိမိမုန်းတီးသော ချစ်သူသို့မဟုတ် ခင်ပွန်း သည်ကို မိမိ၏အနီးမှာ ရှိနေဖို့ ဆန္ဒရှိတတ်သည်။ အဘယ်ကြောင့်ဆိုသော် မိန်းမသည် မိမိမုန်းတီးသော ချစ်သူထံမှ မိမိခံစားခဲ့ရသမျှကို ပြန်လည် ပေး ဆပ်စေလိုသောကြောင့်ဖြစ်သည်။

(Simone de Beauvoir)

www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းကင်နှင့် ထိလုမတတ်မြင့်မားသော အုတ်လှေကားကြီးသည် ကျွန်မကို ရှက်ရွံ့မှုများစွာ၊ နာကျင်မှုများစွာ၊ မုန်းတီးမှုများစွာ ပေးခဲ့သော အရာဝတ္ထု မဟုတ်သလိုပင် အေးစက်ငြိမ်သက်လျက် ရှိပါသည်။

မိုးဖွဲဖွဲကလေးများ ကြားတွင် ကျွန်မသည် လှေကားကို တစ်ထစ်ချင်း ဖြည်းညင်းစွာ နင်း၍တက်လာခဲ့၏။ ကျိုက်သုတ်ဘုရားသို့ စနေနေ့တိုင်း ဖူးမြော်ရန်သွားချိန်တွင် ဤလှေကားကို အဝေးမှလှမ်းမြင်တိုင်း ကျွန်မမျက်နှာများ ထူအမ်း ပူနွေးလာအောင် ရှက်ရွံ့ခဲ့ရသည်။ ကျွန်မသည် ယောက်ျားတစ်ယောက် အတွက် လှေကားကြီး ဖြစ်ခဲ့သလားဆိုတာတော့ ထိုကာယကံရှင်ယောက်ျားသာ အမှန်ကိုသိနိုင် ပေလိမ့်မည်။

နံနက်ခင်း လေညင်းသည် မိုးဖွဲကလေးများနှင့်အတူ ကျွန်မမျက်နှာကို အေးမြစိုစွတ်အောင် တိုက်ခတ်လျက်ရှိသည်။ ဘေးတစ်ဘက် တစ်ချက်ဆီမှ စိမ်းမှောင်သော ချုံပုတ်ပန်းပင်များသည် ဟိုတုန်းကထက် ပိုမိုမြင့်မားထူထပ်လျက် ရှိ၏။ စိမ်းစိုသော သစ်ရွက်နံ့နှင့် ထုံယစ်သောပန်းနံ့ကို ကျွန်မအားရပါးရ ရှူလိုက်၏။ အောက်ခြေမှာတုန်းက လှေကားထစ်တွေကို ရေတွက်နိုင်ခဲ့သော်လည်း အလယ်ပိုင်းရောက်တော့ ကျွန်မမှတ်ဉာဏ်ထဲက ဂဏန်းတွေရောကုန်၏။ ကျွန်မအောက်ခြေကိုပြန်ငဲ့ကြည့်လိုက်သည်။ ကျွန်မနှင့်မောင် ခါတ်ပုံရိုက်ခဲ့သော အပြန့်ကျယ် အုတ်လှေကားထစ်ကြီးကို လှမ်းမြင်နေရသည်။ ထိုနေရာတွင် မောင်နှင့်ကျွန်မ ပျော်ရွှင်စွာ ရယ်မောခဲ့ကြဖူးသည်။

အပေါ်ဆုံးလှေကားထစ်ကို လွန်မြောက်၍ တောလမ်းကလေးသို့ ရောက်သောအခါ ကျွန်မနဖူးပြင်မှာ ချွေးစို့လာသည်။ လေသည်ကျွန်မ၏ အင်္ကျီအနားများကိုပင် တဖျတ်ဖျတ်လွင့်အောင် တိုက်ခတ်လျက်ရှိရာ ကျွန်မ၏ ဆံပင်များသည် ပျော့အိစွာလေထဲမှာ လွင့်လျက်ရှိ၏။ ဤဆံပင်များကို မောင် အလွန်ချစ်မြတ်နိုးခဲ့ဖူးပါသည်။

ကျွန်မသည်တောင်ပေါ် ကတ္တရာလမ်းဘေးမှာ ခဏရပ်လျက် အောက်ခြေရှုခင်းကို ငေးမောကြည့်မိသည်။ အဝေးမှာသံလွင်မြစ်သည် ဣန္ဒြေရရစီးဆင်းနေ၏။ အောက်ခြေအနိမ့်ပိုင်းတွင် အုန်းပင်များ ပြန့်ကျဲနေသည်မှာအစိမ်းရောင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ပွင့် ကလေးများကို ဖြန့်ခင်းထားသလိုရှိသည်။ ဤအုန်းပင်ကလေးတွေကို ကျွန်မချစ်သည်။ ဤမြို့က ဘုရားရှိခိုးကျောင်းများကို ကျွန်မချစ်သည်။ ဤမြို့က ဆိပ်ကမ်းတံတားများကို ကျွန်မချစ်သည်။ မောင့်ခြေဖဝါးဖြင့် နင်းခဲ့သော မြေကြီးကအစ ကျွန်မချစ်ပါသည်။ ဤမြေသည် ကျွန်မတို့နှစ်ယောက်ကို နက်ရှိုင်းစွာ တွယ်ငြိပေါင်းစပ် စေသောမြေ။ ကျွန်မဘဝ၏ လျှို့ဝှက်ချက်များကို မောင့်အား မျှဝေဖွင့်ဟခဲ့သောမြေ။ ထို့အတူ တစ်ယောက်ကို တစ်ယောက် ခါးသက်စွာ နာကျည်းစေသောမြေ။ တစ်ယောက်ကိုတစ်ယောက် စွန့်ခွာထွက်ပြေးစေသောမြေ။ သို့သော် မောင့်ကိုကျွန်မဘယ်လောက် ချစ်မြတ်နိုးသည်ဆိုတာကို နက်ရှိုင်းသေချာစွာ သိခွင့်ရနေသောမြေလည်းဖြစ်သည်။ ထို့ကြောင့်လည်း ဤမြေပြင်ပေါ်မှာ သစ္စာဆိုချင်ပါသည်။

ကျွန်မသည် ဤယောကျ်ားအပေါ် မိန်းမတစ်ယောက်က ချစ်နိုင်သမျှ အချစ်အတိုင်းအဆ အကုန်ဖြင့် ချစ်မြတ်နိုးခဲ့ပါသည်။ ကျွန်မ၏ဘဝသည် သူ့ဘဝ၏နောက်မှာ၊ ကျွန်မ၏ဆန္ဒသည် သူ့ဆန္ဒ၏နောက်မှာ၊ ကျွန်မ၏ ဆုံးဖြတ်ချက်သည် သူ့ဆုံးဖြတ်ချက်၏ နောက်မှာသာ ထာဝရရှိခဲ့ပါသည်။

ဤမှန်သော သစ္စာစကားကြောင့် သူ့အပေါ်ထားရှိအပ်သော အမုန်းသည် ဤကမ္ဘာမြေ တည်မြဲနေသမျှ ကျွန်မ၏ရင်မှာ ထာဝရတည်မြဲနေပါစေသတည်း။

* * *

ဂျူး

BURMESE CLASSIC .com

www.burmeseclassic.com